

www.burmeseclassic.com
BURMESE CLASSIC
ယောမြို့ကြွယ်
JONATHAN BLACK
THE CARNAGE MERCHANTS
www.burmeseclassic.com

www.burmeseclassic.com

စာမူ ခွင့်ပြုချက် အမှတ် [ ၆၀/၈၈-၂ ]
မျက်နှာဖုံး ခွင့်ပြုချက် အမှတ် [၂၈၃/၈၈-၁၂]

ပထမအကြိမ်

၁၉၈၉ ခု၊ ဖေဖော်ဝါရီလ

ဖျက်နှာဖုံး ပန်းချီ တင်မောင်မျင့်
နှာဖုံးရိုက် သိန်းမြင့်ဝင်း၊
အုပ်ရေ တစ်ထောင်
တန်ဖိုး သုံးဆယ်ကျပ်

ပုံနှိပ်သူ ဒေါ်မြစိန် [ယာယီ-၂၁၅]၊ တက်နေဝင်းပုံနှိပ်တိုက်
အမှတ် ၉၈/၁၀၀၊ ၄၂ လမ်း၊ ရန်ကုန်မြို့။

ထုတ်ဝေသူ ဒေါ်တင်တင်လှ [၀၂၀၇၃]၊ လှသူဇာ စာပေ
၁၀၊ မာတင်ရိပ်သာ၊ ၆ မိုင်ခွဲ၊ ပြည်လမ်း၊ ရန်ကု

ယောမြိုးကြွယ်

# လက်နက်ကုန်သည်

THE CARNAGE MERCHANTS

JONATHAN BLACK

ဒုတိယတွဲ

www.burmeseclassic.com

www.burmeseclassic.com

## အဝတက္ကသိုလ် နောက်ဆုံးထုတ် စာအုပ်များ


ရေအောက်တစ္ဆေ (မိုးဇော်ဟိန်း)
အန္တရာယ်လမ်းပေါ်ကမုဆိုး (မောင်လွမ်းသူ)
မိုးသက်လေနှင် (မောင်ပေါ်ထွန်း)
ပုလဲတေးသံ (ထင်လင်း)
အက်ရှင်ခင် (ကျော်အောင်)
မှိတ်တုတ်မှိတ်တုတ်ငယ်သောစဝိုင် (မောင်ရဲနိုင်)
ကာမင်း (မောင်ထွန်းသူ)


## ၂၄

ချားလ်စ်ကင်းဖီးလ်သည် စီစီအိုင် အဆောက်အအုံမှ ပဉ္စမ ရိပ်သာတွင် ရှိသော အိမ်ကြီးသို့ ညနေ ခြောက်နာရီ ထိုးခါနီးတွင် ပီတိသောမနသ်ဖြစ်ပြီး ပြန်လာခဲ့သည်။ သူက အယ်လီဆန်ကရိတ်ချ်ထံ ည ခုနစ်နာရီတွင် တယ်လီဖုန်းဆက်မည်ဟု ရည်ရွယ် ခဲ့သော်လည်း အယ်လီဆန်ထံမှ တယ်လီဖုန်းက သူ့ထံသို့ ထိုထက်စောစီးစွာ ဆက်သွယ်လာခဲ့သည်။

'ဟင်နရီဂါဒူးရဲ့ ညှိခံပွဲ ပြီးသွားပြီမဟုတ်လား၊ ကောင်းတယ်၊ နားထောင်စမ်း အယ်လီဆန်၊ ဒီကနေ့ကတော့ မယုံကြည်နိုင်စရာပဲ၊ စီစီအိုင် ရှယ်ယာတွေ ဆယ့်သုံးမှတ်အထိ ခုန်တက်သွားတယ်၊ ဗီအိုင်အီးကတော့ ဆယ့်ငါးမှတ် ဈေးကျသွားတယ်၊ အဲဒီ ရှယ်ယာတွေက တစ်ရာအောက် ရောက်နေပြီး နက်ဖြန်ခါကျရင်....'

အယ်လီဆန်က သူ့စကားအား ဖြတ်ပြောရန် ကြိုးစားသည်ကို သူ ကြားနေရသော်လည်း သူ ဂရု မစိုက်ပါ။

www.burmeseclassic.com

www.burmeseclassic.com

'ဘလတ်ဆင်ဂိမ်းက သတင်းစာရှင်းလင်းပွဲလုပ်ပြီး အိမ်ဖြူတော်က တရားဝင်ကြေညာချက် ထုတ်လိုက်တဲ့ အခါ ကျ ရင် အဲ ဒါ ထက် ထိုးကျ သွားအောင် ကျုပ်တို့က လုပ်လိုက်ဦးမယ်'

'စီဂျေ နေစမ်းပါဦး၊ ကျွန်မတို့တော့ ဒုက္ခ ရောက်နေကြပြီ'

'မဖြစ်နိုင်တာပဲ၊ ကျုပ်တို့က ဘယ်လိုမှ ပြဿနာ မဖြစ်နိုင်တဲ့ အဆင့်ကို ရောက်နေကြပြီ'

နောက်ဆုံးတွင် သူက လျှော့ပေးလိုက်၏။

'ကောင်းပြီလေ၊ ကျုပ်ကို ခပ်တိုတို ပြောပြ စမ်းပါဦး အယ်လီဆန်'

အယ်လီဆန်က မိနစ် အနည်းငယ် ကြာအောင် ခပ်မြန်မြန် ပြောပြလိုက်သည်။ ထိုအချိန်အတွင်း ကင်းဖီးလ်၏ တင်း မာ နေ သော မေး ကြော များ ပြေလျော့သွားသည်။ အယ်လီဆန်က နိဂုံးချုပ်လိုက် ချိန်တွင် ကင်းဖီးလ်က အောင်မြင်သော လေသံနှင့် ရယ်လိုက်၏။

'ဗိုဂလာရဲ့ အမဲလိုက်ခွေးလား၊ နှစ်ကောင်လုံး အရူးတွေချည်းပဲ၊ သူတို့က ငါးစာကို မျိုချလိုက် ကြပြီ၊ ကဲ မျိုမရဘဲ နင်နေကြပေါ့ကွာ'

'ကျွန်မ....ကျွန်မတော့ နားမလည်တော့ဘူး'

'ကမ်မ်ကိုနဲ့ အာဖရိက ခရီးသွားအဖွဲ့အကြောင်း ဗိုဂလာရဲ့တပည့်တွေ ကြိုသိအောင် ကျုပ်ဒီဘာရှီးစ်ကို သဲလွန်စကလေးတွေ ဟိုနား ဒီနားမှာ ချခိုင်းထား ခဲ့တယ်'

'ရှင်က ခိုင်းတယ်၊ ဟုတ်လား၊ ဘာဖြစ်လို့လဲ'

'သူတို့ကို စိတ်လက်မချမ်းမသာနဲ့ နေမထိထိုင်မထိ ဖြစ်အောင် လို့ပေါ့၊ အဲဒါက ကျုပ် မျှော်လင့် ထား တာ ထက် တောင် ပို ကောင်း နေသေးတယ်၊ အ မဲ လိုက် ခွေးက အနံ့ နောက် ကို စွတ် ပြီး လိုက်တော့တာကိုး'

'သူ သိသွားပြီ'

'အားလုံးကို သိသွားပါစေလို့ ကျုပ် မျှော်လင့် ထား ပါ တယ်၊ ဘာဆိုတိုမှာ ရှိတဲ့ သူ့ ကုမ္ပဏီ အခြေ မ ခိုင် တော့ တဲ့ အနေအထားကို ဗိုဂလာ ရိပ်မိပြီး ကမူးရှူးထိုးတွေလုပ်လိမ့်မယ်၊ အဲဒါကြောင့် သူနဲ့ ဗိုအိုင်အီးဟာ ပိုပြီး ခပ်မြန်မြန် ပြိုကွဲပျက်စီး သွားကြလိမ့်မယ်'

တိတ်ဆိတ်သွားသည်။ ထို့နောက်

'စီဂျေ၊ လာရီဟော့ပါးကလဲ စိတ်ပူ....'

'ဒါဆိုရင် တော်လောက်ပြီ၊ ဟော့ပါး အစီက စိတ်ပူရမှာက မင်းလိုပဲ ကမ်မ်ကိုနဲ့ မဝမ်ဒီကွ၊ မြောင်း ထဲ က ကြွက် စုတ် ဗို ဂ လာကို ဘယ်လို နည်း ဗျူဟာတွေနဲ့ တိုက်ခိုက်မယ် ဆိုတာက ငါ့ ကိုယ်ရေးကိုယ်တာ ကိစ္စကွ'

အကျယ်ချဲ့၍ ပြောလိုသောစိတ်က သူ့ရင်ထဲတွင် ပြင်း ပြ စွာ ပေါ် ပေါက် လာ သည်။ သို့ ရာ တွင် စီဂျေက ချိုးနှိမ်လိုက်ပြီး

'ဟော့ပါးကို အဲဒီအတိုင်း ကျေးဇူးပြုပြီး ပြောပြ ပေးပါ၊ မင်း ကိုယ်တိုင်ကလဲ ကျုပ်ပြောတဲ့ စကာ တွေကို စွဲစွဲမြဲမြဲ နားထောင်စမ်းပါ၊ သတိပေး ဆုံးမတဲ့ အနေနဲ့ပေါ့ကွာ၊ မင်္ဂလာရှိသောညပါ'



www.burmeseclassic.com

www.burmeseclassic.com

စီဂျေါ်က စကားပြောခွက်ကို ပြန်ချလိုက်တော့သည်။

တနေဒီ လေဆိပ်တွင် ဂျက်ကော့ဟတ်ရှ် ရှိနေသည်။

'၂၀း၀၅ နာရီ၊ ခင်ဗျားရောက်ရမယ့် အချိန်ထက် နာရီဝက်နောက်ကျတယ်၊ ဒါပေမယ့် ဘာပဲဖြစ်ဖြစ် ကြိုဆိုပါတယ် ကိုယ့်လူရာ'

'ကျုပ်တို့က အချိန်မှန် ထွက်တဲ့ လေယာဉ်ပျံတွေကို စောင့်နေရတာကိုးဗျ၊ ဒါပေမယ့် စီးရတာကတော့ ကောင်းပါတယ်ဗျာ'

လားဂိုးစ်တွင် အီယန်ဘ လိုင်းခ် ငှား ပေးထားသော ဒီစီ ၁၀ လေယာဉ်ပျံကြီးထက် ပိုမှန်ထွက်သော လေကြောင်းလိုင်းမှ လေယာဉ်များကို ဦးစားပေးခံခဲ့ရသည်။ စတိဗ်သည် တစ်ဦးတည်းသော ခရီးသည်အဖြစ် အစားကောင်း အသောက်ကောင်းများကို စားသောက်ခဲ့ရသည်သာမက ပို၍ အရေးကြီးသော အချက်မှာ အနှောင့်အယှက် မရှိဘဲ အိပ်စက်ခဲ့ရခြင်းပင်။

ဗွီအိုင်အီးမှ မော်တော်ကား တစ်စီးက ကြိုဆိုနေသည်။ စတိဗ်က ပြောလိုက်၏။

'အမှတ်တွဲ စာရင်းထဲမှာ ဘာတွေပဲရှိရှိ ကျုပ်ကို ရေမိုးချိုးပြီး အဝတ်အစား လဲချင်တယ်၊ ကျုပ်ကို အိမ်အရင် ပို့စမ်းပါဗျာ'

'ရော့၊ စီးကရက်တစ်လိပ် သောက်ကွာ'

ဟတ်ရှ်က လောလော လတ်လတ် ဖွင့်ဖောက်ထားသော ဆလင်းစီးကရက် တစ်ဘူးကို ကမ်းပေးလိုက်၏။ စတိဗ်က အလိုအလျောက် ယူလိုက်မိပြီးမှ တအံ့တဩဖြစ်သွားရတော့သည်။

'ခင်ဗျားက ကျုပ်ကို စီးကရက် သောက်ခိုင်းနေတယ် ဟုတ်လား၊ အခုကာလက ဘာလဲ၊သပ္ပတ္တိခေတ်ကောင်း ကာလလား'

'ဆိုပါတော့ကွာ၊ ကျုပ်က ခင်ဗျားကို စိတ်ငြိမ်သွားစေချင်လို့ပါ'

ဂျက်ကော့က ရှေ့သို့ကုန်းပြီး ယာဉ်မောင်းသူကို ပြောလိုက်၏။

'ပီရီဟိုတယ်'

ဂျက်ကော့က ရှေ့ဘက်နှင့် ကန့်ထားသော အသံလုံ မှန်ချပ်ကို ခလုတ်နှိပ်ပြီး ပြန်ပိတ်လိုက်သည်။

စတိဗ် မီးခိုးသီးသွားသည်။

'ပီရီကို ဟုတ်လား'

'ကျုပ်တို့ အဘိုးကြီးနဲ့ သူ့သမီးကို ကျုပ်တို့ သွားတွေ့ရမယ့် နေရာလေ'

'ဗိုင်ယာနီနဲ့ ဟုတ်လား၊ ချီးမှပဲ၊ သူက ဘာ....'

'တစ် ရှိုက် လောက် ဖွာ လိုက် စမ်း ပါဦးကွာ၊ ခေါင်းကိုယ်မင်း ထိန်းထား စမ်းပါ၊ ဗိုရှိဗစ်တွေက ကမ္ဘာကို ကိုင်လှုပ်ဖို့ ဆယ်ရက်တောင် အချိန်ယူခဲ့တယ်၊ မစ်(စ်) ဗိုဂလာကတော့ နှစ်ရက်နဲ့ တင် လှုပ်နိုင်ခဲ့တယ်'

'အဲဒါကို ကျုပ်ယုံကြည်ပါတယ်၊ ဒီတစ်ကြိမ်က ဘယ်လိုပုံစံနဲ့လဲ'

www.burmeseclassic.com

'ဒီလိုလေကွာ၊ သူမနေ့က အိုင်းရွန်းမိုက်နဲ့ သုံးနာရီကြာအောင် အတူတူ နေခဲ့တယ်၊ ဒီနေ့ကျတော့ တစ်နေ့လုံးလိုလိုပဲ၊ ဒါကြောင့် ဒီကနေ့ည ငါတို့လေးယောက် အစည်းအဝေး လုပ်ကြရမယ်'

စတိဗ် ပါးစပ်ဟသွားသည်။ ဟတ်ရှ်က အသက်ခပ်ပြင်းပြင်း ရှူသွင်းလိုက်၏။

'အဘိုးကြီးက မင်းကို ကြို့ပြောဖို့ ကျုပ်ကို မှာလိုက်တယ်၊ သူက အဘိုးကြီးနဲ့ နီးနီး ကပ်ကပ်လက်တွဲပြီး အလုပ်လုပ်မယ့်အပြင် ဘုတ်အဖွဲ့မှာလဲ ပါဝင် လိမ့်မယ်'

'ဘာပြောတယ်' စတိဗ်က ကုန်းအော်လိုက်၏။

'အော်မနေပါနဲ့ကွ၊ အိုင်းရွန်းမိုက် အဆို အရကတော့ မင်းမှာ တာဝန်ရှိတယ်၊ မင်းက သူ့ကို ကိုယ်ရည်ကိုယ်သွေး ပြောင်းလဲ ပေးလိုက်တယ်ဆို၊ မင်းက သူ့ကို အပျော်ကျူးတဲ့ စိတ်ဓာတ် တွေပျောက် သွား အောင် လုပ် ပေး လိုက် တယ် တဲ့၊ ပြီးတော့လဲ သူက ဗွီအိုင်အီးအကြောင်း ကုမ္ပဏီက အရာရှိကြီး အများစုထက်တောင် သိနေ သေးတယ်ဆိုပဲ'

'ဟုတ်တယ်၊ ဘုရားသခင် ကယ် တော် မူပါ၊ ကျုပ်တို့တော့ ထိပ်တိုက်တိုးမယ့်လမ်းကြောင်းပေါ် ရောက်နေပြီ၊ မိုက်ကလဲ အသစ်တစ်ဖန် မွေးဖွားလာတဲ့သမီးက သူ့ကိုကူညီစေချင်တာကိုး'

ဂျက်ကော့၏ရယ်သံက အားပေးသည့် အဓိပ္ပာယ် သက်ရောက်သည်။

'တို့ အလုပ်က ဆင် ခြင် သုံး သပ် ဖို့ မဟုတ်ဘူး ကိုယ်တော်လေးရ'

ဒိုင်ယာနီ ဗိုဂလာ၏ အိမ်ခန်းထဲသို့ ဝင် လာ ရင်း စတိဗ်က 'အေးလေ၊ ငါ့ ကိုယ် ငါ အပြစ် တင်ရ တော့မှာပဲ' ဟု တွေးလိုက်မိသည်။ အိုင်း ရွန်း မိုက် သည် ပို ချောမလာသော်လည်း ဆယ်နှစ်ခန့် နုပျို သွားသည်။ ဒိုင်ယာနီကမူ နှစ်ပေါင်း တစ် ရာ ခန့် ပို ရင့်ကျက်လာသော်လည်း ပို၍ လည်း မအို၊ အလှအပလည်း လျော့မသွားခဲ့ပါ။

ဒိုင်ယာနီက ပက်ဂျက် နှင့် ဂျက် ကော့ တို့ ကို ဧည့်ခန်းထဲသို့ ဦး ဆောင် ၍ ခေါ် သွား သည်။ အိုင်းရွန်းမိုက်ဟာ နောက်က လိုက်လာသည်။

ဗိုဂလာက ပြုံး၍ ပြောလိုက်၏။

'အဖြစ်အပျက်တွေကတော့ အများကြီးပဲ'

ဗိုဂလာက ဆိုဖာ အရှည် တစ် လုံး ပေါ် တွင် ဝင်ထိုင်ပြီး စတိဗ်ကို သူ့ ဘေးနားတွင် ထိုင်ရန် နေရာပြလိုက်သည်။

'ဂျိတ်က ကျွန်တော့်ကို ပြောပြီးပါပြီ၊ ကျွန်တော် တို့က အင်းပက် အွမ်နီကောပ် အ ဆင့် ကို တော့ ကျော်ခဲ့ပြီ ထင်ပါရဲ့'

'အဲဒါထက် အ များ ကြီး ပို တာ ပေါ့ကွာ၊ ဒိုင်ယာနီနဲ့ ငါ ဒီကနေ့မနက်က အင်းပက်ကိုရွေးဖို့ ဆုံးဖြတ်လိုက်ကြတယ်'

www.burmeseclassic.com

www.burmeseclassic.com

ကျုပ်လဲ အဲဒီလိုပဲ ဆုံးဖြတ်မှာပေါ့ဟု စတိဗ်က တွေးလိုက်သည်။ သို့ရာတွင် အဲဒါက အစီက မကျပါ။ ဒိုင်ယာနီနဲ့ ငါ ဆုံးဖြတ်လိုက်ကြတယ် ဆိုတာက ပြတ်ပြတ်သားသား ကြို သတိပေးလိုက်တာပဲ ဟု စတီဗ်က တွေးလိုက်မိသည်။ အပျော်အပါးကို ခုံမင်သော မိန်းကလေး ဘဝမှ တစ်ဖြစ်လဲလာသူက ဗြိတိန်အိုင်အီး ကုမ္ပဏီ၏ လုပ်ငန်းဆောင်တာများတွင် အရေးပါသူ တစ်ယောက် အနေနှင့် ဝင်ရောက်စွက်ဖက်တော့မည်ဟု စတိဗ်က ဖြုန်းစားကြီး တွေးလိုက်မိသည်။ အကယ်၍ အမွေ ဆက်ခံမည့် ကလေးမကလေးက ကိုးရိုး ကားရားတွေ လျှောက်လုပ်ပြီး အလွန်ချစ်သော ဖခင်ကို အိုးနှင်း ခွက်နှင်း ဖြစ်အောင် လုပ်ခဲ့သည်ရှိသော် သူသည် အပျက်အစီးများကိုသာ အမွေအဖြစ် လက်ခံ ရရှိပေလိမ့်မည်။

ဒိုင်ယာနီက အိမ်ဖော်နှစ်ယောက်ကို ဥဘက်တွင် အနား ပေးလိုက်ကြောင်း၊ တစ်ယောက် ယောက် ဆာသည်ဆိုပါက အခန်းထဲသို့ အစား အသောက် လာပို့ရန် မှာပေးမည် ဖြစ်ကြောင်း၊ ခုလောလော ဆယ်မှာတော့ ယမကာများကို သောက်ချင်ကြလိမ့်မည်ဟု ထင်ကြောင်း ပြောသည်။ ဒိုင်ယာနီက သူ့ဖခင်အတွက် ဂျက်ဒင်နီရယ် ဝီစကီကို ရေနှင့် ရောစပ်ပေးသည်။ စတိဗ် အတွက် ကျော်နီဝေါ့ကား ဘလက်လေဘယ် ခပ် များများ နှင့် ဂျက်ကော့ အတွက် ဗော့ဒကာ အနည်းငယ် ထည့် ပေး သည်။ သူကမူ ရေကိုသာ သောက်ကြောင်း စတိဗ် သတိထားမိသည်။



'မင်း ပြန်ရောက်လာတဲ့အတွက် ဝမ်းသာပါတယ် သားရယ်'

ဗိုဂလာက ဖန်ခွက်ကို မြှောက်လိုက်၏။ 'သား' ဟု ဆိုသော စကားလုံးကြောင့် ဒိုင်ယာနီ၏ အပြုံး ပျက်ပြယ်မသွားပါ။ သူက ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်သည်။ ဒိုင်ယာနီက ပြောလိုက်၏။

'ဒက်ဒီက ရှင့်အတွက် စိတ်ပူနေတာရှင့်'

'တို့အားလုံး စိတ်ပူကြတာပါကွာ'

စတိဗ် စိတ်တိုနေသည်။ ပျော်ရွှင်သော မိသားစု ပုံစံနှင့် အိမ်ပြန် လာရသည့် အနေအထား မှာ ကောင်းမွန်ပါသည်။ သမီးနှင့် ပတ်သက်၍ ဗိုဂလာ ပျော်ရွှင်နေပုံရသည့် အတွက် သူ ဝမ်းသာပါသည်။ သို့ရာတွင် 'ထိပ်တိုက် ဝင်တိုးမည့် လမ်းကြောင်း' ဆိုသော စကားလုံးကို သူ ပြန် သတိရလာပြန်၏။ သူသည် လားဂိုးစ်မှ ထွက်ခွာမလာခင် ဂျက် တော့ ဟာတ်ရှ်နှင့် ခေတ္တမျှ တယ်လီဖုန်း ပြောခွင့်ရခဲ့သည်။ ဟာတ်ရှ်က သူ့အား မိုက်နှင့် ညလုံးပေါက်ဆွေးနွေးဖို့ ကြိုတင် ပြင်ဆင် လာပါဟု အသိ ပေးခဲ့သည်။ မိုက်က အခြေအနေကို လေ့လာသုံးသပ်ပြီးချက်ချင်း တုံ့ပြန်ရမည့် လှုပ်ရှားမှုနှင့် ရေရှည်ဆောင်ရွက် ရမည့် မဟာဗျူဟာတို့ကို အစီအစဉ် ပြု လုပ် လို သည်။ ယခုလို နွေးနွေးထွေးထွေးနှင့် လှိုက်လှိုက်လှဲလှဲ ပန်းစည်းကမ်းပေးသော အစည်းအဝေးမျိုးကို သူ မျှော်လင့်မထားပါ။ ပြီးတော့ အဲဒါက သူတို့အဖို့ အရာရောက်လိမ့်မည်လည်း မဟုတ်ပါ။ သူတို့ဆိုသော စကားတွင် ဒိုင်ယာနီက ဆူးညှောင့်ခလုတ် ဖြစ်နေ

www.burmeseclassic.com

သည်။ ပြီးတော့လည်း စစ်ဆင်ရေး စစ်ကောင်စီ အစည်းအဝေးတွင် မိုက်က ဒိုင်ယာနီကို မည်သည့်ကိစ္စနှင့် ခေါ်သွင်း လာရလေသနည်း။ ဘုရားသခင် ကယ်တော်မူပါ။

မိုက်ဗိုဂလာက ဖန်ခွက်ကို ချလိုက်ပြီး နောက် ဟတ်ရှ်အား မျက်နှာထား ခပ်တင်းတင်းနှင့် ပြောလိုက်၏။

'စတိဗ်ကို နောက်ဆုံး အခြေအနေတွေ ပြောပြလိုက်ပါဦး'

ယခုအချိန်တွင် ပြုံးမနေတော့သော ဟတ်ရှ်က ပြောလိုက်သည်။

'ခင်ဗျားနဲ့ကျုပ်၊ ခင်ဗျား လာဂိုးစ်မှာ ရှိတုန်းက စကားပြောခဲ့ကြပြီး သိပ်မကြာခင် အာသာလိုက်ဆင်ဝါရှင်တန်က ပြန်ရောက်လာတယ်၊ သူက အီးယူစီမိတ္တူ စာရွက်တွေနဲ့ အတူ သတင်းဆိုးတွေကိုလဲ ထပ်ယူ လာပြန်တယ်၊ အစိုးရက နက်ဖြန်ခါကျရင် ကင်းဖီးလ်နဲ့ စီစီအိုင်ကို ချီးကျူးစကား ပြောင်းမင့်ပြောလိမ့်မယ်၊ အဲဒီလို ဖိအားတွေ များလာတဲ့အတွက် မစ္စတာ ဗိုဂလာကို အဲဒီ စာရွက်တွေ ပြသင့်တယ်လို့ ကျုပ် ယူဆလိုက်တယ်'

ဗိုဂလာက ဝင်ဟောက်လိုက်၏။

'ချီးမှုပဲ၊ မိုက်လို့ခေါ်ပါလို့ မင်းကို ခပ်စောစောကတည်းက ပြောပြီးသားပဲ'

အပြောခံရထိုက်ပေသည်ဟု စတိဗ်က တွေးလိုက်သည်။ ဂျက်ကော့ဟတ်ရှ်သည် ကာလ ကြာမြင့်စွာကပင် မိုက်ဟု ခေါ်ခွင့်ရထားသူ ဖြစ်သည်။

'ကျုပ်တို့ ဘာတွေနဲ့ ရင်ဆိုင်နေရတယ်ဆိုတာ မိုက် သိရအောင်ပေါ့'

ဒိုင်ယာနီကလည်း ထို အီးယူစီများကို တွေ့မြင်ထားပြီးဖြစ်သည်။ သူ့ ကုလားထိုင်နားရှိ စားပွဲပေါ်တွင် စာရွက် တစ်ထပ်ကြီးကို ပုံထားသည်။ သူက ထိုစာရွက်ထပ်ကြီးကို စတိဗ်ရှေ့သို့ ပို့ပေးလိုက်၏။ ဒိုင်ယာနီက ပြောလိုက်သည်။

'လေယာဉ်တင် သင်္ဘောကြီးတွေနဲ့ တိုက်ချင်းပစ်ဒုံးပျံတွေကလွဲရင် အားလုံးပါတယ်'

စတိဗ်၏ ဝမ်းဗိုက်ထဲက တရစ်ရစ်နှင့် နာကျင်လာသည်။ သူသည် ဟင်နရီဂါဒူး၏ မိန့်ခွန်းကို ကြားခဲ့ပြီးပြီ။ ထိုစဉ်က ဟင်နရီဂါဒူး ချဲ့ထွင်၍ ပြောနေသည်ဟု ထင်ခဲ့မိသည်။ ပြီးတော့လည်း စီစီအိုင်က ဟင်နရီဂါဒူးကို လက်နက် ထောက်ပံ့ရန်အတွက် ငွေအမြောက်အမြား သုံးစွဲနေကြောင်း သူ လက်ခံထားသည်။ သို့ရာတွင် ထိုမျှလောက် များပြားလိမ့်မည်ဟု သူ မထင်မိခဲ့ပါ။ ယခု ရရှိထားသော အီးယူစီလက်မှတ်များသည် အမေရိကန် နိုင်ငံတွင် ထုတ်လုပ်သော လက်နက်များအတွက်သာ ဖြစ်သည်။ အခြား နိုင်ငံများမှ မည်မျှလောက် ဝယ်ယူနေသည်ကိုတော့ ဘုရားသခင်မှသာ သိပေလိမ့်မည်။

စတိဗ်က ထိုစာရွက် အပုံကြီးကို လက်နှင့်ပုတ်၍ ပြောလိုက်၏။

'ကင်းဖီးလ်က သူ့ အတွက် လုံလောက်အောင်လုပ်ထားတာပဲ'

www.burmeseclassic.com

www.burmeseclassic.com

'မဟုတ်တာဘဲရှင်၊ အဲဒါတွေကို သတင်းစာဆရာတွေဆီပို့လိုက်၊ သတင်းစာတွေထဲမှာပါလာရင် အီတလီ လူမျိုးတွေက အီးယူစီတွေကို ပြန်ရုပ်သိမ်းလိမ့်မယ်'

'အဲဒီလိုလုပ်လို့ ဖြစ်မြောက်မှာ မဟုတ်ဘူး'

ဂျက်ကော့ဟတ်ရှိက ဝင်ပြောလိုက်၏။ သူသည် ရန်းကုမ္ပဏီ ဦးနှောက်ဘဏ်တွင် ဝင်ရောက်လုပ်ကိုင်စဉ်က မှောင်ခိုလက်နက် ရောင်းဝယ်မှုအကြောင်း ကျယ်ကျယ်ပြန့်ပြန့် လေ့လာခဲ့သူ ဖြစ်သည်။

'ခု လော လော ဆယ် မှာ တော့ အဲဒီ စာရွက်တွေဟာ ဘာအဓိပ္ပာယ်မှ မရှိဘူး၊ ကင်းဖီးလ်နဲ့ မဝမ်ဒီ ဆက်သွယ်မှုရှိတာကို သက်သေ မပြနိုင်ဘူး၊ ကျုပ်တို့က ဘယ်လိုပဲ စွပ်စွဲ စွပ်စွဲ အီးယူစီ ထုတ်ပေးတဲ့ လူတွေက ရယ်ကြလိမ့်မယ်၊ ဝယ်ယူသုံးစွဲခွင့်ရှိတဲ့ နိုင်ငံပေါင်းများစွာက အီးယူစီ အတုတွေကို ထုတ်ပေးနေကြတယ်၊ အဲဒီ အီးယူစီတွေနဲ့ လက်နက် ရောင်းချတဲ့ ကိစ္စတွေဟာ တတိယ ပုဂ္ဂိုလ်ကို လက်နက်တွေ လွှဲပြောင်း မပေးခင်အထိ တရားဥပဒေနဲ့ ဆန့်ကျင်တယ်လို့ မဆိုနိုင်ဘူး'

ပက်ဂျက်က ဝင်ပြောလိုက်ပြန်၏။

'အဲဒီလို လွှဲပြောင်းပေးတဲ့ အခါမှာတောင် တရား ဥပဒေနဲ့ သိပ်ဆန့်ကျင်တယ်လို့ မဆိုနိုင်သေးဘူး၊ အီးယူစီဆိုတဲ့ စာရွက်တွေဟာ ကိုယ်ကျင့်သိက္ခာနဲ့ သက်ဆိုင်တဲ့ အာမခံချက် သက်သက်ပဲ၊ အဲဒီကိစ္စကို တည့်မတ်မှန်ကန်အောင် အရေးယူပေးနိုင်မယ့် စက်ယန္တရား ဒီကမ္ဘာပေါ်မှာ ဘယ်နေရာမှာမှ မရှိသေးဘူး၊ အဲဒါက လက်နက် မှောင်ခိုရောင်းဝယ်တဲ့ကိစ္စ ဘယ်နည်းဘယ်ပုံ ဆက်လက်ရှင်သန်နေနိုင်တယ် ဆိုတာပဲ'



ဒိုင်ယာနီက ကန့်ကွက်လိုက်၏။

'အီတလီနိုင်ငံကို လက်နက်တွေ ပို့ရမှာပေါ့'

'ပို့ပြီး မဖြစ်နိုင်တဲ့ ကိစ္စပဲ'

မိုက်ကယ်ဗိုဂလာက ဝင်ပြောလိုက်ခြင်းဖြစ်သည်။ သူသည် ဗွီအိုင်အီးကို စတင် တည်ထောင်ခါစက တစ်ခါတစ်ရံတွင် လက်နက်ရောင်းဝယ်မှု ပြုလုပ်ခဲ့သူ ဖြစ်သည်။

'မဖြစ်မနေ လုပ်ရမယ်ဆိုတဲ့ အချက်က တစ်ချက်တည်းပဲ ရှိတယ်၊ သဘောတင် စာရွက်မူရင်းမှာ ပစ္စည်းတင်ပို့တဲ့ နိုင်ငံဟာ အီးယူစီ ထုတ်ပေးတဲ့ နိုင်ငံပဲ ဖြစ်ရမယ်၊ အဲဒီ စာရွက် စာတမ်းတွေကို တင်ပြပြီးပြီဆိုရင်တော့ ပစ္စည်းတွေကို လမ်းကြောင်းပြောင်းပစ်လို့ ရတယ်'

ဟတ်ရှိက ပြောလိုက်ပြန်၏။

'အဲဒီလို တချိန်လုံး လုပ်နေကြတာပဲ၊ သဘောဒါမှမဟုတ် လေယာဉ်ပျံတွေဟာ ပိုင်နက် သတ်မှတ်ချက်ကို ကျော်သွားပြီ ဆိုတာနဲ့ လမ်းကြောင်းပြောင်းကြတော့တာမဲ၊ နောက်ဆုံး ဘယ်ကို ရောက်သွားတယ်ဆိုတာဘယ်သူကမှ မစစ်ဆေးကြပါဘူး၊ တကယ်လို့ တစ်ယောက်ယောက်က စစ်ဆေးတယ်ဆိုရင်လဲ လာဘ်ပေးလိုက်ရင် လုံးဝနှုတ်ပိတ်သွားကြတာချည်းပဲ'

'ဒီပစ္စည်းတွေကိုတော့ သဘောနဲ့ပို့လို့ မရဘူး'

www.burmeseclassic.com

www.burmeseclassic.com

ဒိုင်ယာနီ နားလည်စေဖို့အတွက် စတိဗ်က ဝင်ရှင်းပြသည်။

'မဝမ်ဒီနိုင်ငံက ကုန်းတွင်းပိုင်းမှာ ရှိနေတယ်၊ စီစီအိုင်က လေယာဉ်ပျံနဲ့ပဲ ပို့လိမ့်မယ်၊ အမေရိကန် အရှေ့ဘက် ကမ်းခြေမှာ ရှိတဲ့ လေဆိပ်တွေကမှ ဆီနီဂေါမှာရှိတဲ့ ဒါကာမှာ ဆီဝင်ဖြည့်ပြီး ဂါဒူး မြို့တော်ကို သွားရမယ်၊ ဒါဟာဖြစ်သင့်ဖြစ်ထိုက်တဲ့ လမ်းကြောင်းပဲ'

ဒိုင်ယာနီသည် ဘားကောင်တာသို့ သွား၍ အရက်ဖန်ခွက်များတွင် ထပ်ဖြည့်ပေးနေသည်။

'စီးပွားရေးအရ အကျပ်ကိုင်တာကို ခံရတာမျိုး ဖြစ်နိုင်တယ်'

ဟတ်ရှ်က ဝင်ပြောလိုက်ခြင်း ဖြစ်ပါ၏။ ဒိုင်ယာနီက မေးလိုက်သည်။

'ကျွန်မတို့အတွက် အချိန် ဘယ်လောက်လောက် ရမလဲ စတိဗ်၊ ခြောက်လ လား'

'အီယန်ဘာလိတ်နဲ့ ကျုပ်တို့ကတော့ ရက်သတ္တ သုံးပတ်လို့ပဲ ခန့်မှန်းကြတယ်'

'မဖြစ်နိုင်တာပဲ၊ ကြည်း တပ် နဲ့ လေ တပ် ကို ဘယ်သူကမှ ရက်သတ္တ သုံးပတ်တည်းနဲ့ တည်ထောင် မပေးနိုင်ကြပါဘူး၊ အဲဒါကိုတော့ ကျွန်မ တောင် သိပါတယ်ရှင်'

'ဘာဆိုတို နိုင်ငံအတွက် ဂါဒူးက စစ် တပ် ကို တကူးတက တည်ထောင်ဖို့ လေ့ကျင့်ဖို့ မလိုပါဘူး၊ ပထမအသုတ် ပို့လိုက်တဲ့ ပစ္စည်းတွေ ရောက်တာနဲ့ တစ်ပြိုင်နက် နယ်စပ်မှာ ဝင်ရောက် စီးနင်းမှုတွေ



လုပ်ပြီး သူ ကြိမ်းဝါးထားတဲ့ စကားကို လေးစား လာအောင် လုပ် လိမ့် မယ်၊ ဘာဆိုတို နိုင်ငံဟာ ခုခံစရာ ဘာမှ မရှိဘူး၊ ဘာလိတ်ရဲ့ အယူအဆ ကတော့ ခုခံ တိုက်ခိုက်မှု လုံးဝ ရှိမှာမဟုတ်သလို ဘာဆိုတို အစိုးရလဲ ချက်ချင်း ပြိုကွဲသွားလိမ့်မယ်'

'ဒါဖြင့်ရင် စီစီအိုင်က ဘာဖြစ်လို့ လက်နက်နဲ့ လေယာဉ်ပျံတွေ ဝယ်နေရတာလဲ'

'ဟင်နရီဂါဒူးက တောင်းလို့ပေါ့၊ သူက အဲဒီ လက်နက်ပစ္စည်းတွေကို အသုံးချပြီး ဘာဆိုတိုမှာ ရှိတဲ့ လူတွေကို အကုန် သတ်ပစ်လိမ့်မယ်၊ အဲဒီ နောက်တော့ အလွယ်ဝင်တိုက်လို့ရမယ့် 'စင်ထရယ် အာဖရိကန်ရီပတ်ဘလစ်ကို ဝင်တွယ်လိမ့်မယ်'

ဂျက်ကော့က ဝင်ပြောလိုက်၏။

'ခင်ဗျား ပြောတာ မှန် နိုင် တယ်၊ စင်ထရယ် အာဖရိကန်ရီပတ်ဘလစ်ဟာ စိန်နဲ့ ယူ ရေနီယမ် ထွက်တယ်'

'ရှင်ကတော့ ရှုံးမယ့် စကားကိုချည်း ပြောနေ တာပဲ'

'ကြွေတစ်လှည့် ကြက်တစ်ခုန်ပါ ဗျာ'

စတိဗ်က မိုက်ဗိုဂလာ ဘက်သို့ လှည့်လိုက်၏။

'မေးခွန်းကတော့ ကျုပ်တို့ စမ်းကြည့်ကြမလား ဆိုတာပဲ'

မိုက်ဗိုဂလာက လက်သီးကို ဆုပ်လိုက် ဖြန့်လိုက် လုပ် နေ သည်။ ဗွီ အိုင် အီး အထိ နာ နေ လေပြီ။ ပိုဆိုးစရာကိစ္စရပ်များ ထပ် ပေါ်ပေါက် လာစရာ ရှိနေသေးသည်။ ကင်းဖီးလ်က ဗွီအိုင်အီး၏ စတော့



www.burmeseclassic.com

www.burmeseclassic.com

ရှယ်ယာများကို မြေကြီးအောက်သို့ ရောက် သွားသည်အထိ ဖနောင့်နှင့် နင်းချပေလိမ့်မည်။ ဗွီအိုင်အီးမှ အရေးပါသော ဝန် ထမ်း များ က လည်း နှစ်မြုပ်သည် ဟု သူ တို့ ထင် သော သ ဘော ကြီး ပေါ်မှ အစုလိုက် အပြုံလိုက် ခုန် ချ ကြ ပေ လိမ့် မည်။ ဘဏ်များ၊ ယှဉ်ပြိုင်ဘက်များ၊ အချောင် ဝင်နှိုက်လိုသူများ၊ စီးပွားရေး လောကမှ မရေမတွက်နိုင်အောင် များပြားလှသော 'လင်းတ' များ စသည်တို့ကလည်း ဝိုင်းတွယ်ကြလိမ့်မည်။ ဗွီအိုင်အီးသည် မိတ်ဆွေလည်း မရှိ၊ ကူညီမည့်သူကို မျှော်ရန်လည်း မရှိသော မိဘမဲ့ သည့် 'သား' ဖြစ်ရ ပေလိမ့်မည်။

မိုက်ကယ်ဗိုဇလာသည် ပို၍ အိုစာ သွားသည်။ သူသည် နံဘေးမှသာ ထိုင်၍ ကြည့်နိုင် တော့သည့် အပြင် ပိုက်ဆံကုန်ကျခံဖို့ကလွဲ၍ မည်သည့်နည်းနှင့်မျှ ပါဝင် စွန့်စားနိုင်ခြင်း မရှိတော့ပါ။ ဗွီအိုင်အီး၏ ဝန်ထမ်း စာရင်းတွင် လူပေါင်း ထောင် ပေါင်းများစွာ ရှိနေသော်လည်း လက်ရှိအနေအထားတွင် စတိဗ်၊ ဂျက် ကော့ နှင့် အီယန်ဘလိတ်တို့ သုံးဦးကိုသာ ယုံကြည်အားကိုးနိုင်ပါတော့သည်။ သို့ရာတွင် ယခု အနေအထားတွင် သူက ထို သုံးယောက်ကို အမိန့်ပေး၍ မရပါ။ 'မိမိ၏ အသက် ရှင်ချင်သည်ဆိုပါက မည်သည့် အခါတွင်မျှ စေတနာ့ ဝန်ထမ်း ပါဝင် ဆောင်ရွက်ခြင်း မပြုပါနှင့်' ဟူသော အမိက ဥပဒေသကို မိမိဆန္ဒ အလျောက်သာ ချိုးဖျက် ခွင့် ပေးရပါလိမ့်မည်။ ထိုကိစ္စကို အေး အေး သက် သာ

ပြောပါဟု သူ့ ကိုယ်သူ သ တိ ပေး ရင်း သူက စတိဗ်ပက်ဂျက်ကို ကြည့်၍ ပြောလိုက်၏။

'တို့ဘက်က နိုင်ဖို့ အခွင့်အရေး ဘယ်လောက်လောက် ရှိတယ်လို့ မင်းက ယူဆသလဲ သား'

စတိဗ်က ဖြေလိုက်သည်။

'ဆယ်လေး တစ်လေး ရှိပါတယ်'

'ဒါဆိုရင် လူတိုင်း ကြောက်ချေး ပါသင့်တာ ပေါ့ကွာ'

အိုင်းရွန်းမိုက်က မည်သည့်ဘက်သို့ ဦးတည်နေကြောင်း ပက်ဂျက် သ ဘော ပေါက် သည်။ သူ ပြောမည့် စကားများက အလွန် အရေး ပါပါလိမ့်မည်။ သူသည် ယခု အချိန်တွင် ထွက်ပြေးနိုင်သည်။ သို့တည်းမဟုတ် ဘယ်ကိုပဲ ရောက်ရောက် အတူတူလက်တွဲမည် ဆိုလျှင်လည်း ဖြစ်သည်။ သို့ ရာ တွင် စတိဗ်သည် 'ဂါလာ'၌ ရှိနေစဉ်ကပင် ဆုံးဖြတ်ခဲ့ပြီးဖြစ်သည်။ အီယန်နှင့် သူ ဆွေး နွေး ခဲ့ ကြပြီးနောက် နှစ်ဦးစလုံး ဆုံးဖြတ်ချက် တစ်ခုတည်းကိုသာ ချခဲ့ကြသည်။

'ဘလိတ်နဲ့ ကျွန်တော်တို့ကတော့ နိုင် နိုင် တဲ့ အခွင့်အလမ်း အ နေ နဲ့ အ လယ် အ လတ် စား ဖြစ်တယ်လို့ ယူဆကြပါတယ်၊ စမ်းတော့ ကြည့်သင့်ပါတယ်'

ဒါဆိုရင် ဂျက်ကော့ဟဟ်ရှ်ပဲ ကျန် တော့ သည်။ သူက အိမ်ထောင်နှင့် က လေး ရှိ သူ ဖြစ်သည်။ စတိဗ်က ပြုံးပြသော ဟတ်ရှ်အား သိုမ်းကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

'ဟုတ်ပါတယ်ဗျ၊ ကျုပ်လဲ ဝင်ပါမှာပါ'

ကဲ မိုက်ရေ၊ ခင်ဗျားအတွက် ရှေ့တော်ပြေး အသေခံ တပ်သားတွေတော့ ရပြီ၊ ကျန်တာကတော့ ခင်ဗျား ဆုံးဖြတ်ဖို့ပဲ ရှိတော့တယ် ဟု စတိဗ်က တွေးလိုက်၏။ စတိဗ်က မေးလိုက်သည်။

'လောင်းကြေးမှာ အကန့်အသတ် ရှိသေးသလား'

ဗိုဂလာသည် နှစ်ပေါင်းများစွာ ပြန်နှုပ်လာပြီး မျက်စိက တလက်လက် တောက်လာသည်။

'အကန့်အသတ် လုံးဝ မရှိဘူး၊ ငါ ပိုင်ဆိုင်သမျှ တစ်ပြား တစ်ချပ်မှ မကျန်အောင် ကုန်သွားပမေ့စေ'

ဒိုင်ယာနီ အံ့အား သင့်သွားပြီး နှုတ်မှ ရုတ်တရက် ထွက်ပေါ်လာသည့် အသံကို ထိန်းချုပ်ထားနိုင်စွမ်း မရှိကြောင်း စတိဗ် ကြားလိုက်ရသည်။ ဒိုင်ယာနီ၏ မျက်နှာသည် အထိတ်တလန့်ဖြစ်နေသည့် မျက်နှာထားမျိုး ဖြစ်နေသည်။ နေ့ချင်း ညချင်း ပြောင်းလဲမှု၏ ရလဒ်ပေါ့ဟု စတိဗ်ကတွေးလိုက်၏။ ဒိုင်ယာနီသည် အမွေစားအမွေခံအဖြစ် စွဲလမ်းနေသူ ဖြစ်ပြီး မိုက်က သူပိုင်ဆိုင်သော ဥစ္စာပစ္စည်းများကို ဖြုန်းတီးပစ်လိုက်သောကြောင့် သူ့အတွက် အမွေဆက်ခံရန် တစ်ပြားတစ်ချပ်မှ မကျန်တော့မှာကို အကြီးအကျယ် ကြောက်ရွံ့ ထိတ်လန့်နေသည်။ စတိဗ်က ပြောလိုက်၏။

'ဒါဆိုရင် သူတို့ဘက်က မှုရေး သာနေတဲ့ အချက်တွေ နောက်ကို ကျွန်တော်တို့က နည်းနည်းလောက် အမီလိုက်နိုင်ပြီပေါ့လေ၊ အဲဒါ ကလဲ ကျွန်တော်တို့က စည်းကမ်း မှန်သမျှကို မေ့ထားမှ ဖြစ်လိမ့်မယ်'

စတိဗ်က ဒိုင်ယာနီ၏ ရှေ့မှောက်တွင် မည်မျှလောက်အထိ များများ၊ သို့မဟုတ် မည်မျှလောက်အထိ နည်းနည်း ပြောပြရမည် ဆိုတာကို မေးမြန်းနေခြင်းဖြစ်ကြောင်း အိုင်းရှန်း မိုက် သဘောပေါက်လိုက်သည်။

'ငါတို့ဟာ အင်မတန် ကြမ်းရ ရမ်းရတော့မယ့် အနေအထားမှာ ရှိနေတယ်လို့ ဒိုင်ယာနီကို ငါ ပြောပြီးပါပြီ၊ သူ နားလည်အောင် ရှင်းပြလိုက်ပေါ့ကွာ'

ဒိုင်ယာနီက ပက်ဂျက် မျက်နှာကို စေ့စေ့ ကြည့်ရန် ခေါင်းလှည့် လိုက်သော ကြောင့် ရှည်လျားသော ကြေးနီရောင် ဆံပင်သည် တလက်လက် တောက်သွားသည်။ သူက မေတ္တာ ရပ်ခံမည့်အစား ညွှန်ကြားလိုက်သည်။

'ကဲ အသေးစိတ် ပြောကြရအောင်၊ ကျွန်မတို့က ဘယ်သူ့ကို ဘာကိစ္စနဲ့ ငှားကြရမ်းကြမှာလဲ'

စတိဗ်က သည်းခံသော အပြုံးကလေးကို ပြုံးပြလိုက်သည်။

'ဖြေရှင်းရမယ့် နည်းတွေက အဲဒီလောက်အထိ လွယ်ကူမှာ မဟုတ်ဘူး ဒိုင်ယာနီ'

'လွယ်မှာမဟုတ်ဘူးဆိုတာကတော့ သောက်ရမ်း နှိုက်တာပေါ့ကွာ'

မိုက် ဗိုဂလာက ပျော့စိစိ ဖြစ်နေသော ဆေးပြင်းလိပ်ကို ပြာခွက်ထဲသို့ ပစ်ထည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

သူ့မျက်နှာသည် ရုတ်တရက် ဖြစ်ပေါ်လာသော ဒေါသကြောင့် နီရဲနေသည်။ ဒိုင်ယာနီက သူ့အနေနှင့် သေနတ်မောင်းကို ဖြုတ်လိုက်မိကြောင်း သိလိုက်သော်လည်း ဘာကြောင့်ဆိုသော အချက်ကိုမူ နားမလည်နိုင်ခဲ့ပါ။ ခု ကိစ္စကို အကျဉ်းချုပ်လိုက်သောအခါ ဗွီအိုင်အီးနှင့် စီစီအိုင်ဆိုသော ကော်ပိုရေးရှင်းကြီးနှစ်ခု၏ ငွေချင်းယှဉ်၍တိုက်ခိုက်ကြသော 'ငွေစစ်ပွဲ'ပင် မဟုတ်ပါလား။

'လူတွေဟာ အသားစင်းကောတဲ့ စက်ထဲကို ဝင်သွားကြရလိမ့်မယ်၊ နာကျင်ကြမယ်၊ သေကြေကြမယ်၊ သတ်ဖြတ်ခံကြရမယ်'

ဒေါသကတော့ ပြေလျော့သွားပုံ မရပါ။

'ကင်းဖီးလ်က နောက်ထပ်ပိုဂလာတစ်ယောက်ရဲ့ အုတ်ဂူပေါ်မှာ တံတွေးနဲ့ ထွေးနိုင်အောင် လုပ်နေတာပဲ၊ ဘယ်သူ့ အုတ်ဂူလဲဆိုတော့ ငါ့အုတ်ဂူပဲ ဖြစ်လိမ့်မယ်၊ ဘုရားသခင် ကယ်တော်မူပါ၊ မင်းတို့ကတော့ ဘာမှ သိကြမှာ မဟုတ်ဘူး၊ ဒီကိစ္စဟာ ငါ့အပြစ်ပဲ၊ ငါက ကင်းဖီးလ်တို့နဲ့ ပတ်သက်တဲ့ အဖြစ်မှန်ကို မင်းတို့ကို တစ်ခါမှ ပြောမပြဖူးသေးဘူး'

သူ့ ဖခင်အတွက် အမှန်တကယ် စိတ်ပူပင်သွားသော ဒိုင်ယာနီက မိုက်ပိုဂလာကို နှစ်သိမ့်နိုင်အောင် ကြိုးစားလိုက်သည်။

'ဒက်ဒီရယ်၊ သမီး ဆယ့်ခြောက်နှစ်သမီးတုန်းက သမီးကို ဒက်ဒီ ပြောပြခဲ့ဖူးပါတယ်၊ ဒက်ဒီက သမီးကို ပင်ဆယ်ဗေးနီးယားက သပိတ်အကြောင်း၊



ဘိုးဘိုး ဘယ်လို သေနတ်ပစ်ခံရပုံ၊ ဒက်ဒီကို ဘယ်လိုနည်းနဲ့ အတင်းအဓမ္မ မောင်းထုတ်ခဲ့ပုံတွေကို ပြောပြဖူးပါတယ်၊ ပြီးတော့လဲ ဒူရီဆိုတဲ့ အာရီဇိုးနားက တခြားမိုင်းတွင်းတစ်ခုမှာ ဖြစ်ခဲ့တာကိုလဲ ပြောပြခဲ့ပါတယ်၊ သမီး ငိုခဲ့ရတယ်လေ'

မှန်ပါသည်။ သူ ငိုခဲ့ရပါသည်။ ထိုစဉ်က ဒိုင်ယာနီသည် ဆယ့်ခြောက်နှစ်သမီးသာ ရှိပါသေးသည်။

'ရှေးဟောင်း သမိုင်းကြောင်းတွေကို ပြန်တွေးပြီး ကိုယ့်ကိုယ်ကိုယ် ဒုက္ခမပေးပါနဲ့ ဒက်ဒီရယ်'

မိုက်ပိုဂလာ၏ အမူအရာသည် နောက်တစ်မျိုး ပြောင်းလဲသွားပြန်၏။ အိုင်းရှန်းမိုက် အနေနှင့် ရင်နာစရာကောင်းသော ဆုံးဖြတ်ချက်များကို မလွှဲမရှောင်သာ ဆုံးဖြတ်ရချိန်တွင် ထိုအမူအရာမျိုး ဖြစ်ပေါ်လာတတ်ကြောင်း ယခင်ကလည်း စတိဗ်မြင်တွေ့ခဲ့ရဖူးပါသည်။ သူသည် ထိုဆုံးဖြတ်ချက်မျိုးကို ယခု ချမှတ်နေပြန်လေပြီ။

'အေး ဟုတ်တယ်၊ မင်းငိုခဲ့တယ်၊ ဒါကြောင့် ငါရပ်ပစ်လိုက်တယ်၊ ကျန်တာတွေကို ဆက်မပြောတော့ဘူး၊ အခု မင်းဟာ သကြားငှက်သိုက်မုန့်လို နူးနယ်တဲ့ ကလေးတစ်ယောက် မဟုတ်တော့ဘူး၊ အနာဂတ် ကာလမှာ ဖြစ်လာမယ့် ကိစ္စတွေနဲ့ ပတ်သက်ပြီး မင်းနဲ့လဲ အကြီးအကျယ် သက်ဆိုင်နေတယ်၊ မင်း အဲ့ဒါတွေကို သိမှ ကောင်းမယ်၊ အမုန်းတရားဆိုတာ ဘာလဲ ဆိုတာကို မင်း သိနားလည်စေချင်တယ်'

www.burmeseclassic.com

www.burmeseclassic.com

နေမထိထိုင်မသာ ဖြစ်လာကြသော ပက်ဂျက်နှင့် ဟတ်ရှ်တို့က တစ်ယောက်နှင့်တစ်ယောက်ကြည့်လိုက်ကြ၏။ ဗိုဂလာသည် တခြားဘက်ဆီသို့စိတ်ရောက်သွားပြီး ပုဂ္ဂိုလ်ရေး ကိစ္စရပ်များဆီသို့ ဦးတည်နေလေပြီ။ အဖေနှင့် သမီး နှစ်ယောက် တည်း စကားပြောကြဖို့ ထားရစ်ခဲ့လျှင် ကောင်းလိမ့်မည်ထင်ပါသည်။

ဗိုဂလာက တွေ့မြင်သွားပြီး အဓိပ္ပာယ်ကောက်လိုက်သည်။ သူ့စိတ်ထဲ၌ အတွေးများ ပေါ်ပေါက်လာကြလေ၏။ ထိုပုဂ္ဂိုလ် နှစ်ယောက် သည် ဒေါးအန္တရာယ် အလွန်ကြီးမားကြောင်း သိရှိထားကြသည့်တိုင်အောင် ဆက်လုပ်ကိုင်ကြရန် မိမိဆန္ဒအလျောက် ကတိ ပေးထားကြသူများ ဖြစ်သည်။ သူတို့နှစ်ယောက် နှင့် အီယန်ဘလိတ်တို့ သုံးဦးပေါင်း၍ ထိုးစစ် ဆင်ကြတော့မည်။ ကင်းဖီးလ်က ခုတ်ဖြတ်ပစ်ရန် ပထမဦးဆုံး အမိန့်ပေးခံရမည့် ပုဂ္ဂိုလ်များမှာ သူတို့သာဖြစ်သည်။ ဒိုင်ယာနီသိခွင့်ကြားခွင့် ရှိသမျှကို သူတို့လည်း ကြားခွင့်ရှိကြသည်။

'ဆက်နေကြကွာ'

သူ့ရင်ထဲ၌ နှစ်ကာလ ရှည်ကြာ စွာ မျိုသိပ်ထားခဲ့ရသမျှကို ယခု ဖွင့်အန်ချရန် စကား လွှန်ခဲ့မိလေပြီ။ သူ့ မျက်နှာပေါ်၌ သွေးရောင် ပြန်လွှမ်းလာလေ၏။ သူက သူ့ ဖန်ခွက်ကို ယူ၍ ကုန်အောင်သောက်ချလိုက်ပြီး ကုန် သွား သော ဖန်ခွက်ကို ဒိုင်ယာနီထံ ကမ်းပေးလိုက်သည်။

'နောက်ထပ် တစ်ကြိမ် ဖြည့်ပေး လိုက် ပါဦး၊ မင်းအတွက်လဲ့ ဆိုဒါထက် ပို ပြင်း တဲ့ တစ် ခု ခု ကို ထည့်သောက်၊ ငါကတော့ ရေမရောဘဲ ခပ်များများ သောက်မယ်၊ ငါပြောတဲ့ စကားမဆုံးခင် မင်းတို့လဲ ပူထူနေအောင် သောက်ထားကြဖို့ လိုလိမ့်မယ်'

ဒိုင်ယာနီက ကန့်ကွက်ဖို့ စတင် လိုက်သော်လည်း သူ့ အကြည့်က မည်သည့် ဆင်ခြေကိုမျှ လက်ခံလိမ့်မည် မဟုတ်ပါ။ဒိုင်ယာနီ ထည့်ပေးလိုက်သည်။ ဒိုင်ယာနီသည် စိတ်တထင့်ထင့်နှင့် သူ့ ထိုင်ခုံတွင် ပြန်ထိုင်မိချိန် အထိ မိုက်ဗိုဂလာက စောင့်နေလိုက်သည်။ ထို့နောက် မိုက်ဗိုဂလာက ရေမရောသော ဂျက်ဒင်နီရယ် ဝီစကီ ဖန်ခွက်ကို မြှောက်လိုက်သည်။

'ဒါဟာ ငါ့ဘဝမှာ ကင်းဖီးလ်တွေကိုရည်စူးပြီး ဒုတိယအကြိမ် သောက်တဲ့ အရက်ပဲ'

မုန်းတီးမှုမှာ သူ့လေသံတွင် ထင်ထင်ရှားရှား ပါရှိနေသည်။

'ပထမအကြိမ်ကတော့ ၁၉၄၅ ခုနှစ် ခရစ္စမတ်အကြိုနေ့ ညပဲ၊ အဲဒီတုန်းက ငါ အရက် သိပ်မူးနေတယ်၊ အခုတော့ ငါ လုံးဝ အရက်မမူးဘူး၊ ဒါပေမယ့် ရည်စူးတာကတော့ တစ်မျိုးတည်းပါပဲ'

www.burmeseclassic.com

## ၂၅

၁၉၄၅ ခုနှစ် ဒီဇင်ဘာ ၂၄ တနင်္လာနေ့ တွင် နယူးရောခ်မြို့၌ အလွန့်အလွန် အေးမြ နေသည်။ ဆီးနှင်းခဲများ ထူထပ်စွာ ကျခဲ့သည်။ လမ်းမကြီးများပေါ်တွင်သာ ထွန်သွားဖြင့် ရှင်းလင်း ထားသည်။ လမ်းဆုံလမ်းခွများသည် အလွန် ညစ်ပတ်နေသော ရေခဲညွန်များ ဖြစ်နေကြသည်။ လမ်းဘေးလူသွားလမ်းများပေါ်တွင် ရှိနေသော နှင်းခဲများသည် ကျပ်ခိုးများ အညစ်အကြေးများကြောင့် မည်းနက်နေကြသည်။

သို့ရာတွင်ဒုတိယကမ္ဘာစစ်ကြီး ပြီးစီးသွားချိန်တွင် ပထမဦးဆုံး ခရစ္စမတ် ကာလ ဖြစ်သဖြင့် လူတိုင်းလူတိုင်း မြူးထူး ပျော်ရွှင်နေကြသည်။ လွန်ခဲ့သော ခြောက်လ မတိုင်မီက အရပ်သား ဖြစ်လာခဲ့သော ဆာဂျင်ဟောင်း မိုက်ကယ်ဗိုဂလာထက် မည်သူကမျှ ပိုမို၍ ရွှင်လန်း ဝမ်းမြောက်ကြမည် မဟုတ်ပါ။ သူသည် လုယူလာသော ဒေါ်လာ ၁၀၅၄၃၀ ကို ပိုက်၍ ရည်မှန်းချက် နှစ်ခုနှင့် တပ်မတော်ထဲမှ ထွက်လာခဲ့ခြင်း ဖြစ်သည်။ ချမ်းသာ ကြွယ်ဝပြီး



အမှီခို ကင်းရန် နှင့် ကင်းဖီးလ်တို့ကို သမိုင်းကြွေးဆပ်ရန်ပင် ဖြစ်သည်။ သူသည် ပထမ ရည်မှန်းချက်ကို အကောင်အထည် ဖော်နိုင်မည့် လမ်းကြောင်းပေါ်တွင် ရောက်ရှိနေလေပြီ။ သူသည် ဗိုဂလာ အင်တာနေရှင်နယ် အင်တာပရိုက်စ်ကို စက်တင်ဘာလတွင် တည်ထောင်ခဲ့ပြီး အမေရိကန် အစိုးရက ရောင်းချနေသော ပိုလျှံ ပစ္စည်းများကို ဝယ်ယူရောင်းချနေသည်။ ဗွီအိုင်အီး၏ မတည် ရင်းနှီးငွေသည် နှစ်ဆ တိုးလာသည်။ ထိုနေ့မှာပင် ဒေါ်လာ ၁၆၀၀၀ ထပ်မံ တိုးပွားခဲ့သေးသည်။

နယူးဂျာဆီပြည်နယ် 'ဖို့တ်ဒစ်ခ်' မှ ပိုလျှံပစ္စည်း ထုခွဲရသူ အရာရှိ တစ်ဦးကို လာဘ် ထိုး ခြင်း ဖြင့် မြေတူးစက် အသစ် ကျပ်ချွတ် ခြောက် စီး ကို 'ပြင်ဆင်၍ မရလောက်အောင် ပျက်စီးနေသည်' ဟု သက်သေခံ လက်မှတ် ထုတ်ပေး ခဲ့ သည်။ မိုက်ဗိုဂလာက ထိုပစ္စည်းများကို သံတိုသံစ တန်ဖိုးဖြစ်သော ဒေါ်လာ အနည်းငယ်မျှနှင့် ဝယ်ယူရရှိခဲ့ပြီး 'လောင်းအိုင်လင် ဆောက်လုပ်ရေးကုမ္ပဏီ' တစ်ခုသို့ မြေတူးစက် တစ်စီး လျှင် ဒေါ်လာ ၁၁၅၀၀ စီ နှင့် ရောင်းချခဲ့သည်။

ပို၍ များပြားသော အမြတ်ငွေများကို ရရှိရန် အလားအလာ ရှိနေမှု ကြောင့် မိုက်ဗိုဂလာသည် လူပြည့်နှက်နေသော အက်စတာ ဟိုတယ်မှ ဘားကောင်တာတွင် အကြိမ်ပေါင်း မည်မျှ ရှိပြီဟု သူ မမှတ်မိသော ဂျက်ဒင်နီရယ် ဝီစကီ နှစ် ပက် စီ ကို အလီလီ မှာလိုက်သည်။ သူ အရက်မူးနေသည်။ သူက



www.burmeseclassic.com

www.burmeseclassic.com

ပုတိုတို ဖန်ခွက်ကို မြှောက်လိုက်ပြီး နောက် တစ်ကမ္ဘာလုံးကို ထိုင်တည်၍ အရက် သောက်လိုက်၏။

'ကင်းဖီးလ် မိသားစုအတွက်ပေါ့၊ မင်းတို့နဲ့ ငါ လယ်ပြင်မှာ တွေ့ကြသေးတာပေါ့ကွာ'

၁၉၃၆ ခုနှစ် ဇန်နဝါရီလတွင် မိုက်ဗိုဂလာသည် ဥရောပတိုက်သို့ သွားရောက်ပြီး ပိုလျှံနေသော ပစ္စည်း မှန်သမျှကို အကုန် ချုပ်၍ ဝယ်ယူခဲ့သည်။ လာဘ်ငွေကိုလည်း များများစားစား ပေးရသည်။ သို့ရာတွင် အမြတ်ငွေကလည်း ပိုများသည်။ ၁၉၄၀ ခုနှစ် မကုန်ဆုံးခင် သူသည် ဒေါ်လာ သုံးသန်းကျော်ကို ပိုင်ဆိုင်နေခဲ့လေပြီ။ သူ့ အဆင့်အတန်းအရ သူ ချမ်းသာနေလေပြီ။ တစ်သက်လုံး မတောင့်မတ မကြောင့်မကြ နေထိုင် သွားနိုင်ခဲ့လေပြီ။ ကင်းဖီးလ်မိသားစုနှင့် နှိုင်းယှဉ်မည် ဆိုပါက သူသည် တောင်ကြီးကို ဖြိုရန် ကြံစည်နေသော ခါချဉ်ကောင် တစ်ကောင်သာ ဖြစ်နေသည်။ အလွန်တရာ ကံကောင်း ထောက်မသောကြောင့် ခါချဉ်ကောင်ကလေးက ပထမဦးဆုံး အကြိမ် စပ်ဖျဉ်းဖျဉ်း ဖြစ်သွားအောင် ကိုက်နိုင်ခဲ့လေသည်။

ချားလ်စ် ဂျက်စ်အပ်ကင်းဖီးလ် စီနီယာ ကွယ်လွန်သွားသည်။သားဖြစ်သူ ချားလ်စ်ကင်းဖီးလ် ဒုတိယက ကင်းဖီးလ် ကွန်ဆိုလီဒိတ်တက် အင်ဒပ်စထရီး၏ အကြီးအကဲ ဖြစ်လာသည်။ ချားလ်စ် ကင်းဖီးလ် ဒုတိယက ပလတ်စတစ် သုံးစွဲမှုသည် အဆုံးအစ မရှိအောင် ကျယ်ပြန့်လာလိမ့်မည်ဟု ကြိုတင်၍



မျှော်မှန်းသောကြောင့် စီစီအိုင်တွင် ပလတ်စတစ်နှင့် သက်ဆိုင်သော ဌာနခွဲ အသစ်တစ်ခုကို တိုးချဲ့လိုသည်။ အဆိုပါ ဌာနခွဲအသစ်ကို အိုဟိုင်းအိုးပြည်နယ်၊ ကလိဗ်လန်မြို့မှ ပန်ဘွန်း ပလတ်စတစ် အင်ဂျင်နီယာရင်း ကုမ္ပဏီနှင့် စတင် တည်ထောင်ရန် အတွက် ချားလ်စ်က ထို ကုမ္ပဏီကို ဝယ်ယူရန် ရည်ရွယ်ထားသည်။

သို့တည်းမဟုတ် ပို၍ တိတိကျကျ ပြောရမည် ဆိုပါက ခိုးယူရန် ရည်ရွယ်ထားသည်။ ဒေါ်လာ ၂.၇ သန်း တန်ဖိုးရှိသော အစုရှယ်ယာအများစုကို ချားလ်စ်ကင်းဖီးလ်နှင့် ဟားဗတ် တက္ကသိုလ်တွင် အတူတူ ကျောင်းနေခဲ့ဖူးသူ ဝီလျံ ပန်ဘွန်း ဆိုသူက ပိုင်ဆိုင်ထားသည်။ ဝီလျံ ပန်ဘွန်းသည် ကုမ္ပဏီကို တည်ထောင်သူ၏ အဆက်အနွယ် ဖြစ်သော်လည်း စီးပွားရေး လုပ်ငန်းတွင် လုံးဝ အကွက် မမြင်သူ ဖြစ်သလို အကြွေးလည်း မြောက်မြားစွာ တင်နေသူ ဖြစ်သည်။ ချားလ်စ်ကင်းဖီးလ် ဒုတိယက အဆိုပါ စတော့ရှယ်ယာများအတွက် ဒေါ်လာ တစ်သန်းကို ငွေသားနှင့် ပေးမည်ဟု အဆိုပြုလာသည်။ ပန်ဘွန်းသည် အူမြူးသွားပြီး လက်ခံချင်စိတ် ရှိသည်ဟု ယူဆရသည်။ ထို့နောက် သူသည် အပျော်ခရီး ထွက်သွားပြီး အစ ပျောက်သွား တော့သည်။ သူ မည်သည့်နေရာတွင် ရှိနေသည်ကို မည်သူမျှ မသိကြပါ။

စီစီအိုင်၏ ဒုတိယ ဥက္ကဋ္ဌများတွင် မိုက်ဗိုဂလာက လာဘ်ထိုး ထားသူ တစ်ယောက်ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုပုဂ္ဂိုလ်က ချားလ်စ်ကင်းဖီးလ် ဒုတိယသည် 'အကြံ ကုန်နေပြီ' ဟု ပြောပြခဲ့သည်။ ပန်ဘွန်းကုမ္ပဏီကို ခပ်မြန်မြန်ဝယ်ယူ၍ မရရှိခဲ့ပါက စီစီအိုင်သည် ပလတ်စတစ်နှင့် သက်ဆိုင်သော လုပ်ငန်းဌာနခွဲ အသစ်တစ်ခု ဖွင့်လှစ်ရေးကို ရွှေ့ဆိုင်းထားရလိမ့်မည်၊ သို့မဟုတ် လုံးဝ လက်လျှော့ ရလိမ့်မည်ဟု ဆိုသည်။

မိုက်ဗိုဂလာက အလုပ်လက်မဲ့ ဖြစ်နေသော အိုအက်စ်အက်စ် ဝန်ထမ်းဟောင်း တစ်ယောက်ကို ငှားရမ်း၍ ဇီလျံပန်ဘွန်းကို ရှာခိုင်းသည်။ ပန်းဘိချ်ရှိ အိမ်ကြီး တစ်ဆောင်တွင် နာမည်ဝှက်နှင့် နေထိုင်ပြီး အချိန်ပြည့် အရက်မူးနေသော ဇီလျံပန်ဘွန်းကို ရက်ပိုင်းအတွင်း ရှာဖွေတွေ့ရှိတော့သည်။ ၁၉၄၈ ခုနှစ်တွင် ဒေါ်လာ တစ်သောင်းတန် ငွေစက္ကူများကို အသုံးပြုနေကြဆဲပင် ဖြစ်သည်။ ဗိုဂလာသည် အမေရိကန်နိုင်ငံ၏ ဘဏ္ဍာရေး ဝန်ကြီးနှင့် တရားဝန်ကြီးချုပ် ဖြစ်ခဲ့ဖူးသူ ဆော်လမွန်ပီချေစ်၏ ပုံတူနှင့် ဒေါ်လာ တစ်သောင်းတန် ငွေစက္ကူ ချပ်ရေ ၁၅၀ ကို ယူဆောင်ပြီး ဖလော်ရီဒါသို့ အရောက်တွင် ဆရာဝန်များ၊ ရှေ့နေများနှင့် အတွင်းရေးမှူးများကို ငှားရမ်းလိုက်ပြီး ပန်ဘွန်း ပုန်းအောင်းနေသည့် နေရာသို့ အတင်း ဝင်ရောက်သွားကြသည်။ ဆရာဝန်များက ပန်ဘွန်းကို အမူးပြေအောင် လုပ်ပေးကြသည်။ ရှုပ်ထွေးသော စာချုပ်စာတမ်းများကို ရှေ့နေများက နှုတ်တိုက် ချပေးပြီး



အတွင်းရေးမှူးများက လက်နှိပ်စက်နှင့်ရိုက်ကြသည်။ ဇီလျံပန်ဘွန်းက သူ အိပ်မက် မက်နေခြင်း မဟုတ်ကြောင်း သေချာစေရန်အတွက် ငွေစက္ကူများကို နှစ်ကြိမ်တိတိ ရေတွက်ကြည့်သည်။ ဒေါ်လာ တစ်သန်းခွဲပါကလား။

ပန်ဘွန်း ပလတ်စတစ် ကုမ္ပဏီကို လက်လွှတ်ဆုံးရှုံးလိုက်ရသည့်အတွက် ချားလ်စ်ကင်းဖီးလ် အကြီးအကျယ် ဒေါသထွက်ခဲ့ရသည်။ ထိုရှယ်ယာများကို မူလတန်ဖိုးနှင့် နီးစပ်သော ဒေါ်လာ နှစ်သန်းခွဲနှင့် 'ဒူးပွန့်' သို့ ချက်ချင်း ပြန်လည် ရောင်းချလိုက်ကြောင်း၊ ဒူးပွန့်ကလည်း မည်သည့် အခါတွင်မှ ပြန်၍ ရောင်းချလိမ့်မည် မဟုတ်ကြောင်း သိလိုက်ရသောအခါ ပို၍ပင် ဒေါသဖြစ်ရတော့သည်။ မိုက်ကယ် ဗိုဂလာ ဆိုသော နာမည်နှင့် ဗိုဂလာအင်တာနေရှင်နယ် အင်တာပရိုက်စ် ဆိုသည်တို့မှာ ကင်းဖီးလ်အတွက် မည်သို့မျှ အဓိပ္ပာယ် မရှိသောကြောင့် သူက အသေးစိတ် အစီရင်ခံရန် ညွှန်ကြားလိုက်သည်။

'ဗိုဂလာရဲ့ဖခင် မိုင်းတွင်းတူး သမားကြီးဟာ ၁၉၃၀ ပြည့်နှစ်မှာ ဖြစ်ပွားခဲ့တဲ့ အီရီပင်ကို သပိတ်မှောက်ပွဲမှာ အသတ် ခံခဲ့ရပါတယ်။ ဗိုဂလာဟာ နောက်ပိုင်းကျတော့ အရီဇိုးနားမှာ ရှိတဲ့ ဒူရီ သတ္တုတွင်းမှာ လုပ်ကိုင်ခဲ့ပြီး ၁၉၃၉ ခုနှစ်မှာ ကြီးကြပ်ရေးမှူး တစ်ယောက်ကို ရန်မူမှုနဲ့ အကျဉ်းထောင်ကို အပို့ခံခဲ့ရပါတယ်၊ ခုကိစ္စဟာ



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်ရေးကိုယ်တာနဲ့ သက်ဆိုင်တဲ့ လက်စားချေမှု ဖြစ်ပါလိမ့်မယ် ဆရာ'

'ငါကလဲ ကိုယ်ရေးကိုယ်တာ ကိစ္စလို့ သဘောထားပြီး အဲဒီလမ်းသရဲကို အပြတ်ရှင်းပြမယ်'

သို့ရာတွင် ကော်ပိုရေးရှင်းကြီးများအားလည်ပင်း ညှစ်၍ရသော ထုံးစံ နည်းလမ်းများနှင့် ဗိုဂလာကို ဖြိုခွင်းရန် မလွယ်ကူပါ။ ဗိုဂလာသည် ဗွီအိုင်အီးကို တစ်ဦးတည်း ပိုင်ဆိုင်ထားသူ ဖြစ်သည်။ ပုံသေပိုင် ပစ္စည်းများ ကလည်း အလွယ်တကူ ငွေဖြစ် လွယ်သော ပစ္စည်းများသာ ဖြစ်နေသည်၊ ဘဏ်မှ ချေးယူထားသော ငွေတစ်ပြားတစ်ချပ်မျှ မရှိပါ။ ချားလ်စ်ကင်းဖီးလ် ဒုတိယက သူငယ်ချင်းဖြစ်သူ အမေရိကန် ဘဏ္ဍာရေးဝန်ကြီး ဂျွန်ဆန်ကိုက်ဗ်နှင့် ဆွေးနွေးလိုက်သည်။ မိုက်ဗိုဂလာ၏ အမြတ်ခွန် ကြေညာလွှာများကို စေ့စေ့စပ်စပ် စစ်ဆေးကြသည်။ သူ၏ အမြတ်အစွန်းအများစုမှာ အရေးယူ၍ မရသည်များ ရှိသလို အမြတ်ခွန် ဌာနက လက်လှမ်းမမီသော ဆွစ်ဇာလန် နိုင်ငံမှ ဘဏ် အချို့တွင် ရှိနေသည်။ သို့တိုင်အောင် ချွတ်ယွင်းချက် များကို ရှာတွေ့သည်။ သူသည် ဒေါ်လာငွေ ၁၀၂၀၅၀၀ ကို ပေးဆောင်ရတော့သည်။

သူက အခြားကုမ္ပဏီတစ်ခုကို စီစီအိုင် လက်ထဲမှ လုယူ လိုက်ခြင်းဖြင့် လက်တုံ့ပြန်လိုက်သည်။ ထို 'ရာနီတန် အင်ကမီသံမဏိ' ကုမ္ပဏီကိုမူ သူ့လက်တွင် ဆက်လက်ထားရှိသည်။ ထိုကုမ္ပဏီသည် ဗွီအိုင်အီး၏ အရိပ် အာဝါသအောက်တွင် လှုပ်ရှားနေကြသော



ကုမ္ပဏီပေါင်း မြောက်မြားစွာ၏ အဦးအစပင် ဖြစ်တော့သည်။

ဗိုဂလာနှင့် ချားလ်စ်ကင်းဖီးလ် ဒုတိယ တို့သည် နိုင်ငံလုံး ဆိုင်ရာ ထုတ်လုပ်သူ များ အသင်း၏ သင်းလုံးကျွတ် အစည်းအဝေးကြီးတွင် ပထမဦးဆုံး အကြိမ်အဖြစ် တွေ့ဆုံခဲ့ကြသည်။ သူတို့ နှစ်ယောက်သည် ဆန့်ကျင်ဘက်များပင် ဖြစ်ကြသည်။ မိုက်ဗိုဂလာသည် ထွားကျိုင်းပြီး လည်ပင်းတိုသည်။ သူ့မျက်နှာသည် ကျောက်ခဲကို မှုသေမသပ် ထွင်းထုထားသည်နှင့် တူသည်။ သူသည် အသက်သုံးဆယ်ခန့် ရှိသူ ဖြစ်ပြီး မီးမညှိသော ဆေးပြင်းလိပ်ကို ဝါးစားသူ ဖြစ်သည်။ ဗိုဂလာထက် အသက် ဆယ့်ငါးနှစ်ပိုကြီးသော ကင်းဖီးလ်ကမူ ပိန်ပိန် ပါးပါးနှင့် ထီးဟန်နန်းဟန် ပေါက်သူဖြစ်သည်။

'မစ္စတာဗိုဂလာ'

ကင်းဖီးလ်က လက်ကမ်းမပေးဘဲ အေးစက်စက် ပြောလိုက်သည်။

'ဟုတ်တယ်'

သူက ခေါင်းညိတ်ပြီး ၁၉၄၅ ခုနှစ်က သူ၏ ကြိမ်းဝါးချက်ကို ထပ်ပြောလိုက်သည်။

'မင်းနဲ့ ငါ လယ်ပြင်မှာ တွေ့ကြသေးတာ ပေါ့ကွာ၊ အဲဒါကိုတော့ စွဲစွဲမြဲမြဲ မှတ်ထားဟေ့'

ဒုတိယ ကမ္ဘာစစ်ကြီး ဥရောပတိုက်တွင် ပြီးဆုံး ချိန်ကစ၍ အလွန်ဆိုးရွားသော စီးပွားရေးကပ်ကြီး ဆိုက်ရောက်လာလိမ့်မည်ဟု စီးပွားရေးပညာရှင် များက နိမိတ်ဖတ်ခဲ့ကြသည်။ ၁၉၄၉ ခုနှစ်တွင်

www.burmeseclassic.com

www.burmeseclassic.com

စီးပွားရေး ကပ်ငယ်တစ်ခု ဖြစ်ပွားလာသည့်အခါ စီးပွားရေး ကပ်ကြီးနှင့် နီးကပ်လာလေပြီဟု တညီတညွတ်တည်း နိမိတ်ဖတ်ကြသည်။ စီးပွားရေးပါရဂူဆိုသည်မှာ 'အသံချဲ့စက်တပ်ထားသော ပါးစပ်နှင့် ဦးနှောက် ထဲ တွင် နှောက်ချေး များသာ ရှိသော မလောက်လေး မလောက်စား ပုဂ္ဂိုလ်များ' ဖြစ်ကြသည်ဆိုသော ဂျေပေါလ်ဂတ်တီ၏ သရုပ်ဖော်ချက်ကို ဗိုဂလာက သဘောတူသည်။ စီးပွားရေးကပ်ငယ် ပိုမို ဆိုးရွားလာသည်နှင့် အမျှ လူနည်းစုကသာ ပိုင်ဆိုင်သော ကော်ပိုရေးရှင်းများမှ ရှယ်ယာအများစုကို ပိုင်ဆိုင်သူများသည် အထိတ်တလန့် ဖြစ်လာကြပြီး ရှယ်ယာများကိုလျှော့ဈေးနှင့် ချရောင်းကြတော့သည်။ မိုက်က လပေါင်းများစွာ အတောအတွင်း လက်ရှိ တန်ဖိုးထက် အများကြီးဈေးလျှော့၍ ရောင်းသော ကုမ္ပဏီ ခြောက်ခုကို ဝယ်ယူလိုက်သည်။ ချားလ်စ်ကင်းဗီးလ် ဒုတိယက ရယ်ချင်စိတ်နှင့် စောင့်ကြည့်နေသည်။ ဗွီအိုင်အီးသည် ဝမရှိဘဲ ဝိလုပ်နေပြီး မကြာခင် သူ့ အလိုလိုပေါက်ကွဲ ပျက်စီးသွားပေလိမ့်မည်။

၁၉၅၀ ခုနှစ်၏ အလယ်ပိုင်း လောက်တွင် ကိုရီးယား၌ စစ်မက် ဖက်ပြိုင်မှုများ ပေါ်ပေါက်ခဲ့ပြီး အမေရိကန်က ပါဝင် စွက်ဖက်သောအခါ စီးပွားရေး ဒီရေသည် ပြန်၍ မြင့်တက် လာပြန်လေ၏။ စီးပွားရေး ပညာရှင်များက တတိယကမ္ဘာစစ်ကြီး ဖြစ်ပွားတော့မည်ဟု နိမိတ်ဖတ်ခဲ့ကြပြန်သည်။ ဤ တစ်ကြိမ်တွင်လည်း မိုက်ဗိုဂလာတွာသူတို့၏ အယူအဆနှင့် သဘောထားခြင်း မတိုက်ဆိုင်ခဲ့ပါ။ သို့ရာတွင် စစ်ဖက်ပြိုင်မှုကြောင့် အစိုးရ၏ အသုံး စရိတ်သည် ပိုမို များပြား လာ ခဲ့ သည်။ စီးပွားရေး ကောင်း မွန် လာ သည်။ ဗွီအိုင်အီးက ဈေးပေါပေါနှင့် ဝယ်ခဲ့သော ကုမ္ပဏီများ၏ တန်ဖိုးသည် သုံးဆ၊ လေးဆ ခန့် မြင့်တက်လာသည်။

၁၉၅၃ ခုနှစ်သို့ ရောက်ရှိသောအခါ ဗွီအိုင်အီး၏ ပုံသေပိုင် ပစ္စည်း တန်ဖိုးသည် ဒေါ်လာ ၉၅ သန်း ရှိနေလေပြီ။ သို့ရာတွင် ဒေါ်လာ သန်းပေါင်း ၁၂၀၀ တန်ဖိုးရှိသော စီစီအိုင်နှင့် နှိုင်းယှဉ်ပါက ဗွီအိုင်အီးသည် ခါချဉ်ကောင်ကလေးမျှသာ ဖြစ်နေပေသည်။ ကင်းဖီးလ် မိသားစုက ပိုင်ဆိုင်သော ကိုယ်ပိုင် စည်းစိမ် ချမ်းသာသည်ပင်လျှင် ဗွီအိုင်အီး၏ ပုံသေပိုင်ပစ္စည်း စုစုပေါင်းထက် များစွာ သာလွန်နေပါသည်။ သို့တိုင်အောင် 'တစ်ကိုယ်တော် စီးပွားရေးသမား မိုက်ကယ် အိုင်းရွန်း မိုက်ဗိုဂလာ' ကြီးပွားလာမှုကို စီးပွားရေးဆိုင်ရာ စာနယ်ဇင်းလောကက အထူးတလည် စိတ်ဝင်စားမှု ရှိခဲ့ကြသည်။

ဤတွင် စီဂျေကင်းဖီးလ် ဒုတိယက မိုက်ဗိုဂလာ၏ နောက်ထပ် ကြီးထွားလာမှုကို ဟန့်တား ပစ်မည်ဟု ဆုံးဆိုရေရွတ်၍ ပြောဆိုလိုက်သည်။ အချက်အလက်များကို ဝေါလ်တာဝင်းချဲလ်၊ ဒေါ်ရော်သီကင်ဝယ်လင်နှင့် အခြား အတင်းအဖျင်း ဆောင်းပါးရေးသူများထံ ပေးပို့လိုက်ရာ သူတို့အတွက် ပွဲတော်ကြီး ဖြစ်သွားသည်။

www.burmeseclassic.com

'ဗွီအိုင်အီး၏ အကြီးအကဲ မိုက်ကယ် ဗိုဂလာသည် ထောင်ထွက် တစ်ယောက် ဖြစ်သည်....'

'အကျဉ်းသမားကို လက်ရှိ နေရာသို့ ရောက်ရှိလာအောင် အပေါင်းအသင်းများက ဝိုင်းဝန်း ကူညီကြလေသလော'

'ဖခင်၏ ဒုစရိုက်မှုများ၊ အိုင်းရှန်းမိုက်ဗိုဂလာ၏ ဖခင်သည် လက်နက်ကိုင် ဆူပူသူများကို ဦးဆောင်ခဲ့သော လူမိုက် တစ်ယောက် ဖြစ်သည်'

'အက်ဖ်ဘီအိုင်က အဘယ်ကြောင့် မစစ်ဆေးရလေသနည်း....'

သတင်းစာ ခေါင်းစီးများကို လိုက်လံရှာဖွေပြီး စုံစမ်း ထောက်လှမ်းလေ့ ရှိသော အက်ဖ်ဘီ အိုင် ညွှန်ကြားရေးမှူး ဂျေ အာသာ အက်ဂါ သည် မိုက်ကယ် ဗိုဂလာနှင့် သူ့ဖခင် အကြောင်း စုံစမ်း ထောက်လှမ်းကြည့် ပြီးနောက် အကြီး အကျယ် စိတ်ပျက်သွားခဲ့ရသည်။ စုံစမ်း ထောက်လှမ်းခံရသူ မိုက် ဗိုဂလာသည် တပ်မတော်တွင် ဂုဏ်သရေရှိ ပါဝင် ထမ်းဆောင်ခဲ့သူ ဖြစ်ပြီး သူ့ရသတ္တိအတွက် ငွေနှင့် ပြု လုပ် ထား သော 'ကြယ်' တံဆိပ်၊ ကြေးဝါနှင့် ပြုလုပ်ထားသော ကြယ်တံဆိပ် တို့ကို ချီးမြှင့်ခံခဲ့ရသူ ဖြစ်သည်။ စစ်အတွင်း ပြုလုပ်ခဲ့သော ဥပဒေများက ထိုကဲ့သို့သော ပုဂ္ဂိုလ်များ အတွက် သင်ပုန်း ချေပေးခဲ့သည်။ ထိုကြောင့် ဗိုဂလာသည် မတရား စွပ်စွဲခံရခြင်းသာ ဖြစ်နေသည်။ သူ့ဖခင်သည် အကြမ်းဖက်ရန် လှုံ့ဆော်သူ တစ်ဦး မဟုတ်သည့် အပြင် သပိတ်မှောက်မှု တစ်ခု၌ သွေး



အေး အေး နှင့် ပစ်အသတ် ခံခဲ့ရသူ ဖြစ်သည်။ တစ်နည်းအားဖြင့် ပြော ရ သော် မိုက်ဗိုဂလာတွင် ချွန်းမှု လုံးဝ မရှိပါချေ။

မိုက်ဗိုဂလာသည် အက်ဖ်ဘီအိုင်၏ အစီရင်ခံစာ တစ်စောင်ကို ရ ရှိ သည် တွင် နယူးရောခ်တိုင်းမ်စ် သတင်းစာကြီး၌ နှစ်မျက်နှာ ဖြန့်၍ ထည့်သော ကြော်ငြာအဖြစ် ထည့်သွင်း ဖော်ပြလိုက် သည်။ ခေါင်းစီးမှာ

'ချာလီကင်းဖီးလ်နှင့် ကျွန်ုပ်ကို စော်ကားထားကြသော အခြား ပုဂ္ဂိုလ်များ ကျေးဇူး ပြု၍ မှတ်သားကြပါ'။

ကင်းဖီးလ်သည် ကိုယ့်တံတွေးက ကိုယ့်မျက်နှာကို ပြန်၍ အစဉ်ခံရသူ ဖြစ် သွား သည်။ ဝေါစထရိ (စီးပွားရေးလောက) ကလည်း သဘော ပေါက် သွားလည်သွားကြသလို ကင်းဖီးလ် အနေရ အထိုင်ရ ခက်သွားသည့် ကိစ္စကို အရသာ တွေ့သွားကြသည်။ ထိုအချိန်တွင် ပွင့်ပွင့်လင်းလင်း တိုက်ပွဲ ဆင်လာသည့်ကိစ္စကို စာနယ်ဇင်း ဆရာများက 'ဒေးဗစ်နှင့် ဂေါ်လီးယက်' ရှုထောင့်မှ နေ၍ သတင်းရေးကြသည်။ သူတို့က ဗိုဂလာကို သူရဲကောင်းအဖြစ် ရေးသား ကြပြီး ကင်းဖီးလ်တို့ကို လူဆိုးများ အဖြစ် ဖော်ပြကြသည်။

ချားလ်စ်ကင်းဖီးလ် ဒုတိယသည် ပျက်သွားသော ...သည်ကို တစ်နှစ်လုံးလုံး ကြာမြင့်အောင် အသက် ဆယ် ခဲ့ရ သည်။ မဂ္ဂဇင်း ဆောင်း ပါး များ၊ သကောင်းမြင်ရှုထောင့်မှ ရေးထားသော စီစီအိုင်၏

www.burmeseclassic.com

www.burmeseclassic.com

သမိုင်းကြောင်းနှင့် အခြား ပုဂ္ဂိုလ်တစ်ယောက်အား တာဝန်ပေး၍ ရေး ခိုင်း သော ကိုယ် တိုင် ရေး အတ္ထုပ္ပတ္တိ စာအုပ်တို့ကို ထုတ်ဝေခဲ့ရသည်။ သူသည် နာမည်ကြီးသော အဖွဲ့ အစည်းများကို ငွေ ကြေး အမြောက်အမြား လှူခဲ့ရသည်။ ကင်းဖီးလ် အထိမ်းအမှတ် ကင်ဆာဆေးရုံနှင့် ကိုရီးယား စစ်ပွဲကြောင့် မိဘမဲ့သွားရသူများ၏ ဂေဟာတို့ အတွက် ရန်ပုံငွေများကို မတည်ပေးခဲ့ရသည်။ ချားလ်စ် ကင်းဖီးလ် ဒုတိယနှင့် သားဖြစ်သူကင်းဖီးလ်တို့သည် ထိုလုပ်ငန်းများအတွက် စိတ်ရောကိုယ်ပါ ဝါယမ စိုက်ထုတ်၍ ဆောင်ရွက် နေကြကြောင်း သတင်း ထုတ်ပြန်ချက်များတွင် ထပ်တလဲလဲ ဖော်ပြခဲ့ကြသည်။

ထိုဆောင်ရွက်ချက်များ အောင်မြင်ခဲ့ပါသည်။ ကင်းဖီးလ် မိသားစု နာမည်သည်လည်း ပြန်လည်၍ တောက်ပြောင် လာ သည်။ ချားလ်စ် ကင်း ဖီးလ် ဒုတိယသည် စီစီအိုင်၏ အနာဂတ်ရေးကို ကွပ်ကဲ ထိန်းကျောင်းသည့် လုပ်ငန်းများတွင် ပို၍ အာရုံ စိုက်နိုင်လာသည်။ သို့ရာတွင် ကိုယ့်မျက်နှာကို ကိုယ် တံတွေး ပြန်စဉ်သည့်ကိစ္စက ပို၍ အခံရ ခက်စေခဲ့ သည်။

ယခုအချိန်တွင် ဗွီအိုင်အီးသည် လူနည်းစုကသာ ပိုင်ဆိုင်သော ကော်ပိုရေးရှင်း ဘဝမှ လူများစုက ပိုင် ဆိုင် သော ကော် ပို ရေး ရှင်း ကြီး ဘ ဝ သို့ ရောက်အောင် အစု ရှယ် ယာ များ ကို လူထု သို့ ရောင်း ချ ခဲ့ ပြီး ဖြစ် သည်။ ဗွီ အိုင် အီး သည် ကြီးကျယ်သော ကော်ပိုရေးရှင်းကြီး မဟုတ်သေး



သည့် တိုင် အောင် အစု ရှယ် ယာ များ သည် စျေးကွက်တွင် အခြေအနေ ကောင်းမွန်နေသည်။ ထိုကိစ္စနှင့် ပတ်သက်၍ တစ်ခုခုပြုလုပ်ရလိမ့်မည်ဟု ကင်းဖီးလ်က သန္နိဋ္ဌာန် ချမှတ်လိုက်သည်။

ထိုအချိန်လောက်တွင် ဗိုဂလာသည် ကိုယ်ရေးကိုယ်တာ ကိစ္စများဘက်သို့ လမ်းခွဲ၍ ထွက်သွားပြန်လေ၏။ အမျိုးသမီးများက သူ့ကို အမြဲတမ်းလိုလို စွဲမက်ခဲ့ကြသည်။ မလှပသော မျက်နှာနှင့် ကြမ်း တမ်း သော အသွင် သဏ္ဌာန် တို့၏ နောက်ကွယ်တွင်ထောက်ထားညှာတာပြီးနားလည်မှုရှိသော သဘောသဘာဝ ရှိကြောင်း အမျိုးသမီးများက နားလည် သ ဘော ပေါက် ခဲ့ ကြ သည်။ သူသည် အမျိုးသမီး ခပ်များများနှင့် ကြည်နူးစရာ ဇာတ်လမ်းလေးများ ရှိခဲ့ဖူးသော်လည်း ထာဝရ သက်တွဲရန် ကိစ္စကိုမူ ရှောင်ခဲ့ရှားခဲ့သည်။ သူသည် အသက် ၃၅ နှစ်ကို ကျော်လွန်ခဲ့ပြီး လေးဆယ် နားသို့ နီးကပ် လာသည်သာမက ကိုယ်ပိုင် ဥစ္စာ ပစ္စည်းကလည်း ပို၍ တိုး ပွား လာ သော အခါ 'ဒီ ပစ္စည်းတွေဟာ ဘယ်သူ့ အတွက်လဲ' ဟု ကိုယ့်ကိုယ်ကိုယ် မေးမိတော့သည်။

တစ်ညတွင် သူသည် အခြား ကိုယ့်ဒူးကိုယ်ချွန် ဆန်းကြွယ် သူဌေးကြီး တစ်ယောက်၏ ညစ်ခံပွဲသို့ တက်ရောက်ခဲ့ရာမှ အိုလင်းဆန်ဒါလင်းနှင့်တွေ့ဆုံပြီး တစ်ယောက်နှင့် တစ်ယောက် ချစ်ကြိုက်သွားခဲ့ကြ သည်။



www.burmeseclassic.com

www.burmeseclassic.com

ဆံပင် နီနီနှင့် ကြက်သေ သေရေလောက်အောင် ချောမော လှပသော အီလင်းဆန်ဒါလင်းသည် အသက် ၂၇ နှစ် ရှိသူဖြစ်ပြီး ၁၇ နှစ်သမီးအရွယ်မှ စ၍ လက်ထပ်ရန် ခွင့်တောင်းမှု မှန်သမျှကို ပယ်ချခဲ့သူဖြစ်သည်။ ဆန်ဒါလင်း၏ မိသားစုသည် အလွန်အမင်း ချမ်းသာ ကြွယ်ဝသူများ မဟုတ်ကြသော်လည်း သူတို့၏ ဆွေစဉ် မျိုးဆက်တွင် နိုင်ငံခေါင်းဆောင်ကြီးများ၊ ကောလိပ် ကျောင်းမှ ကျောင်းအုပ်ကြီးများ၊ ဗိုလ်ချုပ်ကြီးများ၊ သံအမတ်များ၊ ပညာရှင်များနှင့် သိပ္ပံပညာရှင်စသော လူမှုရေး နယ်ပယ်တွင် လေးစားကြည်ညိုမှုကို ခံယူရသူ အများအပြား ပါဝင်နေသည်။

အီလင်းဆန်ဒါလင်း ကိုယ်တိုင်ကလည်း မီထရီပိုလီတန် အနုပညာပြတိုက်တွင် အနုပညာဆိုင်ရာ သမိုင်းပညာရှင်အဖြစ် ဆောင်ရွက်နေသူ ဖြစ်သည်။

နောက်တစ်လ ကြာမြင့်သောအခါ သူတို့ စေ့စပ်ကြောင်းလမ်းလိုက်ကြသည်။

နောက်ထပ် ခြောက်လ ကြာသောအခါ သူတို့ လက်ထပ် လိုက်ကြသည်။ ဗိုဂလာသည် 'ပိုကန်တီကိုဟီးလ်' ရှိ ရှောခ်ဖဲလား ခြံမြေနှင့် သိပ်မဝေးသော နေရာတွင် လှပခမ်းနားသော ခြံမြေ တစ်ခုကို ဝယ်ယူ လိုက်ပြီးနောက် အီလင်း၏ စိတ်တိုင်းကျ မွမ်းမံစေခဲ့သည်။

ပိုးပန်းရမှု၊ စေ့စပ်ကြောင်းလမ်းမှုနှင့် နေအိမ်ကို လိုက်လံ ရှာဖွေရမှုတည်းဟူသော အခြား အာရုံ များကြောင့် မိုက်ဗိုဂလာက စီးပွားရေး လုပ်ငန်းကို လျစ်လျူ ရှုထားခဲ့သည်။ ချားလ်စ် ကင်းဖီးလ် ဒုတိယသည် သေချာပေါက် နည်းလမ်းများကို အသုံးချ၍ ဗွီအိုင်အီးကို အားအင် ချည့်နဲ့စေခဲ့သည်။ သူသည် ဗွီအိုင်အီး၏ စတော့ခ် ရှယ်ယာများကို အစုလိုက် အပြုံလိုက် ဝယ်ယူ၍ ပြန်လည် ရောင်းချခဲ့သည်။ ဖြစ်နိုင် လောက်သော ကောလာဟလများကို သတင်းလွှင့်ခဲ့သည်။ ပွဲစားများ၊ ငွေကြေးမြှုပ်နှံမှုဆိုင်ရာ အတိုင်ပင်ခံပုဂ္ဂိုလ်များ၊ စီးပွားရေးဈေးကွက်ကို ဆန်းစစ်သူများ စသည်တို့ကို ဖိအားပေးပြီး ဗွီအိုင်အီး စတော့ခ်ရှယ်ယာ ဈေးနှုန်းကို ကျွမ်းပြန်ကျအောင် ပြုလုပ်ခဲ့သည်။ ဗိုဂလာက အခြေအနေကို ထိန်းနိုင်အောင် ပြန်လည် ကြိုးစားခဲ့ရာ သူ၏ ကိုယ်ပိုင်စည်းစိမ်မှ ဒေါ်လာ ၁.၆ သန်း ဆုံးရှုံးခဲ့ရသည်။ သူက ထိုကိစ္စကို ဥပေက္ခာပြုလိုက်သည်။

စီဂျေကင်းဖီးလ် ဒုတိယ ၏ ရန်ငြိုးသိမှုက ပက်စက် ယုတ်မာသည့် အနေအထားသို့ ရောက်ရှိလာသည်။ သူသည် မီထရိုပိုလီတန် အနုပညာပြတိုက်၏ ဘုတ်အဖွဲ့ဝင်တစ်ယောက်ဖြစ်သည်။ သူက အနုပညာပြတိုက်၌ လခစားအဖြစ် ဆောင်ရွက်နေသော အီလင်းဆန်ဒါလင်းသည် အပြစ်ဒဏ် ချမှတ်ခံရသော ထောင်ကျ တစ်ဦးနှင့် လက်ထပ်တော့မည်ဖြစ်ရာ အနုပညာပြတိုက်၏ ဂုဏ်သိက္ခာ မညှိုးနွမ်းခင် အီလင်းဆန်ဒါလင်းကို အလုပ်မှ နုတ်ထွက်စေသင့်သည်ဟု အဆိုပြုသည်။





www.burmeseclassic.com

www.burmeseclassic.com

ဆန်ဒါလင်း ဆွေမျိုးများ၏ ဂုဏ်ဖြပ်က ကင်းဖီးလ်၏ ခနအရှိန်အဝါထက် ပို၍ အလေးသာသည်။ အိလင်းသည် လက်မလပ်ခင် ရက်သတ္တနှစ်ပတ်အလိုအထိ ပြုတိုက် ဝန်ထမ်းအဖြစ် အမှုထမ်းဆောင်ခဲ့ပြီး ၎င်း၏ ဆန္ဒအလျောက် နုတ်ထွက်သွားခဲ့သည်။ ချားလ်စ်ကင်းဖီးလ်သည် ဤအချိတွင် ရှုံးနိမ့် သွားသော်လည်း နောက်တစ်ချိတွင် အနိုင်ရလိုက်သည်။ သူသည် မင်္ဂလာဆောင်သို့ ဖိတ်ကြားထားသူ လူငါးရာ၏ စာရင်းကို ရအောင်ယူနိုင်ခဲ့ပြီး ကင်းဖီးလ်၏ ဩဇာအရှိန်အဝါကို မလွန်ဆန်နိုင်သူ လူပေါင်း ၇၀ ကို၏ နာမည်များကို တွေ့ရှိသွားသည်။ သူက ထိုပုဂ္ဂိုလ်များထံ တိုးတိုးတိတ်တိတ် အကြောင်းကြားလိုက်ရာ ထိုပုဂ္ဂိုလ် ၇၀ က မလာရောက်နိုင်သည့် အတွက် ဝမ်းနည်းကြောင်း ပြန်စာများကို အချိန်နီးကပ်မှ ပို့ခဲ့ကြလေသည်။

မိုက်ကယ် ဗိုဂလာက သူ့ သတို့သမီးနှင့် မိသားစုအား ယုတ်ယုတ်မာမာ ထိုးနှက်တိုက်ခိုက်မှုများကို မှတ်သားထားပြီး ဈေးကွက်တွင် ပြန်လည်တုံ့ပြန်မည် ဖြစ်သည်။

သုံးလကြာ ပျားရည်ဆမ်း ခရီးကို ထွက်ခဲ့ပြီးနောက် အမေရိကသို့ ပြန်လည်ရောက်ရှိလာသောအခါ အိလင်းတွင် ကိုယ်ဝန်ရှိနေပြီဖြစ်၍ မိုက်က မှုံပိုကြိုးစားခဲ့သည်။

ကလေးမှာ ယောကျ်ားကလေး ဖြစ်သည်။ အိလင်းက မိုက်ဖခင်၏ နာမည်အတိုင်း ပေါလ်ဟု



မှည့်ခေါ်ခဲ့သည့်အပြင် မိုက်က သားဖြစ်သူအား သူနှစ်ခြိုက်ရာ တက္ကသိုလ်ကို မရွေးချယ်ခင် သာမန်စာသင်ကျောင်းများ၌သာ ထားရှိမည် ဆိုသောကိစ္စကို အိလင်းက သဘောတူလိုက်သည်။

ဗွီအိုင်အီးသည် ဆက်လက်၍ ကြီးထွားလာသည်။ သို့ရာတွင် အရှယ်ပမာဏ၌ စီစီအိုင်ထက် ငယ်နေဆဲပင် ဖြစ်သည်။ ထိုကိစ္စမှာ နားလည် နိုင်လောက်ပါသည်။ ကင်းဖီးလ် မိသားစုက သူတို့ထက် ပို၍ တာထွက် စောခဲ့ပါသည်။ သို့ရာတွင် ထိပ်တိုက်တွေ့ကြသော တိုက်ပွဲများ၌ အရှုံးထက် အနိုင်က ပိုများသည်။

စီဂျေ ကင်းဖီးလ် တတိယသည် ဟားဗတ်တက္ကသိုလ်မှ ဘွဲ့ရရှိလာပြီး ဖခင် ဖြစ်သူ၏ ညာလက်ရုံးအဖြစ် စီစီအိုင်၏ ဘုတ်အဖွဲ့ ချယ်ယာမင်နှင့် အုပ်ချုပ်ရေးမှူးချုပ် အဖြစ် ဝင်ရောက် လုပ်ကိုင်ခဲ့သည်။ ဗိုဂလာကို မုန်းတီးမှုကလည်း သူ့သွေးထဲတွင် ပါရှိလာသည်။ မိုက်က ကင်းဖီးလ် တတိယသည် ယုတ်မာ လိမ္မာမည်ဟု တွေးမိပြီး စောစောစီးစီး သင်ခန်းစာ ပေးရန် စောင့်ဆိုင်းနေသည်။ ထိုအခွင့်အရေးသည် တစ်နှစ်အတွင်း ရရှိလာသည်။

ချားလ်စ်ကင်းဖီးလ်တတိယသည် ရေနံစက်မှု လုပ်ငန်းတွင် ခြေချလိုသည့် အတွက် 'အီမွန်ကို' ရေနံချက်နှင့် ရေနံ ထွက်ပစ္စည်းများ ဖြန့်ဖြူး ရောင်းချသည့် ကုမ္ပဏီကို မျက်စိ ကျနေသည်။



www.burmeseclassic.com

www.burmeseclassic.com

'အီမန်ကို' ၏ ပိုင်ရှင် ဒေးဗစ် အီမန် နူ ရယ် က မရောင်းလိုပါ။ သူက စီစီအိုင်နှင့် ဗွီအိုင်အီး တို့၏ ယှဉ်ပြိုင်မှုကို သတိ ပြုမိသောကြောင့် ဗွီအိုင်အီး က မိတ်ဆွေ အချင်းချင်း ကူညီသည့် အနေနှင့် သူ့ ကုမ္ပဏီကို သိမ်းယူပေးပါဟု လာရောက် ဆွေးနွေး သည်။ မိုက်က မယူဘူး ညင်းလိုက်သည်။ စီစီအိုင်က ထိုကုမ္ပဏီကို သိမ်းယူစမ်းပါစေ။

'အဲဒီနောက်တော့ ခင်ဗျားနဲ့ ကျုပ်တို့က ဈေး ပေါ်ပေါ်နဲ့ ပြန်ရကြမှာဗျ'

'အီမန်ကို' သည် ပေါလ်ဂက်တီ ပိုင်ဆိုင်သော 'စကယ်လီ' ရေနံကုမ္ပဏီမှ ရေနံစိမ်းများကို ဝယ်ယူ သုံးစွဲ ခဲ့ရသည်။ မိုက်က ပေါလ်ဂက်တီနှင့် ခင်မင် ရင်းနှီးသည်။ သူတို့ နှစ်ယောက် ဆွေးနွေး ကြသည်။ စီစီအိုင်က 'အီမန်ကို' အား သိမ်းသွင်း လိုက်သည့် အခါ စကယ်လီ ရေနံ ကုမ္ပဏီက စာချုပ်များကို ပယ်ဖျက်ပစ်လိုက်သည်။ ကျန် ရေနံလောက ကလည်း စာနှင့် မှတ်တမ်း မတင်သော ဥပဒေသ အတိုင်း လိုက်နာကြသည်။ ဟုတ်ကဲ့။ စီစီအိုင် ၏ 'အီမန်ကို' ကုမ္ပဏီသည် အခြားသော ကုမ္ပဏီများမှ ရေနံစိမ်း များကို ဝယ်ယူရရှိနိုင်သော်လည်း ရေတိုစာချုပ်များ အရသာ ဝယ်ယူရရှိသလို အကြီးမြင့်ဆုံး ဈေးနှုန်း နှင့်သာ ဝယ်ယူရရှိနိုင်တော့သည်။

စီစီအိုင်၏ အခြေအနေမှာ တောင့်ခံ မထားနိုင် လောက်သည့်အခြေအနေတွင်ရှိနေသည်။ 'အီမန်ကို' ကို အကြီးအကျယ် အရှုံးခံ၍ 'စီးပွားရေး အုပ်စု' တစ်ခုသို့ ပြန် ရောင်း လိုက် ရ သည်။ ထို စီးပွားရေး အုပ်စုမှာ



ဗွီအိုင်အီးနှင့် အီမန်နူရယ် တို့ကို ကိုယ်စားပြုထား သော အုပ် စု ပင် ဖြစ်သည်။ 'စကယ်လီ' ရေနံ ကုမ္ပဏီက 'အီမန်ကို' သို့ ရေ နံ စိမ်း ပြန်လည် ရောင်းချသည်။

ချားလ်စ်ကင်းဖီးလ် ဒုတိယက သူ့သားကို ဆူပူ ကြိမ်းမောင်းသည်။

'မင်းဟာ ရှေ့ လောကြီး လွန်းတယ်၊ ဆင်ခြင် နိုင်မှု နည်းတယ်၊ သောက် တ လွဲ တွေ လုပ် တဲ့ လူအပဲ'

ဖခင်၏ ဒေါသူပုန် ထမှုအောက်တွင် ပြားပြား ဝပ်နေရသော ကင်းဖီးလ် တတိယက ရေမြောင်း ထဲက ကြွက်စုတ်ကို အပြတ် ရှင်း ပစ် နိုင် ပါ စေ ဟု ဆု တောင်း ခဲ့ သည်။ ထို ဆုတောင်းသည် ယခု အကောင်အထည် ဖော်မည့် စိတ်ကူး စိတ်သန်း၏ မူလဘူတ အခြေခံပင် ဖြစ်တော့သည်။

မိုက်ကယ်နှင့် အိလင်း ဗိုဂလာတို့သည် သားဖြစ်သူ 'ပေါလ်' အပေါ်တွင် ချစ် လာ သည် နှင့် အ မျှ တစ်ဦးနှင့်တစ်ဦးလည်း ပို ချစ်လာကြသည်။ ပေါလ် အသက် ခြောက်နှစ်အရွယ်သို့ရောက်ရှိလာသောအခါ သူသည် အနုပညာ တေးဂီတနှင့်ယဉ်ကျေးမှုတို့အား ချစ်မြတ်နိုးသည့် စိတ်ကို မိခင် ဖြစ်သူထံမှ အမွေ ရရှိလာကြောင်း ထင်ရှား ပေါ်လွင်လာသည်။

ပေါလ် ဖြစ်သူ ခြောက် နှစ် သား အရွယ်သို့ ရောက်ရှိလာချိန်တွင် ဗိုဂလာ ဇနီး မောင်နှံသည်



www.burmeseclassic.com

www.burmeseclassic.com

သားဖြစ်သူအားချစ်ခင်ရန်အချိန် တစ်ဆယ့်ရှစ်လသာ ရှိတော့သည်။

သူတို့ ဇနီးမောင်နှံက သားဖြစ်သူ ပေါလ်ကို လွတ်လွတ် လပ်လပ် နေနိုင်စေလိုသည်။ ကိုယ့်ကိုယ်ကိုယ် အားကိုး အားထား ပြု စေလိုသည်။ မိုက်ခြောက်နှစ်သား အရွယ်က သူသည် အ ပြင် သို့ ထွက်၍ ကစားခွင့် ရရှိခဲ့သည်။ ထို့ကြောင့် ပေါလ်ကိုလည်း ဧက ၂၅၀ ရှိသော ခြံ ဝင်း ထဲ တွင် ဆော့ကစားစေခဲ့သည်။ တစ်ခါတစ်ရံတွင် ဒူးပြဲပြီး တံတောင်ဆစ်များ ပွန်းပဲ့သည် က လွဲ၍ အခြား အန္တရာယ် မရှိနိုင်ဟု အိလင်း ယူဆခဲ့သည်။

ပေါလ်သည် သာမန် ကျောင်း တစ်ကျောင်းတွင် စာသင်ကြားခွင့် ရရှိခဲ့သည်။ ပေါလ်သည် ခြံဝင်းထဲမှ အလုပ်သမားများ၏ သားသမီးများနှင့် အတူ ခြံဝမှ နေ၍ ကျောင်းဘတ်စ်ကားကို စီးကြသည်။ ထိုကလေးများထဲမှ ကလေး ငါး ယောက် မှာ ပေါလ်နှင့် သက်တူရွယ်တူများ ဖြစ် ကြ သည်။ သူ တို့ သည် ကျောင်းဆင်းချိန်၊ ရက်သတ္တပတ် နား ရက် များ နှင့် ကျောင်း ပိတ် ထား ချိန် များ တွင် ခြံဝင်းထဲ၌ အတူတကွ ဆော့ကစား ကြသည်။ လူကြီးများ၏ ဆိုဆုံးမမှုကို နားလည်မှု ရှိသည်သာမက လိုက်နာလေ့ရှိသော ပေါလ်သည် ညနေ မှောင်ရီပျိုးချိန် မတိုင်မီ နေအိမ်သို့ ပြန်လာရမည်ဆိုသည့် တစ်ခုတည်းသော ပြဋ္ဌာန်းချက်ကို လိုက်နာလေ့ ရှိပါသည်။

မေလ၏ တစ်ခုသော အင်္ဂါနေ့ မွန်းလွဲပိုင်းကမူ ခြွင်းချက် ဖြစ်ခဲ့ပါသည်။



အိလင်းသည် ဈေးဝယ်ရန် နယူးရောခ်သို့ သွားရောက်ခဲ့ပြီး နောက် ပိုင်း တွင် ဗွီအိုင်အီး ရုံးခန်း၌ မိုက်နှင့် သွားရောက် တွေ့ဆုံမည် ဖြစ်သည်။ သူတို့သည် ညစာ စားပြီး ကပွဲရုံသို့ သွားကြမည် ဖြစ်သည်။

အစ ပထမတွင် ပေါလ် အချိန်မီ ပြန်မရောက်လာမှုကို သိပ် စိတ်မပူကြသေးချေ။ ကစား ဖော်များ၏ မိဘများထံ ခြံဝင်းတွင်းထဲ၌ သုံး စွဲ သော တယ်လီဖုန်းများနှင့် ဆက်သွယ် မေးမြန်းသည့်အခါကျမှ ပေါလ်ကို ညနေ ငါးနာရီခန့်က စ၍ အခြား ကလေးများက မမြင် မ တွေ့ တော့ ကြောင်း သိရတော့သည်။ အိမ်ရှိ ပုဂ္ဂိုလ်များက ခြံ ထဲ တွင် လိုက်ရှာကြသည်။

နောက်ဆုံးတွင် ဗိုဂလာ ဇနီး မောင် နှံ ထံ သို့ အ ကြောင်း ကြား ကြ သည်။ သူတို့ကို လိုက်စီယမ် ကပွဲရုံတွင် ဆက်သွယ်၍ ရရှိကြသည်။ ဗိုဂလာက အမိန့် ပေးလိုက်၏။

'ပုလိပ်ကို ခေါ်စမ်း'

သူက အိလင်းကိုလည်း ချော့ရသေးသည်။

'သူက အသက် ခုနစ်နှစ်ခွဲပဲ ရှိသေးတယ်၊ ကလေးတွေက အဲဒီအရွယ်မှာ အဲဒါမျိုးတွေ လုပ်တတ်ကြတယ်ကွ'

ရဲများက ခြံဝင်းထဲတွင် သဲသဲလှုပ်အောင် ဝိုင်း၍ ရှာဖွေကြသည်။ ပေါလ်၏ အစအနကိုပင် မတွေ့ရပါ။ သူ မည်သည့် နေ ရာ သို့ သွား သည် ကို လည်း သဲလွန်စ မရခဲ့ကြပါ။ ကလေး ပျောက်ဆုံးနေသည်ဟု

www.burmeseclassic.com

www.burmeseclassic.com

သတင်း ဖြန့်လိုက်သည်။ နီးစပ်ရာ ခြံမြေများ အထိ တိုးချဲ့၍ ရှာဖွေကြသည်။ သတင်း မရသေးပါ။

နောက်တစ်နေ့နံနက် ငါးနာရီတွင် တယ်လီဖုန်းနှင့် ဆက်သွယ်လာသည်။

'ကလေးအတွက် ဒေါ်လာ တစ်သန်း ပေးရလိမ့်မယ်၊ ကျုပ်တို့က ခင်ဗျားတို့ကို ထပ်ဆက်သွယ်မယ်၊ ဒီ တယ်လီဖုန်းကို အသုံးမပြုပါစေနဲ့'

မိုက်ဗိုဂလာက အက်ဖ်ဘီအိုင်သို့ သတင်းပို့သည်။ သို့ရာတွင် ကလေးအလောင်းကို ရှိုင်းဘတ်ခ်အနီးရှိ လမ်းဘေး မြောင်းထဲတွင် နေ့လယ်မွန်းမတည့်ခင် ရှာဖွေတွေ့ရှိကြသည်။ သူ့ကို လွှန်ခဲ့သော ခြောက်နာရီခန့်ကပင် သတ်ဖြတ်ခဲ့ခြင်းဖြစ်သည်ဟု ဆရာဝန်များက ခန့်မှန်းကြသည်။ ကလေးသည် သူ့ကို ဖမ်းဆီးသူများအား ပြန်လှန်ခုခံခဲ့ကြောင်း၊ ကလေး၏ လက်သည်းများ အောက်ဘက်တွင် တွေ့ရသော အရေပြားနှင့် အမွေးအမှင်များကို စစ်ဆေး၍ ကလေးကို ဖမ်းဆီးသူများမှာ နှစ်ယောက်ဖြစ်ကြောင်း သိရှိခဲ့ရသည်။

အိလင်း၏ စိတ်ခံစားချက်ချွေးမှုကို လပေါင်းများစွာကြာအောင် ကုသခဲ့ရသည်။ မိုက်ကလည်း အကြီးအကျယ် ဒေါပွသည်။ အက်ဖ်ဘီအိုင်နှင့် နယူးရောခ်ပြည်နယ်မှ တာဝန်ရှိသူများက တရားခံများကို မြေလှန်၍ ရှာဖွေနေကြစဉ် ဗိုဂလာက အလွတ် စုံထောက်များကို ငှားရမ်း၍ ယခင်က မကြားဖူးသော ဆုငွေဒေါ်လာသုံးသန်းပေးမည်ဟု ကြေညာခဲ့သည်။ သို့ရာတွင် ထူးခြားမလာခဲ့ပါ။



ဗိုဂလာသည် ဗွီအိုင်အီးကို လုံးဝ မတွေးတော့ပါ။ သူက ကုမ္ပဏီမှ အရာရှိများနှင့် အဆက်အသွယ် ဖြတ်ထားသည်။ သူသည် ခြံထဲ၌သာ နေထိုင်ရင်း ကိုယ်အလေးချိန် ဆယ်ပေါင် လျော့နည်းသွားသည်။ ထို့နောက် သူ ကိုယ်တိုင် ပင်လျှင် ဆေးကုသမှုကို ခံယူရတော့သည်။

ထို အမှုသည်လည်း ပေါ်ပေါက် လာခဲ့ခြင်း မရှိပါ။

လပေါင်း များစွာ ကြာသောအခါ ရုပ်ပျက်ဆင်းပျက် ဖြစ်နေသော အမျိုးသား နှစ်ယောက်၏ အလောင်းများကို နယူးရောခ် ပုလိပ်များက ဟဒ်ဆန်မြစ်ထဲမှ ရှာဖွေတွေ့ရှိခဲ့ကြသည်။ ထိုပုဂ္ဂိုလ်များ၏ ဦးခေါင်းများကို နောက်ဘက်မှ ကပ်၍ သေနတ်ဖြင့် ပစ်ခံထားရသည်။ ဒုစရိုက်လောကမှ အဆုံးစီရင်မှုမျိုးသာ ဖြစ်သည်။ ထိုနှစ်ယောက်ကို မည်သူကမျှ ပြန်ပေးဆွဲ လူသတ်မှုနှင့် ဆက်စပ်၍ တွေးမိခဲ့ခြင်း မရှိပါ။ ထိုအလောင်းများသည် မည်သူမည်ဝါတို့၏ အလောင်းများ ဖြစ်ကြောင်း ကိုလည်း မသိရှိခဲ့ကြပါ။

အိလင်းနှင့် မိုက်ဗိုဂလာ တို့ ခံစားရသော ပရိဒေဝမီး၏ ထုထည်သည် လျော့နည်း ပျောက်ကွယ်သွားခြင်း မရှိပါ။ သို့တိုင်အောင် ခံစားနေရသူများသည် ဝေဒနာကို ခံနိုင်စွမ်း ရှိလာကြပြီး မည်သို့ပင်ဖြစ်စေ မိမိကိုယ်ကို အသက်ရှင်အောင် ကြိုးစား၍ နေထိုင်ကြရမည်ဖြစ်ကြောင်း နားလည်သဘောပေါက်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ခြောက်လ နီးပါး ကြာမြင့်လာသော အခါ ရှိုးကြီး ဂေါင်ဂင် ဖြစ်နေသော မိုက်ဗိုဂလာက ဗွီအိုင်အီးသည် ဒုက္ခ တွေ့နေပြီဖြစ်ကြောင်း ထူထူ ပူပူနှင့် သတိထားမိစ ပြုလာသည်။ စီစီအိုင်သည် ဗွီအိုင်အီးကော်ပိုရေးရှင်းနှင့် လက်အောက်ခံ အဖွဲ့ အစည်းများမှ အရေးပါသော ဝန်ထမ်းများကို ငှားရမ်း ခေါ်ယူသွားခဲ့သည်။ အကျင့်ပျက်သော အလုပ်သမား ခေါင်းဆောင်များနှင့် လက်ဝါးချင်း ရိုက်ပြီး သပိတ်မှောက်မှုများနှင့် နှောင့်နှေး စေမှု များကို ဖြစ်ပွားစေခဲ့သည်။ ဈေးကွက်တွင် အတင်း ဖိအားပေးပြီး မနေမနားယှဉ်ပြိုင်ခဲ့သည်။ ဗွီအိုင်အီး စတော့ရှယ်ယာများသည် စံချိန်တင်ရလောက်အောင် ဈေးကျသွားသည်။ ဗွီအိုင်အီးသည် အစိတ်စိတ် အမြွာမြွာ ကွဲလုနီးပါး ဖြစ်နေလေပြီ။

စိတ်ဓာတ် ပျက်ပြားနေသော မိုက်ဗိုဂလာအား ပြန်လည် နိုးကြားလာအောင် အထောက် အကူ ဖြစ်စေခဲ့သည့် ကိစ္စမှာ ဗွီအိုင်အီး ပြိုကွဲသွားမည်ကို ထိတ်လန့်မှုကြောင့် မဟုတ်ဘဲ ပြန်လည် နိုးကြား လာသော ဒေါသစိတ်ကြောင့်ပင် ဖြစ်သည်။ စီစီအိုင်နှင့် ကာင်းဖီးလ်တို့သည် ကိုယ်ရေးကိုယ်တာ ဝမ်းနည်း ပူဆွေးမှု ပေါ်တွင် အခွင့်ကောင်းယူပြီး အဘက်ဘက်မှ ထိုးနှက် တိုက်ခိုက်ခဲ့ကြသည်။ သူတို့သည် လင်းတများထက်ပင် ပိုမို ဆိုးရွား ပါသည်။

မိုက်ဗိုဂလာသည် သုံးလအတွင်း ကျန်းမာရေးနှင့် ပြန်လည် ပြည့်စုံလာသလို ဗွီအိုင်အီး ကိုလည်း အခြေအနေကောင်းလာအောင် ပြန်လည်ပျိုးထောင် နိုင်ခဲ့သည်။

အိလင်း ဗိုဂလာသည်လည်း သီးသန့် ဌာနမှ ပြန်လည် လွတ်မြောက်လာခဲ့ပြီးနောက် နောက်ထပ် ကလေးတစ်ယောက် မွေးရန် သန္နိဋ္ဌာန်ချလိုက်သည်။ အိလင်းတွင် နောက်ထပ် ကိုယ်ဝန်ရှိလာသောအခါ မိုက်က သူ့ခြံကို အစောင့်အကြပ် ထူထပ်စွာ ချထား လိုက်သည်။

အိလင်း၏ ဆရာဝန်များက အိလင်းကို ဆေးရုံတွင် မွေးဖွားစေလိုကြသည်။ သို့ရာတွင် အိလင်းက ကလေးကို အိမ်မှာပင် မွေးဖွားလိုသည်။ သူတို့၏ အိပ်ခန်းကြီးကို ဆေးရုံအဖြစ် ပြုပြင် ပြောင်းလဲလိုက်ပြီး ဆရာဝန်အဖွဲ့ကို နေ့ရောညပါ စောင့်ကြပ်စေခဲ့သည်။ အိလင်းသည် ရှစ်ပေါင်ရှိသော သမီးကလေးကို မွေးဖွားလိုက်သည်။ အိလင်းနှင့် မိုက်တို့က သမီးကလေးဖြစ်လာခဲ့သော် ဒိုင်ယာနီဟု အမည်ပေးရန် ဆုံးဖြတ်ခဲ့ကြပြီး ဖြစ်သည်။

အိလင်းသည် ထိုညတွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားခဲ့သည်။ ထိုအိပ်ခန်းနှင့် မနီးမဝေးရှိ အခြားအိပ်ခန်းတစ်ခု၌ အိပ်နေသူ မိုက်သည်လည်း နှစ်ခြိုက်စွာ အိပ်ပျော်သွားခဲ့သည်။ နံနက် သုံးနာရီတွင် တာဝန်ကျနေသော သူနာပြု ဆရာမ သည် တစ်ခုခုကို အဆာပြေစားသောက်ရန် အတွက် အောက်ထပ်ရှိ မီးဖိုချောင်သို့ သွားရောက်ခဲ့သည်။ သူ ဆင်းသွားသည်မှာ ဆယ့်ငါးမိနစ်ပင် မကြာ ခဲ့ပါ။ ထိုအချိန်တွင် အိလင်း ခုတင်နံဘေးရှိ



www.burmeseclassic.com

www.burmeseclassic.com

စားပွဲငယ်ကလေးပေါ်တွင် စာအိတ်ကို တင်ထားခဲ့ခြင်း ဖြစ်ရပါလိမ့်မည်။

နံနက် ရှစ်နာရီတွင် တာဝန်ကျသော သူနာပြုဆရာမက စာအိတ်ပေါ်တွင် လက်ရေးခပ်ဆိုးဆိုးနှင့် 'အိလင်း' ဟု ရေးထားသော စာအိတ်ကို တွေ့လိုက်ရသည်။ ထို စာအိတ်သည် ဆွေမျိုးတစ်ယောက်ယောက် သို့မဟုတ် သူငယ်ချင်းတစ်ယောက်ယောက်ထံမှ စာအိတ် ဖြစ်သည်ဟု ယူဆပြီး အိလင်းကို ပေးလိုက်သည်။

အိလင်းက စာအိတ်ကိုဖွင့်လိုက်ပြီး ပုံနှိပ်စာလုံးသဏ္ဍာန် လက်ရေးနှင့် ရေးထားသောစာကို ထုတ်ယူလိုက်၏။

'ဒီ ကလေး လဲ မြောင်း ထဲ မှာ အဆုံးသတ်ရလိမ့်မယ်'

အိလင်း အလန့်တကြား အော်ဟစ်ပြီး အိပ်ရာပေါ်သို့ လဲကျသွားသည်။ အိလင်း၏ နှလုံးကကျိန်းမာသန်စွမ်းပါသည်။ သို့ရာတွင် ရုတ်တရက်ဖြစ်ပေါ်လာသော စိတ်လှုပ်ရှားမှုကို ခံနိုင်စွမ်းရှိမှုမှာ အကန့်အသတ် ရှိနေပါသည်။ သူ့ကို အစွမ်းကုန် ကုသခဲ့ကြသော်လည်း သူ သေဆုံးသွားသည်။

သူ့ထံတွင် ဒိုင်ယာနီ ဆိုသော မွေးကင်းစသမီးကလေး ရှိနေသေးသည် ဆိုသော အသိစိတ်ကသာမိုက်ကယ် ဗိုဂလာအား ရူး သွပ် မ သွား အောင် ထိန်းထား နိုင်ခဲ့ခြင်း ဖြစ်သည်။ ထိုအချိန်က စ၍ ဒိုင်ယာနီအတွက် သူ အသက် ရှင်နေရမည်။ သူ့ကို



အသက် ရှင် နေ စေ သည့် အ ကြောင်း ကို စွ မှာ ဒိုင်ယာနီသာ ဖြစ်တော့သည်။

ထိုစာနှင့် ပတ် သက် သူ ကို ရှာဖွေ စုံစမ်းမှုမှ အရာမထင်ခဲ့ပါ။ နောက်ဆုံးတွင် ဒိုင်ယာနီ၏ လုံခြုံမှုအတွက် စိုးရိမ်ကြောင့်ဖြစ်နေသော မိုက်ဗိုဂလာအား ပုလိပ်အဖွဲ့က အောက်ပါအတိုင်း အကြံ ပေးခဲ့သည်။

'အပြစ်ရှိတဲ့လူ ဘယ်သူ ဘယ် ဝါ ပဲ ဖြစ် ဖြစ် ဒီနေရာက နှင် ထုတ် ရ မယ်၊ အဲဒီလို ဖြစ်အောင် လုပ်နိုင်တဲ့ နည်းကတော့ ဒီမှာ အလုပ်လုပ်နေတဲ့လူအားလုံးကို ရှင်းပစ် လိုက်ရမယ်၊ နှစ် ထပ် ကွမ်း၊ သုံးထပ်ကွမ်း စီစစ်ထားတဲ့ လူသစ်တွေကို ပြန် ငှားရမ်းရမယ်၊ပြီးမှ လုံခြုံရေး အစီအစဉ်ကို ပြန်ချမှတ်ရမယ်'

ဗိုဂလာက ထို အကြံဉာဏ် အတိုင်း လိုက်နာဆောင်ရွက်ခဲ့သည်။ ဒိုင်ယာနီကို မည်သည့် အခါတွင်မှ တစ်ယောက်တည်း မထားခဲ့ပါ။မနေစေခဲ့ပါ။ သူ့ကို သာမန် စာသင်ကျောင်းသို့ မပို့တော့ပါ။ အိမ်တွင် သီးသန့် ဆရာ ဆရာမများနှင့် သင်ကြားစေမည်။

ထို့နောက် အလွန် ဆိုးရွားသော သံသယစိတ်ဝင်စ ပြုလာတော့သည်။

ပုလိပ်တို့၏ အယူအဆသည် မလွဲမသွေ မှန်ကန်ရပေလိမ့်မည်။ တစ် ယောက် သော ပုဂ္ဂိုလ်သည် အိလင်း အိပ်ရာနံဘေးရှိ စားပွဲ ပေါ်တွင် စာအိတ်ချပေးရန်အတွက် ငွေ အမြောက်အမြားကို လက်ခံရရှိခဲ့ပေလိမ့်မည်။ ထိုငွေ ပ မာ ဏ သည် မည်မျှ

www.burmeseclassic.com

လောက်ပင် များပြားသည် ဖြစ်စေ ပေါလ် အတွက် ပြန်ပေးတို့က သတ်မှတ် ထား သော ဒေါ်လာ တစ်သန်းနှင့် မိုက်က ဆုငွေအဖြစ် ပေးမည် ဆိုသော ဒေါ်လာ သုံးသန်းနှင့် စာလျှင် သေး ငယ် သော ပမာဏသာ ဖြစ်ရပါလိမ့်မည်။ လူ မိုက် များ ကို မ ဖြစ် စ လောက် သော ငွေကြေး ပမာဏနှင့်ပင် ခိုင်းစေ၍ရပါသည်။ ဒေါ်လာ သုံးသန်း ဆိုသော ငွေပမာဏအား လိုချင်တပ်မက်စိတ် ဖြစ်ပေါ်မလာအောင် အင်မတန် ကြီးမားသော ဩဇာတိက္ကမ၊ သို့တည်းမဟုတ် အလွန် ကြီး မား သော ကြွယ်ဝချမ်းသာမှု၊ သို့တည်းမဟုတ် အလွန် ကြီးမားသော ဩဇာတိက္ကမနှင့် အလွန် ကြီးမားသော ကြွယ်ဝချမ်းသာမှုတို့ကသာ ခြေဖျက်နိုင်ပါလိမ့်မည်။

ကြီးမားသော ဩဇာတိက္ကမ၊ ကြီး မား သော ကြွယ်ဝချမ်းသာမှု။

ပေါလ် အသတ်ခံရပြီး နောက်ပိုင်းတွင် စီစီအိုင်သည် ဗွီအိုင်အီးအား ထောင့် မျိုး စုံ မှ ချက်ချင်း စတင် တိုက်ခိုက်ခဲ့သည်။

ထို သံသယ စိတ်မှာ အလွန် ဆိုး ရွား သော သံသယစိတ်ပင် ဖြစ်ပြီး ဗိုဂလာက သူသည် လုံးဝ ယုံမှားလွန်သော အနေအထားသို့ ရောက်ရှိ သွားလေမည်လောဟုပင် စိုးရိမ်သွားမိတော့သည်။ ဤတွင် မိုက်ဗိုဂလာသည် ငွေကို ရေလိုသုံး၍ ထိုကိစ္စဖြစ်ပွားစဉ်က ကင်းဖီးလ်၏ လှုပ်ရှားမှုနှင့် ဆောင်ရွက်မှုများကို ပြန်လည်၍ စုံစမ်းခိုင်းတော့သည်။ ကင်းဖီးလ်သည် ထိုရာဇဝတ်မှုတွင် ပါဝင်ကြောင်း အထောက်



အထား တစ်စုံတစ်ရာမျှ မတွေ့ခဲ့ရပါ။ သို့ ရာ တွင် ပုဂ္ဂိုလ်ရေး ဝမ်းနည်းကြေကွဲမှုကို အခွင့် ကောင်း ယူ၍ ထိုးနှက်ခဲ့ကြသည်မှာ ထင်ရှားပါသည်။

မိုက်ဗိုဂလာ၏ စုဆောင်း၍ရရှိလာသော အထောက်အထားများအရ ချားလ်စ်ကင်းဖီးလ် ဒုတိယသည် ထိုးနှက် တိုက်ခိုက်မှုများတွင် အဓိက ကျသူ ဖြစ်ကြောင်း ပြသ နေကြသည်။ မိုက်ဗိုဂလာ ရှာဖွေစုဆောင်း ထားသော အခြား အထောက်အထားများက ခလုတ် ဖြုတ်စေနိုင်ခဲ့သည်။

ကနေဒီ အစိုးရသည် အခြား အခြား သော အစိုးရများကဲ့သို့ပင် ကြိုးဆွဲ၍ ရနိုင်သော အစိုးရ ဖြစ်သည်။ သမ္မတကြီး၏ ညီဖြစ်သူ ရှေ့နေ ချုပ် ရောဘတ် ကနေဒီက မိုက်ဗိုဂလာ ပို့ ပေး သော အထောက်အထားများကို စုံစမ်းကြည့်အောင် စီစဉ်ဆောင်ရွက်နိုင်ခဲ့သည်။

ရောဘတ်ကနေဒီက စီစီအိုင်နှင့် ချယ် ယာ မင် ချားလ်စ်ကင်းဖီးလ် ဒုတိယတို့၏ လုပ် ရပ် များ ကို အသေးစိတ် စုံစမ်းစစ်ဆေးရန် အမိန့် ချမှတ်လိုက်သည်။ မိုက်ကယ် ဗိုဂလာ ပေး ပို့ ထား သော လမ်းညွှန်မှုများက စုံစမ်းသူများအဖို့ အလွန်လွယ်ကူနေစေသည်။ စီစီအိုင်နှင့် ချားလ်စ်ကင်းဖီးလ် ဒုတိယတို့သည် စတော့ရှယ်ယာ ရောင်းဝယ်ရေး ဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ နိုင်ငံတော်၏ အခြား ဥပဒေများ၊ အဝါပက ရန်ပုံငွေနှင့် သက်ဆိုင်သော ဥပဒေများ စသည်တို့ကို ချိုးဖောက် ကျူးလွန် ထားကြောင်း တွေ့ရှိလာကြသည်။

www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် ချားလ်စ်ကင်းဖီးလ် ဒုတိယ အား အမှုပေါင်း ခုနစ်ခုတွင် စွဲချက်ပေါင်း ၁၀၂ ချက်ဖြင့် တရားစွဲဆို တင်ပို့လိုက်သည်။ သက် သေ ခံ အချက် အလက် အ များ အပြား ကို တမင် ပေါက်ကြား စေပြီး စာနယ်ဇင်း လောကအား အသိပေးလိုက်ရာ စာနယ်ဇင်း ဆရာများ အကြိုက်တွေ့သွားကြသည်။

စီဂျေကင်းဖီးလ် ဒုတိယကို ရုံးတင်၍ မစစ်ဆေး လိုက်ရပါ။ အုတ်အော် သောင်းတင်း ဖြစ် မှု နှင့် စွဲချက်တင်ခံရမှု တို့ကြောင့် လေ ဖြတ် သွား သည်။ ဦးနှောက်ကို ထိ ခိုက် ပြီး စကား ပြောဆိုမှုကိုပါ ဒုက္ခပေးခဲ့သည်။ ထို့နောက် မျှားမကြာမီ ဒုတိယ အကြိမ် လေဖြတ်ပြီး သေဆုံး သွားတော့သည်။

စီစီအိုင် ဘုတ် အ ဖွဲ့ က ချားလ်စ် ကင်းဖီးလ် တတိယအား ဘုတ်အဖွဲ့ ချယ်ယာမင်နှင့်အုပ်ချုပ်ရေး အရာရှိချုပ် အဖြစ် တညီတညွတ်တည်း တင်မြှောက်ခဲ့ ကြသည်။

သူ့ ကြောင့် ချားလ်စ် ကင်းဖီးလ် သေဆုံးခဲ့ရ သည့် ကိစ္စအတွက် မိုက်ပိုဂလာသည် အနည်းငယ်မျှ နောင်တ မရခဲ့ပါချေ။ သို့တိုင်အောင် သူ့ရင်ထဲက ဖြစ်ပေါ်နေသော ခံစားမှုကလည်း ပျောက်ကွယ် သွားခြင်း မရှိခဲ့ပါ။

# ၂၆

'တိတိကျကျ သက်သေ သက္ကာရ ပြနိုင်တာတော့ မဟုတ်ဘူး၊ ဒါပေမယ့် ငါ့ရင်ထဲမှာ ဖြစ်နေတဲ့ သံသယစိတ်ကတော့ ရှိနေတုန်းပဲ'

မိုက်ကယ်ပိုဂလာက နိဂုံးချုပ်လိုက်၏။ သူသည် တစ်နာရီအတွင်း နှစ်ပေါင်းများစွာကို ဖြတ်သန်း၍ နောက်ဆုံးတွင် အဖြစ်မှန်ကို သမီးဖြစ်သူ သိရ လေအောင်နှင့် သူ့ရင်ထဲ အသည်းထဲက အမှန် တရားဟု ထင်သော ကိစ္စရပ်များကို ဖွင့်ပြောပြ ခဲ့သည်။

ဒိုင်ယာနီ၊ စတီဖင်ပက်ဂျက်နှင့် ဂျက်ကော့ဟတ်ရှ် တို့သည် အိပ်မွေ့ချ ခံထားရသလို တိတ်ဆိတ်စွာ နားထောင်နေခဲ့ကြသည်။ သူတို့ကြားရသော စကား များကလည်း အလွန်တရာ ထိရောက်မှု ရှိစေခဲ့ပါ၏။ သူတို့အားလုံးက ကင်းဖီးလ်အား မုန်းတီးမှုသည် ၁၉၃၀ ပြည့်နှစ်က ဖြစ်ပွားခဲ့သော အဖြစ်အပျက် များတွင် မြစ်ဖျားခံသည်ဟု ယူဆခဲ့ကြသည်။ ယခု ကြားရသော အဖြစ်အပျက်များတွင် မုန်းတီး ထိုက်သော အချက်အလက်များစွာကို တွေ့ခဲ့ကြ



www.burmeseclassic.com

www.burmeseclassic.com

သော်လည်း ဒိုင်ယာနီက နောက်သလို ပြောင်သလိုနှင့် ပြောခဲ့သလိုပင် ထို အဖြစ်အပျက်များသည် ရှေးဟောင်း သမိုင်းကြောင်းမျှသာ ဖြစ်နေသည်။ ပေါလ်ဗိုဂလာသည် ပြန်ပေးဆွဲ ခံရပြီး အသတ်ခံခဲ့ရကြောင်း သူတို့အားလုံး သိထားကြသော်လည်း ကင်းဖီးလ် တစ်ယောက်ယောက် ပါဝင် ပတ်သက်နေသည်ဟု မိုက်က သံသယ ဝင်ခဲ့သည်ကို သူတို့မသိကြပါ။ ၎င်းအပြင် အိုလင်းတစ်ယောက် ကွယ်လွန်စဉ်က ဖြစ်ပျက်ခဲ့သော ပတ်ဝန်းကျင် အနေအထားများကိုလည်း မသိခဲ့ကြပါ။

ယခုမူ မုန်းတီးမှု၏ အတိမ်အနက်၊ လိုချင်ရေး ကိစ္စကို အဘယ်ကြောင့် အမြဲကစေ ကြိုတင် တွေးတောနေခဲ့သည်ဆိုသော အချက်၊ မရောင့်ရဲနိုင်သော လက်စားချေလိုမှု၊ ဒိုင်ယာနီ အား အဘယ်ကြောင့် အမြဲတစေ အလိုလိုက်ထားခဲ့သည် ဆိုသော အချက်တို့ကို ရှင်းလင်း ပြတ်သားစွာ သိခဲ့ကြရပါပြီ။

ဗိုဂလာ ပြောဆိုပြီးချိန်တွင် တိတ်ဆိတ်ငြိမ်သက် သွားခဲ့သည်။ ထို့နောက် ဒိုင်ယာနီသည် ထိုင်ရာက ထပြီးနောက် သူ့ဖခင်၏ နံဘေးတွင် ဝင်ထိုင်လိုက် သည်။ ဒိုင်ယာနီက ဖခင်၏ ပခုံးကို သိုင်းဖက် ထားသည်။

'ဒက်ဒီက သမီးကိုအစောကြီးကတည်းက ပြောပြ သင့်တာပေါ့'

'ဟုတ်တယ်၊ ငါ ပြောခဲ့ဖို့ ကောင်းတယ်' ဟု ဗိုဂလာက တွေးမိရင်း သမီး၏ ဆံပင်ကို လက်နှင့် ပွတ်သပ်နေသည်။ သူ့ လည်ချောင်းထဲတွင်လည်း တစ်ဆို့ဆို့ကြီး ဖြစ်လာသည်။

စတီဗ် ပက်ဂျက်နှင့် ဂျက်ကော့ ဟတ်ရှ်တို့က သူတို့သည် မဆိုင်ဘဲ ဝင်ရောက် စွက်ဖက်နေသူများ ဖြစ်သည်ဟု ကိုယ့်ကိုယ်ကိုယ် ယူဆနေကြသည်။ သို့ရာတွင် မိုက်ဗိုဂလာက ဆက်နေကြဖို့ ပြောထား သည်။ သူတို့က တစ်ယောက်မျက်နှာကိုတစ်ယောက် ကြည့်လိုက်မိကြ၏၊ မိုက်ဗိုဂလာသည် လိမ်လည်၍ ပြောဆိုနေခြင်း မဟုတ်ကြောင်း၊ နားထောင်၍ ကောင်းအောင် တန်ဆာဆင်၍ ပြောဆိုနေခြင်း မဟုတ်ကြောင်း နားလည်လိုက်ကြသည်။ သူတို့သည် ဘာပဲဖြစ်ဖြစ် ဗိုအိုင်အီးနှင့် လက်တွဲ သွားကြရန် ပို၍ပင် စိတ်အားထက်သန်လာကြသည်။

ပက်ဂျက်၏ဦးနှောက်က ကင်းဖီးလ်သုံးယောက်ကို ဝေဖန် ဆန်းစစ်ကြည့်လိုက်၏။ သူတို့သည် အများ အားဖြင့် တစ်ယောက်နှင့် တစ်ယောက် တူညီ ကြသည့်တိုင်အောင် တစ်ယောက်စီတွင် ထူးခြားသော ဟန်ပန်နှင့် အပြုအမူ ပုံစံကလေးများ သီးသီး ခြားခြားစီ ရှိနေကြသည်။

၁၉၆၀ ပြည့်နှစ် တစ်ဝိုက်က ဗိုဂလာသည် လမ်းမှားကို လိုက်ခဲ့မိသည်ဟု စတီဗ် ပက်ဂျက်က တွေးလိုက်မိသည်။ ချားလ်စ်ကင်းဖီးလ် ဒုတိယသည် ကိုယ်ကျင့်တရားမရှိသူ၊ ရက်စက်သူတစ်ဦး ဖြစ်ခဲ့နေ သော်လည်း သူ၏ အခြေခံ စရိုက်ကမူ ဆွေစဉ် မျိုးဆက်၏ ဂုဏ်သိက္ခာ ပျက်စီးသွားမည်ကို အမြဲ တစေ စိုးရိမ်နေတတ်သော သူရဲဘောကြောင်သူ

www.burmeseclassic.com

www.burmeseclassic.com

ရှေးရိုးဝါဒီတစ်ယောက်ဖြစ်သည်။ သူသည် ပြန်ပေးမှုနှင့် လူသတ်မှုတို့တွင် ပါဝင် ပတ်သက်ရမည်ကို မဆိုထားဘိ၊ ကိုယ်ရေး ကိုယ်တာ ဝမ်းနည်းကြေကွဲမှုပေါ်တွင် အခွင့်ကောင်း ယူ၍ အမြတ်ထုတ်တတ်သူ ဖြစ်နိုင်စရာမရှိပါ။ ချားလ်စ်ကင်းဖီးလ်တတိယကမူ ထိုကဲ့သို့သော ထိန်းချုပ် စောင့်စည်းမှုများ ရှိသူ မဟုတ်ပါ။

စတီဖင်ပက်ဂျက်က ၄၈ နာရီပင် မကြာမြင့်သေးသော အဖြစ်အပျက် တစ်ခုနှင့် သက်သေထူလိုက်သည်။ ချားလ်ကင်းဖီးလ် တတိယသည် ဂါဒူးမြို့တော်မှ လူအစုလိုက် အပြုံလိုက် သတ်ဖြတ်မှုကို သဘောတူထားသည့်အပြင် လူမျိုးစု တစ်ခုလုံးကို သတ်ဖြတ်၍ (နိုင်ငံကို) သိမ်းပိုက်လိုသော ဆန္ဒရှိသည့် အရှူး တစ်ယောက်အား လက်နက်ပစ္စည်းပေါင်း မြောက်မြားစွာကို ထောက်ပံ့နေသည်။ လူ သတ္တဝါတို့၏ အသက် ပေါင်း များစွာ နှင့် သေကြေ ပျက်စီးမှုများသည် ချားလ်စ်ကင်းဖီးလ် တတိယ အတွက် မည်သို့မျှ အဓိပ္ပာယ် မရှိပါ။ ၎င်းအပြင် မစ်(စ်)အယ်လီဆန်ကရိတ်ချ်အဖို့လည်း အဓိပ္ပာယ်ရှိမည် မဟုတ်ပါ။

စတီဖင်ပက်ဂျက်က ဆလင်းစီးကရက် တစ်လိပ်ကို မီးညှိလိုက်ရာ သူ့လက် တုန်နေသည်ကို သတိပြုလိုက်မိသည်။

ထိုကိစ္စကို သတိထားမိသော ဂျက်ကော့ဟတ်ရှ်က ပြောလိုက်၏။



'စိတ်ငြိမ်ငြိမ် ထားစမ်းပါ၊ ကျုပ်တို့ အတွက် အချိန်တွေ တစ်ညလုံး ကျန်ပါသေးတယ်'

စတိဗ်က ခေါင်းညိတ်လိုက်သည်။ ဒိုင်ယာနီသည် သူ့ဖခင်နှင့် ကိုယ်ချင်းခွာလိုက်ပြီ ဖြစ်သော်လည်း အနားမှာပင် ဆက်ထိုင်နေသေးသည်။

ဂျက်ကော့ဟတ်ရှ်၏ မှတ်ချက်ကို ကြားလိုက်ရသော မိုက်ဗိုဂလာက ဒိုင်ယာနီဘက်သို့ လှည့်ပြောလိုက်၏။

'မင်းက ယမကာတွေ ထပ်ထည့် ပေးပြီး အသားညှပ်ပေါင်မုန့်တွေ မှာလိုက်တော့ မင်းသမီးလေးရာ'

ဒိုင်ယာနီ ထသွားသည်။

ဗိုဂလာက ဆေးပြင်းလိပ် အသစ် တစ်လိပ်ကို ယူလိုက်ပြီး လည်ချောင်း ရှင်းလိုက်၏။

'ငါတို့က ပေးထားချက်တွေနဲ့ စကြမယ်၊ ကင်းဖီးလ်မှာ မဝမ်ဒီနိုင်ငံ ရှိနေပြီ၊ ဇွဲ အိုင် အီးက ချောင်တစ်ချောင်မှာ ပိတ်မိနေ ပြီ၊ မကြာခင် မုန်တိုင်း ကျတော့မယ်၊ အဲဒီက စပြောပေတော့ စတိဗ်၊ မင်းက ဘယ်လို အကြံပေးမလဲ'

စတိဗ်က ပြန်ဖြေလိုက်၏။

'ခပ်မြန်မြန် ကြံတင်ပြီး ထိုးနှက် တိုက်ခိုက်ရမယ်'

သူက အီးယူစီ တစ်ထပ်ကြီးကို လက်ညှိုး ထိုးပြလိုက်၏။

'အဲဒါတွေ ဟိုကို ရောက်သွားပြီး စစ်အင်အားထူထောင်တဲ့ ကိစ္စကို စလုပ်ပြီဆိုရင် ကျနော်တို့ အတွက် အခွင့်အရေး မရှိတော့ဘူး'

www.burmeseclassic.com

www.burmeseclassic.com

ဗိုဂလာက မေးလိုက်သည်။

'ဟင်နရီဂါဒူးက ဘယ် လောက် အ ထိ အရေး ပါသလဲ'

စတိဗ်ပက်ဂျက်က ဖြေသည်။

'သိပ် အရေးမပါဘူး၊ ဟင်နရီဂါဒူးကို အပြတ်ရှင်းပစ်မယ်ဆိုရင် ကမ်မ်ကိုက ဒီပြင် အက်ဂဘီလူမျိုးတစ်ယောက်ကို ဟန်ပြအနေနဲ့ ထပ်တင်ထားဦးမှာပဲ၊ ခွဲစိတ် ကု သ မှု ကို ကြီး ကြီး ကျယ် ကျယ် လုပ်မှ ဖြစ်လိမ့်မယ်'

စတိဗ် ပက်ဂျက်က ဂျက်ကော့ဟတ်ရှ် ဘက်သို့ လှည့်ကြည့်ပြီး ကြေးစား စစ် သား များ အား ငှားရမ်း၍ ရနိုင်မည့် အနေအထားကို စုံ စမ်း ခိုင်း လိုက်သည်။

'ခင်ဗျား အချိန် သိပ်မရဘူးဆိုတာ ကျုပ် သိပါတယ်၊ ဒါပေမယ့် ခွဲစိတ်ကု ဆရာဝန်တွေကို လိုက်ရှာတဲ့ကိစ္စဟာ တော်တော် ကလေး အရာရောက်ရဲ့လား'

'သိပ် အရာမရောက်သေးဘူး၊ ရလာတဲ့ စာရင်းတွေကလဲ အားရစရာ မကောင်းဘူး၊ စည်းကမ်းပျက်ပြီး လူ နည်းနည်းစီသာ ရှိတဲ့ အ ဖွဲ့ သုံး ဖွဲ့ အာဖရိကမှာ ရှိနေတယ်၊ ပြီးတော့လဲ ထုံးစံအတိုင်း ရက် ပေါင်း ကိုး ဆယ် အတွင်း လူ ငါးရာ ပါတဲ့ တပ်ရင်း တစ်ရင်း ရအောင် ရှာ ပေး မယ် ဆို တဲ့ စစ်ဘုရင်ကြီးတွေ ပဲရစ်နဲ့ ဘရပ်ဆဲလ်မှာ ရှိကြတယ်'

'အချိန် မရဘူးဗျ'

'ဟုတ်တယ်၊ ဒီကနေ့ ကျုပ် စုံစမ်း လို့ ရ တာ ဒါလောက်ပဲ ရှိသေးတယ်၊ အေးလေ၊ တက်ဆက်နဲ့ ကယ်လီဖိုးနီးယားမှာရှိတဲ့ စစ်တပ် ငှား ရန် ရှိ သည် ဆိုတဲ့ ကုမ္ပဏီတွေက လွဲရင်ပေါ့ဗျာ'

မိုက်ဗိုဂလာက ငေါ့တော့တော့ ပြော လိုက် ၏။

'မကြာခင်က ပေါ်လာတဲ့ ဗင်နဲလ်စ် တွေလား'

ကယ် လီ ဖိုး နီး ယား တွင် ရှိ သော 'ဗင်နဲလ်ကော် ပို ရေး ရှင်း' သည် ၁၉၇၀ ခုနှစ်က စ၍ အတော်ကလေး လူသိ များလာခဲ့သည်။ 'ဗင်နဲလ်' သည် တိုက်ပွဲဝင်ခဲ့ဖူးသူ၊ အတွေ့အကြုံ ရှိပြီး နည်းပညာရပ်များတွင်လည်း ကျွမ်းကျင်သူ တပ်မတော်လူထွက် များ ကို ငှား ရမ်း ပြီး နောက် 'သာမန် ကူးသန်း ရောင်းဝယ်မှုဆိုင်ရာ ဝန်ထမ်း များ' အဖြစ် အာရပ် အစိုးရများထံ ပြန်လည် ငှားရမ်း ခဲ့သည်။

ဂျက်ကော့ ရည်ညွှန်း ပြော ဆို လိုက် သော ကုမ္ပဏီများကမူ ထို့ထက် ပိုမို၍ အဆင့်မြင့်သည်။ ထို ပုဂ္ဂိုလ်များသည် ကာကွယ်ရေး ဝန်ကြီးဌာနနှင့် စီအိုင်အေ တို့၏ လျှို့ဝှက် လုပ်ငန်း များကိုလည်း ဆောင်ရွက်ပေးလေ့ ရှိသည်။

'အဲဒါက ခပ်မြန်မြန်နဲ့ လွယ်ကူတဲ့ အဖြေပဲ မဟုတ်လား'

ဒိုင်ယာနီက ဝင်မေးလိုက်ခြင်း ဖြစ်ပါ၏။ စတိဗ် ပက်ဂျက်က ခေါင်းခါသည်။

'သူတို့က ပင်တဂွန်နဲ့ အက်ဖ်ဘီအိုင်က လန်ရေလီတို့နဲ့ သိပ် နီးစပ် နေတယ်၊ ကင်းဖီးလ်နဲ့ အစိုးရ အဖွဲ့ဟာ သိပ် အဖွဲ့ကျနေကြတယ်၊ ကျုပ် တို့ က



www.burmeseclassic.com

www.burmeseclassic.com

သူတို့ကို ချဉ်း ကပ် တာ နဲ့ တစ်ပြိုင်နက် ကျုပ်တို့ အဆိုကို ပယ်ချလိုက်မယ့် အပြင် ဝါရှင်တန် ကိုလဲ အစီရင်ခံကြလိမ့်မယ်'

'စဉ်းစားနိုင်တဲ့ နယ်ပယ်ကလဲ တယ်ကျဉ်းမြောင်း တာကိုး ရှင့်'

'ကျုပ်တို့က ဖြစ်နိုင်ခြေကလေးတွေကို တွက်ချက်ကြည့်နေတာပါ၊ နောက် ဖြစ်နိုင်ခြေတွေကို ထပ် စဉ်းစားကြဦးမယ်လေ'

'ကျွန်မက စားစရာ တွေကို မ မှာ ရ သေး ခင် မစဉ်းစားပါနဲ့ဦး'

ဒိုင်ယာနီက တယ်လီဖုန်း စကား ပြောခွက်ကို ကောက်ကိုင်လိုက်လေ၏။

စီဂျေကင်းဖီးလ်သည် ည ဆယ်နာရီ ဆယ့်ငါးမိနစ် မထိုးမီ ဘဏ္ဍာစိုး ဖြစ်သူ ဝတ်သ်အား အိမ်တွင်းသုံး တယ်လီဖုန်းမှ တစ်ဆင့် မော်တော်ကား မှာလိုက် သည်။

'ယာဉ်မောင်းနဲ့ လုံခြုံရေး အစောင့်တစ်ယောက် ပါတဲ့ မော်တော်ကား တစ်စီးကို ငါးမိနစ် အတွင်း အိမ်ဘေးဘက်က တံခါးပေါက်ကို လာခိုင်းလိုက်'

ချားလ်စ်ကင်းဖီးလ် တတိယသည် ထိုနေ့ ညကို သူ၏ ကလပ်ပေါင်းများစွာ အနက် တစ်ခု ဖြစ်သော 'သီဆင်ကြူရီ' တွင် အချိန်ဖြုန်းရန် ဆုံးဖြတ်ထား သည်။ သီဆင်ကြူရီ ကလပ်သည် အနုပညာတွင် စိတ်ပါ ဝင် စား သော သူဌေး သူကြွယ် များနှင့် ထင်ရှား ကျော်ကြားသူများသာ လာရောက်ကြသော ကလပ် ဖြစ်သည်။

မက်ထရိုပိုလီတန် အနုပညာ ပြတိုက်၌ ဘေးကျပ် နံကျပ် ဖြစ် ခဲ့ ရ သည့် ကိစ္စအား သူ ဝင်ရောက် ဖြေ ရှင်း ပေး နိုင် ခဲ့ သည့် ကိစ္စကို တစ် ယောက် ယောက်က ချီးကျူးစကား ပြော လိမ့် မည် မှာ သေချာသည်။ သူက သင့် လျော် သော တုံ့ပြန် ပြောဆိုချက်များနှင့် အနုပညာ ပြတိုက် ဂေါပက အဖွဲ့တွင် ချယ်ယာမင်ဖြစ်ရေး ကိစ္စကို ခြေတစ်လှမ်း ပိုနီးစပ်သွားအောင် ဆောင် ရွက် မည် ဟု ကြံစည် စိတ်ကူးထားသည်။

အနောက်ဘက် ၄၃ လမ်းတွင် ရှိသော 'သီဆင် ကြူရီကလပ်' တွင် ကလပ်အသင်းဝင်နှင့် ဧည့်သည် စုစုပေါင်း လူ သုံးဆယ်ခန့် ရှိနေသည်။ သို့သော် လည်း ထိုနေ့ ညနေခင်းသည် သူ ထင်ထားသလို ဖြစ် မ လာ ခဲ့ ပါ။ ကလပ် အသင်းဝင်များသည် စီစီအိုင်၏ အာဖရိကမှ ရွှေထွက်သော မိုင်းတွင်းကိစ္စ ကိုသာ စိတ်အား ထက်သန်စွာ ပြောဆိုနေကြသည်။ သူသည် မေးခွန်းများကို စကား တန် ဆာ ဆင် ထားသော တစ်ဝက်မှန် စကားများနှင့် လှီးလွှဲ၍ ဖြေဆိုခဲ့ပြီးနောက် ထမင်းစားခန်းသို့ ဝင်ပြေးလာခဲ့ သည်။

ဤတွင် အသင်းဝင် တစ်ယောက်၏ ဧည့်သည် ဖြစ်သော က တော် ဟောင်း ကြီး တစ်ယောက်က ကင်းဖီးလ်အား အတင်း အဓမ္မ စကားစရာ ဖောရော



www.burmeseclassic.com

www.burmeseclassic.com

လုပ်တော့သည်။ ထို အမျိုးသမီးကြီးက အယ်လီဆန်ကရိုတ်ချ်ကို အမှမ်းတင်၍ ပြောလိုက်၏။

'အယ်လီဆန်နဲ့ ပတ်သက်တဲ့ သတင်းတွေကိုတော့ နား မ ဆန့်အောင် ကြားနေ ဖတ်နေရတယ် ရှင့်၊ ချောလဲချော၊ တော်တော်လဲ စိတ် ဝင် စား စ ရာ ကောင်းတဲ့ အ မျိုး သ မီး ပဲ၊ စံပြမယ် ဘဝက နေပြီးတော့ စီးပွားရေးဆိုင်ရာ အကြံပေးသူ၊ အခု ကျတော့ ရှင့်ရဲ့ အင်မတန် စိတ်လှုပ်ရှားဖို့ကောင်းတဲ့ လုပ်ငန်းသစ် တစ်ခုမှာ ဥက္ကဋ္ဌတောင် ဖြစ်နေပြီလေ၊ ဒီလောက်တောင် ခေတ် နောက်ကျတဲ့ နိုင်ငံမှာ သူ တစ်ယောက်တည်း သွားနေရဲတယ်နော်'

ကင်းဖီးလ်က စီစီအိုင်အတွက် အကျိုး ရှိစေမည့် တုံ့ပြန်မှုကို လိမ္မာ ပါးနပ်စွာ ပြောဆိုလိုက်သည်။

'မစ်(စ်)ကရိုတ်ချ်က သူ တစ်ယောက်တည်း မဟုတ်ရပါဘူးဗျ၊ သူ့ မှာ ဝန် ထမ်း တွေ က တစ်လှေကြီး ရှိပါတယ်၊ အခု ကျုပ်တို့က ပို့ပြီး တော့တောင် ခန့်ထား ပေးနေပါပြီ။ စိတ်တိုင်းကျ ရွေးချယ်ထားတဲ့ လူ တစ်ရာကျော် လက်ရွေးစင် ပထမအုပ်စုဟာ ဒီကနေ့မွန်းလွဲပိုင်းက လေကြောင်းနဲ့ ထွက်ခွာ သွားခဲ့ကြပါပြီဗျာ'

သူ့ နံဘေးတွင် စုစုဝေးဝေး ရှိ နေ ကြ သော ပုဂ္ဂိုလ် အားလုံးက ဆိုလိုသည့် သဘောကို နားလည် လိုက်ကြသည်။ ထိုကဲ့သို့သော အ ဖွဲ့ တစ် ဖွဲ့ ကို နေ့ချင်း ညချင်း ဖွဲ့စည်း၍ ရနိုင်မည် မဟုတ်ပါ။ သူတို့အဖွဲ့သည် အဆင်သင့် ရှိနှေ၍သာ ဖြစ်ရပါ မည်။ ထို့ကြောင့် 'သဘော တူညီချက် စာချုပ်စာတမ်း များကို လက်မှတ် ရေးထိုး လိမ့်မည် ဖြစ်ကြောင်း' ကင်းဖီးလ် သည် စောစောစီးစီး ကပင် ကြိုတင်၍ သိထားသူ ဖြစ်ရပါမည်။ လိမ္မာပါးနပ်သည်၊ လျင်သည်၊ သူ့ ပုံစံ အတိုင်း အလွန်အကွက် မြင်သူ ဖြစ်ပေသည်တကား။

ကတော်ကြီးက ထပ်မေးလိုက်ပြန်၏။

'မဝမ်ဒီဟာ ကြောက် စ ရာ ကောင်း တဲ့ နေရာ မဟုတ်ဘူးလား'

ကင်းဖီးလ်က သူ့ လက်ပတ်နာရီကို တစ်ချက် လှမ်းကြည့်လိုက်၏။

'ည ဆယ့်တစ်နာရီ နောက်ပိုင်းမှာ (သူတို့က ဒီမှာထက် ခြောက်နာရီ ပိုစောတယ်လေ) ယဉ်ကျေး ပါတယ်လို့ ယူဆရတဲ့ နယူးရောခ် မြို့ကြီး က ကျုပ်တို့ အများစုထက် သူတို့က ပိုပြီး တည်တည် ငြိမ်ငြိမ် အေးအေးချမ်းချမ်းနဲ့ အိပ်မောကျနေလိမ့် မယ်လို့ ကျုပ်က လောင်းရဲပါတယ်ဗျာ'

အကယ်၍ တစ်ယောက်ယောက်ကသာ သူနှင့် လောင်းကြေးထပ်ခဲ့မည် ဆိုပါက ချားလ်စ်ကင်းဖီးလ် ရှုံးသွားပေလိမ့်မည်။

အယ်လီဆန်ကရိုတ်ချ်သည် အိပ်ပျော်နေခြင်း မရှိ သလို တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်းလည်း မရှိရှာပါ။ အိပ်ရာက နိုးနေသောကြောင့် နာရီ ဝက်ခန့် ရေချိုးပြီး အဝတ်အစား လဲလှယ်၍ ဝတ်ဆင်ခဲ့သည့်တိုင်အောင် မအီမသာ ဖြစ်နေသော



www.burmeseclassic.com

www.burmeseclassic.com

စိတ်ဓာတ်ကို ဖျောက်ဖျက် ပစ်နိုင်ခြင်း မရှိပါ။ သို့ရာတွင် ဂါဒူးဂရင်းဟိုတယ်မှ သူ့ အခန်းကျယ်ကြီး ထဲ၌ မီးရောင်များ ထိန်ထိန်လင်းနေပြီး သူ့တွင် လုပ်စရာအလုပ်ပေါင်း မြောက်မြားစွာ ရှိနေသည်။

ဟင်နရီဂါဒူးက သူ မျှော်လင့်ထားသည်ထက် ပို၍ စောစောစီးစီး လက်မှတ်ထိုးလိုက်သောကြောင့် လက်နက် တင်ပို့ပေးမှု အချိန် ဇယားကို ပို၍ စောအောင် ပြင် ဆင် ပေးရန် လို အပ် လာ သည်။ သူက လက်နက်ရောင်းချသူများထံ တဲလက်များနှင့် အရေးတကြီး အကြောင်းကြားခဲ့သည်။ စောစော တင်ပို့ ပေးကြမှာကလည်း သေချာပါသည်။

ကမ်မ်ကိုသည် ဂါဒူးမြို့တော်လေဆိပ်မှ နေရာ အတော်များများကို အပိုင်စီးထားသည်။ တချိန်က အမေရိကန် လေယာဉ်ပျံများ ထားသော ရုံကြီး များနှင့် ဂိုဒေါင်များကို သိုလှောင်ရေး အတွက် အ သုံး ပြု မည် ဖြစ် ပြီး ကျန် အဆောက် အအုံကြီး အများစုကို ကမ်မ်ကို၏ ရုံးခန်းများအဖြစ် အသုံး ပြုမည်။ စင်းလုံး ငှားထားသော အယ်လ် ၁၀၁၁ လေယာဉ်ပျံ တစ်စီးသည် ပစ္စည်း ပစ္စယများကို ကိုင်တွယ် အ သုံး ချ ပေး ကြ မည့် ရှေ့တော်ပြေး ဝန်ထမ်းအုပ်စုကို တင်ဆောင်လျက် 'ဒါကာ' မှ တစ်ဆင့် ပျံသန်းလာနေလေပြီ။ လက်နှိပ်စက်များမှ စ၍ ကုန်ပစ္စည်းများအား အတင်အချပြုလုပ်ရာတွင် အ သုံး ပြု သော စက်ကိရိယာများအထိ ပစ္စည်း မျိုးစုံကို တင် ဆောင် လာ သော ၇၄၇ အက်ဖ် ကုန်တင် လေယာဉ်ပျံ တစ်စီးသည်လည်း ဂါဒူး



ပေါ်ဆီသို့ လာရောက်နေလေပြီ။ ထိုလေယာဉ်ပျံ စီးစလုံး နေ့လယ်ပိုင်းတွင် ဆိုက်ရောက် လာကြ မည်။ ၎င်းတွင် ဦးစားပေး လုပ်ဆောင်ရမည့် အချက်တစ်ချက်ကို အယ်လီဆန် သတိရလာမိသည်။ အယ်လီဆန်သည် ရေးမှတ် နေမှုများကို ရပ်တန့် ထားလိုက်ပြီး ဟိုတယ်ညွှန်ကြားရေးဝန်ထံသို့ တယ်လီဖုန်း ဆက်လိုက်၏။

စီစီအိုင် ကုမ္ပဏီမှ ဘိုးရင်း လေယာဉ်ပျံသည် လက်ပတိန် အက်ဒဝပ် ဒီဘာရီးစ်မှအပ ကျန်ပုဂ္ဂိုလ် များကို တင်ဆောင်လျက် နံနက် ၁၀ နာရီတွင် သူးရောစ်သို့ ပြန်လည် ထွက်ခွာသွားရန် ရှိသည်။ အယ်လီဆန်က နံနက် ငါးနာရီခွဲတွင် အိပ်ရာမှ နိုးရမည့် ပုဂ္ဂိုလ်များ စာရင်းကို ပြောပြလိုက်ပြီး ထိုပုဂ္ဂိုလ်များအတွက် နံနက်စာကို အိပ်ခန်းသို့ ပို့ပေးရန် ပြောလိုက်သည်။

ဟိုတယ်စာရေးက ပြန်ဖြေလိုက်၏။

'အားလုံး ဆောင်ရွက်ပြီးပါပြီ မစ်(စ်)ကရိုတ်ချ်'

ထိုသူက လေယာဉ်မောင်း အဖွဲ့သားများအတွက် မော်တော် ကား များ ကို နံနက် ခုနစ်နာရီတွင် အဆင်သင့် ဖြစ်စေမည်ဖြစ်ပြီး ကျန်အဖွဲ့သားများ အတွက် မော်တော်ကားများကိုမူ နံနက် ရှစ်နာရီ တွင် အသင့် စီစဉ်ထားမည်ဟု ဖြည့်စွက် ပြောဆို လိုက်သည်။

အယ်လီဆန်က ကျေးဇူးတင်ကြောင်း ပြောဆိုပြီး တယ်လီဖုန်းပြောခွက်ကို ပြန်ချလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

အစစအရာရာကို ထိန်းချုပ် ထားနိုင်စွမ်း ရှိသည့် အပြင် ချောချောမောမောလည်း ဖြစ်နေကြသည်။ ထို့ကြောင့် သူ့အနေနှင့် ကျေနပ် ကြည်နူးဖွယ် ကောင်းသည်ဟု တွေးလိုက်မိသည်။ သို့ရာတွင် မသိုးမသန့် ဖြစ်နေမှု ကလေး ကလည်း တည်ရှိနေဆဲပင်။ အယ်လီဆန်က ထိုအတွေးကို စိတ်ထဲက မောင်းထုတ်လိုက်ပြီး သူ့အလုပ်ကို ဆက်လုပ်ကိုင်နေလေတော့သည်။

လောရင့်ဟော့ပါး၊ ယခင်က ကက်ပတိန်… ယခုအချိန်တွင် တရားဝင် လေတပ် ဗိုလ်ချုပ်ကြီးဖြစ်နေသော အက်ဒဝပ်ဒီဘရီးစ်နှင့် မေဂျာရန်းဒေါ်တို့သည် အယ်လီဆန်ထက် စော၍ အိပ်ရာက ထကြသည်။ သူတို့သည် ဂါဒူးမြို့တော်လေဆိပ်သို့ ရောက်ရှိနေကြပြီး အလုပ်ကိုယ်စီ လုပ်နေကြရသည်။ သူတို့သည်လည်း စိတ်အေးချမ်းမှု မရရှိကြဘဲ သူ့နည်းနှင့်သူ စိတ်ရှုပ်ထွေးနေကြလေသည်။

လောရင့်ဟော့ပါးသည် ယခု လာရောက်မည့် ဝန်ထမ်းများကို ဂါဒူးဂရင်း ဟိုတယ်တွင် နေရာချထားရမည်။ သူက ထိုပုဂ္ဂိုလ်များ ရောက်ရှိလာသည်နှင့် တစ်ပြိုင်နက် ထိုပုဂ္ဂိုလ်များ၏ ပစ္စည်းပစ္စယများကို ဟိုတယ်သို့ ပို့ရန် စီစဉ်လိုက်သည်။ မေဂျာရန်းဒေါ်ကလည်း အင်အက်စ်ဘီ၏ အကြီးအကဲသစ် အနေနှင့် သူ စစ်ဆေးနိုင်အောင် လေယာဉ်ပျံကွင်းနှင့် အဆောက်အအုံ မှန်သမျှတို့ မီးထွန်းထားရမည်ဟု ညွှန်ကြားလိုက်သည်။ ဒီဘရီးစ်ကမူ မဝမ်ဒီလေတပ်မှ ဟောင်းနွမ်းအိုမင်းနေသော



ဒီစီသုံး လေယာဉ်ပျံများနှင့် ကျန်လေယာဉ်ပျံငါးစီးတို့ကို တစ်ချက်ကြည့်လိုက်ပြီးနောက် 'အသုံးမဝင်' ဟု အဆုံးအဖြတ်ပေးလိုက်သည်။

'ကျုပ်တို့ အနေနဲ့ ပန်ကာတပ် သယ်ယူပို့ဆောင်ရေး လေယာဉ်ပျံ တချို့ကို ခပ်မြန်မြန် ဝယ်ရလိမ့်မယ်'

သူတို့သုံးယောက်သည် ကျည်ကာမှန် တပ်ဆင်ထားသော မာစီးဒီးစ် မော်တော်ကားကြီး နှင့် လေယာဉ်ပျံကွင်းကို လှည့်ပတ် စစ်ဆေးကြပြီး အသင့်လျော်ဆုံး လေယာဉ်ပျံရုံများနှင့် ကုန်လှောင်ရုံများ၊ အခြား အဆောက်အအုံများ စသည်တို့ကို ကမ်မ်ကိုက ပထမဦးဆုံး အသုံးပြုမည့် အဆောက်အအုံများအဖြစ် ရွေးချယ်လိုက်သည်။ ထို့နောက် လေဆိပ်မှ ခရီးသည်များ လေယာဉ်ပျံပေါ် တက်သည့် အဆောက်အအုံဆီသို့ လာခဲ့ကြသည်။

သူတို့ သုံးဦးသည် လေဆိပ်ရှိ အင်အက်စ်ဘီ ရုံးခန်းထဲ၌ ခပ်မြန်မြန် အစည်းအဝေး ထိုင်လိုက်ကြပြီး ဆောင်ရွက်ရမည့် ကိစ္စရပ်များကို လျင်မြန်စွာ သဘောတူလိုက်ကြသည်။ မေဂျာရန်းဒေါ်၏ လူဖြူကြေးစားစစ်သား တပ်စိတ်နှစ်စိတ်ကို လေဆိပ်တွင် တာဝန်ချထားမည်။ ညအခါတွင် သံသယ မကင်းဖွယ်ရာ လူမည်းများကို တွေ့ရှိရပါက မေးခြင်းမြန်းခြင်း မပြုလုပ်တော့ဘဲ မြင်သည်နှင့် တစ်ပြိုင်နက် ပစ်သတ်ရန် ညွှန်ကြားလိုက်သည်။

ရန်းဒေါ်က သူ့တပည့်များအား သွားရောက်ညွှန်ကြားနေစဉ် ဟော့ပါးနှင့် ဒီဘရီးစ်တို့က



www.burmeseclassic.com

www.burmeseclassic.com

လေဆိပ်ရှိ အင်အက်စ်အီ ရုံးခန်းထဲတွင် နေရစ်ခဲ့ကြသည်။ သူတို့တွင် ပြဿနာကိုယ်စီ ရှိနေကြသည်။ လွန်ခဲ့သည့်ညက အယ်လီဆန်သည် သူနှင့် စီဂျေတို့ ပြောခဲ့ဆိုခဲ့ကြသည့် စကားများကို ဟော့ပါးအား ပြန်ပြောပြခဲ့သည်။ ဟော့ပါးက အတိုချုပ်ကို ဒီဘာရီးစ်အား ပြောပြခဲ့သည်။ ထိုအချိန်က သူတို့နှစ်ယောက်စလုံး အလွန်အမင်း အိပ်ချင်နေကြပြီဖြစ်၍ အိပ်ရာသို့ဝင်ခဲ့ကြသည်။ ယခု ထိုဆွေးနွေးမှု၏ အကျိုးသက်ရောက်မှုများကို ဆွေးနွေးကြသည်။

ဒီဘာရီးစ်က အယူအဆ တစ်ခုကို တင်ပြလိုက်၏။

'ဒီလိုလေဗျာ၊ စီဂျေက ခုကိစ္စကို ဗွီအိုင်အီးက သိသွားအောင် တမင် လုပ်ခဲ့တယ်၊ ဒါကြောင့် ဗက်တာဆန်....ပက်ဂျက် ဆိုတဲ့ အကောင် ဒီကိုချက်ချင်း လိုက်လာလိမ့်မယ် ဆိုတာကိုပါ သူကြံတင်ပြီး တွေးထားတယ်လို့ ယူဆရမယ်'

ဟော့ပါးက ဖြေလိုက်၏။

'ဖြစ်နိုင်စရာ သိပ်မရှိပါဘူး'

'နေဦးလေ၊ စီဂျေက အကွက်ရွှေ့တာ သိပ်တော်တယ်၊ ကျုပ်တို့ အမေရိကန်က ထွက်မလာခင် စီဂျေက အဲဒီငတိကို စောင့်ကြည့်ဖို့ အယ်လီဆန်ကိုမှာလိုက်ပုံ ရတယ်၊ အဲဒီ နောက်ပိုင်း ကျတော့ အယ်လီဆန် လုပ်တာ ကိုးရိုးကားရား ဖြစ်မကုန်အောင် စောင့်ကြည့်ပေးဖို့ ခင်ဗျားကို မှာလိုက်ပြန်တယ်'

ယခု ပြောပြနေသော အယူအဆမှာ အလွန်တရာ မဖြစ်နိုင်ကြောင်း ဟော့ပါးက ယူဆလိုက်



သော်လည်း ဒီဘာရီးစ်၏ ဦးတည်ချက်သည် သူ့ကိုယ်ပိုင် ကျားကွက်ထဲသို့ သေသေသပ်သပ်ကလေး ရောက်ရှိလာစရာရှိသဖြင့် ခေါင်းညိတ်ပြီး ပြောလိုက်သည်။

'ခင်ဗျား ပြောပုံကတော့ ဟုတ်နိုင်စရာ ရှိပါပေတယ်'

'ကျုပ်တို့က တလွဲတချော်တွေ လျှောက်လုပ်နေကြတာဗျ၊ ကျုပ်တို့က အဲဒီ ငတိမကို ရာထူးက ထုတ်ပစ်အောင် လုပ်လို့ရမှာ မဟုတ်ဘူး၊ သူက စီဂျေရဲ့ လူယုံတော်၊ ကျုပ်တို့က အယ်လီဆန်ကို ဖယ်ရှားဖို့ ပူးပေါင်း ကြံစည်နေတယ်ဆိုတာ စီဂျေ သိသွားမယ်ဆိုရင် ကျုပ်တို့ကို အသေတွယ်လိမ့်မယ်၊ ခင်ဗျားက ဆက်ကြိုးစားချင်သပဆိုရင် ဆက်လုပ်ပေါ့ဗျာ၊ ဒါပေမယ့် ကျုပ်ကို ထည့်မတွက်နဲ့တော့၊ ကျုပ်က လေတပ် ဗိုလ်ချုပ်ကြီး ဆိုတဲ့ နာမည်နဲ့ပဲ ကျေနပ်ပြီး ဘေးကပဲ ရပ်ကြည့်တော့မယ်'

အဲဒီရာထူးမှာ ခင်ဗျား သိပ်ကြာကြာ နေရမှာ မဟုတ်ပါဘူးဟု တွေးပြီး ဟော့ပါးက ပြောလိုက်သည်။

'ကျုပ်လဲ အဲဒီ အတွေးကိုပဲ တွေးမိလာတယ်၊ မဒမ်ဥက္ကဋ္ဌကြီးဟာ ခြေကုပ်ရနေပြီ ဖြစ်တဲ့အတွက် သူ့ကိုဖယ်ရှားဖို့ ကြိုးစားတဲ့ ကျုပ်တို့ အတွက် အန္တရာယ် သိပ်များတယ်'

ကျုပ်တို့အတွက်လို့ ပြောတာပါ။ ကျုပ်အတွက်ကတော့ အန္တရာယ် မရှိပါဘူး။ အယ်လီဆန် ဒုက္ခရောက်ရင် ခင်ဗျားလဲ ဝုန်းခနဲ ပါသွားမှာပါ။ ဒါမှ



www.burmeseclassic.com

www.burmeseclassic.com

ပူးပေါင်းကြံစည်မှုဆိုတာ မရှိခဲ့တဲ့ ပုံစံမျိုး ဖြစ်မှာပေါ့လေ။

ဒီဘာရီးစ်က ပြေပြေပြစ်ပြစ် ပြုံးပြလိုက်၏။

'တစ်နည်း ပြောရရင် ကျုပ်တို့က အစီအစဉ်အကို ပယ်ဖျက်ပြီး တစ်ယောက်ကို တစ်ယောက် ကူညီနေကြမယ်လေ'

'သိပ်ဟုတ်တာပေါ့ဗျာ'

ဟော့ပါးက ပြန်ဖြေလိုက်လေ၏။

## ၂၇

ဒိုင်ယာနီ ဗိုဂလာသည် နောက်ကျမှ အိပ်ရာဝင်လေ့ရှိသူ ဖြစ်သည်။ သူ ကျင်လည်ခဲ့ရသော လူမှုရေးအသိုင်းအဝိုင်းမှ ပါတီပွဲ များသည် မကြာခဏဆိုသလို နံနက် အရုဏ် တက်ချိန်နှင့် ထို့နောက်ပိုင်းသို့ ရောက်မှ သာ ပြီးဆုံးလေ့ ရှိသည်။ ယခုကိစ္စမှာ ပုံစံချင်း အလွန် ကွာခြားသော ညလုံးပေါက် ဆွေးနွေးပွဲ ဖြစ်သည်။ သို့ရာတွင် နံနက်လေးနာရီခွဲသို့ ရောက်သည်အထိ ဒိုင်ယာနီ ဗိုဂလာသည် သွေးကြွနေပြီး အလွန် စိတ် ပါဝင်စားသူပွဲကြည့်ပရိသတ်အဖြစ် ဆက်လက် တည်ရှိနေဆဲပင်။

ည ဆယ့်တစ်နာရီက စ၍ အင်္ဂါ လက်များကိုပင့်တင်ထားကြပြီး ကော်လာ ကြယ် သီး များ ကို ဖြုတ်ထားကြသော အမျိုးသား သုံးယောက်သည် အရေးပေါ် စီမံချက်များကိုရေးဆွဲကြပြီး စနစ်တကျရှိသော နည်းဗြူဟာများ ဖြစ်အောင် အသေးစိတ်ပြင် ဆင် နေ ကြ သည်။ သူတို့ သုံးယောက်က ဒိုင်ယာနီထံမှ အကြံဉာဏ် တောင်းခံကြခြင်းမရှိပါ။ သို့ရာတွင် ဒိုင်ယာနီသည် တချိန်လုံး ငြီးငွေ့ပျင်းရိမှုအလျှင်းမရှိဘဲ ကျေကျေ နပ်နပ် နားထောင်နေခဲ့သည်။

ဒိုင်ယာနီသည် အကယ်၍ အား အင် ကုန်ခန်းနေသည့်တိုင်အောင် သူက ထိုကိစ္စကို ဖွင့်ပြောဖြစ်လိမ့်မည်မဟုတ်ပါ။ တစ်နည်းနည်းနှင့် ပြသမိလိမ့်မည်မဟုတ်ပါ။ သူ့ ဖခင်သည် အသက် ခုနစ်ဆယ် ရှိနေသည့်တိုင်အောင် ပင်ပန်း နွမ်းနယ်ဟန် အလျှင်းမပြသခဲ့ပါ။ အစ ပထမ တွင် ထို ဖြစ်ရပ်ကြောင့် ဒိုင်ယာနီဗိုဂလာက တအံ့တဩ ဖြစ်မိခဲ့သော်လည်း ထောင့် တစ် ထောင့် တွင် ပိတ် မိ နေ ခဲ့ သော စိန်ခေါ်မှုက သူ့ဖခင်ကို ပြန်၍ အားသစ်လောင်းလာစေခဲ့ကြောင်း နောက် ဆုံး တွင် သဘောပေါက်လာခဲ့တော့သည်။

စတီဖင် ပက်ဂျက်နှင့် ဂျက်ကော့ ဟတ်ရှ်တို့၏ အားကောင်း မောင်းသန် အ နေ အ ထား ကို မူ သူ နားလည်နိုင်စွမ်း ရှိပါသည်။ စတီဖင် ပက်ဂျက်က အ သက် ၃၂ နှစ် ခန့် သာ ရှိ သေး သည်။ ဂျက်ကော့ဟတ်ရှ်သည် ကိုယ်အလေးချိန် များပြားနေသော်လည်း အသက် လေးဆယ်ထက် ပိုမည်မဟုတ်ပါ။ သို့ရာတွင် သူတို့၏ စိတ်အား ထက်သန်မှု၊





www.burmeseclassic.com

www.burmeseclassic.com

ဇွဲလုံ့လရှိမှု၊ အာရုံစူးစိုက်မှုနှင့် ကိုယ်ရေးကိုယ်တာ အန္တရာယ် ရှိနိုင်သည့် ကိစ္စကိုပင် လိုလို လားလား လက်ခံထားမှု စသည်တို့မှာ စဉ်းစားစရာ ဖြစ်နေရပြန်သည်။

သူတို့ကို လခ ကောင်းကောင်း ပေးထားကြောင်း ဗိုင်ယာနီ သိပါသည်။ သို့ရာတွင် ထို အ ချက် မှာ ဒုတိယကျသော လှုံ့ဆော်ချက်သာ ဖြစ်သည်။ သူတို့သည် မိုက်ဗိုဂလာနှင့် ဗွီအိုင်အီးအပေါ်တွင် အလွန်သစ္စာရှိကြပြီး ကိုယ့်ကိုယ်ကိုယ် ပေးလှူထားကြသူများဖြစ်ကြောင်း ဗိုင်ယာနီဗိုဂလာ သဘောပေါက်လာခဲ့ရသည်။ ထိုကဲ့သို့ သဘောပေါက်မှုက သူ့ကို ချောက် ချား စ ရာ ကောင်း အောင် လာ ရောက် ရိုက်ခတ်ခဲ့သည်။ သူသည် မွေးကင်းစမှ စ၍ အကာအကွယ်ပေးမှုကို တ ချိန် လုံး ခံယူခဲ့ရပြီး ပျက်စီးနေခဲ့သည်။ သူသည် ခုနစ်နှစ်လုံးလုံး ကိုယ်ကျိုးနှင့်ယှဉ်သော ကြည်ညိုလေးစားမှု၊ အခိုက်အတန့်မျှသာ သစ္စာရှိသူတို့က လွဲ၍ အခြား ဘာကိုမျှ မသိသော ရေပေါ်ဆီ လူတန်းစားထဲတွင် ကျင်လည်ကျက်စားနေခဲ့သည်။

စတိဗ်နှင့် သူ့လက်ထောက်တို့သည် အရည်အချင်းပြည့်ဝသည်သာမက တုံးတိုက်တိုက် ကမ်းတိုက်တိုက် လုပ်တတ်ကြသူများ ဖြစ်သည်။ ယခုအချိန်တွင် သူတို့သည် အခြား အဖွဲ့အစည်းများ၌ နေရာ ကောင်းကောင်း ရအောင် ရှာနိုင်သေးသူများပင် ဖြစ်သည်။ သို့ရာတွင် ဗွီအိုင်အီး ကျဆုံးသွားခဲ့မည်ဆိုပါက သူတို့ကြောင့် ကျဆုံးရသည်ဟု စွပ်စွပ်စွဲစွဲ ပြောဆို ကြ ပြီး



ခည်းသည့်ကုမ္ပဏီကမျှ သူတို့အား ငှားရမ်းကြတော့မည် မဟုတ်ပါ။ ထို ကဲ့ သို့ ဖြာသော ပုဂ္ဂိုလ်များ၏ စိတ်ရောကိုယ်ပါ ကြည်ညိုမှုကို ခံယူ ရရှိထားသော သူ့ဖခင်တွင် မည်ကဲ့သို့သော အရည် အချင်းများ ရှိနေပါသနည်း။ ထို့နောက် ဗိုင်ယာနီသည် သူ့ကိုယ်သူ ဗွီအိုင်အီးကို ဆက်ခံရမည့် ပုဂ္ဂိုလ်အဖြစ် တွေးလိုက်မိပြီး စိတ်ပျက်သွားရတော့သည်။ သူသည် မိုက်ဗိုဂလာ၏ နေရာတွင် အစားဝင်၍ ထိုးနိုင်လိမ့်မည် မဟုတ်ပါ။ မည်သူက အစား ဝင်နိုင်စွမ်းရှိပါမည်နည်း။

ပက်ဂျက်နှင့် ဟတ်ရှ်တို့က 'စာအုပ် များထဲတွင် မှတ်စုများကို ပြည့်နေအောင် ရေးသား နေကြသည်။ စတိဗ်ပက်ဂျက်က စာရွက်များကို လှန် လှော ကြည့်လိုက်၏။

'အတော်ကလေး ချောနေတဲ့ ပထမ မူကြမ်းကို ကျွန်တော်တို့ ရထားကြပြီ မိုက်၊ နောက်တစ်ခေါက် ပြန်သုံးသပ်ကြည့်ချင်သေးသလား'

ဗိုဂလာ ခေါင်းခါသည်။

'ငါ အားလုံးကို ပြတ်ပြတ်သားသား သဘောပေါက် နားလည် ထားပါပြီကွာ၊ မင်းတို့ လူငယ်တွေက ထိုးစစ်ဆင်ကြ၊ ငါကတော့ ဖင်ချထိုင်ပြီး အလံပဲ ဝှေ့ယမ်းပြပါတော့မယ်ကွာ'

သူသည် ပြန် အိုစာသွားပြီး ပင်ပန်း နွမ်းနယ်သွားပြန်လေပြီ။

စတိဗ်က ရယ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

'ကျွန်တော်တို့ရဲ့တွက်ချက်မှုအရ သန်းတစ်ထောင်ထက် ပိုကုန်ကျလိမ့်မယ်လို့ ခန့် မှန်း ထား တယ်၊ ခင်ဗျားက ဒေါ်လာ တစ် ထောင် လောက် ထပ်လျှော့ထားပြီး ဆိုင်မှာ တိုင်းချုပ်ထားတဲ့ ကြယ်ငါးပွင့်ဗိုလ်ချုပ်ကြီး တစ်ယောက်ရဲ့ ယူနီဖောင်းကို ချုပ်လိုက်လေဗျာ'

ဟတ်ရှ်ကလည်း သဘောပေါက် လွယ်သည်။

'ဒေါ် လာ နှစ်ရာ သုံး ရာ လောက် ထပ်လျှော့ထားပြီး ပြောင်လက်နေတဲ့ မြင်းစီး ဖိနပ်တွေနဲ့ ဖိနပ်ဆူးတွေ ဘာတွေကိုပါ ဝယ်ဦးလေဗျာ'

ယုံ နိုင် ဖို့ တော့ ခဲယဉ်းသားပဲ ဟု ဒိုင်ယာနီက တွေးလိုက်လေ၏။ သူတို့သည် ဆော့ကစားနေကြသော က လေး ငယ် က လေး များ ပ မာ မိုက်ဗိုဂလာ စိတ်ဓာတ် တက်ကြွလာအောင် ရယ်စရာ မောစရာတွေကို ပြောဆိုနေကြသည်။

သူတို့၏ ကြိုးစား မှု က တစ် ဝက် တစ် ပျက်လောက်တော့ အကျိုးသက်ရောက်မှု ရှိပါသည်။

'ငါက ခား လွတ် က လေး ဘာ လေး တောင်ကိုင်ခွင့် မရှိတော့ဘူးလားကွ'

ဗိုဂလာက ရယ်လိုက်၏။ သို့ရာတွင် မျက် စိ ကို ပွတ်လိုက်သည်။

'တို့အစည်းအဝေးကို ရွှေ့ဆိုင်းကြစို့ကွာ'

မိုက်ဗိုဂလာက ဒိုင်ယာနီ၏ အပို အိပ်ခန်းတွင် အိပ်နေခဲ့မည်၊ ဆင်ခြေဖုံး ရပ်ကွက်တွင် နေထိုင်သော ဂျက်ကော့ဟတ်ရှ်က စတီဖင်ပက်ဂျက်၏ နေအိမ်သို့ လိုက်လာမည်ဟု သဘောတူ ထားခဲ့ပြီး ဖြစ်သည်။



စတီဖင်ပက်ဂျက်က ဂပ်စ်ထံသို့ သူနှင့် ဂျက်ကော့ဟတ်ရှ်တို့သည် ဆယ့်ငါးမိနစ် အတွင်း ရောက်လာကြမည်ဟု တယ်လီဖုန်းနှင့် ကြိုတင် အသိပေးလိုက်သည်။

မအိပ်ကြခင် စတိဗ်က မှတ်စု စာအုပ်ကို လှန်၍ ပြောလိုက်ပြန်၏။

'ကျုပ်တို့ ပီရီက ထွက်လာကြတုန်းက ခင်ဗျား စိတ်ထဲမှာ တချိန်လုံး မတင်မကျ ဖြစ်နေတဲ့ ကိစ္စကလေးတစ်ခုရှိနေတယ်ဆို၊ကဲ ပြောတော့၊ တိုင်တမ်းချက်ကို လက်ခံ အရေးယူပေးမယ့် ဌာနကို ဖွင့်လှစ်လိုက်ပြီ'

ဟတ်ရှ်က သူ့ မှတ်စုစာအုပ်ကို ဖွင့်ပြီးမျက်မှောင်ကုတ်၍ ကြည့်လိုက်သည်။

'လေယာဉ်ပျံနဲ့ ရဟတ်ယာဉ်တွေလေ'

သူ တို့ က နောက်ထပ် နာရီဝက် ကြာအောင် ဆက် ဆွေး နွေး ကြ သည်။ ထို့နောက် ဂျက်ကော့ဟတ်ရှ်က အိပ်ခန်း ဆီသို့ သွားတော့သည်။ စတိဗ်သည် အလွန် ပူလောင်သော ရေနွေးနှင့် ရှည်ကြာစွာ ရေချိုးလိုက်ပြီးနောက် အိပ်ရာထဲသို့ ဝင် လိုက် ရာ ငါးစက္ကန့် အတွင်း အိပ်မောကျသွားလေတော့သည်။

စ တိဗ် ပက် ဂျက် နှင့် ဂျက်ကော့ဟတ်ရှ် တို့သည် ဗွီအိုင်အီး အဆောက်အအုံသို့ မော်တော် ကား နှင့်

www.burmeseclassic.com

www.burmeseclassic.com

လာကြစဉ် စတိုင်ဖ်က ကားမောင်းသူ ယူလာသော နယူးရောခ်တိုင်းမ် သတင်းစာကို ကပျာကယာ လှန်ဖတ်လိုက်သည်။

တိုင်းမ် သတင်းစာမှ စီစီအိုင်–ကမ်မ်ကို တို့၏ ရွေတွင်း တူးဖော်ခွင့် ကိစ္စကို 'ကုမ္ပဏီ ပြောရေးဆိုခွင့်ရှိသူ' နှင့် 'ယုံကြည်စိတ်ချရသောဌာန' တို့က 'ခန့်မှန်းကြသည်' 'ကြိုတင်၍ တွက်ချက် ကြည့်ကြသည်' စသည်ဖြင့် ရေး သား ဖော်ပြ ထား ပုံမှာ စိတ်ပျက်စရာ ကောင်းလှသည်။ မည်သို့ပင် ဖြစ်စေ ဘီလီယံပေါင်း များစွာ ရှိသည် ဆိုသော အချက်ကတော့ အတိုင်းသား ပေါ်လွင်နေသည်။

ထိုသတင်း၏ ဂယက် ရိုက်ခတ်မှုမှာ စီးပွားရေး ကဏ္ဍတွင် သိသာ ထင်ရှားလှသည်။ နယူး ရောခ် စတော့ ရှယ် ယာ အ ရောင်း အ ဝယ် ဌာနတွင် လွန်ခဲ့သောနေ့က စီစီအိုင် ရှယ်ယာသည် အပေါ်သို့ ငါးမှတ် တက်သွားပြီး ဗွီအိုင်အီးက အောက်ဘက်သို့ ခြောက်မှတ်ခွဲ စိုက်ကျလာသည်။ ရှယ်ယာ ဈေးနှုန်း အတက်အကျတို့နှင့် ပတ် သက် ၍ ဆောင်းပါး တစ်ပုဒ်စီ သီးခြား ပါရှိလာသည်။ ဗွီအိုင်အီး အစု ရှယ်ယာများ ဈေးကျရခြင်းမှာ 'ဘာဆိုတို' အား ရန်ပြု နှောင့်ယှက်၍ သိမ်းပိုက်မည်ဟု ခြိမ်းခြောက်သောကြောင့် ဖြစ်သည်ဟု ရေးသားထားသည်။

စတိုင်ဖ် ဒေါ်သွားသည်။ သူက သတင်းစာကို ပစ်ချလိုက်ပြီး

'တော်တော်တုံးတဲ့ လူတွေ၊ သူတို့က ကင်းဖီးလ်နဲ့ အဆက်အသွယ် ရှိ တယ် ဆို တာ လုံးဝ ဖော်ပြ မထားဘူး၊ ဒါကို ဖတ် ကြည့် ရင် ဟင်နရီဂါဒူးက သူ့ဘာသာသူ ထလုပ်တယ်လို့ ထင် ကြ လိမ့် မယ်'

၌တွင် ဂျက်ကော့ဟာတ်ရှ်က စတိုင်ဖ်ကို သင့်တန်းပို့ချတော့သည်။ အသရေ ပျက်စေသည့် ပုဒ်မဆိုတာ ရှိသည်။ မည်ကာမတ္တ သတင်းစာ ဆရာများကလည်း မျက်မွေး တစ် ဆုံး သာ ကြည့် လေ့ ရှိ ကြ သည်။ ဝါရှင်တန်က ကြို တင်၍ သတိ ပေးချက်ကလည်း ရှိနေသည်။နိုင်ငံခြားရေးဝန်ကြီး ဘလတ်ဆင်ဂိမ်းနှင့် အမှုတကြီး ဂျော့ချ်လိုဂင်တို့က ထိုနေ့ညနေပိုင်းတွင် စီစီအိုင်၏ အာဖရိကမှ ဆောင် ရွက် ချက်ကို လူသိရှင်ကြားချီးကျူးကြဖို့ ရှိသည်။ ထိုကိစ္စက စာနယ်ဇင်းဆရာများအား ခြေဖျားထောက်၍ ခပ်ဖွဖွကလေး နင်းကြရန် ခိုင်း စေ လိုက် ခြင်း ပင် ဖြစ်သည်ဟု ဂျက်ကော့ဟာတ်ရှ်က ယူဆလေသည်။

လက်နက်များကို နောက်ဆုံး သုံးစွဲမည့်နိုင်ငံများက ထုတ်ပေးသော သက်သေခံ လက်မှတ် (အီးယူစီ) များ၏ ပုံတူ စာ ရွက် များ ကို စတိုင်ဖ်ပက်ဂျက်၏ စား ပွဲ ပေါ် တွင် ဖြန့် တင် ထား သည်။ သူနှင့် ဂျက်ကော့ဟာတ်ရှ် တို့က ဆောင် ရွက် နိုင် မည့် နည်းလမ်းမျိုးစုံကို ဆွေးနွေးကြပြီး အ များ စု ကို ပယ်ချပစ်လိုက်သည်။

ထို အီးယူစီ များသည် အတုများ ဖြစ်ကြောင်း ပြည်ထောင်စု တရားရေးဌာနသို့ တိုင် ကြား မည် ဆိုလျှင်လည်း အရာရောက်လိမ့်မည် မဟုတ်ပါ။

www.burmeseclassic.com

ဤကိစ္စတွင် ကမ္ဘာ့ ကုလသမဂ္ဂ သို့မဟုတ် အခြား နိုင်ငံတကာ အေဂျင်စီ တစ်ခုခုကဝင်ရောက်စွက်ဖက် ပေးလိမ့်မည် ဟူ၍ မျှော် လင့် စ ရာ လည်း လုံးဝ မရှိပါ။

အီတာလျံ အစိုးရထံ ချဉ်းကပ်ဖို့ ဆိုတာကလည်း လုံးဝ ဖြစ်နိုင်စရာမရှိပါ။ ထိုကဲ့သို့ ပြုလုပ်လိုက်ပါက သံတမန်ဆိုင်ရာ ကန့်ကွက် ချက် များ ပေါ်ပေါက် လာဖွယ်ရာရှိပြီး ဗွီအိုင်အီးအတွက် မဆုံးနိုင်အောင် ပြဿနာများ တက်လာဖွယ်ရာ ရှိပါ၏။ ›

သို့ တိုင် အောင် 'အယ် လီ ဆန် က ရိတ် ချ် အဆိုစီယိတ်၊ အရောင်းအဝယ် ပွဲစား' ထံသို့ ထုတ် ပေး ထား သော အီးယူစီ များမှာ အ လွန် တန်ဖိုးကြီးမားပါသည်။ ထိုအီးယူစီများကို ကြည့်ရှု ခြင်းဖြင့် အမေရိကန်ပြည်ထောင်စုတွင် မည်သူ့ ထံမှ မည်မျှလောက် ဝယ်ယူသွားသည်ကို အနည်းဆုံး သိနိုင်ပါသည်။ မဝမ်ဒီသို့ တင်ပို့ရန် နိုင်ငံခြား တိုင်းပြည်များမှ မည် မျှ လောက် သယ် ယူ သည် ဆိုတာကိုတော့ ဘုရားသခင်ကသာ သိပါလိမ့်မည်။

စတိဗ်က ဂျက်ကော့ဟတ်ရှ်အား သင့်လျော်သလို လာဘ်ထိုးပြီး လိုက်လံ စုံစမ်းကြည့်ရန် တာဝန် ပေးအပ်လိုက်သည်။ မည်သည့်နေရာက စုံစမ်းရမည် ဆိုသည်ကို တိတိကျကျ ပြောရန်မလိုပါ။ ဘရာဇီး၊ အစ္စရေး၊ တိုင်ဝမ်၊ တောင်ကိုရီးယား နှင့် တောင်အာဖရိက နိုင်ငံတို့တွင် လက်နက် ထုတ်လုပ်သော လုပ်ငန်းကြီးများ ရှိနေကြပါသည်။ 'သွင်းကုန် ထုတ်ကုန်ကုမ္ပဏီ' ဟု ဆိုင်းဘုတ် တပ်ထားသော သူတို့၏ အရောင်းကိုယ်စားလှယ် များသည် နယူးရောခ် မြို့ပေါ်တွင် ရှိနေကြသည်။ သူတို့သည် မြောက်မြားလှစွာသော လက်နက်များကို မှောင်ခို လမ်းကြောင်းများမှတစ်ဆင့် ရောင်းချလေ့ ရှိကြသည်။

ဂျက်ကော့ဟတ်ရှ် ထွက်ခွာသွားသည်။ စတိဗ်သည် ကြားကဖြတ်၍ နားမထောင်နိုင်သောတယ်လီဖုန်းနှင့် ဆက်သွယ်ရေး ကွိုဟ်တုမှ တစ်ဆင့် 'ဂါလာ' ရှိ အီယန်ဘာလိတ်ထံ ဆက်သွယ်လိုက်သည်။ အီယန် ဘာလိတ်က ဘာဆိုတို၏ မြို့တော်တွင် မဝမ်ဒီ၌ ရှာတွေ့သည့် ကိစ္စကို လူပြော များနေကြောင်း၊ ဟင်နရီဂါဒူး ခြိမ်းခြောက်မှုကို အများစုက မယုံကြည် ကြကြောင်း၊ အချို့ကတော့ ဖင်တကြွကြွ ဖြစ်နေကြောင်း၊ သူ့ထံသို့ စိတ်ပူ၍ လာရောက်ကြ သူများကို နှစ်သိမ့်ထားရကြောင်း သတင်းပို့သည်။

စတိဗ်က မိုက်ဗိုဂလာ သဘောတူထားသော ယာယီ အစီအစဉ်ကို ပြောပြလိုက်သည်။ အီယန် ဘာလိတ်က

'အဲဒီ အစီအစဉ်ဟာ ချွတ်ယွင်းချက် ကင်းတယ် လို့တော့ ပြောလို့မရဘူး၊ ဒါပေမယ့် စမ်းကြည့် ဖို့တော့ ကောင်းတယ်' ဟု ဖြေလိုက်သည်။ အီယန်က ထိုကဲ့သို့ ပြောလိုက်ခြင်းမှာ ခွင်းချက်မရှိ အတည်ပြုချက်ပေးလိုက်ခြင်းပင်ဖြစ်ပြီး ရာနှုန်းပြည့် ပါဝင်လက်တွဲမည်ဟု လေးနက်စွာ ကတိပြုလိုက် ခြင်းပင် ဖြစ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

စတိဗ်က တယ်လီဖုန်းကို ပြန်ချလိုက်သည်နှင့် တစ်ပြိုင်နက် အတွင်းရေးမှူးက ရုံးတွင်းသုံး တယ်လီဖုန်း (အင်တာကွန်)မှ တစ်ဆင့် ပြောလိုက်သည်။

'အပေါ်က မီဒူးဆာဘီလူးမက ၅၄ ထပ်ကို ရှင် အမြန်ဆုံးလာခဲ့ဖို့ အမိန့်တော် ပြန်ထားတယ်'

၅၄ ထပ်သို့ ရောက်သောအခါ မစ္စက်အက်ဒနာ ဘရက်ဒလီက ပက်ဂျက်ကို အေးစက်သောအပြုံးဖြင့် ကြို ဆိုလိုက်သည်။

'မစ္စတာ ဗိုဂလာက ရှင့်ကို မိနစ် နှစ်ဆယ် ကြာအောင် စောင့်နေခဲ့ရတယ်'

'ဘယ်လိုမှ ရှောင်လွှဲလို့မရတဲ့အတွက် နောက်ကျ သွားရတာပါဗျာ၊ ဌာနက ချာတိတ်တွေက ဖဲကို တစ်ပွဲပြီးအောင် ကစားသွားပါဆိုလို့'

'ရှင်ဟာလေ'

ဒေါပွနေသော မစ္စက် ဘရက်ဒလီ ရပ်တန့် သွားသည်။ သူ ရယ်စရာ လုပ်နေတာပဲ ဖြစ်ရမည်။ ပြီးတော့ သူသည် မိုက်ဗိုဂလာ၏ အခန်းထဲသို့ ရောက်ရှိသွားခဲ့လေပြီ။

'မင်္ဂလာနံနက်ခင်းပါ သားရယ်'

'ခင်ဗျား ကြည့်ရတာ အနားရပြီး ရွှင်ရွှင် လန်းလန်းကလေး ရှိနေတယ်'

'အေးကွာ၊ ငါကိုယ်ငါ တော်တော်ကလေး အံ့အား သင့်မိတယ်' သူ့လေသံ ပြောင်းလွှဲသွား သည်။



'မင်း ဒီကနေ့မနက် ဈေးကွက် ဖွင့်ချိန်က ဈေးနှုန်းကို မေးခဲ့ပြီးပြီလား၊ ဗြိတိန်အီးက နောက်ထပ် နှစ်မှတ် ကျသွားတယ်၊ စီစီအိုင်က သုံးမှတ် တက်လာတယ်'

ပက်ဂျက်က ခေါင်းညိတ်လိုက်၏။

'ကျွန်တော်ထွက်မယ့် အပျော်ခရီးက ပိုဆိုးရွား သွားစေလိမ့်မယ်'

'မင်း အစီအစဉ်အတိုင်း ဆက်လုပ်မှာလား'

'ဟုတ်တယ်၊ ကျွန်တော်က ကုမ္ပဏီပိုင်လေယာဉ်ပျံ ကိုတောင် မှာထားပြီးပြီ၊ နေ့လယ် လောက်မှာ ထွက်သွားပြီး ဒီကနေ့ညနေ ပြန်ရောက်လာမယ်၊ နှစ်နေရာကို သွားမယ်၊ ချီကာဂိုနဲ့ တူလ်ဆာ၊ ကျွန်တော်က တခြားရောင်းတဲ့ လူတွေကို ဂရုစိုက် မနေတော့ပါဘူး'

စတိဗ်က ဗိုဂလာ၏ နောက်ဘက် နံရံပေါ်မှ 'ဘဇ္ဇကာ'ကို လှမ်းကြည့်လိုက်၏။

'ရှင်ဒလာနဲ့ လာဖ်တန်တို့က ကျွန်တော်တို့ ကြောက်သေးပါနေပြီလို့ သတင်း လွှင့်ကြလိမ့်မယ်၊ နက်ဖြန်ခါကျရင် ငါးမှတ်လောက် ထပ်ကျသွားစရာ ရှိနိုင်တယ်'

'မင်း မီးရထားလမ်း ဖောက်တဲ့နည်းက တော်တော်ဆိုးရွားတာပဲ'

'ကျွန်တော် ညက ပြောခဲ့သလိုပဲပေါ့ မိုက်ရာ၊ နပိုလီယံနဲ့ ရုရှတွေကို သတိရစမ်းပါ'

'ငါ သတိရပါတယ်ကွ၊ ရုရှတွေက မော်စကို မြို့ကြီးကို မီးရှို့ပစ်ခဲ့ကြတယ်'



www.burmeseclassic.com

www.burmeseclassic.com

'ကျွန်တော်တို့ မော်စကိုမြို့ကြီးကတော့မီးလောင်နေပြီ မိုက်၊ ကျွန်တော်တို့က အဲဒီ မီးပုံကြီးကို အမှိုက်သဟဲပြုပြီး ရနိုင်သလောက် အခွင့်အရေးယူကြရမှာ'

'မင်းက ငါ့ကို အဲဒီလိုပြောပြီး နားဝင်အောင်လုပ်ခဲ့တာပဲ၊ မင်းက ဒိုင်ယာနီကိုလဲ နားဝင်အောင်ပြောနိုင်ခဲ့တယ်၊ သူက သူကိုယ်တိုင် တက်တက်ကြွကြွပါဝင်ပြီး ကူညီချင်တယ်တဲ့၊ မင်းက ဘယ်လိုတွေးမိထားတာတွေ ရှိသလဲ'

'ရှိပါတယ်၊ ခင်ဗျားက ဒီ အထပ်တစ်ထပ်လုံးကို ယူထားတယ်ဆိုတော့ သူ့ကို ရုံးခန်းတစ်ခန်းပေးပြီး အတွင်းရေးမှူး တစ်ယောက်ပါ ပေး ထား လိုက်'

'အောက်ထပ်က အ ရာ ရှိ တွေ က ကြိုက်ကြမှာမဟုတ်ဘူးကွ'

'ဘာဖြစ်သလဲဗျာ၊ သူက ခင်ဗျား သမီးပဲ'

ပက်ဂျက်က ဆလင်း စီးကရက် တစ် လိပ် ကို မီးညှိလိုက်၏။

'ဘာပဲပြောပြော ခင်ဗျားကို သတင်း ဆိုးတွေ တော့ ပြော ပြ ရ လိမ့် မယ်၊ ဒု တိ ယ ဥက္ကဋ္ဌ သုံးယောက်ဟာ နှုတ်ထွက်စာကို မ နေ့ တုန်း က ပင်ပင်ပန်းပန်း ရေးနေကြတယ်၊ ဟောဒီ အောက်ထပ်က ပုဂ္ဂိုလ်ကြီးကတော့ (ဥက္ကဋ္ဌနှင့် ဘုတ်အဖွဲ့ ချယ်ယာမင်ကို ဆိုလိုခြင်း ဖြစ်သည်) ဂပ်ဖ်အင် ဝက်စတင်နဲ့ လစ် တွန် အင် ဒပ် စ ထရီးစ် တို့ ဆီကို သွေးတိုးစမ်းနေလေရဲ့'

မိုက်က ဒေါသ တကြီး ရေရွတ်လိုက်သည်။

'ကြွက်တွေ စပြီး ထွက်ပြေး ကြလိမ့်မယ်လို့ ငါ မျှော်လင့်ထားပြီးသားပါကွာ၊ တို့အခြေအနေကလဲ သူတို့အတွက် မျှော်လင့်ချက် ကင်းမဲ့သလို ဖြစ်နေတာကိုး'

'ကျွန်တော်တို့ လုပ်ငန်း ပြီးဆုံးသွားတဲ့ အခါကျရင် ဖြစ်လာမယ့် အနေအထားရဲ့ ဆယ်ပုံ တစ်ပုံလောက် တောင် မျှော် လင့် ချက် မ ကင်း သေးပါဘူးလေ၊ ကဲ ကျွန်တော် အဲဒီ စကားလုံးလေးနဲ့ပဲ ပြန်တော့မယ် မိုက်ရယ်'

စတိုဗ် ပက်ဂျက်သည် နောက်ဆုံး သတင်းကြားချက်များကို ပြောခဲ့ရန်နှင့် အပေါ်ဝတ် ကုတ်အင်္ကျီ၊ ဦးထုပ်နှင့် အတက်ချီကေ့စ်တို့ကိုယူရန် သူ့ရုံးခန်းသို့ ပြန် သွား ခဲ့ သည်။ သူ့ အတွင်းရေးမှူးက ပြောလိုက်၏။

'မစ်(စ်)ဗိုဂလာ တယ်လီဖုန်း ဆက်တယ်၊ သူ့ဆီကို ပြန်ဆက်ပေးပါတဲ့'

'ကောင်းပြီ နန်စီ'

ဒိုင်ယာနီနှင့် အဆက်အသွယ်ရသောအခါ သူက တောင်းပန်လိုက်သည်။ သူ အရေးတကြီး သွားစရာရှိနေသည်။ သူတို့ ဒီကနေ့ ည သို့မဟုတ် မနက်ဖြန်ကျမှ ပြောရင် မဖြစ်ဘူးလားဟု ပြော လိုက် သည်။ ဒိုင်ယာနီက သူ့ တွင် မေးစရာ မေးခွန်း တစ်ခုပဲ ရှိသည်ဟု ဆိုသည်။

'ကျွန်မ ဘာလုပ်ပေးနိုင်သလဲ'

'မင်းက ကော်ပိုရေးရှင်းမှာ ဝင် အလုပ် လုပ်ချင်တယ်လို့ မိုက်ကို ပြော၊ တကယ်လို့ ဒီကိစ္စကို



www.burmeseclassic.com

www.burmeseclassic.com

လေးလေးနက်နက် သဘောထားတယ်ဆိုရင် မင်းက
ပွဲသိမ်းတဲ့အထိ မိုက်နဲ့ အတူ လက်တွဲ ရလိမ့်မယ်၊
ပျော်စရာ ရွှင်စရာကလေးတွေ အတွက် အချိန်ပို
လေးတွေ ရှိတော့မှာ မဟုတ်ဘူး ဒိုင်ယာနီ'

အတန်ငယ် ကြာအောင် ငြိမ်ကျသွားသည်။ ပြီးမှ

'ကျွန်မ အပေါ်မှာထားတဲ့ ရှင့် သဘောထားက
သိပ် မြင့် မလာသေးဘဲ ကိုး၊ ချောမောတဲ့ခရီး
ဖြစ်ပါစေ စတိဗ်ရယ်၊ ဒီကနေ့ည ရှင်ပြန် လာတဲ့
အခါ ကျွန်မနဲ့ ပြန်ဆက်သွယ်ပါ၊ ကျွန်မ ဒီမှာပဲ
ရှိနေပါ့မယ်'

ဗွီအိုင်အီးမှ အရာရှိကြီးများသာ စီးနင်းခွင့် ရသော
ရောခ်ဝဲလ် ဆာဗရီလိုင်းနား ဂျက်လေယာဉ်ပျံသည်
'လာဂွာဒီယာ' လေဆိပ်က စောင့်နေသည်။ ပက်ဂျက်
သည် ချီကာဂိုသို့ အသွားခရီးတွင် တရေးတမော
အိပ်ပြီး လိုက်ပါသွားသည်။

ဘီဒဗလျူရှင်ဒလာ ကော်ပိုရေးရှင်းမှ ဒုတိယ
ဥက္ကဋ္ဌ (အရောင်း) မစ္စတာ လွိုက်ဒ် ဖရေဇာ
ကြိုတင် ချိန်းဆိုချက် မရှိဘဲ စတီဖင်ပက်ဂျက်အား
လက်ခံတွေ့ဆုံရန် သဘောတူလိုက်သည်။

'ကျုပ် ဘာများ ဆောင်ရွက် ပေး နိုင် ပါသလဲ
မစ္စတာ ပက်ဂျက်'

စတိဗ်က ပြောလိုက်သည်။

'အလုပ်ကိစ္စကို နည်းနည်းပါးပါး စကား ပြော
ချင်လို့ပါ၊ ခင်ဗျား တို့က အယ် လီ ဆန် ကရိတ်

အဆိုစီယိတ်ကို ၂.၄ သန်း ဖိုး ရှိ တဲ့ မတ် ခ် နိုင်း
သေနတ်တွေ ရောင်းလိုက်တယ်'

ဖရေဇာ၏ မျက်လုံးများ ပြူးကျယ် လာကြပြီး
ပက်ဂျက်ကို တားမြစ် ရန် ကြိုးစား လိုက်သည်။
သို့ရာတွင် ပက်ဂျက်က အလျှော့မပေးပါ။

'အဲဒါက စာရွက်စာတမ်းတွေပေါ်မှာ၊ အီးယူစီ
ပေါ်မှာပါတဲ့ တန်ဖိုး၊ တကယ့် တန်ဖိုးက သုံးဆ၊
၇.၂ သန်းဖြစ်မယ်လို့ ကျုပ်နဲ့ ဗိုဂလာတို့က ယူဆ
ထားပါတယ်၊ ကျုပ်က ဒီကို အငေးအယူ လုပ်ဖို့
လာဘာပါ၊ ခင်ဗျားတို့က အဲဒီ ပစ္စည်းတွေကို
ပို့မပေးဘူးဆိုရင် ခင်ဗျားတို့ သတ်မှတ်တဲ့ နေရာ
ဘယ်နေရာမှာပဲ ဖြစ်ဖြစ် ဗွီအိုင်အီးက ဒေါ်လာ
ဆယ်သန်း ထည့်ပေးပါတယ်'

ဖရေဇာ မျက်တောင် တဖျတ်ဖျတ် ခတ်လိုက်
သည်။

'ခင်ဗျား အတွက် (စိတ်မနှံ့တဲ့ လူတွေကို ဝတ်
ပေးလေ့ရှိတဲ့) ဂုန်နီအိတ် ဂျာကင်အင်္ကျီ ယိုအပ်လိမ့်
မယ် မစ္စတာ ပက်ဂျက်'

'ကျည်ကာ စွပ်ကျယ်အင်္ကျီအပေါ်က ထပ်ဝတ်ဖို့
လား၊ ကောင်းပါပြီလေ၊ ကျုပ်စကားကိုပြန်ရုပ်သိမ်း
ပါတယ်၊ ကရိတ်ချ် အဆိုစီယိတ်ဟာ အီတလီနိုင်ငံက
ထုတ်ပေးတဲ့ အီးယူစီ လက်မှတ်တွေနဲ့ ဝယ်တာ
ဖြစ်တယ်'

'အဲဒီ စာရွက် စာတမ်းတွေမှာ ချွတ်ယွင်းချက်
လုံးဝ မရှိပါဘူး' ခပ်ဝဝ ခပ်ပြဲပြဲ မျက်နှာ ကြီး
ခရမ်းရောင် သန်းသွားသည်။ 'ကျုပ်တို့ရဲ့ အရောင်း

www.burmeseclassic.com

www.burmeseclassic.com

အဝယ် ကိစ္စဟာ ဗွီအိုင်အီးနဲ့ လုံးဝ မသက်ဆိုင်ပါဘူး'

'ကံမကောင်းချင်တော့ ခု ကိစ္စက သက်ဆိုင်နေတယ်၊ ခင်ဗျား ကြားလိုက်ရရင် အံ့အားသင့်ကောင်း အံ့အားသင့်သွားလိမ့်မယ်၊ ဒါပေမယ့် အဲဒီပစ္စည်းတွေက အီတလီကိုသွားမှာ မဟုတ်ဘူး၊ မစ်(စ်)ကရိတ်ချ်က ကင်းဖီးလ် ကွန်ဆိုလီဒိတ်တက်အတွက် အလုပ် လုပ်ပေးနေတယ်၊ အဲဒီ ပစ္စည်းတွေဟာ မဝမ်ဒီအတွက်ပဲ'

ဒါပဲပေါ့။ လို့ဂျက်ဖရေဇာက အဆက်အစပ်မရှိသော အပိုင်းအစကလေးများ ရုပ်လုံး ပေါ်လာကြသည်ကို သတိထားလိုက်မိသည်။ စီစီအိုင်၊ ကမ်မက်ကို ရွေ့တွင်းတွေ့သည်။ စီစီအိုင် စတော့ရှယ်ယာ အထူးတက်လာသည်။ ဗွီအိုင်အီး စတော့ရှယ်ယာ ဈေးကျသွားသည်။ မဝမ်ဒီမှာ ဟင်နရီဂါဒူးက ဗွီအိုင်အီးက ချုပ်ကိုင်ထားသော ဘာဆိုတိုက်ကို ဝင်တိုက်မည်ဟု ခြိမ်းခြောက်နေကြောင်း သတင်းစာများတွင် ပါရှိသည်။

ပက်ဂျက်က ပြောလိုက်၏။

'ကျုပ်တို့က အဲဒါတွေ ရောက်မသွားအောင် တားချင်တယ်'

'ခင်ဗျားက အချိန် ဖြုန်းနေတာပဲ၊ ခင်ဗျားအချိန်နဲ့ ကျုပ်အချိန်လေ၊ ဒီကုမ္ပဏီဟာ ဥပဒေနဲ့အညီ အာမခံထားတဲ့ကိစ္စတွေကို လေးလေးစားစား ဆောင်ရွက်ပေးလေ့ ရှိပါတယ်'



'ကျုပ်ကို ဒေါ်လာ ဆယ်သန်းထက် ပိုပေးဖို့ အာဏာကုန် လွှဲအပ်လိုက်ပါတယ်'

'ကျုပ်က လုံခြုံရေးကို လွှမ်းဆက်သွယ်ပြီး ခင်ဗျားကို ဆွဲထုတ်ခိုင်းဖို့ ကျုပ်ကို အာဏာပေးထားပါတယ်'

ဖရေဇာသည် ယခုညွှန်သည်ကို ထို့ထက် ပို၍ မြန်ဆန်စွာ နှင်မထုတ်နိုင်ခဲ့ပါ။

'ဂွဒ်ဘိုင် ပက်ဂျက်'

စတိုဗ်ပက်ဂျက် တံခါးပေါက်မှ ထွက်သွားခါစတွင် လို့ဂျက်ဖရေဇာသည် သူ့ ပွဲစားများထံ တယ်လီဖုန်း ဆက်လိုက်သည်။ သူက စီစီအိုင် အစုရှယ်ယာ ၅၀၀၀ ဝယ်ခိုင်းလိုက်သည်။ ပြီး ဗွီအိုင်အီး ရှယ်ယာ ၁၀၀၀၀ ကို ချရောင်းခိုင်းလိုက်သည်။ ထို့နောက် အသိပေးသင့်သူများထံ အသိပေးရန် တယ်လီဖုန်းကို ကောက်ကိုင်လိုက်ပြန်၏။

ထိုနေ့ မွန်းလွဲပိုင်း နောက်ပိုင်းတွင် တူလ်ဆာရှိ လာဖ်ဓာန် လေယာဉ်ပျံ ကုမ္ပဏီသို့ စတိုဗ်ပက်ဂျက် သွားရောက်ခဲ့သည့် ကိစ္စကလည်း အလားတူရလဒ်များကိုသာ ရရှိခဲ့သည်။ စတိဗ်ပက်ဂျက်သည် အမှုဆောင် ဒုတိယ ဥက္ကဋ္ဌကို ကျွန်အရာရှိ နှစ်ယောက်နှင့်အတူ တွေ့ခွင့်ရခဲ့သည်။ စတိဗ်က ဒေါ်လာ သန်း ၁၅၀ ပေးပါမည်ဟု ပြောနေစဉ် သူတို့က မျက်နှာထား ခပ်တင်းတင်းနှင့် နားထောင်နေကြသည်။ ထို့နောက် ယခုဆွေးနွေးချက်များကို ဗွီဒီယိုကင်မရာနှင့် ရိုက်ကူးထားကြောင်း ကရိတ်ချ်



www.burmeseclassic.com

www.burmeseclassic.com

အဆိုစီယိတ်၏ ထုတ်ကုန် ပါမစ်များတွင် ချွတ်ယွင်းချက် မရှိကြောင်း၊ ယခုကိစ္စတွင် စတီဖင်ပက်ဂျက် သို့မဟုတ် မိုက်ကယ်ဗိုဂလာ သို့မဟုတ် ဗွီအိုင်အီး၏ လုပ်ငန်းနှင့် လုံးဝ မသက်ဆိုင်ကြောင်း၊ လာဖ်တန်က စာချုပ်အတိုင်း လိုက်နာ ဆောင်ရွက်ပေးမည်သာ ဖြစ်ကြောင်း၊ ယခု စတိဗ်ပက်ဂျက်က ဗွီအိုင်အီး ကိုယ်စား လာရောက် ဆွေးနွေးသည့်ကိစ္စမှာ ကိုယ်ကျင့်သိက္ခာနှင့် မညီညွတ်ကြောင်း၊ အကယ်၍ လာဖ်တန်က ရှေ့ဆက်ပြီး အရေးယူလိုသည် ဆိုပါက စတိဗ်ပက်ဂျက်၏ အလုပ်ရှင်နှင့် ဗွီအိုင်အီးတို့သည် ရာဇဝတ်ကြောင်းအရ အရေးယူခံရမည် ဖြစ်ကြောင်း၊ ယခု တစ်ဦးနှင့် တစ်ဦး နားလည်မှု ရရှိသွားကြပြီဖြစ်ကြောင်း တစ်လှည့်စီ ပြောဆိုပြီး စတိဗ်ကို ပြန်လွှတ်လိုက်ကြသည်။

စတိဗ် ပြန်သွားချိန်တွင် ထိုပုဂ္ဂိုလ် သုံးယောက်သည် နေရာ အနှံ့အပြားသို့ တယ်လီဖုန်းဆက်ရန် ကပျာကယာ ထွက်ခွာ သွားကြတော့သည်။ အမှုဆောင် ဒုတိယဥက္ကဋ္ဌကမူ ဂါဒူးမြို့တော်သို့ပင် ဆက်သွယ်လိုက်လေ၏။

ဂါဒူးဂရင်းဟိုတယ်ရှိ သူ့အခန်းထဲတွင် အယ်လီဆန်ကရိုတ်ချ်သည် ညသန်းခေါင်ယံအထိ လောရင့်ဟောဘ့်ပါးနှင့် အလုပ်လုပ်နေသည်။ အရေးကြီးသော ပစ္စည်းများ ပါလာသည့် လေယာဉ်ပျံနှင့် ကမ်မ်ကို ဝန်ထမ်းများ နောက်ထပ် ရောက်ရှိ လာမှုကြောင့် ညသန်းခေါင်ယံအထိ အလုပ်လုပ်နေရခြင်းဖြစ်သည်။

သူ့ တယ်လီဖုန်းက အသံ မြည်လာသောအခါ အယ်လီဆန်က စိတ်ခမ်တိုတိုနှင့်မျက်မှောင်ကုတ်လိုက်မိ၏။ သို့ရာတွင် ကောက်ယူနားထောင်လိုက်သည်။ အယ်လီဆန်က ဟောဘ့်ပါးအား 'လာဖ်တန်–တူ ဆာလ်' ဟု ပြောလိုက်၏။ အယ်လီဆန်၏ ကုတ်ထားသော မျက်မှောင်သည် အူကြောင်ကြောင်နှင့် ကြောက်စိတ် ဝင်လာပုံရသည်။

စကား ပြော၍ ပြီးဆုံး သွားသော အခါ အယ်လီဆန်က သူ ကြားရသမျှကို ပြန်ပြောပြလိုက်၏။

'ပက်ဂျက်က ကျွန်မတို့ ထင်ထားတာထက် ပိုသိနေတာပဲ'

'ဗိုဂလာတော့ အတော်ကလေး ဒုက္ခရောက်နေပြီနဲ့ တူတယ်'

ဟောဘ့်ပါးက ပခုံးကို တွန့်လိုက်သည်။ သူက အလုပ်ကို အဆုံးသတ်ပြီး ပြန်သွားချင်လှပြီ။

အယ်လီဆန်က တယ်လီဖုန်း စကားပြောခွက်ကို ပြန်ကောက်ကိုင်လိုက်ပြန်၏။

'ကျွန်မ စီဂျေကို ပြောပြမှ ဖြစ်မယ်'

နယူးရောခ်နှင့် အဆက်အသွယ်ရရန် ဆယ့်ငါးမိနစ်ခန့်ကြာသည်။ နယူးရောခ်နှင့် အဆက်အသွယ်ရသောအခါ ယူနီယံကလပ်တွင် ဘဏ်မှမိတ်ဆွေများနှင့် အရက်သောက်နေသော စီဂျေနှင့် အဆက်အသွယ်ရဖို့ နောက်ထပ် ဆယ့်ငါးမိနစ် ကြာသွား

www.burmeseclassic.com

ပြန်သည်။ အယ်လီဆန့် သတင်းကို စီဂျေ ကြားနှင့်ပြီး လေ ပြီ။ မွန်း လွဲ ပိုင်း က ပြု လုပ် ခဲ့ သော နိုင်ငံခြားရေးဝန်ကြီး၏ သတင်းစာ ရှင်းလင်းပွဲက စီဂျေကို အရှုးအမူး ပျော်ရွှင်သွားစေခဲ့သည်။

'စီစီအိုင်တော့ သမိုင်း တွင်ရစ်ပြီဟေ့၊ စီစီအိုင် လေးမှတ် ခုန်တက် သွားတယ်၊ ဗွီအိုင်အီး ကတော့ စျေးကွက်မပိတ်ခင် ၉၅ အောက်ကို ရောက်သွားတယ်၊ လိုဂင်ရဲ့ ကြေငြာချက်ကိုလဲ လွှန် ခဲ့ တဲ့ တစ်နာရီက ဖြန့်ချီ ပေးလိုက်တယ်၊ မနက် ဖြန် ခါ စျေးကွက်ဖွင့်ရင် ကသောင်း ကနင်းတွေ ဖြစ်ကုန်တော့မှာပဲ၊ ကျုပ်က ပါတီပွဲကို ပြန်သွားဖို့ရှိတယ်၊ ဆက်သွယ် ပြောဆိုတဲ့အတွက် ကျေးဇူး တင်ပါတယ် အယ်လီဆန်၊ မင်္ဂလာရှိသော ညပါ'

အယ်လီဆန်က စကား ပြောခွက်ကို ပြန်တင် လိုက်၏။ သူ ကြား ရ သမျှ ကို ဟော့ ပါး အား ပြန်ပြောပြလိုက်သည်။

'ကျွန်မတို့ အနေနဲ့ အိမ် ဖြူ တော် ရဲ့ အတည်ပြုချက်ကို ရရှိခဲ့ပြီ၊ ကင်းဖီးလ်ကိုလဲ တ ရား ဝင် ချီးကျူးပြီးပြီ'

အယ်လီဆန်က သူ့ စကားကိုအဆုံးသတ်လိုက်၏။ အယ်လီဆန်သည် စားပွဲပေါ်၌ ရှိနေသော စာရွက် တစ်ထပ်ကြီးကို ကြည့်ရင်း စိတ်ပျက်သွားသည်။

ဟော့ပါးက ပြောလိုက်၏။

'မနက်ဖြန်ခါ မနက်ကျရင် လေယာဉ်ပျံကွင်းမှာ ခင်ဗျားအတွက် ရုံးခန်း အဆင်သင့် ဖြစ်ရပါစေမယ်'



ဟော့ပါးသည် သူ့ စိတ်ကူးနှင့် သူ ပျော်ရွှင်နေသည်။ ကင်းဖီးလ်သည် မည်သည့်ကိစ္စကိုမှ ဂရုမစိုက်ဘဲ ရက်ပေါင်းများစွာ ကြာအောင် ပျော်ပျော် ရွှင်ရွှင် ဖြစ်နေနိုင်သည်။ ဝမ်းနည်းကြေကွဲစရာ ကောင်းသော အဖြစ်အပျက် တစ်ခု ကြောင့် ကမ်မ်ကို ထိပ်ပိုင်း ဝန်ထမ်းများအား အပြောင်းအလဲ ပြုလုပ်ပေးရန် လိုအပ်လာချိန်အထိ ပျော်ပျော်ရွှင်ရွှင် ဖြစ်နေနိုင်ပါသည်။

'ခု လောလောဆယ်မှာတော့ လက်ရှိ နေရာမှာပဲ နေသင့်ပါတယ်'

အယ်လီဆန်ကလည်း ဇမ်းမြောက် ဝမ်းသာစွာ သဘောတူလိုက်သည်။ ထို့နောက် ပက် ဂျက် နှင့် ရွှေလည့်တွဲခဲ့သော အိပ် ခန်း ကို ပြန် မြင်ယောင် လာမိပြီး ဟော့ပါးအား ပြောလိုက်၏။

'နက်ဖြန်ခါကျရင် ကျွန်မကို တခြား အခန်းကြီး တစ်ခန်းကို ပြောင်းဖို့ စီစဉ်ပေးပါ လားရှင့်'

အမိန့်ပေးလိုက်ခြင်း ဖြစ်သည်။

'ဆောင်ရွက်ပြီးပြီလို့ပဲ ယူဆလိုက်ပါတော့'

အယ်လီဆန်နှင့် ဒီဘရီးစ်တို့ ချစ်ရည် လူးနေကြ ချိန်တွင် သူ့ အ ခန်း နှင့် ပို၍ ဝေး လေ လေ အကောင်းဆုံးဖြစ်လေလေဟု ဟော့ပါးကတွေးလိုက် မိလေ၏။

ဘော်ဖင်ပက်ဂျက်သည် ည ကိုးနာရီ ခွဲခါစတွင် သူ့ အိပ်ခန်းသို့ ပြန်လည် ရောက်ရှိလာသည်။

www.burmeseclassic.com

www.burmeseclassic.com

မိုက်ကယ် ဗိုဂလာက သူ့ခြံတွင် ရှိနေပြီး ဂျက်ကော့ဟတ်ရှ်က စကာစ်ဒေးလ်ရှိ သူ့အိမ်တွင် ရှိနေသည်။ စတိဗ်သည် တစ်ယောက်စီထံသို့ တယ်လီဖုန်းဆက်ရင်း သူ၏ တစ်နေ့တာ အဖြစ်အပျက်များကို ပြောပြလိုက်သည်။ ဗိုဂလာနှင့် ဟတ်ရှ်တို့ကလည်း နိုင်ငံခြားရေးဝန်ကြီးနှင့် သမ္မတကြီး၏ ကြေညာချက်တို့ကြောင့်မြို့အိုင်အီးအား ထိခိုက်နစ်နာစေပုံတို့ကို ပြောပြကြသည်။ ဗိုဂလာသည် ယခင်ကထက် ပို၍ ဆန္ဒပြင်းပြလာပုံရသည်။ သံသယစိတ်များနှင့် အညှိုးခံလိုစိတ်များ၏ ထိုးဖောက်ထိုက်ခိုက်မှုကို ခံနေရသော ဟတ်ရှ်ကမူ ထိုကဲ့သို့ မဟုတ်ပါချေ။

ပက်ဂျက်က ချောက်ချားအောင် လုပ်၍ ကုသသောနည်းကို အသုံးပြုလိုက်သည်။

'ဂျက်ကော့ရေ၊ ခင်ဗျားက တခြားတစ်နေရာရာမှာ အလုပ်တစ်ခုခုကို လိုက်ရှာမယ်ဆိုရင် ကျုပ်ကတော့ အပြစ်မတင်ပါဘူးဗျာ'

ထိုကုသနည်းက ထိရောက်သည်။ ဟတ်ရှ်က အော်ကြီးဟစ်ကျယ်နှင့် ကန့်ကွက်လိုက်ပြီးနောက် ဘာပဲဖြစ်ဖြစ် မြို့အိုင်အီးဘက်က ရာနှုန်းပြည့် ရပ်တည်ပါမည်ဟု ကတိပေးတော့သည်။

သူတို့နှစ်ယောက်နှင့် စကားပြောရသည်မှာ တစ်နာရီခန့် ကြာသည်။ ပက်ဂျက်က ရေနွေးနှင့် စိမ်၍ ရေချိုးရန် အဆင်သင့်ဖြစ်နေသောအချိန်တွင်မှ ဒိုင်ယာနီ့ထံ ဖုန်းပြန်ဆက်မည်ဟု ကတိပေးထားသည်ကို ပြန်သတိရလာသည်။ သူက တယ်လီဖုန်းဆက်လိုက်၏။ ဒိုင်ယာနီသည် တယ်လီဖုန်းနံဘေး၌ စောင့်နေသည့် အလားချက်ချင်း ကောက်ကိုင်သည်။

'ကျွန်မဆီကို လာခဲ့ပါလား စတိဗ်ရယ်၊ ကျွန်မ ရှင့်ကို သိပ်တွေ့ချင်တယ်'

'ကျုပ် တောင်းပန်ပါရစေလား ကွာ၊ ကျုပ် သိပ်ပင်ပန်းနေလို့ပါ'

'ရှင့် လိပ်စာကို ကျွန်မ သိပါတယ်၊ ရှင့်ဆီကို မိနစ်နှစ်ဆယ်အတွင်း ကျွန်မ အရောက်လာခဲ့မယ်'

ဂပ်စ်သည် မစ်(စ်) ဒိုင်ယာနီကို အောက်ထပ်ဧကြို့ဆို၍ ခုတ်လှေကားနှင့် ခေါ်လာပြီး ရေချိုးခန်းထဲမှ ရေစက်လက်နှင့် ထွက်လာသော စတိဗ်ပက်ဂျက်ကို နှုတ်ဆက်လိုက်၏။

'ကျုပ် ဘရွတ်ကလင်မှာ ရှိတဲ့ မိတ်ဆွေတွေဆီ သွားပြီး ညအိပ်တော့မယ် လက်ဖတင်နင်'

သူက မစ်(စ်)ဒိုင်ယာနီ့ နံဘေးမှ ကျော်ဖြတ်၍ အပြင်ဘက်ရှိ စင်္ကြံလမ်းထဲသို့ ထွက်သွားတော့သည်။

စတိဗ်က ဒိုင်ယာနီ့ထံမှ အဖြူရောင် သားမွေးအင်္ကျီကို လှမ်းယူလိုက်သည်။ ဒိုင်ယာနီသည် စတိဗ် ခေါ်ဆောင်လာသော ဧည့်ခန်းထဲသို့ လိုက်လာရင်း 'သက်သောင့်သက်သာ ရှိသားပဲ' ဟု ပြောလိုက်၏။ ဒိုင်ယာနီက ဧည့်ခန်း ပတ်ပတ်လည်ကို လျှောက်ကြည့်နေသည်။




www.burmeseclassic.com

www.burmeseclassic.com

'ကျွန်မ ထင် ထား တာ နဲ့ တော့ တ ခြား စီ ပဲ၊ ထိရစ္ဆာန် ဦးခေါင်းတွေ၊ သေနတ်တင်တဲ့ စင်တွေ မရှိဘူး'

'ကျုပ် ကလေး ဘဝကတည်းက ထိရစ္ဆာန်တွေကို အမဲမလိုက်တော့ဘူး၊ ကျုပ်က အဲဒါမျိုးကို မလုပ်ရက်ဘူး'

ဒိုင်ယာနီက ပြောလိုက်သည်။

'ရှင်က လူတွေကို အမဲလိုက်တဲ့ အခါမှာတော့ ဘာ ပြဿနာမှ မရှိပါလား'

စတိဗ် စိတ်တိုလာသည်။

'ကွာခြားမှု ရှိနေတယ်လေ၊ သူတို့က သေနတ်နဲ့ ပြန်ပစ်နိုင်တယ်'

စတိဗ်က ဆလင်း စီး က ရက် တစ် လိပ် ကို နှုတ်ခမ်းကြားတွင် ညှပ်ထားလိုက်၏။

'သိပ် အရေးကြီးတယ်ဆိုတဲ့ ဘာ သာ ရပ် ကို ပြောကြရအောင်လား'

'ကျွန်မတို့က အဲဒီ ဘာသာရပ်ကို ပြောနေတာပဲ စတိဗ်၊ ချားလ်စ်ကင်းဖီးလ်ဟာ အကာအကွယ်မရှိတဲ့ တိရစ္ဆာန် မ ဟုတ် ပါ ဘူး၊ ကျွန်မတို့က သူ့ကို အမဲလိုက်သင့်တယ်'

စတိဗ်က စီးကရက်ကို မီးညှိပြီး ငေးစိုက်ကြည့်နေသည်။

'ကျွန်မက ရှင်နဲ့ မိုက်နဲ့ ဂျက်ကော့တို့ ပြောနေတဲ့ စကားတွေကို နာ ရီ ပေါင်း များ စွာ ကြာအောင် နားထောင်နေခဲ့တယ်၊ရှင်တို့က သတ်မှာဖြတ်မှာတွေ အစုလိုက် အပြုံလိုက် သတ်မယ့် ကိစ္စတွေ၊ တန်ပြန် အရေးယူမယ့် အကြောင်းတွေကိုချည်းပဲ ပြောနေကြတယ်၊ ရှင်တို့အားလုံးက ထင် ထင် ရှား ရှား ကြီး ဖြစ်နေတဲ့ ကိစ္စကိုတော့ တစ်ယောက်မှ မပြောရဲကြဘူး၊ ကင်းဖီးလ် ဆိုတဲ့ လူ တစ်ယောက်ကို ရှင်းလိုက်ရင် အားလုံး ကိစ္စပြတ်သွားမှာပဲ'

သူ လေးလေးနက်နက် ပြော နေ တာ ပဲ ဟု စတိဗ် တွေးလိုက်မိသည်။ ဒိုင်ယာနီနှင့် အယ်လီဆန် ကရိုက်ချ်တို့ သည် အတွေးအခေါ် ချင်း တူကြသော ကြောက်စရာကောင်းသည့် အမျိုးသမီးများ ဖြစ်ကြသည်။ စတိဗ်ကသူ့အတွက် ဘလက်လေဘယ် ဝီစကီ ခပ်များများကို ထည့်ယူလာပြီး ပြောလိုက်သည်။

'မဖြစ်ဘူး၊ ပထမ အ ချက် က တော့ လုံခြုံရေး ကြောင့် သူ့အနားကို ကပ်နိုင်မှာ မဟုတ်ဘူး'

'လုံခြုံရေးကြောင့်တဲ့လား၊ တကယ် အဆင့်မြင့်တဲ့ လူတွေကိုတောင် ကမ္ဘာ့ အရပ်ရပ်မှာ လုပ်ကြံ နေကြတာပဲ ဥစ္စာ'

'အဲဒါလဲ အဓိပ္ပာယ် မရှိဘူး၊ ခု အချိန်အထိ ကင်းဖီးလ်ရဲ့ အစီအစဉ်တွေက တိုးတက်မှုရှိနေတယ်၊ လူတွေ အများကြီးပါနေသလို ဆုံးရှုံးရမှာတွေကလဲ အနှံ့ဒေး ဖြစ်နေတယ်၊ သူတို့ကလဲ ဆက်လုပ်သွားကြဦးမှာမယ်'

'ခေါင်းကို ဖြတ်လိုက်တယ်ဆိုရင်....'

'အဲဒါကလဲ မမှန်ကန်ပါဘူး၊ အလုပ်လဲ မဖြစ်ပါဘူး၊ ဂျေအက်ဖ်ကနေဒီ၊ ဖိုင်ဇယ်ဘုရင်၊ အန်ဝါဆဒတ်၊ အင်ဒီရာဂန္ဒီတို့ဟာ လုပ်ကြံ ခံခဲ့ရတယ်၊ ဒါပေမယ့် ခေါင်းဆောင်သစ်တွေ ပေါ်ပေါက်




www.burmeseclassic.com

www.burmeseclassic.com

လာပြီး အစိုးရတွေက ဆက်အုပ်ချုပ် သွားကြတာပဲ'

'စီစီအိုင်က အစိုးရမှ မဟုတ်တာ'

'အတူတူပါပဲ၊ ကော်ပိုရေးရှင်းကြီးတွေမှာ ခေါင်းဆောင်ပိုင်းက တစ်ခုခု ဖြစ်သွားရင် ဒါရိုက်တာလူကြီးတွေက အစားထိုးရမယ့်လူတွေကို ရွေးပေးကြတာ ချည်းပဲ၊ ကျုပ်တို့က လမ်းအိုလမ်းဟောင်းကြီးအတိုင်း လိုက်ရမယ်၊ ယန္တရားကို ဖျက်ဆီး ပစ်ရမယ်၊ သပ်လျှိုရမယ်၊ ညီညွတ်မှု ပျက်အောင် လုပ်ရမယ်၊ အဲဒီနောက်တော့ သူ့အလိုလို ပျက်စီးသွားပါစေလို့ ဆုတောင်းရတော့မှာပဲ'

ဒိုင်ယာနီက အလျှော့ပေးလိုစိတ် မရှိပါ။

'ချယ်ယာမင် အသစ်တွေကတော့ ကင်းဖီးလ်လို မိုက်ကို မုန်းတဲ့စိတ်မျိုး ရှိနိုင်မယ် မထင်ပါဘူးလေ၊ ကင်းဖီးလ်ကို အပြတ် ရှင်းလိုက်ရင် ကိုယ်ရေးကိုယ်တာ လက်စားချေချင်တဲ့ကိစ္စ ပျောက်ကွယ်သွားလိမ့်မယ် ထင်တယ်၊ အဲဒီနောက်တော့ စီးပွားရေးလုပ်ငန်းချင်း ပြိုင်တာမျိုးသက်သက်ဆိုရင် မိုက်က သူ့ကိုယ်သူ ဒုက္ခမပေးဘဲနဲ့ ထိန်းသွားနိုင်ပါလိမ့်မယ်'

'မှားတယ်၊ နောက်ဆက်ခံတဲ့လူက ဆက်လုပ်ရမှာပဲ၊ ပြီးတော့လဲ ကမ်မ်ကို ဆိုတာ စီစီအိုင်ဆိုတဲ့ ခွေးရဲ့ နောက်ဘက်က နှံ့နေတဲ့ အမြီးပဲ၊ အခု ဖြတ်တောက်ပစ်ရမှာက အမြီး၊ ခေါင်းကို ဖြတ်ပစ်ရမှာ မဟုတ်ဘူး'

'အဲလေ ကင်းဖီးလ်မရှိတော့ဘူးဆိုရင် ကမ်မ်ကိုရဲ့ အကြီးအကဲဟာ ဘယ်သူဖြစ်မလဲ'

'လက်ရှိလူပဲပေါ့၊ အယ်လီဆန့်ကရိုတ်ချ်လေ'

'ဘုတ်အဖွဲ့ဝင် လူကြီးတွေက သူ့ကို လက်ခံကြမှာ မဟုတ်ဘူး၊ ဖယ်ပစ်လိမ့်မယ်'

'ဘယ်ရမလဲ၊ အယ်လီဆန့် ကရိုတ်ချ်က အော်ပရေးရှင်း တစ်ခုလုံးကို ထိန်းချုပ်ထားတာ၊ သူ့ကို ဖယ်ရှားပစ်လို့ မရသလို လူစားထိုးလို့လဲ မရဘူး'

'တော်တော်ဆိုတဲ့ စာပါလား'

စတိဗ်က ဒိုင်ယာနီနှင့် အကြည့်ချင်းမဆုံမိအောင် ရှောင်လိုက်ပြီး စီးကရက် အသစ် တစ်လိပ်ကို ယူလိုက်သည်။

ဒိုင်ယာနီက ငေါ့တော့တော့ ပြောလိုက်သည်။

'ရှင်က ဗူမြွေသိက္ခာရှိတယ်၊ ရှက်လဲ ရှက်တတ်တယ်'

စတိဗ်က စီးကရက်ကို မီးညှိ လိုက်ပြီးနောက် မီးခေါင်ချက်ကို ထိပ်တိုက် တုံ့ပြန်လိုက်သည်။

'ပြီးတော့လဲ မရှူးမနှမ်းဘူး၊ မြော်မြင် ဆင်ခြင်တတ်တယ်'

'မိုက်က ကျွန်မအဖေ ဖြစ်နေလို့လို့ ရှင်က ဆိုချင်တာလား'

'ဟုတ်တယ်၊ အဓိကပဲ ဆိုပါတော့'

'တခြား ဘာရှိသေးသလဲရှင်'

'မင်းက တကယ့်ပြဿနာပဲ'

www.burmeseclassic.com

www.burmeseclassic.com

'အရင်ကတော့ ဟုတ်ပါတယ်၊ ဒါပေမယ့် တစ်ခါတစ်ရံမှပါ'

ထို့နောက် ဒိုင်ယာနီက ရယ်လိုက်၏။

'ကဲပါရှင်ရယ်၊ ကျွန်မကပဲ စစ်ပြေငြိမ်းဖို့ စပြီး ပြောပါရစေတော့'

ဒိုင်ယာနီက စတိဗ်အား လက်ကမ်း၍ ကြိုဆိုလိုက်လေ၏။

## ၂၈

လက်လွှတ်ဆုံးရှုံးခဲ့ရပြီဖြစ်သော 'အင်ပိုင်ယာ' အချိန်ကာလကို တသသ ဖြစ်နေဆဲပင် ရှိသေးသည့် ဗြိတိသျှ လူမျိုးများသည် ယခင်က ကိုလိုနီဖြစ်ခဲ့ဖူးသော အာဖရိကတိုက် နိုင်ငံများ၌ ဖြစ်ပျက်နေသမျှတို့ကို ကောင်းသည်ဖြစ်စေ ဆိုးသည်ဖြစ်စေ စိတ်ဝင်စားလေ့ ရှိကြသည်။ ထို့ကြောင့် ဒေါက်ဂလပ်စ်ဖီးလ်ဒင်းက လန်ဒန်၌ ကြေညာချက် ထုတ်ပြန်လိုက်သည်မှာ သဘာဝကျပါပေသည်။ သတင်းစာ တိုက်ကြီးများတည်ရှိရာ 'ဖလိ' လမ်း... ပုဂ္ဂိုလ်များက ပတ်ခ်လိမ်း လမ်းပေါ်တွင်ရှိသော ...ဟီလ်တန် ဟိုတယ်သည် 'ဈေးကြီးသော အမေရိကန်... ကုန်ပစ္စည်းများကို ကြေညာသည့်နေရာ' အဖြစ် သတ်မှတ်လေ့ ရှိသည်။ ထို့ကြောင့် သူ... ထိုဟိုတယ်ရှိ ဈေးကြီးသော သူ့အိပ်ခန်းကျယ်ကြီး ထဲ၌ သတင်းစာ ရှင်းလင်းပွဲ ကျင်းပသည်မှာ သဘာဝကျပါသည်။

စာနယ်ဇင်းလောကမှ သတင်းစာ ဆရာများနှင့် ဓာတ်ပုံဆရာ နှစ်ဆယ်ခန့် လာရောက်ကြသည်။ အရက်အမျိုးစုံရှိသော ဘားကောင်တာက သူတို့ကို စိတ်ရွှင်လန်းစေသည်။ အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားကြသော စားပွဲထိုး နှစ်ယောက်ကလည်း ဖန်ခွက်များထဲသို့ လက်မလည်အောင် ငှဲ့ထည့်ပေးနေကြရသည်။

အင်္ဂလန်နိုင်ငံတွင် ဆောင်းရာသီသို့ ရောက်ရှိနေသော့ကြောင့် အပြင်ဘက်တွင် အေးမြနေသော်လည်း ပူအိုက်သော အာဖရိကတိုက်မှ လေယာဉ်မောင်း ဝတ်စုံကို ဝတ်ဆင်ထားသူ ဒေါက်ဂလပ်စ်ဖီးလ်ဒင်းသည်အရက်ကြောင့်ဖြစ်ပေါ်စေသော အကျိုးသက်ရောက်မှုများကို ခန့်မှန်းရာတွင် ကျွမ်းကျင်သူ ဖြစ်သည်။ အုပ်စုတစ်ခုလုံး နားထောင်ကြမည့် အချိန်သို့ အရောက်တွင် ဒေါက်ဂလပ်စ်ဖီးလ်ဒင်းက စာနယ်ဇင်းဆရာများကို အနည်းငယ် ငြိမ်ကျသွားအောင် နှိုးဆော်လိုက်သည်။ သူကိုယ်တိုင်လည်း အတော်ကလေး မူးနေပုံရသည်။

သူက သူ့ကိုယ်သူ မိတ်ဆက်လိုက်၏။ သူ့... နာမည်မှာ ဝေငှထားသော စာရွက်များထဲတွင် ပါရှိပြီးဖြစ်သဖြင့် ရိုးတိုး ရှန့်တန့်နှင့် ပြောလိုက်သည်။





www.burmeseclassic.com

www.burmeseclassic.com

'ကျုပ်က ဝက်စ်အာဖရိကန် ပိုင်းလော့အသင်း (အနောက်အာဖရိက လေယာဉ်ပျံ မောင်းသူများ အသင်း) ဒီဗလျူအေပီအေရဲ့ ဥက္ကဋ္ဌပါ'

တစ်ယောက်က မေးလိုက်၏။

'အလုပ်သမား သမဂ္ဂလား'

'မဟုတ်ပါဘူးဗျာ၊ မဟုတ်ပါဘူး၊ ကျုပ်တို့က ပေးမယ့်တမ်းမယ့် လူတွေဆီမှာ လက်ဝါးဖြန့်ပြီး လိုက်တောင်းနေတဲ့ လက်ဖြန့်ခံ အဖွဲ့ အစည်း တစ်ခုပါ'

ဤတွင် စျေးကြီးသော ဟိုတယ် အခန်းကြီး တစ်ခန်း၌ ငွေ ကုန်ကြေးကျခံကာ အရက်တိုက်သည့် အတွက် မကျေမနပ်နှင့် တစ်ယောက် တစ်ပေါက် ဝေဖန်ကြသည်။ ဖီးလ်ဒင်းက အများတကာထက် ပို၍ ကျယ် ကျယ် လောင် လောင် ရယ် လိုက်၏။ ဖီးလ်ဒင်းက ပြောလိုက်သည်။

'အမေရိကန်ဝေတွေရဲ့ ရက်ရောမှုပေါ့ဗျာ၊ ခုအချိန် အထိ ပိုက်ဆံလှိမ့်ဝင်နေတဲ့ လူတွေကတော့ အာရပ် တွေနဲ့ အမေရိကန်တွေပဲ၊ အမေရိကန်တွေက ငွေ လူအထင်ကြီးအောင် သုံး စွဲ တတ် တယ်၊ အခု သူ တို့ က ဒီဗလျူအေပီအေကို ငွေတွေ ပုံပေး ထားတယ်'

'လိုရင်းကို ပြောစမ်းပါဗျာ'

အသံတစ်သံက ပြောလိုက်၏။ စာနယ်ဇင်း ဆရာ များ သည် အ ရက် ကို အလကား သောက်ချင် သော်လည်း တစ်နေကုန် သောက်နေဖို့ အချိန်မရ ကြပါ။ အာအေအက်ဖ် (ဘုရင့်လေတပ်မတော်)



ဒုဗိုလ်မှူးကြီးဟောင်းက အသေးစိတ်များကို ရှင်းပြ စေချင်သည်။

ဖီးလ် ဒင်း က ကတ်ဒ် ဟူး မော့ ဝီ စ ကီ ကို ခပ်များများ မော့ချလိုက်ပြီး အများ ဆန္ဒကို လိုက်လျောလိုက်သည်။

အနောက်အာဖရိက လေယာဉ်ပျံမောင်းသူများ အသင်း (ဒီဗလျူအေပီအေ) ၌ ပါဝင်သော လူဖြူ လူမည်း ပုဂ္ဂိုလ် အားလုံးသည် လေယာဉ်ပျံငယ် များနှင့် အငှားလိုက် မောင်းနှင်ပေးသူ၊ တတိယ တန်းစား လေယာဉ်ပျံ ကုမ္ပဏီများတွင် မောင်းနှင် ရသူ၊ ကြုံရာဆုံရာတွင် ပျံကျမောင်းနှင်၍ စားသောက် ရသူများသာ ဖြစ်ကြောင်း၊ တစ်ကမ္ဘာလုံးတွင် ကျရောက်သော စီးပွားပျက် ကပ်ငယ်ကလေးသည် အာ ဖ ရိ က တွင် အခြေ အနေ ပိုမို ဆိုးရွား ကြောင်း၊ လေ ယာဉ် ပျံ မောင်း နှင် သူ ပေါင်း မြောက်မြားစွာ အလုပ်လက်မဲ့ ဖြစ်ကုန်ကြသကဲ့သို့ လေယာဉ်ပျံ ကုမ္ပဏီငယ်ကလေးများသည် အခြေ အနေ ယိုင်နဲ့နေကြပြီး ဒေဝါလီခံရမည့်ဆဲဆဲ ဖြစ်နေ ကြကြောင်း၊ အလုပ်လက်မဲ့ ဖြစ်နေသူ ပိုင်းလော့ များနှင့် လခ နည်းနည်းသာရသော ပိုင်းလော့များ ထဲမှ လူပေါင်းငါးဆယ်ခန့်က ဒီဗလျူအေပီအေကို ဖွဲ့စည်းခဲ့ကြကြောင်း၊ အာဖရိကတိုက်အနောက်ဘက် ခြမ်းတွင် လာရောက်လုပ်ကိုင်နေကြသော အမေရိကန် နိုင်ငံတကာ ကော်ပိုရေးရှင်းကြီးများသည် ဧည့်သည်တို့ကို လူသိများလာစေရေးနှင့် ထိုဒေသမှ အထင်ကြီးမှုကို ခံရစေရေးတို့ အတွက် နည်းလမ်း အမျိုးမျိုးကို



www.burmeseclassic.com

www.burmeseclassic.com

ကြုံဆလေ့ရှိကြကြောင်း၊ ၎င်းတွင် ဒဗလျူအေပီအေက လေယာဉ်ပျံမောင်း ပြိုင်ပွဲများ၊ စွန့်စွန့်စားစား ပျံသန်းပြသမှုများ စသည်တို့ပါဝင်သည့် လေယာဉ်ပျံ ပြသပွဲတစ်ခုကို ကျင်းပ ပြုလုပ်ရန်ဆိုသည့် စိတ်ကူး စိတ်သန်း ကောင်း တစ်ခုကို ရရှိလာကြောင်း၊ ထိုပြပွဲတွင် အကောင်းမွန်ဆုံး အချက် တစ်ချက်မှာ အသားအရောင် ခွဲခြားမှု မရှိခြင်းပင် ဖြစ်ကြောင်း ရှင်းပြလိုက်သည်။

'အရင်က ကျင်းပခဲ့ဖူးပါသလား'

အသံတစ်သံက မေးလိုက်၏။

'ကျင်းပခဲ့ဖူးတယ်ဆိုရင် ကျုပ်တို့တော့ မကြားခဲ့ကြဖူးပါဘူး'

ဖီးလ်ဒင်းက ပခုံး တွန့်ပြလိုက်ပြီး နောက် ဆက်ပြောလိုက်ပြန်၏။

'ဒါကြောင့် ကျုပ်တို့ ဒဗလျူ အေ ပီ အေ က လေလံပစ်ပွဲ တစ်ခုကို ကျင်းပခဲ့ပါတယ်၊ အများဆုံး ငွေကြေး ကုန်ကျခံမယ့် ကုမ္ပဏီက က မ က ထ လုပ်နိုင်ခွင့်နဲ့ အကျိုး ကျေးဇူး တ ရား မှန်သမျှကို ရရှိမှာ ဖြစ်ပါတယ်၊ အဲဒီ လေလံပွဲမှာ အများဆုံး ငွေကြေး ကျခံမယ့် ကုမ္ပဏီကတော့ ဗိုဂလာအင်တာ နေရှင်နယ် အင်တာပရိုက်စ် ဘာ ဆို တို လီမိတက် ဖြစ်ပါတယ်၊ အချက်အလက် အား လုံး က တော့ ဝေငှထားတဲ့ စာရွက်ထဲမှာ ပါတဲ့အတိုင်း စုစုပေါင်း ဆု ကြေး ငွေ အဖြစ် ဒေါ် လာ တစ် သန်း တိတိ ကျခံမှာ ဖြစ်ပြီး ကုန်ကျစရိတ် အား လုံး ကို ပါ ကျခံမှာ ဖြစ် ပါ တယ်၊ လေ ယာဉ် ပျံ ပြ ပွဲ ကို



ဂါလာမြို့မှာ မတ်လ ၁၆ ရက်နေ့က စ တင် ပြီး ကျင်းပမှာ ဖြစ်ပါတယ်'

တိုင်းမ်စ် သတင်းစာမှ မသပ်မရပ်နှင့် ပုဂ္ဂိုလ်က မေးခွန်း ထုတ်လိုက်၏။

'ဒဗလျူ အေပီအေမှာ ပါဝင်တဲ့ ပိုင်း လော့ တွေဟာ အလုပ်မရှိတဲ့ တဘိယတန်းစားလေယာဉ်ပျံ ကုမ္ပဏီတွေမှာ အလုပ်လုပ်တဲ့ လူတွေလို့ ခင်ဗျား ပြောသွားပါတယ်၊ သူဘို့က လေ ယာဉ်ပျံတွေ ကို ဘယ်က ရလာမှာလဲ၊ ပြန်ပေး ဆွဲလာကြမှာလား'

ဖီးလ်ဒင်းက မျက်စ တစ်ချက်ပစ်ပြီး ပြောလိုက် ပြန်၏။

'အမေရိကန်တွေကို ထပ်ပြီး ကျေးဇူးတင်ရမှာပဲ၊ ကျုပ်တို့က တရားမဝင် ဆွေး နွေး လိုက် တဲ့ အ ခါ ကျတော့ ရေနံ တာယာ စတဲ့ လုပ် ငန်း တွေ ကို လုပ်ကိုင်ကြတဲ့ အမေရိကန်ကုမ္ပဏီကြီးတွေက သူတို့ရဲ့ ကုမ္ပဏီ နာမည်တွေနဲ့ တစ်စီးစီ၊ နှစ်စီးစီ ဝင်ပြီး ပါဝင် ယှဉ်ပြိုင်ကြလိမ့်မယ်'

ခေါင်းညိတ်လိုက်ကြပြန်၏။ ထိုနည်းမှာ အခမဲ့ ကြော်ငြာသော နည်းတစ်မျိုးပင် ဖြစ်သည်။

'ဆုပေးမယ့်ငွေတွေကို ဘယ်လို ခွဲဝေပေးမှာလဲ'

'လက်ကမ်းစာစောင်ထဲမှာ ပြိုင်ပွဲအလိုက် ပထမ၊ ဒုတိယ၊ တတိယတွေကို ဆုငွေတွေ သတ်မှတ်ပေး ထားပါတယ်၊ ပြီးမှ ဆုရတဲ့ အ ဖွဲ့သား တွေနဲ့ ဒဗလျူအေပီအေက အဲဒီ ရန်ပုံငွေ တွေကို ငွေကြေး ကျုပ်တည်းတဲ့ အဖွဲ့ဝင်တွေအတွက် အတိုးမဲ့ ချေး သွားမှာပါ'



www.burmeseclassic.com

www.burmeseclassic.com

ထိုသဘင်းမှာ ကမ္ဘာကို တုန်လှုပ် ချောက် ချား သွားစေသည့် သတင်းကြီး မဟုတ် သော်လည်း သတင်းစာ အတွင်းဘက်ပိုင်းမှ စာမျက်နှာများတွင် စာပိုဒ်ရေ အနည်းငယ်နှင့် ဖော်ပြသင့်သော သတင်း ပုဒ်တို ဖြစ်သည်ဟု အယ်ဒီတာ အများစုက ယူဆကြသည်။

အသားရောင် ကွဲပြားသူအချင်းချင်း တင်းမာမှု၊ ပဋိပက္ခ ဖြစ်ပွားမှု စသည်တို့သည် ဗြိတိန် နိုင်ငံ၌ တွေ့ကြုံနေရသော ပြဿနာ အချို့ ဖြစ် သည်။ ယခင်က ဗြိတိသျှကိုလိုနီဖြစ်ခဲ့ဖူးသောနိုင်ဂျီးရီးယား နိုင်ငံတွင် ကာလ ရှည်ကြာစွာ တာဝန် ထမ်းဆောင် နေသည့် ဗြိတိသျှ ဘုရင့် လေတပ်မတော်မှ အရာရှိ ဟောင်းတစ်ဦးက အသားအရောင်ခွဲခြားမှု မရှိသော 'အနောက် အာဖရိကမှ လေယာဉ်ပျံ မောင်းနှင်သူ များအသင်း' ကို ထူထောင်လိုက်ခြင်းသည် ဆူပွက် နေသည့် လူမျိုးရေး စိတ်ခံစားမှုများကို နှစ် သိမ့် မှု ပေးနိုင်သော ဆီ တစ်စက် နှစ်စက်ပင် ဖြစ်လိမ့်မည်ဟု ယူဆရသည်။

၎င်းအဲပြင် ယနေ့ အထိ လူကြိုက် များနေဆဲ ဖြစ်သော လေယာဉ်ပျံပြပွဲကို ယခင်က ဗြိတိသျှတို့၏ နေမဝင်သော အင် ပါ ယာ တွင် ပါဝင်ခဲ့ဖူးသည့် 'အာဆိုတို' ၌ ကျင်းပမည် ဖြစ်ပေသည်။

ဖိုင်နန်ရှယ်တိုင်း သတင်းစာနှင့် ဒေးလီးတယ်လီဂရပ်ဖ် သတင်းစာ တို့ က မူ နယူးရောခ် စတော့ ရှယ်ယာ ဈေးကွက်တွင် ဆိုးဆိုးရွားရွား ဈေးကျ နေသော ဗွီအိုင်အီး၏ လက်အောက်ခံ ကုမ္ပဏီတစ်ခုက ယခုလို အခြေအနေမျိုးတွင် ငွေ ကုန် ကြေးကျ ခံ၍ လူသိများအောင် ရှုးရှူး နှမ်းနှမ်း စတန့် ထွင်သည့် ကိစ္စကို ဝေဖန်သုံးသပ်ကြသည်။

ဥရောပတိုက်နှင့် အာဖရိကတိုက်မှ သတင်းစာ များသည် ထိုသတင်းကို အင်္ဂလိပ် သတင်းစာများနှင့် သတင်း ဖြန့်ချိရေးဌာနများမှ ရယူ ဖော်ပြကြသည်။ သတင်းစာ အ များ စု က 'အမေရိကန်များသည် "လှုပ်ရှားမှု" နှင့် "ဆောင်ရွက်မှု" တို့ကို ကွဲကွဲ ပြားပြား နားလည်ကြသူများ မ ဟုတ် ကြောင်း၊ အခက်ခဲဆုံး ပြဿနာများကို ဟောလီးဝုဒ် စတိုင် လူသိများအောင် ဆူဆူညံညံ ကြော် ငြာ ခြင်း ဖြင့် အဖြေထုတ်၍ ရနိုင်သည် ဟူ၍သာ ကျဉ်းမြောင်းစွာ နားလည်နေကြကြောင်း' ဝေဖန် သုံးသပ် ကြသည်။

စာနယ်ဇင်း အများအပြားနှင့် သတင်းထောက် များက အချက်အလက် အသစ်များကို ရယူလိုသော ကြောင့် ဟီလ်တန် ဟိုတယ်သို့ တယ် လီ ဖုန်း နှင့် ဆက်သွယ် ကြသောအခါ ဒေါက်ဂလပ်စ်ဖီးလ်ဒင်း သည် သတင်းစာ ရှင်းလင်းပွဲ ပြု လုပ် ပြီး နောက် နိုင် ဂျီး ရီး ယား နိုင်ငံ၏ မြို့တော် လားဂိုးစ်သို့ လမ်းခရီးတွင် အဆင့်ဆင့် နား၍ ပြန်လည်ထွက်ခွာ သွားပြီဖြစ်ကြောင်း သိရတော့သည်။

လားဂိုးစ်သို့ တယ်လီဖုန်း ဆက်ကြသောအခါ ဒဗလျူအေပီအေ၏ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး တို့ သည် ခရီးလွန်နေကြကြောင်း၊ လောလောဆယ်တွင်





www.burmeseclassic.com

www.burmeseclassic.com

အလုပ်လက်မဲ့ ဖြစ်နေသဖြင့် ရုံးစောင့် တာဝန်ယူနေရသူ 'အိုလီဆီဂမ်' က အဖြေပေးသည်။

ဗွီအိုင်အီး ဘာဆိုတို လီမိတက်သို့ တယ်လီဖုန်းဆက်သောအခါ ပို၍ ရေရေရာရာ သိကြရသည်။ အီယန်ဘာလိတ်က ဂါလာမြို့တွင် လေယာဉ်ပျံပြပွဲကို ကျင်းပမည် ဖြစ်ကြောင်း၊ ၎င်းပြပွဲအတွက် နယူးရောခ်ရုံးချုပ်သို့ အသိပေးရန်သာလိုပြီး ခွင့်ပြုချက်တောင်းခံရန် မလိုကြောင်း ဖြေကြားသည်။

နယူးရောခ်မြို့ရှိ ဗွီအိုင်အီး ရုံးချုပ်သို့ မေးမြန်းသောအခါတွင် လည်း အီယန်ဘာလိတ် ဖြေကြားသကဲ့သို့ ၎င်းတွင် လုပ်ပိုင်ခွင့် ရှိကြောင်း၊ ယခုကိစ္စတွင် ရုံးချုပ်က ပါဝင် ဆောင်ရွက်ခြင်း မရှိကြောင်း ဖြေကြားသည်။ ဗွီအိုင်အီး စတော့ရှယ်ယာဈေးဆက်လက် ကျဆင်းနေသည့် ကိစ္စနှင့် မကြာသေးမီက ရုံးချုပ်နှင့် လက်အောက်ခံ အဖွဲ့အစည်းများမှ အရာရှိကြီးများ နုတ်ထွက် သွားကြသည့် ကိစ္စနှင့်ပတ်သက်၍ ဗွီအိုင်အီး ရုံးချုပ်ရှိ မြည်သူ့ဆက်ဆံရေး ဌာနက မှတ်ချက် တစ်စုံတစ်ရာပေးရန် မရှိကြောင်း ဖြေကြားသည်။

'ဘယ်သူက မှတ်ချက်ပေးနိုင်ပါသလဲ'

'ဘုတ်အဖွဲ့ ချယ်ယာမင် မစ္စတာ ဗိုဂလာ့ ထံကို စာနဲ့ရေးပြီး တွေ့ဆုံခွင့် တောင်းမယ်ဆိုရင် ဖြစ်နိုင်ပါလိမ့်မယ်'



မစ္စက် အက်ဒနာ ဘရက်ဒလီသည် ထိုကိစ္စ များအားမည်သို့ မည်ပုံ အဓိပ္ပာယ် ကောက်ယူရမည်ကို မသိရှာပါ။ ဗွီအိုင်အီး ရုံးချုပ်တွင် အရေး ပေါ် အခြေအနေ ဖြစ်ပေါ်နေသည်။ အတွင်းဘက်နှင့် အပြင်ဘက်တို့မှ ရရှိသော သတင်းများ ကလည်း အမြဲတစေ ဆိုးရွား နေကြသည်။ သို့တိုင် အောင် မိုက်ကယ် ဗိုဂလာ၏ အဓိကအာရုံမှာ သူ့အခန်းနှင့် ကပ်လျက်ရှိသော ရုံးခန်းတွင် သူ့သမီးအား သက်သောင့်သက်သာစွာ နေရာချထားရေးသာ ဖြစ်နေသည်။

ဟုတ်ပါသည်။ မစ္စတာ ဗိုဂလာသည် မစ္စက် အက်ဒနာဘရက်ဒလီ ထံမှ တစ်ဆင့် ဆက်သွယ်ထားသောတယ်လီဖုန်းကို မသုံးဘဲပြင်ပနှင့်တိုက်ရိုက် ဆက်သွယ်ထားသည့် တယ်လီဖုန်းနှင့် နာရီပေါင်းများစွာ ဆက်သွယ် နား ထောင် နေခဲ့သည်။ ပြီးတော့ မိုက်ဗိုဂလာနှင့် ဒိုင်ယာနီ ဗိုဂလာတို့သည် ဧည့်သည်များနှင့် အချိန် အတော်ကြာအောင် ဆွေးနွေးနေခဲ့ကြသည်။

၁၄ ထပ်သို့ရောက်ကြသော ပုဂ္ဂိုလ်အများစုသည် မစ္စက် ဘရက်ဒလီ မသိသော ပုဂ္ဂိုလ်များ ဖြစ်နေကြသည်။ သူတို့သည် နာမည် ကတ်ပြားကို ပေးလေ့မရှိသည့်အပြင် မည်သည့်ကုမ္ပဏီနှင့် အဆက်အသွယ်ရှိကြောင်း မပြောဘဲ နောက်ဆုံး နာမည် တစ်လုံးတည်းကိုသာ ပြောလေ့ ရှိကြသည်။ ဂျက်ကော့



www.burmeseclassic.com

www.burmeseclassic.com

ဟတ်၍ကတော့ ခြွင်းချက် ဖြစ်နေသည်။ သူသည် ယခင်က စတီဖင်ပက်ဂျက် တစ်ဦးတည်းသာ ရရှိခဲ့သော မိုက်ထံ တံခါးမရှိဓားမရှိ ဝင်ထွက်ခွင့်ကို ရရှိနေသည်။ စတီဖင်ပက်ဂျက် ကလည်း ထူးထူးခြားခြား ဆိုသလို ပျောက်ချက်သား ကောင်းနေသည်။ ထို့ကြောင့် မောက်မာသော ပက်ဂျက်သည် သစ္စာဖောက်များနှင့် လက်တွဲပြီး ထွက်ခွာသွားသည်ဟု မစ္စက်ဘာရက်ဒယီက ယူဆနေလေသည်။

စီစီအိုင် အဆောက်အအုံသည် ဗွီအိုင်အီးအဆောက်အအုံနှင့် အကွက်ပေါင်း အနည်းငယ်သာ ဝေးကွာသည်။ သို့ရာတွင် အခြားသော နဂါးငွေ့တန်းသို့ ရောက်ရှိနေသလို အနေအထားချင်း များစွာ ကွာခြားနေသည်။ စီစီအိုင် ရုံးချုပ်တွင် ရှိသော ဝန်ထမ်း အနည်းငယ်သည် ဘာတွေ ဖြစ်နေသည်၊ ဘာကြောင့် ဖြစ်နေသည် ဆိုသည်ကို တိတိကျကျ မသိကြပါ။ သို့ရာတွင် သူတို့သည် တယ်လီဗွီးရှင်း သတင်း ဝေဖန်သူများ ပြောကြားနေသည့် 'အံ့သြဖွယ်ရာ နိုင်ငံတကာ ကော်ပိုရေးရှင်းကြီး' အတွက် အလုပ်လုပ်နေကြရကြောင်း သိရှိနေကြသည်။

အမြတ်မ်းလိုလို သူ့ရုံးခန်းထဲ၌ အောင်းနေလေ့ရှိသော ဘုတ်အဖွဲ့ချယ်ယာမင် ချားလ်စ်ကင်းဖီးလ်သည်ပင်လျှင် ရုံးချုပ်ရှိ နေရာတိုင်းသို့ လျှောက်သွားနေလေ့ရှိပြီး ဝန်ထမ်းများနှင့် ဖက်လဲတကင်း ပြောဆိုနေလေ့ရှိသည်။

ထို့ကြောင့် ဝန်ထမ်းများ၏ စိတ်ဓာတ်ရေးရာ အခြေအနေသည် စီစီအိုင်၏ အစုရှယ်ယာ ဈေးနှုန်းကဲ့သို့ မြင့်တက်နေလေတော့သည်။

ဂါဒူး မြို့တော်သို့ ပျံသန်းသွားသော ပထမဦးဆုံး ကုန်တင် လေယာဉ်ပျံနှင့် တင်ပို့လိုက်သည့် 'စကာရမ်ဘာလာ' ခေါ် ကြားမှဖြတ်၍နားမထောင်နိုင်သည့် ကိရိယာများကို တပ်ဆင်ပြီးပြီ ဖြစ်သဖြင့် ကင်းဖီးလ်သည် အယ်လီဆန်နှင့် စိတ်ချလက်ချ စကားပြောနိုင်စွမ်း ရှိနေသည်။ အယ်လီဆန့်ထံမှ သတင်းကြားရသမျှမှာ အားရစရာချည်းသာ ဖြစ်သည်။ အခြား ကုန်တင်လေယာဉ်ပျံများက ပစ္စည်းများကို ထပ်မံသယ်ဆောင်လာကြသဖြင့် 'ကမ်မ်ကို' သည် အလုပ်လုပ်နိုင်သော ရုံးခန်းများကိုပင် ဖွင့်လှစ်ပြီးစီးနေလေပြီ။ လက်နက် အချို့ကလည်း ပဏာမ အနေနှင့် စတင် ရောက်ရှိလာလေပြီ။ သို့တိုင်အောင် ကင်းဖီးလ်သည် အယ်လီဆန်နှင့် လူကိုယ်တိုင် တွေ့ဆုံ၍ မေးမြန်းစုံစမ်းလိုသေးသည်။ ရက်သတ္တပတ် ကုန်ဆုံးမီ အယ်လီဆန်နှင့် တစ်နေ့တာ ဆွေးနွေးပွဲ ကျင်းပရန် အတွက် အယ်လီဆန်ကို ခေါ်ယူမည့် ဘိုရင်းလေယာဉ်ပျံ ရောက်ရှိလာပါလိမ့်မည်။

ကင်းဖီးလ်သည် လောရင့်ဟော့ပါးနှင့်လည်း စကားပြောခဲ့သည်။

'ဟွင်နရိုဂါဒူးက ဘာဆိုတိုကို နောက်ထပ် ဖိအားပေးခိုင်းပါ လာရှိ'

'လက်နက်ပစ္စည်းတွေ နောက်ထပ် ရောက်လာတဲ့ အထိ စောင့်သင့်တယ်လို့ ထင်တာပဲ၊ ပြီးတော့လဲ

www.burmeseclassic.com

ဟိုရှေးပေါပေါ လေယာဉ်ပျံ ပြပွဲ ပြီးသွားတဲ့အထိ စောင့်သင့်ပါတယ်၊ အဲဒီပြပွဲကြောင့် အပြင်လူတွေ ရောက်လာ ကြလိမ့်မယ်၊ အာဖရိကမှာ ရှိတဲ့ သတင်းစာဆရာတွေ ဘာဆိုတိုကို လာကြလိမ့်မယ်၊ သူတို့က ဖြစ်ပျက်တဲ့ ကိစ္စတွေနဲ့ နီးကပ်နေတယ် ဆိုတော့ သတင်းတွေ ပြန်ပို့ကြလိမ့်မယ်’

‘ပို့စမ်းပါစေ၊ အပြင်လူတွေကကြောက်စိတ်တွေ ဖြစ်လာအောင် သတင်းရေးကြတာ သိပ်ကောင်းတဲ့ စိတ်ဓာတ် စစ်ဆင်ရေးပေါ့၊ ပြီးတော့လဲ ငါ့မှာ ကိုယ်ရေးကိုယ်တာ ရည်ရွယ်ချက် ရှိနေတယ်၊ ငါက အဲဒီ ကလေးကလားနိုင်တဲ့ လေယာဉ်ပျံ ပြပွဲကြီး ပျက်စီးသွားစေချင်တယ်၊ ဟိုကိစ္စ ဒီကိစ္စလေးတွေ အတော်ခပ်များများ ဖြစ်လာတယ်ဆိုရင် အဲဒါကို ဖျက်တောင် ဖျက်ပစ်ရလိမ့်မယ်၊ သူတို့ဆီမှာ ကျန်နေသေးတဲ့ သိက္ခာကလေးတွေ အကုန် ကျသွားလိမ့်မယ်ကွ’

‘ရန်းဒေါရဲ့ ကြေးစားတပ်သားတွေကို ယူသုံးလို့ မဖြစ်သေးဘူး၊ ဟင်နရီဂါဒူးရဲ့ တိုင်းရင်းသား စစ်တပ်ကလဲ နယ်စပ်နားမှာရှိတဲ့ ကျေးရွာတွေကို ဝင်စီးပြီး မီးရှို့ပစ်တာကလွဲရင် ဘာမှ လုပ်တတ်ကြသေးတာ မဟုတ်ဘူး’

‘လောလောဆယ်တော့ အဲဒါနဲ့တင် လုံလောက်ပါတယ် လာရီ၊ အမြန်ဆုံး နည်းနည်းစီ စဖဲ့ကြပေတော့’



စတီဖင်ပက်ဂျက်ကမူ မိုက်ကယ်ဗိုဂလာ၏ ကိုယ်ပိုင် စည်းစိမ် ချမ်းသာများကို လက်ဖွာဖွာနှင့် သုံးစွဲနေသည်။ ကော်ပိုရေးရှင်းပိုင် ငွေများကို သုံးစွဲမည်ဆိုပါက သတိ ထားမိလာကြပြီး ဘာကြောင့်လဲ ဆိုသည့် မေးခွန်းများကို မေးမြန်းလာဖွယ် ရာရှိသောကြောင့် မိုက်ကယ်ဗိုဂလာ ကိုယ်တိုင် သူ့ကိုယ်ပိုင်စည်းစိမ်ထဲမှ စိုက်ထုတ်၍ ကျခံနေရခြင်း ဖြစ်သည်။ မိုက်ကယ်ဗိုဂလာသည် နိုင်ငံ၏ အပြင်အပတွင် နာမည်မျိုးစုံနှင့် ထားရှိသော ကိုယ်ပိုင် ငွေများကို ဆွစ်ဇာလန် ဘဏ်များသို့ ပြောင်းရွှေ့ပေးခဲ့သည်။ စတိဗ်ပက်ဂျက်သည် ထိုငွေများကို စိတ်တိုင်းကျ သုံးစွဲနိုင်ခွင့်ရှိသည်။

ထိုငွေများကို အမေရိကန် နိုင်ငံထဲတွင် သုံးစွဲရန် မဖြစ်နိုင်သောကြောင့် ဗြိတိန်နှင့် ဥရောပ နိုင်ငံများ၌သာ သုံးစွဲရမည် ဖြစ်သည်။ အာဖရိကအနောက် ဘက်ခြမ်းနှင့် နီးကပ်မှု ရှိပါက ပိုမိုကောင်းမွန်ပါသည်။

ဗြိတိန် နိုင်ငံတွင် တစ်ပတ်ရစ် လေယာဉ်ပျံအမြောက်အမြားကို ပေါပေါများများ ဝယ်ယူရရှိနိုင်သည်။ ငွေသားနှင့် ချက်ချင်း ပေးချေမည်ဆိုပါက တကယ်ဝယ်ယူနိုင်သူ ဟုတ်မဟုတ် စသည့် ထောက်ခံစာများကို တောင်းမနေကြတော့ပါ။ စတိဗ်နှင့်အတူ ဒေါက်ဂလပ်စ်ဖီးလ်ဒင်းလည်း လိုက်ပါလာသည်။ သို့ရာတွင် အဆင်ပြေအောင် ပြောင်းလဲ



www.burmeseclassic.com

www.burmeseclassic.com

ထားသော 'နာမည်'များနှင့် ခရီးသွားနေကြခြင်း ဖြစ်သည်။

သူတို့နှစ်ယောက်သည် တစ်ပတ်ရစ် လေယာဉ်ပျံများအား လိုက်လံကြည့်ရှု စစ်ဆေးကြပြီးနောက် ထိုလေယာဉ်ပျံများသည် လီယာဂျက်၊ သို့မဟုတ် ဘီအေအီး အိပ်ချ် အက်စ် ၁၂၅၊ သို့မဟုတ် ကာနဒဲယားချဲလင်ဂျာ၊ သို့မဟုတ် တာဗိုပရော့ အင်ဂျင် အမျိုးအစား လေယာဉ်၊ သို့မဟုတ် ရိုးရိုး ပစ်စတင် အင်ဂျင် အမျိုးအစား လေယာဉ်၊ မည်သည့် လေယာဉ်ပဲဖြစ်စေ ကျေနပ်မှုရှိသည်နှင့် တစ်ပြိုင်နက် စတိဗ်က လေးလံသော အတက်ချီကေ့စ်ကို ဖွင့်လိုက်သည်။ ကျန်သော လုပ်ငန်းရပ်များမှာ ရှင်းရှင်းလင်းလင်းနှင့် လျင်မြန်စွာ ပြီးစီးသွားလေ့ ရှိသည်။

မည်သူကမျှ ပေါင် စတာလင် ငွေစက္ကူများကို မယူလိုကြပါ။ ဒေါ်လာ တစ်ရာတန် အမေရိကန် ငွေစက္ကူများကလည်း ကိုင်ရ တွယ်ရသည်မှာ များပြား လွန်းလှပါ၏။ ပက်ဂျက်သည် ဒေါ်လာ ငါးရာခန့်နှင့် ညီသော ဆွစ်ဖရန့် ၁၀၀၀ တန် ငွေစက္ကူများကိုသာ ယူဆောင် လာသည်။ ထိုငွေစက္ကူများကိုတော့ လိုလိုလားလား လက်ခံကြ သည်။

စတိဗ်နှင့် ဒေါက်ဂလပ်စ်တို့က ဝယ်ယူထားသော လေယာဉ်ပျံများကို ထိန်းသိမ်းခ အဖြစ် အပိုကြေး ပေး၍ ပြန်လည် အပ်နှံ ထားခဲ့ကြသည်။

စတိဗ် ပက်ဂျက် နှင့် ဒေါက်ဂလပ်စ်ဖီးလ်ဒင်း တို့သည် ဗြိတိန်နိုင်ငံမှ တစ်ပတ်ရစ် လေယာဉ်ပျံ ၃၄ စီး ဝယ်ယူခဲ့ကြသည်။ ဥရောပမှ ထပ်မံ၍ ဝယ်ယူရဦးမည်။ ဒုတိယ ဦးစားပေး ဝယ်ယူရမည့် ပစ္စည်းများမှာ လက်နက်နှင့် ခဲယမ်းမီးကျောက်များပင် ဖြစ်သည်။ ဗြိတိန်နိုင်ငံတွင် လက်နက်များကို တိုးတိုးတိတ်တိတ် ဝယ်ယူ၍ မရနိုင်သဖြင့် ဥရောပ တိုက်၌သာ ဝယ်ယူ ရပေလိမ့်မည်။ ထို့ကြောင့် ဘယ်လ်ဂျီယံနိုင်ငံ၏ ဘရပ်ဆဲလ်မြို့သို့ သွားရတော့ သည်။

ဘယ်လ်ဂျီယံနိုင်ငံမှ 'ဖားဘရစ် နေရှင်နေးဘဲလ်ဂျစ် ကုမ္ပဏီ'သည် ကမ္ဘာပေါ်တွင် လက်နက်ငယ်များကို အများဆုံး ထုတ်လုပ်သော ကုမ္ပဏီ ဖြစ်သည်။ ထိုကုမ္ပဏီမှ ထုတ်လုပ်သော ၇.၆၂ မီလီမီတာ အက်ဖ်အင် ရိုင်ဖယ်ကို ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်း ၁၀၀ ကျော်တို့သို့ သန်းပေါင်းများစွာ ရောင်းချ ခဲ့ရသည်။ ၁၉၈၂ ခုနှစ်တွင်မူ အာရှ၊ တောင် အမေရိကနှင့် အာဖရိကမှ ဝယ်ယူနေကျ ဖောက် သည်များက လက်နက်ဝယ်ယူမှုကို ဖြန်းခနဲ ရပ်တန့် ပစ်လိုက်ကြသည်။ ယခင်က ချုပ်ဆိုထားသည့် အချုပ်များကိုပင် အချို့က ပယ်ဖျက်ပစ်လိုက် ကြသည်။

ထို့ကြောင့် 'ဖားဘရစ် နေရှင်နေး' ကုမ္ပဏီ၏ ကုန်ချောစာရင်းတွင် လက်နက်ပစ္စည်း ပေါင်း မြောက်မြားစွာ ကျန်ရစ်ခဲ့သည်။ ထုတ်လုပ်မှု နှုန်းထားက ပိုမို၍ နှေးကွေး သွားသော်လည်း



www.burmeseclassic.com

www.burmeseclassic.com

ဆက်လက်၍ ထုတ်လုပ်မြဲ ထုတ်လုပ် ပေးနေသဖြင့် နှစ်ကြာလာသည်နှင့်အမျှ လက်နက် များကလည်း ပို၍ ပို၍ များလာသည်။

စတီဖင်ပက်ဂျက်က နိဒါန်း မျိုးမနေတော့ဘဲ အပိုကျည် ဆန် ဘူး များ၊ နှစ် ချောင်း ထောက် ခြေထောက်များ၊ လှံစွပ်များနှင့် ကျည်ဆန်သုံးသန်း အပါအဝင် ၇.၆၂ မီလီမီတာ အကော်ဖ်အင် ရိုင်ဖယ် အလက် တစ်သောင်းကို ဝယ်ယူမည်ဟု ထိုကုမ္ပဏီမှ အရောင်း ကိုယ် စား လှယ် တစ် ယောက် အား ဘရပ်ဆယ်မြို့မှ ရုံးခန်း တစ်ခန်းတွင် ပြောလိုက်သည်။

ထိုပုဂ္ဂိုလ်က မျက်ခုံး တစ်ဖက်ကို ပင့် လိုက် ပြီးနောက်

'ခင် ဗျား က ကျုပ်တို့ ကုမ္ပဏီကို များများ စားစား အားပေး လိုက်တာပဲကိုး၊ ဒါပေမယ့်....'

'ဒီကနေ့ မွန်း လွဲ ပိုင်း မှာ မွန်စီယာဗင်းဆင့်က အီးယူစီ တွေကို ယူလာပေးပါလိမ့်မယ်'

'ကောင်းပါတယ် ခင်ဗျာ၊ မွန်စီယာဗင်းဆင့်ကို ရာနှုန်းပြည့် စိတ်ချရပါတယ်၊ နောက် တစ် ချက် ကတော့ ဒီရုံးခန်း ဒီ ကုမ္ပဏီဟာ ဖား ဘ ရစ် နေရှင်နေးရဲ့ အစိတ် အပိုင်း တစ် ခု မ ဟုတ် ဘဲ လွတ်လွတ်လပ်လပ် အရောင်းအဝယ် ပြုလုပ်နေတဲ့ အေဂျင်စီ တစ်ခု ဖြစ်တယ် ဆိုတာပါပဲ'

'ကျုပ် လုံးဝ သဘော ပေါက်ပါတယ်ဗျာ'

စတီဗ်က အတက်ချီကျေ့စ်ကို မယူလိုက်ပြီးနောက် စားပွဲပေါ်တွင် တင်လိုက်၏။

'ကြားပွဲစား အတွက်လဲ တန်ရာတန်ဖိုး ပေးပါ့မယ်ဗျာ၊ စရန် အနေနဲ့ ဆွစ်ဖရန့် ဆယ်သန်း ပေးခဲ့ပါမယ်၊ ကျန်ငွေ ကိုတော့ လေကြောင်းက တင်ပို့ဖို့ အဆင်သင့် ဖြစ်ပြီဆိုရင် ဘဏ်အချင်းချင်း ငွေလွှဲပြီး ပို့လိုက်ပါ့မယ်'

'ဖြစ်ပါတယ်'

'ခင်ဗျားရဲ့ အရောင်းအဝယ် အေဂျင်စီက တခြား ကုမ္ပဏီတွေရဲ့ ပစ္စည်းတွေကိုလဲ ကိုယ်စား ပြုထားတယ်ဆို'

'ဟုတ်ပါတယ်၊ ကျုပ်တို့မှာ ကက် တ လောက် မရှိပါဘူး၊ ဒါပေမယ့်....'

'ဟောဒီမှာ စာရင်း ခင်ဗျ'

ပက်ဂျက်သည် အိတ်ထဲမှ စာရွက် တစ်ရွက်ကို ထုတ်ယူလိုက်ပြီးနောက် ဖြန့်၍ ပြောလိုက်သည်။

'ခင်ဗျားက ဟောဒီ ပစ္စည်း အားလုံးကို တင်ပို့ ပေးနိုင်တဲ့ အနေအထားမှာ ရှိတယ်လို့ ကျုပ် စုံစမ်းပြီးပါပြီ'

ထိုပုဂ္ဂိုလ်က ဖတ်ကြည့်လိုက်သည်။

'ခင်ဗျားကို သ တင်း ပေး တဲ့ ဌာ န တွေ က တယ်စိတ်ချရတာကိုး' သူ ခေါင်းညိတ် လိုက်သည်။ 'ဆောင်ရွက် ပေးနိုင်ပါလိမ့်မယ်'

ပက်ဂျက်က အခြား အတက်ချီကေ့စ် တစ်လုံးကို စားပွဲပေါ်သို့ တင်လိုက်ပြန်၏။

'စရန်ငွေကတော့ ခုနက အတိုင်းပဲ၊ ကျန်ငွေကိုလဲ ခုနက စည်းကမ်းအတိုင်း ပို့ပေးပါ့မယ်၊ ကျေးဇူး



www.burmeseclassic.com

www.burmeseclassic.com

ဖြူပြီး ခင်ဗျား ဆက်သွယ်ရမယ့် ပုဂ္ဂိုလ်ကတော့ ဂါလာမြို့တော်က အီယန်ဘလိတ်ပါ’

စတိဗ်သည် မာရီ–ဂျိဆီ စားသောက် ဆိုင် တွင် နေ့လယ်စာကို အားပါးတရ စားသောက်ပြီးနောက် လေယာဉ်ပျံနှင့် ပဲရစ်မြို့သို့ ပြန်လာခဲ့၏။ သူသည် ဘရစ်စတို ဟိုတယ်တွင် ဝင်ရောက် တည်းခိုလိုက်ပြီး နောက် အခြား အရောင်း ကိုယ်စားလှယ်တစ်ဦးနှင့် တွေ့ဆုံရန် ‘နူလီ’ သို့ အငှား ကား တစ်စီးနှင့် သွားရောက်ခဲ့သည်။ ထို အရောင်း ကိုယ်စားလှယ် သည် ‘ယမ်းဘီလူးများနှင့် ဝေဟင်မှ ကြဲချသော ဗုံးများ’ ကို ရောင်း ဝယ် နေ သူ စပယ်ရှယ်လစ် ဖြစ်သည်။ ၎င်းအပြင် ဆွဲဒင် နိုင် ငံ မှ ‘ဘိုဖ အမြောက်ကို အတု ပြုလုပ်ထားသော ပြင်သစ်နိုင် လုပ် အမြောက် လက် နက် များ ကို လည်း ပူး ရောင်းချနေသူ ဖြစ်ပါ၏။

အီးယူစီနှင့် ပတ် သက် ၍ မေးမြန်းမှုကို သူ ပခုံးတွန့်၍ မလိုအပ်ကြောင်း ဖြေဆိုလိုက်သည်။

‘အခု ရောင်းချတဲ့ ကိစ္စဟာ ပြင်သစ် နိုင်ငံ အကျိုးစီးပွားကို မထိခိုက်ဘူးဆိုရင် မသိချင်ယော ဆောင်ပြီး နေလေ့ရှိပါတယ်၊ အာဖရိကမှာ ရှိ ဘာဆိုတိုဟာ ပြင်သစ်နိုင်ငံရဲ့ ဩဇာသက်ရောက် နယ်ပယ်အပြင်အပကို ရောက်နေပါတယ်၊ ကျုပ်တို့ စာရွက် စုတ်ကလေးတွေကို ကျုပ်တို့ဘာသာ ဖန် ယူလိုက်ပါ့မယ်၊ အဲဒါဆိုရင် လုံလောက်ပါပြီ’



ဒေါက်ဂလပ်စ်ဖီးလ်ဒင်းသည် ပက်ဂျက် ပေးခဲ့သော ငွေနှင့် လေယာဉ် သုံးစီးကို နောက်ထပ်ဝယ်ယူခဲ့ပြီး ပက်ဂျက် ပြန် လာ သော အ ခါ တွင် ဘရစ်စတို ဟိုတယ်မှ စောင့်နေလေသည်။

## ၂၉

သမ္မတကြီး ဟင်နရီဂါဒူးက လူဖြူသုံးယောက်အား ပရီဇီဒင်ကောင်စီ ခန်းမဆောင်တွင် လက်ခံ တွေ့ဆုံ သည်။ သူသည် ကြီး မား သော စား ပွဲကြီး ၏ တစ်ဖက်တွင် ကနုတ်ပန်းခက်များနှင့် တန်ဆာဆင် ထားသော ကုလားထိုင်ကြီးပေါ်၌ ထိုင် နေ ပြီး လော်ရင့်ဟော့ပါးက သူနှင့် မျက်နှာချင်းဆိုင်တွင် ထိုင်သည်။ အက် ဒ ဝပ် ဒီ ဘ ရီးစ် က ဟော့ပါး၏ ညာဘက်တွင် ထိုင်ပြီး မေဂျာ ဘ ရှူး စ တား က ဟော့ပါး၏ ဘယ်ဘက်တွင် ထိုင်သည်။

ဟင်နရီဂါဒူးသည် လေဆိပ်သို့ နှစ်ကြိမ်တိတိ ရောက်ရှိခဲ့ပြီဖြစ်ပြီး လက်နက်များအား လေယာဉ်ပျံ ပေါ်က ချပေး နေသည်ကို မြင်ခဲ့ရသဖြင့် သူ ရွှင်ရွှင်ပျပျ ရှိနေသည်။ သို့ရာတွင် အစွရေးမှ ဟင်ပို့ လိုက်သော ကင်းနီးရက် အမ် ဂ၁ အော်တိုမက်တစ်



www.burmeseclassic.com

www.burmeseclassic.com

အမြောက်လက်နက်များကို တပ်ဆင်ရန် လိုအပ်ပြီး မည်သို့မည်ပုံ ကိုင်တွယ် ရမည်ကို အနည်းဆုံး အခြေခံ အဆင့်လောက်အထိ သင်ပြ ပေးမှသာ ပစ်ခတ်တတ်မည် ဖြစ်ပေသည်။ မည်သို့ပင်ဖြစ်စေ 'ကမ်မ်ကို'သည် သူတို့ဘက်က ဆောင်ရွက်မည်ဟု ကတိ ပေးထားသည့်အတိုင်း ဆောင်ရွက် နေသည် ဆိုခြင်းမှာ အငြင်းပွားဖွယ်ရာ မရှိပါ။

ပဋိသန္ဓာရ စကားများကို ပြောဆိုကြပြီးနောက် ဟာင်နရီဂါဒူးက ပြောလိုက်လေ၏။

'ဒီကနေ့ညနေမှာ ခင်ဗျားတို့နဲ့အတူတူ မစ်စ်) ကရိဘ်ချ် ပါမလာတာကတော့ ထူးခြားနေတယ်၊ ခင်ဗျား ဆွေးနွေးချင်တဲ့ ကိစ္စက အရေးကြီးတယ်လို့ ပြောပြီး ခင်ဗျားတို့ကုမ္ပဏီရဲ့ ဥက္ကဋ္ဌ ပါမလာတာက ဘာဖြစ်လို့လဲ မစ္စတာဟော့ပါး'

ဟော့ပါးက ဖြေလိုက်သည်။

'အချို့အချို့သော ကိစ္စရပ်များဟာ အမျိုးသား တွေပဲ သိသင့်သိထိုက်ပြီး အမျိုးသမီးတွေ မကြား ထိုက်လို့ပါ သမ္မတကြီး'

'အိမ်း'

ဟာင်နရီဂါဒူးက နားလည်ဟန်ဖြင့် ခေါင်းညိတ် သည်။ ဟော့ပါးက ပြောလိုက်ပြန်၏။

'မစ္စတာ ကင်းဖီးလ်နဲ့ ကျုပ် စကားပြောခဲ့ပြီး ပါပြီ၊ သူက သမ္မတကြီး ကျန်းမာစေကြောင်း ဆုမွန် ကောင်း တောင်းလိုက်ပါတယ်၊ သူက ဘာဆိုတိုမှာ စီစဉ်နေတဲ့ ပေါ်ပေါ်နှမ်းနှမ်း ပျော်ပွဲ ရွှင်ပွဲ အကြောင်း ပြောပြလိုက်ပါတယ်၊ အဲဒီကိစ္စ



ကြောင့် ဘာဆိုတိုကသမ္မတ ကြီးရဲ့ သတိပေးချက် တွေကို မသိကျိုးကျွန်ပြုနေတယ်လို့ တစ်ကမ္ဘာလုံးက ယူဆပြီး ရယ်နေကြမှာကို စိုးရိမ်ပါတယ်တဲ့'

ဂါဒူးက မကျေမချမ်း ရေရွတ်လိုက်၏။

'ကျုပ်က နောက်တစ်ကြိမ် ပိုပြီး ပြင်းပြင်း ထန်ထန် ပြောရလိမ့်မယ် ထင်တယ်'

မေဂျာရန်းဒေါ်က ဝင်ပြောလိုက်သည်။

'လက်တွေ့ လုပ်ရပ်တွေက စကားလုံးတွေထက် ပိုပြီး ထိရောက်ပါလိမ့်မယ် ,သမ္မတကြီး'

ဟာင်နရီဂါဒူးက ဒေါသတကြီး ပြန်ပြောလိုက် သည်။

'ကျုပ်တို့အတွက် နောက်ထပ် လက်နက်တွေ၊ လူတွေ၊ ပြီးတော့ လေယာဉ်ပျံ အသစ်တွေ မရ သေးခင် ဝင်တိုက်ဖို့ မဖြစ်နိုင်ဘူး'

ရန်းဒေါက ပြောလိုက်ပြန်၏။

'နယ်စပ်မှာ နည်းနည်း ပါးပါးစီ ဝင်တိုက်ဖို့ ကတော့ ရာနှုန်းပြည့် ဖြစ်နိုင် ပါလိမ့်မယ်၊ ဟို နေရာမှာ တပ်စိတ် တစ်စိတ် ဒီနေရာမှာ တပ်စိတ် တစ်စိတ်နဲ့ ဝင်တိုက်ပြီး ပြန်ထွက်ဆိုတဲ့ နှောင့်ယှက်တဲ့ လုပ်ငန်းတွေကိုတော့ လုပ်လို့ ဖြစ်ပါတယ်'

'တစ်ဆိတ်လောက်ခင်ဗျာ'

ဟော့ပါးက ကမန်းကတန်း ဝင် သတိပေး လိုက်၏။

'အဲဒီလို ဝင်တိုက်တဲ့ ကိစ္စဟာ ကလေးစားနေတဲ့ ပုံစံမျိုး ဖြစ်ရပါလိမ့်မယ်၊ ကိုယ့်ကိုယ်ကိုယ် ခုခံ ကာကွယ်တဲ့သဘော ဖြစ်ရပါလိမ့်မယ်၊ ဘာဆိုတန်



www.burmeseclassic.com

www.burmeseclassic.com

ကျူးကျော်စော်ကားသူတွေက မဝမ်ဒန် ကျေးရွာတွေကို ပထမဦးဆုံး ဝင်ရောက် တိုက်ခိုက်ပြီး ယုတ်မာ ရက်စက်တဲ့ လုပ်ရပ်တွေကို လုပ်ရလိမ့်မယ်'

မေဂျာရန်းဒေါက ဝင်ပြောလိုက်သည်။

'စီစဉ်ပေးဖို့ လွယ်ကူပါတယ်'

ဂါဒူးက သံသယဝင်သော စိတ်နှင့် မေးလိုက်ပြန်၏။

'ကျုပ်က အဲဒီလို ဝင်တိုက်ခိုက်တာတွေကို လုပ်ချင်ခဲ့တယ်၊ ခင်ဗျားတို့က သိပ်စောလွန်းတယ်၊ အန္တရာယ်များတယ်ဆိုပြီး သဘောမတူခဲ့ဘူး၊ အခု ခင်ဗျားတို့က ပြောင်းပြန် ပြောကြပြန်ပြီ၊ ဘာဖြစ်လို့လဲ'

လောရင့်ဟော့ပါးက ပြေလည်အောင်ပြောလိုက်သည်။

'အခြေအနေတွေ ပြောင်းလဲသွားလို့ပါ၊ အခုဆိုရင် အမေရိကန်အစိုးရက ကျုပ်တို့ကို ပြည့်ပြည့်ဝဝ ထောက်ခံထားပြီ၊ ဘာဆိုတိုက သူတို့ကို နိုင်ငံတကာ အာရုံ စိုက်လာအောင် လုပ်နေတယ်၊ ကောင်းပါတယ်၊ ငြိမ်းချမ်းရေးကို လိုလားတယ်ဆိုတဲ့ ဘာဆိုတိုဟာ တကယ်ကတော့ ကျူးကျော်သူသာဖြစ်ကြောင်း ကျုပ်တို့က သက်သေ ပြရမယ်၊ မဝမ်ဒီက အနှိပ်စက်ခံရသူ၊ အားနည်းတဲ့သူဖြစ်ကြောင်း ပြသရမယ်'

ရန်းဒေါကလည်း ကြိုတင်၍ ဇာတ်တိုက်ထားသည့်အတိုင်း ဝင်ပြောလိုက်၏။



'သမိုင်းကြောင်းကို နည်းနည်းလောက် ပြင်ရေးလို့တောင် ရနိုင်တယ်၊ ဘာဆိုတိုက အဲဒီလို ဝင်တိုက်ခိုက်နေတာ နှစ်ပေါင်း များစွာ ရှိပြီလို့ ခင်ဗျားက စွပ်စွဲလို့ရတယ်၊ ကာလ ရှည်ကြာစွာ ဒုက္ခခံနေရတဲ့ မဝမ်ဒီတွေက သွေးထွက် သံယိုမှု ပို ဖြစ်လာမှာကို ဟန့်တားတဲ့အနေနဲ့ တန်ပြန် ဆောင်ရွက်ခြင်းသာ ဖြစ်တယ်၊ ဒါပေမယ့် အခြေအနေက မခံမရပ်နိုင်အောင် ဖြစ်လာတယ်၊ ခင်ဗျားက ဘာကြောင့် စစ်အင်အားကို တိုးချဲ့ စုဆောင်း ရတယ်ဆိုတာကိုတောင် အဲဒါက အဖြေရှာပေးလိမ့်မယ်'

ဟင်နရီဂါဒူးက လက်ခံ သဘော ကျလာသည်။

'ဟုတ်တယ်၊ ဘယ်တော့လောက် စသင့်တယ်လို့ ခင်ဗျားတို့က အကြံပေးမလဲ'

ဟော့ပါးက ဝင်မေးလိုက်၏။

'ဘာဆိုတန့် ကျူးကျော် စော်ကား သူတွေက ဘယ်တော့လောက် ကျရင် စပြီး တိုက်ခိုက်ကြမလဲ'

'ကျုပ်တို့က အင်အက်စ်ဘီကို မေဂျာရန်းဒေါရဲ့ အုပ်ချုပ်မှုအောက်ကို ပို့ထားပြီးပြီပဲ'

ဟင်နရီဂါဒူးက ပြော လိုက် ခြင်း ဖြစ်သည်။ မေဂျာ ရန်းဒေါက ဖြေလိုက်သည်။

'မြေပုံကို လေ့လာဖို့က တစ်ရက်၊ တပ်စိတ်နှစ်စိတ် သုံးစိတ်ကို ညွှန်ကြားဖို့က တစ်ရက်၊ နယ်စပ်ကို ထရပ်ကားနဲ့ ပို့ပြီး ပြန်ခေါ်လာဖို့က နှစ်ရက်'

ဤတွင် အသေးစိတ်ကို ဆက်လက် ညှိနှိုင်းရန် မေဂျာ ရန်းဒေါသည် ဟင်နရီဂါဒူးနှင့် နေရစ်ခဲ့ပြီး



www.burmeseclassic.com

www.burmeseclassic.com

ဟော့ပါးနှင့် ဒီဘရီးစ်တို့က အတူတူ ပြန်လာခဲ့ကြသည်။

မာစီးဒီး မော်တော်ကားထဲသို့ အရောက် တွင် ဟော့ပါးက အက်ဒဝပ်ဒီဘရီးစ်အား အယ်လီဆန်နှင့် နီးစပ်မှုရှိအောင် ကြိုးပမ်းသည့် အနေအထားကို မေးမြန်းလိုက်သည်။

'လုံးဝ တိုးတက်မှု မရှိပါဘူးဗျာ၊ သူက လေဆိပ်ကရုံးခန်းမှာ မနက် ရှစ်နာရီက ညနေ ခြောက်နာရီအထိ နေ့တိုင်း ရှိနေတယ်၊ ပြီးတော့ ဟိုတယ်က အခန်းကို ပြန်ပြီး အခန်းထဲမှာ အစာစားတယ်၊ အလုပ် ဆက်လုပ်တယ်၊ သူ့ အနားကို လုံးဝ ကပ်လို့ မရဘူးဗျ'

ထိုကိစ္စမှာ အယ်လီဆန်၏ ပုံမှန် အနေအထား ဖြစ်ကြောင်း ဟော့ပါး သိသည်။ အယ်လီဆန်သည် သူ၏ အခန်းသစ်ဖြစ်သော အခန်းနံပါတ် ၄၁၇ တွင် တစ်ညနေလုံး တစ်ညလုံး အခန်း အောင်းနေခဲ့သည်။ ထိုအခန်းသို့ အယ်လီဆန် ပြောင်းရွှေ့မလာမီကပင် ဟော့ပါးက လူ နှစ် ယောက် စာ၊ အယ်လီဆန်နှင့် လေတပ် ဗိုလ်ချုပ်ကြီး ဒီဘရီးစ်တို့ အတွက် နေရာထိုင်ခင်းစီစဉ်ပေးထားပြီးဖြစ်သည်။ ဟော့ပါးက ပြောလိုက်၏။

'ဒါဖြင့်ရင် ကျုပ်တို့က သူ့ကို တစ်ညလောက် အနားယူပြီး စိတ်လွတ် လက်လွတ် နေနိုင်အောင် စီစဉ်ပေးရမှာပေါ့'

'ဘယ်လို စီစဉ်မှာလဲ'



'အသစ်ရောက်လာတဲ့ ဝန်ထမ်းတွေ စိတ်ဓာတ် တက်ကြွလာအောင် သူတို့ကို ကျုပ်တို့ရဲ့ ကုမ္ပဏီ ဥက္ကဋ္ဌကြီးက ဟိုတယ် ထမင်းစားခန်းမဆောင်ထဲမှာ အခမ်းအနားနဲ့ ညှော်ခံ ကြိုဆိုသင့်တယ်ဗျ၊ အဲဒီလို လုပ်ဖြစ်အောင် ကျုပ်က တိုက်တွန်း ပေးမယ်လေ'

'ဒါဆိုရင် အမျိုးသမီးတစ်ယောက်ကိုအမျိုးသား ဆယ့်ငါးယောက်က ဝိုင်းအုံ နေကြမှာပေါ့'

'ပြိုင်ဘက်တွေ ပေါ်လာမှာ ကြောက်လို့လား'

'စီစီအိုင်က ပို့လိုက်တဲ့ လူပြက်တွေကို ပြောတာလား၊ ပါတီပွဲသာ ဖြစ်မြောက်အောင် လုပ်စမ်းပါဗျာ၊ ကျုပ်က အယ်လီဆန်ကို အစွံ ထုတ်ပြပါ့မယ်'

'ခင်ဗျား သေချာပေါက် စွံမယ်ဆိုတာ ကျုပ် ယုံကြည်ပါတယ်ဗျာ၊ နက်ဖြန်ခါကျရင် ဝန်ထမ်းတွေ စိတ်ဓာတ်ရေးရာ အရ တက်ကြွနေအောင် ဖန်တီး ပေးဖို့ ဥက္ကဋ္ဌမှာ တာဝန်ရှိနေတဲ့ အကြောင်း ကျုပ် ပြောပြလိုက်ပါ့မယ်'

ဒိုင်ယာနီ·ဗိုဂလာသည် သူ ပါဝင် ဆောင်ရွက်ပေးနိုင်သည့် ကိစ္စရပ်များမှာ အကန့်အသတ်နှင့် ရှိနေသောကြောင့် ဒေါပွနေမိသည်။ သူသည် အကြောင်းအရာပေါင်း မြောက်မြားစွာကို လျှင်မြန်စွာ သိရှိနေရမှုကြောင့် သူ့ကိုယ်သူ အံ့ဩနေမိသလို သူ့ ဖခင်ကလည်း အံ့အားသင့်နေသည်။ သို့သော်ငြားအောင် ဒိုင်ယာနီပါဝင်ရသည့် အခန်းကဏ္ဍမှာ ရာနှုန်းပြည့်

www.burmeseclassic.com

အေးစက်စက် ဖြစ်နေသည်။ ဒိုင်ယာနီသည် အကျိုးရှိအောင် ပါဝင်ဆောင်ရွက်နိုင်ခြင်း မရှိသည့်အတွက် သူ့ကိုယ်သူ စိတ်တိုနေမိသည်။

သူသည် မိုက်ဗိုဂလာ၏ အခြေအနေကို မည်သည့်နည်းနှင့်မျှ မြှင့်တင်ပေးရန် မတတ်နိုင်ပါ။ ထိုကိစ္စမှာ မိုက်ဗိုဂလာနှင့် မိုက်ဗိုဂလာ ယုံကြည်သော သူ့တပည့်များ၏ တာဝန်သာ ဖြစ်သည်။ သို့ရာတွင် ဒိုင်ယာနီဗိုဂလာ အနေနှင့် စီစီအိုင်အား ထိခိုက်နစ်နာမှု ရှိအောင် လုပ်နိုင်သော နည်းလမ်းတစ်ခုခုတော့ ရှိကို ရှိရပါလိမ့်မည်။ အထူးသဖြင့် ချားလ်စ်ကင်းဖီးလ်ကို ထိခိုက်အောင် လုပ်နိုင်မည့် နည်းတစ်နည်းတော့ ရှိရပါလိမ့်မည်။

ဒိုင်ယာနီဗိုဂလာသည် စတိဗ်ပက်ဂျက်နှင့် ဆွေးနွေးခဲ့သော ကင်းဖီးလ်အား လုပ်ကြံရန် ဆိုသည့် ကိစ္စကို ပယ်ဖျက်လိုက်ပြီး ဖြစ်သည်။ သို့ရာတွင် ယောကျ်ားတိုင်း၌ ပျော့ကွက်ကတော့ ရှိနေကြစမြဲပင်။ ထိုနေရာကိုသာ ထိုးနှက်တိုက်ခိုက်မည်ဆိုပါက စေဒနာသည် အလွန်ပြင်းထန်ပေလိမ့်မည်။ ကံကောင်းပါက သူတို့၏ စိတ်ကို ဖောက်ပြန်သွားစေနိုင်သည်သာမက သူတို့၏ စိတ်ဆန္ဒများကိုလည်း မလုပ်ချင် မကိုင်ချင် *ဖြစ်လာအောင် ဖျက်ဆီးပစ်နိုင်ပါလိမ့်မည်။*

ကင်းဖီးလ်တွေ ဘယ်မှာ နေထိုင်ကြလေသနည်း။

ဒိုင်ယာနီက ထိုမေးခွန်းကို ဂျက်ကော့ဟတ်ရှ်အား သွားရောက် မေးမြန်းသည်။ သူ အမိက စိတ်ဝင်စားသော ကိစ္စမှာ ကင်းဖီးလ်တို့၏ ကိုယ်ရေးကိုယ်တာ ဘဝပင် ဖြစ်ပြီး စုဆောင်းထားသော အချက်အလက်များမှာ မရှိသလောက် နည်းပါးနေသည်။ မှတ်တမ်းများထဲတွင် နာမည်လောက်သာ ပါသော မစ္စက်ကင်းဖီးလ်နှင့် ပတ်သက်၍ မည်သို့မည်ပုံ ဖြစ်ပျက်သွားသည်ကို သိရှိလိုကြောင်း ဂျက်ကော့အား မေးလိုက်သည်။

'ရယ်စရာတော့ အကောင်းသား၊ မကြာသေးခင်ကတင် စတိဗ်က သူနဲ့ ပတ်သက်ပြီး သတင်းအစအနကလေးတွေ ရခဲ့သေးတယ်၊ သူက အဲဒါကို မှတ်တမ်းထဲမှာ မထည့်သေးဘဲ သပ်သပ်ဖယ်ထားလို့ ပြောထားတယ်'

သူက ပက်ဂျက်၏ မှတ်စုများကို မီးခံသေတ္တာထဲမှ ထုတ်ပေးလိုက်သည်။

ဒိုင်ယာနီက ထိုမှတ်စုကို စိတ်ပါဝင်စားစွာ ဖတ်ရှုလိုက်၏။ အိမ်ထောင်သက် ဖလေးနှစ် ရပြီးချိန် အဲလိဇဘက် ရုတ်တရက်ချ်၍ ကင်းဖီးလ်သည် သူ့ခင်ပွန်းနှင့် သူတို့၏ အသိုင်းအဝိုင်းထဲမှ ပျောက်ကွယ်သွားသည်။ မစ္စက် ကင်းဖီးလ်သည် အာရီဇိုးနားပြည်နယ် စကော့ဒေးလ်မြို့၏ အပြင်ဘက် ဆယ်မိုင်အကွာတွင်ရှိသော အင်မတန် ချမ်းသာကြွယ်ဝသည့် ခြံကြီးတစ်ခြံထဲတွင် အကျယ်ချုပ် သဘောမျိုးနှင့် နေထိုင်ရကြောင်း *စတိဗ်က သိရှိလာခဲ့သည်။ မစ္စက်* ကင်းဖီးလ်သည် ရှူးသွပ်နေပုံရသည်။ ခြံကြီးကို တံတိုင်း မြင့်မြင့်ကြီးနှင့် ကာရံထားပြီး အစောင့်အကြပ်များ ထူထပ်စွာ ချထားသည်။ မစ္စက် ကင်းဖီးလ်သည် စည်းစိမ်ရှိသော ကိုယ်ပိုင် အရှုး

www.burmeseclassic.com

ထောင်တွင် တစ်ဦးတည်း နေထိုင်ရသူ စိတ္တဇ ဝေဒနာရှင် ဖြစ်သည်။ မည်သူ့ကိုမျှ ဝင်ခွင့် မပေးခဲ့ပါ။ ဝန်ထမ်း အမြောက်အမြား ရှိသည်သာမက အလွန် နှုတ်လုံကြသောကြောင့် „မတန်တဆ လခ ရထားသူများ ဖြစ်လိမ့်မည်ဟု စတိဗ်က ယူဆသည်။

'ဒီကိစ္စတွေကို စတိဗ်က ဘယ်က သိလာတာလဲ'

'ဘာဘရာဟန်မွန်းဆီက'

ထိုနာမည်ကို ဒိုင်ယာနီ မသိပါ။

'သူက ဘယ်သူလဲ'

ဟတ်ရှ်က ဘာဘရာဟန်မွန်း၏ စုံစမ်းရေး ဗျူရို အကြောင်း ရှင်းပြလိုက်သည်။

'သူ့တယ်လီဖုန်းနံပါတ်ကို သိသလား'

'သူ့ရုံး တယ်လီဖုန်းနံပါတ်ကို သိပါတယ်'

ဘာဘရာ သူ့ရုံးခန်းထဲ၌ရှိနေသည်။ ဘာဘရာက ဒိုင်ယာနီ ဗိုဂလာကို သိနေသည်။ ဒိုင် ယာ နီ နှင့် ပတ်သက်သည့် စာတွဲမှာ အတော်ကလေး ထူပြီး မဖွယ်မရာ ကိစ္စများ မြောက်မြားစွာ ပါရှိနေသည်။

'မစ်(စ်) ဟန်မွန်း၊ ဒီကနေ့ နေ့လယ်စာ အတွက် အားလပ်ပါသလား'

'ဝမ်းနည်းပါတယ်၊ ကျုပ်က အပြင်ကိုသွားတော့မယ့်ဆဲဆဲပါ၊ ဒီ တစ်ပတ်လုံး မအားပါဘူး'

'ခုကိစ္စက အလွန် အရေးကြီးပါတယ်ရှင်၊ ရှင်က စတိဗ်ရဲ့ မိတ်ဆွေလဲ ဖြစ်ပြန်၊ ပြီးတော့....'

'ခဏ နေစမ်းပါဦး၊ စတိဗ် ဒုက္ခ ရောက်နေလို့လား'

'ဟင့်အင်း....ဟုတ်ကဲ့....ကျွန်မတို့ အားလုံး ဒုက္ခ ရောက်နေကြပါတယ်၊တစ်နည်းအားဖြင့် ပြောရမယ်ဆိုရင် ရှင့် အကူအညီကို လိုအပ်နေပါတယ်'

'ကဲပါလေ၊ ချိန်းထားတာကို ဖျက် ပစ် လိုက် မ ပါ့မယ်၊ ဘယ်နေရာမှာလဲ၊ ဘယ်တော့လဲ'

'၅၇ လမ်းက ရုရှ လက် ဖက် ရည် ဆိုင် မှာ၊ နေ့လယ်စာ စားတဲ့ အချိန်မှာ လူ သိပ် များ တဲ့ အတွက် ဘယ်သူမှ ခိုးမြှီး နားထောင်လို့ မရနိုင်ဘူး၊ ကျွန်မ ကြိုပြီး စီစဉ်လိုက်ပါ့မယ်'

ထောင့်တစ်ထောင့်ရှိ အခန်းငယ် ကလေးထဲတွင် ရှိနေသော သူ တို့ နှစ် ယောက် ကို မှတ် မိ သော ဝရိသတ်က အမျိုးမျိုး အတင်း ပြောကြသည်။ သူတို့ နှစ်ယောက်ကမူ အံ့သြစရာ ကောင်းလောက်အောင် သင့်သင့်မြတ်မြတ် ရှိနေကြသည်။

'ကဲ သူက ဘာဖြစ်နေလို့လဲ'

'စတိဗ်က ဥရောပတိုက်ကို ရောက်နေတယ်'

'နဂါးကြီးကို သွားသတ် နေတာပေါ့လေ'

ယမကာ ဖန်ခွက်များ ရောက် ရှိ လာ သ ဖြင့် ဘာဘရာက ဖန်ခွက်ကို မြှောက်၍ ဆုတောင်းလိုက်သည်။

'နဂါးကြီးတွေ သေကုန်ကြပါစေ'

'သူတို့က သူတို့ ဘာသာ ဘယ်သေကြပါ့မလဲ၊ ရှင့်အကူအညီနဲ့ဆိုရင် ကျွန်မက အကူအညီ ပေးနိုင်ကောင်း ပေးနိုင်ပါလိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com

ဒိုင်ယာနီက ဗွီအိုင်အီး၏ ပြဿနာ များထဲမှ အချို့သော ကိစ္စရပ်များကို အသေးစိတ် ရှင်းပြလိုက်သည်။

'မင်းက ဘာသိချင်သလဲ ဆိုတာပေါ်မှာ မူတည်တာပေါ့ ဒိုင်ယာနီရယ်'

'ကင်းဖီးလ်ရဲ့ ဇနီးနဲ့ ပတ်သက်ပြီး ဘာများ ထပ်ပြောနိုင်ပါသေးသလဲ၊ သူ တို့ က တရားဝင် အကြင် လင်မယား ဖြစ်နေကြတုန်းပဲလား'

'ဖြစ်နေသေးပုံ ရတယ်၊ သူတို့လို အဆင့်ကျတော့ ကွာရှင်း ပြတ် စဲ တယ် ဆို တဲ့ မှတ် တမ်း ဟာ တစ်နေရာရာမှာ ရှိနေရမှာပဲ'

'သူ့ စိတ်ဝေဒနာနဲ့ ပတ်သက်တဲ့ ကောလာဟလ တွေတော့ ရှိမှာပေါ့နော်'

'ရှိနိုင်တယ်၊ ဒါပေမယ့် တိုးတိုး တိတ်တိတ်နဲ့ ပျောက်သွားကြပုံ ရတယ်၊ စကော့ဒေးလ်မှာ ရှိတဲ့ လူတွေကတော့ စိတ်ဝေဒနာ ဖြစ်နေတယ် ဆိုတာကိုပဲ ပြောကြတယ်'

'သူ့ ကို ကုတဲ့ ဆရာဝန်တစ်ယောက် ဒါမှမဟုတ် ဆရာဝန်တွေ ရှိရမှာပေါ့'

'သုံးယောက်ရှိတယ်၊ ကိုယ်တွင်း ရောဂါ ကု ဆရာဝန်၊ သားဖွားနဲ့မီးယပ် ဆရာဝန်၊စိတ်ရောဂါကု ဆရာဝန်တွေက အချိန် မှန်မှန် လာကြည့်ကြတယ်၊ သူတို့က ဆေး ခန်း မှာ သွား တွေ့ ရင် တောင် ဒေါ်လာ ၂၀၀ ယူတဲ့ လူစားမျိုး ဆိုတော့ အိမ်လိုက်ကြည့်ရရင် ဘယ်လောက် ယူ မလဲ ဆို တာ စဉ်းစားကြည့်ပေါ့၊ သူတို့က လူနာရဲ့ အတွင်း

ရေးကို ဖွင့်ပြောပြပြီး ခြေကြွခ အဆုံးခံမယ် ဆိုရင် သူဟာ သူ့ လူနာထက် ပိုရူးတဲ့ လူပဲ ဖြစ်ရလိမ့်မယ်'

'အဲဒီခြံကို မစ္စက်ကင်းဖီးလ်က ပိုင်တာလား'

'မဟုတ်ဘူး၊ ပနားမားမှာ မှတ်ပုံတင်ထားတဲ့ အက်ဆာမာကို ဆိုတဲ့ ကုမ္ပဏီကလေးက ပိုင်တာပါ၊ အဲဒီ ကုမ္ပဏီဟာ စီစီအိုင်ရဲ့ လက်အောက်ခံ အဖွဲ့အစည်းပဲ၊ မစ္စက် ကင်းဖီးလ်ကို စောင့်ရှောက်ရတဲ့ လူတွေကို ငွေ သားနဲ့ပဲ လခပေးတယ်၊ အများစုက စကော့ဒေးလ်မှာ ဘဏ် စာရင်းတွေ ဖွင့် ထားကြတယ်၊ ခန့်မှန်း ကြည့်ရတာကတော့ သူ တို့ တာ တစ်ပတ်ကို ဒေါ်လာ ၅၀၀ လောက် ရကြတယ်လို့ ထင်တာပဲ'

'အဲဒါကြောင့် နှုတ်လုံကြတယ် ထင်ပါရဲ့'

'အဲဒါကြောင့်လဲ ဖြစ်နိုင်တယ်၊ သူတို့အပေါ်မှာ ကင်းဖီးလ်က နိုင်ကွက် ရှိနေတာလဲ ဖြစ်နိုင်တယ်'

'ကျွန်မက ဟိုလိုက်သွားပြီး တတ်နိုင်သမျှ စုံစမ်းကြည့်မယ်၊ လာဘ်ထိုး ကြည့်မယ်ဆိုရင် ကောင်းလား မသိဘူး'

'ဖြစ်နိုင်တယ်၊ ကျုပ်ကို ပြောပြ စမ်းပါကွာ၊ မင်းက ဒီကိစ္စကို မင်း ဖခင်အတွက်၊ ဗွီ အိုင် အီး အတွက်၊ ဒါမှ မဟုတ် စတိဗ် အတွက် လုပ်ပေးမှာလား'

ထိုမေးခွန်းကြောင့် ဒိုင်ယာနီ အံ့အားသင့်သွားသည်။

'အဲဒီ သုံးခုစလုံးနဲ့ ကျွန်မ အတွက်ပါ'



www.burmeseclassic.com

www.burmeseclassic.com

ဘာဘာရာ ကျေနပ်သွားပုံရသည်။ သူက လက်ဆွဲနှုတ်ဆက်လိုက်လေ၏။

❖

ဒိုင်ယာနီသည် ဗွီအိုင်အီး ရုံးချုပ် အဆောက်အအုံသို့ ပြန်အရောက်တွင် ၅၄ ထပ်ရှိ သူ့ရုံးခန်းသို့ သွားမည့်အစား သုတေသနဌာနသို့ တန်းတန်းမတ်မတ် သွားရောက် တော့ သည်။ သူက ဂျက်ကော့ဟတ်ရှ်နှင့် နှစ်ယောက်တည်း တွေ့ဆုံပြီး ဘာဘာရာဟန်မွန်းထံမှ ထပ်မံ၍ သိ လာ ရ သော အချက်အလက်များကို ထပ်ပြောပြလိုက်သည်။ ဂျက်ကော့ဟတ်ရှ်က ပြောလိုက်၏။

'အရင်က သိ ထား တာ ထက် ဘာမှ မထူးခြားပါဘူး'

'ထူးခြားနိုင်တယ်၊ နယူးရောခ်တိုင်း သတင်းစာက အထက်တန်းလွှာ သတင်းထောက် တစ်ယောက်ကို ကျွန်မ သိချင်တယ်'

'ဒီမှာတင် ရပါတယ်'

ဂျက်ကော့ဟတ်ရှ်က တယ် လီ ဗွီး ရှင်း ရှေ့မှ ခလုတ်များကို လက်နှင့် တို့ထိလိုက်သည်။

'အင်နက်တီးလူးနန်၊ လက်ထောက် အယ်ဒီတာ'

ဒိုင်ယာနီက မှန်သား မျက် နှာ ပြင် ပေါ် က နာမည်ကို အသံထွက်၍ ဖတ်လိုက်၏။

'ကဲ အဲဒီ မကောင်းဆိုးရွားစက်ကြီးကို ပြန်ပိတ်လိုက်ပါတော့ရှင်'

ဖန်သား မျက်နှာပြင်သည် ပြန်လည် မည်းမှောင်သွားသည်။

'ကင်းဖီးလ်ဟာ မက်ထရိုပိုလီတန် အနုပညာပြတိုက်ရဲ့ ဂေါပကာ အဖွဲ့ဝင် တစ်ယောက် မဟုတ်လား'

ဂျက်ကော့ဟတ်ရှ်က ခေါင်းညိတ်သည်။

'အင်နက်တီးလူးနန်ဆီမှာ စီ စီ အိုင် အဆောက်အအုံက ကင်းဖီးလ်ရဲ့ သီးသန့် တယ်လီဖုန်း နံပါတ် ရှိနိုင်သလား'

'ကျုပ်ကတော့ တယ်မထင်ဘူး၊ သူက လမ်းညွှန်စာအုပ်ထဲမှာ ဖော်ပြထားတဲ့ တယ်လီဖုန်းနဲ့ ဆက်သွယ်ပြီး ကြားခံ လူတွေက တစ်ဆင့် ဆက်သွယ်ဖို့ ကြိုးစားလိမ့်မယ် ထင်တယ်၊ ဘာဖြစ်လို့လဲ'

'ဘာဖြစ်လို့လဲ ဆိုတော့ အင်နက်တီးလူးနန်က ကင်းဖီးလ်ဆီကို ဆက်သွယ်တော့မလို့ရှင့်'

ဒိုင်ယာနီက တယ်လီဖုန်း စ ကား ပြော ခွက် တစ်လုံးကို ကောက်ကိုင်လိုက်သည်။

'ဒါကို အသံဖမ်းစက်နဲ့ ရအောင် ဖမ်းထားလိုက်စမ်းပါ'

ဒိုင်ယာနီသည် စီစီအိုင် အ ဆောက် အ အုံ ရှိ တယ်လီဖုန်း အိပ်ချိန်းသို့ ဆက် သွယ် လိုက် ပြီး 'ကျွန်မ နယူးရောခ်တိုင်း သတင်းစာက အင်နက်တီးလူးနန်ပါ' ဆိုသော စကားနှင့် 'မက်ထရိုပြတိုက်မှာ တိုးချဲ့ဆောင် ဆောက်ဖို့ အဆိုပြု ထား တာ နဲ့ ပတ်သက်ပြီး မစ္စတာကင်းဖီးလ်ရဲ့ ဝေဖန်ပြောကြားချက်ကို သိလိုပါတယ်' ဆိုသော စ ကား တို့ ကို



www.burmeseclassic.com

www.burmeseclassic.com

လူငါးယောက်အား ပြောဆိုခဲ့ရပြီးနောက် မစ္စတာ ကင်းဖီးလ်နှင့် စ ကား ပြော ရန် ခွင့်ပြုချက် ရရှိ သွားတော့သည်။

'ဟုတ် ကဲ့၊ မစ္စတာ ကင်းဖီးလ်က အ ချိန် နည်းနည်းတော့ ပေးနိုင်ပါတယ်လို့ ပြောပါတယ်၊ ကျွန်မ သူ့ ကို ရှင်နဲ့ ဆက်သွယ် ပေး လိုက် ပါ့ မယ်ရှင်'

အမြူးနေသည်သာမက သတင်းစာ ဆရာများနှင့် ကြည်ကြည်နူးနူး စကား ပြော လိုစိတ် ရှိသော ချားလ်စ်ကင်းဖီးလ်က နှစ်လိုဖွယ်ရာ ကောင်းအောင် ကြိုးစားလိုက်သည်။

'မင်္ဂလာမွန်းလွဲပိုင်းပါ မစ်(စ်)လူးနန်၊ ကျုပ် ခင်ဗျားကို သိပ်မှတ်မိတာပေါ့' တကယ်ကတော့ သူ မမှတ်မိပါ။ 'နေပါဦး၊ ကျုပ်တို့ နောက်ဆုံး တွေ့ခဲ့တာ ဘယ်တုန်းကပါလိမ့်၊ ရိုမင်ရှုပ်ထု ပြပွဲ အတွက် အကြိုပါတီပွဲမှာ မဟုတ်လား'

အထက်တန်းလွှာများအတွက် နယူးရောခ်တိုင်းမှ လက်ထောက် အယ်ဒီတာ တစ်ယောက်သည် ထိုကဲ့ သို့သော အခမ်းအနားများသို့ တက်ရောက်ဖွယ်ရာ ရှိပါ၏။

'ဟုတ်ကဲ့၊ ရှင့်မှတ်ဉာဏ်ကတော့ တော်တော့်ကို အံ့သြစရာ ကောင်းတာပဲ'

'ဒါကတော့ ကျုပ်မှတ်မိချင်တဲ့လူတွေအတွက်ပါ၊ မင်းက အဆောင်သစ် ဆောက်ဖို့ စီစဉ်ထားတာနဲ့ ပတ်သက်ပြီး ကျုပ်ရဲ့ သဘောထား မှတ်ချက်ကို သိချင်တယ်လို့ ကျုပ်အတွင်းရေးမှူးက ပြောတယ်'

'ဟုတ်ကဲ့၊ အကြိုမေးခွန်းကလေးတွေကိုမေးပြီးတဲ့ အခါကျရင် သိချင်ပါတယ်'

'ကျုပ်က အတတ်နိုင်ဆုံး ကြိုးစားပြီးဖြေပါ့မယ် မစ်(စ်)လူးနန်'

'ပ ထ မ မေး ခွန်း က တော့ အယ်လီဇဘက် ရတ်တလက်ချ်နဲ့ ပတ်သက်ပါတယ်'

'ဘယ်သူနဲ့ ပတ်သက်တယ်'

ကင်းဖီးလ်က စူးစူး ဝါးဝါး အော်ဟစ်၍ မေး လိုက်သည်။

'ရှင့်ဇနီးလေ၊ ဒုတိယ' အချက်ကတော့ သူ ဘယ်မှာနေတယ် ဆိုတာနဲ့ သူ့ စိတ် ကျန်းမာ ရေး အခြေအနေကို သိချင်ပါတယ်၊ သူနဲ့ ပတ်သက်ပြီး ကျွန်မတို့ဆီမှာ သတင်း ပေးထားတာကလေးရှိ....'

ကင်းဖီးလ်သည် လည်မျိုကို အညှစ်ခံလိုက်ရသလို ခံစား လိုက် ရ သည်။ သူသည် စကားပြောခွက်ကို အနိုင်နိုင် ပြန်တင်လိုက်ရပြီးနောက် စကားပြောခွက် အောက်ခြေရှိ 'အချက်ပေး ခလုတ်' ကို နှိပ်လိုက်လေ၏။

ခဏအကြာတွင် လုံခြုံရေးဝန်ထမ်း နှစ်ယောက် သူ့ ရုံးခန်းထဲသို့ ဖြုန်းခနဲ ဝင်ရောက်လာကြသည်။ သူသည် ကုလားထိုင်ပေါ်တွင် တောင့်တောင့်ကြီး ထိုင်နေပြီး ဦးခေါင်းကို နောက်ဘက်သို့ လှန်၍ ပြူးကြောင်ကြောင် မျက်လုံးကြီးများနှင့် မျက်နှာ




www.burmeseclassic.com

www.burmeseclassic.com

ကြက်ကို ငေးကြည့်နေသည်။ သူတို့က ထိုနိမိတ် လက္ခဏာများကို နားလည်ကြသည်။

'သူ အထိနာသွားပြန်ပြီဟေ့'

'ဟုတ်တယ်၊ သူ့ အတွင်းရေးမှူးကို ခေါ်ပြီး ဒီအထပ်က လူတွေအားလုံး အပြင်ကိုထွက်ခိုင်းလိုက်၊ မီးလှန့်လေ့ကျင့်ခန်း လုပ်တာလို့ပြော၊ ကျုပ်က သူ့ ဆရာဝန်ကို ခေါ်မယ်'

'သူ့ လက်တွေကို သတိထားပါကွာ'

'ကျုပ် မမေ့ပါဘူး'

ထို လုံခြုံရေး ပုဂ္ဂိုလ်က လက်ထိတ် တစ်ခုကို ထုတ်ယူ လိုက်ပြီးနောက် ကင်းဖီးလ်၏ ညာဘက် လက်ကို ခတ်လိုက်လေ၏။ စီဂျေ ကင်းဖီးလ်သည် ယခုလို ရုတ်တရက် ရောဂါ ဝင်လာမှုကြောင့် သေသွားမည်ကို မစိုးရိမ်ရသော်လည်း သူက ရုတ်တရက် စိတ်ဖောက်ပြန်လာပြီး ကိုယ့်ကိုယ်ကိုယ် သတ်သေရန် ကြိုးစားမည်ကို စိုးရိမ်ဖွယ်ရာ ရှိနေသောကြောင့် ဖြစ်ပါ၏။

'ကျွန်မ ပြောလိုက်တဲ့ ကိစ္စက ထိခိုက်မှုမရှိဘူးလို့ ဘယ်တော့မှ မပြောနဲ့နော်'

ဗိုင်ယာနီနှင့် ဂျက်ကော့ဟတ်ရှ်တို့သည် ထိပ်ခေါင်ကို တတိယ အကြိမ်မြောက် ဖွင့်ကြည့်လိုက်ပြီးနောက် ဗိုင်ယာနီက တဟားဟား ရယ်၍ ပြောလိုက်ခြင်း ဖြစ်ပါ၏။



ဂျက်ကော့ဟတ်ရှ်ကလည်း သဘော တူလိုက်သည်။

'သူက စကားပြောခွက်ကို ပြန်မချလိုက်ခင် သူ့ အသံက သိပ်ကို အထိတ်တလန့် ဖြစ်နေသလိုပဲ၊ ဒါပေမယ့် သူက စကားပြောခွက်ကိုတော့ ပြန်ချ လိုက်မသေးတယ်'

'သူသာ စိတ်ခေါက် မချောက်ချားသွားဘူး ဆိုရင် ကျွန်မ ဘယ်လောက်အထိ သိနေတယ်ဆိုတာ သိရအောင် သူက ဆက်စကား ပြောနေလိမ့်မယ်လို့ ရှင်က ဆိုလိုတာလား'

'အဲဒါလဲပါတယ်၊ ပြီးတော့လဲ သူက တမည့် တစ်ယောက်ကို သတင်းစာ ထိပ်ပိုင်းက တစ်ယောက် ယောက်ဆီ တယ်လီဖုန်း ဆက်ခိုင်းပြီး မစ်(စ်) လူးနန်ကို လက်ပူးလက်ကြပ် ဖမ်းခိုင်းလိမ့်မယ်'

'ခုအချိန်မှာ သူက မစ်(စ်)လူးနန်ကို အလုပ်ဖြုတ် သွားအောင် ကြိုးစားချင် ကြိုးစားနေမှာ'

'သူ့ အတွက် စိုးရိမ်စရာ မရှိပါဘူး၊ စိတ်မပူ ပါနဲ့'

'ရှင်က သေချာလို့လား'

'ရာနှုန်းပြည့် သေချာပါတယ်၊ သူ့ အ နေ နဲ့ တယ်လီဖုန်း မဆက်ပါဘူးလို့ ငြင်း လိုက်ရုံ ပါပဲ၊ နောက်တစ်ခါ ပြန် နားထောင်ချင်သေးသလား'

ဗိုင်ယာနီက ခေါင်းခါသည်။

'ကျွန်မ သက်သေပြချင်တဲ့ ကိစ္စကို သက်သေ ပြနိုင်ပြီပဲ'



www.burmeseclassic.com

www.burmeseclassic.com

'ကင်းဖီးလ်က သူ့ဇနီး အကြောင်း မကြားချင်ဘူး၊ မပြောချင်ဘူး ဆိုတာလား'

'အဲဒီကိစ္စရဲ့နောက်ကွယ်မှာ ကျွန်မတို့ တွေးထင်ထားတာထက် ပိုပြီး နက်ရှိုင်းတယ် ဆိုတာလေ၊ ပြီးတော့လဲ ကျွန်မက နီးနီးကပ်ကပ် စုံ စမ်း လို့ရအောင် အနီးဝိုင်းနားကိုတောင် လိုက်သွားသင့်တာ'

'မလုပ်နဲ့လေ၊ ကျေးဇူး ပြု ပြီး မ လုပ် လိုက်ပါနဲ့ဗျာ'

ဂျက်ကော့ဟတ်ရဲ့ မျက်နှာ ဖွေးဖွေး ဖြူသွားသည်။

'ဘာဖြစ်လို့လဲ'

'သူက သူ့ဇနီးကို ထိပ်တန်းလျှို့ဝှက်လို့ သတ်မှတ်ထားတာ'

'ဟုတ် တယ် လေ၊ ကျော့် မ ကောင်း ကြား မကောင်း ကိစ္စတွေ ရှိ ရ မှာ ပေါ့၊ အဲ ဒီ အ ချက်တွေနဲ့ သူ့ကို အပိုင် ကိုင်လို့ ရချင်ရမှာ'

'ဒိုင်ယာနီ၊ ကင်းဖီးလ်က သူ့ လျှို့ဝှက်ချက်ဟာ လျှို့ဝှက်ချက် မဟုတ်တော့ဘူး ဆိုတာကို သိသွားပြီလေ၊ အင်နက်တီးလူးနန်က ခုလေးတွင် ပြောပြလိုက်ပြီပဲ'

ဒိုင်ယာနီက မျက်စ ပစ်လိုက်၏။ သူ ထိုကိစ္စကို မတွေးမိခဲ့ပါ။

'သူက သူ့ဇနီး ပတ် ပတ် လည် မှာ ရှိ တဲ့ လုံခြုံရေးကို တင်းကျပ် ထားမှာကတော့ သေချာတယ်၊ အကောင်းဆုံးကတော့ မင်းက အုတ်နံရံကို ခေါင်းနဲ့ ဝင်ဆောင့်ဖို့ပဲ'

'အဆိုးဆုံးကတော့ ကျွန်မ ဦးခေါင်းကို ရှစ်စိတ်ကွဲအောင် အရိုက် ခံရလိမ့်မယ်လို့ ဆိုလိုတာလား'

'ဖြစ် နိုင် တယ်၊ ကင်းဖီးလ်ဟာ လက် တွန့် တဲ့ လူစားမျိုး မဟုတ်ဘူး'

သို့ရာတွင် ထိုစကားက ဒိုင်ယာနီအား မိုက်ကပြောပြထားသော သူ့ အစ်ကို ပေါလ်နှင့် သူ့ မိခင်တို့အကြောင်း သတိရသွားစေခဲ့သည်။ ထိုကဲ့သို့ သတိရမှုက ဒိုင်ယာနီကို အဟာန့်အတား ဖြစ်စေမည့် အစား သူ့ သန္နိဋ္ဌာန်ကို ပို၍ပင် ခိုင်မာစေခဲ့သည်။ သို့ရာတွင် ထိုကိစ္စကို ဂျက်ကော့ဟတ်ရှ် မသိနိုင်ခဲ့သလို သူမှတစ်ဆင့် မိုက်ဗိုဂလာလည်း မသိနိုင်ခဲ့ပါ။

'ကျေးဇူး တင်ပါတယ်၊ ကျွန်မ အပေါ် ထပ်ကို သွားသင့်ပြီ'

'အဲဒီနေရာဟာ မင်းက အကောင်းဆုံး အကျိုးပြုနိုင်တဲ့နေရာပဲ၊ မိုက်အနားမှာ မင်း ရှိနေသင့်တယ်'

ဒိုင်ယာနီက ပြုံးလိုက်ပြီး ဂျက်ကော့ဟတ်ရှ်၏ ပါးကို လျှပ် တစ် ပြက် နမ်း လိုက် ၏။ သို့ရာတွင် သူ့ရင်ထဲက အတွေးကိုတော့ ဖွင့်မပြောခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com

## ၃၀

လေဆိပ်ရှိ ကမ်မ်ကို ရုံးခန်းတွင် ပဿာဒ ဖြစ်စေသော ပစ္စည်း များများစားစား မရှိပါ။ အယ်လီဆန်က သူသည် စည်းစိမ်ရှိရှိ နေထိုင်လိုသော စိတ်ဓာတ်၏ တွန်းအားပေးမှု ကြောင့် စည်းကမ်း ကြီး ကြီး နေထိုင်ရင်း အလုပ်ကို မနေမနား လုပ်ကိုင်နေခြင်း ဖြစ်ပါသည်ဟု တစ်ခါက နယူးရောခ်မှ သတင်းစာ ဆရာများအား ပြော ပြ ခဲ့ ဖူး သည်။ ပြောမပြနိုင် လောက်အောင် များပြားသော ဥစ္စာ ဓနများနှင့် အဆုံးအစ မရှိသော စည်းစိမ် ချမ်းသာများသည် လက်တစ်ကမ်းအလိုသို့ ရောက်ရှိနေပြီ ဖြစ် သ ဖြင့် နံရံပေါ်၌ ဟာ လာ ဟင်း လင်း ဖြစ်နေသော ရုံးခန်းနှင့် စုတ်စုတ်ပြတ်ပြတ် ပရိဘောဂများသည် လော လော ဆယ် တွင် အယ် လီ ဆန် အ တွက် လုံလောက်မှု ရှိနေပါသည်။ အမှန်ကလည်း နံနက် ၈ နာရီ ၁၅ မိနစ်တွင် သူသည် ကိုယ် စား လှယ် စေလွှတ်၍ ရ တ နာ သိုက် ကြီး မှ ပထမ အရစ်ကို သွားရောက် ယူခိုင်းနိုင်တော့မည် ဖြစ်ပါ၏။

အက်ဒဝပ်ဒီဘာရီးစ်က ပြောလိုက်သည်။



'ညတုန်းက ရဟတ်ယာဉ်ကြီး ရောက်လာတယ်'

ထိုရဟတ်ယာဉ်မှာ ဆီကော်စကီ အက်စ် ၆၄ မိုးပျံ ကရိန်း အမျိုးအစား ဖြစ်ပြီး အလေးချိန် ဆယ်တန်အထိ သယ်မနိုင်စွမ်း ရှိသည်။ ထို ရဟတ် ယာဉ်ကို အမေရိကန်နိုင်ငံမှ လက်ဆောင် အ ဖြစ် ရရှိထားပြီး တစ်ခါမှ မသုံးစွဲဖူးသေးသော ဂါနာ နိုင်ငံမှ အယ်လီဆန်က ဝယ်ယူထားခြင်း ဖြစ်သည်။

'လောင်စာဆီတွေ အများကြီး သယ်လာတယ်၊ လေယာဉ်မောင်းတဲ့ လူတွေကလဲ ဘာမဆို လုပ်မယ့် လူတွေ'

အယ်လီဆန်၏ရုံးခန်းထဲတွင်အက်ဒဝပ်ဒီဘာရီးစ်နှင့် အတူရှိနေသော လောရင့်ဟော့ပါးက ပြောလိုက်၏။

'ကျုပ်က မြေပုံတွေ ပေး ပြီး ပြီ၊ ရန်းဒေါက အလုပ်ကြမ်းသမား အနေနဲ့ လူမည်း ရှစ်ယောက်နဲ့ အဲဒီ ပစ္စည်းတွေကို စောင့် ကြပ် ပေး ဖို့ သူ့ လူ လေးယောက်ကို ထည့်ပေးလိုက်တယ်'

'ပြီးတော့ ပရော်ဖက်ဆာ နှစ်ယောက်လဲ ပါလာ သေးတယ်'

သူဆိုလိုသည်မှာ နောက်ထပ် ရောက်လာသော ဘူမိဗေဒ အရာရှိ နှစ်ယောက်ကို ပြောလိုက်ခြင်း ဖြစ်သည်။

'အဲဒီ ရဟတ်ယာဉ်ဟာ နောက် တစ်နာရီ အတွင်း ထွက် မယ် ဆိုရင် သူ တို့ ကလှလှပပ ကျောက်ခဲလေးတွေနဲ့မွန်းလွဲပိုင်း ခပ်စောစောကျမှာ ပြန်ရောက်လာပါလိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com

ထို ရဟတ်ယာဉ်သည် ဂွန်ဂို သဲကန္တာရမှ 'ကူဒေသ'သို့ သွားရောက်ရန် ဖြစ်သည်။ ဘူမိဗေဒ အရာရှိများ၏ ကြီးကြပ် ကွပ်ကဲမှုဖြင့် လူမည်း အလုပ်ကြမ်းသမားများက ကျဲဖြန့်နေသော ရွှေတုံး ရွှေခဲများကို ကောက်ယူကြရန် ဖြစ်ပါ၏။ စီဂျေ ကင်းဖီးလ်က ရွှေတုံးရွှေခဲ တစ်တန်၊ ဖြစ်နိုင်လျှင် ထို့ထက်ပိုသော ပမာဏကို စီစီအိုင်က ရွှေတွေ့ ထားကြောင်း သက်သေပြသည့်အနေနှင့် နယူးရောခ်ရှိ အဆောက်အအုံတွင် ပြသ ထား လိုသည်။ သူက ဒေါ်လာ ၁၇ သန်း သို့မဟုတ် ထို့ထက်မက တန်ဖိုးရှိသော ရွှေများကို အစောင့်များ အမြဲမပြတ် ချထားကာ ညှော့ခန်းထဲ၌ ပရိသတ်များ သွားရည် ကျနိုင်အောင် ပြသထားရန် ရည်ရွယ်ထားသည်။ ကူဒေသမှ လေဆိပ်သို့ သယ်ယူ ပြီးသောအခါ ဂျက်လေယာဉ်ပျံနှင့် အမေရိကန်သို့ တင်ပို့ပေးရန် ဖြစ်ပါ၏။

'သူတို့ကို သွားခိုင်းလိုက်တော့ အက်ဒဝပ်ရေ' အယ်လီဆန်က ပြောလိုက်သည်။

ဒီဘရီးစ် ထွက်ခွာ သွား သည်။ အယ်လီဆန် နေရစ်ခဲ့သည်။ ဟော့ပါးက 'ကြိုဆိုသော ပါတီပွဲ' အကြောင်း စပြောသည်။

အယ်လီဆန်သည် စကားဝှက်နှင့် ပို့လိုက်သော တဲလက်ကို 'အဓိပ္ပာယ်ပြန်'နေဆဲ ဖြစ်သဖြင့် သူ့ စကားကို ကြားတစ်ဝက် မကြားတစ်ဝက် ဖြစ်နေ သည်။

'ရှင့်သဘောမဲ့ လာ၍'

'သန်ဘက်ခါ ဆိုရင် ခင်ဗျားအတွက် သိပ် စောလွန်းနေမလား'

'ကောင်းပါတယ်'

သိပ် ဟန်ကျတာပေါ့ ဟု အယ်လီဆန်က တွေးလိုက်၏။ နက်ဖြန် ဆိုလျှင် အယ်လီဆန်သည် နယူးရောခ်သို့ ပြန်ရောက်နေပြီ ဖြစ်ပြီး စီဂျေနှင့် အစည်းအဝေး ပြုလုပ်နေပေလိမ့်မည်။ ထိုကိစ္စကို ယခုထက်တိုင် ဟော့ပါး မသိသေးပါ။ သိအောင် လည်း အယ်လီဆန်က ပြောမပြပါ။

ဟော့ပါးက အကြံဉာဏ်တစ်ခုတို ထပ်ပေးလိုက် ပြန်၏။

'ကျုပ်တို့ လူတွေပါ စိတ်လှုပ်ရှားလာအောင် ရွှေတုံးရွှေခဲ တချို့ကို ပြထားရင် မကောင်းပေ ဘူးလား'

'တစ်ယောက်ယောက်က နမူနာတွေကို အိတ်ထဲ ထည့်ယူသွားမှာပေါ့'

'ကျုပ်တို့က ရန်းဒေါ်ရဲ့လူတွေကို ယိုတယ်ထဲမှာ တာဝန်ချထားပါမယ်'

'ဒါဆိုရင် ဖြစ်ပါတယ်လေ၊ ဒါနဲ့ စကားမစပ် ရန်းဒေါ်အတွက် လူအင်အား ထပ်များလာပြီလား'

'တစ်ရာလောက် ရောက်ပါပြီ၊ နောက်ထပ် သုံးရာလောက် ရောက်လာဖို့ရှိတယ်'

'စိတ်ချမ်းသာစရာပဲ၊ ကျွန်မက ဟင်နရီဂါနဲ့ သူ့လူတွေကို ထိန်းထားနိုင်မယ့် လူဖြူစစ်သားတွေ လုံလုံလောက်လောက် ရှိနေပါစေလို့ ဆုတောင်းနေ တာပါ'



www.burmeseclassic.com

www.burmeseclassic.com

'ဟင်နရီဂါဒူးကို ကျုပ်လက်ထဲမှာ ပိုင်ပိုင်နိုင်နိုင် ချုပ်ကိုင်ထားပါပြီ'

လောရင့်ဟော့ပါးက ခပ်ကြွားကြွား ကလေး ပြောပြီး ထပြန်သွားသည်။

ပြင်သစ်နိုင်ငံမှ မာဆေးလ်မြို့၊ ဘဲလ်ဂျီယံ နိုင်ငံမှ အာရပ်ဆဲလ်မြို့၊ ပြင်သစ်နိုင်ငံမှ ပဲရစ်မြို့နှင့် အင်္ဂလန်နိုင်ငံမှ လန်ဒန်မြို့တို့သည် ကြေးစား စစ်သားများကို စုဆောင်း ရရှိနိုင်သော အချက်အချာ ကျသည့် နေရာများဖြစ်ကြောင်း သာမန်အားဖြင့် သိရှိထားကြပေလိမ့်မည်။ ထိုကိစ္စမှာ အတိုင်းအတာ တစ်ခုအထိသာ မှန်ကန်ပါသည်။ ထို မြို့ကြီးများတွင် ကြေးစား စစ်သားများကို စုဆောင်း၍ ရပါသည်။ သို့ရာတွင် အများစုမှာ ယစ်ထုပ်ကြီးများ၊ စိတ္တဇဝေဒနာရှင်များ၊ အလွန် ရက်စက် ကြမ်းကြုတ်သူများ၊ မူးယစ်ဆေးဝါး စွဲကပ်နေသူများနှင့် အခြား တန်ဖိုး မရှိသူများသာ ဖြစ်ကြပါသည်။ ပို၍ အဆင့်အတန်း မြင့်သော ကြေးစားများကိုမူ ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်ချ်မြို့တွင် ရရှိနိုင်ပါသည်။

ဥရောပတိုက်၌ ပစ္စည်းပစ္စယ ဝယ်ယူစုဆောင်းရာ ပြီး စီး သွားသော စတီဖင် ပက် ဂျက် သည် 'ဆီးစထရက်ဆီး' ရှိ 'ချက်ဇ်မက်ဇ်' တွင် ဟားဂျိဟန် အက်ကနာနှင့်အတူ ညစာစားနေသည်။ သူတို့သည် လင်းမတ်မြစ်ကို ရင်သပ်ရှုမောဖွယ်ရာ မြင်ရသော နေရာ၌ အကောင်းဆုံး စားပွဲကို ရရှိထားသည်။

ဟားအက်ကနာက ဆယ့်ငါးဒေါ်လာတန် ဟာဗနာ ဆေးပြင်းလိပ်ကို သောက်နေပြီး စတီဖင်ပက်ဂျက်က ပရုပ်အေးဆလင်းစီးကရက်ကိုသောက်ရင်း မပြီးပြတ် သေးသော ကိစ္စကလေးများကို လက်စသတ် နေကြသည်။

'အတွေ့အကြုံများရုံသာမက ခင်ဗျားပြောသလို အင်မတန် ပေါက်ကွဲလွယ်တဲ့ လူခြောက်ဆယ်နော်'

ဂျိဟန်အက်ကနာက ပြောလိုက်၏။ ဆွစ်ဇာလန်နိုင်ငံမှ ငွေစက္ကူများကို အိတ်ကြီးနှင့် အပြည့် ထည့် ယူ လာ သော ကလိုက် အင်ဒါဆန် ဟု သူ သိထားသည့် ပုဂ္ဂိုလ်က ပြန်ပြောလိုက်သည်။

'ကျုန်တဲ့ အရည်အချင်းတွေကလဲ ထပ်တူထပ်မျှ အရေးကြီးပါတယ်လေ'

အက်ကနာသည် တစ်ဒေါ်လာခန့် တန်ဖိုးရှိသော မီးခိုးများကို ဖွာလိုက်ပြီးနောက် 'ထူးဆန်း လှပေသည်' ဟု တွေး လိုက် ၏။ အင်ဒါဆန်သည် အမေရိကန် လေသံဝဲဝဲနှင့် စကားပြောတတ်သူ ဖြစ်ပြီး အမေရိကန် တစ်ယောက် ဖြစ်သည်မှာ သေချာသည်။ သို့တိုင်အောင် သူက ထိုကြေးစား စစ်သားများသည် အသားမည်းသော အာဖရိကန် အမျိုးသားများနှင့် အမေရိကန် မှန်ပါက မည်သည့် အသွေးအရောင် ရှိသူကိုမဆို မုန်းတီးသူများ ဖြစ်ရမည်ဟုဆိုခဲ့သည်။

'လူတွေကတော့ ရနိုင်ပါတယ်၊ ဒါပေမယ့် တော်တော်ကလေး ခဲယဉ်းပါလိမ့်မယ်'

'ဈေးကြီးမယ်၊ သိပ်ဈေးကြီးမယ်ပေါ့'



www.burmeseclassic.com

www.burmeseclassic.com

စတိဗ်က ခေါင်းညိတ်ပြီး စီးကရက်ကို ပြာခွက်ထဲတွင် ထိုးခြေပစ်လိုက်သည်။

'အဲဒီ စကားကို အရှင်ကလဲ ခင်ဗျား မြော့ခဲ့ပါတယ်၊ ဈေးနှုန်းအတွက်တော့ စိတ်မပူပါနဲ့ဗျာ၊ လူရအောင်သာ ရှာပေးပါ၊ သူတို့ကို ကျောင်းသားတွေ၊ ကမ္ဘာလှည့် ခရီးသည်တွေ၊ သာသနာပြုတွေ၊ မုဆိုးတွေ အစ ရှိတဲ့ အယောင်ဆောင်ဘာဝမျိုးတွေနဲ့ လားဂိုးစ်ကို လွှတ်ပေးပါ'

'သူတို့ကို အဲဒီနေရာမှာ တွေ့ဆုံပြီး ခေါ်သွားမယ် ဟုတ်လား'

'ဟုတ်ပါတယ်၊ ဒီတော့'

စတီဖင်ပက်ဂျက်၏ စားပွဲအောက်တွင် ရှိနေသော ညာဘက် ခြေထောက်က လေးလံသော ပစ္စည်းအစ်ခုကို ကန်တွန်းပို့ရင်း လှုပ်ရှားလိုက်သည်။

'အိတ်ကြီးက ခင်ဗျားဘက်မှာ ရောက်နေပြီဟားအက်ကနာ၊ ကျုပ်တို့ အလုပ် ဖြစ်ပြီလား'

ဂျိုဟန်အက်ကနာသည် သေချာအောင် ငုံ့၍ လက်နှင့် စမ်းလိုက်ပြီးနောက် ပြန် ပြော လိုက်၏။ သူသည် အိတ်ထဲမှ ငွေများကို မြင်ခဲ့ရပြီဖြစ်သလို ရေတွက်ခဲ့ပြီးလည်း ဖြစ်သည်။

'ကျုပ်တို့ အလုပ်ဖြစ်ပါပြီ အင်ဒါဆန်၊ ကဲ ဘယ်လို အချိုမုန့်ကို စားမလဲဆိုတာ ရွေးကြရအောင်လား'



နိုင်ဂျီးရီးယား အစိုးရက 'အနောက် အာဖရိက လေယာဉ်ပျံ မောင်း နှင် သူ များ အသင်း' အား အံ့ဩစရာ ကောင်းလောက်သော အ မြန် နှုန်း နှင့် တရားဝင် အသိအမှတ် ပြုပေးလိုက်သည်။

ထို့နောက် ဒဗလျူအေပီအေသည် 'မာတာလာ မိုဟာမတ် နိုင်ငံတကာလေဆိပ်' မှ ပျက်စီးနေသော လေယာဉ်ပျံ ရုံတစ်ရုံကို ဌာနချုပ်ရုံးနှင့် သဟာယကလပ်အဖြစ် အသုံးပြုရန် ငှား ရမ်း ထား သည်။ ဒဗလျူအေပီအေ အသင်းဝင် ပိုင်းလော့ များသည် ဘာဆိုတိုတွင် ပြုလုပ်ထားသော လေယာဉ်ပျံ ပြပွဲမှ အမေရိကန် ဒေါ်လာများကို ပြန်လည်၍ယူဆောင်လာကြမည် ဖြစ်သဖြင့် အစိုးရက သူတို့အပေါ်တွင် ညှာညှာတာတာ သ ဘော ထား သည်။ ဒဗလျူအေပီအေ၏ အစည်းအဝေးများကို စုံထောက်များ စေလွှတ်ထားလေ့ မရှိပါ။

ယခင်က 'ယူ နီ ဗာ ဆယ် အဲ ယား ဆား ဗစ် စ်' ကုမ္ပဏီမှ ဝန်ထမ်းများ ဖြစ်ခဲ့ကြပြီး ယခုအချိန်တွင် ဒဗလျူအေပီအေ၏ ဥက္ကဋ္ဌနှင့် ဒုတိယ ဥက္ကဋ္ဌတို့ ဖြစ် နေ ကြ သော ဒေါက်ဂလပ်စ် ဖီးလ်ဒင်းနှင့် အိုလီဆီဂမ် တို့က မတ်တတ် ရပ် နေ ကြ သည်။ လူ နှစ်ဆယ် သုံး ဆယ် ခန့် က သတ္တုခေါက် ကုလားထိုင်များပေါ်တွင် ထိုင်နေကြသည်။ ဒေါက်ဂလပ်စ် ဖီးလ်ဒင်းက အစည်းအဝေးကို မေးခွန်း တစ်ခုနှင့် စလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

'ကျုပ် ခရီးသွားနေတုန်း စိတ် ရော လူ ရော ပြောင်းလဲသွားမှုတွေ ရှိခဲ့သလား'

စိတ်ပြောင်းလဲသွားသူ ရှိပုံမရပါ။

'ပစ္စည်း ပစ္စယတွေကိုတော့ ဝယ်ခြမ်း ပြီးပါပြီ၊ အိုလီဆီမှာ စာရင်း တိတိကျကျ ရှိပါတယ်၊ အဲဒါကိုတော့ နောက်မှပဲ ပြောပြပါတော့မယ်'

'ဆေးရောင်တွေကိုရော ရွေးချယ် ပြီးပြီလား'

တစ်ယောက်ယောက်က ရယ်လိုက်၏။

'သက်တန့် ရောင်စဉ်ထဲမှာ ပါတဲ့ အရောင် တွေ အားလုံးအပြင် အက်ဂ ဘီ အ စိမ်း ရောင် လဲ ပါပါတယ်၊ ပန်းချီ ဆရာကြီးတွေက မှုတ် ဆေး နဲ့ ဖျက်ပစ်ဖို့ အဆင်သင့် စောင့် နေ ကြ ပါပြီ၊ သူတို့ လုပ်ရမယ့် လုပ်ငန်းစဉ်က အတော်ကလေး ပင်ပင်ပန်းပန်း လုပ်ကြရမှာပါ၊ ခင်ဗျားတို့က လေယာဉ်ပျံတွေကို လက်ရှိနေရာက မောင်းနှင်ပြီး ယူလာတဲ့ အချိန်မှာ ဆေးသားတောင် ခြောက်ဦးမှာ မဟုတ်ပါဘူး'

နောက် တစ်ယောက်က ပြောလိုက်သည်။

'စာရွက် စာတမ်းတွေရော အဆင်သင့်ဖြစ်ပြီလား၊ အဲဒါတွေ စနစ်တကျ မရှိတဲ့ အတွက် ခုတ် ဆီ ဝင်ထည့်တဲ့နေရာမှာ အဖမ်းခံရမှာကို ကျုပ် အမုန်းဆုံးပဲ'

'အဲဒီ စာရွက် စာတမ်းတွေကို တကယ် လက်ရာမြောက်တဲ့ ပညာရှင်တွေက လုပ်ကိုင် နေကြတာပါ။ နောက် တစ်ပတ်ဆိုရင် အဆင်သင့် ဖြစ်ပါလိမ့်မယ်'



'ဒေါက်ဂလပ်စ်ရေ၊ အဲဒါတွေ ကသာ အဆင့်မမီဘူးဆိုရင် ကျုပ်တို့တော့ ဒုက္ခ ရောက်ကြရမှာ အမှန်ပဲ'

လူ မည်း ပိုင်း လော့ (လေ ယာဉ် မောင်း) တစ်ယောက်က ပြောလိုက်၏။

'အဲ့ဒါတွေ (စာရွက် စာတမ်းတွေ) ရှိ နေ ပါ ရက်နဲ့ ဒုက္ခဖြစ်နိုင်သလို အဲဒါတွေ မရှိတဲ့အတွက်လဲ ဒုက္ခ ဖြစ်နိုင်တယ်ဗျ'

ရာသီဥတုဒဏ်ကို ခံထားရသောကြောင့် အရေးအကြောင်းပေါင်း မြောက် မြား စွာ ဖြစ် ပေါ် နေသော မျက်နှာကို သန်မာ တောင့် တင်း သော လက်ကြီး တစ်ဖက်က ပွတ်သပ်လိုက်သည်။

'အင်း ကျုပ်တော့ အသက်တွေ အ များ ကြီး ပြန်ငယ်သွားတယ်၊ ကျုပ်က ပြင်သစ်တွေ အတွက် စီ ၄၆ လေယာဉ်ပျံ ကြီးတွေနဲ့ ရိ ကျွာ တွေ ကို ဒိုင်ဗင်ဖူးမှာ သွားချပေးရတဲ့ ကိစ္စကို ပြန်သတိရလာတယ်ကွ'

'ဒုက္ခပါပဲ၊ ထိုနေ့မှာရယ်၊ (အဲဒီဟုန်းက)ပြင်သစ်တွေ ရှုံးသွားတယ်ဗျ'

'ဒီမှာ ကိုယ့်လူ၊ ကျုပ် တို့ အား လုံး ဟာ မအောင်မြင်တဲ့ လူတွေချည်းပဲ၊ အောင်မြင်ရင် ဒီမှာ ထိုင်နေကြရမှာ မဟုတ်ဘူး။ ကျုပ်တို့ လူ စု ဟာ ဒီတစ်ခါမှာ အပြောင်းအလဲ တစ်ခုအနေနဲ့ ထူးခြားလာလေမလား ဆိုတဲ့ မျှော် လင့် ချက် နဲ့ ကြိမ်တစ်သန်းမှာမှ တစ်ခါလောက် အောင် မြင် နိုင် တဲ့



www.burmeseclassic.com

www.burmeseclassic.com

အခွင့်အရေးကို လာပြီး လောင်း က စား နေ ကြတဲ့ ခပ်ညံ့ညံ့ လူတွေချည်းပဲကွ'

'အကောင်းဘက်ကို တော်တော် မြင်တတ်တဲ့....မသားပဲ'

ထရီဖွာ့ အနားတွင် ထိုင်နေသော လူဖြူ လေယာဉ်မောင်း တစ်ယောက်က ငေါ့တော့တော့ ဝင်ပြောလိုက်ခြင်း ဖြစ်ပါ၏။

အခြားလူမည်း လေယာဉ်မောင်း တစ်ယောက်က ပြောလိုက်ပြန်သည်။

'ပြဿနာကတော့ ထရီဖွာပြောတာ မှန်တယ်ကွ'

ဒေါက်ဂလပ်စ် ဖီးလ်ဒင်းနှင့် အိုလီဆီဂမ် တို့က တစ်ယောက်နှင့် တစ်ယောက် ကျေကျေ နပ်နပ် ကြည့်လိုက်ကြသည်။ ဝါရင့် လေယာဉ်မောင်းသမားများသည် အင်မတန် စိတ်တိုနေချိန်၌ အလွန် ထူးချွန်တတ်ကြပါပေ၏။

မေဂျာ ဘရှူးစတား ရန်းဒေါကမူ ထိုအယူအဆနှင့် သဘောချင်း တိုက်ဆိုင်လိမ့်မည် မဟုတ်ပါ။ သူက အထူးတလည် စိတ်ခါတ်ဏက်ကြွနေသည်။

အင်အက်စ်ဘီ တပ်စိတ်နှစ်စိတ်မှ ဗိုလ်များနှင့် အကြပ်များကို ရှင်းလင်းပြောပြရသည်မှာ အလွန် လွယ်ကူနေသည်။ ရန်းဒေါက လောရင့်ဟော့ပါး အား ရယ်ရယ်မောမောနှင့် ရှင်းပြလိုက်၏။

'ရယ်စရာကောင်းတယ်'

ဟော့ပါးက ဒါပဲပြောသည်။ သူ့ထံတွင် ပို၍ အရေးကြီးသော ကိစ္စရပ်များကို ဆွေး နွေး ရန် ရှိနေသည်။ ဆီကော်စကီအက်စ်၆၄ ရဟတ်ယာဉ်သည် 'ကူ' ဒေသမှ ယမန်နေ့ မွန်းလွဲပိုင်း ခပ်နောက်ကျကျ အချိန် တွင် ရွှေ တုံး ရွှေခဲ ၂၃၀၂ ပေါင် ကို ယူဆောင်ပြီး ပြန်လည် ရောက်ရှိလာသည်။ ထို ရွှေ တုံး များ ကို အမေရိကသို့ မတင်ပို့နိုင်ခင် လေယာဉ်ပျံ ရုံထဲတွင် ကြေးစား စစ်သားများက စောင့်ကြပ်နေကြသည်။

'ပေါင်နှစ်ရာလောက် ဂါဒူးဂရင်းဒ် ဖိုတယ်ကို ရွှေ့ထားလိုက်ပါ မေဂျာ၊ ကျုပ်က ကမ်မ်ကို ပါတီပွဲအတွက် အစီအစဉ်လုပ်ပြီးပြီ၊ နက်ဖြန်ခါ ည ရှစ်နာရီမှာ စမယ်၊ ခင်ဗျားနဲ့ ခင်ဗျား အရာရှိ တချို့က ညော့သည် အနေနဲ့ တက်ကြရမယ်၊ တပ်ခွဲ တစ်ခွဲကတော့ လုံခြုံရေးအတွက် စောင့်ပေးရမယ်'

ဟော့ပါးက ရပ်တန့်လိုက်ပြီး ရန်းဒေါအား ခပ်ကြာကြာ ကြည့်လိုက်၏။

'အဲဒီ စက်ယန္တရားကို ည ၁၁ နာရီမှာ အသက် သွင်းလိုက်ပါ'

'ကျုပ်ရဲ့ သိပ္ပံပညာရှင်ကြီးကို ခိုင်းလိုက်ပါမယ်၊ သူ ဒီကနေ့ မွန်းလွဲပိုင်းမှာ လုပ်နိုင်ပါလိမ့်မယ်၊ ၁၆ နာရီက ကြိုတင်ပြီး ရာနှုန်းပြည့် တိတိကျကျ ဖြစ်အောင် လုပ်ပေးနိုင်တဲ့ ချိန်ကိုက်စက် ရှိတယ် ဆိုတာ ခင်ဗျားလဲ သိသားပဲ'

'ခင်ဗျားရဲ့ သိပ္ပံပညာရှင်ကြီးကို အလေးချိန်နဲ့ ပဏ်သက်ပြီး သေချာအောင် ချိန်ခိုင်းလိုက်ဦးနော်'



www.burmeseclassic.com

www.burmeseclassic.com

'အနည်းဆုံး ပေါင်နှစ်ရာဖြစ်အောင် သူလုပ်ပါလိမ့်မယ်'

ရန်းဒေါ်က သူ့ကပည့်အား ဆောင်ရွက်ခိုင်းလိုက်သည်။ သူ့ကပည့်ကလည်း နောက် တစ်နာရီအတွင်း ထိုကိစ္စကို ဆောင်ရွက်လိုက်သည်။ ထိုအခိုက်မှာပင် အက်ဒဝပ်ဒီဘာရီးစ်က လောရင့်ဟော့ပါး၏ ရုံးခန်းထဲသို့ ဝုန်းခနဲ ဝင်ရောက်လာလေ၏။

'မဟုတ်တရုတ်တွေတော့ ဖြစ်ကုန်ပြီ လာရီ၊ စီစီအိုင် ၇၄၇ ဘိုရင်း ဂျက်လေယာဉ်ပျံဟာ ၁၅ မိနစ်အတွင်း ရောက်လာတော့မယ်၊ စီဂျေက ရွှေရောင်ဆံပင်နဲ့ အမျိုးသမီးကို ခေါ်ခိုင်းလိုက်တယ်၊ ကျုပ် သူ့ရုံးခန်းက ခုလေးတင် ပြန်လာခဲ့တယ်၊ သူ မနက်စောစောကျရင် နယူးရောခ်ကို သွားလိမ့်မယ်၊ ဒီကိစ္စကို ကျုပ်တို့နောက်ကွယ်မှာ တိတ်တိတ်ကလေး ကျိတ်ပြီး လုပ်သွားတာပဲ'

'ကျုပ် သူနဲ့သွားပြီး စကား ပြောလိုက်ဦးမယ်'

အယ်လီဆန်ကရိတ်ချ်က အမှတ်မထင် ပုံစံနှင့် ဟော့ပါးကို ရှင်းပြလိုက်သည်။

'စီဂျေက ကျွန်မကို လွှန်ခဲ့တဲ့ နှစ်ရက်သုံးရက်က ဖုန်းဆက်တယ်၊ သူက ကျွန်မကို သူ့ရှေ့မှောက်မှာ လာပြီး ရှင်းပြစေချင်တယ်'

အယ်လီဆန်က သက်ပြင်းချလိုက်၏။

'ကျွန်မက ရှင့်ကို ပြောပြသင့်တာ ပေါ့ရှင်၊ ဒါပေမယ့် အလုပ်ကသိပ်များလို့ မေ့လျော့သွားခဲ့တာပါ'

ဟော့ပါးက ကန့်ကွက်လိုက်သည်။



'ကုမ္ပဏီပါတီပွဲက နက်ဖြန်ခါလုပ်မှာ၊ ခင်ဗျားကကမ်မ်ကိုရဲ့ ဥက္ကဋ္ဌအနေနဲ့ ဒီမှာရှိသင့်တယ်၊ အဲလေ.... ကင်းဖီးလ်ကိုပြောပြပြီး ခရီးစဉ်ကို တစ်ရက်လောက် ရွှေ့ဆိုင်းသင့်တယ်'

အယ်လီဆန်က ငေါ့တော့တော့ ပြုံးလိုက်၏။

'ရှင် သူ့ကိုပြောရဲရင် ပြောလေ၊ စီဂျေက သူ ချိန်းထားတာကို ဖျက်ရင်....အထူး သဖြင့် သူက အမိန့်ပေးပြီး ခိုင်းတဲ့အခါမျိုးမှာ ကြီးကြီးကျယ်ကျယ် ဒေါပွတတ်တယ်'

ဟော့ပါးက တံတွေးကိုသာ မျိုချလိုက်ရလေ၏။

'ရွှေဒုတ္တကို သေတ္တာနဲ့ထည့်ပြီး လေယာဉ်ပျံပေါ် တင်လိုက်ပါ၊ သူ ခန့်မှန်းတာထက် ကြိုရောက်လာတဲ့ အံ့ဩမှုကို သူ သဘောကျပါလိမ့်မယ်'

'ကျုပ်က ရွှေတုံးတစ်ချို့ကို ဟိုစာယ်မှာ ပြထားသင့်တယ်လို့ မေဂျာရန်းဒေါ်ကို ပြောထားတယ်၊ အဲဒါကို ခင်ဗျားကလဲ သဘောတူတယ်လို့'

'စီဂျေအတွက် တစ်တန် ပြည့်ပြည့်ဝဝ ရမယ် ဆိုရင် အဲဒါက ကိစ္စမရှိပါဘူး'

ဟော့ပါးက ရလို ရငြား ကြိုးစားလိုက်ပြန်၏။

'ကျုပ်နဲ့ အက်ဒဝပ်တို့က ခင်ဗျားရဲ့ အစီရင်ခံစာထဲမှာ ပေါင်းထည့်ပေးဖို့ အသေးစိတ် အစီရင်ခံစာတွေ ရေးနိုင်အောင် ခင်ဗျားက ခရီးသွားမယ့် ကိစ္စကို တစ်ရက်လောက် ရွှေ့ဆိုင်းသင့်ပါတယ်ဗျာ'

'အဓိပ္ပာယ် မရှိဘူး၊ စီဂျေက အားလုံးအပေါ်မှာ ခြုံငုံပြီး သုံးသပ်ပြမယ့် ကျွန်မ ထင်မြင်ချက် ကိုသာ



www.burmeseclassic.com

www.burmeseclassic.com

နားထောင်ချင်တာပါ။ ကျွန်မ က လဲ ရောက်ပြီး နောက်တစ်နေ့ကျရင် ပြန်ရောက် လာမှာပါပဲ’

ဟော့ပါး သူ့ ရုံးခန်းသို့ ခပ်မြန်မြန် ပြန်သွားသည်။ သူသည် အကြီးအကျယ် ဒေါပွနေသောကြောင့် မေဂျာ ရန်းဒေါအား သူ ပြောထားသော ‘ချိန်ကိုက်စက်ကို နက်ဖြန်ခါ ည ၂၃း၀၀ နာရီမှ စ၍ အသက် သွင်းထားရန်နှင့် ဖိအားချိန်ကိုက်မှုကိုလည်း ပေါင် နှစ်ရာ တိတိတွင် ရှိနေစေရန်’ ဆိုသည့် အမိန့်ကို သူ မေ့လျော့သွားတော့သည်။

ဟားဂျိတန်အက်ကနာသည် စာတွဲများထဲမှ နာမည်များကို ရွေး ထုတ် ရင်း ကလိုက် အင်ဒါဆန်နှင့် အပေးအယူ လုပ်ခဲ့ရသည့် ကိစ္စကို အကြီးအကျယ် ပီတိ ဖြစ်နေမိသည်။

အင်ဒါဆန် သို့မဟုတ် သူ့ နာမည် အမှန်သည် မည်သည့် နာမည်ပင် ဖြစ်ပါစေ၊ သူသည် အလွန် ချမ်း သာ ကြွယ် ဝ သော ပုဂ္ဂိုလ် များ အ တွက် ဆောင်ရွက်ပေးနေသူ ဖြစ်သည်မှာ သေချာသည်။ အက်ကနာ ပြောခဲ့သော လူရှာ ပေးခ ဒေါ်လာ ၇၅၀၀၀၀ ဆိုသည်မှာ အဆမတန် တင်ထားသော ဈေးဖြစ်ပြီး ထိုဂဏန်းက စ၍ နည်းနည်းစီ လျှော့ပေးသွားရန် ရည် ရွယ် ထား သည်။ အင်ဒါဆန်က သူ့ တောင်းဆိုချက်ကို မေးခွန်း မထုတ်ဘဲ မဆိုင်း မတွ ပေးခဲ့သည်။

သူ အလုပ်ရှာဖွေပေးသူထံမှ အလုပ်ရှာဖွေပေးခ ကော်မရှင်ကို သူ ကောက် ခံ ၍ မရသည့် အတွက်



အက်ကနာ ဝမ်းနည်းမိသည်။ ကြေးစား စစ်သား များသည် များများ စားစား ငွေကြေး ရရှိကြပေလိမ့်မည်။ အင်ဒါဆန်က လူ ခြောက်ဆယ် လိုချင်သည်။ ပြီးတော့ လူ တစ်ယောက်စီအတွက် ခရီး စရိတ်နှင့် မမျှော်လင့်သော အသုံးစရိတ်များအတွက် ဒေါ်လာ ၅၀၀၀ စီ ကြိုတင်၍ ထုတ်ပေးခဲ့သည်။ အင်ဒါဆန် ကတိပေးထားသော ကျန် မက်လုံးများ ကလည်း ယခင်က တစ်ခါမှ မကြားဖူးသော ကိစ္စ များပင် ဖြစ်နေပေသည်။ ထို ကတိ ပေးချက်များကို လက်နှိပ်စက်နှင့် ရိုက် ထား သော အ မှာ စာ တွင် ဖော်ပြထားသည်။

လူတိုင်းလူတိုင်းသည် နာမည် ဖော်ပြမထားရှိသော ‘နောက်ဆုံးသွားရမည့် ဒေသ’ သို့ ရောက်ရှိသော အခါ လေ ယာဉ်ပျံပေါ်မှ ဆင်း သက် သည် နှင့် တစ်ပြိုင်နက် ‘စာ ရင်း သွင်း မှု အ တွက် ဆုကြေး’ ပေးသည့်အနေနှင့် တစ်ဦးလျှင် ဒေါ်လာ ၂၀၀၀ စီ ငွေ သားနှင့် ရ ရှိ ကြ မည်။ ထို့ နောက် လူတွေ့ မေးမြန်းပြီးချိန်တွင် ရာထူးကိုယ်စီ သတ် မှတ် ၍ တာဝန် ပေးအပ်ခံရချက်အပေါ် မူတည်ပြီး တစ်လ လျှင် ဒေါ်လာ ၅၀၀၀ မှ ၁၀၀၀၀ ထိရရှိကြမည်။ ၎င်းအပြင် တတ်နိုင်သလောက် လုယက်၍ ရသော ပစ္စည်း မှန်သမျှကိုလည်း ယူခွင့်ပြုထားသည်။

ဟားဂျိဟန်အက်ကနာသည်ရိုးသားဖြောင့်မတ်သူ ဖြစ်သည့် အတွက် ကလိုက်အင်ဒါဆန် ပြောခဲ့သော အရည်အချင်း သတ် မှတ် ချက် နှင့် ပြည့်စုံသူများ၏ စာရင်းကို ပြု စု ပြီး နောက် ထို ပုဂ္ဂိုလ်များထံ



www.burmeseclassic.com

www.burmeseclassic.com

တယ်လီဖုန်းနှင့် ဆက်သွယ်ခြင်း၊ တဲလက်နှင့် ဆက်သွယ်ခြင်း စသည်တို့ကို ပြု လုပ် တော့ သည်။ နောက်ထပ် သုံးရက်တာ ကာ လ အ တွင်း သူ လိုချင်သော လူ ခြောက်ဆယ်နှင့် အဆက်အသွယ် ရရှိခဲ့သည်။

သို့ရာတွင် သူ့ အလုပ်တာဝန်သည် မပြီး ပြတ် သေးပါ။ ထိုပုဂ္ဂိုလ် များသည် ကမ္ဘာ အရပ်ရပ်မှ လာ ရောက်ကြ မည့် ပုဂ္ဂိုလ်များ ဖြစ်ရာ ကလိုက် အင်ဒါဆန် သတ်မှတ်ထားသော နေ့ ရက် မ တိုင် မီ လားဂိုးစ်သို့ ရောက်ရှိ သွားကြရန် လိုအပ်ပေသည်။

ထိုအလုပ်သည် ပျင်းစရာ ကောင်းသည်သာမက ကြီးလေးသောတာဝန်လည်း ဖြစ်သည်။အက်ကနာ၏ အတွေးသည် အခြား တစ်နေရာသို့ ရောက်ရှိသွား ပြန်လေ၏။ သူ ကိုယ်တိုင် လားဂိုးစ်သို့ လိုက်မသွား သင့်ပါလား။ အကျိုး ဖြစ်ထွန်းစရာတော့ ရှိနေ ပါ သည်။ သူသည် မျှော် လင့် မ ထား သော စရိတ်စက များကို ကုန်ကျခဲ့ရသည်။ သို့မဟုတ် ကြို တင် ၍ မသိနိုင်သော လာဘ်ငွေများကို အမြောက်အမြား ပေးခဲ့ရသည်ဟု အကြောင်းပြပြီး အင်ဒါဆန့် ထံမှ နောက်ထပ် ငွေ အိတ် တစ် အိတ် ကို မရမက တောင်းယူနိုင်ဖွယ်ရာ ရှိပါ၏။

လောဘစိတ်ကို မြော်မြင်ဆင်ခြင်တတ်မှုက အနိုင် ယူ သွား ခဲ့ သည်။ အင်ဒါဆန်သည် သေ နတ် နှင့် ပစ်ခတ်သော အလုပ်ကို အသက် မွေးဝမ်းကျောင်းမှု လုပ်ငန်းအနေဖြင့် လုပ်ကိုင်သော လူပေါင်း ခြောက်ဆယ်အား ငှားရမ်း ထား သူ ဖြစ် သည်။ သူ့ ကို မတန်တဆ ဖိအား ပေး လိုက် မည် ဆို ပါ လျှင် အင်ဒါဆန်ကိုယ်တိုင်က သေနတ်မောင်းကို ဆွဲထုတ် လိုက်နိုင်စရာ ရှိနေပေသည်။ ထို အ တွေးက သူ့ ကို အတော်ကလေး နေမထိ ထိုင်မသာ ဖြစ်စေခဲ့ပါ၏။

## ၃၁

ဒေါက်တာ ရော်နယ် အာဖိုက်သည် စိတ်ကြွ၊ စိတ်ကျ စိတ်လွှတ်ရောဂါနှင့် ပတ်သက်လာပါက ထိပ်တန်း ဆရာဝန် တစ်ဦးဖြစ်သည်ဟု အသိအမှတ် ပြုကြရ သည်။ ထိုရောဂါသည် လူထု၏ ဆယ်ရာခိုင်နှုန်းတွင် တွေ့ရတတ်သော စိတ်ရောဂါမျိုး ဖြစ်သည်။ ထို စိတ်ရောဂါ၏ ထူး ခြား ချက် မှာ အကြီးအကျယ် စိတ်တက်ကြွမှု နှင့် ဆိုး ဆိုး ရွား ရွား စိတ်ဓာတ် ကျဆင်းမှုတို့သည် နာရီ ချိန်သီးကဲ့သို့ တစ်လှည့်စီ ဖြစ်ပေါ် လာတတ်ခြင်းပင် ဖြစ်သည်။ စိတ်ဓာတ် တက်ကြွနေချိန်တွင် ထိုပုဂ္ဂိုလ်သည် အလွန်အကျွံ စိတ်ရွှင်လန်းပြီး စွမ်းစွမ်းတမံ လုပ်ချင် ကိုင်ချင် စိတ်များ ဖြစ်ပေါ်နေလေ့ ရှိသည်။ စိတ်ဓာတ် ကျဆင်းနေသည့် အခါတွင်မူ သူသည် မလုပ်ချင် မကိုင်ချင် ဖြစ်နေတတ်ပြီး အချို့သော အနေအထား များတွင် မေ့မျော နေသကဲ့သို့ ထင်မှတ်စေသည်။





www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် စကားမပြော၊ မလှုပ်မရှား၊ မတုံ့မပြန် နေတတ်သော ကြီးကောင်ငင်စိတ် ဖောက်ပြန်မှု ဖြစ်သည်ဟု အထင်မှားစေတတ်သည်။

အဆိုပါ စိတ်ရောဂါသည် ကုန်သည်ကြီးများ၊ စီးပွားရေး လုပ်ငန်းရှင်များ၊ အထူးသဖြင့် မဟာ မဟာ ကော်ပိုရေးရှင်းကြီးများကို တူထောင် နေသော ပုဂ္ဂိုလ်ကြီးများတွင် ပိုမို၍ ဖြစ်လေ့ဖြစ်ထ ရှိသည်။ ဒေါက်တာဇိုက်၏ သုတေသန စာတမ်းတွင် ဂပ်ဖ်အင်ဝက်စတင် ကုမ္ပဏီမှ ချားလ်ဘလာဒွန်၊ အိုင်တီတီ၏ ဟာရိုးဂရင်း၊ အိမ်မြေ အရောင်းအဝယ် သူဌေးကြီး ဝီလျံဇက်ကင်ဒေါ့ဖ်၊ နာမည်ကျော် ဒရေးဖတ်စ်ရန်ပုံငွေမှချယ်ယာမင် ဂျက်ခ်ဒရေးဖတ်စ် တို့၏ ရောဂါဖြစ်စဉ်များအကြောင်း ရေးသားဖော်ပြ ထားသည်။

ထိုရောဂါ ဖြစ်ပွားရသည့် ဇစ်မြစ်နှင့် ပတ်သက် သော အယူအဆများမှာ တစ်ဦးနှင့် တစ်ဦး မတူညီကြပါ။ ရုတ်တရက် စိတ်ဓာတ်အပြောင်းအလဲ ဖြစ်ပေါ်စေတတ်သော အကြောင်းအချက် များ နှင့် ပတ်သက်လာပါက ပို၍ပင် သဘောထား ကွဲလွဲ တတ်ကြပါသေးသည်။

စိတ်ကြွ၊ စိတ်ကျမှု အနေအထားကို စိတ်ရောဂါ ပညာရှင်များနှင့် ဆေးပညာရှင်များက ဆယ်မှတ် ပိုင်းခြားသတ်မှတ်လေ့ ရှိကြသည်။ အမှတ် ၁၀၀ တွင် ဝေဒနာရှင်သည် စိတ်တက်ကြွမှု၏ အမြင့်ဆုံး အနေ အထားသို့ ရောက်ရှိနေပြီး လုံးဝ အိပ်မပျော်ဘဲ



ရှိနေတတ်သည်။ မကြာခဏ ဆိုသလို ထင်ယောင် ထင်မှား ဖြစ်တတ်ပြီး ယုံမှားလွန်သော အနေ အထားသို့ပင် ရောက်သွားတတ်သည်။ သုညအမှတ် တွင်မူ ဝေဒနာရှင်သည် စိတ်ဓာတ် အကျဆုံး အဆင့်သို့ ရောက်ရှိနေပြီး ဆေးပညာ သဘောအရ အရေးပေါ် အခြေအနေဟုပင် ဆိုရပါလိမ့်မည်။

ချားလ်စ်ကင်းဖီးလ်၏ စိတ်ဓာတ် ပြောင်းလဲမှုကို နှစ်ပေါင်းများစွာ လေ့လာ ထားခဲ့ကြသော ဆရာဝန်များက တူညီသော ဆုံးဖြတ်ချက်ကို တညီ တညွတ်တည်း ချမှတ်ခဲ့ကြသည်။ ယခု နောက်ဆုံး ဖြစ်ပွားခဲ့သော 'အထိနာ'မှုက သူ့ကို အမှတ်သုည အဆင့်အထိ ရောက်ရှိသွားစေခဲ့သည်။ ဆေးရုံတွင် အတွင်းလူနာအဖြစ် အချိန်ပြည့် စောင့်ကြပ်၍ ကုသပေးနိုင်ရန် ဆေးရုံသို့အလျင်အမြန်ပို့သင့်သော လူနာ ဖြစ်သည်။ သို့ရာတွင် လက်ရှိ အနေအထား၌ ဆေးရုံသို့ပို့ရန် မဖြစ်နိုင်ဘဲ ရှိနေသည်။

ကင်းဖီးလ်ကို ဆေးရုံသို့ ပို့လိုက်မည် ဆိုပါက လက်ရှိ အခြေအနေကိုသာမက ကာလ ရှည်ကြာစွာ ဖြစ်ပေါ်နေခဲ့သော စိတ်ကြွ၊ စိတ်ကျမှု အနေအထား များကိုပါ သိရှိလာကြပြီး ဆိုးရွားသော ရလာဒ် များကို ရရှိလာပေလိမ့်မည်။ ကင်းဖီးလ်၏ စိတ်ကြွ၊ စိတ်ကျရောဂါကြောင့် သူသည် စိတ်ဓာတ် မမှန်သူ မဟုတ်ဟု သတ်မှတ်လာကြဖွယ် ရှိသည်။ အချိန်ကာမူ ရှုံးသွပ်နေသည် ဟူ၍ပင် သတ်မှတ်ကြပေလိမ့်မည်။ ထို့ကြောင့် သူ့ကို ဘုတ်အဖွဲ့၏ ချယ်ယာမင်



www.burmeseclassic.com

www.burmeseclassic.com

အဖြစ်မှ နုတ်ထွက်ပေးဖို့ ဒေါသတကြီး တောင်းဆိုလာကြလိမ့်မည်။ ထို့ကြောင့် စီစီအိုင် ကော်ပိုရေးရှင်းတွင် ရင်းနှီးမြှုပ်နှံထားသူများနှင့် စီးပွားရေးလောက က ထားရှိခဲ့သော ယုံကြည်မှုများသည် ပျက်ပြားသွားရပေလိမ့်မည်။

ထို့ကြောင့် ကင်းဖီးလ်သည် 'ပီကင်း အအေးမိရောဂါ' ဖြစ်ပွားနေသည်ဟု သတင်း ထုတ်ပြန်ပေးလိုက်သည်။ ထို ရောဂါသည် အိပ်ရာထဲ တွင် ခပ်ကြာကြာ နေရသည်တလွဲ၍ စိုးရိမ်ရသောရောဂါ မဟုတ်ပါ။ ထိုဇာတ်လမ်းကို ပို၍သဘာဝကျအောင် စီစီအိုင် ကော်ပိုရေးရှင်းရုံးချုပ်၌ရှိသော ဝန်ထမ်းအားလုံးကို ချက်ချင်း 'ပီကင်းအအေးမိရောဂါ' ကာကွယ်ဆေးများ ထိုးနှံ ပေးလိုက်လေသည်။

ရုံးခန်းထဲတွင် သတိလစ်သွားသော ကင်းဖီးလ်ကို သူနာတင်ယာဉ်နှင့် နေအိမ်သို့ သယ်ဆောင်သွားကြသည်။ သူနာပြုဆရာမများ၊ လုံခြုံရေးဝန်ထမ်းများနှင့် ဘဏ္ဍာစိုး မက်သယူးဝတ်သ်တို့က သူ့ကို စောင့်ရှောက် ပြုစု ကြပေလိမ့်မည်။ ငွေကြေး အမြောက်အမြား ရရှိထားကြပြီး စီစီအိုင် အစုရှယ်ယာ မြောက်မြားစွာကို ပိုင်ဆိုင်ကြသော နာမည်ကြီး ဆရာဝန်ကြီးများကလည်း ကင်းဖီးလ်သည် 'ပီကင်းအအေးမိရောဂါ' ဖြစ်ပွားနေကြောင်း မရှက်မကြောက် ပြောကြပါလိမ့်မည်။



သတင်း မပေါက်ကြားရေးမှာ အဓိက ဖြစ်နေသောကြောင့် အယ်လီဆန်ကာရိုတ်ချ်ထံ မည်သူကမှ အကြောင်းမကြားခဲ့ပါ။ နယူးရောခ်၌ မည်သို့မည်ပုံ ဖြစ်ပျက်နေသည်ကို မသိသော အယ်လီဆန်သည် ဝါဒူးမြို့တော်မှ ထွက်ခွာလာခဲ့ပြီး ဘိုးရင်း ၇၄၇ ပေါ်တွင် ခရီးတစ်လျှောက်လုံး အိပ်စက်၍ လိုက်ပါလာခဲ့သည်။ အယ်လီဆန်က သူ့ အိမ်ခန်းသို့ အရောက်တွင် ကင်းဖီးလ် ဂေဟာသို့ တယ်လီဖုန်းဆက်လိုက်၏။ မက်သယူးဝတ်သ်က အယ်လီဆန့်အား အသိပေးလိုက်သည်။

'သူ လေးလေးလံလံ ထိုင်းထိုင်း မှိုင်းမှိုင်းကြီးဖြစ်နေတယ်၊ အစာလဲ မစားဘူး၊ ပိုက်နဲ့ သွင်းပေးနေရတယ်'

ဘုရားသခင် ကယ်တော်မူပါ၊ အယ်လီဆန့်၏ ဝမ်းဗိုက်ထဲတွင် အလိပ်လိုက် နာကျင်လာသည်။ အခုလို အချိန်ကာလမျိုးမှ ဖြစ်ရသတဲ့လား။

'ကျွန်မ ချက်ချင်း လာခဲ့မယ်'

'တစ်နာရီကြာမှ လာခဲ့ပါ မစ် (စ်) ကာရိုတ်ချ်၊ အဲဒီ အချိန်ကျရင် ဆရာဝန် တစ်ယောက်ယောက်တော့ ရှိနေပါလိမ့်မယ်၊ ဆရာဝန်ရဲ့ ခွင့်ပြုချက်ပါဘဲနဲ့ မစ္စတာ ကင်းဖီးလ်ကို တွေ့ခွင့် မပေးနိုင်ပါဘူး၊ ခင်ဗျားကလဲ ဆရာဝန်ရဲ့ အယူအဆကို သိချင်လိမ့်မယ်လို့ ယူဆပါတယ်'

အယ်လီဆန်သည် မိနစ်နှစ်ဆယ်ကြာ အောင့်ရချီးပြီးနောက် ညနေ ငါးနာရီ ၄၅ မိနစ်တွင်



www.burmeseclassic.com

www.burmeseclassic.com

သူ့ အိမ်ခန်းမှ ထွက် ခွာလာ ခဲ့ သည်။ အယ်လီဆန်ဓ စီဂျေ၏ ဂေဟာ၌ သူ မြင်ရ တွေ့ရမည့် ကိစ္စက အထိတ်တလန့်ဖြစ်နေမိသည့်တိုင်အောင် ထိုအချိန်တွင် မဝမ်ဒီနိုင်ငံ၌ ည ၁၁ နာရီနှင့် ၄၅ မိနစ် ရှိနေလိမ့်မည်ဟု တွေးမိပြီး ပြုံးလိုက်မိလေ၏။ ယခုအချိန်တွင် ဟော့ပါး၏ စိတ်ဓာတ် မြှင့်တင်ရေး ပါတီပွဲသည် ဆူဆူညံညံနှင့် ထိန်းသိမ်းမရသော အနေအထားသို့ ရောက်ရှိနေလိမ့်မည် ဖြစ်ပြီး ထိုစိတ်ကူးကို သူ တွေး တောမိခဲ့သည့် အတွက် နောင်တ ရနေပေလိမ့်မည်ဟု တွေးလိုက်မိသည်။

ထိုအတိုင်းပင် ဖြစ်ပျက်နေခဲ့ပြီး လောရင့်ဟော့ပါး တစ်ယောက် နောင်တ ရနေမိသည်။ ပါ တီ ပွဲ သို့ တက်ရောက်လာသူ ဝန်ထမ်းအများစုမှာ အမျိုးသား များသာ ဖြစ်ကြသည်။ အမျိုးသားများ အနေနှင့် အရက် သောက် ရန် မှ တစ်ပါး အခြား လုပ်စရာ ကိုင်စရာ မ ရှိ ကြ သ ဖြင့် အ ရက် သောက် ပြီး တစ်ယောက်နှင့် တစ်ယောက် လက်သီးထိုးကြသော အဆင့်သို့ ရောက်ရှိ လာကြသည်။ အချို့ ကလည်း အော့ကြ အန်ကြသည်။

ပေါင် နှစ်ရာခန့် ရှိသော ရွှေတုံးများကို စား ပေါ်တွင် ပြသထားရာမှ ဟိုတယ်ရှိ မီးခံ သေတ္တာ ထဲတွင် ထည့်၍ သိမ်းဆည်းထားလိုက်ရလေပြီ။

မေရျာ ရန်းဒေါသည် နယ်စပ် အရေးအခင်း ပြန်လည် ပေးပို့မည့် ရေဒီယို သတင်းကို နားထော ရန်ဟု အကြောင်းပြုပြီး ညစာခံပွဲမှ ပြန်ထွက်သွားခဲ့ သည်။ အက်ဒဝပ် ဒီဘာရီးစ်ကမူ သူ နာပြု ဆရာမ တစ်ယောက်နှင့် အပျော်ကြူးရန် မေရျာ ရန်းဒေါ ထက် စော၍ ထွက်ခွာ သွားခဲ့လေပြီ။

ယခု ပါတီပွဲတွင် ကမ်မ်ကို၏ အနည်းငယ်မျှသာ ရှိသော လူဖြူ အ မျိုး သ မီး အုပ် စု ထဲ မှ လူဖြူ အမျိုးသမီး နှစ်ယောက်သာ အခန်းထဲတွင် ကျန်ရစ်ခဲ့ ကြသည်။ ထိုနှစ်ယောက်တွင် တစ်ယောက်က အလွန် ဝပြီး ကျန် တစ်ယောက်က အလွန် ပိန်သည်။

ဂိုဒေါင် တာဝန်ခံ ဝိန်းမဲ့လစ်ရှ် သည် ဘာဘွန် ဝီစကီကို ရေမရောဘဲ လေးငါး ဆယ်ခွက် သောက် ထားသောကြောင့် မျက်စိ ပြာဝေနေသည်။ သူသည် အရက်ကလေး ထွေ ထွေ နှင့် အ လွန် ဝ သော အမျိုးသမီးကို သွားရောက် မိတ်ဆက် လိုက်သည်။

'ခင်ဗျားနဲ့ ကျုပ် တွေ့ဖူးတယ် မဟုတ်လား၊ ကျုပ်နာမည် ဝိန်း လေ၊ ခင်ဗျား နာမည်ကိုတော့ ကျုပ် မေ့သွားပြီ'

'ပက်ဂီ'

'ခင်ဗျားက တော်တော် ထွား ကျိုင်း တာ ပဲ၊ ကျုပ်က ထွား ထွား ကျိုင်း ကျိုင်းတွေကို သဘော ကျတယ်ဗျ'

'ကျွန်မကလဲ လူထွားကြီးတွေကို သဘောကျတာ ပါပဲ'

'လာဗျာ၊ ကျုပ်တို့ ဒီက ထွက်သွားကြရအောင်'

ပက်ဂီသည် စကားကို မ မှား မ ယွင်း အောင် ပြောဆိုနိုင်သေးသော်လည်း အလွန်အကျွံ မူးနေသူ

www.burmeseclassic.com

နှစ်ယောက် ဧည့်ခန်းဆီသို့ လျှောက် လာကြ သည်။ ဝိန်းက မေးလိုက်၏။

'မင်း အခန်းက ဘယ်မှာလဲ'

ပက် ဂီ က လေး ခွန် တစ် ဟု ဖြေ သည်။ ဝိန်းမဲလစ်ရှ်က ညစောင့် စာရေးအား 'လေး တစ် ခွန်' ဟု လှမ်းမှား၍ ပြောလိုက်သည်။ စာရေးကလည်း သော့ကို အလိုအလျောက် ယူ ပေး လိုက် သည်။ စားတုဏ္ဍထပ်သို့ ရောက်သည့် အခါကျမှ ပက်ဂီသည် သော့တွဲပေါ်မှ နံပါတ်ကို ကြည့်မိတော့သည်။

'ဟို ညစောင့် စာရေးက သော့မှားပြီးပေးလိုက်တယ်'

သူတို့သည် ဟိုတယ် ဧည့်ခန်းသို့ ပြန် ဆင်း ပြီး သော့အမှန်နှင့် ပြန်လဲလှယ်၍ ယူကြရမည် ဖြစ်ပါ၏။

'ကျုပ်တို့က ဒီ အခန်းကိုပဲ အသုံး ပြုလိုက်ကြ မယ်ဗျာ၊ ကျုပ်က မစောင့်ချင်တော့ဘူး'

ပက်ဂီကလည်း တခွိခွိ ရယ်သည်။

'ရပါတယ်ရှင်'

သော့ မေါက် ထဲ သို့ သော့တံ ရောက်အောင် သုံးလေးကြိမ် ကြိုးစားပြီးမှ တံခါး ကို ဖွင့်နိုင်ခဲ့သည်။

'အိုး....အခန်း ကျယ်ကြီးပါလား'

'ရေချိုးခန်းက ဟိုဘက်မှာ'

သူတို့နှစ်ယောက် အိပ် ရာ ပေါ် သို့ တက်လိုက် ကြ၏။ ပက်ဂီဘာကိုနီက ကိုယ် အလေးချိန် ၁၉၁ ပေါင်၊ ဝိန်းမဲလစ်ရှ်က ၁၅၈ ပေါင်၊ နှစ်ယောက် ပေါင်း ၃၅၁ ပေါင်။ အလေးချိန် သုံးပေါင်ရှိသော



ပလတ်စတစ် ယမ်းဘီလူးကို ပေါက်ကွဲ စေနိုင်သည့် အလေးချိန် ပေါင် နှစ်ရာထက် ၁၅၁ ပေါင် ပိုများ နေလေသည်။

ပေါက်ကွဲမှုက အခန်းထဲတွင် ရှိရှိသမျှ ပစ္စည်း များကို အစိတ်စိတ်အမွှာမွှာဖြစ်အောင် ဖျက်ဆီး ပစ်လိုက်လေ၏။

ပေါက်ကွဲသံကြီးကို ကြားလိုက်ရသောအခါ အမူး လွန်နေသူအချို့ အေးစက်တောင့်တင်းသွားကြသည်။ အချို့ကတော့ ကြောက်လန့် တကြား ထမြေး ကြသည်။ အချို့ကတော့ ပေါက်ကွဲသံကြီးကိုပင် မကြားနိုင်တော့သည့်အဆင့်သို့ ရောက်ရှိနေကြသည်။ ကြေးစားစစ်သားများက ထိုအသံသည် ပလတ်စတစ် ယမ်းဘီလူး ပေါက်ကွဲသံ ဖြစ်ကြောင်း သတိမြူမိ ကြသည်။ သူတို့က ရှင်ဒလာမတ်ခ်နိုင်း သေနတ် များကို အသင့်အနေအထားတွင် ကိုင်ပြီး အမိန့် နာခံနိုင်ရန်အတွက် လောရင့်ဟော့ပါးကို လှမ်းကြည့် လိုက်ကြသည်။

လောရင့်ဟော့ပါးသည် ထိုအချိန်တွင် အမိန့် မပေးတတ်သေးပါ။ သူသည် ဘီလပ်ရေ ကိုသာ သောက်နေခဲ့သူ ဖြစ်သော်လည်း အမူးလွန်နေသူများ ကဲ့သို့ ဘာဖြစ်သွားမှန်း မသိလိုက်ပါ။ ထို့နောက် သူ့ဦးနှောက်က ပြန်၍ ကြည်လင်လာသည်။ သူသည် 'ရန်းဒေါ'ကို ပေးခဲ့သော အမိန့်အား ပြန်၍ ခရုပ်သိမ်း မိကြောင်း ပြန် သတိရ လာသည်။



www.burmeseclassic.com

www.burmeseclassic.com

အယ်လီဆန်က နယူးရောခ်တွင် ရှိနေသည်။ ဒီဘာရှီးစ်က သူနာပြု ဆရာမ တစ်ယောက်နှင့်အတူ သူ့အခန်းသို့ ပြန်သွားသည်။ စနက်တံ ချွတ်ယွင်းသွားခြင်းပေလား။ ဖြစ်နိုင်သည်။

နောက်ဆုံးတွင် သူ အမိန့်ပေးနိုင်ပါပြီ။

'မင်းတို့ သုံးယောက်က ဒီမှာနေ၊ ဒီကလူတွေ ဘယ်ကိုမှ ထွက်မသွားကြစေနဲ့၊ ကျန်တဲ့ လူတွေက ကျုပ်နဲ့လိုက်ခဲ့'

လောရင့်ဟော့ပါးသည် ညစောင့် စာရေးထံသို့ သွားရောက်ပြီး မေးလိုက်သည်။

'ဘယ်မှာ ဖြစ်တာလဲ'

'လေးထပ်မှာ....ကျုပ် အခန်းရဲ့ ဟိုဘက်မှာဗျ'

အမေရိကန် တစ်ယောက်က လူအုပ်၏ နောက်ဘက်မှ လှမ်းပြောလိုက်၏။

ကြေးစား စစ်သား တစ်ယောက်က သတိရရနှင့် မေးလိုက်သည်။

'မီးလောင်နေသလား'

'ဟင့်အင်း၊ မလောင်ပါဘူး၊ ဒါပေမယ့် မီးခိုးစော်နဲ့ ယမ်းစော်ကတော့ သိပ်နံတာပဲ'

ကြေးစား စစ်သားများသည် ရိုးရိုးလှေကားပေါ်မှ ပြေးတက်သွားကြသည်၊ ဟော့ပါးက သူတို့နောက်မှ ကပ်၍လိုက်သွားသည်။ ပထမထပ်လှေကားထိပ်တွင် အက်ဒဝပ် ဒီဘာရီးစ်နှင့် ဆုံမိကြသည်။ ဟော့ပါးက ပြောလိုက်၏။

'လေးထပ်မှာ ဗုံးကွဲတယ်'



ဒီဘာရှီးစ်သည် ငိုယိုနေသော သူနာပြု ဆရာမကို ထားခဲ့ပြီး ဟော့ပါးနှင့်အတူ ဆက်လိုက်လာသည်။

အခန်းနံပါတ် ၄၁၇ မှာ ရစရာ မရှိအောင် ပျက်စီးနေသည်။ အခန်းနံပါတ် ၄၁၉ ထဲမှ ဝေဒနာကြောင့် အော်သံဟစ်သံများ ပေါ်ထွက်လာသဖြင့် ဟော့ပါးက ကြေးစား စစ်သား တစ်ယောက်ကို သွားကြည့်ခိုင်းလိုက်သည်။

ကြေးစားစစ်သား တစ်ယောက်က အခန်းနံပါတ် ၄၁၇ မှ အမျိုးသား တစ်ယောက်၏ အလောင်းကို ပြသ၍ မစ္စတာဟော့ပါးအား မေးလိုက်၏။

'သူ့ကို သိသလား မစ္စတာဟော့ပါး'

ဒီဘာရီးစ်က ဝင်ဖြေလိုက်သည်။

'ကျုပ်သိတယ်၊ သူက ကင်းနီးရက် အမ် ဂ၁ အမြောက်တွေကိုထားတဲ့ ဂိုဒေါင်က တာဝန်ခံပဲ'

ကျန် ကြေးစား စစ်သား တစ်ယောက်က အမျိုးသမီး တစ်ယောက်၏ အလောင်းကို စစ်ဆေးကြည့်ရှုနေသည်။

ပထမ ကြေးစား စစ်သား တစ်ယောက်က ပြောလိုက်၏။

'ဒီအခန်းထဲမှာ သူတို့ ဘာလာလုပ်ကြတာလဲ'

'ကိုးရိုးကားရား လာလုပ်ကြတာပေါ့ ကိုယ့်လူရ'

ဒီဘာရီးစ်က ပြောလိုက်ခြင်းဖြစ်သည်။

လောရင့်ဟော့ပါးသည် သူ့ကိုယ်သူ ပြန်လည်ထိန်းသိမ်းနိုင်ပြီ ဖြစ်သလို အခြေ အနေကိုလည်း ထိန်းနိုင်ခဲ့ပါပြီ။

'ဆရာဝန်နဲ့ သူနာပြု ဆရာမတွေ လိုချင်တယ်'



www.burmeseclassic.com

www.burmeseclassic.com

သူက ဆက်တိုက် အမိန့်ပေးလိုက်၏။

'စုံစမ်း စစ်ဆေးရေး ချက်ချင်း လုပ်ရလိမ့်မယ်၊ ဒီအမှိုက်ပုံကိုလဲ တတ်နိုင်သလောက် ရှင်းလင်းပစ်ဖို့ လိုတယ်၊ အက်ဒဝပ် ခင်ဗျားက ကြည့်ရှင်းထား လိုက်ပါ၊ ကျုပ်က အဝတ်အစား ပြည့်ပြည့်စုံစုံ ဝတ်ထားတယ်၊ ခင်ဗျားက ဝတ်မထားဘူး၊ ဒါကြောင့် ကျုပ်က မေဂျာရန်းဒေါ်ဆီ သွားလိုက် ဦးမယ်'

လောရင့်ဟော့ပါးက ယခုကိစ္စမှ အမြတ် ထွက်နိုင်စရာရှိကြောင်း တွေးလိုက်မိလေ၏။

ဂါဒူး မြို့တော်၏ အရှေ့ တောင်ဘက်စူးစူး မိုင် ၁၀၀ ကွာဝေးသော နေရာတွင် ရှိသည့် ရွာ နှစ်ရွာကို ဟင်နရီဂါဒူး၏ အင်အာလ်စ်ဘီ တပ်သား များက မေဂျာ ရန်းဒေါ် စီစဉ်ညွှန်ကြားလိုက်သည် အတိုင်း ဝင်ရောက် တိုက်ခိုက်ခဲ့ကြလေသည်။

ဌာနချုပ် ရုံးခန်းကို နန်းတော် ၏ အဆောင် တစ်ဆောင်တွင် ဖွင့်လှစ်ထားသည်။ မေဂျာ ဘာ စတား ရန်းဒေါ်က ကျေနပ်မှု ရှိနေသော မျက်နှာ ထားနှင့် လောရင့်ဟော့ပါးကို ကြိုဆို လိုက်သည်။

'လူမည်း တပ်သားတွေ အဲဒီ နေရာက ပြန်လာ ကြဖို့အကောင်းပြီ၊ ရလဒ်ကိုတော့ ခင်ဗျား သဘော ကျလိမ့်မယ် ထင်ပါရဲ့'



မေဂျာ ရန်းဒေါ်က ထပ်ပြော လိုသေးသော်လည်း ဟော့ပါး၏ မျက်နှာထားကြောင့် ရပ်တန့် သွားရ လေသည်။

'သူတို့ကို ဒီက ထွက်ခိုင်း လိုက်ပါ'

ဟော့ပါးက ဌာနချုပ်ရုံးခန်းထဲတွင် ရှိနေသော ကြေးစားစစ်တပ်မှ ဗိုလ်ကြီး တစ်ယောက်၊ လက်ဖတင်နင် တစ်ယောက်နှင့် ဆာဂျင် သုံးယောက် တို့ကို မေးငေါ့ပြပြီး ပြောလိုက်ခြင်း ဖြစ်ပါ၏။

'ကျုပ်ကို စကားပြောစရာ ရှိတယ်'

မေဂျာက အချက်ပြလိုက်သဖြင့် သူတို့ အားလုံး ကပျာကယာ ထွက်သွားကြသည်။

ဟော့ပါးက ဟိုတယ်မှ အဖြစ်အပျက်ကို ပြန်ပြော လိုက်၏။ သူ့ကို အပြစ်တင်လိမ့်မည်ဟု ယူဆ လိုက်သော ရန်းဒေါ်က အပြစ်လွှတ်အောင် ကာကွယ် ပြောဆိုလိုက်သည်။

'ဒါ ကျုပ် အပြစ် မဟုတ်ဘူး ဟော့ပါး၊ ခင်ဗျားက ကျုပ်ကို ပြောတဲ့အတိုင်း ကျုပ်လုပ်တာပဲ၊ ခင်ဗျားက မဖျက်ခိုင်းဘဲနဲ့ ကျုပ်က ဖျက်လို့မရဘူး၊ ခင်ဗျားကလဲ မဖျက်ခိုင်းဘူး၊ ဒီတော့ ကျုပ်နဲ့ မဆိုင်ဘူး'

'ကျုပ်က အပြစ်တင်ဖို့ စွပ်စွဲဖို့ ဒီကို လာတာ မဟုတ်ဘူး မေဂျာ၊ အခုလို ကျုပ်ရဲ့ မှားယွင်းမှု ကြောင့် ဖြစ်သွားရတဲ့ကိစ္စက အမြတ်ထုတ်ကြဖို့ပဲ၊ ဘာဆိုတော့ သူ့ရည်ရွယ်ချက်ကို ရက်စက်ယုတ်မာမှု တွေနဲ့ ဒီကနေ့ညမှာ လက်တွေ့ ပြလိုက်ပြီ နယ် စပ်မှာ ဝင်ရောက် တိုက်ခိုက် ခဲ့ကြသလို ကမ်ဘာကို



www.burmeseclassic.com

www.burmeseclassic.com

ဥက္ကဋ္ဌကို သတ်ဖြတ်ဖို့ ကြိုးစားတဲ့ ကိစ္စဟာ မဝမ်ဒီကို ခြိမ်းခြောက်လိုက်တဲ့ အပြင် ကမ်မ်ကို ပြန်ရုပ်သိမ်းသွားစေဖို့ နည်းလမ်း နှစ်မျိုးနဲ့ တစ်ပြိုင်နက်တည်း ဆောင်ရွက်လိုက်တာပဲ ဖြစ်တယ်၊ ကျုပ် ပြောတာကို နားလည်ရဲ့လား’

‘တယ်ပါးနပ်တဲ့ ကိစ္စပါလား၊ မဝမ်ဒီ နိုင်ငံရဲ့ အကြမ်းဖက်သမားတွေက ပိုးလာထားတာမဟုတ်ဘဲ ဘာဆိုတိုရဲ့ သူလျှိုတွေက လာထားကြတာကိုး’

ရှန်းဒေါက ရယ်လိုက်သည်။ ထို့နောက် မျက်မှောင် ကုတ်လိုက်၏။

‘ကင်းဖီးလ်က ဒါကို လက်ခံပါ့မလား’

‘ကျုပ်တို့က တမင် ပိုးထောင်တာလို့ အမှန်အတိုင်း ဖွင့်ပြောလိုက်မယ်လေ’

‘ခင်ဗျား ရူးနေပြီ ထင်တယ်’

‘ကျုပ်က အင်မတန် စိတ်မှန်နေပါတယ်ဗျ၊ မစ်(စ်)ကရိတ်ချ် ဘေးကင်းတဲ့ နေရာကို ရောက်သွားတာနဲ့ တစ်ပြိုင်နက် ကျုပ်တို့က သူ့ဆန္ဒအတိုင်း ဆက်လုပ်ခဲ့ကြတယ်၊ ကင်းဖီးလ်က ဘာဆိုတိုနိုင်ငံ အပေါ်မှာ ဒေါသလာစေချင်တယ်၊ ခင်ဗျားနဲ့ ကျုပ်က အဲဒီ အခွင့်အရေးကို သဘောပေါက်ပြီး ထလုပ်လိုက်ကြတာပဲ၊ ခင်ဗျားနဲ့ ခင်ဗျားရဲ့ သိပ္ပံပညာရှင်အတွက် ဆုငွေ အများကြီး ရအောင် ကျုပ် ထောက်ခံပေးလိုက်ပါ့မယ်’

‘ကျုပ် နားလည် သဘော ပေါက်သွားပါပြီ၊ ဒါပေမယ့် ကင်းဖီးလ်က မစ် (စ်) ကရိတ်ချ်ကို ဘယ်လို ပြောပြလိမ့်မယ်လို့ ခင်ဗျား ထင်သလဲ’



‘အဲဒါကတော့ သူ့ သဘောပဲ မေရှာ၊ သူ ကြိုက်သလို ပြောပြနိုင်ပါတယ်’

ကင်းဖီးလ်သည် မည်သူ့ကိုမျှ စကား မပြောခဲ့ပါ။ ဆရာဝန်၏ သဘောတူညီချက်နှင့် အိပ်ခန်းထဲသို့ ဝင်ခွင့်ပြုထားသော အယ်လီဆန်ကိုပင် မြင်လည်း မမြင်၊ စကားလည်း မပြောခဲ့ပါ။ ကင်းဖီးလ်၏ အိပ်ခန်းထဲသို့ တစ်ခါမျှ မရောက် ဖူးသေးသော အယ်လီဆန်က အိပ်ခန်းပတ်ပတ်လည်ကို လှည့်ကြည့်လိုက်၏။ အိပ်ခန်းထဲတွင် အင်္ဂလန်နိုင်ငံမှရှေးဟောင်း အဖိုးတန် ပရိဘောဂများ ရှိနေသည်က လွဲ၍ သူ့ကို ဝင်ခွင့် မပြုသင့်သည့် အကြောင်း အချက်များကို ရှာမတွေ့ခဲ့ရပါ။

အခန်းထဲတွင် အဖြူရောင် ဝတ်စုံကို ဝတ်ဆင်ထားသော သူနာပြု တစ်ယောက်က ကုလားထိုင် တစ်လုံးတွင် ထိုင်နေပြီး လုံခြုံရေး ဝန်ထမ်း တစ်ယောက်က အခြား ကုလားထိုင် တစ်လုံးတွင် ထိုင်နေသည်။ ကင်းဖီးလ်သည် အိပ်ရာပေါ်၌ ပက်လက် လဲလျောင်းနေသည်။ သူ၏ အညိုရောင် မျက်လုံးများ သည် ကြောင်တောင် တောင်နှင့် မျက်နှာကြက်ကို ငေးကြည့်နေကြသည်။ အယ်လီဆန်သည် ဆရာဝန်၊ မက်သယူးဝတ်သ်တို့နှင့်အတူ အခန်းထဲသို့ ဝင်သွားကြပြီး သူတို့သည် အိပ်ရာနံဘေးတွင် မတ်တတ် ရပ်နေကြသည့်တိုင်အောင် ထိုမျက်လုံးများ သည် ရွေ့လျားခြင်း မရှိပါ။



www.burmeseclassic.com

www.burmeseclassic.com

အယ်လီဆန်ကို နှစ်ယောက်စလုံးက ရှင်းပြထားပြီးဖြစ်သည်။ ကင်းဗီးလ်သည် စိတ်ဓာတ်အကျဆုံးနှင့် ကြောင်တောင်တောင် ဖြစ်နေသော သုညအနှုတ်လက္ခဏာ အနေအထားသို့ ရောက်ရှိနေသည်။ စိတ်ချောက်ချားမှု တစ်ခုခုကြောင့် ထိုကဲ့သို့ ဖြစ်ခဲ့ရခြင်း ဖြစ်သည်။ ထိုကိစ္စမှာ သူလက်ခံ၍ စကားပြောဆိုခဲ့သော ပြင်ပမှ တယ်လီဖုန်းနှင့် ဆက်သွယ်မှုကြောင့် ဖြစ်နိုင်ဖွယ်ရာ ရှိနေသည်။ ရောဂါ၏ အတိုင်းအတာ ပမာဏကို ခန့်မှန်း၍ မရပါ။ စိတ်ဓာတ်ကျဆင်းမှု ကာလသည် တစ်ဦးနှင့် တစ်ဦး ကွဲပြား ခြားနားလေ့ ရှိသည်။ စိတ်ဓာတ် ကျဆင်းနေရာမှ မည်ကဲ့သို့ ပြန်လည် နေကောင်းလာသနည်းဆိုသော ကိစ္စမှာ အမြဲတမ်း အငြင်းပွားရလေ့ရှိသော ကိစ္စပင်ဖြစ်သည်။ အချို့သော ပုဂ္ဂိုလ်များသည် မေ့မြောနေရာမှ တဖြည်းဖြည်းပြန်ကောင်းလာကြသည်။ အချို့ကမူ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်သည့် အဆင့်သို့ပင် ကျော်ဖြတ်ကြရသည်။ စိတ်ဓာတ် ကျဆင်းနေရာမှ စိတ်ဓာတ် အမြင့်ဆုံး အခြေအနေအထိ ဖျန်းခနဲ ရောက်ရှိသွားမှုမျိုးလည်း ရှိနေတတ်ပါသည်။

အယ်လီဆန်က မေးလိုက်၏။

'အရင်က ဖြစ်ခဲ့ဖူးတဲ့ ပုံစံက ဘယ်လိုလဲ'

'မစ္စတာ ကင်းဗီးလ်ဟာ သုည အဆင့်ကို ဘယ်တုန်းကမှ မရောက်ဖူးခဲ့ပါဘူး၊ အရင် ဖြစ်ခဲ့တာတွေကတော့ အမှတ် နှစ်ဆယ် သုံးဆယ်အထိပဲ ရောက်ဖူးခဲ့ပါတယ်၊ ပြင်းထန်တဲ့ အနေအထားမှာ ရှိပေမယ့် ဆိုးဆိုးရွားရွားတော့ မဟုတ်ခဲ့ပါဘူး၊ အဲဒါတွေက ရက်သတ္တတစ်ပတ် ဆယ်ရက်လောက် ကြာခဲ့ပါတယ်'

'ခုကိစ္စက ပိုကြာနိုင်သလား'

'ကျုပ် အယူအဆကို ပြောတာ မဟုတ်ဘူးနော်၊ ကျုပ် တွေးကြည့်တာကတော့ ပိုကြာလိမ့်မယ်ထင်တယ်'

'သူနဲ့ စီစီအိုင်တို့က ခံနိုင်ကြမှာ မဟုတ်ဘူး'

ဆရာဝန်က ပြန်မပြောဘဲ ငြိမ်နေလိုက်သည်။

'ကုနည်းတွေ ဆေးဝါးတွေ ရှိကိုရှိရမှာပေါ့ရှင့်'

'အဲဒါတွေကို လူနာရဲ့ သဘော တူညီချက် မပါဘဲ ကျွေးလို့မရဘူး၊ ခင်ဗျား မြင်တဲ့အတိုင်း သူကိုယ်တိုင်က ခွင့်ပြုချက် မပေးနိုင်ဘူး'

'တစ်ယောက်ယောက်က...'

'အင်း သူ့မှာ ဇနီးရှိမယ်ဆိုရင်...'

'သူ့မှာ ဇနီးရှိတယ်၊ ဒါပေမယ့် ဒီမှာ မရှိဘူး၊ တခြား ဘယ်သူက ခွင့်ပြုနိုင်သလဲ၊ သူ့ရှေ့နေတွေ ဆိုရင်ကော'

'ရုံးတော်ရဲ့ ခွင့်ပြုချက် မပါဘဲ မဖြစ်နိုင်ဘူး၊ သူက ဘယ်သူ့ကိုမှ ကိုယ်စားလှယ် လွှဲထားတာ မရှိဘူး'

'သူ့မှာ မရှိဘူး'

မက်သယူးဝတ်သ်က ဝင်ပြောလိုက်ပြီး အိပ်ခန်းအပြင်ဘက်ရှိ စင်္ကြံလမ်းထဲသို့ သူတို့အားလုံး ထွက်ခဲ့ကြသည်။

မက်သယူးဝတ်သ်က ပြောလိုက်ပြန်၏





www.burmeseclassic.com

www.burmeseclassic.com

'မစ်(စ်)အယ်လီဆန်ပြောတာ မှန်တယ်၊ မစ္စတာ ကင်းဖီးလ်ရဲ့ ကုမ္ပဏီဟာ တော်တော်ကလေး အခြေအနေ ဆိုးနေတယ်'

'မစ္စတာ ကင်းဖီးလ် ကိုယ်တိုင်လဲ အခြေအနေ ဆိုးတာပါပဲ'

ငေါ့တော့တော့ပြောမှုက မက်သယူးဝတ်သ်အား မည်သို့မျှ မပြောင်းလဲစေခဲ့ပါ။ ဝတ်သ်က

'ကျုပ် သူ့အကြောင်း ကောင်းကောင်းသိခဲ့တာ နှစ်ပေါင်း နှစ်ဆယ် ကျော်ခဲ့ပါပြီ ဒေါက်တာ၊ သူကတော့ အစွမ်းကုန် ကုသတာကို သဘောကျမှာပါ'

'ခင်ဗျား ပြောတာကို လက်ခံပါတယ်၊ ဒါပေမယ့် သဘောတူညီချက်ကတော့ လိုသေးတယ်'

ဝတ်သ်က အယ်လီဆန်အား ဆတ်ခနဲ လှမ်းကြည့်လိုက်၏။ အယ်လီဆန်က ခေါင်းညိတ်ပြီး ပြောလိုက်သည်။

'ကျွန်မက လုံးဝတာဝန်ယူပါတယ်ရှင်'

'ကျုပ် ဝမ်းနည်းပါတယ် မစ်(စ်) ကရိုတ်ချီ'

'ကျွန်မနဲ့ လိုက်ခဲ့ပါ'

အယ်လီဆန်က သူ့အား ကင်းဖီးလ်၏ စာဖတ်ခန်းထဲသို့ ခေါ်ဆောင်လာခဲ့သည်။ အယ်လီဆန်က သူ့အား ထိုင်ခိုင်းလိုက်ပြီး သူကိုယ်တိုင်က ရှိရာတင် စားပွဲ၏ နောက်ဘက်တွင် ဝင်ထိုင်လိုက်၏။

'ရှင်က စီစီအိုင် အစုရှယ်ယာ ဘယ် လောက်လောက်ကို ပိုင်ဆိုင်ပါသလဲ ဒေါက်တာ'

ဆရာဝန်က တအံ့တသြနှင့် ဖြေလိုက်၏။



'သုံးရာ'

'နောက်ထပ် ရှယ်ယာ နှစ်ထောင်က ရှင့်ကို ကုမ္ပဏီရဲ့ အနာဂတ် အရေးအခင်းတွေမှာ ပိုပြီး စိတ်ဝင်စားလာစေသင့်တယ်'

အယ်လီဆန်က ပြောပြော ဆိုဆိုနှင့် အံဆွဲကို ဆွဲဖွင့်လိုက်ပြီးနောက် ကင်းဖီးလ်၏ စာရေးစက္ကူများကို ဆွဲထုတ်လိုက်သည်။ သူက စားပွဲပေါ်မှ မင်တံတစ်ချောင်းကို ဆွဲယူပြီး ကပျာကယာ ရေးချလိုက်လေ၏။

'ခင်ဗျားက စီစီအိုင်ရဲ့ အရာရှိ တစ်ယောက်မှ မဟုတ်တာပဲ မစ်(စ်)ကရိုတ်ချီရယ်'

'မှန်ပါတယ်၊ ဒါပေမယ့် ကျွန်မက စီစီအိုင်ရဲ့ အစုရှယ်ယာ အတော် ခပ်များများကို ပိုင်ဆိုင်ပါတယ်၊ ကျွန်မက ရှယ်ယာ နှစ်ထောင်ကို လက်ဆောင်အနေနဲ့ ဘယ်သူ့ကိုမဆို လွှဲပေးနိုင်ပါတယ်'

အယ်လီဆန်က စာရွက်ကို စားပွဲပေါ်မှ တွန်းပို့လိုက်သည်။

'ရာနှုန်းပြည့် တရားဝင်ပါတယ် ဒေါက်တာ၊ ကဲ ဆေးကုသမှုကို အရှိန်တိုးမြှင့်နိုင်မယ့် ကုထုံး က ဘယ်လိုလဲ'

ဆရာဝန်က ထိုစာရွက်ကို ငေးကြည့် နေသည်။ ထို့နောက် ဆေးနာမည်များကို ရေရွတ်ပြလိုက်၏။ ဆေးဝါးများ၏ နာမည်များကို ပြည့်ပြည့်စုံစုံ ပြောပြ၍ ပြီးစီးသွားသောအခါ သူက အတိပေး စကား ပြောလိုက်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com

'စိတ်ရောဂါကု ဆိုင်ရာ ဆရာဝန်နဲ့ ကြိုတင်ညှိနှိုင်း ဆွေးနွေးခြင်း မပြုဘဲ ကုသမယ် ဆိုရင် အဆိပ်အတောက် ဖြစ်စေနိုင်တဲ့ အလားအလာတွေ ရှိပါတယ်'

'မဟုတ်တာပဲရှင်'

အယ်လီဆန်သည် နောက် တစ် ကြိမ် ရေး သား လိုက်ပြီးနောက် ပထမ စာရွက်ကို ပြန်ယူပြီး ဒုတိယ စာရွက်ကို တွန်းပို့ပေးလိုက်ပြန်သည်။

'အစုရှယ်ယာ သုံးထောင်....ဒါဟာ ကျွန်မရဲ့ နောက်ဆုံး ထမ်းလှမ်းချက်ပဲ'

အယ်လီဆန်က ပြုံးလိုက်၏။

'ကျွန်မက ရှင့်ကို သ ဘော ဏူ ညီမှု ပေးချင်မှ ပေးနိုင်ပါလိမ့်မယ်၊ ဒါပေမယ့် ဝတ်သ် ဒါမှမဟုတ် ကျွန်မက ပိုပြီး ပူးပေါင်း ဆောင်ရွက်ချင်စိတ် ရှိမယ့် ဆရာဝန်တစ်ယောက်ကိုတော့ ဖုန်းဆက်ပြီး ခေါ်နိုင်တာပေါ့ရှင်၊ ဈေးကလဲ ပိုပြီး သက်သာမယ့် လူကိုပေါ့'

'ဒါပေမယ့် ကျုပ်က မစ္စတာကင်းဖီးလ်ရဲ့ တစ်ဦးတည်းသော ဆရာဝန် မဟုတ်ပါဘူး၊ တခြားဆရာဝန်တွေ ရှိပါသေးတယ်'

'သူတို့ကို လူရာ မသွင်းတော့ပါဘူး၊ ရှင် နဲ့ ပဲ ဆက်ဆံမယ်၊ တကယ်လို့ သူတို့က ပြဿနာ လုပ်လာမယ်ဆိုရင် ကျွန် မ က လာဘ် ထိုး ချင် ထိုး မယ်၊ ခြိမ်းခြောက်ချင် ခြိမ်းခြောက်မယ်၊ ရှင်က အဲဒီ ဆေးတွေထဲမှ နတ် ပိုင်း က စပြီး ခပ်များများ စ ထိုး ပေတော့၊ သူ့ ကို အခုလို သိပ်စိတ် မာတဲ ကျ ဆင်း



နေရာက ရက်တိုတိုနဲ့ အမြန်ဆုံး ပြန်ကောင်းလာအောင် ဆွဲတင်ရလိမ့်မယ်'

'မစ်(စ်)ကရိတ်ချ်၊ ကျုပ်က ဘာကိုမှ အာမ မခံဘူး၊ ပြီးတော့လဲ ကျုပ်က သာမန် ဆေးတိုက်ရမယ့် ပမာဏထက် ပိုကျွေးဖို့ လုံးဝ ငြင်းဆန်တယ်၊ လူနာရဲ့ အသက် အန္တရာယ်ကို ဖြစ်စေနိုင်ခဲ့ရင်....'

'ရှင်နဲ့ မဆိုင်ပါဘူး၊ တကယ်လို့ တစ်ခုခု ဖြစ်လာခဲ့ရင် ဝတ်သ်နဲ့ ကျွန်မတို့က ကျွန်မတို့ဘာသာ လုပ်ထားပါလို့ အစစ်ခံကြမယ်'

'ဆန်းတော့ ဆန်းတယ်၊ ခင်ဗျား အဲဒီလို လုပ်လိမ့်မယ်ဆိုတာ ကျုပ်ယုံကြည်ပါတယ်'

'ဒေါက်တာ၊ ကျွန်မက နောက်တစ်မျိုးနဲ့ ရင်ဆိုင်ရမှာထက် လူသတ်မှုနဲ့ စွဲချက်တင်ခံရတာကို ပိုပြီး ရင်ဆိုင်လိုက်ချင်တယ်၊ တကယ်လို့ စီဂျေသာ....'

ပင်မအိပ်ခန်းနှင့် ဆက်ထားသော အင်တာကွန် (အိမ်တွင်းသုံး စကားပြော ကိရိယာ)မှ အချက်ပြလာသဖြင့် အယ်လီဆန်က ခလုတ်ကို နှိပ်လိုက်၏။

'ဝတ်သ်လား'

'ဟုတ်ပါတယ်၊ သူ ထ ထိုင်ပြီး အဲလိဇဘတ်လို့ အော်တယ်၊ ပြီးတော့ သူနာပြုဆရာမကို လည်ပင်းညှစ်ဖို့ ကြိုးစားတဲ့အတွက် ကျုပ်တို့က သူ့ လက်တွေကို ကြိုးနဲ့ ချည်ထားကြရတယ်၊ ခင်ဗျားနဲ့ အတူတူ ဆရာဝန် ရှိနေသေးသလား'

ဆရာဝန်က ထိုင်ရာမှထပြီး အင်တာကွန်ကိုရှိေ ထဲသို့ ငုံ့၍ စကားပြောလိုက်သည်။

'ကျုပ် ချက်ချင်း လာခဲ့မယ်'



www.burmeseclassic.com

www.burmeseclassic.com

သူက အယ်လီဆန်အား ကြည့်လိုက်သည်။

'အနည်းဆုံး သူ မေ့မြောနေရာက ပြန်သတိရလာပြီပဲ'

'အခိပ္ပာယ်က....'

'ရောဂါ ပျောက်စပြုပြီဆိုတဲ့ အရိပ် လက္ခဏာကလေး တစ်ခုပေါ့ဗျာ'

'ဒါဆိုရင် ရှင် စပြီး ဆေးကုတဲ့ နက်ဖြန်ခါကျတော့ အသာစီးကလေး ရလာပြီပေါ့လေ'

ဆရာဝန်သည် ဆေးညွှန်းစာ ရေးသားသောစာရေးစက္ကူ ကတ်ပြားကလေးကို ဆွဲထုတ်လိုက်ပြီးနောက် စတင်၍ ရေးသားစ ပြု လေ ၏။ သူက စာရွက်သုံးရွက်ကို ထောင်ပြလိုက်ပြီး

'ဟောဒီဆေးဝါးတွေကို ဆေးဝါးကုမ္ပဏီ နှစ်ခုသုံးခုဆီမှာ သွားဝယ်ခိုင်းလိုက်ပါ'

'ရှင် ဒီကနေ့ည စကုတော့မယ် ဆိုပါတော့'

သူက စီစီအိုင် ခေါင်းစီးပါသော စာရွက်ကိုစားပွဲပေါ်မှတစ်ဆင့် အယ်လီဆန့်ထံသို့ ပြန်တွန်းပို့လိုက်ပြီး

'တကယ်လို့သာ ခင်ဗျားက ဒီစာရွက်ကို ဖြဲဆုတ်ပစ်လိုက်ပြီး ရှယ်ယာ လေးထောင်ပါတဲ့ စာရွက်သစ်ကို ရေးပေးခဲ့ရင်ပေါ့ဗျာ'

တော်တော် ငွေညှစ်တဲ့ လူ လွန်မသားပဲဟု အယ်လီဆန်က တွေးလိုက်၏။ အယ် လီ ဆန် က သွားပေါ်အောင်ပြုံးပြီး ပြောလိုက်သည်။

'ကောင်းပါပြီ၊ ဒေါက်တာ'

၃၂

ဗွီအိုင်အီး ဘာဆိုတို လီမိတက်၏ အ ကြီး တန်းဝန်ထမ်းများ၏ အိမ်ရာ ခြံဝင်းသည် ဘာဆိုတိုနိုင်ငံဂါလာမြို့တော်၏ မြို့ ပြင် တွင် ရှိ ပြီး ဝင် ငွေကောင်းသော အထက်တန်းလွှာများ၏ ဆင်ခြေဖုံးရပ်ကွက်နှင့် ခပ်ဆင်ဆင်တူသည်။ ကုမ္ပဏီ၏ အကြီးအကဲဖြစ်သော အီယန်ဘလိတ်သည် ဘု ရင် ခံ ချုပ်တစ်ယောက်နှင့်သာ ထိုက်တန်သော စည်းစိမ်ရှိသည့်ဂေဟာနှင့် ထိုက်တန်သူ ဖြစ်သည်။ တကယ့်တကယ်တွင်လည်း သူသည် ဘုရင်ခံချုပ်ပင် ဖြစ် နေ ပေသည်။

အခန်းနှစ်ဆယ့်တစ်ခန်း ပါသော အိမ်ဂေဟာတွင်တိုင်းရင်းသား အိမ်ဖော် ၁၂ ဦးကို ခန့်ထားသည်။ ထိုအိမ်၏ အဆောင်တစ်ဆောင်ကို ဂါလာမြို့လယ်ကောင်ရှိ ကုမ္ပဏီ ရုံးချုပ်မှ သူ့ ရုံးခန်းတွင် ရှိသောရုံး အသုံးအဆောင်ပစ္စည်း အားလုံးနှင့် ပုံစံတူ ရှိနေအောင် စီစဉ် ပြင်ဆင်ထားသည်။ ထိုကဲ့သို့ ပြုပြင်ခွမ်းမံထားခြင်းမှာ အဆင်ပြေအောင် တမင်တကာပြုလုပ်ထားခြင်း မဟုတ်ပါ။ ဘာ ဆို တို နိုင်ငံ၏စီးပွားရေး အခြေအနေ သည် ဗွီအိုင်အီး က ပေါ်၌သာ မှီခို အား ထား နေ ရ သည် ဖြစ် ရာသမ္မတကြီးမှ စ၍ ဝန်ကြီးများ၊ လွှတ်တော် အမတ်

www.burmeseclassic.com

များသည် သေးသေးမွှားမွှား ကီစ္စရပ်များမှ လွဲ၍ ကျန် ကိစ္စရပ်များတွင်အီယန်ဘလိတ်ထံ လာရောက်၍ အကြံဉာဏ် တောင်းခံလေ့ ရှိကြသည်။ ထိုကဲ့သို့သော အကြံဉာဏ် တောင်းခံမှုများကို ကုမ္ပဏီ ရုံးခန်းတွင် လာရောက် ဆွေးနွေးမည့်အစား အ လည် အ ပတ် လာရောက်သည့် ပုံစံမျိုးနှင့် နေအိမ်တွင် ဆွေးနွေး ခြင်းက ပို၍ သင့်လျော်ပါလိမ့်မည်။ ၎င်း အ ပြင် သူသည် နယူးရောခ်ရှိ ဗွီ အိုင် အီး ရုံး ချုပ် နှင့် ဆက်သွယ် ဆွေးနွေးရာတွင် လက်အောက်ငယ်သား များ မကြားနိုင်သော နေရာမှာ သီးသီး သန့်သန့် ဆွေးနွေးလိုသောကြောင့်လည်း ဖြစ်ပေသည်။

စတီဖင်ပဏ်ဂျက် ဦး ရစ် ချ် မှ လေယာဉ်ဖြင့် ရောက်ရှိလာသောအခါ အီယန်ဘလိတ်က လေဆိပ် တွင် လာရောက် ကြိုဆိုပြီး သူ့ ခြံ ဝင်း ထဲ သို့ မော်တော်ကားနှင့် အသွားတွင် သ တင်း များ ကို ကားပေါ်၌ ပြောပြခဲ့သည်၊ ထိုကိစ္စကို စတီဗ်သည် ပထမဦးဆုံး အကြိမ် ကြားလိုက်ရခြင်း ဖြစ်သည်။ စတိဗ် အတော်ကလေး တုန်လှုပ် ချောက်ချားသွား သည်။ အီယန်ဘလိတ်၏ အိမ် ဂေ ဟာ မှ ရုံးခန်း အဆောင်တွင် စတိဗ်သည် ကျောပေါ်မှဝေဒနာများ ပျောက်ကွယ် သွားအောင် ကော် ဖီ ခါး ခါး ခပ်များများ သောက်ချလိုက်ရသည်။

စတိဗ်က မေးလိုက်၏။

'ကျုပ်တို့ဘက်က လူတွေကို စိတ်ချ ရရဲ့လား သူတို့က သွေးရူးသွေးတန်းတွေ လျှောက် လုပ်တာ တော့ မဖြစ်နိုင်ဘူးလား'

'တပ်စိတ်တိုင်းကို စစ်ဆေးပြီးပါပြီ၊ ဘယ် သူ မှ စစ်တန်းလျားတွေထဲက ထွက် မသွားခဲ့ကြပါဘူး'

'ဗုံးခွဲမှုကရော'

အယ်လီဆန်ကရိတ်ချ်သည် သေ ဘေး နှင့် လက် မတင်ကလေး လွတ်မြောက် လာခဲ့ရကြောင်း သူ သဘော ပေါက် လိုက် သည်။ အယ်လီဆန်ကရိတ်ချ် သေသွားသည့်တိုင်အောင် သူ့ စိတ်ထဲက သောက ဖြစ်မိမည် မဟုတ်ဟု သူ့ကိုယ်သူ အသိ ပေးလိုက် သည်။

'ဘုရားသခင် ကယ်တော်မူပါ၊ ဘာ ဆို တို မှာ လှိုဝှက် အေးဂျင့် တစ် ယောက်မှ မရှိဘူး ဆိုတာ ခင်ဗျားလဲ သိသွားပဲဥစ္စာ'

ဘာဆိုတို နိုင်ငံ ကြွယ်ဝ ချမ်းသာ နေ ခြင်း မှာ 'အာဏာ၃၏ အဆင်တန်ဆာများ' အတွက် အနည်း အကျဉ်းမျှသာ ငွေ သုံးစွဲခဲ့သောကြောင့် ဖြစ်ပါ၏။ ဘာဆိုတိုနိုင်ငံတွင် ထောက်လှမ်းရေးအေဂျင်စီများ၊ အစိုးရ ဝန်ထမ်း များတို့ကို လိုအပ်သည်ထက် ပို၍ ခန့်ထားသော ဗျူရိုကရေစီ အုပ်ချုပ် ရေး စက် ယန္တရားများ မရှိကြသည့် အပြင် တပ် မ တော် အင်အားကလည်း သေးငယ်သောကြောင့် ဖြစ်ပါ၏။ သို့ရာတွင် ဘာဆိုတိုသည် မဝမ်ဒီ နိုင်ငံနှင့် မတူဘဲ အခြား နိုင်ငံများနှင့် သံတမန် ဆက် သွယ် မှု များ ပြုလုပ်ထားသည့် အပြင် နိုင်ငံတကာ အဖွဲ့အစည်း များတွင်လည်း အဖွဲ့ဝင်အဖြစ် ပါဝင်လျက် ရှိနေပေ သည်။



www.burmeseclassic.com

www.burmeseclassic.com

'ခင်ဗျားက အစိုးရအဖွဲ့ကို ဘယ်လိုလုပ်ဖို့ အကြံ ပေးထားသလဲ'

'နိုင်ငံခြား သံရုံးတိုင်းကို တရားဝင် ငြင်းဆိုတဲ့ စာတွေ ပို့ပေးဖို့ရယ်၊ အာဖရိက သွေးစည်းညီညွတ်ရေးအဖွဲ့နဲ့ ကုလသမဂ္ဂမှာ ကန့်ကွက်ဖို့ရယ်၊ ကျန်တာကိုတော့ ခင်ဗျားနဲ့ ရုံးချုပ်က ပေးမယ့် အကြံဉာဏ်တွေကို ကျုပ်က စောင့်နေတယ်၊ ပေးစရာ အကြံဉာဏ် ရှိသလား'

ပက်ဂျက်က ခေါင်းညိတ်လိုက်သည်။

'စစ်တပ်တွေကို နယ်စပ်မှာ ခပ်မြန်မြန် ဖြန့်ချထားလိုက်ပါ'

အီယန်ဘလိတ် စိတ်ပျက်သွားပုံ ရသည်။

'ခင်ဗျား မေ့နေပြီ ထင်တယ်၊ ဒီမှာက စစ်တပ်ဆိုတာ စစ်ရေးပြဖို့ စစ်သား လက် တစ် ဆုပ် စာလောက်ပဲ ရှိတာဗျ'

တချိန်က အလွန် အင်အားကြီးမားခဲ့သော ဟူးစစ်သားများသည် ၂၅ နှစ် လောက် ကြာအောင် ချမ်းချမ်းသာသာ နေထိုင် ခဲ့ရသောကြောင့် ယခုအ ချိန် တွင် ဂျပန် ထရန်စစ္စတာ ရေဒီယို များ၊ ဘာဆိုတိုတွင် ဆင် ယူသော 'ဒီဂျစ်တယ်' လက်ပတ်နာရီများနှင့် ငြိမ်းချမ်းရေးတို့ကို မြတ် နိုး သူ များ ဖြစ်နေကြလေပြီ။

စတိဗ်က တိုနေသော စီး က ရက် ကို အသစ်တစ်လိပ်နှင့် မီးကူး၍ ညှိရင်း ပြန်လည် ဆွေးနွေးလိုက်သည်။ ကမ်မ့်ကို၏ တွန်း အား ပေး မှု ဖြင့်



မဝမ်ဒီက မဟုတ်မမှန် လုပ်ကြံတိုက်ခိုက်မှုတစ်ရပ်ကို ပြုလုပ်ခဲ့သည်။ နယ်စပ်တွင် ဘာဆိုတိုမှ စစ်တပ်များ ရှိနေမည်ဆိုပါက ထပ်မံ လုပ်ကြံတိုက်ခိုက်မည့် ကိစ္စများကို ဟန့် တား နိုင် ပေ လိမ့် မည်။ ထို့ကြောင့် ဂါဒူး၏ စစ်သားများသည် လက်နက်များကို ထပ်မံ ရရှိလာပြီး ကိုင်တွယ်ပုံ ကိုင်တွယ်နည်းကို လေ့လာ သင်ကြားပြီးမှသာ ကြီးကြီးကျယ်ကျယ် ထပ် မံ ၍ တိုက်ခိုက်နိုင်မည် ဖြစ်သဖြင့် နယ် စပ် တွင် နှစ်ပတ် သုံးပတ်ခန့် ငြိမ် သက် နေ ပါ လိမ့်မည်။ သို့မှသာ စတိဗင်ပက်ဂျက်တို့ အ တွက် အ သက် ရှူ နိုင် ဖို့ နည်းနည်း ရပါလိမ့်မည်။ အီယန်ဘလိတ်က သဘောတူလိုက်၏။

'စမ်းကြည့်ဖို့ ကောင်းတဲ့ လောင်းကစားနည်းပဲလေ'

အီယန်ဘလိတ်က လေယာဉ်ပျံ ပြပွဲ အကြောင်း ပြောလိုက်ပြန်၏။

'ကျုပ် တို့ က လူသိ များအောင် ကြော်ငြာတဲ့ ကိစ္စကို အရှိန်အဟုန် ထပ်မြှင့် သင့်တယ်လို့ အကြံပြုချင်တယ်'

နယ်စပ်တွင် သွားရောက် တိုက်ခိုက်သော ပြစ်မှု ရှိနေသည့် နိုင်ငံတစ်နိုင်ငံသည် ပြင်ပမှ သတင်းစာဆရာများ အာရုံ စူးစိုက်လာစေမည့် ပျော်ပွဲ ရွှင်ပွဲများကို ဆက်လက် ဆောင်ရွက်လိမ့်မည် မဟုတ်ဟု သူက ငြင်းချက်ထုတ်သည်။



www.burmeseclassic.com

www.burmeseclassic.com

'ပြီးတော့လဲ ဗွီအိုင်အီးဟာ အရှုံး အနှမ်းတွေရဲ့ နတ်ဘုံ နတ်နန်းထဲမှာ မြူးနေတယ်လို့ ကင်းဖီးလ် အုပ်စုက ထင်သွားကြမှာ'

ပက်ဂျက်က ပြောလိုက်သည်။

'ရေပက် မဝင်အောင် မှန်တဲ့ အတွေးအခေါ်ပဲ၊ ကဲ မီးကုန် ယမ်းကုန်သာ ကြဲပေတော့'

အီယန်ဘလိတ်က လက်နက် ခဲယမ်းမီးကျောက် များအကြောင်း ဆက်လက် တင်ပြသည်။ သူသည် စတိဗ် ဝယ်ယူထားသော လက်နက် စာရင်း နှင့် ရောက်ရှိမည့် အချိန်ဇယားကို အစအဆုံး သိထားသူ ဖြစ်သည်။ သို့ ရာ တွင် အယ်လီဆန် ကရိုစ်၏ ကျေးဇူးကြောင့် ကမ်မ်ကိုက အ တော် က လေး တာထွက်စောနေကြောင်း ပြောပြလိုက်သည်။

'ငွေနဲ့ ပေါက်ထားတဲ့အတွက် ကွာဟချက်ကတော့ ကျဉ်းသွားပါပြီ'

ပက်ဂျက်က ပြန် ပြော လိုက် ၏။ ကမ်မ်ကိုသည် မှောင်ခိုဈေးကွက်မှ သတ်မှတ်ဈေးနှုန်း၏ နှစ်ဆကို ပေး၍ ဝယ်ယူခဲ့သည်။

'ကျုပ်တို့က ပိုပြီး မြန်အောင် သုံးဆ ပေးထားတယ်ဗျ'

စတိဗ်ပက်ဂျက်သည် မိုက်ကယ် ဗိုဂလာ၏ ကိုယ်ပိုင်ငွေ ဒေါ်လာ သန်း ၇၀၀ ကို သုံးစွဲပြီး ဖြစ်သည်။ နောက် ထပ်၍ ခပ်များများ ကုန် ကျစ ရာ များလည်း ရှိနေသေးသည်။



ဘလိတ်က ထပ်မံ၍ ဆွေးနွေးလိုက်ပြန်၏။

'ဂါဒူးက သူ့ စစ်သားတွေရဲ့ ဇက်ကြိုးကို မြဲမြဲ ဆွဲထားပြီး တိုက်တတ် ခိုက်တတ်အောင် လေ့ကျင့်ပေးနေပြီ၊ ကျုပ်တို့ကတော့ နံပါတ်တစ် အကွက်က စ ရွှေ့ကြရမှာပဲ'

'အဲဒီလောက်တော့ မဟုတ် သေးပါဘူး၊ အေး လေ၊ ခင်ဗျားကို ကျုပ် ပြောပြဖြီးပြီပဲ၊ အဲဒါကို ဂျက်ကော့ဟတ်ရှိက အင် မ တန် ဆိ ချော် တဲ့ နာမည်ကို ပေးထားတယ်၊ "တစ္ဆောက်ကန်း စစ်ဆင် ရေးတဲ့"'

'ကျုပ်တို့ လုပ်ရမယ့် နောက် ခြေလှမ်းက ဘာလဲ'

ပက်ဂျက်က တယ်လီဖုန်းကို မေးငေါ့ ပြလိုက်၏။

'ခင်ဗျားက စစ်တပ်တွေ နယ်စပ်ကို ရောက်အောင် အော်ဟစ်ပြီး ခိုင်းလိုက်၊ ကျုပ်ကတော့ အိမ်ပြန် တော့မယ် သခင်ကြီးရေ'

စတိဗ်ပက်ဂျက်သည် ခရီးရှည် ပျံသန်း နိုင်သော ဂျက်လေယာဉ်ပျံ တစ်စီးကို ငှားရမ်းရမ်း လာခဲ့သည်။ ထိုလေယာဉ်ပျံနှင့် လေယာဉ်အဖွဲ့သား များက ဂါလာ လေဆိပ်တွင် စောင့် နေကြ သည်။

'ကျုပ်က ဘီ တပ် ဖွဲ့ အ တွက် ပစ္စည်း ပစ္စယ လေးတွေ ချောက်ဝယ်စရာ ရှိသေးတယ်၊ ကျုပ်က ဘီတပ်ဖွဲ့ရဲ့ လူ တစ်ဝက် ခင်ဗျားကို ပေးမယ်'

'အင်မတန် ရက်ရော လှပါပေတယ်ဗျာ'

အီယန်က တယ်လီဖုန်း စကား ပြောခွက်ကို လှမ်းယူရင်း ပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

မဝမ်ဒီနိုင်ငံရေးကိစ္စရပ်များတွင် စီစီအိုင် အမ်မ်ကိုကဝင်ရောက် စွက်ဖက်နေသည် ဆိုသော အထောက်အထားများကို စာနယ်ဇင်းလောကက တမင် မသိချင်ဟန်ဆောင် နေနေကြသည်။ 'ဘာဆိုတန်' တို့၏ ယုတ်မာ ရက်စက်မှုများ အကြောင်း ဂါဒီး မြို့တော်က သတင်း ထုတ်ပြန်ပေး လိုက်သည့် အခါ (အဖြစ်မှန်နှင့်) ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်သော လမ်းကို ရွေးချယ်လိုက်ကြလေ၏။ ထို ထုတ်ပြန်ချက်များကို စာနယ်ဇင်းဆရာများက ချက်ချင်း ယုံကြည်လက်ခံလိုက်ကြလေသည်။

'ယူနီဖောင်းဝတ် စစ်သားများက ရက်စက်စွာ တိုက်ခိုက် သတ်ဖြတ် သွားကြခြင်း'

'ကင်းဖီးလ် အာဖရိက မိုင်းတွင်း ကုမ္ပဏီ ဥက္ကဋ္ဌဖြစ်သူ အမျိုးသမီးအား သတ်ဖြတ်ရန် မအောင်မြင်သော ကြံစည်မှုကြောင့် ကုမ္ပဏီက ငှားရမ်းထားသော အမေရိကန်လူမျိုးနှစ်ယောက် အသက်ဆုံးရှုံးရခြင်း'

ဇွီအိုင်အီးတွင် တိုက်ရိုက်တာဝန်ရှိသည်ဟု မစွပ်စွဲသော်လည်း စောင်းပါးရိပ်ခြည် ရေးသားမှုများနှင့် သက်ဆိုင်နေသလိုလို သဘော သက်ရောက်စေမှုတို့ကြောင့် သိသိသာသာ သိက္ခာကျနေရလေသည်။



'မဟာ့မဟာ ကော်ပိုရေးရှင်းကြီးသည် ဘာဆိုတို အစိုးရ၏ မူဝါဒနှင့် လုပ်ရပ်များ အပေါ်တွင် ဩဇာ လွှမ်းမိုးချုပ်ကိုင်ထားသည်ဟု သိရှိရကြောင်း....'

အမေရိကန် နိုင်ငံခြားရေး ဝန်ကြီး ဒဗလျူစတူးဝပ် ဘာလတ်ဆင်ဂိမ်းကလည်း တနင့်တပိုး ပေးထားရသည်နှင့် ထိုက်တန်အောင် ဝင်၍ ဖြည့်စွက်ပေးလိုက်လေ၏။

'ရက်စက် ကြမ်းကြုတ်သည်၊ ယဉ်ကျေးသော ပုဂ္ဂိုလ်တိုင်း အတွက် ချောက်ချားစရာပင် ဖြစ်သည်။ ဥပဒေမဲ့ ကျူးကျော် စော်ကားမှုကို တစ်ကမ္ဘာလုံးက လက်တွဲ၍ ရှုတ်ချကြရမည် ဖြစ်ကြောင်း၊ အမေရိကန် ကော်ပိုရေးရှင်းကြီး တစ်ခု ပါဝင်ပတ်သက်နိုင်စရာ ရှိသည် ဆိုသော ကိစ္စမှာ အကြီးအကျယ် အံ့အားသင့်စရာပင် ဖြစ်ကြောင်း'

မစ်(စ်)အယ်လီဆန် ကရိတ်ချ်ကလည်း သူသည် သေတွင်းမှ လွတ်မြောက်လာသည့် အတွက် အလွန်ကံကောင်းသည်ဟု ယူဆပါကြောင်း၊ မစ္စတာ ကင်းဖီးလ်သည် အလွန့်အလွန် အလုပ်များနေသောကြောင့် မည်သူနှင့်မျှ မတွေ့နိုင်ပါကြောင်း၊ သို့ရာတွင် ၎င်းအား မစ္စတာ ကင်းဖီးလ်၏ ကိုယ်စားကြေညာချက် ထုတ်ပြန်ခွင့် ပေးထားပါကြောင်း။

'ကျွန်ုပ်သည် ယခုလို ကြောက်မက်ဖွယ် ဖြစ်ပွားလာသော ကိစ္စရပ်များကို လေ့လာပြီး သွေးထွက်သံယိုမှုများ နောက်ထပ် မဖြစ်ပွားအောင်



www.burmeseclassic.com

www.burmeseclassic.com

ကာကွယ်တားဆီးနိုင်မည့် နည်းလမ်းများကို အချိန်ပြည့် လေ့လာ နေရသောကြောင့် ဝမ်း နည်း ပါကြောင်း၊.... သို့ ရာ တွင် စီ စီ အိုင် ကမ်မ်ကိုမှ အရာထမ်း အမှုထမ်းများနှင့် ကျွန်ုပ်တို့သည် အကြမ်းဖက်မှုများကို ကြောက် ရွံ့ လိမ့် မည် မဟုတ် ပါကြောင်း....'

ရွှေသား စစ်ဆစ် တစ်တန်ကို 'ဟင်းလေးနေရှင်နယ်ဘဏ်' ၏ 'ငွေတိုက်ခန်း' ထဲ တွင် ပြသ ထားပါကြောင်း၊ ထိုရွှေသား တစ်တန်သည် နောက်ထပ်ရောက်ရှိလာမည့် တန်ပေါင်းများစွာ၏ အဦးအစပင်ဖြစ်ကြောင်း၊ စာနယ်ဇင်း ဆရာများနှင့် လုပ်သားပြည်သူ အချို့ကို ဖိတ်ကြား ပြသမည်ဖြစ်ကြောင်း၊ ဓာတ်ပုံ ရိုက်ခွင့်နှင့် တယ်လီဗွီးရှင်း ရိုက်ကူးခွင့်များကိုလည်း ခွင့်ပြုပေးမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကျေးရွာ နှစ်ရွာအား ဝင်ရောက် တိုက်ခိုက်သည့်ကိစ္စမှာ ဘာဆိုတိုနိုင်ငံက ပြုလုပ်ခြင်း ဖြစ်သည်ဟု အယ်လီဆန်နဲ့ စိတ်ထဲက ယူဆ ထားသည်။ ဟင်နရီဂါဒူးအား နိုင်နိုင် နင်းနင်း ချုပ် ကိုင် ထား ဖို့ အယ်လီဆန်က လောရင့်ဟော့ပါးအား အမိန့်ပေးထားပြီး ဖြစ်သည်။ ၎င်းအပြင် ဟင်နရီဂါဒူးသည် ထိုကဲ့သို့သော ရက်စက် ယုတ်မာမှုများကို ပြုလုပ်နိုင်လိမ့်မည်ဟု အယ်လီဆန် မယူဆပါ။

ပုံးဖောက်ခဲ့သည့် ကိစ္စကိုမူ မဝမ်ဒီ၏ ရွှေတွင်းများအား 'ကမ်မ်ကို' က ချုပ်ကိုင်ထားသည့် ကိစ္စကိုကန့်ကွက်သည့် အနေနှင့် မဝမ်ဒီနှင့် ဘာဆိုတို့မှ



အယူသည်းသူများက သတ် ဖြတ် ရန် ကြံစည်ခြင်းဖြစ်နိုင်သည်ဟု အယ်လီဆန် ယူဆသည်။

လောရင့်ဟော့ပါးထံ တယ်လီဖုန်း ဆက်လိုက်သောအခါ သူ့ အယူအဆကို ပို၍ အားဖြည့်လိုက်လေသည်။

'ကျေးရွာတွေကို ဝင် တိုက် ခိုက် တဲ့ လူ တွေ နဲ့ ပတ်သက်ပြီး ဘယ်လူမျိုးတွေဆိုတာ ယုံမှားသံသယဖြစ်စရာ မလိုပါဘူး၊ ခင်ဗျား အ ခန်း ထဲ ကို ဗုံး လာထားတဲ့လူတွေကတော့ မကျေမနပ် ဖြစ်နေကြတဲ့ မဝမ်ဒီ လူမျိုးတွေလဲ ဖြစ်နိုင်တဲ့ အ လား အ လာ ရေးတေးတေးကလေး ရှိပါတယ်'

'ဒါဖြင့်ရင် ရှင်က ဘာဖြစ်လို့ အဲဒီလို မပြောခဲ့တာလဲ'

'အင်မတန် ကောင်းမွန်နေတဲ့ အချက် နှစ်ချက်ကြောင့်ပါ၊ ပထမ တစ် ချက် က တော့ ရက်စက်ယုတ်မာမှုတွေကြောင့် ဘာဆိုတို့မှာ အပြစ်ရှိကြောင်းထင်ရှားနေတဲ့ အချိန်မှာ ဗုံးကလဲ သူတို့တာဝန်ပဲလို့ စိတ်ချ လက်ချ ယူဆနိုင်ပါတယ်၊ ဒုတိယ အချက်ကတော့ တိုင်းရင်းသားတွေထဲမှာ အကြမ်းဖက်မှုတွေရှိနိုင်တယ်ဆိုတဲ့ အချက်က ပြည် တွင်း က အခြေအနေကို မငြိမ်မသက် ဖြစ်စေနိုင်ပါတယ်'

ကြီးကျယ်သော စကားလုံးများနှင့် ပြောလိုက်ခြင်း ဖြစ်သော်လည်း ယုံလောက်စရာ ရှိ သည် ဟု အယ်လီဆန် ယူဆလိုက်သည်။ သို့ရာတွင် စပျေ၏ အယူအဆကိုတော့ တောင်းခံ၍ မရနိုင်သေးပါ၊ ကင်းဖီးလ်သည် ဖမ့်မျောနေသည့် အဆင့်မှ လွတ်

www.burmeseclassic.com

www.burmeseclassic.com

မြောက်လာပြီ ဖြစ်သော်လည်း စကား ပြောဆိုနိုင်ခြင်း မရှိသေးပါ။ ဆရာဝန်၏ အဆိုအရ သူသည် အလွန်အကျွံ စိတ်ဓာတ်ကျဆင်းနေသော အမှတ် ၁၀ အဆင့်၌ ရှိနေသည်ဟု သိရပေသည်။ အယ်လီဆန်သည် စီဂျေကင်းဖီးလ် အပေါ်တွင် အာရုံ စူးစိုက်နေသဖြင့် ဂါဒူးမြို့ပေါ်မှ ရရှိသော သတင်းများကို နှိုက်နှိုက်ချွတ်ချွတ် မေးမြန်း စုံစမ်းမိခြင်း မရှိပါ။ ကင်းဖီးလ်၏ အခြေအနေကို လူမသိအောင် လျှို့ဝှက်ထားပြီး စိတ်အခြေအနေ ပြန်လည် ကောင်းမွန်လာအောင် ဦးစားပေး၍ လုပ်ကိုင် ရ ပေ လိမ့် မည်။ အယ်လီဆန်သည် ကင်းဖီးလ် ပိုမို၍ နေကောင်းလာသည်အထိ နယူးရောခ်၌ နေရပေလိမ့်မည်။

ဗွီအိုင်အီး ရုံးချုပ် အဆောက်အအုံတွင် စုပြုံရောက်ရှိနေကြပြီး ဘုတ်အဖွဲ့ ချယ်ယာမင်နှင့် တွေ့ဆုံခွင့်တောင်းနေကြသော စာ နယ် ဇင်း ဆ ရာ များနှင့် မ တွေ့ ဆုံ လို သော ကြောင့် မိုက်ဗိုဂလာသည် ဒိုင်ယာနီ၏ ဟိုတယ်ပီရီ အိမ်ခန်းထဲတွင် အရေးပေါ် အစည်းအဝေးကို ကျင်းပခဲ့လေသည်။

ဧည့် ခန်း ထဲ တွင် မိုက်ဗိုဂလာ၊ သ မီး ဖြစ် သူ ဒိုင်ယာနီနှင့် ဂျက်ကော့ဟတ်ရှ်တို့သာ ရှိနေကြသည်။ သူတို့ အားလုံး ပင်ပန်း နွမ်းနယ်နေကြပုံ ရသည်။ အိုင်ရှန်းမိုက်သည် နှစ် ထောင်ပေါင်းများစွာ အိုစာသွားသည်။ ဂျက်ကော့ဟတ်ရှ်က မိုက်ထက် အနည်းငယ်သာ အသက် ပိုငယ်ပါလိမ့်မည်။ ဒိုင်ယာနီသည် ညှိုးညှိုးနွမ်းနွမ်းနှင့် မျက်တွင်း ဟောက်ပက်ဖြစ်နေပြီး အဝတ်အစားကို ဖိုသီဖတ်သီ ဝတ်ဆင်ထားသည်။

ဂျက် ကော့ ဟတ်ရှ် သည် အီး ယန် အာ လိတ် နှင့် ဆက်သွယ် ပြော ဆို ပြီး နောက် 'အာဖရိက နိုင်ငံအများစုက ထိုကိစ္စကို သိပ်အရေး မ ထား ကြကြောင်း၊ ဟင်နရီဂါဒူးသည် အမှုထမ်း တစ်ယောက်ဖြစ်ပြီး သူ့ တွင်မဟာမိတ်လည်း မရှိ၊ မိတ်ဆွေလည်း မရှိကြောင်း၊ ထိုအချက်က အာ ဖရိ က တိုက် တွင် ဗွီအိုင်အီးအတွက် များစွာ အကူအညီ ရကြောင်း' ပြောပြလိုက်သည်။

'ချီးမှပဲ၊ နှစ်နှစ်နာနာ ဖြစ်နေတာက ဒီ မှာ ကွ၊ ဂါဒူး မြို့တော်က သတင်း ကြေညာချက် တစ် ခု ထွက် လာ တိုင်း ဗွီ အိုင် အီး အောက် ဘက် မှာ ထောက်ထားတဲ့ တိုင်တစ်တိုင် ပြုတ်ပြုတ် ထွက်သွားတယ်'

မိုက်ဗိုဂလာ အနေနှင့် နယူးရောခ်ရှိ စတော့ခ်အရောင်းအဝယ် ဈေးကွက်တွင် ပထမ နာရီပိုင်းအတွင်း ဗွီအိုင်အီး အစု ရှယ် ယာ များ သည် ၅.၅ မှတ် ကျဆင်းသွားပြီး စီစီအိုင် အစုရှယ်ယာများက ၆ မှတ် ခုန်တက်သွားသည်ကို ဖြည့်စွက်၍ ပြောရန်မလိုပါ။

ဒိုင်ယာနီက စပြောလိုက်၏။

'ဒါပေမယ့် ဒီကိစ္စတွေအားလုံး မဟုတ် မမှန်သူ့ ဆိုခဲ့ရင်....'





www.burmeseclassic.com

www.burmeseclassic.com

'မှန်တယ် ဟုတ်လား'

မိုက်က ဝေါ့တော့တော့ ပြောလိုက်၏။

'အမှန်တရားဆိုတာ လူတွေ ဖတ်ရတာ ကြားရတာ၊ မြင်ရတာတွေပဲ၊ တီဗွီ ကုမ္ပဏီကြီးတွေ အားလုံး မဝမ်ဒီကို လေယာဉ်ပျံနဲ့ သွားကြပြီး ဒီကနေ့ည.... နောက်အကျဆုံး မနက်ဖြန်ခါ ကျရင် အမေရိကန် လူမျိုးတွေဟာ ရောင်စုံ တီဗွီ ဖန်သား မျက်နှာပြင်ပေါ်မှာ သွေးသံရဲရဲတွေကို မြင်ကြရလိမ့်မယ်၊ အသံတစ်သံက ဗွီအိုင်အီးလို့သာ ထည့်ပြောလိုက်ရင် စိတ်ထဲမှာ စွဲသွားကြလိမ့်မယ်'

'ဗွီအိုင်အီးမှာ တာဝန်ရှိတယ်လို့ လူထုကယုံကြည်ကြမှာ မဟုတ်ပါဘူး'

ဒိုင်ယာနီက အသံ ခပ် ကျယ် ကျယ် နှင့် ပြောလိုက်၏။

'ဘာဖြစ်လို့ မယုံရမှာလဲ၊ ကုမ္ပဏီကြီးတွေနဲ့ ပတ်သက်လာရင် လူထုက အဆိုးရွားဆုံးတွေကို ယုံကြည်ချင်ကြတယ်'

'ဒါဆိုရင် စီစီအိုင်နဲ့ ကာမ်မ်ကို တို့ဟာ'

'မဟုတ်သေးဘူး'

ယခု တစ်ကြိမ်တွင် ဟာတ်ရှ်က ဒိုင်ယာနီ့ စကားကို ကြားကဖြတ်၍ ပြောလိုက်၏။

'သူတို့က အမျိုးသား သူရဲကောင်းကြီးတွေ သူတို့က ဘေးကင်းနေတယ်၊ သူတို့က ရွှေတွေ့ထားတယ်၊ အဲဒီ ရွှေတွေကို ပြန်ယူလာတယ်'

မိုက်ကလည်း နာနာ ကြည်း ကြည်း ဝင်ပြောလိုက်၏။

'ကင်းဖီးလ်ကို သတင်းစာတွေက နတ်ဘုရားအဖြစ် တင်မြှောက်ထားကြတယ်၊ မင်းတို့ကို နောက်ဆုံး သတင်း ပြောပြရဦးမယ်'

ဗွီအိုင်အီး၏ ဒုတိယ အမှုဆောင် အရာရှိချုပ်နှင့် ဥက္ကဋ္ဌ ဖြစ်သူသည် ဝါရင့် ဒုတိယ ဥက္ကဋ္ဌ နှစ်ယောက်နှင့်အတူ ထိုနေ့ နံနက်ပိုင်းကပင် နုတ်ထွက်သွားကြလေပြီ။

'ငါက သူတို့နေရာတွေမှာ ဘယ်လို လုပ်ပြီး လူစားထိုးနိုင်မှာလဲ၊ ခု ပုံစံကတော့ လူကောင်းတွေဟာ ဗွီအိုင်အီးကို တုတ်ရှည်ရှည်နဲ့တောင် မတို့ချင် မထိချင်ကြတော့ဘူး'

ဒိုင်ယာနီက မိုက်နှင့် ဂျက်ကော့ဟာတ်ရှ် အံ့သြသွားကြအောင် လိမ္မာပါးနပ်စွာ သုံးသပ် ပြလိုက်သည်။

'ခု ကိစ္စမှာ လူကောင်းတွေကို လက်လွှတ်နေရတာမှ မဟုတ်ဘဲ ဒက်ဒီရယ်၊ သဘောပေါက ခုန်ချပြီး ထွက်ပြေးချင်တဲ့ နှစ်ပြားမတန်တဲ့လူတွေကို စွန့်လွှတ်လိုက်ရလို့ ဗွီအိုင်အီးက မြတ်တောင်မြတ်ပါသေးတယ်'

ဗိုဂလာသည် မျက်တောင်တဖျတ်ဖျတ် ခတ်လိုက်ပြီးနောက် ပခုံးကို ဆန့်ပြီး ခပ်မတ်မတ် ပြင်ထိုင်လိုက်သည်။ ရှိသမျှ စည်းစိမ်အကုန်လုံး ပြုတ်ပြုတ်ပြုန်းသွားသည့်တိုင်အောင် သူ့အတွက် မြတ်ကျန်ခဲ့ပါသေးသည်။ သူသည် နှစ်ပေါင်း အစိတ် ကြာပြီး

www.burmeseclassic.com

www.burmeseclassic.com

သည့်အခါကျမှ သမီးအကြောင်း နာရီနှင့်အမျှ ပိုပြီး သိနားလည်လာရသည်။

ဂျက်ကော့ဟတ်ရှ် ကလည်း မိုက် တစ်ယောက် စိတ်ပျက်နေရာမှ ပြန် ဦးမော့လာသည်ကို မြင်လိုက်ရသဖြင့် ထပ်မံ၍ အားပေး လိုက်ပြန်၏။

'ဒိုင်ယာနီ ပြောတာ မှန်တယ်၊ ကျုပ် တို့ က အောက်ခြေကိုရောက်ဖို့ အများကြီး လိုပါသေးတယ်၊ ကျုပ်တို့က အားရှိတဲ့ အစားအစာတွေ ဗီတာမင်တွေကို စားပြီး နှစ်ပတ်လောက် ကြာရင် တစ်ဝွမ်း တစ်လမ်း အကဲစမ်းကြရမယ့် အချိန်အထိ တောင့်ထားကြရလိမ့်မယ်'

'သမီး ထောက်ခံတယ်'

သူ့ ဖခင်ကို ရွှင်ရွှင်လန်းလန်း ဖြစ်လာစေလိုသော သူ့ အပြုံးသည် ဟန်ဆောင် ပြုံးတော့ မဟုတ်ပါ။ သို့ရာတွင် ထိုအပြုံးသည် အလဟဿဖြစ်သွားရသည်။ အဘယ်ကြောင့်ဆိုသော် မိုက်သည် အိတ် ထဲ က ထုတ်ယူလာသော နောက် ဆေးပြင်းလိပ် တစ်လိပ်ကို ငေးစိုက်၍ ကြည့်နေသောကြောင့် ဖြစ်ပါ၏။

'တောင့်ခံ ထားကြဖို့ပဲ ရှိကြတော့တာပေါ့ကွာ၊ ငါတို့က သိပ်ပြီး နက်နက် ရှိုင်းရှိုင်း ဝင်ပါနေကြပြီဆိုတော့ အနိုင်နဲ့ပိုင်းပြီး ပြန်ထွက်လို့ မရတော့ဘူး'

အခန်း ထဲ တွင် ငြိမ် ကျ သွား သည်။ ဟတ်ရှ် က တိတ်ဆိတ်မှုကို ဖြိုခွင်းပစ်လိုက်၏။

'နှစ်နာရီ သုံးနာရီ အတွင်း စထိဗ် ရောက်လာတော့မှာပါ၊ သူ့ ဆီမှာ စိတ်ကူး စိတ်သန်း အသစ်ကလေးတွေ ပါချင် ပါလာပါလိမ့်မယ်'

ဒိုင်ယာနီ၏ အမူအရာက စော့င့်မျှော်နေ သည့် အ မူ အ ရာ သို့ ပြောင်း လဲ သွား ကြောင်း ဂျက် ကော့ ဟတ် ရှ် သတိ ထား လိုက် မိ သည်။ ဒိုင်ယာနီ၏ လက်သည် ဆံပင်ကို သေသေသပ်သပ် ဖြစ်အောင် ပြုပြင်မည့် ပုံစံနှင့် ဆံပင်ဆီသို့ရောက်ရှိသွားသည်။ အိုင်းရှန်းမိုက်၏ ပခုံးသည် ပြန် ဖြောင့်လာပြီး ဆေးပြင်းလိပ်ကို သွားကြားထဲသို့ ထိုးသွင်းလိုက်လေ၏။ ဒါဆိုရင် ကန့်ကွက်မည့်သူ မရှိဘဲ သည် တညွတ်တည်း ထောက်ခံ လိုက်ကြခြင်းပင်ဖြစ်သည်ဟု ဟတ်ရှ်က တွေး လိုက် မိ သည်။ မျှော်လင့်ချက်ကလေးတွေ မည် မျှ လောက်ပဲ ကျန်သည် ဖြစ်စေ၊ ထိုမျှော်လင့်ချက်ကလေးများသည် ရှေ့ကိုယ်တော်ကလေးနှင့်သာ ရှိနေကြလေပြီ။

တီဖင်ပက်ဂျက်သည် ကြမ်း ကြမ်း တမ်း တမ်း နှင့် ကြီးပြင်း လာခဲ့ရသူ ဖြစ်ပြီး ကိုယ့်အား ကိုယ်ကိုး ခဲ့ရသူ ဖြစ်သည်။ အရှေ့ တောင် အာရှတိုက်တွင် တပ်မတော်တာဝန်ကို ဝင်ရောက်ထမ်းဆောင်ခဲ့ရမှုက သူ့ကို ပို၍ ကြမ်းတမ်း လာစေခဲ့သလို သူ့ ထံတွင် ကျန်ရှိနေသေးသော စိတ်ကူးယဉ်မှု ကလေးများကို လည်း ဖျက်ဆီး ပစ်လိုက်လေသည်။ စစ် ခုံ ရုံး တွင် အဘင်ခံရပြီးနောက် တပ်မတော်မှ ထုတ်ပစ်ခံရမှုက သူ့ကို ရာနှုန်းပြည့် နာ ကြည်း သွား စေခဲ့ သည့် ရာနှုန်းပြည့် အမြင် ပြောင်းသွားခဲ့သည်။ ကံကောင်း သည်ဟုပင် ဆိုရ ပါလိမ့်မည်။ ထို အနေအထားက

www.burmeseclassic.com

www.burmeseclassic.com

သူ ဗွီအိုင်အီးတွင် ဝင်ရောက် မလုပ်ကိုင်မီ အတော
အတွင်း ဘဝ စာမေးပွဲကို အောင် မြင် အော
အထောက်အကူ ပြုခဲ့ကြခြင်း ဖြစ်ပါ၏။
လက် ဖ တင် နှင့် ဟောင်း စတီဖင်ပက်ဂျက်သ
အချိန်အခါ အခြေအနေတို့နှင့် ကိုက် ညီ အော
နေထိုင်ရမည်သာ ဖြစ်သည်။ က နေ ဒီ၊ ဂျွန်ဆ
နစ်ဆင်တို့ လက်ထက်က နာ လန် မ ထူ အော
ရှုံးခဲ့ရသော ဗီ ယက် နမ်၊ ကမ္ဘောဒီးယားတို
ဝင်ရောက်တိုက်ခိုက်ခဲ့သူများကို လူထုက အရေပြ
ရောဂါရှင်များကဲ့သို့ ဝိုင်းပယ်ခဲ့ကြသည်။ ထိုပုဂ္ဂိုလ်
များသည် လူမှု အဆောက်အအုံကို အန္တရာယ်ပြုမည်
မှုးယစ်ဆေး စွဲ နေ ကြ သူ၊ စစ်ရာဇဝတ်ကောင်မျာ
သာ ဖြစ်နေကြသည်။အလုပ်အကိုင် ရှာဖွေရသည်မ
အချည်းနှီး အလဟဿ ဖြစ်သလို စိတ်ဓာတ် ပျ
ပြားစရာလည်း ဖြစ်ခဲ့ရသည်။ သက်ကယ် မိုးထ
သော အိမ်များကို ဇစ်ပို မီး ခြစ် များ နှင့် မီးတ
ရှို့ခဲ့ကြသူ၊ ရန်သူ၏ နား ရွက် များ ကို ဖြ
တောက်၍ ယူ လာ ကြ သူ များအား မည် သူ
အ လုပ် တွင် ခန့် ထား ချင် ကြ ပါ မည် နည်း
ထိုမကောင်းဆိုးဝါးများကို နိုင်ငံတော်ကပဲ တာဝ
ယူပါစေ၊ ကျုပ်တို့ကတော့ ကောလိပ်က ထွ
လာတဲ့ လူရည်သန့်ကလေးများကိုသာ အလုပ်သမ
များအဖြစ် ခန့်ထားချင်သည်။
ပက်ဂျက်က ကုလားဖန်ထိုးထားသော ဖဲထုပ်
တွင် အနိုင်ရမည့် ဂျိုကာ မည် သည့် နေ ရာ ၌ ရှိ
သည်ကို သူ သိသည်။ လူမှုရေး ပြဋ္ဌာန်းချက်များ



ချယ်စရာ ကောင်းပုံကို နားလည် သဘောပေါက်ပြီး
ဦးနှောက်ကို အသုံးချတတ်သူသည် စွန့်စွန့်စားစား
လုပ်ရဲ ကိုင်ရဲမည် ဆိုပါက အတော်အသင့် ဝင်ငွေ
ကောင်းသော အလုပ်ကို ရှာ ဖွေ ၍ ရနိုင်ပါသည်။
တစ်သီးပုဂ္ဂလ အမြောက်အမြားနှင့် ကုမ္ပဏီ အများစု
သည် သူတို့၏ ဝန်ထမ်းများအား ယုံယုံကြည်ကြည်နှင့်
တာဝန်လွှဲ၍ မရသော လူသိ မခံရဲသည့် လုပ်ငန်း
ကလေးများ ရှိနေတတ်ကြသည်။ သူတို့က ခိုင်းသမျှကို
လုပ်ပြီး ငွေ သား ပေးသည်ကို လက်ခံ၍ စာရင်း
သွင်းရန် မလိုသော ရေ ငုံ နှုတ် ပိတ် နေ မည့် ပုံကျ
အလုပ်သမားများကိုသာ ခိုင်း လို ကြ သည်။ အရွယ်
အစား ခပ် ငယ် ငယ် မှ စ ၍ အ တော် အ သင့်
ကြီးမားသော ကုမ္ပဏီကလေးများက ‘ဟောဒီလူတွေ
ဆီက ငွေရစရာ ရှိတယ်၊ ကျုပ်တို့က ရှေ့နေတွေ၊
အကြွေးတောင်းပေးတဲ့ ကုမ္ပဏီတွေနဲ့ အလုပ် မရှုပ်
ချင်ဘူး၊ သူတို့က အကြွေး ဆပ် ချင် လာ အောင်
ဘယ်လို လုပ်မလဲ ဆိုတာက ခင်ဗျား အလုပ်ပဲ၊
ခင်ဗျား တောင်းပေးတဲ့ ငွေ ရဲ့ ဆယ့်ငါး ရာခိုင်နှုန်း
ခင်ဗျားကို ပေးမယ်၊ ဟုတ်ပြီနော်’ ဟု ခိုင်းတတ်
ကြသည်။
ဟုတ်ပါပြီ။ လက်ခေါက်တွေ ပွန်းပဲ့ သွားသည့်
အခါမှာလည်း အပိုကြေး ထပ်တောင်းခံ၍ မရပါ။
ငွေ အညှစ်ခံနေရပြီး ပုလိပ်ကို မတိုင်ချင်သူများ၊
တစ်ခါ အလွတ် စုံထောက် အေဂျင်စီကို ငှားရမ်း
မည်ဆိုပါက ငွေညှစ်သည့် လုပ် ငန်း အား အမြဲ
ဆက်ခံသွားမှာကို စိုးရိမ် နေကြသူများက အထူး



www.burmeseclassic.com

www.burmeseclassic.com

သဖြင့် ငွေကြေးကို နင့်ခနဲ့နေအောင် ပေးတတ်ကြ သည်။ ငင်းအပြင် တရားလိုဘက်မှ ဖြစ်စေ၊ တရား ဘက်မှ ဖြစ်စေ 'ရရှိရန် မလွယ်ကူသော သက်သေ အထောက်အထားများကို မည်သည့် နည်း နှင့် ဖြစ်ဖြစ် လူမသိ သူမသိ ရရှိ လို သော ရှေ့ ရှေ့ရပ်များလည်း ရှိကြသေးသည်။ ငင်းအပြင် မိ ကိုယ်ကို အန္တရာယ်မဖြစ်စေဘဲနှင့် ပေါ်ပေါ်ထင်ထ နာမည် ကြီး လို ကြ သော စုံ စမ်း ထောက် လှမ်း ရေ ဆန်ဆန် သတင်းထောက် အ ချို့ လည်း ရှိနေ သည်။ သူ တို့ က ကြို ကြို ကြား ကြားတွင် သူ ကိုယ်စား သွား၍ ဆောင် ရွက် ပေး မည့် 'မြေမြ တော်' ကို မိမိ အိတ် ထဲ က ပိုက်ဆံ စိုက်ထုတ် ငှားရမ်းတတ်ကြသည်။

ထိုကဲ့သို့သော ပုဂ္ဂိုလ် တစ်ဦးက စတိဗ် အာ တစ်လတာ ဆောင် ရွက် ရ မည့် လုပ်ငန်း အတွ ဒေါ်လာ ၅၀၀၀ ပေးခဲ့သည်။ စိုစို ပို့ပို့ကတေ ရရှိလိုက်ခြင်း ဖြစ်ပါ၏။ ထို သတင်းထောက်သ နယူးရောခ် ဗြည်နယ် အုပ်ချုပ်ရေးမှူး နယ်လ်ဆ ရော့ခ်ဖဲ လား၏ လက် ရင်း တ ပည့် တ ပန်း မ မာဖီးယားဂိုဏ်းနှင့် ဆက်၍ ဒုစရိုက်မှုကျူးလွန်ပုံ အကျင့်ပျက်ပြားပုံတို့ကို 'ရဲရဲတင်းတင်း' ဖော်ထု ပေးနိုင်မှုကြောင့် 'ပူလစ်ဇာ' ဆုကို ဆွတ်ခူး ခ သည်။ ထို့နောက် များ မကြာမီ သတင်းစာ ဆက်တိုက် ရေးသား ဖော်ပြခဲ့သော ဆောင်း များကို အခြေခံ၍ ရေး သား ထား သည့် စာ အတွက် ထိုသတင်းထောက်သည် ဒေါ်လာ ၅ သ

ရရှိသွားသော်လည်း သူ၏ မြေ မြန် တော် ကို မူ တစ်ပြား တစ်ချပ်မှ ခွဲဝေ မပေးခဲ့ပါ။

ထိုနှစ်ကာလများအတွင်း စတီဖင်ပက်ဂျက်သည် အလွှာပေါင်းစုံမှ လူမျိုးပေါင်းစုံနှင့် တွေ့ထိသိကျွမ်း ခဲ့ရသည်။သူ့ကိုယုံကြည်သည်။နှစ်ခြိုက်ကြသည်။သူက ပြုခဲ့ဖူးသော ကျေးဇူးများကလည်း မြောက်မြောက် မြားမြား ရှိနေခဲ့သည်။ သူသည် ကျေးဇူးပြုဖူး သူ များ ထံ မှ အ ပြန် အ လှန် ကျေး ဇူး ပြုရန် တောင်း ခံ လေ့ မ ရှိ ဖူး သော ကြောင့် သူ က တောင်းခံသည့် အခါ 'ထို ပုဂ္ဂိုလ်များက လိုလို လားလား ပျော်ပျော်ရွှင်ရွှင် ဆောင်ရွက်ပေးလေ့ ရှိကြသည်။

တနေ့ဒီ လေဆိပ်သို့ ဆိုက်ရောက်လာသောအခါ စတီဖင်ပက်ဂျက်သည် အိမ်ခန်းဆီသို့ တန်းမပြန် သေးဘဲ တစ် နေ ရာ သို့ သ ဝေ ထိုးခဲ့သေးသည်။ တချိန်သော အခါက ရှေးဟောင်း ယဉ်ကျေးမှုကို အတိုက်အခံပြုလုပ်မှုကြောင့် နာမည်ကြီးလာခဲ့သော 'ကျေးရွာအသံ' သတင်းစာတွင် ပက်ဂျက်၏မိတ်ဆွေ အယ်ဒီတာတစ်ယောက် ရှိနေသည်။ ထိုသတင်းစာကို 'ရှူးပတ်မားဒေါ့'က ဝယ်ယူသွားခဲ့သည့်တိုင်အောင် ထိုသတင်းစာသည် လွတ်လွတ်လပ်လပ်နှင့် အထိုက် အခံ ရေးသားနေဆဲပင်ဖြစ်သည်။ ထိုမိတ်ဆွေသည် ဩဇာ အာဏာရှိသော ရာထူး၌ ရှိနေသည့်အပြင် စတီဗ်ပေးသော သတင်းသည် အချက် အလက် မှန် ကန် မည် သာ မ က ယုံ ကြည် စိတ်ချရမည် ဖြစ်ကြောင်း သိထားသူဖြစ်သည်။





www.burmeseclassic.com

www.burmeseclassic.com

ပက်ဂျက်က ပြောလိုက်၏။

'ရိုးရိုး သတင်းစာတွေက ဒီသတင်းကို လက်ခံကြမှာ မဟုတ်ဘူး၊ သူတို့က ကိုယ့်အာရုံနဲ့ ကိုယ် အိပ်မွေ့ ချခံနေကြရတာ'

'အဲဒါက ဘာများ ထူးဆန်းလို့လဲ၊ အမြဲတမ်း အဲဒီလို ဖြစ်နေကြတာပဲ မဟုတ်လား၊ ကဲ ကျုပ်ကတော့ နားထောင်ပါ့မယ်ဗျာ၊ ဆိုစမ်းပါဦး'

'မဝမ်ဒီက အနိုင္ဂာရုံတွေဟာ "ပြည်တွင်းဖြစ်" တွေပဲ ဂျင်းရဲ့'

'ဘာအထောက်အထား ရှိသလဲ'

'မရှိဘူး၊ ခုထက်ထိတော့ အရေးပါတဲ့ အထောက်အထား မရှိသေးဘူး'

'ဒါပေမယ့် ခင်ဗျားကတော့ သေချာတယ်ပေါ့'

'ကျုပ်ကတော့ သေချာပါတယ်'

'ဒါဆိုရင် စတိဗ်ရယ်၊ သတင်းတစ်ပုဒ် ဘယ်ဖြစ်လာနိုင်မှာလဲ၊ မထိမခိုက်ရေးတဲ့ အပိုဒ်တိုကလေး တစ်ပုဒ်လောက်တော့ ဖြစ်နိုင်စရာရှိတယ်၊ ဒါပေမယ့် ပင်အပ်နဲ့ ထိုးစာ လောက် တောင် နာကျင်မယ် မထင်ဘူး၊ အဲဒါကလဲ တစ် ယောက် ယောက် က သတိထားခဲ့မိရင်ပေါ့လေ'

'တစ် ယောက် ယောက် က သတိထားမိမှာပါ၊ ချားလ်စ်ကင်းဖီးလ်နဲ့ အယ်လီဆန်ကရိတ်ချ်တို့လေ'

'ခင်ဗျား ရူးနေပြီ၊ သူတို့က "ကျေးရွာအသံ" ကို ဘယ်ဖတ်ပါ့မလဲ'

'ဂျင်းရယ်၊ သူတို့က စီစီအိုင်နဲ့ ပတ်သက်တဲ့ သတင်းပေါင်းချုပ်ကို နေ့စဉ် ဖတ်နေကြရတာဗျ။



အပ်နဲ့ထိုးတဲ့ ဝေဒနာကလေးကို သူတို့ သိကြမှာပါ၊ ပြီးတော့လဲ ခင်ဗျားက မဟုတ်တရုတ် ကိစ္စကို ကြိုတင်ပြီး အနံ့ ခံမိတဲ့အတွက် သိပ်မကြာခင် အရမ်းနာမည်ကြီးလာမှာပါဗျ'

'ဒီမှာကိုယ့်လူ၊ ခင်ဗျားအဲဒီကိစ္စကိုရော သေချာရဲ့လား'

'သေချာမှ ါစေလို့ ဆုတောင်းမိပါရဲ့ဗျာ'

စတိဗ်က ရိုးရိုးသားသား ဝန်ခံလိုက်သည်။

ပက်ဂျက်သည် သူ့ ကို စောင့်နေသော စီအိုင်အီး မော်တော်ကားထဲမှ တယ်လီဖုန်းကို အသုံး မပြုလိုသောကြောင့် လူ သွား လမ်းပေါ် ၌ ရှိသော အများသုံး တယ်လီဖုန်းရုံ တစ်ရုံသို့ သွားရောက်ခဲ့သည်။ သူသည် ကနေဒီလေဆိပ်မှ မော်တော်ကားနှင့် ပြန်လာခဲ့စဉ် စီစီအိုင်နှင့် ကမ်မ်ကိုတို့၏ ပြောရေးဆိုခွင့်ရှိသူ မစ်(စ်)အယ်လီဆန်ကရိတ်ချ်သည် ပဉ္စမရိပ်သာလမ်းရှိ ဂေဟာတွင် အိပ်ရာထဲ၌ နေရဆဲဖြစ်သော ကင်းဖီးလ်နှင့် နေ့ရောညပါ ဆွေးနွေးလျက်ရှိကြောင်း၊ ကင်းဖီးလ်သည် ပီကင်း အအေးမိရောဂါကို ခံစားခဲ့ရရာမှ သက်သာစ ပြုလာပြီဖြစ်ကြောင်း ဆိုသည့် ရေဒီယိုသတင်းကို ကြားခဲ့ရပြီးဖြစ်သည်။

စတိဗ်က သူ ဆက်သွယ်မည့် ကိစ္စမှာ အောင်မြင်မည်ဟု ကံသေကံမ မပြောနိုင်သောကိစ္စဖြစ်ကြောင်း သူ သိပါသည်။ အယ်လီဆန် ကရိတ်ချ် သည်ဆို ဂေဟာ၌ ရှိချင်မှ ရှိမှါလိမ့်မည်။ အကယ်၍ ရှိသည့် တိုင်အောင် အနှုပ်ခံလိုက်ရသော ထိုအမျိုးသမီးက



www.burmeseclassic.com

www.burmeseclassic.com

သူ့ကို စကားမပြောဟု ငြင်းဆန်ဖွယ်ရာ ရှိနေပါသည်။ သို့တိုင်အောင် ဤအဆင့်တွင် မည်သည့်ကိစ္စကို မဆို စမ်းကြည့်ဖို့တော့ သင့်သည်သာ ဖြစ်သည်။ သူက တရားဝင် ဖော်ပြထားသော တယ်လီဖုန်း နံပါတ်နှင့် ဆက်သွယ်လိုက်၏။ အမျိုးသား တစ်ယောက်၏ အသံက ဖြေသည်။ စတီဗ်က ထိုအသံရှင်အား ပြောလိုက်၏။

'ကျုပ်နာမည် စပင်ဆာပက်တာဆန်ပါ၊ ကျုပ်က မစ်(စ်)အယ်လီဆန်ကရိတ်ချ်ကို အာဖရိကက ကိစ္စတွေနဲ့ ပတ်သက်ပြီး အရေးတကြီး ပြောစရာ ရှိနေတယ်လို့ ပြောပေးပါ'

ထိုအသံက မစ်(စ်) ကရိတ်ချ် ရှိမရှိကို မသိကြောင်း၊ (အစီပွာယ်က ရှိနေသည်ဟု ဆိုလိုခြင်းပင် ဖြစ်သည်။) သို့ရာတွင် စုံစမ်းကြည့်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကိုင်ထားပါဟု ပြန်ပြောလိုက်သည်။

စတီဖင်ပက်ဂျက် မျှော်လင့်ထားသည့် အတိုင်း မိနစ်ပေါင်းများစွာ ကုန်လွန်သွားသည်။ အယ်လီဆန်နှ အနေနှင့် အစော်ကား ခံလိုက်ရသော မာနနှင့် ယှဉ်နိုင်စရာမရှိသော စပ်စုလိုသည့် စိတ်နှစ်ခုအကြား ဆုံးဖြတ်ချက်ချရန် အချိန်ယူ၍ ချိန်ဆရပေလိမ့်မည်။ စတီဖင်ပက်ဂျက်က အဆက်ပြတ် မသွားအောင် တယ်လီဖုန်းထဲသို့ အကြွေများကို ဆက်ထည့်ပေးနေရသည်။ နောက်ဆုံးကျမှ 'ပက်တာဆန်' ဟု ခေါ်လိုက်သော အယ်လီဆန်၏ အေးစက်နေသော အသံ ထွက်ပေါ်လာသည်။ ထို့နောက် 'သို့မဟုတ် ပက်ဂျက်၊ ကျွန်မ အန်တောင်အန်ချင်တယ်'



'ခင်ဗျားကို အပြစ်မဆိုပါဘူး၊ ခင်ဗျား ထိခိုက်ဒဏ်ရာ မရတဲ့အတွက် အထူးတလည် ဝမ်းသာမိကြောင်း ပြောချင်လို့ ဖုန်းဆက်တာပါ၊ ဗုံးအကြောင်း ကျုပ် ကြားလိုက်ရတုန်းက ကျုပ် ဂါလာမှာ ရှိနေတယ်'

'ရှင်က ဘယ်မှာ ရှိနေတယ်'

'ဂါလာမှာလေ၊ လွန်ခဲ့တဲ့ နှစ်နာရီလောက်ကမှ ပြန်ရောက်လာတာ'

သူက 'ဟာသ' တစ်ပုဒ်ကို ခွဲဝေ ခံစားလိုက်ဟန်ဖြင့် ရယ်လိုက်၏။

'နန်းတော်ကြီးက ဆင့်ခေါ် လိုက်တာဗျ၊ ခင်ဗျားတို့အုပ်စုက နိုင်နေတယ်၊ ပြိုင်တာလဲ မဟုတ်ပါဘူးဗျာ၊ ဒါပေမယ့် ကျုပ်ကို အပြစ်ဖို့နေကြတယ်လေ' အယ်လီဆန်က စကားပြောခွက်ကို ပြန်မချလိုက်ခင် ခပ်မြန်မြန်ပြောရမည်။ 'ခင်ဗျားက လက်စားချေရတာကို အရသာ တွေ့တယ်ဆိုရင် ကျုပ်ကို အလုပ်က ဖြုတ်ပစ်လိုက်ပြီဗျ' ကဲ နိဂုံးချုပ်ဟန်ဆောင်တော့။ 'ခင်ဗျားက နောက်ဆုံးကျတော့ ရယ်နိုင် မောနိုင်ပြီပေါ့ဗျာ၊ ဘာပဲ ဖြစ်ဖြစ်လေ၊ ခင်ဗျား ကံကောင်းပါစေ'

'နေဦးလေ'

အယ်လီဆန်ကရိတ်ချ်က အသက်ကို ခပ်ပြင်းပြင်း ရှူသွင်းလိုက်၏။ စပင်ဆာပက်တာဆန်ကို မေ့လိုက်၊ စတီဖင်ပက်ဂျက်ကိုတွေးဟု သူ့ကိုယ်သူ ပြောလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com

‘ရှင်ပြောတဲ့ စကားကို ကျွန်မအနေနဲ့ ယုံကြည်နိုင်စရာ တစ်ကွက်မှ မရှိဘူး’

‘ကျုပ်ကတော့ ယုံကြည်နိုင်ပါတယ်လို့ ပြောနိုင်ပါတယ်ဗျာ၊ အမှန်တရားနဲ့ တွေ့ဆုံရတဲ့ အချိန်တွေ ရှိပါတယ်’

အယ်လီဆန်က အေးစက်စက် ခလေသံနှင့် မေးလိုက်၏။

‘ရှင်က လိမ်ပြောနေတာ မဟုတ်ဘူးလို့ ယူဆရမယ်ဆိုရင် လာမယ့်တစ်ရက်နှစ်ရက်အတွင်း ရှင့်ကို ဘယ်နေရာမှာ တွေ့နိုင်မှာလဲ ပက်ဂျက်’

‘ခင်ဗျာ...၊ ကျုပ်အိမ်ခန်းပဲ ဖြစ်မှာပါ’ သူက တယ်လီဖုန်းနံပါတ်ကို ရွတ်ပြလိုက်သည်။ ပြီးမှ

‘ဒါပေမယ့် ကျုပ်က အပြင်ကို ခပ်များများ ထွက်နေမှာ၊ တကယ်လို့ ခင်ဗျားက ကျုပ်အိမ်ဖော်ကို မှာထားခဲ့ရင် ဖြစ်ပါတယ်၊ သူ့နာမည်က ဂပ်စ်၊ ကျုပ် ခင်ဗျားဆီကို ပြန်ဆက်သွယ်မယ်’

‘ကျွန်မ ပြောတာကို နားထောင် ပက်ဂျက်၊ ခုအဆင့်မှာတော့ တကယ်လို့ ရှင့်ကို ဆက်သွယ်မယ့်သူ ရှိမယ်ဆိုရင်....ရှင့်ကို ဘယ်သူက ဖုန်းနဲ့ ဆက်သွယ်မလဲ ဆိုတာ ကျွန်မလဲ အတပ် မပြောနိုင်ဘူး’

‘အဲဒါကို နားလည်ပါတယ်၊ ဒါပေမယ့် ဘယ်သူကပဲ ဆက်ဆက် ကျုပ်က သူ ပြောမယ့် စကားကို စိတ်ဝင်စားပါတယ်ဗျာ’



တစ်ဖက်က စကားပြောခွက်ကို ပြန်ချသွားသည်။ သူက ဂါဒီးဂရင်း ဟိုတယ်တွင် အယ်လီဆန်ကရိတ်ချ်နှင့်အတူ စားခဲ့ရသည့် ညစာကို ပြန်တွေးကြည့်လိုက်မိ၏။ ထိုကဲ့သို့ တွေးတောမိရာမှ ဖြစ်ပေါ်လာသည့် ခံစားမှုမှာ ဒေါသ ဖြစ်မှုလည်း ရာနှုန်းပြည့် မဟုတ်သလို မကျေမနပ် ဖြစ်မှုကလည်း ရာနှုန်းပြည့် မဟုတ်ခဲ့ပါချေ။ သူသည် တယ်လီဖုန်းရုံထဲမှ ထွက်ခဲ့ပြီးနောက် စောင့်နေသော မော်တော်ကားဆီသို့ လျှောက်လာခဲ့သည်။

သူက ယာဉ်မောင်းကို ပြောလိုက်၏။

‘ပီရီဟိုတယ်ကို မောင်း’

# ၃၃

မိုက်ကယ် ဗိုဂလာ နှင့် ဂျက်ကောဟတ်ရှ် တို့သည် အသက် နှစ်ရာသုံးရာခန့် ပိုငယ် သွား ကြ သည်။ ဒိုင်ယာနီ ဗိုဂလာကမူ ရေချိုးခန်းနှင့် အိပ်ခန်းထဲတွင် တစ်နာရီခန့် အချိန် ဖြုန်းလိုက်ပြီးနောက် ရွှင်ရွှင်လန်းလန်း ပြန်ဖြစ်လာသလို သူနှင့် လိုက်ဖက်သည့်သာမက လှုပ်ရှားမှုတိုင်းကို ဖော်ပြနိုင်အောင် ရှိသော အဝတ်အစားများကို ဝတ်ဆင်လာသည်။ ရွှေကိုယ်တော်ကလေးကို သိပ်မတောင့်တနေပြီဟု ဂျက်ကောဟတ်ရှ်က တွေးလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com

စတိဗ် ရောက်ရှိလာသည်တွင် အားလုံးက လှိုက်လှိုက်လှဲလှဲ နှုတ်ဆက်လိုက်ကြသည်။ သို့ရာတွင် စိုးရိမ်စိတ် ကလေးများလည်း ကိုယ်စီကိုယ်ငှ ရှိနေကြကြောင်း သူ ခံစားသိရှိလိုက်ရသည်။ ဗိုင်ယာနီက ဂျွန်နီဝေါ်ကား ဘလက်လေဘယ် ခပ်များများ ထည့်ထားသော ဖန်ခွက်ကို ယူပေးသည်။ သူက ဝီစကီကို ခပ်ဖြည်းဖြည်း သောက်ရင်း တို တို တုတ် တုတ် အစီရင်ခံလိုက်သည်။ သူက အနည်းငယ် အံ့ခြေအမြစ်ရှိသော အားရှိစရာ ကိစ္စရပ် ကလေးများကို ကြိုကြား ကြိုကြား ကြားညှပ်၍ အစီရင် ခံလိုက်သည်။ သူ့ ရည်ရွယ်ချက်မှာ အားတက် စေရန် ဖြစ်သလို သူ့ ရည် ရွယ် ချက် အောင်မြင်ခဲ့ပါ၏။ ထို့နောက် သူက အလွန်အံ့အားသင့်စေမည့်စကားကို ပြောချလိုက်သည်။

'မစ္စက်ဘာရက်ဒလီကို အရေးတကြီး ဒီကို ခေါ်လို့ရမလား မိုက်'

'မင်းက ဘာ ကိစ္စ နဲ့ ငါ့ အတွင်းရေးမှူးကို ခေါ်ချင်ရတာလဲ'

မိုက်ဗိုဂလာက မေးလိုက်၏။

'ကျွန်တော့်ရဲ့ ကျဆုံးခန်း ဇာတ်လမ်း ဇာတ်ကွက်ကို ကြည့်ရှုမယ့် ပရိသတ် တစ်ယောက် လိုနေတယ်'

ပက်ဂျက်က ခပ်ယဲ့ယဲ့ ပြုံးပြီး ပြောလိုက် သည်။

'မစ္စက်ဘာရက်ဒလီဟာ ကျွန်တော့်ကို ဘယ်တုန်းကမှ သဘောမကျခဲ့ဘူး၊ ဒီ ကော်ပိုရေးရှင်းမှာ သူ့အနှစ်ခြိုက်ဆုံး ဝါသနာက အတင်းပြောတဲ့ ကိစ္စပဲ၊



အဲဒီ အရည်အချင်း တွေကြောင့် သူ့ကို အသင့်လျော်ဆုံးအဖြစ် ရွေးချယ်သင့်ပါတယ်'

သုံးစုံသော မျက်စိများက သူ့ကို နားမလည်သဘောမပေါက်စွာနှင့် ငေးကြည့် နေကြသည်။

'ခင်ဗျားက ကျွန်တော့်ကို အလုပ်က ထုတ်ပစ်လိုက်တယ်ဆိုတဲ့ ဆိုးဆိုးရွားရွား စာ တစ်စောင်ကို ကျွန်တော့်ရှေ့မှာတင် သူ့ကို နှုတ်တိုက် လိုက်ရေးခိုင်းရမယ်၊ ခင်ဗျားက သဟောက်သဟန်နဲ့ ပြောဆိုနေခိုက်မှာ ကျွန်တော်က မျက်နှာ ငယ်ငယ်နဲ့ ချွေးပြန်နေတာကို ဗိုင်ယာနီနဲ့ ဂျိတ်တို့က သဘောတူတဲ့ပုံစံနဲ့ မျက်နှာထား တင်းတင်းထားပြီး ကြည့်နေကြရမယ်'

မျက်စိ သုံးစုံ ပြူးထွက်လာကြသည်။

'မင်း ရူးနေပြီ ထင်တယ်'

အိုင်း ရွှန်း မိုက်က ထစ်ထစ် ငေါ့ငေါ့နှင့် ပြောလိုက်၏။ သူ့ ပါးစပ်ထဲမှ ဆေးပြင်းလိပ်အသစ်ကို အရသာ မတွေ့တော့ဘဲ ဝါးစားစပြုလေပြီ။

စတိဗ်က ခပ်အေးအေး ဆက်ပြောလိုက်၏။

'ရူးတဲ့နေရာမှာ နည်းစနစ်တွေ ရှိပါတယ်၊ တစ်အချက်ကတော့ ကျွန်တော်ဟာ ဗွီအိုင်အီးရဲ့ လခစား မဟုတ်တဲ့အခါကျရင် ကျွန်တော့် အနေနဲ့ လုပ်ရကိုင်ရတာ ပိုပြီး လွတ်လွတ်လပ်လပ် ရှိလာတာပေါ့လေ'

'ဘုရားသခင် ကယ်တော်မူပါ၊ အခုလဲ မင်းက အကန့်အသတ်မရှိ လုပ်နိုင်ခွင့် ရှိနေတာပဲ



www.burmeseclassic.com

www.burmeseclassic.com

'ညစ်ပတ်တဲ့ နည်းပရိယာယ်တွေဟာ ပိုပိုပြီး ညစ်ပတ်လာစရာရှိတယ်၊ အဲဒီကိစ္စတွေဘွားဘွားကြီး ပေါ်လာတဲ့ အခါကျရင် ခင်ဗျားနဲ့ ဗိုအိုင်အီးတို့က ကျွန်တော့်ကို ဖောက်ပြန်ရေးသမား လူဆိုးခေါင်း တစ်ယောက်အနေနဲ့ စွန့်ပစ်လိုက်ကြပေါ့၊ ဒါဆိုရင် အမြတ်ထွက်ဖို့ ၅၀/၅၀ အလား အလာ ရှိတယ် တကယ်လို့ ကရိတ်ချ်က ယုံကြည်ပြီး ငါးစာကို လာဟပ်တယ် ဆိုရင် ကျွန်တော့်အတွက် လုပ်ချင် ရာတွေလုပ်ဖို့ ရက်နည်းနည်းလောက် ရလိမ့်မယ်'

ဗိုဂလာက ဖျက်လိုဖျက်ဆီး ပြောလိုက်၏။

'ဗိုအိုင်အီးဟာ အရာရှိတွေကို ဘယ်ရောညာရော သာမက အလယ်ကောင်ကပါ လက်လွှတ် ဆုံးရှုံး နေရတယ်၊ ကုမ္ပဏီက လူအားလုံးနဲ့ အမြင့်ဆုံး အားလုံးက မင်းကို ငါ ယုံကြည်တယ် ဆိုတာ သိကြတယ်၊ ငါက မင်းကို အလုပ်က ဖြုတ်ပစ်လိုက် ပြီလို့ သူတို့က ထင်ရင် သူတို့က နှစ် ဆ တိုးပြီး သေချာပေါက် တွက်ကြလိမ့်မယ်'

'မိုက်ဗိုဂလာဟာ မထိန်းနိုင် မသိမ်းနိုင်တော့ဘူး ဆိုတာကိုပေါ့' စတိဗ်က မိုက်၏ ဝါကျကို အဆုံး သတ်ပေးလိုက်သည်။

'ဒါဆိုရင် ခင်ဗျားအတွက် နောက်ထပ် အမြတ် ထွက်လာလိမ့်မယ်၊ ကင်းဖီးလ်နဲ့ အယ်လီဆီ ကရိတ်ချ်တို့က ခင်ဗျားဟာ ထိတ်ထိတ်လန့်လန့် ပြားပြားဝပ်သွားပြီလို့ ယူဆပြီး အမှုမထားဘဲ နေလိမ့်မယ်၊ ကျွန်တော်က သူတို့အနားကို ကပ်မိ ရခဲ့ရင် အဲဒီ အယူအဆ ပိုပြီး ခိုင်မာလာအောင်



ဘေးတီးပေးလိုက်ပါမယ်၊ ဒီမှာ မိုက်၊ ခင်ဗျားလဲ လမ်းပေါ်မှာ ရန်ဖြစ်ခဲ့တဲ့ လူပဲ၊ သူတို့ဘက်က နိုင်ဖို့ သိပ်သေချာပြီး ဘေးကင်းပြီလို့ ယူဆထားတဲ့ လူကို ဖြိုရတာ သိပ်လွယ်တယ်ဆိုတာ ခင်ဗျားလဲ သိပါတယ်လေ'

'ဖြစ်နိုင်တယ်၊ ဒါပေမယ့် မင်း အကြံအစည်ကို ငါ သဘောမတူဘူး'

မိုက်က မခံချင်သော လေသံနှင့် ပြောလိုက်၏။

'သမီးကတော့ သဘောတူတယ်'

ဒိုင်ယာနီက မျက်တောင် တဖျတ်ဖျတ်ခတ်ရင်း ဝင်ပြောလိုက်သည်။

'စတိဗ် ပြောတာတွေ အားလုံး ယုတ္တိရှိတယ်၊ သူပြောတဲ့ စကားတွေထဲမှာ ဟာကွက်မရှိဘူး'

'မင်းမှာ ဘာ လုပ် ပိုင် ခွင့် မှ ရှိ တော့ မှာ မဟုတ်ဘူး'

မိုက်က မရေမရာ ပြောလိုက်သည်။

'တရားဝင် လုပ်ပိုင်ခွင့်တွေ တော့ ရှိတော့မှာ မဟုတ်ဘူး၊ ဒါ ပေ မယ့် ကိစ္စ မရှိပါဘူး၊ စက် ယန္တရားကို တပ်ဆင်ပြီးပြီ၊ ဘယ်သူမှ မသိကြတဲ့ ရန်ပုံငွေတွေကို ကျွန်တော် သုံး ခွင့် ရှိ သေး တယ်၊ လွတ်လွတ် လပ်လပ် ထင်သလို ကြံတတ်တဲ့ လူစား မျိုးအတွက် ကုမ္ပဏီက ရာထူးနဲ့ အဆောင်အယောင် တွေ မလိုပါဘူး၊ သူ့ဆီမှာ လျှို့ဝှက် ရန်ပုံငွေ တွေရှိနေသမျှ ကာလပတ်လုံး ထိန်းချုပ်တဲ့ခလုတ် ခုံက သူ့ပေါင်ပေါ်မှာ ရှိနေမှာပါ'



www.burmeseclassic.com

www.burmeseclassic.com

ဂျက်ကော့ဟတ်ရှ်က ခေါင်းကို ခါ ယမ်း လိုက်သည်။

'တဇောက်ကန်း စစ် ဆင် ရေး ဆို တာ သိပ်မှန်တာပဲ၊ အဲဒီ ကိစ္စကို အ ကောင် အ ထည်ဖော်တာ တကယ်ရူးတဲ့ ကိစ္စပဲ'

ဒိုင် ယာ နီ က မိုက်ကို ဝင် သတိပေးလိုက်သည်။

'ဒက်ဒီက သူ့ကို လုပ်ပိုင်ခွင့် ပေးထားပြီးပြီပဲ၊ ခုအချိန်ထိ ဒက်ဒီက သူ ပေးတဲ့ အကြံဉာဏ်တွေကို လက်ခံခဲ့တာပဲ'

အ သက် အ ရွယ် ကွာ ခြား မှု ကို မိုက်ကယ် ဗိုဂလာက ထပ် သတိ ထား မိ လိုက် ပြန် ၏။ သူ့အသက် ခုနစ်ဆယ် ရှိနေလေပြီ။ သူက ရာခိုင်နှုန်းပြည့် စိတ်ချ ယုံကြည်နိုင်သူမှာ လက် တစ်ဆုပ်စာခန့်သာရှိသည်။ သူတို့သည် မိုက်ထက် အသက်အများကြီးပိုငယ်ကြသည်။ လုပ်ပုံ ကိုင်ပုံများနှင့် ပတ်သက်၍ အသား မသေ တတ် ကြ သေး။ ထုံး တမ်း စဉ် လာ မကျသော နည်းလမ်းများကို လုပ်တတ်ကိုင်တတ်ကြသည်သာမက ပို၍လည်း စွန့်စား တတ် ကြ သည် .... နေဦးလေ။ သူ့ အတွေးကို သူ ရပ်တန့်ပစ်လိုက်သည်။ သူသည် ထိုပုဂ္ဂိုလ်များ၏ အသက်အရွယ်၌ ရှိနေမည် ဆိုပါက သူ သည် လည်း ထိုပုဂ္ဂိုလ်များလိုပင် ဖြစ်နေပါလိမ့်မည်။ သူသည် ထိုပုဂ္ဂိုလ်များနှင့် ထပ်တူ ဖြစ်ခဲ့ဖူးပါသည်။ သူသည် အသက်ငယ်များဆိုပါက ထိုပုဂ္ဂိုလ်များလိုပင် ဖြစ်နိုင်ပါသည်၊ သူ ထိုအတွေးကို စိတ်ပျက်လက်ပျက်နှင့် ရင်ဆိုင် လိုက် သည်။



ချီးမှုပဲ။

'ဂျိတ်၊ သုတေသနဌာနရဲ့ ဒုတိယဥက္ကဋ္ဌသစ်ဟာ မင်းပဲ ဖြစ်ရမယ်၊ ဒီတော့ အက်ဒနာကို တယ်လီဖုန်း ဆက်စမ်း၊ ဒီ ကိစ္စဟာ လျှို့ ဝှက် ကိ စ္စ ဖြစ်သလို အရေးတကြီး လုပ်ရလိမ့်မယ်လို့ပြော၊ ဒါမှပဲ သူက ချုံးခန်းကို မြန်မြန် ပြန်ပြေးပြီး ရုံးဆင်းချိန် မတိုင်မီ ဒကာလာဟာလ သတင်း လွှင့်ဖြစ်ဖို့ သေချာသွားလိမ့်မယ်'

မာလ်ဘိုရို နယ်မြေက ပုဂ္ဂိုလ်ရဲ့ ကျဆုံးခန်းပဲဟု မစ္စက် အက်ဒနာဘရက်ဒလီက တွေးရင်း မိုက်၏ နှုတ်တိုက် ချပေးမှုကို စိတ်လှုပ်ရှားစွာဖြင့် လိုက်လံ ရေးမှတ်နေသည်။

'........သွှန်ကြားချက်များကို ထပ် ခါ တ လဲ လဲ ပေးယျာလကန် ပြုလုပ်ခြင်း....'

စ တီ ဖင် ပက် ဂျက် တစ် ယောက် ကြောက် စိတ် ကြောင့် ကျုံ့ ကျုံ့ က လေး ဖြစ်နေသလို မစ် (စ်) ဒိုင်ယာနီနှင့် ဂျူးလူမျိုး ကိုလူဝ ဂျက်ကော့ဟတ်ရှ် တို့ကလည်း ထိုမြင်ကွင်းကို အရသာရှိနေကြကြောင်း မစ္စက်ဘရက်ဒလီ သတိထားလိုက်မိသည်။ ဗိုဂလာ၏ လေးနက် တည်ကြည်သော အ သံ က ဆက် ပြော လိုက်ပြန်၏။

'........ယနေ့မှ စ၍ ရာထူးမှ ရပ်စဲ လိုက်သည်။ ကုမ္ပဏီ၏ အရိပ်အာဝါသအောက်သို့ လာရောက်ခွင့် မပြု....'

မစ္စက်ဘရက်ဒလီက စိတ်ကူးဖြင့် နှုတ်ခမ်း ကို သျှာနှင့် လျက်လိုက်မိ၏။ ပက်ဂျက်အား အ ရှက် ခွဲ



www.burmeseclassic.com

www.burmeseclassic.com

ခံရမှုသည် နှစ်ပေါင်းများစွာ အတောအတွင်း သူ့အတွက် အလွန် အရသာရှိသော ကိစ္စပင် ဖြစ်သည်။

မစ္စတာ ဗိုဂလာ၏ နှုတ် တိုက် ချပေးမှု ပြီးစီးသွားသည့် အခါ မစ္စက် ဘရက်ဒလီက ထပ်မေးလိုက်ပြန်၏။

'ကျွန်မက စာကို ပြန်ဖတ်ပြရဦးမလား မစ္စတာ ဗိုဂလာ'

'ဘာဖြစ်လို့လဲ၊ မင်းက အမြဲတမ်း မှန်အောင် လိုက်ရေးနိုင်သားပဲ'

သူက ဒိုင်ယာနီဘက်သို့ လှည့်လိုက်၏။

'ဒီမှာ၊ အက်ဒနာကို တံခါးပေါက်အထိ လိုက်ပို့ပေးလိုက်ပါ'

ဗိုဂလာက ပက်ဂျက်ဘက်သို့ ခေါင်းပြန် လှည့်လိုက်၏။

'မင်း နေခဲ့ဦး၊ ငါတို့ ဆွေးနွေးစရာကလေးတွေ ကျန်သေးတယ်'

လှုသွား စင်္ကြံလမ်းသို့ အရောက် တွင် မစ္စက် အက်ဒနာသည် ခေါင်းလှော ကား ဆီ သို့ ဂုန်ချော်မိ မပြေးမိအောင် ကိုယ့်ကိုယ်ကိုယ် ချုပ်တည်း လိုက်ရသည်။ ဗွီအိုင်အီး ရုံးချုပ် အဆောက်အအုံသို့ရောက်ရှိသည့်အခါ မည်သူ့ အား ပထမဦးဆုံး ပြောရပါမည်နည်း။ ပက်ဂျက်၏ မိန်းမရှင်အတွင်းရေးမှူးကို ပြောလိုက်မည်ဆိုပါက ချုံးပွဲချ၍ ငိုလေမည်လား မဟုတ်သေးပါဘူးလေ၊ အင်မတန် ယဉ်ကျေး ပြီး ရည်မွန်သော မစ္စတာ ဂီလက်စ်ပိုင်ကို ပြောပြရပေလိမ့်မည်။ ပြီး တော့ လည်း မစ္စတာ ဂီလက်စ်ပိုင်

သည် ဗွီ အိုင် အီး ၌ ကျန်ရှိနေသော ဒုတိယ ဥက္ကဋ္ဌများထဲတွင် ဝါအရင့်ဆုံးပုဂ္ဂိုလ် ဖြစ်နေ ပေ သည်။

'ဒက်ဒီက အဲဒီ ပိန်ခြောက် ခြောက် ဟာမကို ဘာကြောင့် ဆက်ခန့်ထားရသလဲဆိုတာ သမီးတော့ နားကိုမလည်နိုင်တော့ဘူး ဒက်ဒီရယ်'

ဒိုင်ယာနီက တံခါး ကို ပြန် ပိတ် ပြီး နောက် ဧည့်ခန်းထဲသို့ အရောက် တွင် ပြော ချ လိုက် ခြင်း ဖြစ်ပါ၏။

'သူ့ အဖေဟာ ကုမ္ပဏီ ထူထောင်ခါစ စောစောပိုင်းကာလမှာ ငါ့အတွက် တာဝန် ထမ်းဆောင်ရင်း သေဆုံးသွားခဲ့ရရှာတယ်'

ဗိုဂလာသည် သူ့ သဘောထားကို ဖွင့်ပြောပြလိုက်ပြီး ထို ဘာသာရပ်ကို ဆက် မပြောနိုင်အောင် တန့်တားပစ်လိုက်သည်။

မိုက် ဗိုဂလာက မစ္စက်ဘရက်ဒလီ ရှေ့တွင် အမှန်အတိုင်းပြောဆိုခဲ့သော်လည်း မစ္စက်ဘရက်ဒလီ တွေးထင်ထားသည့် ပုံစံမျိုးတော့ မဟုတ်ပါ။ မိုက်သည် စတိဗ်နှင့်သာမက သူတို့ လေးယောက်စလုံး ဆွေးနွေး ကြရမည့် အကြောင်းအရာပေါင်း မြောက်မြားစွာ ရှိနေပါသည်။ ဗိုဂလာက စတိဗ်၏ 'အေ' ဘပ်ဖွဲ့ အသုံး ဝင်မှုကို သံသယ ဖြစ်မိကြောင်းနှင့် မည်သူက ဦးဆောင်မည်ကို မတင်ပြ သေးကြောင်း စတင် ဆွေးနွေးလိုက်သည်။

ပက်ဂျက်က ပြန်ဖြေလိုက်သည်။

'ကျွန်တော်က သူတို့ကို လားဂိုးစ် ရောက်ရင် လူရွေးပါ့မယ်၊ အကြမ်းတမ်းဆုံးပုဂ္ဂိုလ်နဲ့ မသွားထွက်

www.burmeseclassic.com

သံယို ဖြစ်အောင် အများဆုံး လုပ်ခဲ့တဲ့ လူကို ဗိုလ်မှူးကြီး ဒါမှမဟုတ် ဗိုလ်ချုပ်အဖြစ် ခန့်လိုက်မယ်၊ ပြီးမှ တစ်ဆင့်ပြီး တစ်ဆင့် လျှော့ချပြီး ခန့်သွားမယ်'

'သူတို့ လားဂိုးစ်က ထွက်သွားပြီးတဲ့ နောက်ပိုင်းမှာ မင်းက သူတို့ကို ထိန်းချုပ်နိုင်မှာ မဟုတ်တော့ဘူး'

'အခု ပေးထားတဲ့ ငွေကြေး ပမာဏကြောင့် အဲဒီပုဂ္ဂိုလ်တွေဟာ ကျွန်တော်တို့က သူတို့ကို ဖြစ်စေချင်တဲ့ ပုံစံအတိုင်း သူတို့ကိုယ်သူတို့ ထိန်းသိမ်းသွားကြဖို့ စိတ်ချ ယုံကြည်နိုင်ပါတယ်၊ သူတို့က "အင်တက်ဘီ စစ်ဆင်ရေး" ကိုတောင် အစမ်းလေ့ကျင့်တဲ့ ပွဲကလေး တစ်ပွဲလောက် အနေမျိုး ဖြစ်သွားစေလိမ့်မယ်'

'သူတို့က လက်နက် ခဲယမ်းမီးကျောက်တွေကို ဘယ်မှာရကြမှာလဲ'

ဆာဂျင်ဟောင်း မိုက်ကယ်ဗိုဂလာက ဇွတ်ထပ် မေးလိုက်ပြန်၏။

'သူတို့ကို နောက်ဆုံး သွားရမယ့် နေရာအထိ လိုက်ပို့ပေးမယ့် လေယာဉ်ပျံပေါ်မှာ ပေါ့၊ လေယာဉ်ပျံပေါ်မှာပဲ ဝေငှပေးလိုက်မယ်၊ ပစ္စည်းတွေကတော့ အရှေ့ဘက် အုပ်စုက လက်နက်တွေချည်းပဲ'

'မင်းက အရှေ့ဘက်အုပ်စုက လက်နက်တွေကို ဘယ်က ရလာတာလဲ'

'ဘွန်းမြို့ကပဲပေါ့'

ဟာတ်ရှ်က ဝင်မေးလိုက်သည်။

'အမျိုးအစားက ကောင်းရဲ့လား'

'အကောင်းဆုံးပဲ၊ အေ ဘာပ်ဖွဲ့က ပစ်အားသိပ်ကောင်းမှာပါ'

'ကောင်းပြီလေ၊ ကဲ တပ်ဖွဲ့ ဘီ အကြောင်း ပြောကြရအောင်'

စသိဗ်က ပြောလိုက်၏။

'ကျွန်တော် ကိုယ်တိုင် လူရွေးနေပါတယ်၊ အီယန်အတွက် တစ်ဝက်၊ ကျွန်တော့်အတွက် တစ်ဝက်'

'လူရွေးတာ ဘယ်လောက်ကြာမယ်လို့ ခန့်မှန်းသလဲ'

'လူစုဖို့လား၊ တစ်ပတ်တောင် မကြာပါဘူး'

'အဲဒါကို ယုံကြည်နိုင်ဖို့ အခက်သားပဲ သားရယ်'

'ကျွန်တော်သိတဲ့ လူတွေကို ခင်ဗျား မသိပါဘူး'

'ငါက စစ်သားဟောင်းတွေကို သိပါတယ်ကွ'

'စစ်ပွဲချင်းက မတူဘူးလေ မိုက်ရယ်'

'စစ်တပ်ကတော့ အတူတူပါပဲ'

'မတူဘူး၊ နှိုင်းယှဉ်လို့ကို မရဘူး'

ပက်ဂျက်က စီးကရက်ကို ခပ်ပြင်းပြင်း ဖွာရှိုက်လိုက်၏။

'ဥရောပတိုက်မှာ ဒုတိယ ကမ္ဘာစစ်ကို အောင်ပွဲဆင်ပြီးတဲ့နောက် ဆယ်နှစ် အကြာမှာ ခင်ဗျားတို့ခေတ်က လူတွေက ဘယ်သူ့ကိုမှ မုန်းတီးနေကြတာ မဟုတ်ဘူး၊ ကျွန်တော်တို့ခေတ်က လူတွေကတော့ လူတိုင်းကို အရမ်းမုန်းတီးနေကြတယ်၊ အဲဒီဒါသတွေကို လမ်းကြောင်းပြောင်းပေးလိုက်ရင်....'





www.burmeseclassic.com

www.burmeseclassic.com

'သွားရယ်၊ သူတို့ဟာ မင်းလို အသက်သုံးဆယ်ကျော် ဒါမှမဟုတ် အသက်ကြီးတဲ့လူတွေ.... အဲဒီလူတွေဟာ သံချေးတက်နေကြပါပြီ'

'အစိကကျတဲ့ ခြားနားချက် တစ်ခု ရှိနေတယ်၊ သူတို့ဟာ အသက်ကြီးချင် ကြီးမယ်၊ ဒါပေမယ့် တငွေ့ငွေ့ထွက်နေတဲ့ ဒေါသက သူတို့ကို သံချေးမတက်စေခဲ့ဘူး'

ဗိုဂလာက နောက်ထပ် ငြင်းခုံလိုသော ဆန္ဒမရှိတော့ပါ။

'တပ်ဖွဲ့ ဘီ နဲ့ ပတ်သက်ပြီး မင်းပြောတာကို ငါ လက်ခံလိုက်ပါမယ်၊ နောက်ထပ် ဘာရှိသေးသလဲ'

သူတို့သည် ညဆယ့်တစ်နာရီအထိ ဆွေးနွေးခဲ့ကြသည်။ စိတ်ရော ကိုယ်ပါ ပင်ပန်း နွမ်းနယ်နေပုံရသော မိုက်က ပြောလိုက်၏။

'ငါကတော့ ဒီည အတွက် တော်လောက်ပြီ ထင်တယ်၊ ငါ အိမ်ပြန် တော့မယ်၊ စတိဗ်က ဘယ်လိုလဲ၊ ဂျိတ်ကရော ဘယ်လိုလဲ'

သူတို့ အတွက် ဗွီအိုင်အီးမှ မော်တော်ကားတစ်စီးစီ စောင့်နေကြသည်။

ဟတ်ရှ်က လိုလိုလားလား အိမ်ပြန်မည်ဟု ဖြေသည်။

ဒိုင်ယာနီက ပြောလိုက်၏။

'သမီးကတော့ ရှင်းသွားအောင် စတိဗ်နဲ့ နည်းနည်းလောက် မေးချင်သေးတယ်'



ပက်ဂျက်က ဂျက်ကော့ဟတ်ရှ်အား သတိပေးလိုက်၏။

'မနက်ကျရင် ကျုပ် စားပွဲကို လူမြင် သူမြင် ရှင်းလင်းပြီးတော့ ကျုပ်ဆီကို ပစ္စည်းတွေပို့လိုက်ဖို့ မမေ့နဲ့နော်'

'ရွှေကိုယ်တော်လေး၊ မင်းကို အလုပ်က ဖြုတ်ပစ်ဘယ်ဆိုတာကို သတိ ရနေအောင် ကျုပ်ကတော့ အတော် ကြိုးစားယူရလိမ့်မယ်'

'ဘာဖြစ်လို့ သတိ မရ ရမှာလဲ၊ မင်းက စတိဗ်ရဲ့ အလုပ်၊ စတိဗ်ရဲ့ စားပွဲ၊ သူ့ရာထူးနဲ့ ဗွီအိုင်အီးသာဒေဝါလီ မခံရဘူးဆိုရင် လစာတွေ အများကြီး တိုးရဦးမှာကွ'

မိုက်ကဒိုင်ယာနီ၏ပါးကို မွှေးမွှေးပေးလိုက်သည်။

'ခုလောလောဆယ်မှာတော့ မင်းတို့ အားသုံးကြည်နူးစရာကောင်းတဲ့ အိပ်မက်ဆိုးတွေကို မက်ကြပါစေကွာ'

သူတို့ နှစ် ယောက် သား ကျန် ရစ် သောအခါ ပက်ဂျက်က ဒိုင်ယာနီစပ်ပေးသော အရက်ဖန်ခွက်ကို လက်ခံလိုက်လေ၏။

ဆရာဝန်က ဆေး ဘက် ဆိုင် ရာ ဝေါဟာရများကို မသုံးစွဲတော့ဘဲ ပွင့်ပွင့်လင်းလင်း ပြောလိုက်သည်။

'ကျုပ်ကသူ့ခန္ဓာကိုယ်ထဲကို အကုန်လုံးထိုးသွင်းပေးနေတာပဲ၊ သူ မကြာခင် ပြန်ပြီး တို့ဆီ ပြန် လာလိမ့်မယ်လို့ ကျုပ်စိတ်က ထင်နေမိတယ်'



www.burmeseclassic.com

www.burmeseclassic.com

အယ်လီဆန်ကရိုတ်၍ အနေနှင့် အနီးအနားတွင် နေလိုသည်၊ ကင်းဖီးလ် ဂေဟာ၌ ညအိပ် လိုသည် ဆိုသော ကိစ္စကို ဆရာဝန်က သဘောတူလိုက်သည်။ အယ်လီဆန်က မက်သရူးဝတ်သ်အား အိပ်ခန်းချင်း ဆက်နေသော အိပ်ခန်းကို သူ အသုံးပြုမည် ဖြစ်ကြောင်း ပြောလိုက်သောအခါ အယ်လီဆန် တအံ့တသြ ဖြစ်ရလောက်အောင် ဝတ်သ်က ကန့်ကွက်လိုက်သည်။

'မစ္စတာ ကင်းဖီးလ်ကတော့ ဘယ်လို နည်းနဲ့မှ ခွင့်ပြုမှာ မဟုတ်ဘူး မစ်(စ်) အယ်လီဆန်'

'ဘာဖြစ်လို့ ခွင့်မပြုရမှာလဲ'

ဝတ်သ်က အဖြေ မပေးဘဲ

'တခြား အိပ်ခန်းတွေ အများကြီးရှိပါတယ်ဗျာ'

'ကျွန်မကတော့ အခန်းချင်းဆက်နေတဲ့အိပ်ခန်းမှာ အိပ်ရမှ ဖြစ်မယ်'

'ခင်ဗျား လုံးဝ တာဝန်ယူရလိမ့်မယ် မစ်(စ်) ကရိုတ်၍၊ ခင်ဗျားက အမိန့်ပေးတဲ့အတွက် အိပ်ရာ ပြင်ပေးဖို့ အိမ်ဖော် အမျိုးသမီး တစ်ယောက်ကို ကျုပ် လွှတ်ပေးလိုက်မယ်'

အယ်လီဆန်သည် ပင်မအိပ်ခန်းနှင့်ဆက်နေသော ထို အိပ်ခန်းထဲသို့ တစ်ခါမှ မရောက် ဖူး ခဲ့ ပါ။ ဝတ်သ်၏ ကန့်ကွက်ချက်ကြောင့် စိတ်ဝင်စားသွားသော အယ်လီဆန်သည် သူ မြင်တွေ့ရသော မြင်ကွင်းကြောင့် ပို၍ အံ့အား သင့်သွားရသည်။ ထိုအိပ်ခန်းကို အနည်းအကျဉ်းမျှသာ ပြင်ဆင် မွမ်းမံ ထားပြီး အိပ်ခန်းသည် ထိုဂေဟာ၌ ကျန် နေ ရာ



များနှင့် လုံးဝ မဟပ်စပ်ဘဲ ရှိနေသည်။ ခုတင်မှာ အံ့သြစရာ အကောင်းဆုံး ဖြစ်နေသည်။ ခပ်နိမ့်နိမ့် ခေတ်ဆန်ဆန် နှစ်ယောက်အိပ် ခုတင် အကြီးစား ဖြစ်ပြီး ဒုတိယ တန်းစား ကုန်ပဒေသာဆိုင်များတွင် ရောင်းချလေ့ရှိသည့် ပရိဘောဂမျိုး ဖြစ် နေ သည်။ ၎င်းအပြင် ခုတင်ကို မျက်စိ နောက်စရာ ပန်းရောင် အိပ်ရာဖုံးနှင့် ဖုံးထားသည်။ သို့ရာတွင် အိမ်ဖော် အမျိုးသမီး တစ်ယောက် လာ ရောက် ပြင်ဆင်ပေး သဖြင့် ဝင်၍ အိပ်လိုက်သည့်အခါ ဇိမ် ရှိကြောင်း တွေ့လိုက်ရပြီး ဆီကိုနယ် အိပ်ဆေးတန့်ခိုးနှင့် အိပ် ပျော်သွားလေတော့သည်။

အာဖရိကတိုက်ရှိ နိုင်ငံ နှစ်နိုင်ငံ နယ်စပ်မှ အရေး အခင်းကိစ္စကို ဥရောပတိုက်နှင့် အာဖရိကတိုက်မှ သတင်း အယ်ဒီတာများက စာပိုဒ် နှစ်ပိုဒ် လောက်သာ ဖော်ပြသင့်သော သတင်းတို ဖြစ်သည်ဟု ယူဆ ကြသည်။ ဖြစ်ပွားရာ ဒေသသို့ သွား ရောက် ၍ သတင်း ယူထိုက်သော အရေးသတင်းမဟုတ်သည်မှာ သေချာသည်။

ပရိသတ်၏ နှစ်ခြိုက်မှုကို ရရှိအောင် အမြဲတမ်း ယှဉ်ပြိုင် နေကြရသည်သာမက သွေးရဲရဲ သံရဲရဲနှင့် ကြောက်မက်ဖွယ်ရာ ပြကွက်များအတွက် ငွေကုန် ကြေးကျခံရန် လက်မနှေးကြသော အမေရိကန်မှ အမိကာရ ရုပ်မြင်သံကြား ကုမ္ပဏီကြီးများကမူ အမေရိကန်နိုင်ငံတကာ ကုမ္ပဏီ ရှုထောင့်မှ အရေးပါ

www.burmeseclassic.com

ပုံကို သတိပြုမိကြသည်။ ထိုရုပ်မြင်သံကြား အဖွဲ့များ မဝမ်ဒီသို့ ရောက်ရှိလာကြသည်နှင့် တစ်ပြိုင်နက် ပင်ပန်းကြသည်သာမက ထိုက်တန်သော အကျိုးကျေးဇူး တရားကိုလည်း ရရှိကြတော့သည်။ ညသန်းခေါင်ယံတွင် သမ္မတ ဟင်နရီဂါဒူးက သမ္မတ နန်းတော်ရှိ ညီလာခံ ခန်းမဆောင်ထဲတွင် တယ်လီဗွီးရှင်း ကင်မရာများ ရှေ့မှောက်သို့ ကြွရောက်လာသောအခါ အထွတ်အထိပ်သို့ရောက်ရှိသွားခဲ့လေ၏။

အက်ဂဘီလူမျိုးတို့၏ အစိမ်းရောင် ယူနီဖောင်း ပေါ်တွင် ဝမ်းနည်းခြင်း အထိမ်းအမှတ် အဖြစ် အနက်ရောင် ဖဲပြား ကို တပ်ဆင်ထားသော ဟင်နရီဂါဒူးက ထိုအချိန် နာရီ၏ ထူးခြားပုံကို ရှင်းပြလိုက်သည်။

'ဘာသိုတန်ခွေးအတွေက ကျုပ်တို့ရဲ့ ချစ်မြတ်နိုးလှသော လူမျိုးစုတွေကို ဝင်ရောက် သတ်ဖြတ်သွားတဲ့ အချိန်ဟာ ညသန်းခေါင်ယံပဲ ဖြစ်ပါတယ်'

ဟင်နရီဂါဒူးက ထိုကဲ့သို့ အစချီလိုက်ပြီးနောက် အသင့်ရေးယူလာသော မိန့်ခွန်းကို ရုပ်မြင်သံကြား သတင်းဆရာများ အကြိုက်တွေ့အောင် ပြောကြားသွားတော့သည်။ ဥပဒေမဲ့ ရန်မူမှုကြောင့် အပြစ်ကင်းမဲ့သူများ သေဆုံးရသည့်အတွက် ဝမ်းနည်းမိကြောင်း အသံတုန်တုန်ယင်ယင်နှင့် ပြောကြားသွားသည်။ ထိုမိန့်ခွန်းသည် နှလုံးသားကို ဆွဲကိုင်လှုပ်ယမ်းနိုင်အောင် အလွန်လှပသော မိန့်ခွန်း ဖြစ်



သည်။ လက်တုံ့ပြန်မည် ဆိုသော စကားသည် အရိပ်အမြွက်မျှပင် မပါရှိပါ။

ဟင်နရီဂါဒူး၏ မိန့်ခွန်း ပြီးဆုံးသွားသောအခါ မေးခွန်းများကို ဖြေကြားရန် သူက မျက်ရည်စက်လက်နှင့် သဘောတူလိုက်သည်။ ဝန်ကြီးများနှင့် အရေးတကြီး ဆက်လက် ဆွေးနွေးစရာများ ရှိနေသောကြောင့် ဆယ့်ငါးမိနစ်သာ ဖြေကြားမည်ဟု အချိန် ကန့်သတ်ထားသည်။

အချိန် ကန့်သတ်ချက်သည် အလွန် ဥာဏ်သွားသော ကိစ္စပင် ဖြစ်သည်။ အင်မတန် မင်းမဲ့စရိုက်ဆန်လှသော 'ကျုပ် မေးခွန်းကို ပထမဦးဆုံးဖြေပါ' ဆိုသည့် ရုပ်မြင်သံကြား သတင်းစာ ဆရာများသည် တစ်ယောက်ထက် တစ်ယောက် အသံပိုကျယ်အောင် အော်ကြဟစ်ကြရင်း ကန့်သတ်ထားသော အချိန်တစ်ဝက် ကုန်လွန်သွားသည်။ သူတို့သည် အနည်းငယ် ဗွင့်မြို့ ရလာကြသောအခါ ကျန်နေသော အချိန်တွင် မေးခွန်း အနည်းငယ်ကိုသာ မေးနိုင်ကြတော့သည်။

'သမ္မတကြီးက မည်ကဲ့သို့ ဆောင်ရွက်ရန် စီစဉ်ထားပါသလဲ'

ဂါဒူးက သူ့ကိုယ်သူ နိုင်အောင် ထိန်းလိုက်၏။ သူပေးရမည့် အဖြေမှာ နှစ်ခြိုက်စရာမကောင်းသည့် အပြင် ဒေါပွစရာလည်း အလွန်ကောင်းသည်။ သူက ဆိုးဆိုးရွားရွား ခြိမ်းခြောက် ကြိမ်းမောင်းပြီး သူ့စကားအတိုင်း ဆောင်ရွက်လိုသော ဆန္ဒရှိသည်။ သို့ရာတွင် လောရင့်ဟော့ပါး မှန်ပါသည်။ ယခု



www.burmeseclassic.com

www.burmeseclassic.com

ကိစ္စမှာ နိုင်ငံတကာမှ ကရုဏာသက်မှုကို ရရှိအောင် လိမ္မာ၍ ပြော ဆို ခြင်း သည် အလိမ္မာဆုံးနှင့် အကောင်းဆုံး ဖြစ်ပေလိမ့်မည်။

'ကျုပ်တို့ နိုင်ငံဟာ ငြိမ်းချမ်းရေးကို မြတ်နိုးပြီး စစ်ဖြစ်ရတာကို အလွန်စက်ဆုပ်ပါတယ်၊ ကျုပ်တို့ရဲ့ ဆုတောင်းကတော့ ဘာဆိုတိုနိုင်ငံက လက်ရောက် ကျူးလွန်သူတွေကို ရှာဖွေစုံစမ်းပြီး တရားမျှတစွာ အရေးယူအောင် နိုင်ငံ ပေါင်းစုံက ဘာဆိုတိုကို ဖိအားပေးစေချင်တာပါပဲ၊ ကျုပ်တို့ကို နောက်ထပ် မနှောင့်ယှက်နိုင်အောင် ကာကွယ်စောင့်ရှောက်ရင်း အဲဒီလို ဖြစ်လာအောင် သင့်တင့်မျှတသော အချိန် ကာလအထိ စောင့်ဆိုင်း ပေးပါမယ်၊ ဘာကယ်လို့ နောက်ထပ်ပြီး ရန်ပြုလာတဲ့ အခါကျရင်....အဲဒီလို ရန်ပြုလာတဲ့ အခါကျမှသာ ကျုပ်တို့က ဓားကို ဓားချင်း ယှဉ်ပြိုင်ပါမယ်'

'သမ္မတကြီး ခင်ဗျား၊ ဘာဆိုတိုက စစ်တပ်တွေ နယ်စပ်ကို ပို့နေတယ်ဆိုတဲ့ သတင်းတွေကို ရရှိထား ပါတယ်၊ အဲဒါနဲ့ ပတ်သက်ပြီး မှတ်ချက်ပေးဖို့ ဆန္ဒ ရှိပါသလား ခင်ဗျာ'

'ကျုပ်တို့က ဘာများ ပြော နိုင် မှာ လဲ ဗျာ၊ အဲဒါက သူတို့ရဲ့ ရန်လိုမှုကို ထပ်မံ ပြသလိုက်တဲ့ သက်သေ တစ်ခုပဲ မဟုတ်ပါလား၊ တကယ် လို့ သူတို့က နယ်စပ်ကို နောက်တစ်ကြိမ် ကျော်ဖြတ် လာမယ်ဆိုရင် ကျုပ်တို့က လူ တစ် ယောက် တည်း ကျန်သည်အထိ တိုက်ခိုက်သွားမယ်'

'အဲဒါရဲ့ အဓိပ္ပာယ်က....'



ဟင်နရီဂါဒူးက တောင်းပန်လိုက်၏။ နောက်ထပ် မမေးပါနှင့်တော့။

ပို၍ ရဲတင်းသည်သာ မက ကျန်သတင်းထောက် များထက် ပိုမို သိတတ် မြင်တတ်သော အင်ဘီစီ၊ တီဗွီ သတင်းထောက်က အသံ ခပ်ကျယ် ကျယ် နှင့် ပြောလိုက်သည်။

'ကျုပ်တို့ မြင်တွေ့ခဲ့ကြရတဲ့ လူဖြူ ကြေး စား စစ်သားတွေက ဘယ်လိုလဲ ခင်ဗျ'

စင် မြင့် က လေး ပေါ် မှ ဆင်း သွား သော ဟင်နရီဂါဒူး ရပ်တန့်လိုက်သည်။ ထို စစ်သားများ သည် သူ့ စစ်သားများ ဖြစ် ကြောင်း ငြင်းရမည်ကို မလိုလားသော်လည်း လော့ရင့်ဟော့ပါး၏ အကြံ ပေးချက်ကို လိုက်နာလိုက်သည်။

'သူတို့က ကင်းဖီးလ် အာဖရိကမိုင်းတွင်းကုမ္ပဏီရဲ့ ဝန်ထမ်းတွေပါ၊ သူတို့က လုံခြုံရေး တပ်ဖွဲ့အနေနဲ့ တာဝန် ထမ်း ဆောင် ကြ ပါ လိမ့် မယ်၊ သူ တို့ က ကျုပ်တို့ နိုင်ငံကို စီးပွားရေး တောင့်တင်းလာစေပြီး ကြွယ်ဝ ချမ်း သာ အောင် ဆောင် ရွက် ပေး မယ့် အမေရိကန်ကုမ္ပဏီရဲ့ ပစ္စည်း ပစ္စယတွေကို ကာကွယ် စောင့်ရှောက်ကြပါလိမ့်မယ်'

'ဘယ်သူ့ရန်က ကာကွယ်ရမှာလဲ၊ ဘာအတွက် ကာကွယ်မှာလဲ'

သို့ရာတွင် ဟင်နရီဂါဒူး မရှိတော့ပါ။ ထိုကိစ္စကို ဂဃနဏ နားလည်ထားသော တပည့်တစ်ယောက်က ဝင်ဖြေလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

'ဂုဏ်သရေရှိ အမျိုးသမီးများနဲ့ အမျိုးသားများခင်ဗျား၊ နေရာတိုင်းမှာ ရှိတဲ့ ကုမ္ပဏီကြီးတွေဟာ ကိုယ်ပိုင် ရဲတပ်ဖွဲ့တွေကို ဖွဲ့စည်းထားလေ့ ရှိပါတယ်၊ ကမ်မ်ကိုရဲ့ ရဲတပ်ဖွဲ့တွေကတော့ အပြာရောင်နဲ့ ကာကီရောင်တွေ အစား လူကြီးမင်းတွေ တွေ့မြင်နေကြရတဲ့ ယူနီဖောင်းတွေကို ဝတ်ဆင်ကြပါတယ်၊ အဲဒီလူတွေက နိုင်ငံအတွင်းပိုင်းက ရွှေတွင်း တူးမယ့် နေရာတွေမှာ ပို့ပြီး လက်တွေ့ ကျကျ အသုံးဝင်ပါလိမ့်မယ်'

ထို ရှင်းပြချက်ကို လက်ခံလိုက်ကြသည်။ ဘာများ ထူးခြား လာစရာ ရှိပါသနည်း။ ဖလင် ပေပေါင်းများစွာကို ရိုက်ယူခဲ့ကြပြီးလေပြီ။ ပြီး တော့ လည်း ထိုနေ့ညတွင် သူတို့ တည်းခိုသော ဂါဒူး ဂရင်း ဟိုတယ်၌ 'ကမ်မ်ကို' က ယမကာများနှင့် စားစရာများကို အခမဲ့ ကျွေးမွေးဦးမည်ဖြစ်သည်။ညပိုင်းတွင် အချိန်ကလည်း များများစားစား ကျန်လှသည်တော့ မဟုတ်။ တီဗွီ အဖွဲ့သားများသည် ဂါဒူးမြို့တော် လေဆိပ်မှ စတင် ပျံသန်းရန် ခွင့်ပြုနိုင်မည့် အလင်းရောင် ထွက်ပေါ်လာချိန် နံနက်မိုးသောက် အလင်းရောက်ချိန်တွင် လေယာဉ်ပျံနှင့် ပြန်ကြတော့မည် ဖြစ်သည်။

စဉ်းစား ကြည့်လိုက်သောအခါတွင်လည်း ဂါဒူး ဂရင်း ဟိုတယ်သည် တီဗွီရိုက်ရန်အလွန်ကောင်းသော နေရာ ဖြစ်နေပြန်သည်။ အခန်းကျယ်ကြီး ၄၁၇ ကို ဝိုး ပေါက်ကွဲပြီး ချိန်က ပုံစံ အတိုင်း မပြုပြင်ဘဲ ဆက်လက်ထားရှိခဲ့သည်။



ဂါဒူးဂရင်း ဟိုတယ်၌ ကမ်မ်ကိုက စားစရာနှင့် ယမကာများအား အခမဲ့ ကျွေးမွေးမှုသည် ကြီးကြီးကျယ်ကျယ် အောင်မြင်မှု ရရှိခဲ့သည်။ တီဗွီရိုက်ကူးရေးအဖွဲ့ဝင် တိုင်းအား တစ်ဦးလျှင် သုံး အောင်စစီ ရှိသော ရွှေတုံးကလေး တစ်တုံးစီကို လက်ဆောင်ပေးလိုက်သလို ရွှေတွင်း တူးဖော်သည့် နေရာသို့လည်း နောက်တစ်ကြိမ်လာရောက် ရိုက်ကူးကြပါဟု ဖိတ်ခေါ်လိုက်သည်။ တိုပါတီပွဲသည် နံနက် ငါးနာရီခွဲအထိ ကြာမြင့်သည်။ တယ်လီဗွီးရှင်းအဖွဲ့သား များနှင့် သူတို့၏ ပစ္စည်းပစ္စယများကို လေဆိပ်သို့ ပို့ပေးမည့် မော်တော်ကားများကိုလည်း အဆင်သင့် စီစဉ်ပေးထားသည်။ သူတို့သည် အမှုးဒီဂရီမျိုးစုံနှင့် ပြန်လည် ထွက်ခွာ သွားကြသည်။ အားလုံးက ကျေကျေနပ်နပ်နှင့် လိုလိုလားလား အထင်ကြီးသွားကြသည်။ သူတို့သည် သတင်းကောင်း တစ်ပုဒ်ကို ပြည့်ပြည့်စုံစုံ ရရှိခဲ့ကြသောကြောင့် မိမိကိုယ်ကို ကျေနပ်သွားကြခြင်း ဖြစ်ပါသည်။ပြီးတော့လည်း တတိယ ကမ္ဘာမှ အုပ်ချုပ်သူ အချို့အပေါ် လွဲမှားစွာ အထင်ရောက်နေကြကြောင်း ဟင်နရီဂုါဒူးနှင့်သက်သေထူနိုင်မည်ဖြစ်ပါ၏။နောက်ဆုံးအချက်မှာ ကမ်မ်ကို ကော်ပိုရေးရှင်းအား အထင် ကြီးသွားကြခြင်းပင် ဖြစ်သည်။

တီဗွီ သတင်းဆရာများ စီးနင်း လိုက်ပါသွားကြမည့် လေယာဉ်ပျံများက လေဆိပ်မှ ပျံသန်းထွက်ခွာရန် ပြင်ဆင်နေကြစဉ် လေဆိပ်သို့ ဆင်းသက် လာသော အလွန်ကြီးမားလှသည့် ကုန်တင်

www.burmeseclassic.com

လေယာဉ်ပျံကြီး နှစ် စီး အား မည်သည့် သတင်းဆရာကမှ အာရုံ မစိုက်မိကြပါ။

မိနစ် အနည်းငယ် နောက်ထပ် ကြာသွားသော အခါ တတိယ ကုန်တင် လေ ယာဉ် ပျံ တစ်စီး ဆင်းသက်လာပြန်သည်။ မဝမ်ဒီသို့ လက်နက်တင်ပို့ပေးမှု အရှိန်အဟုန်သည် တဖြည်းဖြည်း မြင့်တက်လာနေလေပြီ။ တစ်ပတ် သို့မဟုတ် ဆယ်ရက်အတွင်း အမြင့်ဆုံး အဆင့်သို့ ရောက်ရှိ လာသင့်ပေသည်။ လေတပ် ဗိုလ်ချုပ်ကြီး အက်ဒဝပ် ဒီဘာရီးစ်သည် ထို လေယာဉ်ပျံများကို လေ ဆိပ် သို့ လာရောက်ကြို ဆိုခြင်း မ ရှိပါ။ သူ နှင့် မေဂျာ ဘရူးစတားရန်းဒေါ်တို့သည် တယ်လီဗွီးရှင်းသတင်းဆရာများနှင့် မဆုံမိအောင် လိမ္မာ ပါးနပ် စွာ ကိုယ် ရောင်ဖျောက်နေခဲ့ကြသည်။

## ၇၄

စတိဗ်ပက်ဂျက်၏ စိတ်အစဉ်သည် သူနှင့် ဒိုင်ယာနီချစ်တင်း နှီးနှောခဲ့ရသည့် ဟိုတယ်ပီရီသို့ ရောက်ရှိနေသည်။ သူသည် ဟိုတယ် ပီရီမှ ပြန် လာ ခဲ့ ပြီး နောက် ငုယင်သန်သိုအား အနာဂတ် ကာလတွင် ဖြစ်ပျက်လာမည့် အနေအထားကို ရှင်းပြလိုက်သည်။

'ဂပ်စ်ရေ၊ ငါ တို့ ရဲ့ ပျော် စ ရာ ကောင်း တဲ့ အိမ်ခန်းကလေးကတော့ ကွပ်ကဲရေး စခန်းနဲ့ အရှေ့ထောင် ဖြစ်တော့မှာပဲဟေ့'

သူက ဂပ်စ် သိသင့် သိထိုက် သမျှကို အရေးမကြီးသော အသေးစိတ် အချက်အလက်များမှအပ မခြွင်းမချန် ပြောပြလိုက်သည်။ ဗီယက်နမ်အမျိုးသား ဂပ်စ်သည် စတိဗ် ပြော ပြ နေ သော စကားပြီးဆုံးသည် အ ထိ ငြိမ် နေ လိုက် ပြီး နောက် စိတ်ပျက်သွားဟန်နှင့် ပြောချလိုက်လေ၏။

'ကောင်းပါပြီ လက်ဖတင်နင်၊ ကျွန် တော် လဲ စစ်မှုထမ်းအဖြစ် စာရင်း သွင်းလိုက်ပါပြီ၊ ခင်ဗျားရဲ့ ဒုတိယမဦးဆုံး တပ်သားပေါ့ဗျာ'

'ချီးမွမ်းပါတယ်၊ မင်းက ဒီမှာ နေ ရစ် ခဲ့ ပြီး အန္တရာယ်ကင်းမဲ့ အချက်ကလေး ဘာလေး ပြပေးရမှာကွ'

'မရဘူး ခင်ဗျ၊ ခင်ဗျားသွားရင် ကျွန်တော်လဲ လိုက်မှာပဲ'

'မဖြစ်နိုင်ဘူးလေကွာ၊ မျက်စိ တစ်ဖက်နဲ့ လက်ချောင်း တစ် ဝက် လောက် ချို့တဲ့နေတဲ့ မင်းမှာ အရန် ပစ္စည်းတွေ နည်း နေ တယ် ကွ၊ ဒီတော့ မေ့ထားလိုက်စမ်းပါကွာ'

'ခင်ဗျားက ကျွန်တော်နဲ့ ဂေါက်သီး ပြိုင်ရိုက်ကစား ချင်သလား၊ ပိုကာ က စား ချင် သ လား၊ ကျွန်တော်က ဖဲဝေမယ်လေ'

သူတို့သည် တစ်ခါတစ်ရံတွင် အ တူ တူ တွဲ၍ ဂေါက်သီးကစားလေ့ ရှိကြသည်။ ပက် ဂျက်သည် သင်း ဒီ ကက် ၆ ချက် ရထားသူ ဖြစ်သော်လည်း

www.burmeseclassic.com

ဂပ်စ်က သူ့အား အမြဲတစေ အနိုင်ရလေ့ ရှိသည်။ ဂပ်စ်သည် လက်ချောင်းကလေးများ ပြတ်နေသည့် တိုင်အောင် လားစ် ဗီး ဂတ်စ် မြို့ မှ ဒိုင် လုပ် သူ တစ်ယောက်ထက် ဖဲကို လျင်မြန်စွာ ကု လား ဖန် ထိုးနိုင်သည်။ ဝေနိုင်သူ ဖြစ်သည်။ တစ် လုံး တည်း သာရှိသော မျက်စိက အမြင်အား ကောင်းမွန်သည်။ အံ့ဩစရာ ကောင်း လောက် အောင် သွက် လက် ဖျတ်လတ်သည်။ ကျန်း မာ ရေး နှင့် ပြည့် စုံ သည်။ ဇွဲ အပြည့်အဝရှိသော အရှေ့တိုင်းသားတစ်ယောက် လည်း ဖြစ်သည်။ ထိုအချက် အလက်များကို ထည့် သွင်း စဉ်းစား လိုက်သောအခါ စတီဗ်က သူ အရေး နိမ့်သွားပြီ ဖြစ်ကြောင်း သိလိုက်ရသည်။

ငုယင်သန့်သိက စတီဗ်အတွက် ကော် ဖီ ဖျော် ပေးရန် မီးဖိုခန်းထဲသို့ ဝင်သွားသည်။ ပက်ဂျက်သည် ကြားမှ ဖြတ်၍ နားတောင်၍မရသော တယ်လီဖုန်း လိုင်းနှင့် ဗွီအိုင်အီး ရုံးချုပ်ရှိ ဂျက်ကော့ဟတ်ရှိထံ ဖုန်းဆက်လိုက်သည်။ ဗွီအိုင်အီး ရုံးချုပ်တွင် စတီဗ် ရာထူးမှ အထုတ်ခံလိုက်ရသော ကိစ္စသည် အခိုင် ပြောစရာ ကိစ္စ တစ်ရပ် ဖြစ်နေကြောင်း ဟတ်ရှိထံ သတင်းပို့သည်။

'ကဲ ရွှေကိုယ်တော်လေး၊ ခင်ဗျားဘက်က ဘာ သတင်းထူးသလဲ'

'မထူးပါဘူး၊ ခုမှ မိုးလင်းခါစပဲ ရှိသေးတယ် ဒါပေမယ့် ဘီ တပ်ဖွဲ့အတွက် ဆန္ဒပြုသူ တစ်ယောက် တော့ ရ ထား ပြီ၊ ဂပ်စ်ပဲ၊ သူက ပ ထ မဦး ဆုံး ပုဂ္ဂိုလ်လေ'



ဟတ်ရှိက ဂပ်စ်သည် ဒုတိယသာ ဖြစ်သည်ဟု စိတ်ထဲက တွေးလိုက်ပြီး စကားကို ဖြတ်ပစ်လိုက်ကြ သည်။

ပက်ဂျက်က ဂရင်းဝစ်ချ် ကျေး ရွာ မှ နံပါတ် တစ်ခုကို ဖုန်းဆက်လိုက်သည်။

'ဟုတ်ကဲ့' ပျင်းရိ ငြီးငွေ့နေသော အသံတစ်သံက ဖြေလိုက်၏။

'ချီငွေဗားရား စကား ပြောနေပါတယ်'

ထိုကဲ့သို့ ပြောလိုက်မှုက တစ်ဖက်လူအား ပျူးတူး ပြဲတဲ ဖြစ်သွားစေခဲ့သည်။

'ဟုတ်ကဲ့ပါ ခင်ဗျာ၊ အခု ချက်ချင်း ဆက်သွယ် ပေးလိုက်ပါ့မယ်'

ဤတွင် ပက်ဂျက် မှတ်မိနေသော အမျိုးသမီး အတွင်းရေးမှူး ကလေး၏ အသံကို ကြားရတော့ သည်။

'ဟိုင်း မေရီ၊ ဖက်ဆို နိုးနေပြီလား'

'သူ နိုးပြီ ထင်ပါတယ်၊ ကျွန်မ မေးကြည့် လိုက် ပါ့မယ်'

အတန်ငယ် ကြာသောအခါ ယောကျ်ားသံကြီး တစ်သံ ပေါ်ထွက်လာသည်။

'ဘာကိစ္စပါလဲ စတီဖင်'

'မိနစ် နှစ်ဆယ်အတွင်း မင်းနဲ့ စကား ပြောချင် တယ် ဖက်ဆို'

'လာခဲ့ပါ'

ဂရင်းဝစ်ချ် ကျေးရွာ မှ ညိုတိုတို အဆောက် အအုံကြီး၏ အပြင်ဘက်မှာ ကြမ်းတမ်း လှပါ၏။

www.burmeseclassic.com

စတိဗ်ပက်ဂျက်သည် ကိုယ်ပေါ်တွင် သေနတ်ကိုယ်စီ ဆောင်ထားသူနှစ်ယောက်၏ စစ်ဆေးမှုကို ခံယူရပြီး နောက် အဆောက်အအုံထဲသို့ ရောက်ရှိသွားသည့် အခါ ထိုအဆောက်အအုံသည် စည်းစိမ်ရှိသော အဆောက်အအုံ တစ်ခုဖြစ်ကြောင်း တွေ့ရတော့ သည်။ ခြေချင်းဝတ်အထိ မြုပ်အောင် ထူထဲသော ကော်ဇောကြီးများ၊ သီးခြား ပုံစံထုတ်၍ တကူးတက မှာကြားထားသော ပရိဘောဂများ စသည်တို့က နာမည်သာရှိပြီး အမှန်တကယ် မရှိသော လုပ်ငန်း၏ ကြီးပွားမှုကို ပြသနေသည်။

'မစ္စတာ ဘလိုဂီက ခင်ဗျားကို အပေါ် ကြွခဲ့ ပါလို့ ပြောထား ပါတယ် မစ္စတာ ပက်ဂျက် ခေါက်လှေကားကို အသုံး ပြုချင်ပါသလား'

၄ 'လှေကားကပဲ တက်ပါမယ်'

ပက်ဂျက်က ပြုံးပြလိုက်သည်။ ထိုအဆောက် အအုံတွင် အထပ်သုံးထပ်သာ ရှိသည်။ ပြီးတော့လည်း သူသည် ဘလိုဂီ၏ နေအိမ်တွင် ရိုးရိုးလှေကား တက် ရသည့်ကို သဘောကျသည်။ လှေကား တစ်လျှောက်ရှိ နံရံပေါ်တွင် ပြတိုက် အဆင့်မီ 'ဖောဗစ်' ပန်းချီ ကားများကို ဖောဖောသီသီ ချိတ်ဆွဲထားသည်။ တောက်ပသော ဆေးရောင် များက ကြည့်ရှုသူကို အားအင် ပြည့်ဖြိုးစေသည်။ အပြင် ထိုပန်းချီကားချပ်များအား သူ့မိတ်ဆွေက ဝယ်ယူထားနိုင်စွမ်း ရှိသည်ဆိုသော အချက်ကာင် ကျေနပ်ဖွယ် ကောင်းနေပါသည်။



ဘလိုဂီသည် စတိဗ်၏ တပ်စိတ် ဆာဂျင်အဖြစ် ဗီယက်နမ်တွင် ခုနစ်လ တာဝန် ထမ်းဆောင်ခဲ့သူ ဖြစ်သည်။ သူသည် အရပ် ခြောက်ပေငါးလက်မနှင့် ကိုယ် အလေးချိန် ၂၄၆ ပေါင် ရှိသော လူ့ ဘီလူးကြီး ဖြစ်သည်။ သူ့တစ်ကိုယ်လုံးသည် အရိုးနှင့် ကြွက်သားများသာ ဖြစ်သည်။ ထို့ကြောင့် တင်စား၍ ခေါ်သော 'ဖက်ဆို' သို့မဟုတ် 'ကိုဘုတ်ပွ' ဆိုသည့် အမည်ပြောင်ကို ပေးခဲ့ကြခြင်း ဖြစ်သည်။ လူးဘလိုဂီသည် သူ့ ကိုယ်ထိုင်သာ သိသော အကြောင်းများကြောင့် 'ဖက်ဆို' ဟု အခေါ် ခံရသည်ကို နှစ်ခြိုက်သူဖြစ်သည်။ သူသည် စတီဖင် ပက်ဂျက်လိုပင် အရပ်သား ဘဝသို့ ကူးပြောင်းလာရာ၌ ဗီယက်နမ်စစ်ပြန်ဟု သတ်မှတ် ကြသည်ကို မခံယူလိုသူဖြစ်သည်။ သူသည် အလုပ် အကိုင် လိုက်လံရှာဖွေမည့်အစား ကိုယ်ပိုင် အလုပ် ကိုသာ လုပ်ကိုင်ခဲ့သူ ဖြစ်သည်။

စတီဖင်ပက်ဂျက်နှင့် ဘလိုဂီတို့ အကြား၌ တည်ရှိ နေသော ကွာခြားချက်မှာ စတီဖင်သည် ဥပဒေ ဘောင်အတွင်း၌ လွတ်လပ်စွာ ရှာဖွေ လုပ်ကိုင်ခဲ့ပြီး လို အိုးမှ သာ ဥပဒေဘောင်၏ အပြင်ပသို့ ထွက် တတ်သူ ဖြစ်သည်။ သို့ရာတွင် လွန်လွန် ကျူးကျူး ကျူးလွန်သူတော့ မဟုတ်ပါ။ လူးဘလိုဂီ ကမူ ဥပဒေ မှန်သမျှကို မလေးစားသူ ဖြစ်သည်။ ပင်ကို စိတ်ရင်းကောင်းသော ဘလိုဂီက သူသည် လူမဆန်အောင် ရက်စက် ကြမ်းကြုတ်မှု လွဲလျှင်



www.burmeseclassic.com

www.burmeseclassic.com

ဥပဒေစာအုပ်ထဲ၌ ပါရှိသော ကျန်ဥပဒေ အားလုံးကို ချိုးဖောက်ခဲ့ပါသည်ဟု ဝန်ခံသူဖြစ်သည်။

လူးဘလိုဂီထံတွင် ကုမ္ပဏီနာမည် မရှိသည့်သာမက အမှန်တကယ် မတည်ရှိသော စီးပွားရေးလုပ်ငန်းအတွက် သေချာပေါက် အောင်မြင်စေမည့် ပုံသေနည်း ရှိနေလေသည်။ သူက ထို ပုံသေနည်းကို သူ့ ဖောက်သည်များအား အောက်ပါ အတိုင်း ပြောပြလေ့ရှိသည်။

'ခင်ဗျား ဘာလိုချင်သလဲ၊ ဘာဖြစ်စေချင်သလဲ ဆိုတာကိုသာ ပြောပြပါ၊ ကျုပ်က ဘယ်လောက် ကုန်ကျမယ်လို့ ပြောလိုက်မယ်၊ ခင်ဗျားက ကျုပ်ကို ငွေကြို တင်ပြီး ပေးချေမယ်ဆိုရင် ခင်ဗျား ဆန္ဒအတိုင်း ဖြစ်ရစေ့မယ်'

သူ နှင့် ပက်ဂျက် တို့ သည် ရင်း နှီး သော မိတ်ဆွေများအဖြစ် ဆက်လက် တည်ရှိနေခဲ့ကြသည့်သာမက လွတ်လပ်စွာ လုပ်ကိုင်စားသောက်ကြရင်း မကြာခဏဆိုသလို ဆုံခဲ့ ကြုံခဲ့ကြသည်။ သူတို့သည် တစ်ဦးအတွက် တစ်ဦးက ကူညီ ဆောင်ရွက်ပေးရမှုများ ရှိခဲ့လေသည်။ ထိုကဲ့သို့ အပြန် အလှန် ဆောင်ရွက်ပေးမှုမှာ ဆတူ ဖြစ်လာကြသည်သာမက ရင်းနှီး ခင်မင်မှုမှာလည်း ပို၍ ကြီးထွားလာခဲ့သည်။ စတီဖင်ပက်ဂျက်သည် ဥပဒေ ဘောင်အတွင်းသို့ ဝင်ရောက်ပြီး ဗွီအိုင်အီး၌ အလုပ် လက်ခံသည့် နောက်ပိုင်းမှာပင် မိမိ လမ်းစဉ်အတိုင်း ဆက်လက် လုပ်ကိုင် ဆောင်ရွက်ခဲ့ပြီး လူမသိသော သန်းကြွယ်သူဌေးအဖြစ် နေထိုင်ခဲ့သော ဘလိုဂီသည် လူမသိ



သူမသိ နေထိုင်နိုင်စေရေးနှင့် လုပ်ငန်း အခက်အခဲ အနှောင့်အယှက် မရှိစေရေးတို့အတွက် နိုင်ငံရေးသမား အချို့နှင့် ဥပဒေ ပညာရှင်များကို လုံလောက်စွာ ငှားရမ်းထားသူလည်း ဖြစ်သည်။ အချို့ ကိစ္စရပ်များတွင် လူဆိုးဂိုဏ်း အချို့က ဘလိုဂီ၏ သီးသန့်ကျွမ်းကျင်မှု အတတ်ပညာရပ်များအတွက် ကြေးကြီးပေး၍ သုံးစွဲကြရသည့်တိုင်အောင် သူသည် လူဆိုး ဂိုဏ်းများနှင့် လွတ်ကင်းအောင် နေထိုင်သူ ဖြစ်သည်။ အလွန် ကြမ်းတမ်းသော လူဆိုးဂိုဏ်းများသည်ပင်လျှင် ဖက်ဆိုဘလိုဂီနှင့် အတိုက်အခံ ပြုလုပ်ရန် ဝန်လေးတတ်ကြသည်။

လှေကားထိပ်တွင် အခန်းကလေး တစ်ခန်းရှိသည်။ ဆံပင် နက်နက်နှင့် ရွှေရင် ထွားထွား မေရှိသည် စားပွဲနောက်မှ ထ၍ နှုတ်ဆက်လိုက်လေ၏။

'လူးက ရှင့်ကို အထဲ တန်းဝင်ခဲ့ပါလို့ ပြောပါတယ်'

လူးဘလိုဂီသည် စားပွဲနောက်ရှိ အလွန် ကြီးမားသော ကုလားထိုင် ပေါ်၌ ထိုင်နေသည်။ သူသည် ဒေါ်လာ တစ်သိန်း အကုန်အကျ ခံ၍ မျက်နှာကို ခွဲစိတ်ကုသထားရသူ ဖြစ်သည်။ မိုင်းဗုံး ထိမှန်ခံရသောကြောင့် ဒဏ်ရာ ရသွားသော မျက် နှာ ကို တပ်မတော် ဆရာဝန်များက ကုသပေးခဲ့သော်လည်း အဆင်မပြေသောကြောင့် ထပ်မံ၍ ခွဲစိတ်ကုသခဲ့ရခြင်း ဖြစ်သည်။ သူ့ မျက်နှာသည် ရုပ်ရှင် မင်းသား ပေါလ်နယူးမင်းနှင့် အတော်ကလေး ဆင်တူသည်။

'အရက်သောက်မလား'

www.burmeseclassic.com

အလွန် ကြီးမားသော လက် ညှိုးကြီး က မမြင်ရသော ခလုတ်တစ်ခုကို နှိပ်လိုက်၏။ စားပွဲ နံဘေးရှိ နံရံထဲမှ ဘား ကောင် တာ တစ်ခု အပြင်ဘက်သို့ လည်ထွက်လာသည်။ ထို ဘား ကောင် တာ ပေါ်၌ တင်ထားသော ပုလင်းများမှာ တစ်ပုံစံတည်း ဖြစ်နေကြသည့်အပြင် အားလုံးကို အရောင် မရှိသော အရည်နှင့် ဖြည့် ထား သည်။ ဘလိုဂီ၏ ရုံးခန်းသို့မဟုတ် အိပ်ခန်းထဲ၌သာ ညှော်ခံသော ဘလိုဂီ၏ အရက်သည် ဒီဂရီ ၁၆၀ ရှိသော အလွန်ပြင်းသည့် အရက် ဖြစ်သည်။ သူ တိုက်သော အရက်ကို သောက်မည်ဆိုပါက ရေမရောဘဲ တစ်ချီတည်းနှင့် အပြီး မော့သောက်ရမည် ဖြစ်ပါ၏။

'ရပါတယ် ဖက်ဆို၊ ခုလို မနက် စောစောစီးစီး ကျုပ်ဝမ်းဗိုက်ထဲမှာ အပေါက်တွေ ဖြစ်ကုန်အောင် ဖောက်ရတာလောက် ပိုကြိုက်တဲ့အလုပ် မရှိတော့ပါဘူး'

'အဲဒီလောက်အထိ မစောတော့ပါဘူး စတီဖင်၊ ဆယ်နာရီခွဲ ကျော်ပါပြီ၊ မင်း အ တွက် မျက်စိဖွင့်ပေးဖို့ လိုအပ်လာပြီလေ'

ဘလိုဂီ သတ်မှတ်ထားသော ယဉ်ကျေးမှုအရ ဖန်ခွက်သည် နှုတ်ခမ်းနှင့် ထိမိသည်နှင့် တစ်ပြိုင်နက် ဖန်ခွက်ထဲမှ ယမကာများ မကုန်မချင်း နှုတ်ခမ်းနှင့် ပြန်မခွာရတော့ပါ။ ဘလိုဂီက တစ်ကျိုက်တည်းနှင့် ကုန်အောင် သောက်သည်။ စတိဗ်က နှစ်ခါသောက်ရပြီး မျက်တောင်တဖျတ်ဖျတ် ခတ်လိုက်၏။



'ဟုတ်တယ်၊ မျက်စိကို ကျယ်သွားတာပဲ'

'နောက်ထပ် ယူဦးမလား'

'တော်ပါပြီ'

'အရင် တစ်ခေါက် မင်း လာတုန်းက ပုလင်းတစ်ဝက်လောက် ကုန်အောင် သောက် နိုင် သား ပဲ၊ မင်းဟာက အာလ်ဆာ ရောဂါလား'

'ခေါင်းကိုက်လို့ဗျ၊ ခင်ဗျားရဲ့ ရုံး ခန်း ထဲ မှာ ကျုပ်က ဦးနှောက် ကြည်ကြည်လင်လင်ရှိဖို့ လိုတယ်၊ ကျုပ်က ခင်ဗျားရဲ့ အမှုသည်ဗျ'

'အမှုသည် ဟုတ်လား၊ မင်းအတွက် မျက်နှာသာပေးစရာ အလုပ်တစ်ခု ရှိ နေ သ လား၊ ပြောစမ်းပါကွာ၊ အမှုသည် ဆိုတာကို ဘေးချိတ်ထားလိုက်စမ်းပါ'

'အဲဒါမျိုးထက် အများကြီး ကွာခြားတယ်ဗျ၊ ကျုပ်က ခင်ဗျားလို လူစားမျိုး တစ်ရာထိတိ လိုချင်တယ်'

'ဘာကိစ္စ အတွက်လဲ'

'သူတို့ လုပ်တတ် ကိုင်တတ် တဲ့ ကိစ္စ အ တွက်ကြောင့်ပဲပေါ့'

'ဘုရားသခင် ကယ်တော်မူပါ။ မင်းက စစ်ပွဲတစ်ပွဲ သွားတိုက်မှာ ကျနေတာပဲ'

'ခင်ဗျား သိပ်တော်တယ်၊ ဒက်ထိကို မှန်နေတာပဲ'

ပက် ဂျက် က ဆလင်း စီးကရက် နှစ်လိပ်ကို နှိုက်ယူလိုက်ပြီးနောက် တစ်လိပ်ကို ပစ် ပေး လိုက်သည်။ သူတို့ မီးညှိလိုက်ကြ၏။

ဘလိုဂီက ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

'ကဲ ရွှတ်နောက်နောက် လုပ်နေတာ မဟုတ်ဘူး ဆိုရင် အစက စပြောကွာ'

စတိဗ်သည်အတက်ချိကေ့စ်ကို ဖွင့်လိုက်ပြီးနောက် ဒေါ်လာ တစ်ရာတန် ငွေစက္ကူထုပ်များကို စားပွဲပေါ်သို့ တင်လိုက်သည်။

'ကျုပ်က ရယ်စရာ ပြောနေတာ မဟုတ် ဘူး ဆိုတာ အာမခံတဲ့ အနေနဲ့ မဟာဒီမှာ ဒေါ်လာ နှစ်သိန်း၊ လိုအပ်လာတဲ့ အခါကျရင် ထပ်ပေးဦး မယ်'

ဘလိုဂီက ငွေစက္ကူများကို လှမ်းကြည့်လိုက်၏။

'အိုကေ၊ ကျုပ် ယုံကြည်သွားပါပြီ၊ ကဲ ဆက် လင်းစမ်းပါဦး'

ပက်ဂျက်က ဆက် ပြော ပြီး နောက် မေး ခွန်း များကို ပြန်ဖြေနေရသည်မှာ တစ်နာရီ ကျော်ကျော် ကြာမြင့်သွားသည်။ ထိုအတောအတွင်း ပက်ဂျက်နှင့် လူးဘလိုဂီတို့သည် စီးကရက်ကို တစ်လိပ်ပြီးတစ်လိပ် သောက်ခဲ့ကြပြီး ယမကာ နှစ်ခွက်စီ ထပ်သောက်ခဲ့ ကြသည်။

'လုပ်နိုင်တယ်၊ လုပ်မယ်'

နောက်ဆုံးတွင် ဘလိုဂီက ပြောလိုက်၏။

'ဒီလို အပယ်ခံ လူ စား တွေ ဘယ်မှာ ရှိတယ် ဆိုတာ ကျုပ် သိ တယ်၊ အခု လို ပေးတဲ့ အခွင့် အရေးကို အလု အ ယက် ယူမယ့် ပုဂ္ဂိုလ် တစ်ရာ ရအောင် ရှာဖို့ မခဲယဉ်းပါဘူး၊ တကယ်လို့ မင်းက အမှန်အတိုင်း ပြောခဲ့ရင်ပေါ့လေ၊ ဒါမှ မဟုတ်ရင် တော့ သူတို့က ပို စိတ်ဓာတ် ကျဆင်းပြီး မဆိုင်တဲ့



လူတွေကို လိုက်ရှင်းကြလိမ့်မယ်၊ အရှင်း ခံ ရမယ့် လူစာရင်းရဲ့ ထိပ်ဆုံးမှာ မင်းက စပါလိမ့်မယ်'

'နားလည် နိုင်ပါတယ်၊ နားလည်ပါတယ်ဗျာ'

ဂက်ဂျက်က ငွေစက္ကူများကို လှမ်းကြည့်လိုက်၏။

'အဲဒါက ခင်ဗျား အတွက် ဆောင် ရွက် ခ နဲ့ ကုန်ကျစရိတ်တွေကို ကာမိပါ့မလား'

'ပိုပါတယ်ကွာ'

လူးဘလိုဂီက ယမကာ ပုလင်းဆီသို့ လက်လှမ်း လိုက်ရာ စ တိဗ် က ခေါင်းခါ ပြလိုက်သဖြင့် သူ့ အတွက် တစ်ခွက် ထပ်ငှဲ့လိုက်လေ၏။

'ဒါပေမယ့် ပြောစရာ ရှိသေးတယ်၊ မင်းအတွက် ကျုပ် စုဆောင်းပေးတဲ့ လူတွေနဲ့ ပတ် သက် ပြီး ကျုပ်မှာ တာ ဝန် ရှိတယ် လို့ ကျုပ်က သဘော ထားရလိမ့်မယ်'

'သဘာဝ ကျပါတယ်'

'ကျုပ်တို့က စာနဲ့ပေနဲ့ မှတ်တမ်း တင်နိုင်ကြမှာ မဟုတ်တဲ့ အတွက် သူ တို့ ရမယ့် ကိစ္စကို နောက် တစ်ကြိမ် ထပ်ပြောပါဦး'

'တစ်လကို သို့မဟုတ် တစ်လရဲ့ အစိတ်အပိုင်း အတွက် ဒေါ်လာ ငါးထောင် ပေးမယ်၊ ပြီးတော့ ကျုပ်တို့ကသာ အနိုင်ရကြမယ်ဆိုရင် ဆုကြေးအဖြစ် ဒေါ်လာ နှစ်သောင်း ထပ်ပေးမယ်၊ ငွေ သား နဲ့ ဖြစ်စေ ဒါမှမဟုတ် ပြည်ပက ဘဏ်မှာ ပေးသွင်း၍ ဖြစ်စေ ကြိုက်ရာ စနစ်ကို စီစဉ်ပေးမယ်၊ နောက် ပိုင်းမှာ သင့်တင့်လျောက်ပတ်တဲ့ အရပ်သား ရာထူး တစ်ခုမှာလဲ ခန့်ပေးဦးမယ်'



www.burmeseclassic.com

www.burmeseclassic.com

'သင့်တင့်လျောက်ပတ်မှု ရှိတယ်မရှိဘူးဆိုတာကို ဘယ်သူက ဆုံးဖြတ်မှာလဲ'

'သူတို့ကပဲ ဆုံးဖြတ် ရလိမ့်မယ်၊ အငြင်းအခုံ ဖြစ်လာပြီဆိုရင်တော့ နောက်ဆုံး ဖျန်ဖြေပေးရမယ့် ပုဂ္ဂိုလ်က ခင်ဗျားပဲ'

'ဒဏ်ရာရသွားရင် ဒါမှ မဟုတ် အဲ ဒါ ထက် ပိုဆိုးရွားတဲ့ လူအတွက် ဆိုရင်ကော'

'သေသွားတဲ့ ပုဂ္ဂိုလ် တစ်ယောက်အတွက် သူက အမွေပေးဖို့ သတ် မှတ် ပေး ခဲ့ တဲ့ လူကို ဒေါ်လာ တစ်သိန်း ငွေသားနဲ့ ပေးမယ်၊ ဒဏ်ရာရတဲ့လူအတွက် အကောင်းဆုံးနဲ့ ရက် အကန့် အသတ် မရှိ ဆေးရုံ တင်ပြီး ကုသပေးမယ်၊ ပြီး တော့ လဲ သာ မန် ရထိုက်တဲ့ ပင်စင်ထက် နှစ်ဆပေးမယ်'

'ရက်ရော လှပါပေတယ်၊ သဒ္ဓါတရား များပြား လှပါပေတယ်၊ ဒါပေမယ့် အဲ ဒါ တွေ အ တွက် ငွေတွေကို ဘယ်သူက ပေးမှာလဲ၊ အဲဒီမှာ ငွေ တွေ ရှိနေတယ်ဆိုတာ ကျုပ်က ဘယ်လို လုပ်ပြီး သိနိုင် မှာလဲ'

'ရှေ့ အပတ်ထဲ ကျရင် ဆွစ်ဇာလန် နိုင်ငံ က ဘဏ်မှာ ဒေါ်လာ ငွေ ဆယ်သန်းကို စာရင်း ဖွင့် ထားလိုက်ပါ့မယ်'

'နား ထောင် လို့ တော့ ကောင်း သား ပဲ၊ သိပ် ကောင်းလွန်းနေတယ်၊ အဲဒါကို ဘယ်သူက ကိုင်တွယ် သုံးမှာလဲ'

'ခင်ဗျားကို အကုန် လွှဲ အပ် ထားမယ် ဖက်ဆို ကြိုက်သလို ဆောင်ရွက်နိုင်တယ်'



ဘာလိုဂီက လေချွန်လိုက်၏။

'တကယ်လို့ ကျုပ်က အဲဒီ ငွေ တွေ ကို ယူပြီး ထွက်ပြေးမယ် ဆိုရင်ကော'

'ခင်ဗျား မပြေးပါဘူး၊ အဲဒီ ငွေတွေကို အလွဲ သုံးစား လုပ်ရင် ကျုပ်က လိမ်ပြောတယ်လို့ ထင်တဲ့ အခါမှာ ကျုပ်ကိုလုပ်မယ့် ပုံစံအတိုင်း ခင်ဗျားကိုလဲ သူတို့က မြေအဆုံး မိုးအဆုံး လိုက်ရှာ ကြလိမ့်မယ်'

'မှန်တယ်၊ လူ တစ်ယောက်ကို ရိုး သား အောင် လုပ်တဲ့နေရာမှာ ကြောက်စိတ်ဟာ အကောင်းဆုံးပဲ၊ ကျုပ်တို့ သဘောတူညီကြပါပြီလေ'

'မပြီး သေးဘူး၊ ကျုပ် က ကံ ကောင်း လို့ မေ့တော့မလို့'

ပက်ဂျက် မမေ့ပါ။ ထိုစကားကို အ ချိန် ပေါ် သတာလေ့ဝင်းရန် တမင် ချန်ထားခဲ့ခြင်း ဖြစ်ပါ၏။

'ခပ်မြန်မြန်နဲ့ သွက်သွက်လက်လက် လုပ်ပေးပြီး ကျုပ်တို့ ဘက်ကသာ နိုင်သွားမယ် ဆိုရင် ခင်ဗျား အတွက် ဆုကြေးက ဒေါ်လာ တစ်သန်း တိတိပဲ'

ဒေါ်လာ တစ်သိန်း အကုန်အကျခံ၍ ပြုပြင် ထားရသော မျက်နှာ ပေါ်တွင် အမူအရာ မျိုးစုံ ဖြစ်ပေါ်လာသည်။

'နောက်တစ်ကြိမ် ထပ်ပြောစမ်းပါဦး'

'ကျုပ်တို့က သူတို့ကို နိုင်မယ်ဆိုရင် ခင်ဗျား ဒေါ်လာတစ်သန်းတိတိ ရမယ်'

'အဲဒီလို ငွေ မျိုးနဲ့ ဆို ရင် ကျုပ်တို့ဘက် က နိုင်အောင် ကျုပ်ကိုယ်တိုင် လိုက်လာရလိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com

ထိုစကားကို သူ ပြောလိမ့်မည်ဟု ပက်ဂျက် မျှော်လင့်ထားသည်။ လူးဘလိုဂီသည် အမေရိကန် တပ်မတော်တွင် အတော်ဆုံး တပ်စိတ် ဆာဂျင် ဖြစ်သည်။ အရပ်သား တစ်ယောက် ဖြစ်လာချိန်တွင် သူသည် အခြား ပညာရပ်များကိုပါ တတ်မြောက် လာခဲ့သည်။ သူသည် အောင်မြင်အောင် ဆောင်ရွက် ပေးနိုင်မည့် အရေး ပါသော အချက် တစ်ချက် ဖြစ်နိုင်ပါ၏။

'ခင်ဗျားကို လှိုက်လှိုက်လှဲလှဲ ကြို ဆိုပါတယ်ဗျာ၊ ဒါပေမယ့် စဉ်းစားတော့ စဉ်းစားပါဦး၊ ခင်ဗျားက ဇိမ်နဲ့ နေတဲ့အတွက် နည်းနည်းတော့ သံချေးတက် နေလိမ့်မယ် ထင်တယ်'

'အဲဒီလို သံချေးတက်တဲ့ နေ့ကို ရောက် ပြီ တဲ့ လား'

ပေါလ်နယူမင်၏ မျက်နှာက စတိဗ်အား သနား သည့် ပုံစံနှင့် ကြည့်လိုက်၏။

'ဟို ခုတင် ခေါင်းရင်းဘက်က နတ်ရုပ်ကလေးကို မင်း တွေ့သလား'

စတိဗ်က သူတို့နှင့် ပေ နှစ် ဆယ် ကျော် ကျော် ကွာဝေးသော နေရာမှ ခု တင် ကို လှမ်း ကြည့် လိုက်၏။ ခုတင် ခေါင်းရင်း နှစ် ဖက် တွင် မီးလုံး တင်ထွန်းသော နတ်ရုပ်ကလေး တစ်ရုပ်စီ ရှိနေကြ သည်။ ထိုနတ်ရုပ်၏ အောက်ဘက်တွင် မီး လုံးကို ပိတ်ဖွင့်သော ခလုတ်ကလေး ရှိနေသည်။

'အင်း၊ ကျုပ်တွေ့ပြီ'

'ထိပ်ဖျား ကလေးကိုသာ မှန်အောင် ပစ်ပြမယ်'



ဘလို ဂီသည် လက် ထဲ တွင် ကိုင် ထား သော ဖန် ခွက် ကို စားပွဲ ပေါ်တွင် ချလိုက်ပြီး နောက် အံဆွဲကို ဆွဲဖွင့်ပြီး လက်နှိုက်လိုက်သည်တွင် အသံတိတ် ကရိ ယာတပ် ဆင် ထား သော ၇.၆၅ မီလီမီတာ ဘာရက်တာ ပစ္စတို သေနတ် ပေါ်ထွက်လာသည်။ သူက ထို သေနတ်နှင့် ထိုးချိန်လိုက်သည်တွင် လက် ဖြောက်တီးသည့် အသံမျိုး ထွက် ပေါ် လာ သည်။ သူက ဘာရက်တာကို အံဆွဲထဲသို့ ပြန်ထည့်လိုက်ပြီး နောက် အံဆွဲကို ပြန်ပိတ်လိုက်၏။,

'အဲဒီ ခလုတ် ကလေး ကို စစ်ဆေး ကြည့်ပါဦး စတီဖင်'

သူ ပြောသည့်အတိုင်း ခလုတ်ကလေး၏ ထိပ်ဖျား ကလေးကိုသာ ထိမှန် သွားသော ကျည် ဆန် သည် နံရံထဲတွင် စိုက်ဝင်နေသည်။

လူးဝစ်ဖက်ဆိုသည် ဇိမ်နှင့် နေ ရ သော ကြောင့် သံချေး တက်သွားခြင်း မရှိပါ။

'မင်း ကိုယ်တိုင်လဲ မင်း လောက်နီးပါး တော်ခဲ့ တာပဲ၊ အခုကော တော်တုန်းပဲလား'

ပက်ဂျက်က ပြန်ဖြေလိုက်၏။

'အဲဒီလောက် နီးပါး တော်တုန်းပါပဲ'

ရှေး ဖြစ် ဟောင်း ကို ခေတ္တမျှ ပြန် ပြောင်း ၍ တွေး လိုက် မိ သော ဘလို ဂီက ဆိုင်းမဆင့် ဗုံမပါ ပြောချလိုက်သည်။

'ချီးမှုပဲ စတိဗ်ရာ၊ ဟို တုန်းကလို နေမှာပဲကွ'

'ဟို တုန်း က' ဆို သည် မှာ မည် သို့ မည် ပုံ ဖြစ်ကြောင်း ပြန်ပြောင်း၍ တွေး လိုက် မိကြ သော

www.burmeseclassic.com

ကြောင့် တစ်ယောက်ကို တစ် ယောက် က ကြောင် စီစီနှင့် ကြည့် နေမိကြ ရင်း အတန်ငယ်ကြာအောင် ငြိမ်သက်သွားကြသည်။

တစ် မိ နစ် ခန့် ကြာ မှ လူးဝစ်ဘလိုဂီ က တိတ်ဆိတ်မှုကို ဖြိုခွင်းလိုက်လေ၏။

'ကောင်းပြီ စတိဗ်ရေ၊ ကျုပ်တို့ သဘောတူလိုက်ကြပြီ၊ အဲဒီကိစ္စကို ယမကာ ကလေးနဲ့ အတည်ပြုလိုက်ကြစို့လား'

'ဟုတ်တယ်ဗျို၊ ကျုပ်လဲ တစ် ခွက် လောက် သောက်ချင်နေတယ်'

ပက်ဂျက်၏ ကျောပြင်ပေါ်မှ အနာရွတ်များက ဖြူနီး ခ နဲ နာ ကျင် ကိုက် ခဲ လာ သော ကြောင့် ပက်ဂျက်က ပြန်ပြောလိုက်ခြင်း ဖြစ်သည်။

လူးဘလိုဂီက ဖန်ခွက်များထဲသို့ အရက် ထပ်ဖြည့်နေလေပြီ။ ပြန်လည် နိုးကြွလာသော အတိတ်ကားချပ်များကြောင့် သူတို့ နှစ် ယောက် စ လုံး ကမန်းကတန်း အရက် တစ်ခွက်စီသောက်ရန် လိုအပ်လာခြင်း ဖြစ်သည်။

စိတ်ရွ စိတ်ကျ စိတ် လွတ်ရောဂါ၏ စိတ် အနေအထား ပြောင်းလဲသွားမှုကို ဇီဝ နာရီက ထိန်းချုပ်ကွပ်ကဲထားသည်။ ထို ဇီဝ နာရီ မည် သို့ မည် ပုံ အလုပ် လုပ်သည် ဆိုသော ကိစ္စမှာ ဆေး ပ ညာ လောကတွင် နားလည်ရန် ခက် ခဲ သော လျှို့ဝှက်



နက်နဲမှု တစ်ရပ်အဖြစ် ဆက်လက် တည်ရှိနေဆဲပင်။ စိတ်ရွ စိတ်ကျ စိတ်အနေအထား တစ်ပတ် လည်မှုသည် ပုံမှန် အ နေ အ ထား မျိုး၊ ဥပမာ နှစ်ဆယ့်လေးနာရီ ကြာတိုင်း ပြောင်း လဲ သွား ခြင်း မျိုး၊ ပထမ နှစ် ဆယ့် လေး နာ ရီ တွင် အ လွန် အ ကျူး စိတ်ကြွနေပြီး နောက် နေ့ တွင် နှစ်ဆယ့် လေးနာရီ လုံးလုံး စိတ်ဓာတ် ကျဆင်း နေခြင်းမျိုး၊ သို့တည်း မဟုတ် လုံးဝ ကြိုတင် မျှော်မှန်း၍ မရဘဲ ဖြစ်ချင်သလို ဖြစ် တတ် ခြင်း မျိုး လည်း ရှိတတ် ပါ သည်။ စိတ်ကြွမှု သို့ မ ဟုတ် စိတ် ကျ မှု ဖြစ် နေ ရာ မှ ပြောင်း လဲ တော့ မည့် အရိပ် လက္ခဏာ များသည် အချိန်မရွေး အလို အလျောက် ဖြစ်ပေါ်လာတတ်ပေသည်။ အ ချို့ သော ကိစ္စ ရပ်များတွင် အခြေအနေ တစ်ခုမှ တစ်ခုသို့ ပြောင်း လဲ သွား မှု သည် ဖြည်းဖြည်းချင်း ဖြစ် တတ် သော်လည်း အချို့ သော ကိစ္စ ရပ် များ တွင် မူ ဖြုန်းခနဲ ဒိုင်းခနဲ ဖြစ်တတ်ပေသည်။ စိတ်ကျမှုကို 'ဖြေ' ပေးသော ဆေးဝါးများကို ခပ်များများ တိုက်ကျွေးမှုက အချို့ သော လူနာ များအား စိတ်ဓာတ် ကျဆင်းနေသည့် အနေအထားမှ စိတ်ဓာတ် အလွန် တက်ကြွသော အနေအထားသို့ ကြိုတင်၍ အ သိ မ ပေး ဘဲ ဝုန်းခနဲ ရောက်ရှိသွားအောင် တွန်းပို့ တတ်ပေသည်။

ချားလ်စ်ကင်းဖီး သည်လည်း နံနက် ၁၁ နာရီ တိုင်ခင် ထို ကဲ့ သို့ ဖြစ် သွား ခဲ့ သည်။ ထို ကဲ့သို့ ရုတ်တရက် ပြောင်း လဲ လာ မှု ကို အယ်လ် ဆန် တာရိတ်၌၊ မက်သယူးစတ်သ်၊ ကင်းဖီးလ်ကို ပြုစု

www.burmeseclassic.com

နေသော သူနာပြု ဆရာမများနှင့် ကင်းဖီးလ်၏ အိမ်ဖော်များသည် ကံကောင်း ထောက်မသော ကြောင့် မီမီတို့ချည်း ရင်မဆိုင်ခဲ့ကြရပါ။ စိတ်အနေအထား ပြောင်းလဲသွားအောင် ဆေးထိုးပေး နေသော ဆရာဝန်သည် စိတ်ဓာတ် အမြင့်ဆုံး အချိန်သို့ ကင်းဖီးလ် ပြန်လည် ရောက်လာပြီး အော်ဟစ် ပြောဆို လိုက်ချိန်၌ အိပ်ရာ နံဘေးတွင် ရှိနေခဲ့လေသည်။

'ငါ့ဆီကို တယ်လီဖုန်းတစ်လုံး ယူခဲ့စမ်း ဝတ်သ်၊ ရေချိုးဖို့လဲ အဆင်သင့် ပြင်လိုက်တော့'

ထို့နောက် အယ်လီဆန်အား မြင်သွားလေရာ မျက်တောင် တဖျတ်ဖျတ် ခတ်လိုက်ပြီး အသံကို ပို့မြှင့်၍ မေးလိုက်လေ၏။

'မင်းက ဒီမှာ ဘာလာလုပ်နေတာလဲ အယ်လီဆန်'

ဝမ်းသာသွားသော ဆရာဝန်က လျင်မြန်စွာ လှုပ်ရှားဆောင်ရွက်လိုက်သည်။ သူက ကင်းဖီးလ်၏ လက်ကို အိပ်ဆေး ထိုးပေးလိုက်သည်။ သန်းကြွယ် သူဌေးကြီး ကင်းဖီးလ်သည် အချိန်အနည်းငယ် အတွင်းမှာပင် ပြန်လည် အိပ်ပျော်သွားတော့သည်။

'လိုအပ်လို့ လုပ်လိုက်ရတာဗျ'

ဆရာဝန်က အယ်လီဆန်နှင့် ဝတ်သ် တို့အား ရှင်းပြလိုက်သည်။

'အဲဒီ အိပ်ဆေးက သူ့ကို နှစ်နာရီ သုံးနာရီ လောက်ပဲ အိပ်ပျော်သွားစေမှာပါ၊ ဒါပေမယ့် သူ့ကိုတည်ငြိမ်လာအောင်တော့ လုပ်ပေးပါလိမ့်မယ်'



သူက ကင်းဖီးလ်သည် ဟယ်မီလ်တန်၏ စိတ်ရှု စိတ်ကျ စိတ် အနေအထား စံနှုန်း ၉ ယားတွင် အဆင့် ၇၀ တစ်ဝိုက်၌ ရှိနေကြောင်း ခန့်မှန်း လိုက်သည်။

'သူဟာ အလွန်အကျွံ စိတ်ဓာတ် တက်ကြွနေတဲ့ အဆင့်မှာ ရှိနေတယ်၊ တကယ်လို့ သူဟာ ဆေးရုံ ပေါ်မှာသာ ရှိနေမယ် ဆိုရင် သူ့ဘာသာ သူ လက်မှတ်ထိုးပြီး ဆေးရုံပေါ်က ဆင်းမယ် လို့ အတင်းအကျပ် ပြောလိမ့်မယ်၊ သူ အိပ်ပျော် မှာ မဟုတ်ဘူး၊ အသေးအဖွဲ ကိစ္စကလေးတွေမှာ သူနဲ့ သဘောထား ကွဲလွဲတဲ့ လူတွေကို သူက ရန်မူလိမ့် မယ်၊ သူ့ကိုယ်သူ ထိန်းနိုင် သိမ်းနိုင်စွမ်း ရှိမှာ မဟုတ်ဘူး၊ ကံကောင်းရင်တော့ သူက အဆင့် ၇၀ ကို တဖြည်းဖြည်း ကျဆင်းလာလိမ့်မယ်'

သူက ဟယ်မီလ်တန်၏ စိတ်အနေအထား စံနှုန်း ၉ယားတွင် အဆင့် ၇၀ တစ်ဝိုက်၌ ရှိနေသူများ၏ ထူးခြားချက်များကို နှုတ်တိုက် ရွတ်ပြလိုက်သည်။

'အသင့်အတင့် စိတ်ဓာတ် တက်ကြွမှု ရှိမည်၊ အလုပ်ကို သာမန်ထက် ပို၍ လုပ်ကိုင်မည်၊ စကား အလွန် ပြောမည်၊ စိတ်တိုလွယ်မည်၊ စိတ်ဆိုးလွယ် မည်၊ နေ့စဉ် လေးနာရီမှ ခြောက်နာရီ အထိသာ အိပ်စက်မည်၊ လူလူချင်း ပေါင်းသင်းဆက်ဆံရန် မလွယ်၊ အထက်စီးကသာ နေလိုစိတ် ရှိမည်'

နောက်ဆုံး ဝါကျက အယ်လီဆန်အား ရယ်ချင် စိတ် ဖြစ်ပေါ်လာစေခဲ့ပါ၏။ စီဂျေသည် အချိန်



www.burmeseclassic.com

www.burmeseclassic.com

အခါမရွေး အထက်စီးကသာ နေလိုသူ၊ အရာရာတွင် ပိုင်ဆိုင်လိုသူ ဖြစ်သည်၊ သို့ တိုင်အောင် အယ်လီဆန်က မျက်နှာပိုး သတ်လိုက်ပြီး မေးလိုက်ပြန်၏။

'အဲဒီထက် နိမ့်တဲ့ အဆင့်က ဘယ်လိုလဲ'

'ခြောက်ဆယ်၊ အနည်းငယ်မျှသာ စိတ်ဓာတ်တက်ကြွမှု ရှိသည်၊ ပရိဂျက် အသစ်အဆန်း များနှင့် စိတ်ကူး စိတ်သန်း အသစ်အဆန်းများ ရှိနေမည်၊ တစ်ခါတစ်ရံတွင် အနည်းငယ် ကိုးလိုးကန့် လန့် လုပ်တတ်သည်၊ အာရုံ ခံစားမှု စူးရှမည်၊ မမောနိုင် မပန်းနိုင်အောင် အားအင် ပြည့်ဖြိုးမည်၊ လိင်စိတ် ပိုမို များပြားလာမည်'

ဆရာဝန်က မွန်းလွဲ တစ်နာရီတွင် သူ ပြန်လာခဲ့မည်ဟု ကတိပေးပြီး ကင်းဖီးလ် ဂေဟာမှ ပြန်လည်ထွက်ခွာသွားတော့သည်။

သူတို့ နှစ်ယောက်တည်း ကျန်ရစ်ခဲ့သည့် အခါ ဝတ်သ်က အယ်လီဆန်အား ထပ်မံ၍ သတိပေးလိုက်ပြန်၏။

'ဘယ်လိုပဲ ဖြစ်ဖြစ် အိပ်ခန်းချင်း ဆက်နေတဲ့ အိပ်ခန်းထဲမှာ ခင်ဗျား အိပ်ခဲ့တယ်လို့ မပြောလိုက်ပါနဲ့နော်၊ အဲဒါကို သူ သိသွားရင် မစ္စတာ ကင်းဖီးလ်က ဘယ်လို တုံ့ပြန်မယ် ဆိုတာ ကျုပ် မတွေးရဲအောင်ပဲ'

'ကျွန်မ ပစ္စည်း တချို့ အဲဒီမှာ ကျန်ရစ်ခဲ့တယ်'

'အဲဒါတွေကို ဧည့်သည်တွေ အတွက် သီးသန့်ထားတဲ့ အိပ်ခန်း တစ်ခန်းထဲကို ရွှေ့ထားလိုက်ပါပြီ'



'အဲဒီကိစ္စကို ကျွန်မ မသိသင့်ဘူးလား'

'ခင်ဗျား မသိသင့်ပါဘူး၊ ဘယ်သူမှ မသိသင့်ပါဘူး'

ဆရာဝန် ပြန်လာသည်အထိ နှစ်နာရီခန့် စောင့်ဆိုင်းနေရမည် ဖြစ်သဖြင့် အယ်လီဆန်သည် စီဂျေ၏ စာကြည့်ခန်းထဲမှ တယ်လီဖုန်းကို အသုံးပြု၍ ဂါဒူးမြို့တော်ရှိ လောရင့်ဟော့ပါးထံ တယ်လီဖုန်းဆက်လိုက်သည်။ မဝမ်ဒီမှ ပေးပို့သော သတင်းများ၏ နောက်ကွယ်မှ ဖြစ်ရပ်အမှန်ကို မသိရှာသေးသော အယ်လီဆန်က ဘိုဆိုတန် စစ်တပ်များက နယ်စပ်ကို ကျော်ဖြတ်၍ နောက်တစ်ကြိမ် လာရောက်တိုက်ခိုက်မည်ကို စိုးရိမ်မိကြောင်း ပြောလိုက်သည်။

ဟော့ပါးက နှစ်သိမ့်လိုက်၏။

'အဲဒီ ကိစ္စအတွက်တော့ စိတ်ချရပါတယ်၊ ကျုပ်ဆီမှာ အင်မတန် စိတ်ချရတဲ့ သတင်းတွေကို ပေးမယ့် ထောက်လှမ်းရေးသမားတွေ ရှိပါတယ်၊ လာမယ့် ကာလအတွင်းမှာ နောက်ထပ် လှုပ်ရှားလာစရာ မရှိပါဘူး'

'စာနယ်ဇင်း ဆရာတွေကတော့ ဟင်နရီဂါဒူးကို သိပ်အသားပေးနေကြတယ် လာရီ၊ ငြိမ်းချမ်းရေးနဲ့ သာယာဝပြောရေး ဆိုတဲ့ သူ့ မိန့်ခွန်းကလေးက အံ့သြစရာ ကောင်းလောက်အောင် ကောင်းနေတယ်၊ သူ့ကိုယ်သူ ထိန်းနိုင်ပါ့မလား'

'အဲ....အဲဒီ မိန့်ခွန်းကို ကျုပ် ရေးပေးတာပါ၊ ကျုပ်က သူ့ကို ထိန်းထားပါ့မယ်၊ ကျုပ်တို့ ရဲ့

www.burmeseclassic.com

လေတပ် ဗိုလ်ချုပ်ကြီး ကိုတော့ ကျုပ် ထိန်းလို့ ရမယ် မထင်ဘူး’

အယ်လီဆန် မျက်မှောင် ကုတ်လိုက်သည်။

‘ဒီဘရီးစ်က ဘာတွေ လုပ်နေလို့လဲ’

‘ခု အထိတော့ ဘာမှ မလုပ်သေးပါဘူး’

‘ဒါဖြင့်ရင် ဘာဖြစ်လို့ စိတ်ပူ နေရတာလဲ’

သူ အဘယ်ကြောင့် စိတ်ပူမိသည် ဆိုသော ကိစ္စကို လောရင့် ဟော့ပါးက ရှင်းပြ လိုက်သည်။ လာဖ်တန် အေတူး ဗင်ဒီကေတာ လေယာဉ်ပျံ နှစ်စီး၊ ရှေ့ပြေး စက်ပြင်ဆရာ အဖွဲ့နှင့် ငှားရမ်းထားသော ကြေးစား လေယာဉ် မောင်းသမား အချို့သည် ထိုနေ့တွင် ဂါဒူး မြို့တော်သို့ ရောက်ရှိလာမည် ဖြစ်သည်။

‘ဒီဘရီးစ်နဲ့ သူ့ လေယာဉ် မောင်းသမားတွေ တစွတ်ထိုး လုပ်မယ့် ကိစ္စတွေကိုတော့ ကျုပ် တာဝန် မယူနိုင်ဘူး’

‘လာရီ၊ အဲဒီ လေယာဉ်ပျံတွေဟာ လေးငါး ခြောက်ရက် ကြာအောင် ပျံသန်းဖို့ အဆင်သင့် ဖြစ်ကြဦးမှာ မဟုတ်ဘူး၊ ပြီးတော့လဲ အဲဒီ လေယာဉ်ပျံတွေဟာ ဆယ့်နှစ်စီးထဲက နှစ်စီး တည်းပါ’

‘ခု လောလောဆယ် မှာတော့ ကျုပ်က ဒီမှာ ကြီးကြပ်ကွပ်ကဲနေပြီး တာဝန် ယူနေရတယ်’

ဟော့ပါး ပြောဆိုနေသော စကားများ၏ နောက်ကွယ်မှ ရည်ရွယ်ချက်မှာ အယ်လီဆန် မည်သည့် အချိန်တွင် ပြန်လာမည်ကို သိလိုခြင်း ဖြစ်ပြီး တိုက်ရိုက် မေးရမည်ကို တွန့်ဆုတ်နေကြောင်း သိလိုက်ရသည်။ ဟော့ပါးသည် ကြီးကြပ် ကွပ်ကဲသူ အနေနှင့် တာဝန် ယူရသည်ကို လိုလားကြောင်း၊ ထာဝရပင် ဆောင်ရွက် လိုသည့် ဆန္ဒရှိကြောင်း အယ်လီဆန် ရိပ်မိသည်။ သူ၏ နောက်ကွယ်တွင် မည်ကဲ့သို့သော ပုဂ္ဂလိက စီမံချက်များကို ရေးဆွဲ နေလိမ့်မည်နည်းဟု တွေးလိုက်မိသည်။ ဟော့ပါးသည် ရှေ့မှာ တစ်မျိုး၊ နောက်ကွယ်တွင် တစ်မျိုးနှင့် အမျိုးမျိုး မျက်နှာ များတတ်သော မရိုးသားသည့် လူဟု အတွင်းစိတ်က သတိပေး နှိုးဆော် လိုက်လေ၏။ အယ်လီဆန်က စီရင်သည် အအေး မိနေသည်ဆိုသော လုပ်ဇာတ် ကိုင်စွဲထား ရင်း ‘သတင်းဆိုး’ ကို ခပ်ဖြည်းဖြည်း ပြောပြလိုက်သည်။

‘ရယ်စရာတော့ အကောင်းသား ပဲ၊ ဒီ တနေ့ မနက်ကတွင် စီရင်က ခပ်ညှိုးညှိုး လူတွေသာ ဆိုရင် ဘယ်လိုမှ ခံနိုင်ရည် ရှိမှာမဟုတ်တဲ့ ဖိအား တွေ အောက်မှာ ရှင်က စွမ်းစွမ်းတမံ ဆောင်ရွက်နိုင် တယ်လို့ ပြောခဲ့သေးတယ်၊ သူ အိပ်ပျော်မသွားခင် ရှင့် အတွက် ဆုကြေး ခပ်များများ ပေးရဦးမယ် ဆိုတာကို လဲ ဗလုံးဗထွေး ပြောသွားသေးတယ်လို့ ထင်တာပဲ’

‘အား ဒါဆိုရင် သူ နေကောင်း လာပြီပေါ့၊ ဟုတ်လား’

ဟော့ပါး၏ လေသံ ပြောင်းလဲလာမှုက အယ်လီဆန်၏ သံသယကို အတည်ပြုပေးလိုက်သည်။ အယ်လီဆန်က ရယ်လိုက်၏။





www.burmeseclassic.com

www.burmeseclassic.com

'တော်တော်ကြီး နေကောင်းလာပါပြီ၊ သူ ၄၈ နာရီ အတွင်း နေကောင်း လာပါလိမ့်မယ်လို့ ဆရာဝန်တွေက ပြောတယ်၊ ကျွန်မလဲ အဲဒီကို ပြန်လာပြီး ရှင် တစ်ယောက်တည်း တာဝန် ယူနေရတဲ့ကိစ္စတွေကို ပေါ့သွားအောင် လုပ်ပေးပါ့မယ်'

'သိပ်ကို စိတ်သက်သာရာ ရသွားပြီဗျာ၊ ကျေးဇူးလဲ တင်ပါတယ်'

ဟော့ပါးက ကင်းဖီးလ် ပြန်လည်၍ နေကောင်းလာသည့် ကိစ္စ သို့မဟုတ် အယ်လီဆန် ပြန်လာမည့် ကိစ္စ၊ မည်သည့် ကိစ္စကို ဆိုလိုခြင်း ဖြစ်ကြောင်း ရှင်းမပြခဲ့ပါ။ သို့ရာတွင် အေးစက်စက် ဖြစ်နေသော လေသံက သူသည် စိတ်သက်သာရာ ရရှိခြင်းလည်း မရှိ၊ ကြားရသည့် အတွက် ကျေးဇူးလည်း မတင်ကြောင်း ဖော်ပြနေသည်။

'စီဂျေကို ကျုပ်က ခမတ္တာ ပို့ကြောင်း ပြောပြလိုက်ပါဗျာ'

'သူ နောက် တစ်ကြိမ် ထပ်နိုးတာနဲ့ ပြောပြလိုက်ပါ့မယ် လာရီ'

အယ်လီဆန်က အဆက်အသွယ် ဖြတ်လိုက်၏။ သတိပေးသော အချက်ပေး ခေါင်းလောင်းသံများကလည်း အယ်လီဆန်၏ ဦးခေါင်းထဲတွင် ဆူညံစွာ မြည်ဟည်း နေကြသည်။ လောရင့်ဟော့ပါးသည် တစ်ခုခုကို ကြံစည် နေလေပြီ။ ဘာများပါလိမ့်။ အယ်လီဆန်သည် ဒုက္ခ ဖြစ်နိုင်စရာ ရှိသော အဖြေပေါင်း တစ်ရာ့ တစ်မျိုး ခန့်ကို တွေးကြည့်နိုင်စွမ်း ရှိနေသည်။ စီဂျေသည် စိတ် အခြေအနေ



စိန္တနီး အဆင့် ၇၀ ၏ အောက်ဘက် သို့မဟုတ် အဆင့် ၆၀ တစ်ဝိုက်သို့ ရောက်ရှိလာချိန်တွင် အယ်လီဆန်သည် မဝမ်ဒီသို့ ပြန်နိုင်တော့မည် ဖြစ်ပါ၏။ အေးလေ၊ ထိုအချိန်၌ ဟော့ပါး၏ အကြံအစည်ကို သူ သိအောင် လုပ်ရပါလိမ့်မည်။

ဘုရားသခင် ကယ်တော်မူပါ။ စောင့်နေရမှုက ရှူးချင်စရာ ကောင်းပါလိမ့်မည်။

အယ်လီဆန်သည် စီဂျေ၏ စားပွဲနောက်ဘက်၌ ထိုင်ရင်း လောရင့်ဟော့ပါးနှင့် ပတ်သက်သော သံသယများကို ထပ် တွေးလိုက်မိပြန်၏။

ဟော့ပါးက ဟင်နရီဂါဒူးအား ထိန်းချုပ်နိုင်စွမ်း ရှိကြောင်းနှင့် သူ့တွင် အလွန် စိတ်ချရသော ထောက်လှမ်းရေး သမားများ ရှိသည်ဟု ပြောခဲ့သည့် ကိစ္စမှာ အံ့သွက် လျှာသွက် ဖြစ်လွန်းလှသည်။ ယခု ကိစ္စကို စဉ်းစား ကြည့်လိုက်သောအခါ ဘာဆိုတို နိုင်ငံထဲမှ ယုံကြည် စိတ်ချရသော သတင်းများအား မရရှိသည့် ကိစ္စသည် စီစီအိုင် ကမ်မ်ကို၏ အစီအစဉ်ကြီး တစ်ခုလုံး၌ ပျော့ကွက် ဟာကွက် ဖြစ်နေကြောင်း လက်ရှိ အနေအထားအရ သိလိုက်ရသည်။ သူနှင့် စီဂျေတို့က ထိုကိစ္စကို ကြိုတင်၍ တွေးမိပြီး အစီအစဉ်များ ပြုလုပ်ထားသင့်ပါသည်။

သို့ရာတွင် ဘာဆိုတိုက လက်ဦးမှုကို အရယူလိမ့်မည်။ ရန်မူ တိုက်ခိုက် လိမ့်မည်။ သူ့ အိမ်ခန်းထဲတွင် ဗုံးကို လာထားလိမ့်မည်ဟု မည်သူက တွေးမိပါမည်နည်း။



www.burmeseclassic.com

www.burmeseclassic.com

လောရင့်ဟော့ပါး ကိုသာ အပြစ် တင်ရပါလိမ့်မည်။

ဟော့ပါးက စီအိုင်အေမှ သူ့အား သတင်းပေးသူများ၏ အဆိုအရ ထိုကိစ္စသည် လုံးဝ ဖြစ်နိုင်စရာ မရှိကြောင်း ထပ်ခါတလဲလဲ ပြောဆိုခဲ့သည်။ ဘာဆိုတိုနိုင်ငံသည် တိုက်ခိုက်နိုင်သော စွမ်းရည် လုံးဝ မရှိသည့်အပြင် မည်သည့် အခြေအနေတွင်မဆို တိုက်ခိုက်လိုသည့် စိတ်ဓာတ် လည်း မရှိဟု ဆိုထားသည်။

အဘယ်ကြောင့် ယခုလို ဖြစ်ပျက် လာရပါသနည်း။

အယ်လီဆန် အနေနှင့် ထိုဟာပေါက်ကို ပိတ်ဆို့ရပါလိမ့်မည်။ သို့ရာတွင် အလွန် နောက်ကျနေသည်သာမက ဘာဆိုတိုနိုင်ငံကလည်း နီးနီးကြားကြား ရှိနေချိန်တွင် မည်သို့ မည်ပုံ ပိတ်ဆို့ရပါမည်နည်း။

အဖြေကို သူ ချက်ချင်း သိလိုက်သည်။ သူက ကင်းဖီးလ် ကွန်ဆိုလီဒိတ်တက်မှ ဒုတိယ ဥက္ကဋ္ဌ တစ်ဦးဖြစ်သူ ရော်ဂျာကွစ်ဂလီထံ တယ်လီဖုန်း ဆက်လိုက်သည်။

အယ်လီဆန်ကမူ သူသည် မည်သူ မည်ဝါ ဖြစ်ကြောင်း အသိပေးလိုက်ပြီးနောက်

'ဗွီအိုင်အီးက စတီဖင်ပက်ဂျက်ဆိုတဲ့ ဒုတိယ ဥက္ကဋ္ဌ တစ်ယောက်ကို အလုပ်က ထုတ်ပစ်လိုက်တယ်လို့ မစ္စတာကင်းဖီးလ် သတင်း ကြားရတယ်၊ အဲဒီ သတင်း ဟုတ်မဟုတ် သူနဲ့ ကျွန်မ တိုက်သိချင်ပါတယ်'

'မှန်ပါတယ် မစ်(စ်)ကရိတ်ချ်၊ ကျုပ်တို့က နှစ်ထပ်ကွမ်း စစ်ဆေး ပြီးပါပြီ၊ ဗွီအိုင်အီးက သူတို့ရဲ့ စုံထောက်ချုပ် ပက်ဂျက်ကို ကန်ထုတ်ပစ်လိုက်ပါတယ်၊ အဖွဲ့အစည်းထဲမှာ နာမည်ပျက်စရာကိစ္စ တစ်ခုခု ဖြစ်ပွား ခဲ့တယ်တဲ့၊ အဲဒါကို တိတိကျကျ သိချင်တယ် ဆိုရင်တော့ ကျုပ်တို့က စုံစမ်းပေးပါ့မယ်'

'ဒုက္ခ မရှာပါနဲ့တော့၊ သူ ဗွီအိုင်အီး လက်အောက်မှာ ရှိမရှိ ဆိုတာကိုပဲ သိချင်ပါတယ်၊ ကျေးဇူးပါပဲ'

အယ်လီဆန်က စကား ပြောခွက်ကို ပြန်တင်လိုက်၏။

ထူး ထူး ခြား ခြား ကောင်း မွန် လှ သော မှတ်ဉာဏ်က စတီဖင် ပက်ဂျက်၏ တယ်လီဖုန်းနံပါတ်ကို ပြန် သတိ ရစေခဲ့သည်။ အယ်လီဆန်က စကား ပြောခွက်ကို ပြန်မပြီး ခလုတ် များ ကို နှိပ်လိုက်ပြန်၏။ အမျိုးသား တစ်ယောက်၏ အသံက ပြန်ဖြေသည်။

'မစ္စတာ ပက်ဂျက်ရဲ့ အိမ်ခန်းကပါ'

'အယ်လီဆန် ကရိတ်ချ်ပါ၊ သူ ရှိပါသလား'

'မရှိပါဘူး မစ်(စ်) ကရိတ်ချ်'

'သူ ဘယ်တော့လောက် ပြန်လာမလဲ'



www.burmeseclassic.com

www.burmeseclassic.com

'ဒီကနေ့ ညနေ ပြန်လာမှာပါ၊ သူ့ အတွက် မှာထားခဲ့ဦးမလား'

'ကျွန်မ နာမည်ကို ပြောရုံပါပဲ၊ သူက ကျွန်မကို ဖုန်း မဆက်ပါစေနဲ့၊ ကျွန်မ နောက် တစ် ကြိမ် ပြန် ကြိုးစားပါ့မယ်'

အယ် လီဆန် က စကား ပြောခွက် ကို ဖြည်း ညင်းစွာ ပြန်ချ လိုက်သည်။ ယခု တစ်ကြိမ် သူက စတီဖင့်ထံမှ သတင်း များ ကို ပြန် အရ ယူ ရ ပေ လိမ့်မည်။

# ၃၅

အီလိုရေးမာကင်တိုင်း ကော်ပိုရေးရှင်း၏ အကြီး အကဲ ဖြစ်သော မားကပ်စ်ဗွီတာတမ်သည် လက်နက် ရောင်းချသော လုပ်ငန်း၏ ဘေး အန္တရာယ်များကို နှံ့စပ်စွာ သိရှိထားသူ ဖြစ်သည်။ သူက ညှဉ်းဆဲ နှိပ်စက်မှုကို ခံနေရသော၊ သို့မဟုတ် သေနတ်ပစ် ခံရသော၊ သို့မဟုတ် လည်ပင်း ညှစ်၍ အသတ် ခံရသော၊ သို့မဟုတ် ခွားထိုး၍ အသတ် ခံရသော၊ သို့မဟုတ် မီးရှို့၍ အသတ် ခံရသော လက်နက် ကုန်သည်များ အကြောင်း အယ်လီဆန်ကို ပြောပြပြီး သူ့ ကိုယ်သူ အမွှမ်းတင်လေ့ ရှိသည်။



မားကပ်စ်ဗွီတာတမ် ကိုယ်တိုင်က သူ့ ကိုယ်သူ အန္တရာယ် ကင်းသည်ဟု ယုံကြည်ထားသည်။ သူက အန္တရာယ် ကင်းစေသည့် ရောင်း ဝယ် ရေး ဆိုင်ရာ ကျင့်ဝတ် စည်းကမ်းကို ကိုင်စွဲထားသည်။ ထိုကျင့်ဝတ် စည်း ကမ်း များ မှာ သဘော တူညီချက် အတိုင်း တစ်သဝေမတိမ်း လိုက် နာ ပါ၊ မူလက ပြောဆို ထားသော ဈေးနှုန်းထက် တစ်ပြားမှ ပိုမယူပါနှင့်၊ အမျိုးအစား ကောင်းမွန် သော ပစ္စည်းများကိုသာ ပို့ပေးပါ၊ လျှို့ ဝှက် ချက် မှန် သ မျှ မည်သူ့ ကိုမှ မပြောပါနှင့်၊ သ ဘော တူ ညီ ချက် မှန်သမျှ၏ အသေးစိတ် အချက်အလက်များကိုလည်း လျှို့ဝှက် ချက်ဟု ယူဆပါ၊ မည်သည့် ကိ စ္စ ကိုမှ စာရွက် ပေါ်တွင် ရေးမှတ် မ ထား ပါ နှင့်၊ ရရှိလာသော စာရွက် စာတမ်း မှန် သ မျှ ကို လည်း ချက် ချင်း ဖျက်ဆီးပစ်ပါ၊ အလွန် ကောင်းမွန်သော မှတ်ဉာဏ် ကိုသာ အားကိုးပါ ဆိုသော အချက်များပင်တည်း။

လက်နက်များကို မှောင် ခို ရောင်း ဝယ် သည့် လုပ်ငန်းက မတ်ခ်တာတမ်ကို သန်းပေါင်း များစွာ ကြွယ်ဝသော သူဌေးကြီး တစ်ယောက် ဖြစ်စေခဲ့ သည်။ အထက်ပါ ကျင့် ဝတ် က သူ့ ကို ရှင် သန် ဖွံ့ဖြိုးစေခဲ့သည်သာ မက သူ့ အဖို့ ကြောက်စရာလည်း မလိုခဲ့ပါ။ သူနှင့် ဆက်ဆံခဲ့သူတိုင်းက သူ့ အပေါ် တွင် ထိတ်ကွက်ရန်၊ ကန့်ကွက်ရန် အကြောင်း တစ်စုံ တစ်ရာမျှ မ ရှိခဲ့ သည့် အပြင် သူ့ အပေါ်တွင် မည်သူကမှ လက်ဆုပ် လက်ကိုင် ပြသနိုင်ခြင်းလည်း မရှိပါ။ ထို့ကြောင့် သူသည် ကြောက်ကြောက်



www.burmeseclassic.com

www.burmeseclassic.com

လန့်လန့်နှင့် သမင် လည်ပြန် ပြန်ကြည့်ရသည့် ကိစ္စမျိုး၊ မည်းမှောင်နေသော တံခါးပေါက်များကို မကျော်ဖြတ်လိုသည့် အတွက် လမ်း၏ ဟိုဘက်သို့ ကူးဖြတ်သွားရခြင်းမျိုး မရှိခဲ့ပါ။

မတ်ခ်တာတမ်၏ ယာဉ်မောင်းဖြစ်သူ အဲလ်ဘာတ် နိုလီသည် ဒသမ သုံး ငါး ခုနစ် မက်ဂနမ်သေနတ်ကို မခုံး စလွယ် သိုင်း အိတ်နှင့် လွယ်ထားလေ့ ရှိပြီး ဓာတ်မင့်နှင့် ပက် ဖြန်း ရ သော မျက်ရည် ယိုဗုံး နှစ်လုံးကို မော်တော်ကား လက်ကိုင်ဘီး၏ တိုင်၌ ကလစ်နှင့် ချိတ်ဆွဲထားရသည် ဆိုသည်မှာ မှန်ကန်ပါသည်။ ထိုကဲ့သို့သော ပစ္စည်းများကို ဆောင် ထားရခြင်းမှာ ကယ်လီဖိုးနီးယား တောင် ပိုင်း မှ ရာဇဝတ်မှု ဖြစ်ပွားနှုန်းကြောင့်သာ ဖြစ်ပါသည်။ ဒေါ်လာ ၁၃၅၀၀၀ တန် ရိုးစ်ရွိုက်စ် မော်တော် ကားကြီးသည် လုယက်တတ်သူများနှင့် မူးယစ်ဆေး စွဲသူများအတွက် မျက်စိ ကျစရာ ဖြစ် နေ သော ကြောင့်ပင်တည်း။

'အဲလ်ဘာတ်ရေ၊ သွားတော့'

တာတမ်က နောက်ဘက် ထိုင်ခုံ ပေါ် တွင် ဝင်ထိုင်ပြီး ပြောလိုက်သည်။

မည်သည့် နေရာသို့ သွားမည် ဖြစ်ကြောင်း ယာဉ်မောင်းအား ပြောစရာ မလိုပါ။ ဟောလီးဝုဒ် နယ်မြေတွင် ငွေရှင် ကြေးရှင် အဖြစ်နှင့် တစ်ခါ တစ်ရံတွင် ,ရုပ်ရှင် ကားများကို ထုတ်လုပ်သူ အဖြစ် လူသိများသော မတ်ခ် တာတမ်သည် ရိုဒီယိုဒရိုက်ဖ်



လမ်းပေါ်ရှိ မ မိုင် ဆန် စား သောက် ဆိုင် တွင် နေ့လယ်စာ စားသောက်လေ့ရှိသည်။

သူသည် ရုပ်ရှင် မင်းသမီးဖြစ်လိုသူ အမျိုးသမီး တစ်ယောက်နှင့် အဆိုပါ စား သောက် ဆိုင် တွင် ချိန်းဆိုထားသည်။ မတ်ခ်တာတမ် ပြုံး လိုက် ၏။ အဲလ်ဘာတ်က လက်ကိုင်ဘီးကို ဆာတ်ခနဲ ညာဘက်သို့ ချိုးကွေ့လိုက်ပြီး အတွင်း လမ်းကလေး တစ်လမ်း ထဲသို့ ချိုးဝင်လိုက်ချိန်တွင် သူ့ အပြုံးသည် ပျောက် ကွယ်သွားပြီး ကျိန်ဆဲလိုက်မိတော့သည်။

သို့ရာတွင် သူတို့ကားကို ဇာစ်ဖက်သို့ ချိုးကွေ့ လိုက်ရအောင်, နောက်မှ ကပ် လိုက် လာ သော အပြာ ရောင် ဒေါ်ချ်ဗင်ကားသည် နောက်ဘက် ဘယ်ဘက်ယွန်းယွန်းမှ ကပ်၍ လိုက်လာ နေဆဲပင်။ ရိုးစ်ရွိုက်စ်ကားနှင့် အနီးကပ်ဆုံး ပြတင်းပေါက်ထဲမှ ပန်းခြံတွင် သုံးစွဲလေ့ရှိသော အနက်ရောင် ရေပိုက် လုံးနှင့် တူသည့် ပစ္စည်းတစ်ခု အပြင်သို့ ထွက်လာ သည်။ ထို့နောက် ထိုပစ္စည်းထဲမှ မီးရောင်ကလေး များ ဖြာထွက်လာသည်။

အသံတိတ် ကိရိယာ တပ် ဆင် ထား သော ဝက်စတန် ပစ္စတို (စက်သေနတ်) ထဲမှ ပေါ် ထွက် လာသည့် ကျည်ဆန် အတောင့် ငါး ဆယ် ကြောင့် ရိုးစ်ရွိုက်စ် မော်တော်ကားကြီးမှ အရောင်ဖျော့ဖျော့ မှန် ချပ် များ သည် ကွဲ ပြီး ကြေ သွား ကြ ပြီး မော်တော်ကားထဲသို့ ကျ သွား ကြ သည်။ ကြေးနီ ကျည်ဆန် ထိပ်ဖူးများနှင့် မှန်ကွဲစ၊ ဖန်ကွဲစများက ယာဉ်မောင်း နှင့် ပါစင်ဂျာတို့ကို နုပ်နုပ် စဉ်းပစ်



www.burmeseclassic.com

www.burmeseclassic.com

လိုက်သည်။ တစ်နာရီလျှင် မိုင် လေးဆယ် နှုန်း နှုန်း မောင်း နှင်လာသော ရိုးစ်ရွိုက် ကားကြီး သည် ထိန်းမနိုင် သိမ်းမရ ဖြစ်လာပြီး စင်္ကြံ လမ်းပေါ် မှ လူတစ်ယောက်ကို ပြားသွားအောင် ဝင်တိုက်မိပြီး စားသောက်ဆိုင် တစ်ဆိုင်ကို ဝင်ရောက် တိုက်ခိုက်မိ တော့သည်။

ထိုအခိုက် အတန့်တွင် ယာဉ် အသွားအလာမှာ များပြားလှခြင်း မရှိသေးသောကြောင့် ဒေါ်ချ်ဗင် ကားကြီးသည် ဆက်လက် မောင်း နှင် သွား ပြီး နောက်ထပ် တွေ့ရသော လမ်းဆုံတွင် ဝီလ်ရှိုင်း ယား ရိပ်သာလမ်းမကြီးထဲသို့ ချိုးကွေ့ ဝင်ရောက် သွားလေတော့သည်။ ထိုမော်တော်ကားထဲတွင် ပါရှိ လာသော ယာဉ်မောင်းသူနှင့် သေနတ် ပစ်သူတို့ သည် ပညာသင် လဲလှယ်ရေး အစီအစဉ် အရ လောစ်အင်ဂျလိစ်မြို့ရှိ ကလ်လီဖိုးနီးယား တောင် ဘက်ခြမ်း တက္ကသိုလ်တွင် ပထမနှစ်၌ လာရောက် ပညာသင်ကြားနေကြသော အိန္ဒိယ စစ်သားများပင် ဖြစ်သည်။ သူ တို့ သည် အကြို ဆေး တ က္က သိုလ် သင် တန်း သား များ ဖြစ် သည့် အား လျော် စွာ မွန်းလွဲပိုင်းမှ ပ ထ မ သင် တန်း ချိန် ဖြစ် သော 'ပါဏဗေဒ မိတ်ဆက်' ဘာသာရပ်အား ဟောပြော ပို့ချချက်ကို ဝက်စ်ဝုဒ် တက္ကသိုလ်ဝင်း အ တွင်းသို့ တက်ရောက် နား ထောင် ရန် အ ချိန်မီ ကြိုတင် ရောက်ရှိသွားကြသည်။

မတ်ခ်တာတမ်၏ ရောင်းဝယ်ရေးဆိုင် ရာ ကျင့်ဝတ် သည် နည်းလမ်း တစ်မျိုးနှင့် ကိုယ့်ကိုယ်ကိုယ် ဒုက္ခ



ပေးသော စ နစ် ဖြစ် ကြောင်း သိ လာ ရ သည်။ အီလိုရှေး မဂ္ဂကင်တိုင်း ကု မ္ပ ဏီမှ ပို့ ပေး ရန် ကျန်နေသော ပစ္စည်းစာရင်းကို စာ ရွက် ပေါ် ၌ ရေး မှတ် ထား ခြင်း မရှိဘဲ မတ်ခ် တာ တမ်၏ ဦးခေါင်း ထဲ ၌သာ သို မှီး ထား သည် ဖြစ် ရာ ထို ဦးခေါင်းကို မတ်ခ်တာတမ်၏ ခန္ဓာ ကိုယ် အား လာရောက် ထိမှန်သော ကျည်ဆန် ခုနစ်တောင့် အနက် သုံးတောင့်က ဖျက်ဆီးပစ်လိုက်ပြီ ဖြစ်ပါ၏။

ရဲတပ်ဖွဲ့ဝင်များသည် မိနစ်ပိုင်းအတွင်း ရောက်ရှိ လာကြပြီး မာဖီးယားဂိုဏ်း၏ လက်ချက်သာ ဖြစ်ရ မည်ဟု ကောက် ချက် ချ လိုက် ကြ သည်။ ဤ တွင် သန်းကြွယ် သူဌေးကြီးသည် ဒုစရိုက် ဂိုဏ်းများနှင့် မည်ကဲ့သို့ အဆက်အသွယ် ရှိလေသနည်း ဆိုသော မေးခွန်း ထွက်ပေါ်လာသည်။ ထိုမေးခွန်းကို မနား မနေ လိုက် လံ ရှာ ဖွေ ကြ သော် လည်း အ ဖြေ ကို ရှာတွေ့ကြရလိမ့်မည် မဟုတ်ပါ။

ကယ်လီဖိုးနီးယား တောင်ဘက် ဒေသမှ တီဗွီနှင့် အသံလွှင့် ဌာနများက ထို အဖြစ် အပျက်များကို နာရီပိုင်းအတွင်း ထုတ်လွှင့် ခဲ့ကြသည်။ အနာဟိမ်း သတ္တုနှင့် ဓာတုဗေဒကုမ္ပဏီမှ အုပ်ချုပ်ရေး ဆိုင်ရာ ဝန်ထမ်းများ အကြီးအကျယ် မျက်လုံး ပြူးသွားကြ သည်။ သူတို့က အရေးပေါ် အစည်းအဝေးတစ်ရပ်ကို ခေါ်ယူ ကျင်းပလိုက်ကြပြီး ဆုံးဖြတ်ချက်တစ်ရပ်ကို ဘညီ တညွတ်တည်း ချ မှတ် လိုက် ကြ သည်။ သူတို့ အနေနှင့် ကိုယ့် ကိုယ် ကိုယ် ကာကွယ် ကြရပေလိမ့် မည်။ ထို ဆုံး ဖြတ် ချက် မှာ တိတ် တိတ် ပုန်း

www.burmeseclassic.com

ဆောင် ရွက် ခဲ့ သော လုပ် ငန်း မှန် သမျှ သည် မတ်ခ်တာတမ်နှင့်အတူ သေဆုံး သွားပြီဟု မှတ်ယူကြရမည်။မပြီးပြတ်သေးသော အမှာစာများအတွက် ထပ်မံ ပေးပို့ရန် ကျန် ရှိ နေ သေး သော ပစ္စည်းများကို ဆက်လက်၍ မပို့တော့ရန်နှင့် နောက်ထပ်မရောင်းချရန်ပင် ဖြစ်သည်။

'ဒီကိစ္စကို မေ့သွားကြတဲ့ အထိ သုံး လေး လ ဆိုင်းတားဖို့ပါပဲ၊ အဲဒီ နောက် ပိုင်း ကျ တော့ မတ်ခ်ဘာတမ်ရဲ့ ခြေရာကို နင်းနိုင်မယ့် လူတစ်ယောက်ထပ်ရှာပြီး သူ့ ကို ဟန်ပြကုမ္ပဏီ တစ်ခု တည်ထောင်ခိုင်းရဦးမှာပေါ့လေ'

ဝီလ် ရှိုင်း ယား ရိုပ် သာ လမ်း မ ကြီး ပေါ် မှ မတ်ခ်ဘာတမ်၏ အ ဖြစ် အပျက် မှာ သာမန် ကိစ္စ တစ်ရပ် မဟုတ်ပါ။ထို့ကြောင့် ဘာဘရာဟန်မွှန်းက စတိဗ်ပက်ဂျက်နှင့် ဆက်သွယ်၍ ပြောပြရန်ကြိုးစားလိုက်သည်။

'ဝမ်း နည်း ပါ တယ်၊ မ စ္စ တာ ပက် ဂျက် က ဒီကုမ္ပဏီမှာ အလုပ် မလုပ် တော့ပါဘူး'

ဘာဘရာဟန်မွှန်းသည် တ အံ့ တ သြ ဖြစ်ခြင်း၊ သွေးလေ ချောက်ချားခြင်း အလျှင်းမဖြစ်ဘဲ စတိဗ် တစ်ယောက် မည် သည့် ကိ စ္စ ကို ကျိတ်၍ ကြံစည်နေလေသနည်းဟု တွေး လိုက် မိ သည်။ ဘာဘရာဟန်မွှန်းက စတိဗ်ပက်ဂျက်၏ အိပ်ခန်းသို့တယ်လီဖုန်းဆက် လိုက် ၏။ ဂပ်စ်က လက် ဖ တင် နင် သည်



ခုလေးတွင် အိမ်သို့ ပြန်ရောက်လာပြီ ဖြစ်ကြောင်း သတင်းပေးလိုက်သည်။

'ကိုယ် တော် လေး၊ ဘယ် တွေ လျှောက် သွား နေတာလဲ၊ အ လုပ် လက် မဲ့ နစ်နာကြေးအတွက် လျှောက်လွှာသွားတင်နေတာလား'

'ကျွန်တော် ကိုယ်ပိုင် အလုပ်ကို ပြန်လုပ်တော့ မလို့လေ'

သူ ဒုက္ခ ရောက်နေခြင်း မဟုတ်ကြောင်း ဤမျှ လောက်သာ သူ အသိပေးရဲပါသည်။

ဘာ ဘ ရာ က သဘောပေါက်သွားပြီး စိတ် သက်သာရာ ရရှိသွားသဖြင့် ရယ်လိုက်သည်။

'ကျွတ်....ကျွတ်....ကျွတ်၊ဒါဆိုရင် အနောက်ဘက် ကမ်းခြေမှာ ချက်ချင်း ရာထူးနေရာ လစ် လပ် မှု ဖြစ်သွားတဲ့ ကိစ္စကို မင်း နားထောင်ဖို့ စိတ်ပါမှာ မဟုတ်တော့ပါဘူး၊ ဒါမှမဟုတ် မင်းနားထောင်ချင် လိမ့်မယ် ထင်တယ်'

ဘာဘရာဟန်မွှန်းက နောက်ပြောင် နေလိုက်ပြီး နောက်၊ နောက်ဆုံးတွင် သူ့ အား မတ်ခ်တာတမ် အကြောင်း ပြောပြလိုက်သည်။ ဟန်မွှန်းက မေးလိုက်သည်။

'ကင်းဖီးလ်၊ ကရိုတ်ချ်တို့နဲ့ ဆက် စပ် မှု ရှိနိုင် ဘယ်လို့ မင်း ထင်သလား'

'ကျွန်တော့် ရင်ထဲကတော့ ဆက်စပ်မှု မရှိဘူးလို့ ထင်တယ်၊ ဒါပေမယ့် ဒီကနေ့ညကျရင်တော့ စုံစမ်းစစ်ဆေးကြည့်နိုင်ခွင့် ရလိမ့်မယ်လို့ ထင်တယ်'

'ဘယ်လိုနည်းနဲ့လဲ၊ ပြောစမ်းပါဦး'

www.burmeseclassic.com

www.burmeseclassic.com

'ပြောရေး ဆိုခွင့်ရှိသော မစ်(စ်)ကရိုက်ချ်က ကျွန်တော့်ကို ဒီကနေ့ညမှာ ဆက်သွယ် လာလိမ့်မယ်လို့ မျှော်လင့်ထားတယ်'

'မင်းနဲ့ ဒိုင်ယာနီ အဆင်ပြေမပြေဆိုတာ ငါ့ကို ပြောပြပါဦး'

'ဘုရားသခင် ကယ်တော်မူပါ၊ သူနဲ့ ခင်ဗျား သိတယ်လို့တောင် ကျွန်တော် မထင်ဘူး'

'မင်း ရပ်ဝေးကို ရောက်နေတုန်း သူနဲ့ငါ ရှူရှ လက်ဖက်ရည်ဆိုင်မှာ တွေ့ခဲ့ကြတယ်လေ'

'အကြောင်းတော့ ရှိရမှာပေါ့'

'ရှိတယ်လေ၊ သူက ကင်းဖီးလ်ရဲ့ဇနီးအကြောင်း သိချင်တယ်၊ အဲဒါက မင်း၊ သူ့အဖေနဲ့ ဗိုအိုင်အီးဘ့ကို အထောက်အကူ ဖြစ်လိမ့်မယ်လို့ သူထင်တယ်၊ ငါကတော့ ငါသိသလောက် သူ့ကို ပြောပြလိုက်တယ်၊ ဒိုင်ယာနီဟာ တကယ့်ဟာမကလေးပဲ၊ ငါထင်ထားတာနဲ့ တလွဲစီ ဖြစ်နေတယ်'

ပက်ဂျက်က တစ်ခုခု ပြောလိုစိတ် ဖြစ်ပေါ်လာသော်လည်း ဘာဘရာဟန်မွန်းက စကားပြောခွက်ကို ပြန်ချသွားတော့သည်။

စီဂျေ၊ ကင်းဖီးလ်သည် အိပ်ဆေး၏ အကူအညီဖြင့် အိပ်ပျော်နေခဲ့ရာမှ အစီအစဉ်အတိုင်း တိတိကျကျ နိုးလာသည်။ သူသည် ဟယ်မီလ်တန်၏ စိတ်အနေအထား စိန္တနီးအဆင့် ခြောက်ဆယ်တွင် ကျောင်းသင်ခန်းစာ စာအုပ်ထဲ၌ ဖော်ပြထားသည့် ပုံစံ



အတိုင်း တိတိကျကျ နိုးလာသည်။ ကင်းဖီးလ်၏ စိတ်ဓာတ် တက်ကြွနေသည်။ သူ့တွင် လုပ်ငန်းသစ်များအတွက် စိတ်ကူးစိတ်သန်းသစ် အမြောက်အမြား ရှိနေသည်။ အနည်းငယ် ကိုးလိုးကန့်လန့် လုပ်ချင်စိတ်ထက် အနည်းငယ် ပိုသည်။ အလွန် အားအင် ပြည့်ဖြိုးနေသည်။ ခံစားမှု စူးရှနေသည်။ လိင်စိတ် များပြားနေသည်။

သူက သူနာပြု ဆရာမနှင့် လုံခြုံရေးဝန်ထမ်း တစ်ဦးတို့ကို အခန်းထဲမှ နှင်ထုတ်လိုက်ပြီးနောက် အယ်လီဆန်ကို ခေါ်ခိုင်းလိုက်သည်။

ညနေ ငါးနာရီခွဲတွင် စကားပြောချင်စိတ်ဖြစ်ပေါ်လာသော စီဂျေက အစအဆုံး ပြောပြရန် အယ်လီဆန်ကို ညွှန်ကြားလိုက်သည်။

'ကျုပ်က ရုံးခန်းထဲမှာ သတိလစ်သွားတယ်'

သူ့ကို ပြောပြရသည်မှာ အလွန် လွယ်ကူပါသည်။ ကင်းဖီးလ်သည် အလွန် အကင်းပါးသူဖြစ်ပြီး သဘောပေါက်လွယ်သူ ဖြစ်သည်။

အယ်လီဆန်၏ တင်ပြချက် ပြီးဆုံးသွားပြီဟု ယူဆသောအချိန်တွင် စီဂျေက ပြောလိုက်လေ၏။

'ကောင်းတယ်၊ အားလုံး အစီအစဉ်အတိုင်း ဖြစ်နေကြတာပဲ၊ ကဲ မင်းနားထောင်စမ်း၊ ကျုပ်ဆီမှာ စိတ်ကူး စိတ်သန်း အသစ် အဆန်းတွေ ရလာပြီ၊ အဲဒါကို မင်း သတိထားမိလိမ့်မယ်လို့ ကျုပ်ထင်တယ်'



www.burmeseclassic.com

www.burmeseclassic.com

'ကျွန်မ သတိထားမိပါတယ်၊ ကျွန်မအာ လောလောလတ်လတ် ဖြစ်ပေါ်လာတဲ့ ပြဿနာကလေးတွေကို ပြောမပြရသေးဘူး'

အယ်လီဆန်က ခေလာရင့်ဟော့ပါး ထံ တယ်လီဖုန်းဆက်၍ ပြောပြခဲ့ရသည့် ကိစ္စကို ပြည့်ပြည့်စုံစုံ ပြောပြလိုက်သည်။ စီဂျေက မှတ်ချက် တစ်စုံတစ်ရာ မပေးနိုင်မီ အယ်လီဆန်က သူတို့၏ စီမံချက်သည် မကြာသေးခင်က ဖြစ်ပွားခဲ့သော ကိစ္စရပ်များကြောင့် ရှုပ်ယှက်ခတ်ချက် ရှိနေသည်ဟု ပြောချလိုက်သည်။

'တစ်ဖက်မှာ ဘာတွေ ဖြစ်နေတယ်၊ ဘာတွေ လုပ်နေတယ်ဆိုတာကို ကျွန်မတို့ သိဖို့ကောင်းတယ် စီဂျေ၊ တစ်ဖက်မှာဆိုတဲ့ စကားလုံးမှာ ဘာဆိုတိုနဲ့ ဗွီအိုင်အီး နှစ်ခုစလုံးပါတယ်'

ဤတွင် စီဂျေသည် အိပ်ရာပေါ်မှ ခုန်ထလိုက် ပြီးနောက် ကြမ်းပြင်ပေါ်၌ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်။ သူသည် ပိုင်ပိုင်နိုင်နိုင် ထိန်းချုပ်နိုင်စွမ်းရှိနေဖို့ လိုသည်။ ယခုရာတွင် အခြား ပုဂ္ဂိုလ်များ၏ မိုက်မဲမှုကြောင့် ဖြစ်ပျက်လာသော ကိစ္စရပ်များကြောင့် မေးစရာမေးခွန်းများ ဖြစ်ပေါ် နေသည်။ သူက ဒေါနှင့်မောနှင့် ပြောလိုက်၏။

'ကျုပ်က ဗိုဂလာကို အပိုင်ချုပ်ကိုင်ထားနိုင်ပြီ၊ ကျုပ်က ဒီကိစ္စကို မင်းတို့နဲ့ အကြိမ်ပေါင်း တစ်ရာ တစ်ထောင် ပြောခဲ့ ဆိုခဲ့ပြီးပြီပဲ၊ ရေပက်လို့ကို မဝင်ဘူး၊ သူတို့ကို ကယ်မယ့်သူ ပေးနေပြီ ကျုပ်တို့က ဘာဖြစ်လို့ သိပ်သတိထားနေရမှာလဲ၊



သူတို့လုပ်နိုင်တာ ဘာမှမရှိဘူး၊ ကျုပ်က ဖြစ်နိုင်တဲ့ ကိစ္စမှန်သမျှကို တွက်ချက်ပြီး အားလုံးအတွက် လျာထားပြီးသား၊ တကယ်လို့ မင်းနဲ့ဟော့ပါးက....'

'ကျွန်မတို့က ရှင့်လို အနာဂတ်ကိုမှ ကြိုမမြင်နိုင်ကြတဲ့ကိုး'

အယ်လီဆန်က သူ့စကား တန့်သွားအောင် ခပ်ဆတ်ဆတ် ပြောလိုက်သည်။ သူသည် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက် နေရာမှ ရပ်တန့်သွားတော့သည်။ စီဂျေက သူ့အား ဒေါသူပုန် မထမီ အယ်လီဆန်က ကမန်းကတန်း ထပ်ပြောလိုက်သည်။

'ရှင်က ရှင်ကိုယ်တိုင် ပြောပြနေမှန်း မသိဘဲနဲ့ အဖြေကို ပြောပြလိုက်ပြီ'

အယ်လီဆန်က မျက်နှာလိုမျက်နှာရ ပြုံးပြလိုက်၏။ စီဂျေ၏ တင်းမာနေသော အမူအရာ တစ်ထစ်လျော့သွားသည်။

'ဂါဒူး မြို့တော်မှာ ခရီးသွား အေဂျင်စီရဲ့ ကိုယ်စားလှယ် တစ်ယောက် အနေနဲ့ အယောင်ဆောင်ပြီး ရောက်လာတဲ့ စတီဖင်ပက်ဂျက်ကို ရှင် မှတ်မိတယ်မဟုတ်လား၊ သူက ဗွီအိုင်အီးရဲ့ စပိုင် အကြီးအကဲလေ၊ ကျွန်မတို့အားလုံး အကြီးအကျယ် သောကရောက်နေခဲ့ကြတယ်၊ ဒါပေမယ့် ရှင်ဟာ ဂါဒူးမြို့တော်ကို သူရောက်နေတဲ့အတွက် အကျိုးကျေးဇူး ရှိပုံတွေကို....'

'အဲဒါက သမိုင်းဟောင်းတွေပါ'



www.burmeseclassic.com

www.burmeseclassic.com

'အဲဒါရဲ့ ပြောင်းပြန်ပဲရှင့်၊ ပက်ကျက်ဟာ ကျွန်မကို ရဲ့ ပစ္စုပ္ပန် နဲ့ အနာဂတ် အတွက် အမိက သော့ချက်ပဲ၊ သူ့ကို ဗွီအိုင်အီးက ကန်ထုတ်လိုက်တဲ့ အတွက် သူ သိပ်စိတ်နာနေတယ်'

အာရုံ ခံစားမှု စူးရှသော ကင်း ဖီးလ် သည် အယ်လီဆန် ပြောသည့် စကားကို နားလည်သွားသည့်သာမက တစ်ကွက်ကြို၍ တွေးနေကြောင်း သိလိုက်ရသည့်အတွက် အယ်လီဆန်က ကမန်းကတန်း ပြောချလိုက်သည်။

'ကျွန်မက ရှင်နဲ့ ဆွေးနွေးလို့ မဖြစ်နိုင်ခဲ့ဘူး၊ ဒါကြောင့် ကျွန်မ သဘောနဲ့ပဲ သူ့ကို စည်းရုံး သိမ်းသွင်းလို့ ရမရ စမ်းကြည့်ထားတယ်'

စီဂျေ မျက်ခုံးမှောင် ကုတ်လိုက်၏။ ထိုကဲ့သို့ မျက်မှောင် ကုတ်လိုက်ခြင်းသည် အယ်လီဆန်၏ ရှေ့ဆောင်မှုကို လက်ခံရန် သင့်မသင့် စီဂျေ၏ 'မာန'က အပြန်အလှန် တွေးတောနေခြင်းဖြစ်သည်ဟု အယ်လီဆန်က အဓိပ္ပာယ် ကောက်ယူလိုက်သည်။

'စတီဖင် ပက်ကျက် အပေါ်မှာ ထားခဲ့တဲ့ ရှင့် သဘောထားက သူ့ကို လိုလိုလားလား မရှိဘူး ဆိုရင် သူဟာ ဝယ်ဖို့ တန်ဖိုးရှိတဲ့လူလို့ ကျွန်မက ထင်မိမှာ မဟုတ်ဘူး၊ ဘာပဲဖြစ်ဖြစ် ရှင့် ဦးနှောက် ထဲမှာ စိတ်တထင့်ထင့် ဖြစ်နေတယ်နဲ့ တူတယ်'

ကုတ်နေသောမျက်မှောင် 'ပြေ' သွားသည်။ သူ့ မျက်လုံးများ အရောင်တောက်လာကြသည်။

'သူ့ကိုသိမ်းသွင်းရင် ရမယ်လို့ မင်းထင်သလား'



'သေချာတယ်လို့ မပြောရဲဘူး၊ ယုံကြည်မှုတော့ အပြည့်အဝ ရှိပါတယ်၊ သူက ကျွန်မဆီကို တယ်လီဖုန်းစဆက်တယ်၊ တိတိကျကျ မဟုတ်ပေမယ့် ထင်းထင်းကြီး ပေါ်နေတယ်၊ ကျွန်မကလဲ အရိပ် အမြွက် ပြန်ပြောလိုက်တယ်၊ ကျွန်မက သူ့ဆီကို တယ်လီဖုန်း ဆက်ရမယ်'

'ဘယ်တော့လဲ'

သားကောင်၏ အနံ့ကို ရလိုက်သော စီဂျေက ခပ်ဝေါက်ဝေါက် မေးလိုက်သည်။ ဗွီအိုင်အီး၏ စပိုင် အကြီးအကဲသည် ဗွီ အိုင် အီး၊ ဘာ ဆိုတိုတို့ နှင့် စပ်လျဉ်း၍ သိသင့် သိထိုက်သော ကိစ္စ မှန်သမျှကို သိထားသူ ဖြစ်သည်။ ထိုပုဂ္ဂိုလ်ကို စည်းရုံးသိမ်းသွင်း လိုက်ခြင်းဖြင့် လက်ရှိ ဖြစ်ပေါ်နေသော ပြဿနာ မှန်သမျှကို ဖယ်ရှား ပစ် နိုင် ပေ လိမ့် မည်။ သူ တောင်းသမျှ ဈေးကို ပေးလိုက်ဟု အယ်လီဆန်အား ပြောရန် ဝန်မလေးသော စီဂျေသည် ထိုစိတ်ကူးကို သူ့စိတ်ကူး အဖြစ် မွေးစားလိုက်လေပြီ။

'ဒီကနေ့ ညနေ.... ဒါမှမဟုတ် ဒီကနေ့ ည.... ကျွန်မ သူနဲ့ ဆက်သွယ်လို့ရတဲ့ အချိန်မှာပေါ့'

'ဆက်စမ်း'

ကင်းဖီးလ်က အိပ် ရာ နံ ဘေး၌ ရှိ သော တယ်လီဖုန်းကို လက်ညှိုးထိုးပြပြီး ပြောလိုက်သည်။

'ကျုပ် သူ့ကို စည်းရုံးချင်တယ်၊ သူ လိုသမျှ အကုန်ပေးလိုက်၊ သူ့ကို ဒီကို လာခဲ့ဖို့ ဖိတ်လိုက်ပါ၊ ကျုပ်က မော်တော်ကား တစ်စီး လွှတ်ပေးလိုက် မယ်'



www.burmeseclassic.com

www.burmeseclassic.com

'အဲဒါကတော့ မှားယွင်းတဲ့ စည်းရုံးနည်းပဲလို့ ကျွန်မ ထင်တယ် စီဂျေ၊ တစ်နည်း ပြောရရင်တော့ သူက လန့်ဖျပ်ပြီး ထွက်ပြေးသွားလိမ့်မယ်၊ နောက်တစ်နည်း ပြောရရင်တော့ သူ့ကို တခမ်းတနား ကြီး ဆိုလိုက်တဲ့အတွက် သူက သူ့ ကိုယ် သူ သိပ် အထင်ကြီးသွားလိမ့်မယ်၊ ခပ် အေးအေးဆေးဆေး ညှိနှိုင်းတာက ကျွန်မတို့ အတွက် ပိုကောင်းလိမ့်မယ် ထင်တယ်'

'မင်း ပြောတာ မှန်နိုင်တယ်'

စီဂျေက တယ်လီဖုန်းကို မေးငေါ့ပြလိုက်ပြန်၏။

'စမ်းကြည့်ပါဦး၊ ကျုပ်က ဒီကနေ့ည ဒါမှမဟုတ် နက်ဖြန် ခါကို နောက်ဆုံးထားပြီး အဖြေ တစ်ခုခု လိုချင်တယ်'

အယ်လီဆန်သည် ပက်ဂျက်နှင့် အဆက်အသွယ် ရရှိသောအခါ တဲ့တိုး ပြောချလိုက်သည်။

'ကျွန်မက ရှင်နဲ့ အလုပ်ကိစ္စအကြောင်း ဆွေးနွေး ချင်တယ်၊ ပွင့်ပွင့်လင်းလင်း ပြောရမယ် ဆိုရင် ရှင့်ကို အဆိုပြုစရာတစ်ခု ရှိနေတယ်'

'ပွင့်ပွင့်လင်းလင်း ပြောရမယ်ဆိုရင် ကျုပ်ကလဲ သိပ် မအံ့သြပါဘူး မစ်(စ်) အယ်လီဆန်၊ အခြေ အနေအရ ကျုပ်က နားထောင်ချင်ပါတယ် ဆိုတာ ကိုတော့ ပြောစရာ လိုမယ် မထင်ပါဘူး၊ နက်ဖြန်ခါ ကျရင် ကျုပ်တို့ နေ့လယ်စာ စားကြမလား'

'နက်ဖြန် နေ့လယ်စာ ဟုတ်လား'

အယ်လီဆန်က စီဂျေ ကြားအောင် ထပ်ရွတ် လိုက်၏။ စီဂျေက ခေါင်းခါပြပြီး ခပ်စောစော

လုပ်နိုင်းပါဟု ပြောလိုက်သဖြင့် အယ်လီဆန်က ငြင်းလိုက်ပြီး

'ဒီကနေ့ည ဆိုရင်ကော' ဟု ပြောလိုက်သည်။

'ဖြစ်ပါတယ်၊ ညစာ စားကြမယ်လေ၊ ဘယ်တော့လဲ၊ ဘယ်မှာလဲ'

'ခု အခြေအနေ မှာတော့ ကျွန်မတို့က လူလယ် ကောင်မှာ လူမြင် သူမြင် မခံရဲသေးဘူး'

အယ်လီဆန်က ကင်းဖီးလ်အား လှမ်းကြည့် လိုက်၏။ ကင်းဖီးလ်က သဘောကျဟန်နှင့် ခေါင်း ညိတ်လိုက်သည်။

ပက်ဂျက်က အယ်လီဆန် မျှော်လင့် တောင့်တ နေသော စကားကို ပြောလိုက်သည်။

'ခင်ဗျား ကို ဒီကို ကြွခဲ့ဖို့ လှိုက်လှိုက်လှဲလှဲ ဖိတ်ခေါ်ပါတယ်ဗျာ'

ထိုကိစ္စကို စီဂျေ ကိုယ်တိုင်က ခွင့်ပြုရန် လိုအပ် သောကြောင့်

'ရှင့် အိမ် ခန်း မှာ အစည်းအဝေး လုပ်မယ်၊ ဟုတ်လား မစ္စတာပက်ဂျက်' ဟု ပြောရင်း စီဂျေ၏ မျက်နှာကို စောင့်ကြည့်နေလိုက်သည်။ သူ့ မျက်နှာ ထားက ခပ်တည်တည် ဖြစ်နေသည်။ သဘောက မဖြစ်တော့တာလားဟု တွေးလိုက်မိ၏။

'ကျွန်မ ဘက်က ကန့်ကွက်စရာ မရှိပါဘူး၊ ဒါပေမယ့် မျှမျှတတ ဖြစ်အောင် သတိပေးထားဖို့ တော့ လိုလိမ့်မယ်၊ တကယ်လို့ ရှင်က ကျွန်မတို့ ပြောတဲ့စကားကို အသံဖမ်းထားမယ် ဆိုရင် အဲဒီ



www.burmeseclassic.com

www.burmeseclassic.com

စကားတွေက ကျွန်မထက် ရှင့်ကို ပိုပြီး အန္တရာယ်ဖြစ်စေလိမ့်မယ်လို့ ကျွန်မက ကြိုပြောလိုက်ပါရစေ'

'ခင်ဗျားက သံသယ ဖြစ်နေတယ်ဆိုရင် သက်သေအဖြစ် တစ်ယောက်ယောက်ကို ခေါ်လာခဲ့ပေါ့ဗျာ'

'ကျွန်မ တစ်ယောက်တည်း လာမှာပါ၊ ကျွန်မည ကိုးနာရီ အရောက်လာခဲ့မယ်'

အယ်လီဆန်က စကားပြောခွက်ကို ပြန်တင်လိုက်လေ၏။

## ၃၆

ပက်ဂျက်က စကား ပြောခွက်ကို ပြန် တင် လိုက် ၏။ သူ့ အနေနှင့် သုံးနာရီခန့် စောင့်ရမည် ဖြစ်သည်။ ထို အ ချိန် ကို စ တိဝ် က မိုက် ကယ် ဗို ဂ လာ၊ ဂျက် ကော့ ဟတ်ရှ် နှင့် .အီ ယန် ဘ လိတ် တို့ ထံ တယ်လီဖုန်း ဆက်၍ အသုံးချလိုက်၏။ မိုက်ကယ်ဗိုဂလာနှင့် ကြာမြင့်စွာ စကား ပြောခဲ့ရသည်။

ဂျက်ကော့ဟတ်ရှ်ကမူ ထုံး စံ အ တိုင်း ရုံး တွင် အချိန် နောက်ကျသည် အထိ အလုပ် လုပ်နေသည်။ ဂျက်ကော့ဟတ်ရှ်ထံမှ အသစ် အဆန်းများကို ထပ်မကြားရသော်လည်း သူက အယ်လီဆန်ကရိတ်ချ်နှင့် ပတ်သက်၍ သတိပေးလိုက်လေ၏။



'ဈေးဆစ်ဖို့ မမေ့နဲ့နော် ကိုယ်တော်လေး၊မင်းက ဈေး ပိုတောင်းလေလေ ပိုပြီး ယုံကြည်စရာကောင်းလေလေ ဖြစ်လိမ့်မယ်'

ဂါလာမြို့တော်၌ ရှိနေသော အီယန်ဘလိတ်ကမူ ပျော်ပျော်ရွှင်ရွှင် ရှိနေသည်။ အီယန်က ဘာဆိုတို့မှ အခြေအနေမှာ တည်တည် ငြိမ်ငြိမ် ရှိ နေ ကြောင်း၊ စစ်တပ်များသည် မဝမ်ဒီ နယ်စပ်သို့ ချီတက်သွားကြပြီး ကတုတ်ကျင်းများကို တူး၍ နေရာ ယူထားကြပြီ ဖြစ်ကြောင်း၊ သို့ရာတွင် နယ်စပ်၏ ဟိုဘက်၌ လှုပ်ရှားမှုများကို မတွေ့ရကြောင်း၊ဥရောပတိုက်တွင် ပက်ဂျက် လိုက်လံ ဝယ်ယူခဲ့သော လက်နက် အချို့ ရောက်ရှိလာပြီ ဖြစ် ကြောင်း၊ ထို မနက်ခင်း ပိုင်းတွင် ထပ်မံ၍ ရောက်ရှိလာရန် ရှိကြောင်း ပြော ပြ လိုက်သည်။

စတိဝ်က ကြားဖြတ်၍ မေးလိုက်၏။

'အက်ဖ်အန်ရိုင်ဖယ်လို့ သေတ္တာပေါ်မှာ ထင်ထင်ရှားရှား ရေးထားတဲ့ သေတ္တာတွေ ဘယ်လောက်လောက် ရောက်လာပြီလဲ'

'ကုန်ပို့လွှာ တွေကို ကြည့် ပါ ရ စေဦး၊ အင်း ဟုတ်ပြီ၊ တစ်သေတ္တာမှာ အလက် နှစ်ဆယ်စီပါတဲ့ သေတ္တာ အလုံး ၄၀ ဆယ်၊ ကျုပ်တို့ရဲ့ အစီအစဉ်အတိုင်း ထရပ်ကားတွေနဲ့ သယ်ယူမယ့် အ ချိန် ကို စောင့်ဆိုင်းရင်း လူမြင် သူမြင် ရှိနေ ကြ ပါ တယ်ဗျ။ ဟူး လူမျိုးတွေရဲ့ လုပ်ရည်ကိုင်ရည်ကြောင့် ထရပ်ကားတွေကလဲ ရက်ပေါင်း များစွာ ကြာအောင် သယ်ဖို့ ရောက်လာကြဦးမှာ မဟုတ်ဘူး'

www.burmeseclassic.com

'အပြင်ဘက်မှာ လူမြင် သူမြင် ရှိနေတဲ့ ပစ္စည်းဘာရှိသေးသလဲ'

'အင်း.... အက်ဖ် အင် ရိုင် ဖယ် တွေ အတွက် ကျည်ဆန် တစ်သောင်း၊ သံချပ်ကာ ကား တစ်စီး၊ စားစရာ သောက်စရာတွေ တပုံတပင်ကြီးနဲ့ ရေဘူးတွေ၊ မီးဖိုချောင်အဖြစ် သုံးနိုင်တဲ့ မော်တော်ကားကဆယ့်နှစ်စီး၊ ၁၀၆ မီလီမီတာအမြောက်က သုံးလက်၊ ၇၅ မီလီမီတာ ဟော် ဝစ် ဇာ အမြောက် က သုံးလက်၊ အဲဒါပါပဲ'

'သိပ်ကောင်းတာပဲဗျာ'

စတိဗ်သည် ညစာ စားပြီးနောက် ရေမိုးချိုးပြီး စပို့ရှပ်နှင့် ဘောင်းဘီရှည်တို့ကိုသာ ဝတ်ဆင်ထားသည်။ ည ၈ နာရီ ၁၅ မိနစ်တွင် အယ် လီ ဆန် ကရိုက်ချသည့် အောက်ထပ်ရှိ ဧည့်ခန်းမဆောင်ထဲသို့ ရောက်ရှိနေပြီ ဖြစ်ကြောင်း တံခါးစောင့်က သတင်းပို့လိုက်သည်။

ပက်ဂျက်က အယ် လီ ဆန် အား တံခါးဖွင့်၍ ကြိုဆိုလိုက်၏။ အယ်လီဆန်သည် ဧည့်ခန်းထဲမှ ဆိုဖာတစ်လုံးတွင် ဝင်ထိုင်လိုက်သည်။ ပက်ဂျက်ကလည်း မျက်နှာချင်းဆိုင် ဆိုဖာတွင် ဝင်ထိုင်လိုက်၏။

ပက် ဂျက် က ခြေထောက် နှစ်ချောင်းကို ချိတ်လိုက်ရင်း စကားစသည့် အနေနှင့် အငိုက်ဖမ်းလိုက်၏။



'ခင်ဗျား မိတ်ဆွေတွေနဲ့ ပတ်သက်ပြီး ဝမ်းနည်းပါတယ်ဗျာ၊ တော်တော် ဆိုးရွားတဲ့ သေပုံသေနည်းပဲ'

ဖတ်ခ်တာ တမ် အကြောင်း ပြော လိုက် သည့် အခါ တုံ့ပြန်မှု ရှိလိမ့်မည်ဟု စတိဗ်ပက်ဂျက် မျှော်လင့်ထားသည်။ သို့ရာတွင် တုံ့ပြန်မှု မရှိပါ။ အပြာရောင် မျက်လုံးများက ဘာမှ မသိသလို ကြောင်တောင်တောင် ဖြစ်နေသည်။

'အီလိုရေးက မတ်ခ်တာတမ်လေ၊ ဝမ်း နည်း စရာ ကောင်းတယ်ဗျ'

အယ်လီဆန်၏ မျက်လုံးများက စိတ်ရှုပ်သွားပုံရသည်။ ချီးမှပဲ၊ သူ အဲဒီ သ တင်း ကို မကြားသေးဘူးဟု ပက်ဂျက် တွေးလိုက်မိသည်။ သို့ရာတွင် သူ မျှော်လင့်ထားသည့် အတိုင်း အယ် လီ ဆန် က ထိုပုဂ္ဂိုလ်နှင့် မသိကျွမ်းကြောင်း ငြင်းဆိုလိုက်သည်။

'ကျွန်မက အဲဒီ နာမည်ကိုတောင် မသိပါဘူးရှင်'

'မ ဟုတ် တာ ဘဲ၊ ခင်ဗျားတို့က မိတ်ဟောင်းဆွေဟောင်း တွေပါ၊ ခင် ဗျား တို့ နောက် ဆုံးတွေ့ဆုံခဲ့တဲ့နေရာက မဒိုင်ဆန် မှာ နေ့ လယ် စာ စားခဲ့ကြတယ်လေ'

အယ်လီဆန် မတ် တတ် ထ ရပ် လိုက် သည်။ ပက်ဂျက်က ပြုံးပြီး ကုလားထိုင်တွင် ပြန်ထိုင်ခိုင်းလိုက်၏။

'အလကားပါ အယ် လီ ဆန် ရယ်၊ ကျုပ်က ခင်ဗျားအကြောင်း အပါအဝင် ဘယ်လောက်အထိ သိထားတယ် ဆိုတာကို ပြောပြချင်လို့ပါ'



www.burmeseclassic.com

www.burmeseclassic.com

ထပ်မံ၍ ငြင်းဆန်နေခြင်းဖြင့် အကျိုးထူးဖွယ်ရာ မရှိကြောင်း အယ်လီဆန် သဘောပေါက် သွားသည်။

'တာတမ်နဲ့ပတ်သက်ပြီး ကျွန်မကို ပြောပြစရာတွေ ရှိနေပြီနဲ့ တူတယ်'

'ဘုရားသခင် ကယ်တော်မူပါ၊ အဲဒါက သတင်းကြေညာချက်တွေမှာ ပါနေတာပဲ၊ ညနေပိုင်းမှာ ထုတ်တဲ့ ပို့စ် သတင်းစာမှာတောင် ပါဖို့ကောင်းပြီ'

'ဒီကနေ့ တစ်နေ့လုံး ကျွန်မက ရုပ်မြင်သံကြား အနားကိုလဲ မရောက်ခဲ့ဘူး၊ ပို့စ် သတင်းစာကိုလဲ မဝယ်ခဲ့ဘူး'

စတိဗ်က အယ်လီဆန်၏ အမူအရာကို စေ့စေ့စပ်စပ် စောင့်ကြည့်ပြီး အကဲခတ်လိုက်သည်။ အယ်လီဆန်သည် ထိုသတင်းကို မကြားရသလို လိုက်စနှင့် မပတ်သက်ဟု ပက်ဂျက် ဆုံးဖြတ်လိုက်သည်။

အယ်လီဆန်က တွေးကြည့်လိုက်၏။ မတ်ခ်တာတမ် သေဆုံးမှုကြောင့် အယ်လီဆန် တစ်ယောက် ဒုက္ခ ဖြစ်ရလေပြီ။ အယ်လီဆန်က ပုဂ္ဂိုလ်ရေးရာ အနေနှင့် မတ်ခ်တာတမ်ကို မုန်းတီးသည်။ သို့တိုင် အောင် အီလိုရေး မဂ္ဂဇင်းတိုက်အား မတ်ခ်တာတမ်က မည်သို့ မည်ပုံ အုပ်ချုပ် နေသည်ကိုလည်း အယ်လီဆန် သိပါသည်။ မတ်ခ်တာတမ်သည် မည်သည့်ကိစ္စကိုမျှ ရေးမှတ် မထားပါ။ လောလောဆယ်တွင် စီစီအိုင် ကမ်မ်ကိုက မှာထားသော ပစ္စည်းများ အနက် အချို့ တစ်ဝက်ကိုသာ ပေးပို့သေးသည်။ အကယ်၍ များများစားစား ကျန်နေသေးသော လက်နက်ပစ္စည်းများကို တင်ပို့ပေးခြင်း မရှိပါက ဟင်နရီဂါဒူး၏ ကြည်းတပ်အား လက်နက်တပ်ဆင် ပေးရေး ဆိုသော ကိစ္စကို ပြန်လည်ပြင်ဆင်ရ ပေလိမ့်မည်။ သို့တည်းမဟုတ် နောက်ထပ်ရောင်းချမည့် ပုဂ္ဂိုလ် တစ်ယောက်ကို ကမန်းကတန်း ရှာဖွေ ရပေလိမ့်မည်။

ခပ်မြှုံးမြှုံးကလေး ပြောလိုက်သော ပက်ဂျက်၏ အသံက သူ့အတွေးကို ဖြတ်တောက် ပစ်လိုက်လေ၏။

'အဲလေ၊ မားကပ်စ် တာတမ် တစ်ယောက် အေးချမ်းစွာ အနားယူနိုင်ပါစေလို့ ဆုတောင်းပြီး ကျုပ်တို့ ကိစ္စကို ပြန်အစကောက်ကြရအောင်၊ ကျုပ်က အင်မတန် တန်ဖိုးကြီးတဲ့ ပုဂ္ဂိုလ်ဆိုတော့ ကြည်ညိုစရာ မကောင်းတဲ့ ကျုပ်ရဲ့ ရည်ရွယ်ချက် တွေကို သက်သေအထောက်အထားအနေနဲ့ ခင်ဗျား ချည်းစမ်းကြည့်သင့်ပါတယ်၊ ဘာဆိုတိုမှာ ရှိတဲ့ အိုင်အီးရဲ့ အသင့်ပြင်ဆင်ရေး စီမံချက်ကို ကျုပ် တစ်ပြက် လွှလာလိုက်မယ်ဆိုရင် ခင်ဗျား ဆရာသမားက သဘောတရား ပွားများ လာလိမ့်မယ် ထင်ပါရဲ့'

'ဖြစ်နိုင်တယ်၊ နမူနာ တစ်ခုလောက်နဲ့ စမ်းကြည့် ပါလား'

ခတိပ်က ဆလင်း စီးကရက် တစ်လိပ်ကို မီးညှိပြီး ဖွာလိုက်၏။

www.burmeseclassic.com

'ဂရုစိုက်ပြီး နားထောင်ပေါဗျာ၊ ဟောဒါတွေကတော့ ဒီကနေ့အထိ ဂါလာကို ပို့ထားတဲ့ ပစ္စည်းတွေပဲ'

ပက်ဂျက်သည်အီယန်ဘလိတ်ထံမှ သိရှိထားသော ပစ္စည်း စာ ရင်း ကို ရွတ်ပြလိုက်ရာ အယ်လီဆန်၏ မယုံကြည်နိုင်သော အမှုအရာကို မြင်လိုက်ရလေ၏။

အင်မတန် ခေတ်နောက်ကျနေတဲ့ ပစ္စည်းတွေပဲဟု အယ်လီဆန်က တွေးလိုက်သည်။ ဗြိတိန်အီး လောက်ကြီးမားသော ကုမ္ပဏီကြီးများသည် ထိုကဲ့သို့သော အမှား အ ယွင်း များ ကို ကျူး လွန် ကြ လိမ့် မည် မဟုတ်ပါ။ အယ်လီဆန်က စမ်းသပ်သည့် အနေနှင့် မေးလိုက်၏။

'ဘယ်သူက ဝယ်တာလဲ၊ ဘယ်မှာ ဝယ်တာလဲ'

ပက်ဂျက်က စုံစမ်း စစ်ဆေးကြည့်မည် ဆိုပါက အစစ်ဆေး ခံနိုင်မည့် အဖြေကို ပေးလိုက်သည်။

'အီယန်ဘလိတ်က ဘာဆိုတို့မှာ တာဝန် ခံ ပုဂ္ဂိုလ်လေ၊ သူက သူ့တပည့်တွေကို ပစ္စည်းဝယ်ဖို့ ဥရောပတိုက်ကို လွှတ်လိုက်တယ်၊ သူတို့က သူတို့ ဘဝမှာ သေနတ်တွေ ဘာတွေကို ဝယ်ဖူးကြတာ မဟုတ်ဘူး၊ သူတို့က ပေးလိုက်တဲ့ ငွေရဲ့ တစ်ဝက်ကိုသာ သုံးကြတယ် ထင်ပါရဲ့'

ကျန်သောတစ်ဝက်ကို အိတ်ထဲသို့ ထည့်လိုက်ခြင်း ဖြစ်ရမည်ဟု စွပ်စွဲလိုက်ခြင်းဖြစ်သည်။ ထိုကိစ္စမျိုးမှာ မှောင်ခိုလက်နက် ရောင်းဝယ်သော ဈေးကွက်တွင် ထုံးစံလို ဖြစ်နေသည်။



ဖြစ်နိုင်သည်၊ ဖြစ်နိုင်စရာ အများကြီး ရှိသည်ဟု အယ်လီဆန်က တွေးလိုက်၏။ စုံစမ်း၍လည်း ရနိုင်သည်။ ဘာဆိုတို နိုင်ငံသို့ တိုက်ရိုက် ပျံသန်းသော လေယာဉ်ပျံများ ရှိနေသလို ခရီး သွားလာမှုနှင့် စပ်လျဉ်း၍ ကန့်သတ်ချက်များလည်း မရှိပါ။ နက်ဖြန် နံနက်တွင် စုံစမ်း ထောက်လှမ်းဖို့ လူတစ်ယောက် လွှတ်လိုက်မည်။ အကယ်၍ ပက်ဂျက်က အမှန်အတိုင်း ပြောခဲ့သည် ဆိုပါက စုံစမ်း ထောက်လှမ်းသူသည် ဂါလာ လေဆိပ်၌ စုပုံနေသော လက်နက် ပစ္စည်းများကို တစ်နည်းနည်းနှင့် ကြည့်ရှုပြီး အယ်လီဆန်ထံသို့တယ်လီဖုန်းနှင့် ပြန်၍ အစီရင်ခံရန် ဖြစ်သည်။

သူ့ အနေနှင့် ခြေကုပ် အနည်းငယ် ရသွားပြီ ဖြစ်ကြောင်း သဘောပေါက်လိုက်သော စတိဗ်က ထပ်မံ၍ သွေးတိုးစမ်းလိုက်ပြန်လေ၏။

'ကျုပ်ကို ဘာဖြစ်လို့ ကန်ထုတ်လိုက်တယ်လို့ ခင်ဗျား ထင်သလဲ၊ အီယန်ဘလိတ်ကို ယုံကြည်တာဟာ ရူးလို့ပဲ ဖြစ်ရမယ်လို့ ကျုပ်က မိုက်ကို ပြောခဲ့တယ်၊ နောက်ဆုံးကျတော့ သူ ကိုယ်တိုင် ရူးနေပြီလို့ ကျုပ်က ပြောခဲ့တယ်လေ၊ သူ့ စီမံချက်ကလဲ အလကားပါ'

'ဘယ်လို'

'ဒီလို မရဘူးလေ'

ပက်ဂျက်က ခေါင်းခါလိုက်သည်။

'ကျုပ်ကို တန်ရာတန်ဖိုး မပေးမချင်း ကျုပ်က အစအဆုံး မပြောနိုင်ဘူးလေ'



www.burmeseclassic.com

'ရှင် တောင်းတဲ့ ဈေးက ဘယ်လောက်လဲ'

စတိဗ်က ဆတ်တည်တည်နှင့် မေးလိုက်၏။

'ငါးသန်း'

အယ်လီဆန်က ရယ်လိုက်သည်။

'ရှင့်ဆီမှာရှိတဲ့ ရောင်းဖို့ပစ္စည်းဟာ ဘာပဲဖြစ်ဖြစ် ဒေါ်လာငါးသန်းရဲ့ ဆယ်ပုံ တစ်ပုံတောင် မတန်ပါဘူး'

မက်ခ်တာတမ် အသတ်ခံရမှုသည် အလွန်ကံကောင်းသော အချက် တစ်ချက် ဖြစ်သည်ဟု စတိဗ် တွေးကြည့်လိုက်၏။ အချိန်ကိုက်ပင်ဖြစ်သည်။

စတိဗ်က ပြောလိုက်၏။

'ခင်ဗျားက တန်ဖိုး ထားတတ်မှု အပေါ်မှာ မူတည်တာပေါ့လေ၊ မက်ခ်တာတမ်လို စိတ်ချရတဲ့ လက်နက် ရောင်းချသူ တစ်ယောက် အသက်ရှင် နေအောင်လုပ်ဖို့ ဘယ်လောက်အထိ တန်ဖိုးရှိသလဲ၊ အဲဒါကို ခင်ဗျား စိတ်ထဲက တွက်ချက်ကြည့်ပြီးတဲ့ အခါကျရင် ဟောဒါကို တွက်ချက် ကြည့်စမ်းပါဦး၊ ကင်းဖီးလ် အသက်ရှင် နေစေဖို့အတွက် ဘယ်လောက် မလောက် တန်ဖိုးရှိသလဲ'

အယ်လီဆန်က ဣန္ဒြေမပျက်အောင် ကြိုးစားလိုက်သော်လည်း တစ်ဝက်တစ်ပျက်သာ အောင်မြင်သည်။ ဘုရားသခင် ကယ်တော်မူပါ။ ဗွီအိုင်အီး သို့မဟုတ် ဗိုဂလာက မက်ခ်တာတမ်အား လုပ်ကြံသတ် ဖြတ် လိုက်ခြင်း ဖြစ်သလို စီဂျေ ကိုလည်း ရှင်းပစ်ရန် ကြံစည်နေသည်ဟု အရိပ်အမြွက် ပြောဆိုနေခြင်း ဖြစ်သည်။ မဖြစ်နိုင်ဘူးလား။ တ ထစ် ချ



ပြော၍မရပါ။ ဒေါ်လာ သန်းပေါင်း ထောင်ပေါင်း များစွာ ပါဝင် ပတ်သက်နေသည်။ စီဂျေ အသတ် မခံခဲ့ရသည်ရှိသော် ထိုအမြတ်အစွန်း၏ အချို့ တစ်ဝက်သည် အယ်လီဆန်၏ ပစ္စည်း ဖြစ် ရပေလိမ့်မည်။ စီဂျေ ကွယ်လွန်ခဲ့သည်ရှိသော် အယ်လီဆန် တစ်ပြားတစ်ချပ်မှ ရလိမ့်မည် မဟုတ်ပါ။

ပက်ဂျက်က အမှန်တရားကို ရှောင်ဖို့ ကြိုးစား နေခြင်းပေလော။

'ကောင်းပြီလေ၊ ငါးသန်း ပေးမယ်၊ ရှင်က စီဂျေ....မစ္စတာ ကင်းဖီးလ်နဲ့ တွေ့တဲ့ အခါကျရင် သူနဲ့ကျွန်မ ကျေနပ်တဲ့အထိ အသေးစိတ် ပြောပြရမယ်'

'အဲဒါနဲ့တောင် ဘယ် လုံလောက်ပါ့မလဲ၊ ကျုပ်က အိတ်သွန်ဖာမှောက် ပြောပြပြီးတဲ့ အခါကျမှ ခင်ဗျားတို့က နောက်ပြန်ဆုတ်သွားရင် ဘယ်လိုလုပ်မလဲ၊ ငါးသန်းကို ဆွစ်ဇာလန်မှာ ရှိတဲ့ ကျုပ် ငွေစာရင်း ထဲမှာ ကြိုတင်ပြီး ထည့်ပေးထားရမယ်'

'ရှင့်ကိုလဲ မေးခွန်း တစ်ခွန်း ပြန်မေးရလိမ့်မယ်၊ ရှင်က ပိုက်ဆံရပြီးတဲ့ နောက်ပိုင်းမှာ နောက်ဆုတ်သွားမယ် ဆိုရင်ကော'

စတိဗ်က ပြုံးပြလိုက်သည်။

'ကျုပ်က ပြောမပြဘူးဆိုရင် မစ္စတာကင်းဖီးလ် ဖြစ်မယ့် ကိစ္စမျိုးကို ကျုပ်ကလဲ ကြောက်နေရတော့ မှာပေါ့'

အယ်လီဆန်က စိတ်ထဲမှ တွက်ချက်ကြည့်လိုက်၏။ ပက်ဂျက်က အမှန်အတိုင်း မပြောခဲ့သည့်တိုင်အောင်



www.burmeseclassic.com

www.burmeseclassic.com

ဂါလာသို့စေလွှတ်မည့် စုံထောက်၏ အစီရင်ခံစာကို သူ သိချင်ပါသေးသည်။ ပြီးတော့လည်း စီဂျေ၏ စိတ်အနေအထားသည် ကျိုးကြောင်းဆင်ခြင်နိုင်သော အဆင့်တွင် တည်တည်ငြိမ်ငြိမ် ရှိနေစေဖို့ လိုအပ်နေ ပါသေးသည်။ ထို့ကြောင့် အယ်လီဆန် အနေနှင့် ဂါဒူး မြို့တော်သို့ ပြန်ရန် အချိန် နောက်ကျသွား နိုင်သည့်တိုင်အောင် အချိန်ဆွဲဖို့တော့ လိုအပ်နေပါ သေးသည်။ နောက်ထပ်၍ အချိန်မည်မျှ ရနိုင်ပါ မည်နည်း။

'ကျွန်မကပဲ အလောင်းအစား လုပ်လိုက်ပါ့ မယ်လေ'

အယ်လီဆန်သည် စီဂျေ၏ ငွေနှင့် အလောင်း အစား လုပ်ရဲပါသည်။ စီဂျေ၏ အသက်ကိုတော့ မလောင်းရဲပါ။ အယ်လီဆန်က အစ်အောက်သည့် အနေနှင့် မေးလိုက်သည်။

'တွေ့ဆုံဖို့ ဘယ်လောက်လောက် ခပ်စောစောမှာ ချိန်းလိုက်ရမလဲ'

စတိဗ်က ပြောလိုက်သည်။

'သိပ် အလျင်စလို မဟုတ်ပါဘူး၊ ကင်းဖီးလ်ဟာ မတ်လ ၁၈ ရက်နေ့အထိ စိတ်ချရပါတယ်၊ အဲဒီ နောက်ပိုင်းကျတော့....'

စတိဗ်က ပခုံး တွန့်ပြလိုက်သည်။

'ကျွန်မတို့က လိုအပ်မယ့် အစီအစဉ် တွေကို လုပ်လိုက်ပါ့မယ်လေ၊ ကျွန်မက ရှင့်ကို ဟယ်လီဖုန်းနဲ့ ဆက်သွယ်နေပါ့မယ်'



အယ်လီဆန်က ပြောပြော ဆိုဆိုနှင့် တိုင် ရာ က ထလိုက်၏။

'ပြန်တော့မလို့လား'

စတိဗ်က ဆိုဖာပေါ်မှ ထရင်း မေးလိုက်၏။

'မပြန်သေးပါဘူး၊ ကျွန်မက ဒီမှာ အတော် ကလေး ကြာအောင် နေဦးမှာပါ'

အယ်လီဆန်က အင်္ကျီ ကြယ်သီးများကို ဖြုတ်ရင်း ပြန်ဖြေလိုက်သည်။

အယ်လီဆန်က မေးလိုက်၏။

'ဘယ်နှစ်နာရီ ရှိပြီလဲ'

'နှစ်နာရီ သုံးဆယ့်ငါး'

'မဖြစ်နိုင်ဘူး'

ပက်တာဆန်က စီးကရက် သောက်ရင်း ပြန်ဖြေ လိုက်သည်။

'ဟုတ်ပါတယ်'

'စတိဗ်'

'ဟင်'

'ကျွန်မက ဂါလာကို လူတစ်ယောက် လွှတ်လိုက် မယ်၊ ရှင်ပြောတဲ့ သတင်းကို ဖင်ပြန် ခေါင်းပြန် စစ်ဆေးကြည့်ရမယ်'

'ရပါတယ်'

'စာရင်းတွေကတော့ တိတိကျကျ ကိုင်ရလိမ့် မယ် စတိဗ်ရေ'



www.burmeseclassic.com

www.burmeseclassic.com

'ကျုပ်အတွက် မကိုက်ညီပါစေနဲ့လို့ မျှော်လင့်ပါတယ်၊ ဘာပဲ ဖြစ်ဖြစ်လေ စာရင်းကတော့ ကိုက်မယ်လဲ မထင်ပါဘူး'

'အံ့သြစရာပဲ၊ ဘာဖြစ်လို့လဲ'

'အပျော်တမ်းသမားတွေကိုး'

စတိမ်က ရယ်လိုက်သည်။

'ဒီလိုလေဗျာ၊ အင်မတန် တော်တဲ့ စုံထောက်တစ်ယောက်ဟာ ပြောလိုက်တဲ့အတိုင်း တိတိကျကျဖြစ်နေတာကို တွေ့ရတယ်ဆိုရင် တမင် လုပ်တာပဲလို့ သံသယဝင်သွားလိမ့်မယ်၊ နောက်ပြီးတော့လဲ ဘာလိတ်ဆီကို နောက်ထပ် မှာထားတဲ့ ပစ္စည်းတွေ ရောက်လာစရာရှိသေးတယ်၊ ခင်ဗျားကို ဘက်က စိတ်ပူစရာ ပစ္စည်းတွေ မဟုတ်ပေမယ့် ပစ္စည်းတွေကတော့ ပိုများလာလိမ့်မယ်'

ကျိုးကြောင်း ဆက်စပ်မှု ရှိသည်၊ ရှေ့နောက် ညီညွတ်မှု ရှိသည်ဟု အယ်လီဆန်က တွေးလိုက်၏။ ထိုကိစ္စကို သူ ဘာကြောင့် မတွေးမိတာပါလိမ့်။

အယ်လီဆန်၏ အတွေးကို ရိပ်မိသော စတိမ်က ဦးလေးကြီး ပုံစံနှင့် အယ်လီဆန်၏ ပခုံးကို ပုတ်ပြီး ပြောလိုက်သည်။

'ခင်ဗျားတို့လို ထိပ်ပိုင်းက အုပ်ချုပ်ရေးဝန်ထမ်းတွေဟာ ထင်းထင်းကြီး ပေါ်နေတဲ့ ဟာမျိုးကိုတောင် မမြင်တတ်ကြဘူး၊ ဒါကြောင့် ကျုပ်တို့လို တောက်ပြား ဌာနမှာ ရှိနေတဲ့ ကျွမ်းကျင်သူတွေက လခများများ ရနေကြတာပေါ့လေ၊ အဲဒါကလဲ သူငယ်ပြန်နေတဲ့ အဘိုးကြီး တစ်ယောက်နဲ့ အင်မတန် ရိုင်းတဲ့ သူ့သမီးက ကန့်မထုတ်လိုက်ခင် အထိပါ'

ပက်ဂျက်က သူ့ စကားကို သေချာ ပေါက် သဘောထားပြီး ရယ်တန်း ရယ်ပစ်လိုက်သည်။

'ရှင်က ဒိုင်ယာနီ ဗိုဂလာကို ပြောတာလား'

စတိမ်က ခေါင်းညိတ် ပြလိုက်သောအခါ ဆက်ပြောလိုက်ပြန်၏။

'အေးလေ၊ သူ အင်မတန် ဆိုးတယ်လို့နာမည်ကြီးနေတာပဲ၊ ဒါပေမယ့် သူက ရှင့်ကို ဘယ်လိုနည်းနဲ့ အလုပ်က ဖြုတ်ပစ်နိုင်တာလဲ'

'ခု လောလောဆယ်မှာတော့ မင်းသမီးလေးကမိုက်ရဲ့ ညာလက်ရုံးလေ'

'ဒါက အဖြေမှ မဟုတ်တာ၊ ယောင် ဝါး ဝါး ပြောတဲ့စကားပဲ'

စတိမ်က ဆလင်း စီးကရက် တစ်လိပ်ကို မီးညှိလိုက်ပြီးနောက် ခပ်ပြင်းပြင်း ဖွာရှိုက်လိုက်သည်။

'ချီးမှုပဲ၊ အေး လေ၊ ကျုပ်က ခင်ဗျားကို ဘာဖြစ်လို့ မပြောရမှာလဲ၊ နောက်ဆုံး စကားများကြတဲ့ ပွဲကတော့ သူ့ ချွတ်ယွင်းချက်ကြောင့် ဖြစ်တာပဲ'

စတိမ်က နောက်ဆုံးတွင် မပြောလိုတော့ဟန်နှင့် ရယ်တန့်ပစ်လိုက်သည်။ အယ်လီဆန်က မေးလိုက်၏။

'ဘာဖြစ်လို့လဲ'

'ကင်းဖီးလ်လေ၊ ကင်းဖီးလ်ကို အပြတ် ရှင်းဖို့ ဆိုတာ သူ့ စိတ်ကူးပဲ၊ သူက ကျုပ်ကို ကန့်ပစ်နိုင်ရဲ့

www.burmeseclassic.com

သာမက အဲဒီ အကြံကို လက်ခံအောင်ပါ လုပ်နိုင်ခဲ့တယ်လေ'

အယ်လီဆန် မျက်လုံးပြူးသွားသည်။

ပက်ဂျက်က ပခုံးတွန့်ပြီး ခပ် လျှောင် လျှောင် မျက်နှာထားနှင့် ပြောလိုက်ပြန်၏။

'အထိတ်တလန့် ပုံစံ မျိုးတွေကို လုပ်ပြမနေပါနဲ့လေ၊ ခင်ဗျားက ဝယ်ပြီး ပြန်ရောင်းခဲ့တဲ့ လက်နက်တွေနဲ့ စာရင်းကို မှတ်မိနိုင်စရာတောင်မရှိတော့ဘူး၊ မစ်(စ်)ဗိုဂလာက လက်နက် အ သုံး ပြု မယ့် လူတွေကို ငှားတာ၊ ခင်ဗျားတို့ကတော့ ဒီပုတ်ထဲက ဒီပဲပါပဲ'

'မတ်လ ၁၈ ရက် နေ့ အ ထိ စီဂျေ အ တွက် စိုးရိမ်စရာ မရှိဘူးလို့ ရှင် ပြောခဲ့တယ်နော်'

ပက်ဂျက်က ခေါင်းညိတ်သည်။

'အစီအစဉ် သေချာသွားပြီ၊ ပြောင်းလဲလို့ မရတော့ဘူး၊ ကျုပ် အာမခံပါတယ်'

'ဘာနဲ့ အာမခံတာလဲ'

'ကျုပ် အသက်နဲ့လေ၊ ခင် ဗျား ရဲ့ အပေါင်းအသင်း လောရင့် ဟော့ပါးက ကျုပ် ကို အပြတ်ရှင်းပေးမယ့် လူကို နှစ်မိနစ်အတွင်း ရအောင် ရှာနိုင်ပါလိမ့်မယ်'

'ဟုတ်ပါပြီ၊ ကဲ ကျွန်မ အိမ်ပြန်မှ ဖြစ်မယ်'

ပက်ဂျက်က အိပ်ရာထဲမှ လူးလဲထပြီး ပြောလိုက်သည်။

'ကျုပ် လိုက်ပို့ပါ့မယ်'



'ကျွန်မတို့လို ထိပ်ပိုင်းက အုပ်ချုပ်ရေး ဝန်ထမ်းတွေမှာ အမြင် ချို့တဲ့နေတာ ရှိကောင်း ရှိမယ်၊ ဒါပေမယ့် ကျွန်မတို့မှာလဲ အရည်အချင်းကလေးတွေ ရှိပါတယ်၊ ကျွန်မရဲ့ ယာဉ်မောင်းက အောက်ဘက်ကားဧည့်ခန်းထဲမှာ စောင့်နေပါတယ်ရှင်'

# ၃၇

နောက် တစ် နေ့ တွင် အယ် လီ ဆန် က စ တီ ဖင် ပက်ဂျက်နှင့် သူ တွေ့ဆုံခဲ့ရသည့် ကိစ္စကို ဂရုတစိုက်တည်း ဖြတ် ၍ စီဂျေ ကင်းဖီးလ်အား ပြော ပြ လိုက်သည်။ ကင်းဖီးလ်သည် ပုံမှန် အတိုင်း ရှိနေပုံရသော်လည်း သူ့ အသက်ကို လုပ် ကြံ မည့် ကိ စ္စ အား ပြောပြလိုက်ခြင်းဖြင့် ကင်းဖီးလ်၏ စိတ်တည်ငြိမ်မှု ပျက်ပြား သွားစေမည့် ကိစ္စကို ရှောင်ကြဉ်လိုက်ခြင်းဖြစ်သည်။

'ပက်ဂျက်က ရောင်းမယ်၊ ကျွန်မတို့က ဝယ်မယ်၊ ဒါပေမယ့် ကျွန်မက သူ့ကို နိုက်နိုက် ချွတ်ချွတ် စုံစမ်းလို့ မပြီးမချင်း သူ့ကို ငွေ မပေးဘူး'

စီဂျေက မေးလိုက်၏။

'ဒါဆိုရင် မင်း နယူးရောခ်မှာ ဆက်နေ ဦးမှာပေါ့၊ ဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com

'ဟုတ်တယ်၊ အစီရင်ခံစာ အားလုံးကို ရပြီးတဲ့ အထိ နေမယ်'

၎င်း၏အပြင် မတ်ခ်တာတမ်ကြောင့် လစ်ဟာ သွားသည့် ကိစ္စကို ဖြည့်စွက်ပြီးသည် အထိ သူ နေရ ပါလိမ့်မည်။ သူသည် အနောက်ဘက် ကမ်းခြေ ဒေသနှင့် ဆက်သွယ်ခဲ့ပြီး ဖြစ်သည်။ အီလိုရေး မာကင်တိုင်းမှ တယ်လီဖုန်းကို ဖြုတ်ထားခဲ့ပြီးလေပြီ။ အနာဟိမ်း သတ္တုနှင့် ဓာတုဗေဒ ကုမ္ပဏီမှ အရာရှိ ကြီးများကလည်း အပြည့်အစုံ ပေးပို့ပြီး ဖြစ်သော အမှာစာကို ဖြစ်စေ၊ ပြည့်ပြည့် စုံစုံ မပေးပို့ရသေး သော အမှာစာကို ဖြစ်စေ မသိရှိကြောင်း တညီ တညွတ်တည်း ငြင်းဆိုခဲ့ကြသည်။ ထိုကိစ္စနှင့် ပတ်သက်၍ သူတို့က အီလိုရေးမာကင်တိုင်းကိုပင် မကြားဖူးကြောင်း ဖြေခဲ့ကြသည်။ အယ်လီဆန်သည် ဂါဒူးမြို့တော်မှ လောရင့်ဟော့ပါးနှင့်လည်း စကား ပြောဆိုခဲ့ပြီး ဖြစ်သည်။ ဟော့ပါးက အီလိုရေး မာကင်တိုင်းမှ ပစ္စည်းများ ရရန် ကျန်ရှိနေသေး ကြောင်း ပြောပြလိုက်သည်။

'........အဲဒီ ပစ္စည်းတွေဟာ ရန်းဒေါ်ရဲ့ ဘပ်ဖွဲ့နဲ့ ကျုပ်တို့ ဖွဲ့စည်းမယ့် တိုင်းရင်းသား စစ်တပ်တွေရဲ့ တိုက်ခိုက်မှု စွမ်းရည် ထက်မြက်ရေး အတွက် သိပ် အရေးပါတယ်၊ ခင်ဗျားက နောက်ထပ် ရနိုင်မယ့် နေရာ တစ်နေရာကို ထပ်ရှာပြီး ခပ်မြန်မြန် ပို့ပေးဖို့ စီစဉ်သင့်တယ်'

အယ်လီဆန်က လောရင့် ဟော့ပါးနှင့် ဆွေးနွေး ချက်ကို စီဂျေ ကင်းဖီးလ်အား ပြောမပြခဲ့သလို



မတ်ခ်တာတမ်ကိုလည်း စကား ပြောစရာ အချက် တစ်ချက် အနေနှင့် ထည့်သွင်း ပြောဆိုခဲ့ခြင်း မရှိပါ။ ကင်းဖီးလ် ပြောလေ့ရှိသော သူ့ စကား အတိုင်း 'အရေးပေါ် ကိစ္စများအတွက် ကြိုတင်၍ ကာကွယ်မှု ပြုလုပ်ထားရန် ချွတ်ယွင်းမှု' နှင့် 'ပစ္စည်း ပေးသွင်းနိုင်မည့် အရန် ပေးသွင်းသူ တစ်ယောက်ကို ကြိုတင်၍ ရွေးချယ်မထားမှု' အတွက် ကင်းဖီးလ် ဒေါသကာ အယ်လီဆန့် အပေါ်တွင် အုံကြွ ပေါက်ကွဲ လာနိုင်ပေသည်။ မတ်ခ်တာတမ် မည်သို့ မည်ပုံ သေဆုံး ခဲ့ရသည်ကို ပြောပြလိုက်ပါက စီဂျေက ဘယ်ပုံ တုံ့ပြန် လိမ့် မည်ကို ဘုရားသခင်က သာ သိနိုင် ပေလိမ့်မည်။ အလွန့်အလွန် အာရုံ စူးရှ ထက်မြက် နေချိန်တွင် စီဂျေသည် အဓိပ္ပာယ်ကို နားလည်သွားပြီး သူ့ အသက်အန္တရာယ်ကို စိုးရိမ်သောကြောင့် တစ်ဟုန်ထိုး စိတ်ဓာတ် ကျဆင်း သွားနိုင်ဖွယ်ရာ ရှိနေပါသည်။

ကင်းဖီးလ်သည် ယခု အခိုက်အတန့်တွင် စီစီဒိုင် ရုံးချုပ် အဆောက်အအုံသို့ မသွားဘဲ နေအိမ်၌သာ နေထိုင်သင့်ကြောင်း အယ်လီဆန်နှင့်မက်သယူးဝင်သ် တို့က သဘောတူညီကြသည်။

အယ်လီဆန်က ချော့ချော့ မော့မော့ ပြော လိုက်၏။

'ရှင် ဒီမှာ နေပြီး အလုပ် လုပ် တာ က ပိုပြီး ထိရောက်မှု ရှိလိမ့်မယ်၊ အာရုံ တုံ့ပြန်မှု မရှိဘူး၊ အနှောင့်အယှက် မရှိဘူး'

'မင်းကရော ဘယ်လိုလဲ'



www.burmeseclassic.com

www.burmeseclassic.com

စီဂျေက ပြန်မေးလိုက်၏။

'ကျွန်မလဲ ကျွန်မ အိမ်မှာပဲ အလုပ် လုပ်မယ်လေ'

'ဘာဖြစ်လို့ ဒီမှာ မလုပ်တာလဲ'

'ကျွန်မ တို့ နှစ် ယောက် စ လုံး အတွက် အာရုံပြန့်စရာတွေ ဖြစ်လာနိုင်လို့ ပါ'

'သိပ် ဖြစ်နိုင်တာပေါ့ကွာ၊ ညစာ စား ပြီး ရင် အဲဒီကို ကျုပ် လာခဲ့မယ်'

ဒုတိယတန်းစား အပျော်ဇနီး အဆင့်သို့ ပြန်လည်ရောက်ရှိ သွားပြန်ပြီဟု အယ်လီဆန်က တွေးလိုက်မိ၏။ အယ် လီ ဆန် က ပြန်ရန် ဟန် ပြင် လိုက်ချိန်တွင် စီဂျေက မေးလိုက်သည်။

'ဒါနဲ့ စကားမစပ် မင်း လုပ်ရမယ့် လုပ်ငန်းစဉ်တွေက ဘယ်လိုလဲ'

'သိပ် များ တယ်၊ ကျွန် မ က နောက် တစ် ကြိမ်ရွေတွဲ ထပ်ပို့ နိုင်အောင် စီစဉ်ချင်တယ်'

'ဟုတ်တယ်၊ အနည်းဆုံး နောက်ထပ် တစ်တန်ပေါ့ကွာ၊ လူသိများအောင် ထပ်လုပ်ပါဦး၊ တခြားဘာ ရှိသေးသလဲ'

'ကျွန်မက ပစ္စည်း ပို့မယ့် ကိစ္စတွေနဲ့ ရောက်မရောက် ဆိုတာ တွေ ကို စစ် ဆေး ဖို့ ရှိနေ တယ်၊ ကျွန်မ လောရင့် ဟောဖ့ပါးနဲ့ တစ် နေ့ ကို သုံးကြိမ်လောက် တယ် လီ ဖုန်း နဲ့ ညှိ နှိုင်း ဆွေး နွေး ဖို့ရှိပါတယ်'

စီဂျေက မေးလိုက်ပြန်၏။

'ဟို သတင်းပေး ပက်ဂျက်ကရော ဘယ် လို လဲ'



'သူကတော့ ဦးစားပေး အဆင့်မှာ ရှိပါတယ်၊ ကျွန်မ ကုမ္ပဏီက စုံထောက် တစ်ယောက်ကို ငှားပြီးပါပြီ၊ ဒီကနေ့ ညနေ သုံးနာရီမှာ ဂါလာ မြို့ ကို တိုက်ရိုက် ပျံသန်း မယ့် ပန်အမ် လေ ယာဉ် ပျံ နဲ့ လိုက်သွားပါလိမ့်မယ်'

'သူက ဘယ်သူ့ ဆီကို သတင်း ပို့ရမှာလဲ'

'ကျွန်မဆီကို သတင်း ပို့ရ လိမ့်မယ်၊ ကျွန်မက လမ်းညွှန် စာ အုပ် ထဲ မှာ မ ပါ တဲ့ တယ် လီ ဖုန်း နံပါတ်ကို ပေး ထား တယ်၊ သူက 'အား လုံး ကို စုံစမ်းပြီးတဲ့ အခါမှာ တယ် လီ ဖုန်း တစ် ကြိမ် သာ ဆက်ပြီး အသေးစိတ် အစီရင်ခံစာနဲ့ ပြန်လာခဲ့ဖို့ မှာထားပါတယ်'

'မင်း သိပ် တော်တယ် အယ်လီဆန်'

မတ်လ ၆ ရက် သောကြာနေ့ နံနက် ၇ နာရီ ၄၅ မိနစ်တွင် ဂါလာ မြို့တော်သို့ ရောက် ရှိ နေ သော ဝေါလ်တာပါးရစ်ရှ်ထံမှ တယ်လီဖုန်းနှင့် ဆက်သွယ်လာမှုကို အယ်လီဆန် လက်ခံ ရရှိခဲ့သည်၊ စီဂျေသည် အယ်လီဆန်၏ နေအိမ်သို့ ညက လာရောက် ခဲ့သော်လည်း ယ ခင် ပုံစံ အ ဟောင်း အ တိုင်း နံ နက် စောစော ကပင် ပြန် သွား ခဲ့ သ ဖြင့် အယ်လီ ဆန် တစ်ယောက်တည်း ရှိနေသည်။

ဝေါလ် တာ ပါး ရစ် ရှ် က အယ် လီ ဆန် အား နာ မည် ကို မ ခေါ် ဘဲ သူ၏ စုံ စမ်း ချက် သည်



www.burmeseclassic.com

www.burmeseclassic.com

ပြည့်ပြည့် ဝဝ အောင်မြင်မှု ရှိကြောင်း အစီရင်ခံလိုက်သည်။

'ခင်ဗျား သိချင်တဲ့ ကိစ္စတွေကို ကျုပ် ရှာတွေ့ခဲ့ပါပြီ၊ ခင်ဗျားကို သတင်းပေးတဲ့ ပုဂ္ဂိုလ်က အခြေခံအားဖြင့် မှန်ကန်ပါတယ်၊ ပစ္စည်း ပမာဏကတော့ နောက်ထပ် ရောက် လာ တဲ့ ပစ္စည်းတွေ ကြောင့် ပိုများနေတယ်'

'အဲဒီ ပစ္စည်းတွေကို မြင်ရဖို့အတွက် တော်တော်ကာလေး ဒုက္ခ ခံရသေးသလား'

'သိပ် ဒုက္ခ မများလှပါဘူး၊ အဲဒီ ကိစ္စမှာထဲ ခင်ဗျားကို သ တင်း ပေး တဲ့ လူက မှန် ပါ တယ်၊ အားလုံးကို ပြောင်ပြောင်တင်းတင်းပဲ ချထားတယ်၊ ပစ္စည်းတွေကို တာလပတ် စနဲ့ ဖုံးထားဖို့ ကြိုးစားပေမယ့် မအောင်မြင်ပါဘူး၊ စစ်သား တ ချို့ လဲ စောင့်နေတယ်၊ ဒါပေမယ့် သူတို့ကို လာဘ်ထိုးလို့ လွယ်ကူပါတယ်'

'အဲဒီက ဖယောဘုယျ အခြေအနေက ဘယ်လိုလဲ'

'ငြိမ်သက်နေတယ်'

'ကြောက်လန့်ပြီး ငြိမ်သက် နေတာလား'

'မဟုတ်ဘူး မစ်(စ်)၊ ထုံးစံ အတိုင်း သွားလာ ရောင်းဝယ်နေကြတယ်၊ ဒီမှာ ရှိနေတဲ့ လူအားလုံးက မတ်လ ဆယ့်ခြောက် ရက်နေ့မှာ ကျင်း ပ မယ့် အနောက် အာဖရိက လေယာဉ်ပျံ ပြပွဲ အကြောင်းကိုပဲ ပြောဆိုနေကြတယ်'

'သိပ် ကောင်း တယ်၊ ရှင် ရရာ လေ ယာဉ် ပျံနဲ့သာ နယူးရောခ်ကို ပြန်လာခဲ့ပေတော့'

စတီဖင်ပက်ဂျက်က ဂါလာသို့ စုံထောက်တစ်ယောက် ရောက်ရှိ လာလိမ့်မည် ဖြစ်ကြောင်း အီယန်ဘလိတ်အား ကြိုတင်၍ သတင်း ပေးထားသည်။ ဝေါလ်တာပါးရစ်ရှ်ကို ရှာရသည်မှာ အလွန် လွယ်ကူပါသည်။ သူ ဟိုတယ်တွင် တည်းခိုပြီးသည်နှင့် တစ် ပြိုင် နက် သူ့ တယ် လီ ဖုန်း ကြိုးကို ကြားက ဖြတ်၍ နား ထောင် ရန် စီ စဉ် ပြီး ဖြစ်သလို သူ ပြောသမျှ စကားများကို အသံ ဖမ်း ယူ ထား သည်။ သူနှင့် အယ်လီဆန် ပြောသော စကားများကို အသံ သွင်း ယူ၍ ပြီး စီး သည် နှင့် တစ် ပြိုင် နက် တိတ် ခွေ ကို အီ ယန် ဘ လိတ် ထံ အ မြန် ဆုံး ပို့ပေးလိုက်သည်။

အီယန်ဘလိတ်သည် လုပ်လက်စ အလုပ်များကို ရပ်တန့် ထားလိုက်ပြီးနောက် ထို တိတ်ခွေကို ဖွင့်၍ နားထောင်လိုက်သည်။ ထို့နောက် ဆက် သွယ် ရေး ဂြိုဟ်တုမှတစ်ဆင့် တယ်လီဖုန်းနှင့် ဆက်သွယ်လိုက်၏။

အီ ယန် က အပြင် သို့ ထွက် တော့ မည့် ဆဲဆဲ ဖြစ် နေ သော စထိဗ် ပက်ဂျက်အား တိတ် ခွေ ထဲ မှ အကြောင်းအရာများကို အတို ချုံး၍ ပြောပြလိုက်သည်။ ထို့နောက် အီယန်ဘလိတ်က

'ခင်ဗျား ပြနေတဲ့ မျက် လှည့် က ရန်သူတွေကို စိတ်ညို့ ထားပြီပဲ' ဟု ပြောလိုက်သည်။

'ဒါပေမယ့် သူတို့က ကျုပ်တို့ကို အပိုင် ကိုင်ထား နိုင်တုန်းပဲ၊ ကျုပ်တို့က ပန်းတိုင်ကို ကျော် နိုင် တဲ့ အခါကျမှ လက် ခုပ် တီး ဖို့ ချန် ထား လိုက် မယ်၊

www.burmeseclassic.com

www.burmeseclassic.com

ဒါကလဲ ပန်းတိုင်ဆီကို ရောက်ပါမှ'

တယ်လီဖုန်း စကား ပြောခွက်ကို ပြန်တင်ပြီးသော အခါ ပက်ဂျက်က ဂပ်စ်အား ပြောလိုက်သည်။

'ကဲ၊ သွားကြရအောင်'

အီယန်ဘလိတ် ဆက်သွယ် လာချိန်တွင် သူတို့သည် အပြင်သို့ ထွက်တော့မည့်ဆဲဆဲ ဖြစ်နေသည်။ အယ်လီဆန်သည် ဂါလာမှ သတင်းပို့ချက်ကို ရရှိမည်မှာ သေချာသည်။ ထို သတင်းကို ရရှိပြီးနောက် အယ်လီဆန်ကသူ့ ထံသို့ အချိန်မရွေး တယ်လီဖုန်းနှင့် ဆက်သွယ်နိုင်ပေသည်။ သူ ကိုယ်တိုင်လည်း ချိန်းဆိုခြင်း မရှိဘဲ ပေါက်ချ လာနိုင်သည်။ ထိုကဲ့သို့ အယ်လီဆန် လာရောက်ခဲ့သည် ရှိသော် သူက တခြား တစ်နေရာသို့ သွားနေချင်သည်။ အယ်လီဆန် တစ်ယောက် စောင့်နေရစေချင်သည်။ စိတ်တိုနေစေချင်သည်။ ဂနာမငြိမ် ဖြစ်နေ စေချင်သည်။ သူက တယ်လီဖုန်းနှင့် ဆက်သွယ် လာသည့် အခါ ပြန်၍ အဖြေပေးသော စက်တွင် အောက်ပါအတိုင်း အသံသွင်းထားလိုက်သည်။

'ကျုပ် ပက်ဂျက်ပါ၊ ကျုပ် ဒီ ကနေ့ နေ့ခင်းနဲ့ တစ်ညနေလုံး အပြင် ထွက်စရာ ရှိနေတယ်၊ ပြောစရာ ရှိရင် ပြောခဲ့ပါ၊ ဒါမှ မဟုတ် ကျုပ်ကို နက်ဖြန်ခါကျမှ တယ်လီဖုန်း ဆက်ပါ'



အုတ်နှင့် ဆောက်ထားသော အရပ် ခပ်ဆိုးဆိုး အဆောက်အအုံသည် တစ်ကြိမ်သော အခါက ဘရုတ်ကလင် ရပ်ကွက်မှ ပရိဘောဂ ထုတ်လုပ်သော ကုမ္ပဏီ တစ်ခု၏ ဂိုဒေါင် တစ်လုံး ဖြစ်ခဲ့ဖူးသည်။ ယခု အချိန်အထိ 'ဂိုဒေါင်' ဘဝ တွင် ရှိနေပြီး ထို အဆောက်အအုံကို လူတို့ ဖက်ဆို ဘလိုဂီ၏ ကုမ္ပဏီက ပိုင်ဆိုင်သည်။ ထို ဂိုဒေါင်တွင် သိမ်းဆည်းထားရှိသော ပစ္စည်းများမှာ တစ်နေ့နှင့် တစ်နေ့ မတူညီကြပါ။ ယနေ့ နံနက် ဆယ်နာရီ ကျော်ကျော်ခန့်တွင် ဂိုဒေါင်ထဲ၌ မည်သည့် ပစ္စည်းမှ ရှိမနေခဲ့ပါ။ လူပုဂ္ဂိုလ်များသာ ရှိ နေ ကြ သည်။ သူ တို့ သည် သစ်သား ခေါက်ကုလားထိုင်များ ပေါ်တွင် ထိုင်သူက ထိုင်၍ ကိုယ့် အစုကလေးနှင့် အတူ မတ်တတ်ရပ်သူက ရပ်နေကြသည်။ သူ တို့ ကို ဘ လို ဂီ က ကော်ဖီနှင့် စားစရာများကို တိုက်ကျွေး ထားသည့် အပြင် ဂိုဒေါင်ကိုလည်း အ ငွေး ဓာတ် ရရှိအောင် ဖန်တီး ထားသောကြောင့် သူတို့သည် သက်သောင့်သက်သာ ရှိနေကြသည်။ သို့ရာတွင် စိတ်တထင့်ထင့်တော့ ဖြစ်နေကြသည်။ သူတို့စောင့် မျှော်နေ ကြသည်။

လူးဝစ်ဘလိုဂီက ပင်မ သို လှောင် ခန်း နှင့် နံရံ တစ်ချပ် ခြားနေသော သူ့ ရုံးခန်းထဲတွင် စတိဗ်နှင့် ငုံယင်သန်သို တို့ကို လက်ခံ တွေ့ဆုံသည်။

ဖက်ဆိုဘလိုဂီက စာရွက် တစ် ထပ် ကြီးညှပ် ထားသော ကတ်ပြားကို ထုတ်ယူလိုက်ရင်း



www.burmeseclassic.com

www.burmeseclassic.com

'ကိုးဆယ့် ခြောက်ယောက်၊ လူလေးရာ နီးပါး ထဲက ကျုပ် ကိုယ်တိုင် ရွေးထားတာ၊ အဲဒါကို ခင်ဗျား ယုံရဲ့လား'

'ယုံပါတယ်ဗျာ၊ ဒါပေမယ့် နေ့စမ်းပါဦး ကျုပ်က လူ တစ်ရာ တောင်းထားတာ၊ ဘာဖြစ်လို့ ကိုးဆယ့်ခြောက်ပဲ ရှိရတာလဲ ဖက်ဆိုရဲ့'

'ကျုပ်က ကိုးဆယ့်နှနစ်'

ဘလိုဂီက ပြုံးပြီး ပြောလိုက်သည်။ သူက ငုယင်သန်သို၏ လက်မောင်းကို ဆုပ်ကိုင်၍ ကြမ်းပြင်ပေါ်မှ အလွယ်တကူ မြှောက်ပြလိုက်ပြီး

'ဟောဒီ ဂပ်စ်က ကိုးဆယ့်ရှစ်၊ ကျုပ် လူနှစ်ယောက်က တစ်ရာ ဖြစ်အောင် ဖြည့်ပေးကြလိမ့်မယ်'

ပက်ဂျက်က မျက်စ ချီလိုက်၏။

'ခင်ဗျားရဲ့ လူနှစ်ယောက် ဟုတ်လား၊ သူတို့က ခင်ဗျား အတွက် အလုပ် လုပ်နေကြတယ် ဆိုရင် သူတို့လဲ ကြီးပွားနေတဲ့ လူတွေပဲ ဖြစ်ရမယ်၊ သူတို့က ဘယ်လိုနည်းနဲ့ လိုက်လာ ချင်ရတာလဲ'

'ပထမဦးဆုံး အချက်ကတော့ သူတို့က ကျုပ်ကို စောင့်ရှောက်ချင်ကြတယ်လေ'

'နေ့စမ်းပါဦး လူးဝစ်ရဲ့၊ ကျုပ်တို့ရဲ့ အပေးအယူထဲမှာ ကိုယ်ပိုင် သက်တော် စောင့်တွေ ကိစ္စ မပါဘူး၊ ခင်ဗျားက အကာအကွယ် လိုချင်တယ် ဆိုရင် ခင်ဗျား အိတ်ထဲကပဲ ပေးရလိမ့်မယ်'

'ကျုပ် ပြောတာကို ဆုံးအောင် နားထောင်ပါဦးလေ'



ဘလိုဂီက ရယ်လိုက်၏။

'ကျုပ်က အဲဒီ လူတွေအကြောင်း သိပါတယ်၊ အဲဒီ လူတွေဟာ အင်မတန် ကြမ်းတမ်းတဲ့ လူတွေ၊ ရန်သူ့ နယ်မြေ ထဲကို ထိုးဖောက် ဝင်ရောက်ပြီး တိုက်ခိုက် ဖျက်ဆီးတဲ့ ကိစ္စမှာ အထူး ကျွမ်းကျင်ကြတယ်၊ ဟောဒီ ကိစ္စ အသား ကျသွားတာနဲ့ တစ်ပြိုင်နက် သူတို့က ခင်ဗျား ဩဇာကို နာခံကြမှာပါ'

'ကျုပ် တောင်းပန်ပါတယ်ဗျာ'

ခတ်ဖိုမ်၏ တောင်းပန်မှုကို ဘလိုဂီက မသိချင် ဟန်ဆောင်ပြီး လက်ခံလိုက်၏။

'ကျုပ်က သူတို့ကို ဆေးစစ်တာက လွဲလို့ အကောင်းဆုံး ဖြစ်အောင် ရွေးထားပါတယ်၊ ခင်ဗျား ပြောတဲ့အတိုင်း သူတို့က အင်အားပြည့် တပ်စု နှစ်စုပဲ၊ ရိုင်ဖယ် သမား၊ စက်ကြီး သမား၊ မော်တာ သမား၊ ရေဒီယို ဆက်သွယ်တဲ့ လူ၊ ဆေးဝန်ထမ်း၊ အစုံပါတယ်'

'ကြိုတင်ပြီး ပြောထားသေးသလား'

'ကောင်းတာရော၊ ဆိုးတာရော အကုန် ပြောပြထားပါတယ်၊ ခင်ဗျား အဆင်သင့် ဖြစ်ပြီလား'

'သိပ် ဖြစ်တာပေါ့ ဗျာ'

ဘလိုဂီက စတိဗ်နှင့် ဂပ်စ်တို့ကို တံခါးပေါက်တစ်ပေါက်မှ တစ်ဆင့် ဂိုဒေါင်ကြီးထဲသို့ ဦးဆောင်ပြီး ခေါ်ယူသွားသည်။ စကားပြောသံများ ထိတ်ဆိတ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

ပက်ဂျက်သည် လမ်းလျှောက်လာရင်း နောက်ပြန် ဆွဲသွားသော အချိန် ယန္တရားကြီးကို ဦးနှောက်ထဲက မောင်းထုတ်ရင်း ရပ်တန့်သွားတော့သည်။ ထိုပုဂ္ဂိုလ် များကို နောက်ဆုံးအကြိမ် သူ တစ်စုတစ်ဝေးတည်း မြင်ခဲ့ရစဉ်က သူတို့သည် ချာတိတ် ကလေးများသာ ဖြစ်ကြသည်။ အသက် နှစ်ဆယ် တစ်ဝိုက်တွင် ရှိသူ များသာ ဖြစ်ခဲ့သည်။ သူ့လိုပဲပေါ့။ ယခု သူသည် လည်း ပို၍ အသက်ကြီးလာပြီ ဖြစ်သလို ထိုပုဂ္ဂိုလ် များသည်လည်း အသက် သုံးဆယ် ကျော်သူများသာ ဖြစ်နေကြသည်။

ထို ပုဂ္ဂိုလ် များ သည် နှစ်ပေါင်း များစွာ ကြာ အောင် အောက်တန်း ကျသော လုပ်ငန်း များ ကို မလုပ်ချင် လုပ်ချင်နှင့် လုပ်ခဲ့ကြရသူများ ဖြစ်သည်။

လူဖြူ၊ လူမည်း၊ စပိန် လူမျိုးများ၊ ခြောက်၊ သုံး ဘစ် အချိုးနှင့် ပါဝင် နေကြသည်။ ထို စဉ် က တိုက်ခိုက်ရေး တပ် ဖွဲ့ များ တွင် ပါဝင်ခဲ့သူများနှင့် ခြားနား လှသည်တော့ မဟုတ် ပါ။ မျက် နှာ ထိုး တစ်ခေါက် လှမ်းကြည့် ရုံမျှနှင့် ဘလိုဂီ ရွေးချယ် ထားသည်မှာ မှန် ကန် ကြောင်း တွေ့ လိုက် ရ သည်။ ထို မျက်နှာများသည် စိတ်ပျက်လက်ပျက် ဖြစ်နေကြ သူများ၊ အစော်ကား ခံခဲ့ရသူများ ဖြစ်သော်လည်း လုံးဝ ရှုံးနိမ့် သွားပြီဟု ဝန်မခံ လိုသူများ ဖြစ်ကြ သည်။ နောက် တစ် ကြိမ် ကြိုးစားကြည့်ရန် လိုလို လားလား ရှိနေကြသူများ ဖြစ်သည်။

လူး ဘလိုဂီက လက်ပြ လိုက်၏။ သူ့ တပည့် နှစ်ယောက် ရှေ့သို့ ကပျာကယာ ထိုးလာကြသည်။



'အဲလ်ဝုဒ် ဒေးဗစ်နဲ့ ဂျိမ်းစ် ဂွတ်ဒ် ရစ်ချ်၊ သူက တော့ စတီဖင် ပက်ဂျက်၊ ဒါပေမယ့် စတိဗ် လို့ ခေါ်တာကို ပိုကြိုက်တယ်'

အဲလ်ဝုဒ် ဒေးဗစ်သည် ကိုယ်အလေးချိန် ပေါင် ၁၆၀ တန်းမှ လက်ဝှေ့ သမား၏ ကိုယ်လုံး ကိုယ် ပေါက်မျိုး ရှိနေသော လူမည်း တစ်ယောက် ဖြစ် သည်။ ဂျိမ်းစ်ဂွတ်ဒ် ရစ်ချ်က ပိန်သည်။ အနီး သို့ ကပ်၍ လှေလာ လိုက်သောအခါ ပိန် သော် လည်း အလွန် ကြမ်းတမ်းသော လူဖြူ တစ် ယောက် ဖြစ် သည်။ ပက်ဂျက်က သူတို့ကို လက်ဆွဲ နှုတ်ဆက်ရင်း သူတို့ကို သူ့ ရှေ့မှာပဲ ထားထား၊ သူ့ နောက် ဘက်မှာ ထားထား ယုံကြည် စိတ်ချရမည့် ပုဂ္ဂိုလ် များ ဖြစ်ကြောင်း အကဲ ခတ်လိုက်မိသည်။

အလွန် ကြီးမားသော ဂိုဒေါင် ကြီးထဲ၌ပင် ထွား ကျိုင်း သူ သော ဘလိုဂီသည် သူ့ ကိုယ်လုံး ကိုယ် ပေါက်နှင့် မလိုက်အောင် ရှေ့ဘက်သို့ လျင်မြန်စွာ တိုး သွား သည်။ စတိဗ်က သူ့ နောက်မှ ကပ်၍ လိုက်ပါသွားသည်။

'မင်းတို့ ဆရာသမား လာပြီဟေ့'

ဘလိုဂီက အားလုံး ကြား အောင် အော် ပြော လိုက်သည်။

'ဒါ စတိဗ်ပက်ဂျက်၊ မင်း တို့ ကို ကျုပ် ပြော ထားတဲ့ ပုဂ္ဂိုလ်၊ ကျုပ် ပြောတဲ့ ကတိတွေ ကို ထိန်းသိမ်းမယ့် လူ၊ သူ လိုက်နာလိမ့်မယ်ဆိုတာကိုလဲ ကျုပ်က ကောင်းကောင်း ကြီး အာမခံတယ်'

www.burmeseclassic.com

လူဝီ ဘာလိုဂီသည် နယူးယောခ် ဒေသတွင် ရှိသော အလုပ် လက်မဲ့ ဖြစ်နေသူ၊ သို့တည်းမဟုတ် ကောင်းကောင်း မွန်မွန် အလုပ် မလုပ်ရသူ ဗီယက်နမ် စစ်ပြန်များ ကြားတွင် သမိုင်း တွင်လုနီးပါး လူသိများသော ပုဂ္ဂိုလ် တစ်ယောက် ဖြစ်သည်။ သူ ပြောသော စကားကို ယုံ ကြည် စွာ လက် ခံ ကြ သည်။ မျက်လုံးကိုးဆယ့်ခြောက်စုံတို့က စတိဗ်ကို ဝိုင်းကြည့် နေကြသည်။ ထိုပုဂ္ဂိုလ်များက စစ်တပ် ပုံစံနှင့် အလေးပြုရန် မတ်တတ် ရပ်လိုက် ကြသောကြောင့် ကြမ်းပြင်ပေါ်တွင် ခေါက်ကုလားထိုင်ကို တ ရွတ် တိုက်ဆွဲယူသံများ ထွက်ပေါ်လာသည်။

'ထိုင် ကြ စမ်း ပါ ဗျာ၊ သက် သောင့် သက် သာ နေကြစမ်းပါ၊ ဒီနေရာကို ဖက်ဆိုက ဘယ်လို နာမည်ပေးထားသလဲ မသိဘူး၊ ဒါပေ မယ့် ဝက်စ် ဗွိုင့် (စစ်တက္ကသိုလ်) မဟုတ်တာကတော့ သေချာတယ်'

ထိုပုဂ္ဂိုလ်များ ပြန် ထိုင် ကြ သည်။ စ တိဗ် က ခေါက်ကုလားထိုင် တစ်လုံးကို ဆွဲယူလိုက်ပြီးနောက် ကုလားထိုင်ကို နောက် ပြန် 'ခွ' ထိုင်ရင်း ဆလင်းစီးကရက် တစ်လိပ်ကို မီးညှိ လိုက်သည်။ စတိဗ်က ပြောလိုက်၏။

'ကျုပ် တွေးမိတဲ့ ဒုတိယ အတွေးကို စပြောမယ်၊ အနီးဆုံး ထွက်ပေါက်က နေပြီး ပြန်ပြေးချင် တဲ့လူ ရှိသလား၊ အခု အချိန်မှာ ပြန်သွားရင် ခင်ဗျားတို့ရဲ့ ဒုက္ခ ခံရမှု၊ အချိန်ကုန် ခံရမှုတို့အတွက် ဒေါ်လာငါးရာစီ ပေးလိုက်မယ်၊ တားနေမှာလဲ မဟုတ်ဘူး'

ငြိမ်နေကြသည်။



'ကောင်း ပြီ၊ ခင် ဗျား တို့ က ဆက်နေကြတယ် ဆိုတော့ ကျုပ် ကိုယ်စား ဖက်ဆို ပေးခဲ့တဲ့ တာထီ တွေကို ပြန်ပြောပြမယ်'

ပက်ဂျက်က 'ဘီ' တပ်ဖွဲ့အတွက် ရက်ရက်ရောရော ကာဘီ ပြုထားသော အချက်အလက်များကို ရွတ်ပြသည်။ တစ်လ သို့မဟုတ် ရက်စွန်း အတွက် ဒေါ်လာငါးထောင်။ ယခု ဆောင်ရွက်မည့် အော်ပရေးရှင်း (လုပ်ငန်း) အောင်မြင်မည် ဆိုပါက ဆုကြေးအဖြစ် လူ တစ် ယောက် လျှင် ဒေါ်လာ နှစ်သောင်း၊ ငွေသားနှင့် သို့မဟုတ် ပြည်ပမှ ဘဏ်၊ ကြိုက်ရာတွင် ငွေ ချေမည်။ နောက်ပိုင်းတွင် သက်မွေးမှု လုပ်ငန်း အတွက် သင်တန်း ပေးမည် ဖြစ် သ လို တည် တည် တံ့ တံ့ အလုပ်အကိုင်များ ရရှိရေးကိုလည်း အာမခံသည်။ ဒဏ်ရာ ရ သူ များ နှင့် ကိုယ် လက် အ င်္ဂါ ချို့တဲ့ သွားသူများအတွက် ဆေးရုံ တင်ပေးမည်။ ပင်စင် ပေးမည်။ သေဆုံးသွားသူ တစ်ဦးစီ အတွက် အကျိုး ခံ စား ခွင့် ရှိသူကို ဒေါ်လာ တစ်သိန်းစီ ပေးမည်။

နောက်ပိုင်းတွင် မေးမြန်းကြသော မေးခွန်းများ အရ သူ တို့ သည် သက်မွေး ဝမ်းကျောင်းမှု အတွက် သင်တန်း ပေးမည်၊ တည်တံ့သော အလုပ်အကိုင်များ ရရှိစေမည် ဆိုသော က တိများ အား စိတ်ဝင်စား ကြသလို လတ်တလောရမည့် ငွေ သားအတွက်လည်း စိတ်ဝင်စားကြကြောင်း ပက် ဂျက် သိလိုက်ရသည်။ 'တစောက်ကန်း စစ်ဆင်ရေး' တွင် တပ်ဖွဲ့ ဘီသည် အရေးပါသော နေရာမှ ပါဝင်လျက် ရှိပြီး ထို စစ်



www.burmeseclassic.com

www.burmeseclassic.com

ဆင်ရေး မအောင်မြင်ပါက ဗွီအိုင်အီး အပါအဝင် အားလုံး ဆုံးရှုံး သွားရပေလိမ့်မည်။ အိုင်ရွန်းမိုက် ဦး ဆောင် သော ဗွီအိုင်အီး သာ မရှိတော့ပါက အလုပ်အကိုင်များကိုလည်း ရကြတော့မည် မဟုတ်ပါ။

သူက ထိုပုဂ္ဂိုလ်များကို မည်သည့် အတိုင်းအတာ အထိ ပြောပြသင့်ပါသနည်း။

'ကဲ သတင်းဆိုး ဖြစ်နိုင်တာတွေကို ပြောကြရအောင်၊ ဖက်ဆိုက ခင်ဗျားတို့ကို ပြောပြထားတဲ့ အတိုင်း ငွေကြေးနဲ့ ပတ်သက်လို့ စိတ်ပူစရာ မရှိပါဘူး၊ သပ်သပ် ဖယ်ထားပြီးပါပြီ။ ဒါပေမယ့် အလုပ်အကိုင် ကိစ္စနဲ့ သက်မွေးဝမ်းကျောင်းမှု အတွက် သင်တန်းတက်ဖို့ ဆိုပါတော့၊ ကျုပ်တို့ ဘက်က နိုင်တယ် ရှုံးတယ် ဆိုတဲ့အပေါ်မှာ မူတည်လိမ့်မယ်'

စတီဗ် ပက်ဂျက်က ကန့်ကွက်သည့် အသံများ ပေါ်ထွက်လာလေမည်လားဟု စိုးရိမ် လိုက်မိသော်လည်း သူတို့အချင်းချင်း တိုးတိုး တိုးတိုးနှင့် ပြော၍ ကျေနပ်သွားပုံ ရကြောင်း တွေ့လိုက်ရသည်။

လူး ဘလိုဂီက ပြောလိုက်၏။

'ခင်ဗျား ကံကောင်း သွားတယ် စတီဗင်၊ အဲဒီ ကိစ္စကို ခင်ဗျားက ဖွင့်မပြောပေမယ့် အဲဒီလို ဖြစ်လာနိုင်ဘယ်လို့ ကျုပ် တွေးမိတယ်၊ ဒါကြောင့် သူတို့ကို ကြိုပြောပြထားတယ်၊ ခင်ဗျားက သူတို့ အပေါ်မှာ ရိုးရိုးသားသားနဲ့ မှန်မှန်ကန်ကန် ပြောပြ



ပါ့မလား ဆိုတာ သူတို့က သိချင်နေကြတယ်။ အမှန်အတိုင်း ပြောရရင် ကျုပ်ကလဲ သိချင်တယ်'

တစ်ယောက်က အော်လိုက်၏။

'ကျုပ်တို့ အတွက် နိုင်ငံကူး လက်မှတ် ဖတ္တွ လိုတယ်'

'မရဘူး၊ ခင်ဗျားတို့က နိုင်ငံကူး လက်မှတ် မပါဘဲ ခရီးသွားပြီး ပြန်လာကြရမှာ၊ လူဝင်မှု ကြီးကြပ်ရေးက ပုဂ္ဂိုလ်တွေ ရိပ်မိမသွားစေချင်ဘူး'

ဒေးဗစ်နှင့် ဂွတ်ဒ်ရစ်ချ် တို့က သံမဏိ ဆွဲတံခါး တစ်ချပ်ကို တွန်းဖွင့်လိုက်ကြသည်။

ဘလိုဂီက ကြေညာလိုက်၏။

'နေ့လယ်စာ စားဖို့ ခေတ္တ နားမယ်၊ အဝသာ စားကြ၊ ဆွေးနွေးစရာတွေ အများကြီး ကျန်သေး တယ်'

ထိုအတိုင်းပင် ဖြစ်ခဲ့ပါသည်။ အရပ်သား ဘဝတွင် နှစ်ကာလ ရှည်ကြာစွာ နေလာခဲ့ရပြီးနောက် အာဖရိကတွင် ကြေးစား စစ်သားအဖြစ် ဆောင်ရွက် ကြမည့် ပုဂ္ဂိုလ်များက မရေမတွက်နိုင်သော မေးခွန်းများကို မေးမြန်းကြသည်။ ပက်ဂျက်က အဖြေပေးသည်။ အချို့ ကိစ္စများတွင် ကျယ်ကျယ် ဝန်းဝန်း ရှင်းပြခဲ့ရာ ညခုနစ်နာရီ နီးပါးအထိ ကြာမြင့်သွားသည်။

စတီဖင်ပက်ဂျက်က ဘလိုဂီအား ပြောလိုက်၏။

'ကျုပ်က တပ်ရေးဗိုလ်ကြီးရဲ့ တာဝန်ထမ်းဆောင် နေတဲ့ အချိန်မှာ ဆာဂျင်ကြီး ဖြစ်တဲ့ ခင်ဗျားက ဆက် တာဝန်ယူပါ'

www.burmeseclassic.com

www.burmeseclassic.com

ဂပ်စ်သည် စတိဗ်ပက်ဂျက်၏ အတက်ချိကေ့စ်ကို စားပွဲပေါ်သို့ တင်ပြီး ဖွင့်ထားပြီးလေပြီ။ ဘလိုဂီက

'ကဲ အနားကို တိုးပြီး နား ထောင် ကြ စမ်း ကောင်မတွေ၊ နက်ဖြန်ခါကျရင် ကိုယ်ရေးကိုယ်တာ ကိစ္စကလေးတွေကို အပြတ် ရှင်းကြ၊ ကဲ အခု ဟန်းစီ ကြမယ်၊ မင်းတို့ရဲ့ တိုလီမိုလီ အသေး သုံး ကိစ္စ ကလေးတွေ အတွက် စတိဗ်က မင်းတို့ကို ဒေါ်လာ တစ်ထောင်စီ အပို ပေး လိမ့် မယ်၊ မင်း တို့ ဒီကို သန်ဘက်ခါ ခု နှစ် ရက် နေ့ မနက် ခြောက် နာရီ တိတိကို အရောက် လာခဲ့ကြ'

'ကျုပ်တို့က လေ ယာဉ် ပျံ နဲ့ ဘယ်အချိန် ခရီး စထွက် ကြရမှာလဲ'

'ခြောက်နာရီ ငါးမိနစ် ကျရင် သိ ရ မှာ ပေါ့ ကိုစပ်စုရယ်'

ထိုလူတန်းက စတိဗ်ရှေ့မှ ဖြတ်လျှောက်ကြသော အခါ စတိဗ်က ဖာမျိုးစုံပါသော ငွေစက္ကူအဟောင်း တစ်ထောင်ဖိုးစီ ပါဝင်သည့် အထုပ် တစ် ထုပ် စီ ကို ဝေငှပေးလိုက်သည်။ လူပုဂ္ဂိုလ် အများစုက ငွေ စက္ကူထုပ်ကို ဖြန့်ကြည့် ကိုင်ကြည့် ကြသော်လည်း စေ့မစေ့ ရေကြည့်သူမှာ အနည်း ငယ်မျှသာ ရှိသည်။ ထိုကိစ္စမှာ ထူးခြားသည့် အပြင် ကျေးဇူး တင်စရာလည်း ကောင်းသည်။ စတိဗ်သည် ဘလိုဂီ၏ အကူအညီနှင့် ထိုက်ခိုက်ရေး တပ်မှူး တစ်ယောက် အတွက် အရေးပါဆုံး ကိစ္စ တစ်ရပ်ကို ရရှိခဲ့လေပြီ။ ထိုကိစ္စမှာ လက်အောက် ငယ်သားများ၏ ယုံကြည် မှုကို ရရှိလိုက်ခြင်းပင်တည်း။

ဘီ တပ်ဖွဲ့မှ နောက်ဆုံး ပုဂ္ဂိုလ်အား ငွေပေးပြီး သောအခါ စတိဗ်က ပြောလိုက်သည်။

'ဒီလူတွေ နှုတ် မဖွာပါစေနဲ့လို့ ဆု တောင်း ပါ တယ်'

'ပြောမှာ မ ဟုတ် ပါ ဘူး၊ နှုတ်ဖွာတဲ့ လူဆိုကို ဘော စ်ဘောတုတ်ချောင်း ကိုင်ထားတဲ့ ကျုပ် တပည့် တွေကို လွှတ်လိုက်မယ်လို့ ပြောထားတယ်'

'သေချာပေါက် ပါးစပ် ပိတ်တဲ့ နည်းပဲ'

'သိပ် မှန် တာ ပေါ့၊ မင်း က. ကျုပ် ကို ကတိ ပေးထားတဲ့ ဆုကြေး တစ်သန်းကို ကျုပ် လိုချင်တယ်'

'အကယ်၍သာ ဆိုတဲ့ စကားလုံးကြီးကလဲ ရှိသေး ဘယ်၊ ကျုပ်တို့ ဘက်ကသာ အရေးနိမ့်ခဲ့ရင် ဆုကြေး ဘယ်ရနိုင်ပါ့မလဲ'

'နိုင်အောင် ကြိုး စား ရင်း သေ သွား တာ ထက် ပိုပြီး ဘာမှ မဖြစ်နိုင်ပါဘူးကွာ'

'သိပ် ဟုတ်တာပေါ့ဗျာ'

## ၃၈

ဂါလာမြို့တော်တွင် ရောက်ရှိနေသော ဝေါ်လ်တာ ပါးရှစ်ရှ် ထံမှ သတင်း စကားကို ရရှိပြီးသည်နှင့် တစ်ပြိုင်နက် အယ်လီဆန်နဲ့ စိတ် ထဲ ၌ ဖြစ် ပေါ် လာ

www.burmeseclassic.com

သော ဆန္ဒမှာ စတီဖင်ပက်ဂျက် ထံသို့ တယ်လီဖုန်းဆက်ရန်ပင် ဖြစ်သည်။ အယ်လီဆန်က စတီဖင်ပက်ဂျက်နှင့် စီဂျေ တို့ကို တွေ့နိုင်အောင် စီစဉ်ပေးနိုင်မည် ဖြစ်ပြီး ဗွီအိုင်အီး၏ အတွင်းရေး အခြေအနေနှင့် ကင်းဖီးလ်အား လုပ်ကြံမည့် အစီအစဉ်တို့ကို ပက်ဂျက် ပြောသမျှ သိရှိနိုင်မည် ဖြစ်ပါ၏။ ထို့နောက် အယ်လီဆန်က အတွေး တစ်မျိုးကို ထပ်မံ၍ တွေးလိုက်မိသည်။

လောရင့်ဟော့ပါးထံ ပထမဦးဆုံး သတင်းပို့သင့်သည်။ လောရင့်ဟော့ပါးအား သဘော မကျသော်လည်း အယ်လီဆန် မရှိခိုက် လောရင့်ဟော့ပါးက 'ကမ်မ်ကို' ကို တာဝန် ယူနေရသည်။ သူသည် တာဝန်ကြီးကြီးကို ထမ်းဆောင်နေရသူ ဖြစ်သဖြင့် နောက်ဆုံး အခြေအနေကို သိထားသင့်သည်။ ၎င်းအပြင် ဗွီအိုင်အီး၏ လွဲမှားသော လုပ်ရပ်များနှင့် ဘာဆိုတို့၏ အရာ မရောက်သော လက်နက် တပ်ဆင်ရန် ကြိုးပမ်းမှု သတင်းကောင်းများကို သူ့အား ပြောပြလိုက်ခြင်းဖြင့် အားတက်ဖွယ် ရာ ဖြစ်စေလိမ့်မည်။ နောက်ဆုံး အနေနှင့် ထိုကိစ္စမှာ တစ်ဖက်နှင့် တစ်ဖက် ပစ်ခတ်ကြသည့် အဆင့်သို့ မရောက်အောင် တားဆီးသော ခြေလှမ်း တစ်လှမ်း ဖြစ်လိမ့်မည်ဟု အယ်လီဆန်က ဟော့ပါးအား ပြောပြလိုက်သည်။

'အခြေအနေကတော့ အဲဒါပဲ လာရီ၊ ဂါဒူးက အသံ ခပ်ကျယ်ကျယ်နဲ့ ထပ် ခြိမ်းခြောက်လိုက်ပြီ



နည်းနည်းလောက် အင်အားပြလိုက်ဖို့ပဲ ရှိတော့တယ်'

ဟော့ပါးက

'ခင်ဗျား ရထားတဲ့ သတင်းဟာ အဖိုးမဖြတ်နိုင်အောင်ပါပဲဗျာ၊ ဟင်နရီဂါဒူးက အဲဒီ အကြံဉာဏ်အတိုင်း လိုက်နာလိမ့်မယ်လို့ ကျုပ်ယုံကြည်ပါတယ်၊ စစ်အင်အား တိုးချဲ့မှု ပြီးစီးသွားတဲ့အခါ သူ့စစ်တပ်တွေက နယ်စပ်ကို ကျော်ဖြတ်ပြီး သေနတ် တစ်ချက် တလေမှ မဖောက်လိုက်ရဘဲနဲ့ ဘာဆိုတို့ကို သိမ်းပိုက်နိုင်ပါလိမ့်မယ်' ဟု ပြောလိုက်သောအခါ အယ်လီဆန် ဝမ်းသာသွားသည်။

လောရင့်ဟော့ပါးက အယ်လီဆန် ကြားလိုသည့် စကားကို ပြောလိုက်ခြင်းသာ ဖြစ်သည်။ ဟင်နရီဂါဒူးနှင့် သူ၏ အက်ဂဘီ စစ်တပ်များသည် သေနတ် မပစ်ဖောက်ရဘဲနှင့် ဘာဆိုတို့ နယ်စပ်ကို မည်သည့်အခါတွင်မှ ဖြတ်ကျော်လိမ့်မည် မဟုတ်ပါ။ စီဂျေ ကင်းဖီးလ်သည် ဗွီအိုင်အီးပိုင် ပစ္စည်းများကို တပ်မက်သောကြောင့် ဘာဆိုတို့ကို ရယူလိုခြင်း ဖြစ်သည်။ ဟင်နရီဂါဒူးနှင့် အက်ဂဘီ လူမျိုးများကမူ ဟူးလူမျိုး တစ်မျိုးလုံးကို သတ်ဖြတ်မည့် စစ်ပွဲကို ဆင်နွှဲဖို့ သန္နိဋ္ဌာန် ချထားသူများ ဖြစ်သည်။ ထိုအဆင့်ထက် နိမ့်ကျသွားပါက ကျေနပ်ကြလိမ့်မည် မဟုတ်။ ဗွီအိုင်အီးက ခုခံမည့် စစ်တပ်အား လက်နက်တပ်ဆင်ပေးရန် မကျွမ်းမကျင် ကြိုးစားမှုက

www.burmeseclassic.com

အစုလိုက် အပြုံလိုက် ထွတ်လိုသည့် စိတ်ကို မြို့ဆွပေးသလို ဖြစ်လိမ့်မည်။

ဟော့ပါးက ထိုကိစ္စကို လေတပ် ဗိုလ်ချုပ်ကြီး အက်ဒဝပ်ဒီဘာရီးစ်အား ပြောပြလိုက်သည်။ ဒီဘာရီးစ်သည် ဟင်နရီဂါဒူး၏ အဘင်း တိုက်တွန်းချက် အရ ပြင်သစ် ဘုရင့် လေတပ်မတော်၏ ယူနီဖောင်း ဝတ်စုံ အတိုင်း အက်ဂဘီ အစိမ်းရောင်နှင့် ချုပ်၍ ဝတ်ဆင်ထားသည်။

'ဟုတ်တယ်၊ ဒီကိစ္စကို ကျုပ်တို့ စိတ်ထဲမှာ ခဲထားရင် ကောင်းမယ်'

ဟော့ပါးက အယ်လီဆန့် ပြောပြသည့် ကိစ္စကို ပြန်ပြောလိုက်သောအခါ ဒီဘာရီးစ်က သဘောတူလိုက်သည်။

'အဲဒီ ကိစ္စကို ဟင်နရီ.ဂါဒူး ကိုသာ ပြောပြလိုက်ရင် ကိုးရိုးကားရားတွေ လျှောက်လုပ်လိမ့်မယ်။ အင်အက်စ်ဘီ တပ်သားတွေကို အဆင်သင့် မဖြစ်သေးခင် လွှတ်လိုက်လိမ့်မယ်'

ဟော့ပါးက ကြားဖြတ်၍ ပြောလိုက်၏။

'ဗိုပြီး အဓိကကျတဲ့ အချက်က ကျုပ်တို့ အဆင်သင့် မဖြစ်သေးတာပဲ ခင်ဗျ'

'အဲဒါလဲ ဟုတ်တာပဲ'

လေတပ် ဗိုလ်ချုပ်ကြီးက ပညာရှိပီသစွာ ခေါင်းညိတ်လိုက်သည်။ ထို့နောက် လက်ဖျစ် တီးလိုက်၏။

'ဟေး၊ ကျုပ်တို့က အဆင်သင့် ဖြစ်ပါပြီဗျ။ အေးလေ၊ ကျုပ်ကတော့ အဆင်သင့် ဖြစ်ပါပြီ။ အေတူး လေယာဉ်ပျံ နှစ်စီးကို ပျံလို့ရပြီပဲ'



'ကျုပ် သတိ ထားမိပါတယ်ဗျာ၊ ခင်ဗျား နဲ့ ခင်ဗျား သူငယ်ချင်းက ဒီ အဆောက်အအုံပေါ်မှာ မကြာခဏ နိမ့်နိမ့်က လေး ထိုး ဆင်း ပြီး ပျံနေကြတာပဲ'

'စမ်းသပ်ပြီး လေ့ကျင့် နေရတာဗျ၊ ခင်ဗျားက ခုံအောက်ကိုဝင်ပုန်းနေရတယ်လို့တော့ မပြောနဲ့ဗျာ'

'ကျုပ်က စိတ်ကို ငြိမ်အောင်ထားဖို့ သိပ် ခက်နေတယ်ဗျာ'

'ခု လောလောဆယ်မှာ ပျံစရာကိစ္စ မရှိသေးဘူး၊ ဒီတော့ ဟောဒါကိုပဲ စဉ်းစား နေပေါ့ဗျာ၊ အဲဒီ လေယာဉ်ပျံ တစ်စီးမှာ အတောင်ပံက စက်သေနတ်တွေကို တပ် ပြီး သွား ပြီ၊ ၂၀ မီလီမီတာ စက်အမြောက်ကိုတော့ ဒီကနေ့ တပ်လိမ့်မယ်'

'လာဖ်ကာန့်က ပညာရှင်တွေ ကို ချီးကျူးရမှာပေါ့'

'ကျုပ် စဉ်းစားပုံ စဉ်းစားနည်းကို အမှီ လိုက်စမ်းပါ ကိုယ့်လူရာ၊ ကျုပ်က အဲဒီ ပစ္စည်းတွေကို ခမ်းကြည့်ချင်တာ လက်ယားနေပြီဗျ'

သူ့ ဆန္ဒမှာ ထိုထက် ပိုပါသည်။ ထိုလေယာဉ်ပျံကို တတိယ ကမ္ဘာမှ နိုင်ငံများနှင့် ကိုက်ညီစေရန် အတွက် ဗုံးကြဲလေယာဉ် သို့မဟုတ် တိုက်လေယာဉ် အဖြစ် ပြောင်းလဲ၍ အသုံးပြုနိုင်အောင် ဒီဇိုင်း ရေးဆွဲထားသည်။ တာဘိုင်း အင်ဂျင်တွင် ပန်ကာ တပ်ထားသော စက်နှစ်လုံးက ဂျက်လေယာဉ်ဖြင့်ပါး မြန်ဆန်စေသည်။ ခေတ်မီအောင် ပြုပြင်ထားသော အတောင်ပံများနှင့် အတောင်ပံပိုများကြောင့်



www.burmeseclassic.com

www.burmeseclassic.com

လေယာဉ်ပျံက စက်သေနတ်နှင့် ပစ်၍ ဗုံးများ
ကြဲချနေစဉ် လေယာဉ်ပျံကို အနှေးဆုံးနှုန်း ဖြစ်သော
တစ်နာရီလျှင် မိုင် ၁၅၀ နှုန်းနှင့် ပျံသန်း နေစေနိုင်
သည်။ ဗင်ဒီကေတာ လေယာဉ်ပျံသည် နှစ်ယောက်စီး
လေယာဉ်ပျံ ဖြစ် နေ သော ကြောင့် ဒီဘာရီးစ်က
ထိုလေယာဉ်ပျံကို ပိုမို၍ စမ်းသပ်လိုခြင်း ဖြစ်သည်။

သူတို့၏ ဘဝ ခရီးတွင် သယ်ယူ ပို့ဆောင်ရေး
လေယာဉ်ပျံကြီးများကို အချိန် ပိုမို မောင်းနှင်ခဲ့ရသူ
ပိုင်းလော့ အများစု နည်းတူ ဒီဘာရီးစ်က သူသည်
လည်း ခပ်မြန်မြန် ခပ်သွက်သွက် ပျံ သန်း နိုင် သော
လေယာဉ်ပျံများကို မောင်း နှင် နိုင် သူ ဖြစ်ကြောင်း
လက်တွေ့ ပြသလိုသူ ဖြစ်သည်။ မဝမ် ဒီ လေတပ်
အတွက် ငှားရမ်းထားသော ကြေးစား ပိုင်းလော့
များ၏ ရှေ့မှောက်တွင် သူ့ စွမ်းရည်ကို ပြသရန်
လို အပ် နေ သော ကြောင့် စမ်း သပ် လို သည့် စိတ်
ဓာတ် မှာ ပိုမို ပြင်း ထန် နေ သည်။ ကြေး စား
ပိုင်းလော့များတွင် လူမျိုးပေါင်းစုံ ပါဝင်သော်လည်း
တိုက်လေယာဉ်ပျံနှင့် ဗုံးကြဲ လေ ယာဉ် ပျံ များ ကို
မောင်း နှင် ခဲ့ ကြ သူ များ သာ ဖြစ် နေ ကြ သည်။
ထို့ကြောင့် သူတို့က သူတို့၏ လေတပ် ဗိုလ်ချုပ်ကြီး
အား ခေတ်မမီ တော့သော ဝေဟင်မှ ဘတ်စ်ကား
ယာဉ်မောင်း အဖြစ် အထင် ရောက်နေကြသည်။

ဒီဘာရီးစ်က သူ၏ လက်ထောက်အဖြစ် တာဝန်
ထမ်းဆောင်မည့်သူကို ဗင်ဒီကေတာပေါ်တွင် သူနှင့်
အတူ ခေါ်ဆောင်သွားပြီး အမှန်တကယ် လက်တွေ့
ပျံသန်း ပြလိုက်မည်ဆိုပါက ထိုပြဿနာသည် တစ်ချိ



ာည်းနှင့် ပြီးငြိမ်း သွားနိုင် စရာ ရှိသည်ဟု ယူဆ
လိုက်သည်။

ခနာက်ကွယ်မှ ကိစ္စရပ်များနှင့် အဖြေကို နိုးနိုး
ခပ်စပ် တွေးလိုက်မိသော ဟော့ပါးက မေးလိုက်၏။
ငှားရမ်းထားသော ပိုင်းလော့အချို့သည် အသက်
ကြီးလွန်းနေပြီ၊ သိပ် ပျော့ လွန်း သည် ဟု လျှောင်
ပြောင် နေကြသည်ကို သူလည်း ကြား နေ ရ သည်။

'ခင်ဗျားက ဘယ်လို လုပ်ချင်သလဲ ဆိုတာ တိတိ
ကျကျ ပြောစမ်းပါဦး'

'နက်ဖြန်ခါ နေ့လယ် ကျရင် စက် အမြောက်ကို
တပ်ဆင်လို့ ပြီးစီး သွားလိမ့်မယ်၊ အဲဒီ အချိန်မှာ
နယ်စပ်ကို ဝင်တိုက်တယ် ဆိုတဲ့ သတင်းတွေ ရလာ
လိမ့်မယ်၊ နေ့လယ် ကြောင်တောင်မှာ ဝင်တိုက်
ကြတာ၊ ကျုပ်တို့က အဲဒီနေရာကို ထရပ်ကားတွေနဲ့
စစ်တပ်တွေ လွှတ်ဖို့ အချိန် မရတော့ဘူး၊ ဒါပေမယ့်
ကျုပ်တို့က ကျုပ်တို့ဘက်က လူတွေကို ကာကွယ်ဖို့
အတွက် လက်တုံ့ ပြန်ရလိမ့်မယ်'

'ကျုပ်တို့ ဆိုတာက လက်နက် တပ်ဆင်ထားတဲ့
လေယာဉ်ပျံထဲမှာ ခင်ဗျားနဲ့ အတူတူ တင်ခေါ်
သွားမယ့် ပိုင်းလော့ကို ဆိုလိုတာလား'

'သိပ် ဟုတ်တာပေါ့ လာ ဗြီ ရယ်၊ ကျုပ်တို့
ရောက်သွားတဲ့ အခါကျတော့ လူဆိုးတွေက ထွက်
ပြေးသွားကြပြီ၊ ဒါပေမယ့် ကျုပ်က ဘာ ဆိုတို
နယ်စပ် အတွင်းဘက်မှာ စစ်သားတွေကို တွေ့ရမယ်၊
အဲဒီ လူတွေဟာ အပြစ်ရှိတဲ့ လူတွေပဲ ဆိုပြီးတော့

www.burmeseclassic.com

www.burmeseclassic.com

ကျုပ်က ဝင်တိုက်ခိုက်မယ်၊ စက်သေနတ်နဲ့ သုံးလေးခါလောက် ပစ်ခတ်လိုက်မယ်'

ဒီဘာရီးစ်သည် သူ နှင့် အတူ ခေါ် သွားသော ပုဂ္ဂိုလ်၏ ရှေ့တွင် အစွမ်း ပြလိမ့်မည်မှာ သေချာသည်။ ထိုကဲ့သို့ အစွမ်းပြရင်း အတွက်အချက် မှားယွင်းနိုင်သည်။ ထိုကဲ့သို့ ဖြစ်လာပါက ဗင်ဒီကေတာ တစ်စီး လျော့နည်းသွားသည့်ကိစ္စမှာ မထောင်းတာလှသော်လည်း အေတူး လေယာဉ်ပုံတွင် ပါသွားသော ဒုတိယ ပိုင်းလော့၏ ကံကြမ္မာမှာ ဝမ်းနည်းစရာ ပင် ဖြစ် မေ လိမ့် မည်။ အက်ဒဝပ် ဒီဘာရီးစ် အတွက်မူ သိပ် ဝမ်းနည်းစရာ လိုမည် မဟုတ်ပါ။

ဟော့ပါးက ပခုံးတွန့်ရင်း ပြောလိုက်၏။

'ဟောဒီ ခြင်းချက် နှစ်ချက်နဲ့ ခင်ဗျားရဲ့ ဆန္ဒကို ဆောင်ရွက် နိုင်ပါတယ်၊ တစ် အချက် ကတော့ အရပ်သားတွေကို မည်သည့် နည်းနှင့်မှ မထိခိုက်စေရဘူး'

'ဟုတ်ပါပြီ၊ စစ်ဘက်ဆိုင်ရာ ပစ်မှတ်တွေပဲ ဖြစ်ရပါစေ့မယ်'

'ဒုတိယ အချက်ကတော့ စတုန်းဘရိတ်ကာ ကလွဲရင် ကျန်တဲ့လူ ဘယ်သူ့ ကိုမဆို တွဲဖက် လေယာဉ်မှူး အဖြစ်နဲ့ ခေါ်သွားနိုင်တယ်'

'ဖြစ်ပါတယ်၊ ဒါပေမယ့် စတုန်းက ဘာဖြစ်လို့လဲ'

ဟော့ပါးက ညာ ပြောလိုက်သည်။

'ကျုပ်က သူ့ ကိုယ်ရေး ရာဇဝင်ကို စိတ်ချရအောင် ထပ် စုံစမ်းချင်သေးတယ်'



အမေရိကန် လေတပ်မတော်မှ ဗိုလ်မှူးဟောင်း တစ်ယောက် ဖြစ်သူ ဝိန်းစတုန်း ဘရိတ်ကာ သည် ပျော့ပျောင်းသူ ဖြစ်သော်လည်း တည်ငြိမ်သူ၊ စိတ်ချရသူ ဖြစ်ကြောင်း သူ မှတ်သားထားပြီး ဖြစ်သည်။ အကယ်၍ ဒီဘာရီးစ် မတော်တဆ သေ ဆုံး သွား ခဲ့ပါက သူသည် လေတပ် ဗိုလ် ချုပ်ကြီး၏ အရည်အချင်းများနှင့် ပြည့်စုံသူ ဖြစ်ပေသည်။

သေနတ်ပစ်ကွင်းမှာ ဂါဒူး မြို့တော်၏ တောင်ဘက် မိုင် နှစ်ဆယ် အကွာတွင် ရှိသော ကွင်း ပြင် ကြီး ဖြစ်သည်။ ပြောက် ကျား ယူနီဖောင်းများကို ဝတ်ဆင်ထားသော လူဖြူ များနှင့် အစိမ်းရောင် ယူနီဖောင်းများကို ဝတ်ဆင် ထားသော လူမည်းများသည် အမ် ၈၁ ကင်းနီးရက် အမြောက် ဘစ်လက် နောက်ဘက်တွင် စုစုရုံးရုံး ရှိနေကြသည်။ သမ္မတကြီး တင်နုရီဂါဒူးသည် လေအေးစက် တပ်ဆင်ထားသော မော်တော်ကားထဲ၌ ထိုင်နေပြီး သူ့ နောက်ဘက်တွင် ထိုင် နေ သော မေဂျာ ဘ ရှူး စ တား ရန်း ဒေါ်က တချိန်လုံး ဆက်တိုက် ပြောပြနေသည်။

'သူတို့က ဟန်ပြ အစမ်း လေ့ကျင့်ခန်း လုပ်နေကြခြင်း ဖြစ်ပါတယ်'

မဝမ်ဒီ စစ်တပ်မှ တပ်သား ၃ နှစ် ယောက် ကို ရန်းဒေါ်၏ တပည့်များက အ မြန် ဆုံး သင်ကြား ပေး ခဲ့ ပြီး ဖြစ် သည်။ ယခု ထို စစ် သား များက လေ့ကျင့် သင်ကြားထားမှုကို လက်တွေ့ ပြသနေကြ



www.burmeseclassic.com

www.burmeseclassic.com

သည်။ ကျည်ဆန် ထည့်၊ လေဆာ ရောင်ခြည်သုံး ပစ်ကွင်း ရှာသော ကိရိယာနှင့် အ ကွာ အ ဝေး ရှာသော ကိရိယာတို့ကို အသက်သွင်း၊ အပေါ်မြှင့်၊ အောက်ချ၊ အပေါ်မြှင့်၊ ရှည်လျားသောပြောင်းကို အလျားလိုက် ရွေ့၊ တကယ့် ပစ်ခတ်သကဲ့သို့ သရုပ်ဆောင်၊ ကျည်ဆန် ပြန်ထုတ်။

'နောက် တစ်ကြိမ်ကျရင် တကယ့် ကျည် ဆန် နဲ့ ပစ်ပြပါလိမ့်မယ် သ မ္မ တ ကြီး၊ ပစ် မှတ် က တော့ ညာဘက် သုံးဆယ် ဒီဂရီ မှာပါ၊ အကွာအဝေးက တော့ ကိုက် ၅၇၀၀ ပါ'

'အင်း'

ကျည်ဆန်ထည့်၊ ပြောင်းဝကို မြှင့်ပြီး ပစ်မှတ်ကို လိုက် လံ၍ ချိန်နေသကဲ့သို့ ပြောင်း ဝ ကို ရွေ့နေသည်။ ထို့နောက် နောက်ဘက်သို့ ပြန်၍ ကန်သောကြောင့် စုန် ဆ၊ သွား သည်။ ပေါက်ကွဲမှု များမှာ တစ်ခုနှင့် တစ်ခု နီးကပ်လှသောကြောင့် ပြတ်တောင်းပြတ်တောင်းနှင့် ဆက်တိုက် မြည်နေသည်။ ထို့နောက် ၆၃ မီလီမီတာ အမြောက် ကျည်ဆန် နှစ် ဆယ် ကို နှစ်စက္ကန့်ပင် မ ကြာ သော အ ချိန် ပိုင်း အတွင်း၌ ပစ်ခတ်ပြီးနောက် အမြောက်ကြီး ငြိမ် သက် သွား တော့သည်။

ထိုမှန်ချိန်တွင် ပေါက် ကွဲ သော စနက်တံများကို တပ်ဆင်ထားသည့် ကျည်ဖူးများက ကိုက် ၅၇၀၀ အကွာအဝေးတွင် ရှိသည့် သံတို သံစများနှင့် ဖုန်မှုန့်များကို လေထဲသို့ လွင့်တက် သွား စေ ခဲ့ သည်။



'သိပ်ကောင်းတယ်၊ ဆဲလစ်ဗြူနို ကွင်း ပြင် မှာ ကျုပ် မြင်ခဲ့ရသမျှထက် ပိုကောင်းတယ်'

ဟင် နရီ ဂါ ဒူး က သူသည် အင်္ဂလန် နိုင်ငံ ရှိ ခေတ်ဝင် စစ်တက္ကသိုလ်တွင် တက်ရောက် သင်ကြားခဲ့ကြောင်း ဘ ရှူး စ တား ရန်းဒေါအား သ တိ ပေး လိုက်သည်။

'ခင်ဗျားကို ချီးကျူး လိုက်တယ် မေဂျာ'

ရန်းဒေါက အပြစ် မဖြစ်အောင် အမှန်အတိုင်း ပြောလိုက်သည်။

'မြင်ကွင်းက ရှင်းလင်းပြီး လေဆာရောင်ခြည်က ပစ် မှတ် ကို တည့်တည့် မှတ်မှတ် ရှာတွေ့ ထားပါ ဘယ်၊ အီလက်ထရွန်းနစ် ကိရိယာတွေ မပျက်စီးဘူး ဆိုရင် လွဲ ချော် သွား ဖို့ မ ဖြစ် နိုင် သ လောက်ပါပဲ ခင်ဗျာ'

မေဂျာ ဘရှူးစတားရန်းဒေါက ရှုပ်ထွေး ပွေလီသော ပစ်မှတ် ရှာသည့် ကိရိယာကို သူ့ တပည့် တစ်ယောက်က ကိုင်တွယ်လျက်ရှိကြောင်း ပါးနပ်စွာ ထိမ်ချန်ထားခဲ့သည်။

'ကမ်မ်ကိုက အဲဒီ အမြောက်မျိုး ၂၄ လက် ပေးထားတယ်၊ အဲဒီအမြောက်တွေ အားလုံးအတွက် အမြောက်ပစ် အဖွဲ့သားတွေကို ဘယ်တော့လောက် ကျရင် စုံစုံလင်လင် ရမလဲ'

'တစ်ပတ် နှစ်ပတ်လောက်ပါပဲ'

'မဖြစ်ဘူး၊ အဲဒါထက် စောစောစီးစီး ရလာအောင် ခင်ဗျားကို စီစဉ် ပေးရလိမ့်မယ်'



www.burmeseclassic.com

www.burmeseclassic.com

'မဖြစ်နိုင်ဘူး၊ အကွာအဝေးကို ရှာဖွေတဲ့ အီလက်ထရွန်းနစ် ကိရိယာတွေနဲ့ လေဆာရောင်ခြည် ကိရိယာတွေဟာ ရှုပ်ထွေး ခက်ခဲတဲ့ ပစ္စည်းကိရိယာတွေပါ'

'ကျုပ်တို့ ဒီကနေ့ မြင်ခဲ့ရတဲ့ တိကျမှု မျိုးဟာ တကယ်တော့ မလိုအပ်လှပါဘူး၊ ဒီ အမြောက်တွေဟာ အားလုံးကို သိမ်းကျုံးပြီး ပစ်ခတ်တဲ့ အမြောက်တွေပဲ ဖြစ်ရမယ်၊ ခင်ဗျား သဘောပေါက်ရဲ့လား မေဂျာ'

ရန်းဒေါ် သဘောပေါက်ပါသည်။ အမ်ရှစ်ဆယ့်တစ် အမြောက်များသည် မည်းမည်း မြင်သမျှ ပစ်ခတ်မည့် လက်နက်များသာ ဖြစ်ပါသည်။ မြေလှန်စနစ်ကို သုံးစွဲပြီး မည်းမည်း မြင်ရာကို ပစ်ခတ်သည့် ကိစ္စမျိုးတွင် ထိုမျှ လောက် တတ်မြောက် ထားရန် မလိုပါ။ ကိရိယာ အသစ်အဆန်းများကို ဘေးဖယ်ထားလိုက်ပြီး မျက်စိနှင့် ကြည့်၍ ပစ်ခတ်နိုင်းရုံသာ ရှိပါလိမ့်မည်။

'လေ့ကျင့် သင်ကြားမှုကို ပိုမြန်အောင် လုပ်လိုက်ပါ့မယ်၊ဆယ်ရက်အတွင်းမှာ သိမ်းကျုံးပြီး ပစ်ခတ်ပေးမယ့် အမြောက်တပ်ဖွဲ့ နှစ်ဆယ့်လေးဖွဲ့ကို ရရပါစေ့မယ်'

ဟာင်နဒိုဂါဒူးက ပြုံးလိုက်ပြီး နှုတ်ခမ်းကို လျှာနှင့် လျက်လိုက်၏။

'ကျုပ်တို့ ဆာပြီ။ နေလဲ စောင်းပြီ၊ နန်းတော်ကို ပြန်ကြစို့၊ ကျုပ်နဲ့ အတူ လက်ဖက်ရည်သောက်ဖို့ ခင်ဗျားကို ဖိတ်ကြားပါတယ်'



ဟာင်နဒိုဂါဒူး၏ မော်တော်ကားနှင့် **အစောင့်**တပ်သားများ လိုက်ပါလာသော ထရပ်ကားများ နန်းတော် ဝင်ပေါက်သို့ ရောက်ရှိလာချိန်တွင် ညနေ ၅ နာရီ ၄၅ မိနစ် ရှိနေလေပြီ။

သားရေ ဘွတ်ဖိနပ် ရှည်ကြီးကို ဝတ်ဆင်ထားသော ခြေထောက် အစုံသည် စားပွဲပေါ်၌ ရှိနေသည်။ ပျော့အိနေအောင် အကိုက်ခံထားရသော ဆေးပြင်းလိပ်က ပါးစပ်ထဲမှ ထိုးထိုးထောင်ထောင် ထွက်နေသည်။ ကြမ်းတမ်းလှသော လက် နှစ်ဖက်က သူ့လည်ပင်း နောက်ဘက်တွင် ရှိနေကြသည်။ ဗွီအိုင်အီး၌ ကျန်ရှိနေသေးသော ထိပ်ပိုင်းမှ အရာရှိကြီးများသည် ဗိုလ်လာ သားအဖကို နှုတ်ယောက်တည်း ထားခဲ့ပြီး မကြာသေးခင်ကပင် ၅၄ ထပ်၌ ရှိသော ရုံးခန်းထဲမှ ထွက်ခွာ သွားခဲ့ကြသည်။

'ဒိုင်ယာနီ၊ ပြာတာ အလုပ်ကို ရပ်တန့်ကာရပ်ပြီး မင်း အယူအဆကို ပြောစမ်းပါဦး'

ဒိုင်ယာနီသည် ရွှဲ့ရွှဲ့စောင်းစောင်း ဖြစ်နေသော ကုလားထိုင်များကို ပြန်စီ နေရာမှ သူ့ ဖခင်နှင့် မျက်နှာချင်းဆိုင်တွင် ရှိသော ကုလားထိုင်တစ်လုံး၌ ဝင်ထိုင်ချလိုက်သည်။

'ဒက်ဒီ သူတို့ကို ပြောပြတဲ့ စကားကို သူတို့ ယုံကြည်တယ်၊ ဒက်ဒီ ခိုင်းတဲ့ အတိုင်း သူတို့က ထွက်စာ တင်ပြမှာပဲ၊ ဒါပေမယ့် အချက်တလေးဘစ်ချက်တော့ ရှိနေတယ်'



www.burmeseclassic.com

www.burmeseclassic.com

'ဘယ်လို'

'ဒီလူတွေက လူညံ့တွေပဲ၊ အကောင်းဆုံး အတော်ဆုံး မန်နေဂျာတွေက ဗွီအိုင်အီးရဲ့ စတော့ ရှယ်ယာဈေး သုံးပုံ တစ်ပုံ အထိ ကျဆင်းလာပြီး ဆက်ကျဆင်းနေတဲ့ အချိန်မှာ အလုပ်က ထွက်သွားကြတယ်၊ အခု ဆိုရင် ဗွီအိုင်အီး စတော့ ရှယ်ယာဈေးနှုန်းဟာ ဆယ်နာရီ ခွဲက ဈေးနှုန်းလွှာ အရ ခြောက်ဆယ် ရာခိုင်နှုန်း နီးပါး ဈေးကျနေပြီ၊ ခုအချိန်အထိ ဆက်နေသေးတဲ့ လူတွေဟာ တခြားမှာ ထိပ်ပိုင်းရာထူးတွေ မရနိုင်တော့မှာကို သိတဲ့ လူတွေ ကြောက်နေတဲ့ လူတွေပဲ'

'သစ္စာရှိတယ် ဆိုတဲ့ အချက် တစ်ချက်ကို ထည့်မတွက်တော့ဘူးလား'

'ဗုန်းဗုန်း လဲကျတော့မယ်လို့ ထင်ရတဲ့ ကုမ္ပဏီမှာလား၊ သမီးက အဲဒီလောက်အထိ မညံ့သေးပါဘူး၊ သူတို့လို ကူးသန်း ရောင်းဝယ်ရေး ပညာမဟာဝိဇ္ဇာသမားတွေက အဲဒီ စာလုံးရဲ့ အဓိပ္ပာယ်ကို မသိကြပါဘူး၊ ဒါပေမယ့် စိတ်မပျက်ပါနဲ့ ဒက်ဒီရယ်၊ သမီးတို့ဆီမှာ စတီဗ်ပက်ဂျက်၊ ဂျက်ကော့ဟတ်ရှ်နဲ့ အီယန်ဘလိတ်တို့ ရှိနေကြသေးတာပဲ'

'လေးယောက်ပါ၊ မင်းလဲ ရှိနေတာပဲ'

'ဘုရားသခင် ကယ်တော်မူပါ၊ ကျွန်မ ကတော့ သမီးပဲရှင့်'

အိုင်ဗွန်းမိုက် တံတွေးသီးသလို ဖြစ်သွားသည်။

'ဒီစကားဟာ နား အချိုဆုံး စကားပဲ'



'သမီးတို့က လူညံ့တွေကို လက်လွှတ် ရလိမ့်မယ်၊ ပြီးမှ မျိုးရိုးသန့်တဲ့ လူတွေကို ပြန်ခန့်ပြီး လေ့ကျင့်ပေးရတော့မှာပေါ့ ဒက်ဒီရယ်'

'ဒါကလဲ ဒီကုမ္ပဏီကြီး မပြိုကွဲဘူးလို့ ယူဆပါမှ'

'စတီဗ်ကတော့ သူက အဲဒါထက် ပိုပြီး မျှော်လင့်ထားပါတယ်တဲ့'

'မင်း သူနဲ့ တွေ့လိုလား'

'တယ်လီဖုန်းထဲကပဲ ပြောမိတာပါ၊ တရားဝင် အလုပ်က ထုတ်ပစ်ထားတဲ့ လူတစ်ယောက်နဲ့ အတူတူ မြင်ရတဲ့ အထိ မစွန့်စားရဲပါဘူး'

'မှန်တာပေါ့၊ ဒါပေမယ့် မင်းကတော့ ဝမ်းသာပုံ မရဘူး'

'သမီး ဝမ်းမသာဘူး'

'သူ့ကို မင်း သဘောကျသလား'

'ကျပါတယ်'

'မင်း သူ့ကို ချစ်နေသလား'

'ချစ်တယ်လို့ ထင်တာပဲ၊ ဒါပေမယ့် အရင်လူတွေတုန်းကလဲ အဲဒီလို ထင်ခဲ့တာပဲ'

'အေးလေ၊ မင်းက အရွယ်ရောက်နေပြီပဲ၊ ဒါနဲ့ စကားမစပ် ဂျက်ကော့ဟတ်ရှ်ကိုတောင် မေးမကြည့်ရသေးဘူး၊ စတီဗ် ဘယ်မှာ ရှိနေတယ်ဆိုတာ မင်း သိသလား'

'ဘရွတ်ကလင်မှာ တစ်နေ့လုံး ရှိနေတယ်'

'ဘရွတ်ကလင်မှာ ဟုတ်လား၊ ဘာဖြစ်လို့လဲ'

'သူ ပြောတော့ တပ်ဖွဲ့ ဘီ ကို ဖွဲ့စည်းဖို့လို့ ပြောတာပဲ၊ သူ သန်ဘက်ခါ ကျရင် သွားလိမ့်မယ်'



www.burmeseclassic.com

www.burmeseclassic.com

'သူ့အတွက် စိုးရိမ်နေသလား'

'စိုးရိမ်တယ်ရယ်လို့ မဟုတ်ပါဘူး၊ အသက်ရှင်နိုင်မယ့် ကိစ္စသာ ဆိုရင် စတိဗ်က အသက် ရှင်မယ်လို့စားပါ၊ ပြဿနာကတော့ သမီးက ကိုယ့်ကိုယ်ကိုယ် အသုံးမဝင်ဘူး ထင်နေမိလို့ပဲ'

'မင်းက ကျုပ်ရဲ့ ညာလက်ရုံး ဖြစ်နေပြီပဲ'

'အဲဒါနဲ့ မလုံလောက်သေးပါဘူး'

'တိုက်ရိုက် ခိုက်ရမယ့် ရှေ့တန်းမှာ ရှိနေချင်တယ် ပေါ့'

'တစ်နည်းနည်းနဲ့ ကူညီနိုင်မယ် ဆိုရင်တော့ ရှိနေချင်ပါတယ်'

'မင်း ရှေ့တန်းကို သွားရမှာ မဟုတ်ဘူး'

သို့ရာတွင် ဒိုင်ယာနီက နားထောင် မနေပါ။ သူ လုပ်ကိုင်ပေးနိုင်သည့် ကိစ္စ ရှိကိုရှိရမည်။ သူ ဘာဘရာ ဟန်မွန်း သို့မဟုတ် ဂျက်ကော့ဟာတ်ရှ်နှင့် နောက်တစ်ကြိမ် ဆွေးနွေးရလိမ့်မယ်ဟု ထင်သည်။

မိုက်ဗိုဂလာက သမီး ဖြစ်သူကို မေးလိုက်၏။

'နေ့လယ်စာ စားမလား၊ ဒက်ဒီတို့ ၂၁ ကလပ်ကို သွားကြမယ်လေ'

'သမီးက ရှန်ပိန် သောက်ချင် စိတ် မရှိတော့ပါဘူး၊ ဒီရုံးက ဒက်ဒီရဲ့ သီးသန့် ထမင်း စားခန်းထဲမှာပဲ စားလိုက်ကြရအောင်'

မိုက်ကယ်ဗိုဂလာ တအံ့တဩ ဖြစ်သွားသည်။ ဒိုင်ယာနီက ၂၁ ကလပ်သို့ သွားချင်စိတ် မရှိဟု ဆိုသည့်အတွက် ကမ္ဘာကြီးသည် ခေတ်ကောင်းသို့ ရောက်ရှိနေလေပြီတည်း။



စတိဗ်ပက်ဂျက်နှင့် ဂပ်စ်တို့သည် ထိုနေ့ည ၉ နာရီ ၃၅ မိနစ်ခန့်တွင် ပြန်လည် ရောက်ရှိ လာကြသည်။ တယ်လီဖုန်း ဆက်သူများအား ပြန်ဖြေသော စက်တွင် ပြင်ပမှ သုံးကြိမ် ဆက်သွယ်မှု ရှိခဲ့ကြောင်း ဖော်ပြနေသည်။ နှစ်ကြိမ်မှာ 'အယ်လီဆန် ပါ၊ ကျွန်မကို ပြန်ဆက်သွယ်ပါ' ဟူ၍ ဖြစ်ပြီး ၁၈း၂၇ နာရီတွင် မည်သို့မှ မှာကြား ထားခြင်း မရှိဘဲ စကား ပြောခွက်ကို ပြန်ချသွားသည့် အသံ တစ်သံကို ကြားရသည်။ တတိယ အကြိမ်တွင် အယ်လီဆန် စိတ်ကောက်သွားပုံရသည်။ သူ ထပ်မံ၍ ဆက်ချင် ဆက် လိမ့်ဦးမည်။ စတိဗ်က ထိုစက်ကို ပြန်၍ အသက် သွင်းထားလိုက်သည်။ သူက အယ်လီဆန်ကို စိတ် မရှည် နိုင်အောင် ဖြစ်နေစေချင်သည်။

သူ ဂျက်ကော့ဟာတ်ရှ်နှင့် ဆက်သွယ်လိုက်၏။ သူ တွေးထင် ထားလိုက်သည့် အတိုင်း ဂျက်ကော့ဟာတ်ရှ် နေအိမ်၌ ရှိနေသည်။ သူတို့ နှစ်ယောက်သည် တစ်နေ့ ဘာ လုပ်ငန်းများကို နှစ်ယောက်စလုံး သိအောင် ပြောပြလိုက်ကြပြီးနောက် စတိဗ်ပက်ဂျက်က ၇ ရက်နေ့တွင် ပြုလုပ်မည့် သယ်ယူပို့ဆောင်ရေး အစီအစဉ်များကို ဆောင်ရွက်၍ ပြီး မပြီး မေး မြန်း သည်။ အားလုံး စီစဉ် ပြီး ပြီ ဖြစ်ကြောင်း ဟာတ်ရှ်က ဖြေသည်။



www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် ဒိုင်ယာနီ ဗိုဂလာ ထံ ဆက်သွယ်လိုက်သည်။

'ဟယ်လို စတိဗ်၊ အဆင် ပြေရဲ့လား'

'ပိုးသားလို ချောချော မွေ့မွေ့ ပါပဲ၊ တပ်ဖွဲ့ဘီ ကို ဖွဲ့နေပါပြီ၊ တပ်ဖွဲ့ ဘီထဲက လူ တွေ ဟာ ထိပ် တန်း တွေ ချည်း ပါပဲ၊ အဲ ဒါ ထက် တော့ ပိုမကောင်းနိုင်တော့ဘူး'

အတန်ငယ်ကြာအောင် ငြိမ်သက်သွားသည်။ ပြီးမှ

'ကင်းဖီးလ်ရဲ့ လျှို့ဝှက် ဇနီးအကြောင်း ကျွန်မ စဉ်းစားနေတယ်၊ ကျွန်မတို့က အရီဇိုးနားကို လူတွေ လွှတ်မယ်ဆိုရင်....'

'ဒိုင်ယာနီ၊ အဲဒီ ကိစ္စကို ကျုပ်တို့ ဆွေး နွေး ပြီးပါပြီ၊ အကျိုး မ ရှိပါဘူး၊ ကင်းဖီးလ်ရဲ့ ဇနီး အနားကို ဘယ်သူမှ မကပ်နိုင်ပါဘူး၊ ကပ်နိုင်တော့ ကော ဘာ ထူးခြားမှာလဲ၊ သူက ရူးနေပြီပဲ ဥစ္စာ'

'ကင်းဖီးလ်ကို တွယ်တဲ့ နေရာမှာ သူ့ကို တွန်း အားတစ်ခု အနေနဲ့ သုံးလို့ ရနိုင်တာပေါ့'

'ချာလီကင်းဖီးလ်မှာ ရန်သူတော်တွေ သိပ်ပေါ ပါတယ်၊ အဲဒီလူ တချို့က မစ္စက် ကင်းဖီးလ်ကို သေသေချာချာ လေ့လာခဲ့ကြပြီး အသုံး ဝင် စ ရာ မရှိဘူးလို့ ဆုံးဖြတ် ခဲ့ကြတယ် ဆိုတာကို ယုံကြည် လိုက်စမ်းပါဗျာ'

'ကျွန်မ ရှင့်ကို ယုံကြည်ပါတယ်၊ ဒါပေမယ့် ကျွန်မ ကိုယ်တိုင် လုပ်ကြည့်ချင်သေးတယ်'

'မဖြစ်ဘူး'



ပက်ဂျက်က အ လန့်တကြား အော်ပြောလိုက်မိသည်။ ဒိုင်ယာနီသည် ချားလ်စ်ကင်းဖီးလ်အား အစ ဖျောက်ရန် ဆိုသော စိတ်ကူးကို စတင် အကောင် အထည် ဖော်ခဲ့သူ ဖြစ်သည်ဟု စတိဗ်က အယ်လီဆန် အား ပြော ပြ ထား ခဲ့ ရာ ဒိုင် ယာ နီ ကို မစ္စက် ကင်းဖီးလ်၏ ခြံအနီးအနား၌ မြင်တွေ့သွားကြရမည် ဆိုပါက ဘာမဆို ဖြစ်နိုင်လာပေသည်။

'မဖြစ်ဘူး' ဟု အော်ပြော လိုက်မိသည့်အတွက် ဒိုင်ယာနီ စိတ်ဆိုးသွားမည် ဖြစ်သလို လွဲမှားသော အကျိုးသက်ရောက်မှုကို ဖြစ် စေ နိုင် မည် ဖြစ်သဖြင့် စတိဗ် ပက်ဂျက်က အ ကျိုး အ ကြောင်း နှင့် ယှဉ်၍ ပြောပြရပြန်၏။

'မင်းကို လူသိ များတယ်၊ မှတ်မိဖို့ လွယ်ကူတယ်၊ စ ကော့ဒေးကို မင်း ရောက် လာ ပြီး ငါး မိ နစ် အ တွင်း မှာ ကင်း ဖီးလ် ရဲ့ တပည့် တ ပန်း တွေ က မင်းကို မျက်စိ ဒေါက်ထောက်ပြီး လိုက်ကြည့်နေကြ လိမ့်မယ်၊ အဲဒီလောက်အထိ စွန့်စား ဖို့ မလိုပါဘူး ဒိုင်ယာနီရာ'

'ကျွန် မ က စွန့်စားတာတွေကို ကြား ရ လွန်း လို့ စိတ်ပျက်နေပြီ'

သူ့ကို ညင်ညင်သာသာ ဆက်ပြောရမှာလား။ သို့တည်းမဟုတ် ခပ်ကြမ်းကြမ်းကလေး ပြော ရ မှာ လားဟု စတိဗ်က တွေးလိုက်၏။

'ချီးမှပဲ၊ မင်းက လူ့ အသက်တွေနဲ့ ဆော့ကစား နေတာကွ၊ လူ့ အသက် ပေါင်း များစွာနဲ့ ဆော့



www.burmeseclassic.com

www.burmeseclassic.com

ကာစားနေတာ၊ အဲဒါကိုတော့ မင်း ခေါင်း ထဲမှာ ရှိစေချင်တယ်'

အတန်ငယ်မျှ ကြာအောင် ငြိမ်ကျ သွား သည်။ ပြီးမှ

'ကျွန်မကို မလုပ်ဖြစ်အောင် သတိပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်'

'ကျုပ်မှာ ပြောရမယ့် ဝတ္ထုရား ရှိတယ်'

'နက်ဖြန်ခါကျရင် ဖုန်းဆက်ဦးမလား'

'ဆက်မှာပေါ့ကွာ'

'တစ်နေ့ကို နှစ်ခါ ဆက်ပါရှင်၊ ခပ်စောစောမှာ တစ်ခါ' ည မိုးချုပ်ခါနီးမှာ တစ်ခါဒပါ့'

'ရပါတယ်ကွာ'

'မင်္ဂလာရှိသော ညပါ စတိဗ်ရယ်'

## ၃၉

အက်ဒဝပ်ဒီဘရီးစ်သည် သူ၏ လေယာဉ် မောင်းနှင် ချိန် နာရီ တစ်သောင်းကျော် အနက် နာရီ အများစုကို ပို့ဆောင်ရေး လေ ယာဉ် ကြီး များ ၏ လေ ယာဉ် ပျံ မောင်းနှင်ခန်းထဲ၌သာ အချိန် ကုန်ခဲ့ရသူ ဖြစ်သည်။ သို့တိုင်အောင် သူသည် ပို၍ ပေါ့ပါးပြီး မောင်းနှင် ရာတွင် လွယ်ကူသော လေယာဉ်ပျံ ကလေးများကို



တချိန်သော အခါက မောင်းနှင် ပျံသန်း ခဲ့ဖူးသည်။ ၎င်းအပြင် အက်ဖ် ၅၁ မတ်စတန်း လေ ယာဉ် ပျံ တစ်စီးကိုလည်း 'စတန့်' အဖြစ် ယှဉ်ပြိုင် မောင်းနှင် ခဲ့ဖူးသည်။ ထို့ကြောင့် မိုင် ၅၅၀ အထိ မောင်းနှင် နိုင်သော ဗင် ဒီ ကေ တာ လေ ယာဉ်ပျံသည် သူ့ အတွေ့အကြုံနှင့် ဆိုပါက အလွန်အမင်း ခက်ခဲလှ သော လေယာဉ်ပျံ မဟုတ်ပါ။

မဝမ်ဒီ လေတပ် အတွက် ငှား ရမ်း ထား သော ကြေးစား ပိုင်းလော့များ ရှေ့မှောက်တွင် သူ တော် ကြောင်း ပြသ နိုင်ရေးကသာ အဓိက ဖြစ်ပါသည်။ ထို ပိုင်းလော့များသည် သူ့ ထက် ပို၍ ငယ်ရွယ်သူ များ ဖြစ်ကြပြီး ဟားရီယားစ်၊ ဆူပါအီတင်းဒတ်စ်၊ အက်ဖ် ၁၀၄၊ အက်ဖ် ၁၆ နှင့် အ ခြား သော ဂျက် တိုက်လေယာဉ်ပျံများကို မောင်း နှင် ခဲ့ ကြ ဖူး သည်။ ထို ဂျက်လေယာဉ်ပျံများ၏ အမြန်နှုန်း ကို တစ်နာရီလျှင် မိုင် မည်မျှဆိုသည့် နှုန်းနှင့် တွက်ချက် လေ့မရှိဘဲ အသံ၏ အမြန်နှုန်း ဖြစ်သော 'မက်ခ်' ယူနစ်များနှင့်သာ တွက်ချက်လေ့ ရှိသည်။ အက်ဒဝပ် ဒီဘရီးစ်၏ အစွမ်းအစကို သူတို့အား ပြရလိမ့်မည်။ သို့တည်းမဟုတ် သူ၏ တွဲဖက်လေယာဉ်မှူး အဖြစ် ရွေးချယ်ထားသော တချိန်က လေတပ်တွင် ဗိုလ်ကြီး ဖြစ် ခဲ့ ဖူး သူ 'ဒေါ် နယ် အော့စ် ဘွန်း' ကို သူ့ အကြောင်း ပြရပေလိမ့်မည်။ ကျကျနန အထင်ကြီး သွားသော အော့စ်ဘွန်းက သူ့ အပေါင်းအသင်း များကို ပြောပြပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန်မှာ ၁၃း၂၃ နာရီ ဖြစ်သည်။ နယ်စပ်ဒေသမှ အကူအညီ တောင်း ခံ သော လံကြုတ်သတင်းကို လွှန်ခဲ့သော မိနစ် နှစ်ဆယ်က ရရှိခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် ဒီဘရီးစ် နှင့် အော့စ်ဘွန်းတို့သည် လေ ယာဉ် မောင်း ဝတ်စုံကို ဝတ်ဆင်ကြရန်နှင့် လက်နက် တပ်ဆင်သူများက အတောင်ပံ၌ တပ်ဆင်ထားသော စက်သေနတ်များနှင့် လေယာဉ်ဦးခေါင်းပိုင်း၌ တပ်ဆင် ထားသော ၃၀ မီလီမီတာ စက်သေနတ် နှစ်လက် တို့တွင် ကျည်ဆန် တပ်ဆင်ပေးရန် အချိန် လုံလောက်စွာ ရခဲ့ကြသည်။

ဂါဒူးမြို့တော် လေဆိပ်မှ လေယာဉ်ပြေး လမ်းပေါ်တွင် ရှင်းလင်းနေသည်။ လေတပ်ဗိုလ်ချုပ်ကြီး ဒီဘရီးစ်သည် ထိန်းသိမ်းကွပ်ကဲရေး မျှော် စင် ထိုဒုက္ခခံ၍ ဆက်သွယ် မနေတော့ပါ။ သူက အရှိန်မြှင့်ကိရိယာကို ရှေ့သို့ တွန်း ထုတ် လိုက် ပြီး ဖနာက ဘရိတ်ကို ဖြုတ်လိုက်သည်။ တာဘို အင်ဂျင်စက်များ မြည်ဟီး လာ ကြ သည်။ အေတူး လေယာဉ်ပျံသည် ရှေ့သို့ ခုန်ထွက်လာပြီး ဝေဟင်သို့ ပျံတက်နိုင်သော အ ရှိန် နှုန်း ကို စက္ကန့်ပိုင်း အတွင်း ရရှိ လာ တော့သည်။ ဒီဘရီးစ်က ဘီး များ ကို ပြန်ရုပ်သိမ်းလိုက်ပြီးနောက် ပေ လေး ထောင် အ ထိ ဒေါင်လိုက်နီးပါး ပျံတက်သွားသည်။ သူက လေ ယာဉ် ပျံ ကို ပြန်လည်၍ တည့်မတ် လိုက်ပြီးနောက် ခပ်များများ ချိုးကွေ့လိုက်ပြီး ပျံသန်းရမည့် လမ်းကြောင်း ကို ရွေးချယ် လိုက်သည်။ သူက လေ ယာဉ် ပျံ အား



အမြင့်ဆုံး အရှိန်နှုန်းအထိ မြှင့်တင်နေစဉ် မိုင်နှုန်းပြကိရိယာက တဖြည်းဖြည်း မြင့်တက် လာသည်။

၄၀၀၊ ၄၅၀၊ ၅၂၀၊ ၅၄၅....။

ထို အမြန်နှုန်းနှင့် ဆိုပါက သူ့ မြေ ပုံ ပေါ် မှ နယ်စပ်ဒေသသို့ ဆယ်မိနစ် အတွင်း ရောက်ရှိသွားမည် ဖြစ်ပါသည်။ ဒီဘရီးစ်က ပြောင်းရှင်းသည့် အနေနှင့် စက်သေနတ် အားလုံးမှ ကျည်ဆန်များကို နည်းနည်းစီ အတွဲလိုက် ပစ် ထုတ် လိုက် ရာ ဗင် ဒီ ကေ တာ လေ ယာဉ်ပျံ တုန်ခါသွားသည်။

'မြင်ကွင်းက ဘယ်လိုလဲ ဒေါ်နယ်'

'ခု လောက် အမြန်နှုန်းမှာတော့ အထူးတန်းမှာ ရှေ့ဆုံး တန်းက ကြည့်နေရသလိုပဲ'

အော့စ်ဘွန်းက ခပ်လှောင်လှောင်ကလေး ပြောလိုက်၏။ အော့စ်ဘွန်း အဖို့ မက်ခ် ၁.၂ အောက်ဘက်၌ ရှိနေသော အမြန်နှုန်းသည် အလွန် နှေးကွေးနေသည်။

ချီးမှုပဲ။ ဒီဘရီးစ်က လေယာဉ်ပျံကို အ ရှိန် နှင့် ဒေါင်လိုက် အောက် ဘက် သို့ စိုက် ဆင်း လိုက် ၏။ အမြင့်ပြ ကိရိယာက တ ဖြည်း ဖြည်း နှင့် လျှောကျလာသည်။

၃၀၀၀၊ ၂၅၀၀၊ ၂၀၀၀၊ ၁၅၀၀။

သူတို့ အောက်ဘက်တွင် ရှိနေသော ယာခင်းက သူတို့ဆီသို့ လျှင် မြန် စွာ ထိုး ကပ် လာ နေ သည်။ ဒီဘရီးစ်က အော့စ် ဘွန်း ၏ မှတ် ချက် ကို နားစွင့်လိုက်၏။ ပေါ်မလာပါ။

၁၀၀၀၊ ၅၀၀။



www.burmeseclassic.com

www.burmeseclassic.com

သူသည် မြေပြင်နှင့် လက်မခန့် အလိုတွင် ပြန်၍ ထောင်တက်သွားသည်။ လယ်သမား တစ် စု သည် ကြောက်ကြောက် လန့်လန့်နှင့် ပါးစပ်ဟပြီး ကျန်ရစ်ခဲ့ကြသည်။ အော့စ်ဘွန်း နှုတ် ဆိတ် နေ သည်။ ပေ ၅၀၀ အထိ ပြန်တက်လိုက်ပြီးနောက် လေယာဉ်ပျံကို လေထဲတွင် လူးလှိမ့်ပြီး မောင်းပြလိုက်သည်။

လေတပ်ဗိုလ်ချုပ်ကြီးသည် အလွန် ညံ့ဖျင်းသော ပုဂ္ဂိုလ် ဖြစ်သည်ဟု ဒေါနယ် အော့စ်ဘွန်းက တွေးလိုက်၏။

'ဆရာ ကျွန်တော်တို့ လေ ယာဉ် အုပ် မှာ ရှိရင် သိပ်ကောင်းမှာပဲ ခင်ဗျ'

ဒီဘရီးစ်က ထိုစကားကို ချီးကျူး စကားအဖြစ် မှတ်ယူပြီး ကလေး ဆန် ဆန် လုပ်နေသည့် ကိစ္စကို ရပ်တန့်သွားစေရန် အော့စ်ဘွန်းက ပြောလိုက်ခြင်း ဖြစ်သည်။

ဒီဘရီးစ်သည် ပေ ၁၀၀၀ သို့ အရောက်တွင် လေယာဉ်ပျံကို ပြန် တည့်မတ်၍ မောင်း နှင် လိုက်သည်။ နယ်စပ်အဖြစ် ပိုင်းခြားထားသော လင်ဘာ မြစ်သည် သူတို့ ရှေ့ဘက်တွင် ရှိနေသည်။

'ကျုပ်တို့ အမဲလိုက် ထွက်ကြမယ်'

ဒီဘရီးစ်က စက်ရှိန်မြင့် ကီရိယာကို နောက်ဘက်သို့ ပြန်ဆွဲလိုက်ပြီး အတောင်ပံပိုကလေးများသို့ အောက် ချလိုက်သည်။ လေယာဉ်ပျံသည် တစ်နာရီလျှင် မိုင် ၁၅၀ နှုန်း အထိ လျော့ကျ သွား သည်ဟု အော့စ်ဘွန်းက ပြောလိုက်၏။

'တဲအိမ်ကလေးတွေ၊ စစ်တပ်တွေ...'



'မြင်ပြီ၊ ဟောဒါကို စောင့်ကြည့်'

ပဲ့ထိန်း ကိရိယာကို ဘယ်ဘက်သို့ ဆွဲလိုက်သည်။ လေယာဉ်ပျံကို သစ်ပင်ထိပ်ဖျားလောက်အထိ ဆင်းလိုက်သည်။ စစ်သား ငါးဆယ်၊ ခြောက် ဆယ် ခန့်သည် စိတ်ညှို့ခံနေကြရသလို လေယာဉ်ပျံကို မော့ကြည့်နေကြသည်။ အမေရိကန် စတိုင် ယူနီဖောင်းများကို ဝတ်ဆင်ထားကြသော ဘိုလီဗီယန် စစ်သားများပင်တည်း။ ထိုစစ်သားများကို လေယာဉ်ပျံတွင် တပ် ဆင် ထား သော စက် သေ နတ် အားလုံးနှင့် ပစ်ခတ်မည်။

အတောင်ပံတွင် တပ်ဆင်ထားသော စက်သေနတ်များက အတွဲလိုက် ပစ်ကြသည်။ ခေါင်းပိုင်းမှ စက်အမြောက်ကလည်း တ ဖုန်း ဖုန်း ထနေသည်။ စက်သေနတ်များ၏ နောက် ဘက် သို့ ပြန်ကန်မှုကြောင့် အေတူး လေယာဉ်ပျံသည် တုန်ခါနေသည်။ကျည်ဆန်များက မြေပြင်ပေါ်တွင် မျဉ်းပြိုင် ဆွဲသလို ထိမှန်သွားကြသည်။ ထိုမျဉ်းပြိုင် နှစ်ကြောင်းသည် စစ်သားများထံသို့ ရောက်ရှိသွားကြပြီး သူတို့ကို ထိမှန်ကြတော့သည်။

အတောင်ပံ ပိုများကို အောက်ချထားပြီး ပျံဝဲနေသော အနှေးဆုံး အ ရှိန် နှုန်း နှင့် မောင်း နှင်နေ ရသည်ကို မေ့ သွား သော ဒီဘရီးစ်သည် နောက်တစ်ကြိမ် ပစ် ခတ် ရန် နောက်ပြန် လှည့်ရမည်ကို သတိမရဘဲ နောက်ကျွမ်းထိုးရန် ကြိုးစားလိုက်သည်။ အေတူး လေယာဉ်ပျံသည် မိုးပေါ်သို့ ထေင်သွားသော်လည်း အောက်ဘက်သို့ ပြုတ် ကျတော့ မည်



www.burmeseclassic.com

www.burmeseclassic.com

ဆဲဆဲ အနေအထားသို့ ရောက်ရှိသွားသည်။ အောစ်ဘွန်းက သူ့ ရှေ့တွင် ပုံ စံ တူ ရှိ သော ပွဲထိန်း ကိရိယာကို အချိန်မီ ဆွဲ ကိုင် ပြီး ပြင်လိုက်ရလေ၏။

'ပစ်ပုံ ခတ်ပုံ ကတော့ တကယ် သပ်ရပ်ပါပေ တယ်ဗျာ'

ဒီဘာရီးစ်အနေနှင့် သူ့ အမှားကို မေ့သွားစေလို သောကြောင့် အောစ်ဘွန်းက ခပ် မြန် မြန် ပြော လိုက်ရသည်။

ဒီဘာရီးစ် စိတ်ထဲက ကျိန်ဆဲ လိုက်မိသည်။ အောစ် ဘွန်းသည် သေ နိုင် လောက် သည့် သူ့ အမှားကို မြင်တွေ့သွားသည်သာမက သူ့ ကို ကယ်ဆယ်ခဲ့သည်။ ဒီဘာရီးစ်က တစ်ပတ်တိတိ ပြန် ကွေး ချ လိုက် ၏။ သို့ရာတွင် နှောင့်နှေးသွားမှုကြောင့် လူသားပစ်မှတ် များအနေနှင့် ပုန်း ခို ရန် အချိန် ရရှိသွားကြသည်။ သေဆုံးသူများနှင့် ကြီးကြီး ကျယ်ကျယ် ဒဏ်ရာ ရရှိ သူများသာ ကျန်ရစ် ခဲ့ကြသည်။ ဒီဘာရီးစ်က အော် ဟောက်လိုက်၏။

'အလောင်းတွေကို ရေတွက်ကြည့်စမ်း'

အောစ်ဘွန်းက ငုံ့ ကြည့် လိုက် ၏။ ဆယ့် ရှစ်၊ နှစ်ဆယ်လောက်ပဲ ရှိမည်၊ သို့ရာတွင် မလုံလောက် သေးပါ။

'လေးဆယ်ထက် ကျော်မယ် ဆရာ'

'မဆိုးပါဘူး'

ဒီဘာရီးစ်က လေယာဉ်ပျံကို ပြန်ကွေ့ လိုက် ပြီး နောက် ဒေါ်လာ တစ် ထောင် ခန့် သာ တန်သော တဲများနှင့် တဲထဲမှ ပစ္စည်းများကို ဒေါ်လာ သုံး



ထောင် တန်သော ကျည်ဆန်များနှင့် ပစ် ခတ် ပြီး မီးရှို့လိုက်သည်။ သူ့ ထံတွင် ကျည်ဆန် လက်ကျန် ရှိနေသေးသည်။ သူက မြေပြင်ကို လှေ့လာလိုက်၏။ ညာဘက် လေးငါးမိုင်ခန့် အကွာ အဝေးတွင် ရှေ့ နောက် တန်းစီ၍ မောင်းနှင်နေသော ထရပ်ကားတန်း ကြီးကို မြင်လိုက်ရသည်။

'ကျုပ် အဲဒါကို ပစ်ပြမယ်'

သူက ထရပ် ကားတန်းဆီသို့ ဦးတည်လိုက်သည်။ သူက ကိုက် တစ်ထောင်ခန့်က နေ၍ ပစ် ခတ် ရန် ချိန် ရွယ် ထား သည်။ မှိတ် တုတ် မှိတ် တုတ် နှင့် လက်ခနဲ လက်ခနဲ ဖြစ်နေသည်။ အချက် ပြနေတာ များလား။ ဘုရားသခင် ကယ် တော် မူ ပါ။ ဘယ် ဟုတ်ရမှာလဲ။ သူတို့ကို မြေ ပြင် က ပစ်ခတ်နေခြင်း ဖြစ်သည်။ ကျည်ဆန်များ ဆက် တိုက် လာ နေ ခြင်း ဖြစ်သည်။ ကျည်ဆန် နှစ်တန်း ရှိနေသည်။

'ပြန်ဆုတ်တော့'

အောစ်ဘွန်းက တိုက်တွန်းလိုက်၏။

'ဆက်တိုက် ပစ်ခတ်နိုင်တဲ့ သုံးဆယ် မီလီမီတာ အမ်ဂျီ စက်အမြောက် နှစ်လက်ဗျ။ ဒါပေမယ့် သူတို့ ချိန်တာက လွဲနေတယ်'

အောစ်ဘွန်းသည် ဖောက်ကလင်ကျွန်း တိုက်ပွဲတွင် ဟာရီယာ လေယာဉ်ပျံ တစ် စီး ကို မောင်း နှင် ပြီး အာဂျင်တီးနား နိုင်ငံမှ ပစ်ခတ်နေသော ဘော်ဖော စက်အမြောက် ကျည်ဆန်များနှင့် အိုလီ ကွန် စက် အမြောက် ကျည် ဆန် များ အကြားသို့ အေးအေး ဆေးဆေး ဝင်၍ ပစ်ခတ်ခဲ့သူ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဒီဘရီးစ်သည် အတောင်ပံပိုကလေးများကို ပြန်ရုပ်မတင်ပြီး လေယာဉ်ပျံကို ကွေ့၍ အမြန်ဆုံးနှုန်းနှင့် အပေါ်သို့ ပျံတက်နေသည်။ မဝမ်ဒန် နိုင်ငံထဲ၌ ပေ ၅၀၀၀ အမြင့်သို့ ရောက်ရှိသည့် အခါကျမှ ဒီဘရီးစ်က စကား ပြောလိုက်သည်။

'ထရပ်ကား သုံးလေးစီး အတွက် လေယာဉ်ပျံ တစ်စီး အဆုံးရှုံး မခံနိုင်ပါဘူး၊ ဒါမှမဟုတ် မင်းလို လူတစ်ယောက်ကိုလဲ အဆုံးရှုံး မခံနိုင်ပါဘူး၊ ဒါမှမဟုတ် မင်းကိုယ် မင်း အဆုံးရှုံး ခံနိုင်မယ်လို့ မင်း ထင်သလား'

ခအော့စ်ဘွန်းက အစီအစဉ်ကို နားလည်လိုက်သည်။ လေဘာပ် ဗိုလ်ချုပ်ကြီး၏ ပျံသန်းမှု စွမ်းရည်၊ လက်ဖြောင့်မှု စွမ်းရည်နှင့် ဇဝနဉာဏ် ထက်သန်မှုတို့ကို ချီးကျူး ခြင်း ဖြင့် သူသည် ကြာရှည်စွာ ငှားရမ်းခံရသူ စာရင်းတွင် ပါဝင်နိုင်သည်။ ကောင်းပေ့ဗျာ။ အင်မတန် စျေးပေါတဲ့ ကိစ္စပဲ။

'ဆရာ့လက်အောက်မှာ တာဝန် ထမ်းဆောင်ခွင့်ရတဲ့ အတွက် သိပ် ဂုဏ်ယူမိပါတယ် ဆရာ၊ ဒီ စစ်ဆင်ရေး အကြောင်း အပေါင်း အသင်းတွေကို ပြောပြဖို့ လျှာယားနေပြီ ဆရာရေ့'

အီယန်ဘာလိတ်သည် ရေဒီယို နှင့် ပေးပို့ သော သတင်းကို ဂါလာ စံတော်ချိန် ညနေ ၃ နာရီ ၅ မိနစ်တွင် လက်ခံ ရရှိခဲ့သည်။ အမှတ်အသား မပါသော လေယာဉ်ပျံ တစ်စီးသည် မဝမ်ဒီ နိုင်ငံ



ဘက်မှ ပျံသန်းလာပြီး ဝင်ရောက် ပစ်ခတ်သွားမှုကြောင့် ဆယ့်နှစ်ယောက် သေဆုံးပြီး ခုနစ်ယောက် ပြင်းထန်စွာ ဒဏ်ရာရရှိသွားသည်။ မြေပြင်မှ စက်သေနတ်နှင့် ပြန်လည်ပစ်ခတ်မှုကြောင့် လေယာဉ်ပျံ ပြန်လည် ထွက်ခွာသွားသည်။ အီယန်ဘာလိတ်က ထိုကိစ္စကို စတိဗ်ပက်ဂျက်ထံ ချက်ချင်း သတင်း ပို့သည်။ နယူးရောခ် စံတော်ချိန် နံနက် ၉ နာရီ ၁၀ မိနစ်တွင် ရောက်ရှိလာသည်။ စတိဗ် အပြင် မသွားသေးပါ။ ဘာလိတ်ခ်က သူ၏ အယူအဆကို ပြောပြလိုက်သည်။

'သူတို့ရဲ့ အေတူး လာဖ်တန် လေယာဉ်ပျံ တစ်စီး ဖြစ်ရမယ်၊ အဲဒီ လေယာဉ်ပျံတွေကို ဒီလောက်အထိ စောစောစီးစီး သုံးနိုင်လိမ့်မယ်လို့ မထင်ခဲ့မိဘူး၊ စစ်ရှိန် မြင့်ပုံကလဲ လွန်လှချည်လား စတိဗ်ရာ'

စတိဗ်ပက်ဂျက်က အီယန်ဘာလိတ်နှင့် သဘောထားချင်း မတိုက်ဆိုင်ပါ။

'အင်မတန် မိုက်လုံး ကြီးတဲ့ ရန်စမှုပါဗျာ၊ လေယာဉ်ပျံ တစ်စီးတည်းကို သုံးတာက ဘွားဘွားကြီး ပေါ်နေပါပြီ၊ သူတို့ဆီမှာ ပျံနိုင်တဲ့ လေယာဉ်ပျံက တစ်စီးတည်း ရှိသေးတယ်၊ တစ်ယောက်ယောက်က ကျုပ်တို့ကို အဲဒါနဲ့ ခြောက်ဖို့ မစောင့်နိုင်တော့ဘူးလေ'

'နယ်စပ်မှာ ရှိတဲ့ စစ်တပ်တွေက သိပ် ဆိုးနေကြတယ်၊ အစိုးရကသာ ကြေညာလိုက်မယ် ဆိုရင်....'

'အဲဒီအကွက်ကို ထည့်တွက် ရလိမ့်မယ် အီယန်၊ ဘိုဆိုတန် အစိုးရက ထကန့်ကွက်လိမ့်မယ်လို့ သူတို့က

www.burmeseclassic.com

www.burmeseclassic.com

တွက်ထားပြီး အဲဒီ အချိန်အထိ သူတို့က ငြိမ်နေကြလိမ့်မယ်၊ အဲဒီ နောက်ပိုင်းကျတော့ သူတို့က ကိုယ့်ကိုယ်ကိုယ် ခုခံ ကာကွယ်တာပါလို့ လျှောက်လဲ ချက်ပေး လိမ့်မယ်၊ သူ တို့ က စဉ်း စား လို့ ရသမျှနည်းမျိုးစုံနဲ့ လက်တုံ့ပြန်ကြလိမ့်မယ်’

‘သိပ် မှန် တာ ပေါ့၊ ဒါပေမယ့် ကြောက်တဲ့စိတ်ကိုတော့ လျော့နည်း သွားစေမှာ မဟုတ်ဘူး’

‘ဒီမှာ ကိုယ့်လူ၊ ဝင်ရောက် စီးနင်း တိုက်ခိုက်မှုဆိုတာ မရှိခဲ့ပါဘူး၊ ဝမ်းနည်းစရာ ကောင်းအောင်မှားယွင်းသွားတာပဲ ရှိတယ်၊ လေယာဉ်ပျံက ကျုပ်တို့လေယာဉ်ပျံဗျ၊ ဘိုဆိုတန် နိုင်ငံက လေ ယာဉ် ပျံ’

‘ခင်ဗျား ရူးနေလို့ပဲ ဖြစ်ရမယ်’

‘ပြင် ပြောလိုက်ဦးမယ်၊ လေယာဉ်ပျံ မောင်းတဲ့လူရူးသွပ်သွားတယ်၊ သူ့ကို ဖမ်းပြီး အ ကျဉ်း နည်း နဲ့ စစ် ဆေး တယ်၊ သူ့ကို ကွပ်မျက်လိုက်ပြီ၊ သေဆုံးသွားရတဲ့ စစ်သားတွေ အတွက် အလံကို တိုင်ဝက်လွှင့်ထူမယ်’

‘ခင်ဗျား ရူးနေပြီ!၊ ဘာဆိုတိုမှာ ခေတ်မီ တိုက်လေယာဉ်ပျံ မရှိပါဘူး’

‘စက် သေနတ်နဲ့ ပစ်ခံရတဲ့ ဟို ငတိတွေက လေယာဉ်ပျံပုံစံတွေကို မှတ်မိနေမှာလား၊ အဲဒီ သတင်းကိုလက်ခံကြလိမ့်မယ်၊ ဒါဆိုရင် ကမ်မ်ကိုနဲ့ ဂါဒူးကိုခွေ ပြီးသား ဖြစ် သွား လိမ့် မယ်၊ ကျုပ် တို့ က ဝင်ရောက် တိုက်ခိုက်မှု မရှိပါဘူးလို့ ပြောထားတဲ့အတွက် သူတို့က လက်တုံ့ပြန် တိုက်ခိုက်ရပါတယ်လို့ဘယ်လိုလုပ် ပြောနိုင်မှာလဲ’



အီယန်ဒေါလီတ်က တွေး ကြည့် လိုက် ၏။ စထိဗ်ပက်ဂျက် ပြောသည့် ကိစ္စမှာ ဖြစ်နိုင်စရာ ရှိသည်။ ကမ်မ်ကိုနှင့် ဂါဒူးတို့၏ အကြံအစည်သည် ဘာပဲဖြစ်ဖြစ် အောက်ခြေ ယိုင်သွားအောင် လုပ်နိုင်လိမ့်မည်ဟု ယူဆရသည်။

‘ခပ်တည်တည် ညာရမယ်ပေါ့’

‘အင်မတန် စိတ်ချရတဲ့နည်းလမ်းကောင်းတစ်ခုပဲ၊ ထိရောက်မှု ရှိမှာ သေချာပါတယ်’

‘ဘယ်လောက်လောက် ကြာအောင် ခံရမှာလဲ’

‘ကျုပ်တို့က ရက်ပိုင်းလောက်ပဲ လိုပါတော့တယ်၊ တစ်ရက် ပိုရလေလေ မြတ်လေလေပဲ’

လောရင့် ဟော့ပါးနှင့် အက်ဒဝပ် ဒီဘရီးစ်တို့သည် ဂါလာ မြို့တော်မှ လွှင့်ထုတ်မည့် ရေဒီယို သတင်းကိုနားထောင်ရန် အတူတူ ရှိနေကြသည်။ ထိုသတင်းကိုလေးနာရီ မတိုင်မီ လွှင့်ထုတ်လိုက်သည်။

‘နယ်စပ်၌ ရှိနေသော ကျွန်ုပ်တို့၏ စစ်တပ်များတွင် ထိခိုက် ဆုံးရှုံးမှုများ ရှိခဲ့ကြောင်း ကာကွယ်ရေး ဝန်ကြီးဌာနက ဝမ်း နည်း စွာ ကြေညာအပ်ပါသည်။ ဝမ်းနည်းစရာ ကောင်းသော အဖြစ်အပျက်ကြောင့် လူ ဆယ့်နှစ်ဦး သေဆုံးခဲ့ရသည်။’

‘ဆယ့်နှစ်ဦးတဲ့လား’ ဒီဘရီးစ်က မယုံကြည်နိုင်ပြောလိုက်၏။ ‘လေးဆယ် ကျော်ရမယ်ဗျ’

www.burmeseclassic.com

www.burmeseclassic.com

လောရင့်ဟော့ပါး၏ မျက်မှောင်ကုတ်မှုကြောင့် ဒီဘာရီးစ် ငြိမ်ကျသွားသည်။

'ဘိုဆိုတန် လေတပ်မှ လေယာဉ်မောင်း တစ်ဦးသည် ထုံးစံအတိုင်း လေ့ကျင့် ပျံသန်း နေစဉ် စိတ် ဖောက် ပြန် ပြီး ကျွန်ုပ်တို့၏ တပ်မတော်မှ စစ် တပ် များ အား ပစ်ခတ်ခဲ့ သည်....'

ဒီဘာရီးစ် ပါးစပ် အဟောင်းသား ဖြစ်သွားသည်။

'လေတပ်သို့ ပြန်လည် ရောက်ရှိလာသော အခါ လေယာဉ်ပျံ မောင်းနှင်သူကို ဖမ်းဆီး ထားလိုက်သည်။ ထိုသူက အပြစ် ရှိကြောင်း ဝန်ခံသဖြင့်....'

'ချီးမှုပဲ'

ဒီဘာရီးစ် ထိုင်ရာမှ ခုန်ထလိုက်၏။

'တော်တော် ကောက်ကျစ်တဲ့ လူကြောက်တွေပဲ'

ဟော့ပါးက ပြောလိုက်ခြင်း ဖြစ်သည်။

'သူတို့ အနေနဲ့ ဘာမှ မလုပ်နိုင်ဘူးဆိုတာ သူတို့ သိတယ်၊ ဒါပေမယ့် ဝန်မခံရဲဘူး၊ အဲဒီ ကိစ္စကို ကန့်ကွက်လိုက်ရင် ဖြစ်ပေါ်လာမယ့် အကျိုး ဆက် တရားတွေကို သူတို့ ကြောက်လန့် နေကြတယ်'

'ဒီကောင်တွေကို နက်ဖြန်ခါကျရင် နောက်တစ်ခါ သွားချလိုက်ဦးမယ်၊ ဒါမှမဟုတ် ဒီကနေ့ ညနေပဲ သွားဆော် လိုက်ဦးမယ်'

'ဘယ်နည်းနဲ့မှ မလုပ်ရဘူး'

'ဘယ်လို'



ဒီဘာရီးစ်သည် တိုတားမြစ်ချက်ကြောင့် ကြက်သေ သေသွားရသည်။

'ခင်ဗျားရဲ့ လေယာဉ်ပျံ တစ်စီးတည်း လက်နက် တပ်ဆင်ပြီး ချိန်မှာ အဲဒါကို လုပ်ခွင့် မပြု ဘူး၊ ဆိုပါစို့၊ လေယာဉ်ပျံ ခြောက်စီးကို စက်သေနတ် တွေလဲ တပ်ဆင်ပြီးပြီ၊ ဗုံးကြဲတဲ့ စင်တွေကိုလဲ တပ်ဆင် ပြီးပြီဆိုရင် ခင်ဗျားက ဦးဆောင်ပြီး သွားနိုင်တယ်၊ အဲဒါလောက် ကြီးကျယ်တဲ့ ကိစ္စကျရင် ဘာဆိုတိုက ဖုံးကွယ်ထားလို့ ရမှာ မဟုတ်ဘူး'

'လေယာဉ်ပျံ ငါးစီးကို ထပ်ပြီး တပ်ဆင်ဖို့ဆိုတာ တော်တော် အချိန် ကြာဦးမှာပဲ၊ အဲဒီ အတော အတွင်းမှာ ကျုပ်တော့ သိပ်ပျင်းနေလိမ့်မယ်'

'ပျင်းနေမယ် ဟုတ်လား'

ဟော့ပါး အံ့အားသင့်သွားပုံ ရသည်။

'ခင်ဗျားက လေတပ် ဗိုလ်ချုပ်ကြီးပဲ၊ ခင်ဗျားရဲ့ ဦးဆောင်မှု အခန်းကဏ္ဍကို ဆောင် ရွက် ပေါ့၊ ခင်ဗျားက တပည့်တွေကို လေယာဉ်ပျံ အတောင်ပံ ပြုတ်ထွက်သွားအောင် ဘယ်လို ပျံသန်းရတယ် ဆိုတာကို တစ်ယောက်စီ သင်ပေးပေါ့ဗျာ'

ဗွီအိုင်အီးမှ မော်တော်ကားများကို သုံးစွဲခွင့် ပြု တော့သော စတိဗ်ပီကော်ဂျက်သည် မြေတိုက်ခန်းကား ဂိုဒေါင်ထဲ၌ ရှိနေသော ဘီအမ်ဒဗလျူ မော်တော် ကားကို သုံးစွဲ နိုင်ပါသေးသည်။ သို့တိုင် အောင်



www.burmeseclassic.com

www.burmeseclassic.com

ယနေ့ နံနက်ခင်းတွင် သူသည် သံသယဖြစ်နေမိသော ကိစ္စကြောင့် လမ်းလျှောက် သွားရန် ဆုံးဖြတ်လိုက်သည်။

စတိဗ်ပက်ဂျက်သည် ၈၁ လမ်းအတိုင်း အနောက်ဘက်သို့ လျှောက်လာခဲ့သည်။ မေ ဒီ ဆန် ရိပ်သာလမ်းထောင့်သို့ အရောက်တွင် ခေတ္တမျှ ရပ်တန့်ပြီး အပေါ် ဝတ် ကုတ်အင်္ကျီနှင့် အောက်ဘက်ရှိ ဝတ်စုံမှ အိတ်များကို လက်နှင့် ပုတ်၍ စမ်းလိုက်၏။ သူသည် အိမ်ခန်း၌ အရေးကြီးသော ပစ္စည်းတစ်ခုခု ကျန်ရစ်ခဲ့ကြောင်း သ တိ ရ လာ သူ တစ်ဦးနှင့် တူ အောင် ‘ချီးမှပဲ’ ဟု ခပ်ကျယ်ကျယ် ရေရွတ်လိုက်သည်။

ထိုအချိန်တွင် သူသည် နောက်ဘက်သို့ ပြန်လှည့်လိုက်မည် ဆိုပါက မှားယွင်းလိမ့်မည် ဖြစ်ကြောင်း၊ မျက်စိရှင်သော နောက်ယောင် ခံ၍ လိုက်လာသူက ထိုကိစ္စကို မျှော်လင့်ထားလိမ့်မည်သာ ဖြစ်ကြောင်း အတွေ့အကြုံအရ သိထားသည်။ စတိဗ်က ပြန်လှည့်ကြည့်မည့်အစား ပြန်သွားရန် သင့်မသင့် စဉ်းစားနေသည့်အလား ခေတ္တမျှ ရပ်တန့်နေလိုက်သည်။ သူ ပြန်မသွားဖို့ ဆုံးဖြတ်လိုက်ပုံ ရသည်။ အ ချက် ပြမီးကလည်း စိမ်းသွားပြီ ဖြစ်သဖြင့် သူသည် မေဒီဆန်ရိပ်သာလမ်းနှင့် မျက်နှာချင်းဆိုင် ထောင့်တွင် ရှိနေသည့် ဖရင့်ကင်းဘဲလ် အသုဘဂေဟာဆီသို့ သုံးလေးလှမ်း ဆက်လျှောက် လိုက်သည်။ ထို့နောက် ဘယ်ခြေကို ရှေ့သို့ လှမ်းပြီး နောက်ဘက်သို့ ချာခနဲ ပြန်လှည့်လိုက်လေ၏။



နောက်ယောင်ခံ၍ လိုက်လာသူသည် တော်လည်းတော်သည်၊ မြန်လည်း မြန်ဆန်သည်။ သို့ရာတွင် တကယ်တော်သည်၊ တကယ်မြန်သည်ဟု မဆိုနိုင်ပါ။ နောက်ဘက် ပေ ငါးဆယ် ခန့် အကွာမှ နောက်ယောင်ခံ၍ လိုက်လာသူသည် ခပ်ပိန်ပိန် ပါးပါးနှင့် အပြင်ပန်းတွင် လယ်ဂျာ စာရေး တစ်ယောက်ဟု ထင်ရသူ ဖြစ်သည်။ ထိုသူက သူ ကိုင် လာ သော မဂ္ဂဇင်း လွတ်ကျ သွားဟန်နှင့် ငုံ့ ကောက် ဟန်ဆောင်လိုက်၏။ ပက် ဂျက် သည် နောက် ဘက် သို့ ပြန်လျှောက်သွားပြီး ထိုသူနှင့် မျက်နှာချင်း ဆိုင်၍ ရပ်လိုက်သည်၊ စတိဗ်ပက်ဂျက်တွင် လိုင်စင်နှင့် ကိုင်ဆောင်သော ဒသမ ၃၅၇ မဂ္ဂနမ် သေနတ် ပါရှိလာပြီး စတိဗ်က ထိုသေနတ်ကို လက်နှင့် ဆုပ်ကိုင်ထားသည်။ပွင့်နေသော ကုတ်အင်္ကျီစက ထိုသေနတ်ကို ကာထားသဖြင့် နံဘေးမှ ဖြတ်လျှောက် သွားသူများ မမြင်နိုင်ကြပါ။ မဂ္ဂဇင်း စာအုပ်ကို ငုံ့ကောက်ပြီး ခါးကို ပြန်၍ဆန့်လိုက်သူကသာ သေနတ် ပြောင်းဝကို မြင်နေရစေသည်။

‘ကျုပ်တို့ နှစ်ယောက် ရင် ပေါင်တန်းပြီး လမ်းလျှောက်နိုင်တဲ့ အချိန်မှာ ဘာဖြစ်လို့ နောက်ယောင်ခံပြီး လိုက်နေရတာလဲ ကိုယ့်လူရဲ့’

ထိုကဲ့သို့သော အခြေအနေမျိုးတွင် မည်သို့မည်ပုံ ခုခံ ကာ ကွယ် ရ မည်ကို ထို ပုဂ္ဂိုလ် သိ ပါ သည်။ အော်ဟစ်ပြီး အကူအညီ တောင်းရမည်။ နေ့လယ်ကြောင်တောင်တွင် လူသွားလမ်းပေါ်၌ မည်သူကမှ သေနတ်နှင့် ပစ်ရဲကြမည် မဟုတ်ပါ။ ထို ပုဂ္ဂိုလ်က



www.burmeseclassic.com

www.burmeseclassic.com

ပါးစပ်ဟလိုက်၏။ ထို နည်းဗျူဟာကို နားလည်နေသော ပက်ဂျက်က သေနတ်နှင့် ပင့်ရိုက်ပြီး ထိုသူ၏ ပါးစပ်ကို ပိတ်ပေးလိုက်သည်။ 'ဒါမျိုးတွေ ရိုးနေပါပြီကွာ' ဟု ပက်ဂျက်က ပြောလိုက်၏။ ထိုပုဂ္ဂိုလ်သည် ကျိုးပဲ့သွားသော သွားနှင့် ထွက်လာသော သွေးများကို ထွေးထုတ်လိုက်ပြီး ပက်ဂျက်ကို ဒေါသနှင့် ကြည့်လိုက်သည်။

စတီဗ်က ထိုပုဂ္ဂိုလ်၏ ခါးကို လက်တစ်ဖက်နှင့် သိုင်းဖက်လိုက်ပြီး နောက် နံရံး အောက်ဘက်သို့ သေနတ်ပြောင်းနှင့် ထောက်ထားလိုက်သည်။

'မင်း ငါနဲ့ လမ်းလျှောက်ပြီး လိုက်ခဲ့၊ နောက်ဘက်ကို ပြန်လှည့်ပြီး လျှောက်'

ပက်ဂျက် နေထိုင်သော အိမ်ခန်းမှ ကားဂိုဒေါင်စောင့်သူသည် ပက်ဂျက်၏ ကျေးဇူးကြောင့် အလုပ်ရနေခြင်း ဖြစ်သည်။ ကားဂိုဒေါင်စောင့်သူက ပြောလိုက်၏။

'စတိုခန်းကတော့ အကောင်းဆုံးပဲ မစ္စတာပက်ဂျက်၊ ဘက်က ငွေထည့်ထားတဲ့ အခန်းတစ်ခန်းလို အင်မတန် လုံခြုံပါတယ်'

စတိဗ်ပက်ဂျက်က ထိုပုဂ္ဂိုလ်၏ ကိုယ်ပေါ်မှ လက်နက်ကို ရှာဖွေလိုက်၏။ ဒသမ သုံးဆယ့်နှစ် ပစ္စတို တစ်လက်ကို တွေ့လိုက်ရသည်။ စတိဗ်ပက်ဂျက်က ကျည်ဆန်များကို ထုတ်ပစ်လိုက်ပြီး သူ့ကိုယ်ပေါ်တွင် အသံသွင်းစက်များ ပါလာခြင်း ရှိမရှိ စစ်ဆေးလိုက်သည်။



စတိဗ်က ထိုပုဂ္ဂိုလ်၏ 'ကျဉ်ကြော' ကို နမူနာအဖြစ် နှိပ်ပြလိုက်ပြီး 'ကဲ ပြောတော့' ဟု ပြောလိုက်သည်။

ထိုပုဂ္ဂိုလ်သည် ပထမတွင် ငြင်းဆန်နေသေးသော်လည်း နောက်ဆုံးတွင် သူ့ကို 'အယ်လီဆန်ကရိုတ်ချ် အပေါင်းအသင်းများ ကုမ္ပဏီ' က ငှားရမ်းထားခြင်းဖြစ်ကြောင်း ဖွင့်ပြောတော့သည်။

'ဘယ်အချိန်က စပြီး ငှားဘာလဲ'

ထိုမေးခွန်း၏ အဖြေကို စတိဗ်က ရိပ်မိပြီး ဖြစ်သည်။

'လွန်ခဲ့တဲ့ ညက ရုံးခန်းကို တယ်လီဖုန်း ဆက်တယ်၊ ဒီကနေ့ မနက် ငါးနာရီက စပြီး လိုက်လံထောက်လှမ်းပေးဖို့ပဲ'

ကြိုတင် ခန့်မှန်း၍ ရလိမ့်မည်ဟု မထင်ရသော ပုဂ္ဂိုလ်များကို ကြိုတင် ခန့်မှန်း၍ ရတတ်စမြဲပင် ဖြစ်သည်ဟု ပက်ဂျက်က တွေးလိုက်မိ၏။ ထိုပုဂ္ဂိုလ်များထဲတွင် အယ်လီဆန်ကရိုတ်ချ်လည်း ပါဝင်သည်။ စတိဗ်ပက်ဂျက်က အယ်လီအန် ကရိုတ်ချ်ကို တိတိကျကျ ခန့်မှန်း၍ ရခဲ့သည်။ အကြိမ်ပေါင်းများစွာ မှားကြားထားခဲ့သည့် တိုင်အောင် စတိဗ်ထံမှ ပြန်၍ မဆက်သွယ်သောအခါ အယ်လီဆန်သည် နေမထိ ထိုင်မသာ ဖြစ်လာပြီး စတိဗ်ကို နောက်ယောင်ခံ၍ လိုက်ကြည့် ခိုင်းရန် ဆုံးဖြတ်လိုက်တော့သည်။

'မင်းအဖော် ဘယ်မှာလဲ'



www.burmeseclassic.com

www.burmeseclassic.com

စတိဗ်ပက်ဂျသ်သည် မော်တော်ကားနှင့် ထွက်သွားခဲ့မည်ဆိုပါက အဆင့်ဆင့် လိုက်နိုင်အောင် မော်တော်ကားနှင့် စောင့်နေသူ တစ်ဦးလည်း ရှိရပါလိမ့်မည်။

'လမ်းထိပ်မှာ မော်တော်ကားနဲ့ စောင့်နေတယ်၊ အခု အချိန် လောက် ဆိုရင် သူက ရဲကို ခေါ်ပြီး ဖြစ်နေလိမ့်မယ်၊ ကျုပ်တို့က ခင်ဗျားကို အကြမ်းဖက်မှု၊ ပြန်ပေးဆွဲမှုနဲ့....'

'ဘာယ်ရလိမ့်မလဲ၊ ရဲကို အကြောင်းကြား တယ် ဆိုရင် စွဲချက် တင်ရမယ်၊ စွဲချက် တင်တယ် ဆိုရင် မင်းတို့ကို ငှားရမ်းတဲ့ လူကို နာမည် ဖော် ပြော ရလိမ့်မယ်၊ အဲဒီလို ဖော်ပြောရင် မင်းတို့ ကုမ္ပဏီ တစ်သက်လုံး နာမည် ပျက်ပြီသာ မှတ်ပေရော့'

စတိဗ်က ကျည်ဆန် ထုတ်ထားသော သေနတ်ကို ပြန်ပေးပြီး ထိုပုဂ္ဂိုလ်ကို ပြန် လွှတ် လိုက် သည်။ ပက်ဂျက်၏ အတွေး မှန်ကန်ပါ၏။ ထိုပုဂ္ဂိုလ်သည် စောင့်နေသော သူ့ အဖော်ထံ ပြန်သွားပြီး ဂါလမ်းနှင့် ဝေးရာသို့ ထွက်ခွာ သွားကြတော့သည်။

စတိဗ်သည် မေဒီဆန် ရိပ်သာ လမ်းပေါ်ရှိ အများသုံး တယ်လီဖုန်း တစ်လုံးမှနေ၍ အယ်လီဆန် ကရိတ်ချ်ထံ ဆက် သွယ် ရင်း စစ်တုရင် ရွှေ့ကွက် တစ်ကွက်ကို ထပ်ရွှေ့လိုက်သည်။ ◆

'စတိဗ်၊ ရှင့်ကို ကျွန်မ တချိန်လုံးဆက်ဖို့ကြိုးစားနေတာရှင့်'



'မင်းက တကယ် ကြိုးစား တာ ကိုး၊ ကျုပ်နောက်ကို ခင်ဗျား လိုက်ခိုင်း လိုက် တဲ့ ပုဂ္ဂိုလ်က နှီယွန် ဆိုင်းဘုတ်ကြီးကို ချိတ်ဆွဲပြီး လာတာဗျ'

'ကျွန်မ မခိုင်း လိုက်ပါဘူး'

'ဟုတ်ပါလိမ့်မယ်၊ ကျုပ်က သူ့ကို နာနာကလေး တွယ်လိုက်လို့ သူက ဖွင့်ပြောတာ၊ ခင်ဗျားဟာ အင်မတန် မိုက်မဲတယ်၊ သစ္စာလဲ ဖောက်တယ်'

'ကျွန်မက ရှင်နဲ့ တွေ့ဆုံဖို့ စိတ်စဉ်ချင်တာပါ၊ ရှင်က ကျွန်မ ဆက်သွယ်တာကို အကြောင်း မပြန်တဲ့အခါကျတော့....ထားပါတော့လေ၊ ကျွန်မက မခိုင်းသင့်ပါဘူး၊ ကျွန်မ တောင်းပန်ပါတယ်'

'ကျွန်မ တောင်းပန်ပါတယ်၊ ဟုတ်လား၊ ကျုပ်ကို အဲဒီလို ဆက်ဆံတာ သိပ်မုန်းတယ်၊ တွေ့ဆုံဖို့ ဆိုတဲ့ ကိစ္စကလဲ ခုလိုပုံနဲ့ ဆိုရင်တော့ မဖြစ်နိုင်တော့ဘူး၊ အေးလေ၊ အနားယူ အပန်းဖြေ ရာ က ကျုပ်ပြန်လာတဲ့ အခါကျ ရင် ပြန် စဉ်း စား ကောင်း စဉ်းစားမိလိမ့်မယ်'

'အနားယူ အပန်းဖြေမယ် ဟုတ်လား'

'ဟုတ်တယ်၊ ခင်ဗျားက ကျုပ်နောက်ကို အလွှတ်စုံထောက်နဲ့ လိုက်ပြီး စုံစမ်းခိုင်းတဲ့အတွက် စျေးတက်သွားပြီဗျို၊ ဒေါ်လာ ၂၅ သန်းပဲ'

'ကျွန်မတို့က အဲဒါကို ထည့်တောင် မစဉ်းစားဘူး'

'အေးလေ၊ ခင်ဗျားတို့က အဲဒါကို ရယ်စရာသဘောမျိုးနဲ့ စဉ်းစား ကြည့်ကြဦး ပေါ့ဗျာ၊ ခင်ဗျားတို့ နှစ် ယောက် စ လုံး အတွက် ကျုပ်က ဆုတောင်းလိုက်ပါရဲ့'

www.burmeseclassic.com

www.burmeseclassic.com

'ခဏ နေပါဦး၊ ရှင်က မွှီအိုင်အီးနဲ့ စီဂျေကို သတ်မယ့်ကိစ္စကို လုံးဝ ဥဿုံ ပြောပြမယ်လို့ ကတိ ပေးထားတယ်လေ'

'မှန်ပါတယ်၊ ဈေးနှုန်းက လွဲပြီး ဘာမှ မပြောင်းလဲပါဘူး၊ ပြီးတော့လဲ သူက ၁၈ ရက်နေ့ အထိ စိတ်ချရပါတယ်၊ အသေးစိတ်ကိုတော့ ငွေရ ပြီးမှ ပြောပြမယ်၊ ခင်ဗျားတို့က ရွေး အောင်း ပြီး စောင့်ကြပေါ့ဗျာ၊ ခဏကလေး နေပါဦး'

စတီဗ်က သူသည် အများသုံး တယ်လီဖုန်းရုံ တစ်ခုမှ စကား ပြောနေကြောင်း သိစေလို သည်။ ထိုကဲ့သို့ သိ သွား ပါ က အယ်လီဆန် ခြေလှမ်း အနည်းငယ် ပျက်သွားစရာ ရှိသည်။ ပက်ဂျက်က မတ်စေ့ တစ်စေ့ကို တယ်လီဖုန်း ထဲ သို့ ထည့် လိုက်၏။ မတ်စေ့က လွဲမှားစရာ မရှိသောအသံနှင့် အောက်ဘက်သို့ ကျသွားသည်။

'ရေနွေးငွေ့နဲ့ ရေချိုးသလိုပေါ့ဗျာ'

အယ်လီဆန် တစ်ထစ် လျော့သွားသည်။

'ကျွန်မက ရှင့်ကို ချက်ချင်း အဖြေမပေးနိုင်ဘူး'

'အဲဒီ ဈေးနှုန်းက ကျုပ် ပြန် လာ တဲ့ အ ထိ အတည် ဖြစ်ပါလိမ့်မယ်'

'ဘယ်တော့လဲ'

'ထုံးစံအတိုင်း ၁၈ ရက်နေ့ မနက် ပေါ့ဗျာ၊ အဲဒီ အချိန်အထိ ရွေးအောင်းကြဦးပေါ့'

'ကျွန်မက ရှင့်ကို ဘယ်လို ဆက်သွယ် နိုင်သလဲ'

'ကျုပ်ကို မ ဆက် သွယ် ပါ နဲ့ လေ၊ ကျုပ်က အဆင်သင့် ဖြစ်ပြီဆိုမှ ဆက်သွယ်လိုက်ပါ့မယ်'

စတီဗ်သည် စကား ပြောခွက်ကို ပြန် ချိတ် ပြီး အများသုံး တယ်လီဖုန်း ရုံထဲမှ ထွက်လိုက်လေ၏။

စီဂျေသည် အယ်လီဆန် ခန့်မှန်းထားသည့် အတိုင်း ရွှင်ရွှင် လန်းလန်း ရှိနေသည်။ စီဂျေကို စီစီအိုင် အဆောက်အအုံသို့ သွားရောက်ပြီး ထိုရုံးခန်းမှနေ၍ အလုပ် လုပ်ရန် တိုက်တွန်း၍ ရနိုင်သည်။ သို့ရာတွင် သူ့ အတွက် အသက် အန္တရာယ် ရှိနေကြောင်း၊ သို့တည်းမဟုတ် မတ်လ ၁၁ ရက်နေ့ နောက်ပိုင်းတွင် အသက် အန္တရာယ်ရှိမည် ဖြစ်ကြောင်း ပြောမပြသင့်ပါ။ သို့ရာတွင် ပက်ဂျက်နှင့် ဆွေးနွေးမည့် ကိစ္စကို မည်သည့်အတွက် ရွှေ့ဆိုင်းကြောင်း ရှင်းပြရမည် ဖြစ်ပါ၏။

အယ်လီဆန်က ကင်းဖီးလ်အား ရှင်း ပြ လိုက် သည်။

'သူက ချက်ချင်း သွေးနားထင် ရောက်သွားတယ်၊ သူက ပထမ တောင်းတဲ့ ငွေထက် ဆယ်ဆ တိုးပြီး သန်း ငါးဆယ် တောင်းနေတယ်'

'ပေးရကျိုးနပ်နိုင်တယ် အယ်လီဆန်ရဲ့'

ကင်း ဖီးလ် က ရက်ရက်ရောရော ရှိနေ သည်။ စီစီအိုင်၏ ဘိုးရင်း ၇၄၇ လေယာဉ် ပျံ သည် နောက်ထပ် ရွှေတုံး ရွှေခဲ ပေါင် ၂၇၀၀ ကို ယမန်နေ့က မဝမ်ဒီမှ နယူးရောခ်သို့ သယ်ဆောင် လာခဲ့ သည်။ ထိုနေ့ နံနက် ခင်းတွင် ထုတ် ဝေ သော တိုင်းမ်စ်၊ ဝေါစထရီ ဂျာနယ်နှင့် ဂျာနယ် အော့ဖ်

www.burmeseclassic.com

www.burmeseclassic.com

ကောမာ့စ် သတင်းစာကြီးများ၏ မျက် နှာ ဖုံး တွင် ထိုသတင်းကို ဖော်ပြ ထားကြသည်။ စီ စီ အိုင် ၏ စ တော့ ရှယ် ယာ စျေး နှုန်း သည် လည်း ရှယ် ယာ စျေးကွက် ဖွင့်ချိန်တွင် အနိမ့်ဆုံး၏ ခြောက် ဆ ဖြစ်သော ၉၀ နှစ်ပိုင်း တစ်ပိုင်း မှတ်နှင့်စတင်ခဲ့သည်။

'ကျွန်မက သူ့ကို ၂၅ သန်းပဲ ပေးမယ်လို့ ပြန် စျေးဆစ်ထားတယ်၊ တစ်ပတ် ဆယ် ရက် လောက် စိတ်အိုက် နေစမ်းပါစေ၊ ကျွန်မတို့ အတွက် အရင်မ မလိုသေးတာ၊ အဲဒီ အချိန်ကျရင် သူ့ အကူအညီကို တောင် လိုချင်မှ လိုလိမ့်မယ်'

'ဘာ ပဲ ဖြစ် ဖြစ် သူ နဲ့ တော့ ဆက် သွယ် ထားစမ်းပါ'

'ဒီ နည်းပျူဟာက ညံ့ဖျင်းတယ် စီဂျေ၊ သူ စိတ် အိုက်ပြီး ကျွန်မတို့နဲ့ လာပြီး ဆက် သွယ် ပါ စေ ဘာပဲဖြစ်ဖြစ် ကျွန်မ ဒီမှာ ရှိနေမှာမှ မဟုတ် ဘဲ'

ကင်းဖီးလ်က မျက်ခုံး ပင့်လိုက်၏။

အယ်လီဆန်က ခေါင်းညိတ်သည်။ စီ ဂျေ ကို သူ့ တစ် ယောက် တည်း ထား ခဲ့ ရင် ဖြစ်ပါပြီ။ အီလိုရေး မာကင်တိုင်း ကုမ္ပဏီက မပို့ပေးနိုင်သော ပစ္စည်းများကို တာမီနယ်အဆိုစီယိတ်တက်ထရိတ်ဒင်း ကုမ္ပဏီက အီးယူစီ မ တောင်း ဘဲ ပို့ ပေး မည် ဟု အာမခံထားသည်။ ထိုကုမ္ပဏီ၏ စျေး နှုန်း များ က တော့ ခေါင်ခိုက်နေသည်။ သို့တိုင်အောင် ထိုကုမ္ပဏီ သည် ပစ္စည်းများကို နယူး ဖောင်လင်၊ မက် ဒ ရစ်၊ ဆီနီဂေါတို့မှ တစ်ဆင့် လေကြောင်း ခရီးဖြင့် ဂါဒူး မြို့တော်သို့ ရောက်အောင် ပို့ပေးနိုင်စွမ်း ရှိနေသည်။



နယူးရောခ်တွင် အယ်လီဆန် ဆက်လက် နေထိုင်ဖို့ မလိုအပ်တော့ပါ။ သူသည် ဂါဒူးမြို့တော်သို့ ပြန်ပြီး ကမ်မ်ကို၏ ဥက္ကဋ္ဌအဖြစ် တာဝန် ထမ်းဆောင်ဖို့က ပိုမို လိုအပ် နေ သည်။ သူ မရှိခိုက်တွင် မည်သည့် ကိစ္စရပ်များကို ဆောင်ရွက် ထားကြောင်း ကိုယ်တိုင် ကိုယ်ကြပ် သိဖို့ လိုအပ်သလို လောရင့်ဟော့ပါးက အဖြည်းဖြည်းနှင့် အလွဲသုံးစား ပြု လုပ် နေ သော ဩဇာအာဏာများကိုလည်း ပြန်လည် ရယူဖို့ လိုအပ် နေသည်။

အယ် လီ ဆန် က ကင်းဖီးလ်အား ထို ကိစ္စ ကို တစ်ခွန်းမှ မပြောမပြပါ။ ထို ကဲ့ သို့ ပြော ပြ မည့် အစား

'ကျွန်မက အ သုံး စ ရိတ် တွေ ကို သုံး စွဲ ပုံ နဲ့ ထိုးတက်မှု အစီရင်ခံစာတွေကို ကျေနပ်မှု သိပ်မရှိဘူး၊ ကြိမ်နဲ့ ရိုက် လိုက် မယ် ဆို ရင် အသုံး စရိတ်တွေ လျော့ကျသွားစရာ ရှိသလို တိုးတက်မှု အစီရင်ခံစာ တွေကလဲ ပိုကောင်းလာလိမ့်မယ်'

'ကြီးမားတဲ့ ပြဿနာတွေလား'

'တစ်ခုတော့ ရှိနိုင်တယ်'

'ဆိုစမ်းပါဦး'

'မတူးဘဲ ရနေတဲ့ ရွှေတုံး ရွှေခဲတွေက မကုန်နိုင် မခန်းနိုင်အောင် ရှိနေကြမှာ မဟုတ်ဘူး'

'ဟုတ်ဘယ်လေ၊ ဘယ်ရှိနိုင်ပါ့မလဲ၊ ရှိတယ်လို့ ဘယ်သူက ပြောလို့လဲ'

'လင်ပုံ ကိုင်ပုံ တွေ က ပြောတာ ခရီးတာဆက် သို့ကျယ်လောင် နေသေးတယ်၊ အဲ ဒီ မှာ ရှိ နေ တဲ့



www.burmeseclassic.com

www.burmeseclassic.com

ကျွန် မ တို့ ရဲ့ ကိုယ်စားလှယ်တော်ကြီးတွေက မိုင်းတွင်းတွေကို စတင် တူးဖော်ဖို့ ဆိုတဲ့ ကမ်မ်ကိုရဲ့ အမိက ရည်ရွယ်ချက်ကို မျည်ခြည် ပြတ်နေပုံရတယ်'

ကင်းဖီးလ်က ထပ်ရှင်းပြဖို့ တောင်းဆိုလိုက်သည်။

'သူတို့က ဟင်နရီဂါဒူးနဲ့ သူ့ တန်ခိုးထွားရေးကိစ္စတွေမှာ ပိုပိုပြီး ပါဝင် ပတ်သက်နေကြတယ်'

'ကျုပ်က ဗြိတိန်အီးကို လို ချင် တဲ့ အ တွက် ဘာဆိုတိုကို ဂါဒူး ရစေချင်တယ်'

'ဟင်နရီဂါဒူးက ဘာ ဆို တိုကို ရ မှာ ဖြစ်သလို ရှင်ကလဲ ဗြိတိန်အီးကို ရမှာပါ၊ အဲဒါက ကြိုပြီး ဆုံးဖြတ်လို့ရတဲ့ ကိစ္စတွေပါ စီဂျေ၊ ဒါ ပေ မယ့် အဲ ဒါ ပြီး ရင် ဘာ ဆက် လုပ် မှာ လဲ၊ တ ကယ် လို့ ကမ်မ်ကိုက ရွှေတွေကို ခပ် မျှား မျှား နဲ့ ခပ် မှန် မှန် မတူးဖော်ဘူးဆိုရင် စီစီအိုင် အပေါ်မှာ ထားရှိတဲ့ စိတ် ဝင် စား မှု ဟာ လျော့နည်း သွား လိမ့် မယ်၊ ကျွန်မတို့က မြင်သာ ထင်သာအောင် အရင်းအနှီး မျှားမျှား စိုက်ပြီး လူအင်အား မျှားမျှားနဲ့ ရွှေတွင်းတွေကို စပြီး တူးဖော်ဖို့ လိုတယ်'

'ဟုတ်တယ် အယ်လီဆန်'

အတန်ငယ် ကြာသောအခါကျမှ စီဂျေက ပြောလိုက်၏။

'ကျုပ် သဘောတူတယ်၊ မင်း အဲဒီကို သွားပြီး ကြိမ်သံ ပေးဖို့ လိုတယ်၊ မင်း ဘယ်တော့ သွားမလဲ'

'နက်ဖြန်ခါ သွားမယ်၊ စောစော ထွက်နိုင်အောင် ဘိုးရင်း လေယာဉ်ပျံကို စီစဉ်ပေးပါ'

'အဲဒါကို မင်းကိုယ်တိုင် စီစဉ်နိုင်သားပဲ'



'ကျွန်မက ဝင့်ဝင့် ကြွားကြွားကလေး ပြန်သွားချင်လို့ပါ၊ ကမ်မ်ကိုရဲ့ ဥက္ကဋ္ဌ အယ်လီဆန်ကရိုဘ်ဆ်ဟာ ချားလ်စ်ကင်းဖီးလ်ရဲ့ သြဇာအာဏာ အပြည့်အဝနဲ့ ထောက်ခံမှုကို ရယူပြီး ပြန်လာပြီလို့ ရှင့်ရုံးခန်းက အမိန့်တွေ ထုတ် ပေး ပါ၊ တ ကယ် လို့ တစ်ယောက်ယောက်က ကျွန်မရဲ့ သြဇာကို မေ့လျော့သွားမယ်ဆိုရင် အဲဒါက ပြန်ပြီး သြဇာ တက်လာအောင် လုပ်ပေးပါလိမ့်မယ်'

ကင်းဖီးလ်က ခေါင်းညိတ် ပြပြီး ပြောလိုက်သည်။

'ဒီ အိမ် မှာ ကျုပ်နဲ့ အတူတူ ည စာ စား ပါ အယ်လီဆန်၊ ပြီးရင် မင်း အိမ် ခန်း မှာ ကျုပ်တို့ အတူတူ အချိန်ဖြုန်းကြမယ်'

# ၄၀

စတိဗ်ပက်ဂျက်သည် ဘီအမ် ဒဗ လျူ မော် တော်ကားကို ဂိုဒေါင် နံရံတွင် ခေါင်း ဆိုက် ၍ ရပ်တန့်လိုက်သည်။ လူးဝစ်ဘလိုဂီနှင့် သူ့ တပည့် နှစ်ယောက်သည် ရုံး ခန်း ထဲ ၌ ရှိနေကြသည်။ အလွန် အအိပ်စုံမက်သော ဘလိုဂီသည် ကြည်ကြည်လင်လင်ရှိုးနေပုံရပြီး နှစ် လီ တာ ဆံ့ သော ပုလင်း ထဲမှ အသွန်ပြင်းသည့် အရက်ကို ဖြိုနေသည်။



www.burmeseclassic.com

www.burmeseclassic.com

'မလေး နာ ရီ တောင် မခွဲသေးဘူး၊ ခင်ဗျားရဲ့ ကိုယ်ခန္ဓာကြီးကို ဒီလောက် စောစောစီးစီးမှာ အိပ်ရာထဲက ဘယ်လို ဆွဲထုတ် လာခဲ့သလဲ'

'အိပ်ရာက ထတာ မဟုတ်ဘူး လူအရှဲ၊ တစ်ညလုံး မအိပ်သေးတာ'

'မကြာခင် လူတွေ စ ရောက် လာ ဖို့ ကောင်းပြီ၊ အားလုံး စီစဉ် ပြီးပြီလား'

'ပြီးပြီ'

ဘလိုဂီ နိမိတ်ဖတ်သည့်အတိုင်း တစ်ယောက်ပြီး တစ်ယောက် ရောက်လာကြသည်။ ၅ နာရီ ၅၅ မိနစ်တွင် ၉၆ ယောက် စလုံး ရောက် ရှိ လာ သည်။ ရှောင် ပြေး သွား သူ တစ်ယောက်မှ မရှိ၊ ဘလိုဂီ၊ ဂပ်စ်၊ ဒေးဗစ်နှင့် ဂွတ်ရစ်ချ်တို့ပါဆိုလျှင် လူ တစ်ရာ အတိပင်။ ခုအထိတော့ အဆင် ပြေနေသေးသည်။

လူးဘလိုဂီက ပူပူနွေးနွေး နံနက်စာနှင့် ကော်ဖီ အလျှံပယ် စီစဉ် ပေးထားသည်။ ထိုပုဂ္ဂိုလ်များက အားရပါးရ စားကြသည်။ စိတ် ပူပင်နေ၍ အစား ပျက်ခြင်းမျိုး မရှိချေ။ ပထမဦးဆုံး ဖက်ဆိုဘလိုဂီက ကြေးစား စစ်သားများ လိုက် နာ ကြ ရ မည့် စည်း ကမ်းများကို ပြောပြ လိုက်သည်။ ထို့နောက် စတိဗ် ပက်ဂျက်က ဆက်ပြောလိုက်ပြန်၏။

'ကျုပ်တို့က အာဖရိကတိုက်က နိုင်ငံ တစ်နိုင်ငံကို သွားကြမှာ ဖြစ်တယ်၊ အဲဒီ နိုင် ငံ က လူ တွေ ဟာ လူမည်းတွေ ဖြစ်ကြတယ်၊ သူတို့ဟာ ယဉ်ကျေး တဲ့ လူသတ္တဝါတွေ ဖြစ်ကြသလို အဲဒီဒေသဟာ သူတို့ရဲ့ နိုင်ငံလဲ ဖြစ်တယ်၊ သူတို့ဟာ အိမ်ရှင်တွေ ဖြစ်ကြ



တယ်၊ ကျုပ်တို့ တာဝန်က သူတို့ကို ကယ်ဖို့ ဖြစ်တဲ့ တိုင်အောင် ကျုပ်တို့ဟာ ဧည့်သည် တွေ ပဲ၊ အဲဒီ သဘောတရားက သွေဖီသွားတဲ့ လူတွေဟာ ဘုရား သခင်ကို တကြရလိမ့်မယ်၊ လူးဝစ်နဲ့ ကျုပ်က ခင်ဗျား တို့ရဲ့ ရှေ့နေ၊ တရာ သူကြီးနဲ့ ဂျူရီ လူကြီးတွေ အဖြစ် ဆောင်ရွက်ကြမှာ ဖြစ်သလို အာဏာပါးကွက် သားတွေလဲ ဖြစ်လာလိမ့်မယ်'

ဂျက်ကော့ဟတ်ရှ်က ငွေ အပြေ ရှင်း ပေး ပြီး မှာ ထား သော ဘတ်စ် ကား များ သည် နံနက် ရှစ်နာရီခွဲတွင် ရောက် ရှိ လာ ကြ သည်၊ ဘတ်စ်ကား ပေါ်သို့ တက် ရောက် ကြ ရန် အချိန် ၁၅ မိနစ် ကြာသည်။ နံနက် ၉ နာရီ ၂၉ မိနစ်တွင် မိုင်ယာမီမှ ဆောက်လုပ်ရေး လုပ်ငန်းခွင်တစ်ခုဆီသို့ သွားရောက် ကြမည့် အရပ်သားများသည် လေ ဆိပ် ရှိ နားနေ ခန်းတစ်ခုထဲသို့ စီတန်းပြီး ရောက်ရှိလာကြသည်။

ခရီးဝေးသို့ သွားရောက်နိုင်သော အလွန် ခေတ်မီ သည့် ဒီစီ ရှစ်–ဆူပါ-ခြောက်ဆယ့်သုံး လေယာဉ်ပျံ ကြီး နှစ်စီးသည် လေဆိပ်မှ ချောင်ကျသော နေရာ တစ်နေရာတွင် အ တောင် ပံ ချင်း ယှဉ်၍ ရပ်တန့် ထားသည်။ လေယာဉ်တစ်စီးက ဗလာသက်သက်ဖြင့် ဂါလာသို့ သွားရောက်မည် ဆိုသော ပျံသန်း ရေး ခရီးစဉ်ကို တင်ပြထားသည်၊ ဒုတိယ လေယာဉ်ပျံက မီယာမီသို့ သွား ရောက် မည် ဖြစ်သည်။ ဂျက်ကော့ ဟတ်ရှ်က လေယာဉ်ပျံကို ငှားရမ်းသော ကုမ္ပဏီနှင့် အပေးအယူ ပြုလုပ်ထားပြီး ဖြစ်သည်။

အမေရိကန်မှ ကြီးမားသော လေဆိပ်ကြီးများ



www.burmeseclassic.com

www.burmeseclassic.com

တွင် အမြဲတမ်းလိုလို ဝရုန်းသုန်းကား ဖြစ်နေလေ့ရှိသည်။ လူဝင်မှု ကြီးကြပ်ရေးနှင့် အကောက်ခွန်ဌာနများတွင်လည်း ဟာကွက်များ ရှိကြစမြဲပင်။ အမေရိကန် နိုင်ငံတွင်း၌ ခရီးသွားကြမည့် ပုဂ္ဂိုလ်များ အစနှင့် နိုင်ငံကူး လက်မှတ်များ ပြသစရာမလိုပါ။ ကုမ္ပဏီက စင်းလုံး ငှားရမ်း ထားသော လေယာဉ်ပျံနှင့် တစ်စုတစ်ဝေးတည်း သွားလာမည်ဆိုပါက လေယာဉ်ပျံ စီးနင်းခွင့် လက်မှတ်ကိုပင်ပြသရန် မလိုပါ။

တပ်ဖွဲ့ဘီမှ ပုဂ္ဂိုလ်များသည် လေဆိပ်မှ ငှားရမ်းထားသော ဘတ်စ်ကားများပေါ်သို့ တက်လိုက်ကြသည်။ ထိုဘတ်စ်ကားများသည် ဒီစီရှစ် လေယာဉ်ပျံနှစ်စီး အကြားသို့ မောင်းနှင် သွားကြသည်။ အလုပ်သမားဝတ်စုံကို ဝတ်ဆင်ထားသော ထိုလူစုသည် မည်သည့် လေယာဉ်ပျံပေါ်သို့ တက်သွားကြသည်ကို မည်သူကမှ စောင့်ကြည့် မနေကြပါ။ ပျင်းရိငြီးငွေ့နေကြသော မြေပြင် ဝန်ထမ်းများကလည်း သတိ မထားမိကြပါ။

မိနစ် အနည်းငယ် ကြာသော အခါ ဂါလာမြို့တော်သို့ အလွတ် ပျံသန်းမည် ဆိုသော ဒီစီရှစ်လေယာဉ်ပျံသည် စက်နှိုးလိုက်ပြီး နောက် အရှိန်ယူ၍မောင်းနှင်ရန် ခွင့်ပြုချက် ရရှိလေ၏။ ထို့နောက်မိနစ် အနည်းငယ် ကြာသောအခါ တပ်ဖွဲ့ ဘီသည်လေထဲသို့ ရောက်ရှိသွားပြီး ဘာဆိုတိုနိုင်ငံ ဂါလာမြို့တော်ဆီသို့ တိုက်ရိုက် ပျံသန်း သွားလေတော့



သည်။ မီယာမီသို့ ထွက်ခွာမည့် လေယာဉ်ပျံကမူနောက်ထပ် နာရီဝက် ကြာမှ ထွက်ခွာ သွားသည်။

အတန်းအစား တစ်မျိုးတည်းဖြစ်အောင် ပြုပြင်ထားသော လေယာဉ် အခန်း ထဲ တွင် လူပေါင်း ၁၀၉ ယောက် စီးနင်း လိုက်ပါနိုင်သည်။ ဒီစီရှစ်လေယာဉ်ပျံကြီးသည် ပေ ၃၁၀၀၀ အမြင့်သို့ရောက်အောင် ပျံတက်သွားပြီးနောက် ပြန် တည့်မတ်လိုက်ပြီး နောက်ဘက်မှ ကူညီ တိုက် ခတ် ပေးနေသော 'လေ' ၏ အကူအညီကြောင့် တစ်နာရီလျှင် ၆၂၂ မိုင် နှုန်းနှင့် ပျံသန်းရမည့် လမ်းကြောင်းအတိုင်း မောင်းနှင်နေသည်။

စကိုဗ် သည် လေယာဉ်မယ် လာပေးသော ဂျော်နီဝေါ့ကား ဝီစကီကို မျိုချတော့မည့်ဆဲဆဲတွင် လေယာဉ် မောင်းနှင်ခန်းမှ တံခါး ပွင့်လာလေ၏။ သူသည် သီးမလို နင်မလို ဖြစ်သွားပြီး အရက်များဖိတ်စဉ်၍ ကျကုန်ကြသည်။

ဘလိုဂီကလည်း ပြောလိုက်သည်။

'ကျုပ် လူ ရေတွက် တာ မှား သွား တယ်စတီဖင်ရေ၊ စုစုပေါင်းက တစ်ရာ့ တစ်ယောက်ဖြစ်သွားပြီကွ'

လေယာဉ်ပျံ မောင်းနှင်ခန်းထဲမှ ထွက်လာသောဂျက်ကော့ ဟတ်ရှ်သည် သူတို့ ထံသို့ ယက်ကန်ယက်ကန်နှင့် လျှောက်လာသည်။

စတီဖင်ပက်ဂျက် ပေါက်ကွဲလုနီးပါး ဖြစ်နေသည်။ ဟတ်ရှ်က နှစ် လို ဖွယ် ရာ ကောင်း အောင် ပြုံးပြလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

'နီကိုတင်း (အဆိပ်) တွေ သိပ်များနေတဲ့ မင်းလိုလူအဖို့ သိပ် စိတ် အ ရှုပ်ခံ လို့ မဖြစ်ဘူး ကိုယ်တော်လေးရဲ့၊ မင်း ဒေါသတွေ ပေါက်ကွဲပြီး မထွက်ခင် ပြောပြရဦးမယ်၊ ငါက ဆ ရာ သ မား နှစ်ယောက်စလုံးထံက ခွင့်ပြုချက် ရပြီးပါပြီ'

'နှစ်ယောက်စလုံး ဟုတ်လား'

'မိုက်က ခွင့်ပြုပါတယ်လို့ ပြောတယ်၊ ဒိုင်ယာနီကလဲ သုတေသန ဌာနကို တွဲဖက်ပြီး ကိုင်တွယ်ပေးဖို့ သူ့ အလိုအလျောက် ဆန္ဒပြုတယ်၊ သုတေသန ဌာနမှာရှိတဲ့ လူတွေကလဲ မင်းနဲ့ ကျွပ်ထက် သူ့ကို ပိုပြီး လိုလားကြတယ်၊ သူက ပိုပြီး ကြည့်လို့ကောင်းတယ်ကွ'

ဂျက်ကော့ဟတ်ရှ်သည် သူ့ အိတ်ထဲမှ မဖောက်ရသေးသော ဖဲထုပ် တစ်ထုပ်ကို ထုတ်ယူလိုက်သည်။

'ကျွပ်နဲ့ ဖဲကစားချင်တဲ့ လူကို ရှာရင် တွေ့နိုင်လိမ့်မယ် ထင်တယ်၊ နောက်မှ တွေ့ကြသေးတာပေါ့လေ'

သူက လေယာဉ်ပျံ နောက်ဘက်သို့ ဖြည်းဖြည်းချင်း ထွက်ခွာသွားသည်။

ပက်ဂျက်သည် သူ့ ထိုင်ခုံပေါ်၌ နောက် မှီ၍ ထိုင်ချလိုက်ပြီး စကော့ချ် ဝီစကီကို တစ်ကျိုက်တည်းနှင့် ကုန်အောင် မော့ချလိုက်ရန် စေ့ထားသောသွားများထဲ ဟ လိုက်ရလေတော့သည်။



ဂါလာ စံတော်ချိန် ၀၂း၀၅ နာရီတွင် ရောက်ရှိသွားကြသောကြောင့် လေယာဉ်ပျံပေါ်မှ တိုးတိုးတိတ်တိတ် ဆင်းသက်ခွင့် ရကြသည်။ တပ်ဖွဲ့ဘီမှ ပုဂ္ဂိုလ်များသည် ရက်သတ္တ တစ်ပတ်တိတိ မွမ်းမံသင်တန်းသို့ တက် ရောက် ကြ ရ မည် ဖြစ် သည်။ သို့ရာတွင် ထိုသင်တန်းသည် နောက်တစ်နေ့ မတ်လ ၉ ရက်နေ့တွင်မှ စတင်မည် ဖြစ် သည်။ ဗြိတိသျှ အထူး ကွန်မန်းဒို တပ်ဖွဲ့တွင် ဗိုလ်မှူး အ ဖြစ် ဆောင်ရွက်ခဲ့ဖူးသော အီယန်ဘလိတ်က တပ်သားများ၏ လိုအင်ဆန္ဒကို သိရှိသည့်အတိုင်း ၎င်းတို့ကို ဗိုအိုင်အီးက ပိုင်ဆိုင်သော ဟိုတယ်တွင် ထားရှိပြီး လိုအင်ဆန္ဒ ပြည့်အောင် စီစဉ်ပေးထားသည်။

ဘလိတ်က စတိဗ်၊ ဂျက်ကော့ဟတ်ရှ်နှင့် ဘလိုဂီတို့ကိုမူ သူ့နေအိမ်မှ ရုံးခန်းသို့ ခေါ်ဆောင်သွားသည်။ ရုံးခန်းတွင် အနောက် အာဖရိက ပိုင်းလော့များ အသင်း၏ အကြီးအကဲများ ဖြစ် ကြ သော ဒေါက်ဂလပ်စ်ဖီးလ်ဒင်းနှင့် အိုလီဆီဂမ်တို့ ရောက်နှင့်နေကြသည်။ တစ်ယောက်နှင့် တစ်ယောက် မိတ်ဆက်ပေးကြပြီး အချိန် ရသလောက် အိပ် စက် ကြ ရန် ဧည့်သည်များအတွက် သီးသန့် ထားရှိသော အိပ်ခန်းများဆီသို့ ထွက်ခွာ သွားကြသည်။ နံ နက် စာ ကို ခုနစ်နာရီခွဲတွင် စား သောက် ရန် စီစဉ် ထားသည်။ ထို့နောက် အရေးကြီးသော ဆွေးနွေးပွဲကို ဆက်လက် ကျင်းပသည်။

www.burmeseclassic.com

www.burmeseclassic.com

အီယန်ဘလိတ်၏ နေအိမ်တွင် ရှိသော ရုံးခန်းသည် လာရောက် တွေ့ဆုံကြသော လူခြောက်ယောက်အတွက် နေရာ ထိုင်ခင်း လုံလောက်သည်။ အီယန်ဘလိတ်၏ စားပွဲတွင် နေရာယူထားသော စတိဗ်ပက်ဂျက်က စပြောလိုက်လေ၏။

'မမ္မဓိဌာန် ကျကျ စဉ်းစားကြည့်မယ် ဆိုရင် ကျုပ်တို့ အခြေအနေက မျှော်လင့်ချက် ကင်းမဲ့နေတယ်၊ အခု လောလောဆယ်မှာတွင် ကျုပ်တို့ဘက်က ရှုံးနေပြီ'

စီစီအိုင်နှင့် ကမ်မ်ကိုတို့၏ ထောက်ခံ အားပေးမှုဖြင့် ဘာဆိုတိုနိုင်ငံအား အင်အားပြည့် တိုက်ခိုက်ရန် မဝမ်ဒီ နိုင်ငံ၏ စီစဉ်မှုမှာ များစွာ ခရီးရောက်နေကြောင်း စတိဗ်က ဆက်ပြောပြသွားသည်။ ဟင်နရိဂါဒူး ထံတွင် စစ်သား ၁၂၀၀၀ ကျော် ရှိနေသလို ကြေးစား လူဖြူ စစ်သားများကလည်း နှစ်ရာကျော် သုံးရာခန့် ရှိနေသည်။ ဘာဆိုတို နိုင်ငံ အနေနှင့် တိုင်းရင်းသား စစ်သား သုံးထောင် ကို စုဆောင်း၍ ရနိုင်မည် ဖြစ်သော်လည်း လက်နက် ပြည့်စုံမှု မရှိသလို တိုက်ခိုက်ရန် အတွက် လေ့ကျင့် သင်ကြားထားခြင်းလည်း မရှိကြောင်း ဆက်ပြော လိုက်သည်။

'ကျုပ်တို့ အနေနဲ့ စစ်သားစုဆောင်းဖို့ကို အသာထား၊ ရှိတဲ့လူကို လေ့ကျင့် ပေးဖို့တောင် အချိန် မရှိဘူး'



ဝေဖန် ဆွေးနွေးကြရန် ခေတ္တမျှ ရပ်တန့် ပေးလိုက်သော်လည်း ငြိမ်နေကြသည်။ တင်း နေသော မျက်နှာထားများက ပို၍ တင်းမာလာကြသည်။

'ကြည်း တပ်ရဲ့ ပစ်ခတ်မှု အင်အားချင်းကိုလဲ နှိုင်းယှဉ် ကြည့်ရလိမ့်မယ်'

သူက အယ်လီဆန်ကရိုတ်ချ်နှင့် အပေါင်းအသင်းများ ကုမ္ပဏီမှ တစ်ဆင့် မဝမ်ဒီ နိုင်ငံသို့ ဝယ်ပေးသော ရိုင်ဖယ်၊ စက်သေနတ်၊ မော်တာ၊အမြောက်နှင့် သံချပ်ကာ ကား စသည်တို့၏ စာရင်းကို ပြောပြလိုက်သည်။

'အဲဒီပစ္စည်း အတော် ခပ်များများကို ဟင်နရိဂါဒူးရဲ့ စစ်တပ်တွေကို ထုတ်ပေးထားပြီး ဖြစ်တယ်၊ ဘယ်လို ကိုင်တွယ် သုံးစွဲရမယ် ဆိုတာကိုလဲ သင်ပေးထားပြီးဖြစ်တယ်လို့ ကျုပ်တို့ ယူဆရလိမ့်မယ်'

ဘာဆိုတန် စစ်တပ် ကမူ ဒုတိယ ကမ္ဘာစစ်မှ ပိုလျှံနေသော လက်နက် များကိုသာ ကိုင်တွယ် နေကြရသည်။

ပက်ဂျက်က ဥရောပ တိုက်တွင် သူ လိုက်လံ ဝယ်ယူခဲ့သော လက်နက် ပစ္စည်းစာရင်းကို ပြောပြ လိုက်သည်။

'ခုနစ်ဆယ် ရာခိုင်နှုန်းကို လက်ခံရရှိပြီးပြီ၊ အဲဒါ တွေကို ဗြိအိုင်အီး ဂို ဒေါင် တွေနဲ့ သို လှောင် ရေး စခန်းတွေမှာ ဖွက်ထားတယ်'

'ဖွက်ထားတယ်၊ဟုတ်လား၊ ထုတ်ပေးလိုက်ပါ လားဗျာ'



www.burmeseclassic.com

www.burmeseclassic.com

'ထုတ်ပေးလို့ အလကားပဲ၊ လက်နက်တွေကို ကိုင်တတ် တွယ်တတ်အောင် ဘာဆိုတန် စစ်သား တွေကို သင် ပေး ဖို့ က ရက်သတ္တပေါင်း များစွာ ကြာလိမ့်မယ်၊ ကျုပ်တို့အတွက် အချိန်ကို အပတ်နဲ့ တွက်ဖို့ အချိန်မရဘူး၊ ရက် ပိုင်း လောက် ပဲ ရှိတော့ တယ် ဖက်ဆိုရဲ့'

'ဒါဖြင့်ရင် ဘာဖြစ်လို့ဒုက္ခခံပြီး လက်နက်တွေကို စုနေရတာလဲ'

ဂျက် ကော့ ဟတ်ရှ်က အေး အေး ဆေး ဆေး ဝင်ပြောလိုက်သည်။

'ကျုပ်တို့က အနာဂတ် အတွက် ကြို စဉ်း စား ထားတာပါ'

'ကျုပ် အနေနဲ့ကတော့ အနာဂတ် ဆိုတာကို မမြင်မိဘူး'

'လေတပ် အင်အားချင်း ယှဉ်လိုက်တဲ့ အခါကျ တော့ အနာဂတ်ဆိုတာ ပိုပြီး မှေးမှိန်သွားပြန်တယ်'

ပက်ဂျက်က ပြောလိုက်၏။

'ဘာဆိုတို ခလေ တပ်မှာ ဟောင်း နွမ်း နေ တဲ့ အက်ဖ် ၅၁ လေ ယာဉ် ပျံ ငါး စီး သာ ရှိတယ်၊ ကမ်မ်ကိုနဲ့ အပေးအယူ မလုပ်ခင်က မဝမ်ဒီ နိုင်ငံရဲ့ အခြေအနေဟာ ဘာဆိုတန် နိုင်ငံထက် ပိုဆိုးရွားခဲ့ တယ်၊ ခုတော့ အဲဒီ အနေ အထားဟာ မဟုတ်မှန် တော့ဘူး'

ပက်ဂျက်က လပ်ဖ်တန် အေတူး လေ ယာဉ်ပျံ ၁၂ စီး အကြောင်း ပြောပြလိုက်သည်။

ဒေါက်ဇလပ်စ် ဖီးလ်ဒင်းက ပြောလိုက်၏။



'သူတို့က အက်ဖ် ၅၁ တွေကို လေ ထဲ မှာ ဟောဒီလို ဖျက်ဆီးပစ်နိုင်တယ်'

သူက လက်ဖျစ် တီးပြလိုက်သည်။

'အေတူး လေယာဉ်ပျံ တစ်စီးကို သုံးစွဲလို့ ရနေပြီ ဆိုတာ ကျုပ်တို့ သိရတယ်'

အီယန်ဘလိတ်က နယ်စပ်တွင် လာရောက် ပစ်ခတ် သွားသည့်ကိစ္စကို ပြောပြလိုက်သည်။

'ကျန်တဲ့ ဆယ့်တစ်စီးက ဘယ်မှာလဲ ဆိုတာကို တော့ ကျုပ်လဲ မသိဘူး'

အိုလီဆီဂမ်က ပြုံးတုံ့တုံ့ ကလေးနှင့် ဝင်ပြော လိုက်သည်။

'ကျုပ်တို့ အိုင်ဘို လူမျိုးတွေမှာ ဆိုရိုးစကား တစ်ခု ရှိတယ်၊ အဆိပ် ခတ် ထား တဲ့ မြှားနို့ ဘူး တောင်း တစ်လုံးက စစ်သား တစ်ထောင်ကို သတ် နိုင်တယ်တဲ့'

ဖက်ဆိုက ပက်ဂျက်အား မကျေမနပ် ကြည့်၍ ပြောလိုက်၏။

'ခင်ဗျားဆီမှာ အကန့်အသတ်မရှိတဲ့ ဘတ်ဂျက်ကို ရထား တာ ပဲ၊ ဂျက် တိုက် လေ ယာဉ်ပျံ တွေ ကို ဘာဖြစ်လို့ မဝယ်တာလဲ'

'ရသမျှ အချိန်ပိုင်းအတွင်းမှာ ဝယ်လို့မရနိုင်ဘူး'

'သူတို့က အေတူး လေ ယာဉ်ပျံတွေ ကို တော့ ခပ်မြန်မြန် ဝယ်နိုင်ခဲ့သားပဲ'

'ကျုပ် ခင် ဗျား ကို ပြော ပြ ပြီ ပဲ၊ သူ တို့ က အမေရိကန် အစိုးရကိုတောင် အိတ်ထဲ ထည့်ထား တာဗျ'



www.burmeseclassic.com

www.burmeseclassic.com

ဘလိုဂီက တိုးတိုးကလေး ပြောလိုက်သည်။

'ဒါဟာ ကိုယ့် ကိုယ် ကိုယ် သေကြောင်းကြံစည်တဲ့ စစ်ဆင်ရေးပဲ'

မထင်မှတ်ဘဲ အချက်ပြလိုက်မှုကြောင့် စတိဗ်က ကျေးဇူး တင်လိုက်မိသည်။

'ဂျက်ကော့ဟတ်ရှ်ကတော့ ဒီ စစ် ဆင် ရေး ကို တဇောက် ကန်း စစ်ဆင်ရေးလို့ နာမည် ပေးထားတာပဲ'

အီယန်က ပြောလိုက်၏။

'ချိန်ကိုက်မှုကို အဓိက ထားပြီး အဆင့် သုံးဆင့် စလုံးဟာ သူ့ အချိန်ဇယားအတိုင်း ကွက်တိ ဝင်ရလိမ့်မယ်'

'နှောင့်နှေးမှုကို လုံးဝ လက်မခံပါဘူးဗျာ၊ သူ့ အချိန်ဇယား အတိုင်းပါပဲ၊ ကျုပ် ဇူးရစ်မှာ သွားပြီး ငှားရမ်းခဲ့တဲ့ အကြမ်းဖက် စစ်သား ခြောက်ဆယ်ပါတဲ့ တပ်ဖွဲ့ အေက ဆယ့် ငါးရက် မှာ ဝင်မယ်၊ ဂါလာ လေယာဉ်ပျံ ပြ ပွဲ ကြီး က တော့ နောက် တစ်နေ့ နံနက် ၀၉း၀၀ နာရီမှာ စမယ်၊ နောက် နှစ်နာရီ အကြာမှာ တပ်ဖွဲ့ ဘီ က ဝင်မယ်'

ပက် ဂျက် က ဒေါက်ဂလပ်စ်ဖီးလ်ဒင်းနှင့် အိုလီ ဆီဂမ်တို့ထံ မေးခွန်း ထုတ်သလို လှမ်းကြည့်လိုက်သည်။

ဒေါက်ဂလပ်စ် ဖီးလ်ဒင်းက ပြောလိုက်၏။

'ကျုပ်တို့ အနောက် အာ ဖ ရိ က လေယာဉ်ပျံမောင်းနှင်သူများ အသင်းကလဲ သူ့ အချိန်ဇယားအတိုင်းပါပဲ၊ ဒဗလျူအေပီအေ အသင်းဝင်တွေဟာ ဝင်ရောက် ယှဉ်ပြိုင်မယ့် လေ ယာဉ် ပျံ တွေ ကို ယူဆောင်လာကြဖို့ ဥရော ပ တိုက် က နိုင်ငံတွေနဲ့ ဗြိတိန် နိုင် ငံ မှာ တကွဲတပြားစီ ရောက် ရှိ နေကြပါတယ်၊ သူတို့က ဒီကို အချိန်ဇယား ရေးဆွဲပြီး တစ်သုတ်စီ သန့် ဘက် ခါ ၁၀ ရက် နေ့က စပြီး ရောက်လာကြမှာ ဖြစ်ပါတယ်'

အီယန်ဘလိတ်က ပြောလိုက်၏။

'အချိန် အများကြီး ရပါတယ်၊ တပ်ဆင်ပေးမယ့် လူတွေကတော့ ဒီကနေ့ ရောက်လာကြဖို့ ရှိပါတယ်'

သူတို့၏ ဆွေးနွေးပွဲသည် အသေးစိတ် ဆွေးနွေးသည့် အဆင့်သို့ ရောက်ရှိ လာသည်။ ငြင်းခုံမှုများ၊ သဘော ကွဲ လွဲ မှု များ ဖြစ် ပေါ် လာ သည်။ ထိုဆွေးနွေးပွဲသည် နေ့လယ်စာ စားချိန်တွင် မပြီးဘဲ ညနေပိုင်း အထိ ရောက်ရှိ သွားသည်။ သို့ရာတွင် သူတို့၏ မျက်နှာထားများသည် တင်းမာနေကြသည်။

ပက်ဂျက်သည် ဘလိတ်၏ ရုံးခန်းထဲတွင် တစ်ဦးတည်း ချန်နေခဲ့ရင်း မိုက်ဗိုဂလာထံ တယ်လီဖုန်းနှင့် အစီရင်ခံလိုက်၏။ ဒိုင်ယာနီနှင့်လည်း ခပ်တိုတို စကား ပြောလိုက်သေးသည်။ ထို့နောက် စဉ်းစားခန်း ဝင်နေလိုက်ပြန်၏။ ဂျက်ကော့ဟတ်ရှ်က သူ့ကို လာရောက် နှောင့်ယှက်သည်။

'ကျုပ် ဒီမှာ ရောက်နေပြီ ဆိုတော့ ကျုပ်ကို တိတိကျကျ တာဝန်ပေးပါလားဗျာ'

'ခင်ဗျားက ဒီမှာ ရောက်နေပြီ ဆိုတော့ လူတိုင်းနဲ့ ဆက်သွယ်တဲ့ ကိစ္စ၊ ညှိနှိုင်း ကွပ်ကဲမှုပေးတဲ့ ကိစ္စ၊ သတင်း စုဆောင်းတဲ့ ကိစ္စ၊ ရလာတဲ့ သတင်းဟာ



www.burmeseclassic.com

www.burmeseclassic.com

တန်ဖိုး ရှိမရှိ သုံးသပ်တဲ့ ကိစ္စ၊ ပြီး တော့ ထဲ တစ်ဖက်က ပုဂ္ဂိုလ်တွေရဲ့ အကြံအစည်ကို ကြို တွေး ကြည့်ပြီး စိတ်ကူး စိတ်သန်းတွေ ထုတ် ပေး မယ့် ဦးနှောက်ဘဏ် အဖြစ် ဆောင်ရွက်ပေးပေါ့ဗျာ'

နောက်တစ်နေ့ နံနက်တွင် ဂါလာမြို့ တော် ၏ အရှေ့ မြောက်ဘက် မိုင်လေးဆယ် ဝေးကွာသည့် နေရာသို့ တပ်ဖွဲ့ ဘီကို စခန်းချရန် ခေါ်ဆောင် သွားသည်။

အမေရိကန် ပုံစံ တိုက်ပွဲဝင် အစိမ်းရောင် ယူနီ ဖောင်းများ၊ ဂျာကင် များ၊ ဖိနပ်များ၊ အခြား ပစ္စည်း ပစ္စယများနှင့် လက်နက်များကို ၎င်းတို့အား ထုတ်ပေးသည်။ နံနက် ၁၀ နာရီ ခွဲတွင် လေ့ကျင့် မှုမ်းမံမှု သင်တန်း စတင်သည်။ စတင်၍ သင်ကြား ချိန်ကပင် ချောမော ခဲ့သည်။ ထိုကိစ္စကို စတိဗ် ပက်ဂျက်နှင့် အီယန်ဘလိတ်တို့ မ အံ့ သြ ကြ ပါ။ အသက်ရှင်၍ ကျန်ရစ်အောင် မည်သို့ မည်ပုံ နေရ ထိုင်ရမည်ကို တိုက်ပွဲဝင်ချိန်က သိရှိ လာခဲ့သော စွမ်းရည်များသည် မည်သည့်အခါတွင်မှ ပျောက်ဆုံး သွားလိမ့်မည် မဟုတ် ကြောင်း ကိုယ်တွေ့ အဖြစ် သိရှိထားကြသောကြောင့် ဖြစ်ပါ၏။



# ၄၁

သူ နေထိုင် မကောင်းစဉ် အချိန်တွင် အယ်လီဆန် ကရိုတ်ချ်က မည်မျှလောက် အထိ လုပ်ကိုင် ဆောင် ရွက်ပေးခဲ့ကြောင်း ချားလ်စ်ကင်းဖီးလ်က လေးလေး နက်နက် သဘောပေါက်ထားသည့် အလျောက် အယ်လီဆန်အား ကမ်မ်ကို၏ ဥက္ကဋ္ဌ အဖြစ် ဩဇာ အာဏာ ရှိအောင် တပ်မံ၍ သိဒ္ဓိတင်ပေးရန် သဘော တူလိုက်သည်။ ထိုကိစ္စနှင့် ပတ်သက်၍ လောရင့် ဟော့ပါးထံ ပို့လိုက်သော တဲလက်တွင် သို့လော သို့လော ဖြစ်စရာများ လုံးဝ မပါရှိပါ။ တဲလက်၏ တစ်စိတ်တစ်ဒေသတွင်....

'မစ်(စ်)ကရိုတ်ချ်အား သင်၊ ဒီဘာရီးစ်နှင့် ကမ်မ်ကိုမှ အခြား ထိပ်ပိုင်း အရာရှိများက လေဆိပ်တွင် လာ ရောက် ၍ ကြို ဆို ရန် နှင့် ပြည့်ပြည့်ဝဝ ဂုဏ်ပြုရန် ညွှန်ကြားပါသည်'

ဟော့ပါး စိတ်ထဲက ကျိတ်၍ ဒေါသ ထွက်နေ သည်။ ကင်းဖီးလ်က ယဉ်ကျေးမှု အနေနှင့် သူကိုသာ တိုင် တယ်လီဖုန်း မဆက်ဘဲ တဲလက်ကိုသာ ခပ် ရှင်းရှင်း ပို့လိုက်သည်။ ထိုကဲ့သို့သော ဆောင်ရွက်ပုံ နည်းလမ်း ကလေးများသည် ကြီးမားသော အဖွဲ့



www.burmeseclassic.com

www.burmeseclassic.com

အစည်းများတွင် သီးခြား အစီပွာယ် ရှိကြပါသည်။ ကင်းဖိုးလ်က ဟော့ပါး အား မိမိ အဆင့်ကို မိမိ သိရန်နှင့် ဟော့ပါးသည် အယ်လီဆန်၏ အောက် ဘက် ဒုတိယ နေရာတွင်သာ ရှိနေကြောင်း အသိ ပေးလိုက်ခြင်း ဖြစ်သည်။ ထိုသို့ မဟုတ်ပါက....

အမိန့်ကို လိုက်နာရန်မှ တစ်ပါး အခြား နည်းလမ်း မရှိတော့ပါ။ ထို့ကြောင့် အယ်လီဆန်သည် ဂါဒူးမြို့တော် လေဆိပ်တွင် ခမ်းခမ်းနားနား ကြိုဆိုမှုကို ခံယူရတော့သည်။ အယ်လီဆန်ကလည်း သူနှင့် ထိုက်တန်သော ဂုဏ်ပြုမှု အဖြစ် တည်တည် ငြိမ်ငြိမ် လက်ခံ လိုက်သည်။ အယ်လီဆန်သည် ဟော့ပါး၏ ဖုံး၍ ဖိ၍ မရသော နာကြည်းမှုကို နားလည်လိုက်သည်။ ထို့ကြောင့် ဟမင်ကလာ ကိုယ့်ကိုယ်ကိုယ် အလွန် အမင်း နှိမ့်ချသော ပုံစံနှင့် ဟော့ပါးကို ဆက်ဆံပြီး သူ့ကို လူပုံ အလယ်တွင် အရှက်ခွဲလိုက်သည်။

အယ်လီဆန်သည် ဗိုလ်ချုပ်ကြီး၏ အစိမ်းရောင် ဝတ်စုံကို ဝတ်ဆင်ထားသော အက်ဒဝပ် ဒီဘာရီးစ် အား စိတ်မပါတပါ လက်ဆွဲ နှုတ်ဆက် လိုက်ပြီး လူမြင် သူမြင် ပြက်ရယ်ပြုဟန် ပြ၍ အတော်ကလေး ပုဝင်သွားအောင် ထု ချလိုက်သည်။

ထိုကိစ္စအားလုံးကို သရဖူ ဆောင်း လိုက်သည့် အနေနှင့် အယ်လီဆန်သည် ဟော့ပါးနှင့် ဒီဘာရီးစ်တို့ ရှိနေကြသည်ကို လုံးဝ မေ့ထားလိုက်ပြီး မဂျော ဘာရှူးစတားရန်းဒေါအား ဂါဒူးဂရင်း ဟိုတယ်အထိ သူနှင့်အတူ ကားလိုက်စီးရန် ဖိတ်ခေါ် လိုက်သည်။



ကျည်ကာမှန် တပ်ဆင်ထားသော မာစီးဒီးစ် မော်တော်ကားကြီး လေဆိပ် အဆောက်အအုံမှ ထွက်ခွာ လာသောအခါ အယ်လီဆန်က ရန်းဒေါ် အား ခေတ္တမျှ လှေလာ လိုက်ပြီးနောက် ပြောချ လိုက်လေ၏။

'ကျွန်မ ရပ်ဝေးကို ခရီးသွားနေတုန်း ဘာတွေ တကယ် ဖြစ်ပျက်ခဲ့တယ် ဆိုတာနဲ့ ပတ်သက်ပြီး ရှင့် တင်ပြချက်ကို ကျွန်မ ကြားချင်တယ်'

အယ်လီဆန်သည် ယခင်ကထက် ပိုမို ခိုင်မာသော ဩဇာအာဏာနှင့် ပြန်လည် ရောက်ရှိလာသည်ဟု ရန်းဒေါက တွေးလိုက်မိသည်။ သို့ရာတွင် သူသည် ဟော့ပါး၊ ဒီဘာရီးစ်၊ ဟာ်ငနရိုဂါဒူးတို့နှင့် နက်ရှိုင်းစွာ ရော‌ထွေး ယှက်တင် ဖြစ်နေခဲ့ပြီးဖြစ်ရာ ယခု မော်တော်ကား စီးသည့် အချိန်ပိုင်း ကလေးတွင်မှ 'ဘက်' ပြောင်းရန် မဖြစ်နိုင်တော့ပါ။ သူက ကြိုတင်၍ ညှိနှိုင်းထားသည့်အတိုင်း အယ်လီဆန် နယူးရောခ်သို့ ထွက်ခွာသွားသည့် အခါကျမှ မအောင်မြင်သော လုပ်ကြံရန် ကြံစည်မှု ဖြစ်ပေါ်ခဲ့ရ ကြောင်း၊ ကံဆိုးချင်တော့ ထိုကိစ္စကို ကျူးလွန် သော ဘိုဆိုတန် အကြမ်းဖက်သမားအား ဖမ်းဆီး ရမိခြင်း မရှိကြောင်း ဖြေလိုက်သည်။

မတ်ခ်တာတမ် အသတ် ခံရမှုနှင့် စီဂျေအား လုပ်ကြံမည်ဟု ဆိုသော စတီဖင်ပက်ဂျက်၏ ပြော စကားတို့က အယ်လီဆန့် စိတ်ထဲတွင် ကြီးစိုး နေ သည်။ ထို့ကြောင့် အယ်လီဆန်က မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

'သူတို့ကို ဗွီအိုင်အီးက ငှားရမ်းတာ ဖြစ်နိုင်သလား'

'သိပ်ဖြစ်နိုင်ပါတယ်၊ အဲဒီ လူတွေက တကယ် ကျွမ်းကျင်တဲ့ လူတွေပဲ၊ ဗွီအိုင်အီးလို ကုမ္ပဏီကြီးတွေက တကယ် ကျွမ်းကျင်တဲ့ လူတွေကိုသာ ငှားရမ်းမှာ၊ လာရီကလဲ အဲဒီ အတွေး အခေါ် နဲ့ စုံစမ်းနေတယ်လို့ ကျုပ် ထင်တယ်'

အယ်လီဆန်က တိတ်တိတ် ဆိတ်ဆိတ်နှင့် သူ့ကိုယ်သူ အပြစ်တင်နေမိသည်။ ပက်ဂျက်ကို လိုက်လံစုံစမ်း ထောက်လှမ်းခိုင်းလိုက်သည့် ကိစ္စမှာ အလွန်မိုက်မဲမှုပင် ဖြစ်နေ သည်။ သို့ရာတွင် စီဂျေသည် ၁၈ ရက်နေ့အထိ အန္တရာယ် မရှိဟု ဆိုသောကြောင့် စိတ်ချမ်းသာရ ရမိသည်။ သူသည် ၁၈ ရက်နေ့ မတိုင်မီ အကြောင်း တစ်ခုခု ပြု၍ နယူး ရောခ်သို့ အရောက်ပြန်ရမည်ဟု တေးမှတ် ထားလိုက်သည်။

အယ် လီ ဆန် ငြိမ် သက် သွားမှု ကို အစီပွာယ်လွဲမှားစွာ ကောက်ယူမိသော ရန်းဒေါက

'ခင်ဗျား အနေနဲ့ စိတ် ပူ စ ရာ မရှိပါဘူး မစ်(စ်)အယ်လီဆန် ကရိဟ်ချ်၊ ခင်ဗျား နေရမယ့် အခန်း အသစ်ဟာ အင်မတန် ခိုင်ခံ့တဲ့အပြင် ဟိုတယ် လုံခြုံရေးကိုလဲ တင်းကျပ် ထားပြီးပါပြီ၊ ခင်ဗျားရဲ့ လုံခြုံမှုအတွက် စောင့်ရှောက်ပေးဖို့ ကျုပ် လူတွေကို တာဝန်ပေးထား ပြီးပါပြီ၊ တစ်ကြိမ်ကို သုံးယောက်စီ အချိန်ပြည့် စောင့်ကြပါလိမ့်မယ်'

အယ်လီဆန်က မေးလိုက်၏။

'ဘယ်သူ့ အမိန့်နဲ့လဲ'



'လာရီ....မစ္စဘာ ဟော့ပါးရဲ့ အမိန့်ပါ'

'အဲဒီ အမိန့်ကို ပယ်ဖျက် လိုက်တယ် မေဂျာ'

'ဒါပေမယ့် မစ္စတာ ဟော့ပါးက လုံခြုံရေးကို တိုက်ရိုက် တာဝန်ယူထားရတဲ့ လူပါ၊ ပြီးတော့လဲ သူက....'

'ဒီမှာ မေဂျာ၊ ကျွန်မက ကမ်မ်ကိုရဲ့ အကြီးအကဲ ဖြစ်သလို မစ္စတာ ဟော့ပါးရဲ့ အကြီးအကဲပါပဲ၊ ကျွန်မ ပြောတာ ရှင်းပါရဲ့လား'

'ဟုတ်ကဲ့ပါ မစ်(စ်)ကရိတ်ချ်၊ သိပ်ရှင်းပါတယ်'

မေဂျာ ဘာ ရှူး စ တား ရန်း ဒေါက သူသည် တစ်မုဟုတ်ချင်း ဘက်ပြောင်းဖို့ မဖြစ်နိုင်သော်လည်း ခြံစည်းရိုး ပေါ်တွင် လမ်း လျှောက် နိုင် ကြောင်း သဘောပေါက်လိုက်သည်။ သတိကြီးစွာ ထားရလိမ့်မည် ဖြစ်ပါ၏။

အယ်လီဆန်က သူ နေထိုင်ရမည့် အခန်းသည် သင့်တော်မှု ရှိသည်ဟု ကြေညာလိုက်ပြီး ရန်းဒေါ် ဟော့ပါးနှင့် ဒီဘရီးစ်တို့ကို သူ၏ ညှိခန်းထဲတွင် အစည်းအဝေး ခေါ်ယူလိုက်သည်။

'နက်ဖြန်ခါကျရင် ရှင်တို့က ကျွန်မကို ပြည့်ပြည့်စုံစုံ အစီရင် ခံကြရမယ်၊ ခု လောလောဆယ်မှာတော့ ကျွန်မ မေးတဲ့ မေး ခွန်း တွေ ကို တိုတို ဘုတ်တုတ်နဲ့ သွက်သွက်ကလေး ဖြေကြပါ'

အယ်လီဆန်က ဟော့ပါးကို လှမ်း ကြည့် လိုက်သည်။

'ခြုံငုံပြီး ဘာတွေကို ဆောင်ရွက် နိုင်ခဲ့ပါသလဲ'



www.burmeseclassic.com

www.burmeseclassic.com

ထိုမေးခွန်းကိုဖြေရန် လွယ်ကူသည်ဟုဟော့ပါးက တွေးတောရင်း

'ကမ်မ်ကိုရဲ့ အနေအထားဟာ ခိုင်ခံ့သွားပါပြီ၊ အုပ်ချုပ်ရေး စက်ယန္တရားကလဲ မြန်မြန်ဆန်ဆန် အကောင်အထည် ပေါ်လာ....'

'တော်လောက်ပါပြီ'

အယ်လီဆန်က ဒီဘာရီးစ်ကို ကြည့်လိုက်ပြန်၏။

'ရှင် ကရော ဘယ်လို အလုပ် လုပ်ခဲ့ပါသလဲ လေတာပ် ဗိုလ်ချုပ်ကြီး'

'အကျိုးရှိစွာ ဆောင်ရွက် ခဲ့ပါတယ်၊ အေတူး တစ်စီးဟာ ပျံသန်းနိုင်တဲ့ အဆင့်ကို ရောက်ပါပြီ၊ ကျုပ်က လူငယ်တွေကို သဲကန္တာရပေါ်မှာ ပစ်နည်း ခတ်နည်းတွေကို သင်ပေးနေပါတယ်၊ ပြီးတော့လဲ....'

'စိတ်ဝင်စားစရာပဲ'

မေဂျာဘရူးစတားရန်းဒေါ်၏ အလှည့်ပင်တည်း။

'လေဆိပ်က ကားစီးလာကြတုန်းက ရှင့်ဘက်က တိုးတက်မှုကို ကျွန်မ မမေးမိခဲ့ဘူး မေဂျာ'

'ကောင်းတယ် လို့ပြောရပါလိမ့်မယ်၊ သမ္မတကြီး က ကျုပ် နဲ့ ကျုပ် ရဲ့ ဘော်တွေ အပေါ်မှာ ယုံကြည်မှု ရှိပါတယ်၊ ကျုပ်တို့က တိုင်းရင်းသား တပ်မတော်သားတွေကို လက်နက် တပ်ဆင်မှုနဲ့ လေ့ကျင့်မှု ပေးတဲ့နေရာမှာလဲ တိုးတက်မှု ရှိပါတယ်'

အယ်လီဆန်က သူ့ စကားကိုလည်း ဖြတ်ပစ် လိုက်ပြီး ဟော့ပါးကို ပြန်စိုက်ကြည့် လိုက်သည်။

'ရွှေတွင်းတွေကို စတူးဖော်ဖို့ ရှင်က အလုပ်သမား တွေကို စုဆောင်းနေပြီလား'



ဟော့ပါး မျက်မှောင် ကုတ်လိုက်သည်။

'ကျုပ်က ပိုပြီး ဦးစား ပေးရမယ့် အလုပ်တွေနဲ့ နပန်းလုံးနေရပါတယ်၊ လုံခြုံရေး၊ ဖွဲ့စည်းပုံ.... တပ်မတော်ကို ပျိုးထောင်ရေး....'

'ကောင်းပါပြီ၊ ကဲ ရှင်တို့အတွက် သတင်းတွေ ပါလာပါတယ်၊ လူကြီး မင်း များ ရှင့်၊ ချားလ်စ် ကင်းဖီးလ်က ရှင်တို့ကို မကျေနပ်ဘူး၊ လာရီ.... ရှစ်က နောက်လိုက် နောက်ပါတွေကို စုနေတယ်၊ ကာပ္ပတိန်....အေးလေ လေတာပ် ဗိုလ်ချုပ်ကြီးဒီဘာရီးစ်၊ ကျွန်မတို့က မြေတူးစက်တွေနဲ့ လမ်းဖောက် သင့်တဲ့ အချိန်မှာ ရှင်က လူနဲ့ကို သဲကန္တာရကို သေနတ်နဲ့ ပစ်နေတယ်၊ မေဂျာ ရှင်က ဟာင်နရီဂါဒူးကို ပုံသွင်း ပေးရမယ့်အစား ကြိုးဆွဲနေတယ်'

ဟော့ပါးက ကန့်ကွက်ရန် ပါးစပ် ဟလိုက်၏။ အယ်လီဆန်က ပါးစပ် ပိတ်သွားအောင် မျက်မှောင် ကုတ်၍ ကြည့်လိုက်သည်။

'စီဂျေက ရှင်တို့ကို အသိ ပေးခိုင်း လိုက်တယ်၊ သူ သည်းညည်းခံနိုင်စွမ်း မရှိတော့ဘူး၊ ကူဒေသမှာ မိုင်းတွင်း တူးဖို့အတွက် ဆောက်လုပ်ရေး လုပ်ငန်း တွေကို စပြီး လုပ်ကြရလိမ့်မယ်'

လောရင့်ဟော့ပါးက ပြောလိုက်၏။

'ကျုပ်တို့က ရွှေတွေ ကို တန်နဲ့ ချီပြီး ပို့ပေး နေတာပဲ'

'ဟုတ်ပါတယ်၊ ရွှေ တုံး တွေ ဝါ၊ နောက်ဆုံး ပို့လိုက်တဲ့ ရွှေတုံးတွေက ပထမ အခေါက်ထက် ပိုပြီး သေးငယ်လာတယ်၊ သက်နု မြေပေါ်မှာ တွေ့ရမယ့်



www.burmeseclassic.com

www.burmeseclassic.com

ရွှေတုံးရွှေခဲ ပမာဏဟာ အတိအကျ ရှိပါတယ်၊ မြေပြင်ပေါ်မှာ ရှိနေတဲ့ ရွှေတွေကို ကောက်ယူနေတဲ့ ကိစ္စဟာ မကြာမီ ပြောင်သလင်း ခါသွားအောင် ကုန်ခန်း သွားပါလိမ့်မယ်၊ ကျွန်မတို့က မိုင်းတွင်း တူးဖို့ လုပ်ကြရလိမ့်မယ်'

ဟော့ပါးက ပြောလိုက်သည်၊

'လတ်တလော ဖြစ်ပျက်လာတဲ့ ကိစ္စရပ်တွေက မူလ အစီအစဉ်တွေကို လွှမ်းမိုး သွားခဲ့ပါတယ်၊ ဘာဆိုတိုကို သိမ်းယူချင်တဲ့ မစ္စတာ ကင်းဖီးလ်ရဲ့ ဆန္ဒဟာ ဟင်နရီဂါဒူးရဲ့ ဆန္ဒနဲ့ ကိုက်ညီနေပါတယ်၊ အဲဒီကိစ္စဟာ ပထမ ကျုပ်တို့ တွေးထားတာထက်ပိုပြီး လွယ်ကူပါလိမ့်မယ်၊ ကျုပ်တို့ရဲ့ ကြိုးပမ်းမှုတွေကို အဲဒီဘက်မှာ အားသွန်ပြီး ဆောင်ရွက်သင့်ပါတယ်'

'အက်ဒဝပ်ဒီဘရီးစ်နဲ့ ကျုပ်တို့က ဟင်နရီဂါဒူးကို တိုက်တွန်းပေးလို့ ရပါတယ်'

မေဂျာ ရန်းဒေါက ခြံစည်းရိုးပေါ်၌ ခွထိုင်မည့် အစီအစဉ်အတိုင်း ပထမ ခြေလှမ်းကို လှမ်းလိုက်သည်၊

'အလုပ်သမားတွေကို အတင်း စုဆောင်းပေးဖို့ နက်ဖြန်ခါကျရင် သူ့ကို ကျုပ်တို့ တိုက်တွန်းပေးပါ့မယ်၊ ဒါဆိုရင် ခင်ဗျားလဲ....'

'ကျွန်မရဲ့ ကြီးကြပ် ကွပ်ကဲမှု ပရောဂျက် လုပ်ငန်းတွေကို အကောင်အထည် ဖော်ဖို့ လွတ်လွတ်လပ်လပ် ရှိသွားမှာပေါ့လေ'



ဟော့ပါး ဆို့နင် သွားသည်။ သူသည် အယ်လီဆန်၏ ပြာတာဖြစ်ရပေလိမ့်မည်။ ဒီဘရီးစ်နှင့် ရန်းဒေါတို့က ဂါဒူးကို ကြိုးဆွဲပြီး တကယ် အာဏာရှိသူများ ဖြစ်လာကြလိမ့်မည်။ သူက အသံထွက်ပြီး ပြောလိုက်၏။

'ကျော်လွှန်လို့ မရတဲ့ အခက်အခဲတွေ ရှိနေပါတယ်၊ ကျုပ်က လုံခြုံရေး ကိစ္စနဲ့ စီဂျေ ကိုယ်တိုင် ပြောခဲ့တဲ့ မြေပြင်ပေါ်က စစ်တပ်နဲ့ စစ်ဆင်ရေး ကိစ္စတွေကို တာဝန်ယူဖို့ ရှိနေပါတယ်'

အယ်လီဆန်က ပြုံးလိုက်သည်။

'ရှင်က လုံခြုံရေး အတွက် ဆက်ပြီး တာဝန်ယူရမှာပါ၊ ဒါပေမယ့် ကျွန်မတို့ဟာ မြေပြင်ပေါ်က စစ်တပ်တွေကို ကွပ်ကဲဖို့ဆိုတဲ့ ကိစ္စမှာတော့ စစ်သားစစ်စစ် တစ်ယောက်ကို တာဝန် လွှဲပေးဖို့ အချိန်တန်ပြီလို့ စီဂျေက ယူဆတယ်လေ'

ဟော့ပါး၏ ဝမ်းဗိုက်ထဲမှ နာကျင်လာသလို ခံစားလိုက်ရသည်။

အယ်လီဆန်က ရန်းဒေါကို ပြုံးပြလိုက်၏။

'မစ္စတာ ကင်းဖီးလ်က ရှင့်ကို ရာထူး တိုးမပေးနိုင်တဲ့အတွက် ဝမ်းနည်းပါတယ်၊ ဒါပေမယ့် တာဝန်ကြီးမားပြီး ငြီးငွေ့စရာကောင်းတဲ့ အဲဒီ လုပ်ငန်းကို ရှင်ကသာ လက်ခံမယ် ဆိုရင် သူက လခ တိုးပြီး ပေးနိုင်ပါတယ်'

'ကျုပ် ဘာပြောရမှန်းတောင် မသိတော့ပါဘူး'

'လွယ်ပါတယ်၊ ဟုတ်ကဲ့ ဒါမှမဟုတ် ဟင့်အင်း၊ ဒါပါပဲ'



www.burmeseclassic.com

www.burmeseclassic.com

'ဟုတ်ကဲ့ပါ မစ်(စ်)ကရိတ်ချ်'

အယ်လီဆန်က ဟော့ပါးအား ပြုံးပြလိုက်ပြန်၏။

'ကဲ၊ ရှင့် အတွက် ဝန်ထုပ်ဝန်ပိုး ကြီး တစ်ခု လျော့ကျသွားပြီ မဟုတ်လား'

အယ်လီဆန်၏ နှုတ်ခမ်းက ပြုံးနေသည်၊ သို့ရာတွင် အယ်လီဆန်၏ အေးစက်နေသော မျက်လုံး များက 'ကျွန်မကို ဒုက္ခပေးရင် ကမ်မ်ကိုရဲ့ ဝန်ထုပ် ဝန်ပိုး တွေကို ရှင် ထမ်းဆောင် ရတော့မှာ မဟုတ် ဘူး၊ ကျွန်မက ရှင့်ကို အလုပ်ပြုတ်သွားအောင် လုပ်မယ်' ဟု သတိပေး နေကြသည်။

ဒီဘရီးစ်က ရန်းဒေါ်၏ ပခုံးကို လှမ်းပုတ်လိုက်သည်။

'ဟင်နရီဂါဒ္ဒူးက ခင်ဗျားကို လေတပ်ဗိုလ်ချုပ်ကြီး ဆိုတဲ့ ရာထူး ကြီးကြီးမျိုးနဲ့ ကျုပ် ယူနီဖောင်းလို ရွှေရောင် ပိုးကြိုးတွေပါတဲ့ ယူနီဖောင်းကို ပေးခိုင်း ပေါ့ဗျာ'

'ကျုပ်က မေဂျာ ရန်း ဒေါ်ပဲ ဆက်ဖြစ်ချင်ပါ တယ်၊ ကျုပ်က မစ်(စ်)ကရိတ်ချ် တန်ဖိုးထားတဲ့ စစ်သားစစ်စစ် တစ်ယောက်ပါ၊ ဆန်းဆန်းပြားပြား ဝတ်စုံကို ဝတ်ထားတဲ့ အရုပ် သား တစ်ယောက် မဟုတ်ပါဘူး'

နှိမ့်နှိမ့်ချချ ပြောလိုက်မှုက ဒီဘရီးစ်ကို ဒေါသထွက် သွားစေခဲ့သည်။ မိမိဘာသာ ကျိတ်၍ ဒေါသထွက် နေသော လောရင့်ဟော့ပါးက ထို အပိုဇာတ်ကွက် ကလေးကို သတိ မထားလိုက်မိပါ။ အယ်လီဆန်က အားလုံးကို သတိထားလိုက်မိပြီး အားရကျေနပ်နေ



သည်။ သူက အမျိုးသား သုံးယောက်ကို တစ်ဦးနှင့် တစ်ဦး ပြိုင်ဆိုင်နေကြသော အဖွဲ့ သုံးဖွဲ့ ဖြစ်လာ အောင် လုပ်နိုင်ခဲ့လေပြီ။ သူ နိုင်နိုင်နင်းနင်း ကိုင် တွယ်နိုင်ခဲ့လေပြီ။ အယ်လီဆန်၏ အပြုံးက ဘရှူးစ တား ရန်းဒေါ် သည် လောလောဆယ် တွင် အယ်လီဆန် သဘော အကျဆုံး ပုဂ္ဂိုလ် ဖြစ်နေ ကြောင်း ပြသလိုက်သလို ဘရှူးစတားကို စကား ပြောချင်အောင် တွန်းအား ပေးလိုက်သည်။

'ကျုပ်တို့က မိုင်းတွင်းတွေ ဖွင့် လှစ် မယ်၊ ဘာဆိုတိုကို သိမ်းပိုက်မယ်ဆိုတဲ့ ရည်ရွယ်ချက် နှစ်ခု စလုံးကို တစ်ပြိုင်နက်တည်း ဆောင်ရွက် နိုင်ကြတာ ပေါ့ မစ်(စ်)ကရိတ်ချ်ရာ၊ လာရီက ပထမ ကိစ္စကို အတင်း တွန်းပြီး လုပ် သ လို ကျုပ်.... အဲလေ... အက်ဒဝပ်နဲ့ ကျုပ်တို့ကလဲ စစ်ဆင်ရေး ရှုထောင့်ကို အာရုံ စိုက် နိုင် ကြ တာ ပေါ့၊ လုပ် ငန်း ချင်း လဲ အနှောင့်အယှက် မဖြစ်ကြတော့ဘူး'

အယ်လီဆန်က တခစ်ခစ် ရယ်လိုက်သည်။

'ချီးကျူးပါတယ် မေဂျာ၊ အနည်းဆုံး ရှင်က မစ္စတာ ကင်းဖီးလ် လုပ်ချင်တဲ့ ဆန္ဒကို နားလည် သဘောပေါက်သွားပဲ၊ ဟုတ်ပါတယ်၊ လှေကျင့်ရေး အစီအစဉ်ကို ဆက်လုပ်ပါ'

အယ်လီဆန်က ဒီဘရီးစ်ဘက်သို့ ဖျတ်ခနဲ လှမ်း ကြည့်လိုက်၏။

'ဒါပေမယ့် ရှင်က ဝေဟင်မှာ သေနတ်ပစ် လေ့ကျင့်ခန်းလုပ်တဲ့အခါမှာတော့ ကူသဲကန္တာရကို ခဝေဝေးက ကွင်းပြီး ရှောင်ပါလေတပ်ဗိုလ်ချုပ်ကြီး၊



www.burmeseclassic.com

www.burmeseclassic.com

လာရီက မြေကြီးကို လှေလာတဲ့ ပုဂ္ဂိုလ်တွေနဲ့ တခြား ပုဂ္ဂိုလ်တွေကို မကြာခင် အဲဒီ ဒေသကို ပို့လိမ့်မယ်။ ကျွန်မတို့က အလုပ်သမားတွေကို ကြောက်လန့်မသွားစေချင်ဘူး၊ မှားယွင်းပြီး အပစ်အခတ် မခံရစေချင်ဘူး’

‘ကျုပ်လူတွေနဲ့ ကျုပ်က မှားမှားယွင်းယွင်းတွေ မလုပ်ကြပါဘူးဗျာ’

ထိုကဲ့သို့ ပြောလိုက်သည့် အတွက် ဒီဘာရိုးစ်ကို ကျေးဇူးတင်မိပါသည်။ အယ်လီဆန် ပြောသင့်သော စကားလည်း ဖြစ်နေပြန်သည်။

‘လူကြီးမင်းများရှင့်၊ ရှင်တို့အားလုံးဟာ အမှားပေါင်း များစွာကို ကျူးလွန်ခဲ့ကြတယ်၊ ကျွန်မတို့က အဲဒီလို မဖြစ်အောင် အကာအကွယ် အတားအဆီးတွေနဲ့ အသစ် ပြန်စကြမယ်၊ နက်ဖြန်ခါက စပြီး ရှင်တို့က ကျွန်မဆီကို တသီးတခြားစီ အစီရင်ခံစာ တင်ပြရလိမ့်မယ်၊ အဲဒီ အစီရင်ခံစာတွေဟာ ပြည့်စုံပါစေ၊ တိကျပါစေ၊ ရာနှုန်းပြည့် မှန်ကန်မှုရှိပါစေလို့ ကျွန်မ အကြံပေးချင်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ညနေပိုင်း ကျရင် ကျွန်မက အစီရင်ခံစာတွေကို တယ်လီဖုန်းနဲ့ စီဂျေကို အစီရင်ခံမယ်၊ သူက ကွဲလွဲတဲ့ အချက်တွေကို နားစွင့် နေလိမ့်မယ်လို့ ကျွန်မက ရှင်တို့ကို ကြိုတင်ပြီး သတိ ပေးပါရစေ’

လောရင့်ဟော့ပါး ဆိုးဆိုး ရွားရွား ဒေါသဖြစ်နေသည်။ သည်းခံ၍ မဖြစ်နိုင်အောင်ပင် ဒေါသဖြစ်နေသည်။ သူ၊ ဒီဘာရိုးစ်နှင့် ဟော့ပါးတို့သည် အယ်လီဆန် ထံသို့ တသီးတခြားစီ တိုက်ရိုက်



အစီရင်ခံကြရလိမ့်မည်။ သူတို့သည် အယ်လီဆန့် သဘော ကျစေရန်နှင့် သူကမှ တစ်ဆင့် စီဂျေ၏ သဘောကျမှုကို ရရှိစေရေး အတွက် တစ်ဦးနှင့် တစ်ဦး အပြိုင်အဆိုင် ယှဉ်ပြိုင် ကြရပေတော့မည်။ သူက အသံကိုပင် ထိန်းမထားနိုင်တော့ဘဲ ကန့်ကွက်လိုက်လေ၏။

‘စည်းဆက်မပြတ် ညှိနှိုင်းမှုတွေ၊ အဖွဲ့လိုက် ဆောင်ရွက်မှုတွေ ရှိရပါလိမ့်မယ်၊ ကျုပ်က ပူးပေါင်း ဆွေးနွေးမှုတွေ၊ ဝန်ထမ်းထု ဆွေးနွေးပွဲတွေ ပြုလုပ်ပေးပါလို့ အရေးတကြီး အကြံပြုချင်ပါတယ်’

‘စီဂျေနဲ့ကျွန်မတို့က ရှင်တို့ လုပ်ငန်းနဲ့ ပတ်သက်တဲ့ နေ့စဉ် အစီရင်ခံစာတွေကို ဆွေးနွေးပြီးတဲ့အခါ ကျရင် ကျွန်မတို့က အဲဒီ ဆွေးနွေးပွဲတွေကို မကြာမကြာနဲ့ မှန်မှန် လုပ်ပေးပါ့မယ်’

အက်ဒဝပ်ဒီဘရိုးစ်က ပြောလိုက်ပြန်၏။

‘ကမ်မ့်ကိုဟာ အဖွဲ့အစည်း တစ်ခုပါ၊ ကျုပ်တို့ အတူတူ အလုပ် လုပ်ကြဖို့ လိုအပ်ပါတယ်၊ လာရီ ပြောခဲ့သလိုပဲ၊ အဖွဲ့ တစ်ခုပါ’

ရန်းဒေါ်ကလည်း ဝင်ပြောလိုက်သည်။

‘သူ ပြောတာ အဓိပ္ပာယ် ရှိပါတယ် မစ်(စ်) ကာရိုတ်၍’

‘ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် စီဂျေက ကော်ပိုရေးရှင်းတွေမှာ မက်လုံးပေးတဲ့ အစီအစဉ်ကို အင်မတန်ယုံကြည်တဲ့ ပုဂ္ဂိုလ်ပါ၊ သူက ဒီမှာအဲဒီ အစီအစဉ် တစ်ခု ရှိစေချင်တယ်၊ ရှင်တို့ တစ်ဦးချင်းက နောက် လူထက် ပိုကြိုးစားပြီး ကျွန်တဲ့ လူထက်

www.burmeseclassic.com

www.burmeseclassic.com

သာအောင် လုပ်စေချင်ပါတယ်၊ အေးလေ၊ ရှင်တို့က နောက်ထပ်ပြီး ကန့်ကွက်ချင် သပ ဆိုရင် စီ ဂျေ နဲ့ တိုက်ရိုက် ပြောဆို ကန့် ကွက် နိုင် ကြ ပါ တယ်' အယ်လီဆန်က တယ် လီ ဖုန်း ရှိရာသို့ လက်ဒေ့ ယမ်း ပြ လိုက် ၏။ 'သူက စကားလုံးတိုင်းကို နား ထောင်ပြီး ကောင်းပြီလေ၊ လူတစ်ယောက် လျှော့ လိုက်တာပေါ့ ဆိုတဲ့ ဆုံးဖြတ်ချက်ကို တိုတိုတောင်း တောင်း ပြောလိုက်လိမ့်မယ်'

အယ်လီဆန်က သူ့ကို တည့်တည့် မကြည့်ရဲသော မျက်လုံး သုံးစုံအား တစ် လှည့် စီ ကြည့် လိုက် ရင်း သူ့ ကိုယ် သူ ချီး ကျူး လိုက် သည်။ သူက အုပ်စု ကွဲအောင် ခွဲလိုက် နိုင်ပြီးနောက် သူ ကြိုက်သလို ချယ်လှယ်နိုင်စွမ်း ရှိလေပြီ။

ဒါဆိုလျှင် ဟင်နရီဂါဒူးသာ ကျန် တော့ သည်။

ဂါဒူး မြို့တော်သို့ သူ ရောက်ရှိပြီး နောက် တစ်နေ့ နံနက်တွင် အယ် လီ ဆန် သည် နန်းတော်သို့ ပထမ ဦးဆုံး သွားရောက်ခဲ့သည်။ အယ်လီဆန်က ဟင်နရီ ဂါဒူးနှင့် တွေ့ဆုံရန် ကြို တင် စီစဉ်ထားပြီး ဖြစ်သလို တွေ့ဆုံသည့် ကိစ္စ မှာ သီးသီး သန့်သန့်နှင့် တိုတို တောင်းတောင်းပင် ဖြစ်သည်။

အာလာပ သလ္လာပ စကားများကို ပြော ဆို၍ ပြီးစီးသွားသောအခါ ဟင်နရီဂါဒူးက ပြောလိုက်၏။

'မဝမ်ဒီက ရွှေတွေနဲ့ ပတ် သက် ပြီး စီ စီ အိုင် အတွက် အကျိုးကျေးဇူး ရှိနေ တာ ကို ကျုပ်တ

စိတ်ဝင်စားစွာ ဖတ်ရှု လေ့လာနေပါတယ် မစ်(စ်) ကရိတ်ချ်၊ အဲဒါတွေက ခင်ဗျားတို့ ကု မ္ပ ဏီ က မျှော်လင့် ထားတယ်လို့ ကြေငြာ ထားတာတွေထက် သာလွန်နေတယ် မဟုတ်လား၊ မစ္စတာကင်းဖီးလ်ကို ချီးကျူးထားတဲ့ ကြေငြာချက်တွေအရ ကူ ဒေသမှာ ရှိတဲ့ ရွှေပမာဏဟာ စီစီအိုင် ဘူမိဗေဒ အရာရှိတွေက ခန့်မှန်း တာထက်- အဆ ငါးဆယ်၊ အ ဆ တစ် ရာ ပိုနေတယ် မဟုတ်လား၊ အဲဒီလောက် အထိ မရေ မ တွက် နိုင် အောင် များ ပြားတဲ့ .နေ့ဥစ္စာတွေကို ကျုပ်တို့ မူလက ခန့်မှန်းထား တာ ထက် ပို ကြီး မားပြီး ပိုမို အင်အား တောင့်တင်းတဲ့ စစ် တပ် နဲ့ ကာကွယ် စောင့်ရှောက် ထားရလိမ့်မယ်'

'မဝမ်ဒီကို ကမ်မ်ကိုက လက်နက်တွေ ပိုထောက်ပံ့ ရမယ်တဲ့ သမ္မတကြီးက အကြံပြုနေတာလား'

'ကျုပ်တို့က အကြံပြုနေတာ မဟုတ်ဘူး၊ တောင်း ဆိုနေတာ မစ်(စ်) ကရိတ်ချ်ရဲ့'

နန်း တော် ၏ အတွင်းဘက်နှင့် အပြင်ဘက်တွင် မေဂျာရန်းဒေါ ဦး ဆောင် သော လူဖြူ ကြေးစား စစ်သားများ စောင့်ကြပ်နေသဖြင့် အယ် လီ ဆန် က မကြောက်မလန့်ဘဲ ခေါင်းခါလိုက်သည်။

'အဲ ဒါ က မလိုအပ်ပါဘူး၊ အာဖရိကမှာ ရှိတဲ့ ဘယ်နိုင်ငံက ကြောက်စရာ ဖြစ်နေလို့လဲ'

'ဘာဆိုတို'

အယ်လီဆန်က တမင်ဟန်လုပ်ပြီး ရယ်လိုက်သည်။

'လုံးဝ မဖြစ်နိုင်ပါဘူးရှင်၊ အခု ပေးပို့ထားတဲ့ မစ္စည်းတွေဟာ ဘာဆိုတိုလို နိုင်ငံ ဆယ်ခုလို သိမ်းနိုင်

www.burmeseclassic.com

www.burmeseclassic.com

အောင် လုံလောက်ပါတယ်၊ ရှင် သေနတ် တစ်ချက်တောင် ဖောက်ရမှာ မဟုတ်ဘူး၊ ရှင်က နယ်စပ်မှာ စစ်တပ်တွေကို စုဝေးလိုက်ပြီး ရာဇသံ ပေးလိုက်ရုံနဲ့ ဘာဆိုတန် လူမျိုးတွေက အရှုံးပေးကြမှာပါ၊ သူတို့က ကယ်သူ ဝေးနေတဲ့ လူတွေပါ'

ဟင်နရီဂါဒူး၏ မျက်နှာသည် ကြောင်တိကြောင်တောင် ဖြစ်သွားသည်။ သူသည် ဘာဆိုတိုမှ ဟူးလူမျိုးများကို တစ်ယောက်မကျန် သတ်ဖြတ်ပစ်ရန် သန္နိဋ္ဌာန် ချထားသည်။ သို့ရာတွင် ဟော့ပါး၊ ဒီဘာရီးစ်နှင့် မေရှာ ရန်းဒေါ်တို့က ထိုကိစ္စကို ကမ်မ်ကို၏ ဥက္ကဋ္ဌ ဖြစ်သူ လူဖြူ အမျိုးသမီး မသိအောင် ကွယ်ဝှက်ထားဖို့ ထပ်ခါ တလဲလဲ သတိပေးခဲ့ကြသည်။ ထိုအမျိုးသမီးသည် ဇီဇာကြောင်တတ်သည်ဟု သူတို့က ပြောခဲ့ကြသည်။

'လက်နက် ချတာကို ခင်ဗျားက လက်ခံပြီး ဂါလာမြို့ဆီကို ငြိမ်းငြိမ်းချမ်းချမ်း ချီတက်သွားလိမ့်မယ်လို့ သူ ယုံကြည် သွားပါစေ၊ ဝင်ရောက်တိုက်ခိုက်မှုကို မပြုလုပ်ခင် အချိန်အထိ ဟန်ဆောင်နေပါ၊ အဲဒီ ကိစ္စကို စပြီး ဆောင်ရွက်မိပြီ ဆိုတာနဲ့ တစ်ပြိုင်နက် သူက ဘာမှ ပြောနိုင်မှာ မဟုတ်သလို အဟန့်အတားလဲ လုပ်နိုင်မှာ မဟုတ်တော့ဘူး'

ဟင်နရီဂါဒူးကို သို့ကလို အကြံ ပေးခဲ့ကြသည်။ လိုက်နာရန် အလွန် ကောင်းမွန်သော အကြံ ဖြစ်သည်ဟု ဟင်နရီဂါဒူးက တွေးလိုက်သည်။ သို့တိုင်အောင် သူသည် လက်နက်နှင့် ခဲယမ်းမီးကျောက်များကို ပို၍ လိုချင်နေသေးသည်။

ဘာဆိုတိုသည် အစ ပထမသာ ဖြစ်သည်။ နောက်ဆက်၍ သိမ်းပိုက် ရဦးမည်ဟု သူ သန္နိဋ္ဌာန် ချမှတ်ထားသည့် ကင်မရွန်း၊ အိကွေတိုးရီးရယ် ဂီနီ၊ ဂေဘွန်၊ ပြီးတော့ အခြားနိုင်ငံတွေ ရှိသေးသည်။

ထိုအတွေးများသည် မတုန်မလှုပ် ရှိနေသော သူ့ မျက်နှာထား နောက်ကွယ်တွင် ပျောက်ကွယ်နေကြသည်။ ဟင်နရီဂါဒူးက ဇွတ် ထပ်ပြောလိုက်ပြန်၏။

'ကျုပ်တို့က ကျုပ်တို့ရဲ့ နိုင်ငံသူ နိုင်ငံသားတွေအတွက် ထည့်ပြီး စဉ်းစား ရလိမ့်မယ်၊ ဘာဆိုတန် လူမျိုးတွေ လက်နက် တပ်ဆင်နေတယ်ဆိုတဲ့ သတင်းတွေကို ကျုပ်တို့ ရနေတယ်၊ တကယ်လို့ သူတို့က ဝင်တိုက်ပြီး ကျုပ် စစ်သားတွေနဲ့ အရပ်သားတွေကို သတ်ပစ်ရင် ဘယ်လိုလုပ်မလဲ'

'ဘာဆိုတိုမှာတိုက်ခိုက်နိုင်တဲ့ပစ္စည်းတွေမရှိပါဘူး၊ လက်နက်တပ်ဆင်တယ်ဆိုတာကလဲ ရယ်စရာကြီးပါ၊ ရှင့် ရန်သူရဲ့ လက်နက်တွေက သံတို သံစတွေပါ၊ ခုခံတိုက်ခိုက်မှာတောင် မဟုတ်ပါဘူး၊ အဲဒီ နိုင်ငံက ရှင့် တောင်းဆိုချက်ကို နာခံပါလိမ့်မယ်၊ သမ္မတကြီး ရှင့်၊ မစ္စတာကင်းဖီးလ်ရဲ့ အနေအထားကို နားလည်စေချင်ပါတယ်ရှင်၊ သေချာတဲ့ အဖြေတွေကို သာ ရမယ်ဆိုရင် သူက ရက်ရောမယ့်ပုဂ္ဂိုလ်ပါ၊ သိမ်းပူမယ်ဆိုတဲ့ ကိစ္စဟာ အမှန်တကယ် ဖြစ်မြောက်သွားပြီ ဆိုရင် ရှင် တောင်းခံတဲ့ လက်နက် ခဲယမ်းမီးကျောက်တွေ အတွက် ရန်ပုံငွေတွေကို ကာမ်မ်ကိုက ထုတ်ပေးမှာပါ'

www.burmeseclassic.com

ထိုအဖြေမှာ ဘေးရန် ကင်းသော ကတိစကား ဖြစ်သည်။ ဘာဆိုတိုကို သိမ်းယူပြီးသည်နှင့် တစ်ပြိုင်နက် ကာမ်မ်ကိုက ပထမဦးဆုံး ဆောင်ရွက်မည့် ကိစ္စမှာ ဟင်နရီဂါဒူးကို ဖြုတ်ချပြီး ကုမ္ပဏီ၏ ဩဇာကို နာခံမည့် အမည်ခံပုဂ္ဂိုလ် တစ်ယောက်ကို တင်မြှောက်ထားရန်ပင် ဖြစ်သည်။

အယ်လီဆန်က ပျားရည်နှင့် ဝမ်းချလိုက်ပြီးနောက် 'တုတ်' ကိုလည်း မသိမသာ ပြထားရန် ဆုံးဖြတ်လိုက်သည်။

'သည်ကိစ္စကို မစ္စတာကင်းဖီးလ်နဲ့ ကျွန်မတို့က အချိန်ယူပြီး ဆွေးနွေးထားတဲ့ အကြောင်း သမ္မတကြီးကို ပြောပြထားမှ မျှတရာ ရောက်ပါလိမ့်မယ်၊ သူ့ ဆုံးဖြတ်ချက်နဲ့ ညွှန်ကြားချက်တွေက တော်တော်ကလေး ရှင်းပါတယ်၊ ခုအချိန်မှာ မဝမ်ဒန် စစ်တပ်ရဲ့ အင်အား ပြည့်ဝမှုကို သံသယ ရှိတယ် ဆိုရင် အဲဒီဟာကွက်ကို ကြေးစားလူဖြူ စစ်သားခပ်များများနဲ့ ဖြည့်စွက်ထားဖို့ ပါပဲ၊ အကြောင်း ပြချက်ကတော့ အဲဒီ ပုဂ္ဂိုလ်တွေဟာ လေ့ကျင့်ပြီးသား ဖြစ်နေကြလို့ပါ'

ဟင်နရီဂါဒူး မျက်မှောင်ကုတ်လိုက်၏။ အယ်လီဆန်က ထပ်ပြောလိုက်သည်။

'သမ္မတကြီးကို အလွန် ယုံကြည်တဲ့ အတွက် ဖွင့်ပြောရမယ်ဆိုရင် မစ္စတာကင်းဖီးလ်က အငြိမ်းစား ဗိုလ်ချုပ် တစ်ယောက်နဲ့ ဆက်သွယ်နေပါတယ်၊ အဲဒီ စစ်ဗိုလ်ကြီးက တိုးချဲ့မယ့် ကြေးစားစစ်တပ်ကို ဦးဆောင်မှု ပေးဖို့ သဘောတူထားပါတယ်၊ အဲဒါကလဲ ထပ်မံ တိုးချဲ့ဖို့ လိုအပ်တယ်လို့ သမ္မတကြီးက ယူဆမှာပါ'

ဟင်နရီဂါဒူး၏ မျက်နှာသည် တဆတ်ဆတ်တုန်ပြီး ချုံးကျသွားသည်။ ယခု အချိန်တွင် ကြေးစား လူဖြူ စစ်သား ရာနှင့်ချီ၍ ရှိနေသည်။ ထိုစစ်သားများသည် သူ့ လက်အောက်၌ ရှိနေသော်လည်း ကာမ်မ်ကိုက လခ ပေးထားသူများ ဖြစ်သည်။ မသိမသာ ကိုယ်လိုးချင်း ဝင်တိုက်နေရာမှ ပြောင်တွန်းချသည့် အဆင့်သို့ ရောက်ရှိလာဇသော အခါ သူတို့သည် လခပေးသူ၏ အမိန့်ကိုသာ နာခံကြလိမ့်မည်။ ထိုပုဂ္ဂိုလ်မျိုး ရာပေါင်း များစွာကို ထပ်မံ တိုးချဲ့ပေးမည် ဆိုသော ကိစ္စမှာ ခြိမ်းခြောက်လိုက်ခြင်းပင် ဖြစ်သည်။

ပို၍ ဆိုးရွားသည့် အချက်မှာ ကင်းဖီးလ်က ဗိုလ်ချုပ် တစ်ယောက်အား ငှားရမ်းရန် ကြံစည်နေသည် ဆိုသော ကိစ္စပင် ဖြစ်သည်။ သူသည် မေဂျာရန်းဒေါနှင့် အဆင် ပြေနေသည်။ သို့တိုင်အောင် ကင်းဖီးလ်သည် ရန်းဒေါကို အမြဲတမ်း ပုဂ္ဂိုလ်အဖြစ် မစဉ်းစားပါ။ မေဂျာ ရန်းဒေါကို ကျားစာ ကျွေးပစ်နိုင်သည်။ သူ့ နေရာကို လာသော ပုဂ္ဂိုလ်သည် ရန်းဒေါနှင့် ကွဲပြား ခြားနားသော ပုဂ္ဂိုလ် ဖြစ်မည်မှာ သေချာသည်။ ဟင်နရီဂါဒူးကိုပင် ရှင်းပစ်ဖို့ အမိန့် ရလာသူ ဖြစ်နိုင်သည်။ ဟင်နရီဂါဒူး တုန်လှုပ် ချောက်ချား သွားသည်။ အခြား ပုဂ္ဂိုလ်များအား လက်မရွံ့ သုတ်သင်ပစ် အဖွဲ့က ပစ်ခတ်သည်ကို အရသာခံ၍ ကြည့်တတ်သူ

www.burmeseclassic.com

www.burmeseclassic.com

များသည် သူကိုယ်တိုင် သေနတ်ပစ်အဖွဲ့ရှေ့ ခမှာက်၌ မတ်တတ်ရပ် ရမည်ကို အလွန်တရာ ကြောက် လန့်တတ်ကြသည်။

ဂါဒူးက အသံ အက်ကွဲကွဲနှင့် ပြောလိုက်၏။

'ကျုပ်တို့ဆီမှာ ရှိတာနဲ့ပဲ တော်လောက် ပါပြီ၊ မစ္စတာ ကင်းဖီးလ်က ကြေးစားတပ်ဖွဲ့ကို ထပ်ဖွဲ့ဖို့ မလိုတော့ပါဘူး၊ ကျုပ် တို့ က မေဂျာရန်းဒေါကို ယုံကြည်မှု အပြည့် အဝ ရှိပါတယ်၊ သူ့ လူတွေနဲ့ ကျုပ် စစ်သားတွေကို ဘယ်ရန်သူကမှ မယှဉ်နိုင်ကြပါဘူး'

'မေဂျာရန်းဒေါဟာ အင်မတန် အရည်အချင်း ပြည့်ဝတဲ့ လူပါ'

အယ်လီဆန်က ခေါင်းညိတ်ပြီး ပြန့်ခွင့်မတောင်းဘဲ မတ်တတ်ရပ်လိုက်သည်။

'မစ္စတာ ကင်းဖီးလ်နဲ့ ကျွန်မတို့က သူ အဲဒီလို ဖြစ်အောင် အနီးကပ် ကြီးကြပ်ကွပ်ကဲမှု ပေးပါ့မယ်'

ထိုကဲ့သို့ ပြောလိုက်မှု၏ အနက် အဓိပ္ပာယ်တို့ ဟင်နရီဂါဒူး ပြည့်ပြည့်ဝဝ သဘော ပေါက်သွားသည်။ သူသည် ကုမ္ပဏီက သည်းခံ အောင့်အည်းပြီး ခွင့်ပြု ထား ချက် အ ရ သာ အုပ်ချုပ်ခွင့် ရရှိနေခြင်း ဖြစ်သည်။ ကမ်မ်ကို က သူ့ ကို ကုမ္ပဏီက လူများနှင့် ဝိုင်း ရံ ထား သည်။ အယ် လီ ဆန် နှင့် ချားလ်စ်ကင်းဖီးလ် တို့၏ ဆန္ဒအရ သူတို့ ဖြုတ်ချင်သူကို ဖြုတ်ပစ်နိုင်သည်။ ဟင် န ရီ ဂါ ဒူး ကို လည်း ဖြုတ်ပစ်နိုင်သည်။



'ကျေးဇူးပြုပြီး အစောင့် တပ် သား တွေ ကို ခေါ်ပေးပါ သမ္မတကြီး'

'ကောင်းပါပြီ မစ်(စ်)ကရိတ်ချ်'

ဟင်နရီဂါဒူးက ခလုတ်တစ်ခုကို နှိပ်လိုက်သည်။ ဘရူးစတားရန်းဒေါ၏ ကြေးစားစစ်သားနှစ်ယောက် ဝင်လာကြသည်။ ရှင်ဒလာမတ်ခ်နိုင်း သေနတ်များကို ပခုံးတွင် လွယ်ထားပြီး ကိုးမီလီမီတာ ဘာရက်တာ သေနတ်များကို ခါး တွင် ချိတ် ထား ကြ သည်။ ဟင်နရီဂါဒူးက အမိန့် ပေးလိုက်၏။

'မစ် (စ်) က ရိတ် ချ် ကို ကားဆီ ရောက်အောင် စောင့်ပြီး ပို့ပေးလိုက်'

'မကောင်းပါပြီ ခင်ဗျာ'

ကော်ပိုရယ်က ပြောလိုက်ပြီးနောက် အယ်လီဆန့်အား လှမ်းကြည့်လိုက်သည်။

'ခင် ဗျား သွားဖို့ အဆင်သင့် ဖြစ် ပြီ လား မစ်(စ်)ကရိတ်ချ်'

'ဟုတ်ကဲ့၊ အဆင်သင့် ဖြစ်ပါပြီ ကော်ပိုရယ်၊ ကျေးဇူးတင်ပါတယ်'

ဟင်နရီဂါဒူးက အစောင့် တပ် သား များ ကို ခေါ်ပြီး သူတို့ကို အမိန့် ပေးလိုက်သည်။ သို့တိုင်အောင် သူတို့က ဟင်နရီဂါဒူး၏ အမိန့်ကို မနာခံခင် အမေရိကန် လူဖြူ အမျိုးသမီးထံ လှမ်းကြည့်ပြီး အတည်ပြုချက် ရယူနေကြသည်။

တကယ်တော့ သူသည် ကမ်မ်ကို၊ ကင်းဖီးလ်နှင့် အယ်လီဆန်တို့ ပြုသမျှ နုရမည့် ရုပ်သေးရုပ် တစ်ရုပ် သာတည်း။



www.burmeseclassic.com

www.burmeseclassic.com

မဟုတ်သေးဘူး။ ဟင်နရီဂါဒူးက ထိုအတွေးကို ပြင်ဆင်လိုက်သည်။ ထိုကိစ္စမှာ အချိန်ကာလ တစ်ခု အတွက်သာ ဖြစ်ပြီး ထိုကာလသည် တစ်နေ့ပြီး တစ်နေ့ တိုတောင်းလာသည်။ သူတို့သည် လူမည်း များ၏ စိတ်ဓာတ်ကို မသိသော လူဖြူ များသာ ဖြစ်ကြပေသည်။

အကယ်၍ လိုအပ်လာပါက ထို ကိစ္စရပ်များကို တစ်ပါတ်ရိုက်နိုင်သည့် နည်းလမ်းပေါင်း များစွာ ရှိနေပေသည်။

မစ်(စ်)ကရိတ်၏ ကလည်း လောလောဆယ်တွင် ဟင်နရီဂါဒူးအား ကိုင်တွယ်၍ ရနိုင်မည့် အနေ အထားသို့ ရောက်အောင် ပုံသွင်းနိုင်ခဲ့သော်လည်း လုံးဝ စိတ်မချရ သေးကြောင်း သ ဘော ပေါက် သွားသည်။

## ၄၂

ဒိုင်ယာနီဗိုဂလာ၏ ရင်ထဲတွင် ဟာ တာ တာ ကြီး ဖြစ် နေ သည်။ သို့ရာတွင် မည်သည့် အကြောင်း ကိစ္စကြောင့် ဟာ တာ တာ ကြီး ဖြစ်နေရသည့်ဆို သော ကိစ္စနှင့် ပတ်သက်၍ အငြင်းပွားစရာ မရှိပါ



စတီဖင်ပက်ဂျက်ကို သူ လွမ်းနေသည်၊ ထို စိတ် သည် တစ်ခါတစ်ရံတွင် သူ့ ဖခင်ကို လွမ်းသော စိတ်ထက် ပိုမိုခြင်းမရှိသော်လည်း အခြား အမျိုးသား များကို လွမ်းသည့် စိတ်ထက် ပိုမို လွန်ကဲ နေသည်။ ဒိုင်ယာနီက သူ့ ခံစားမှုကို မိုက်ဗိုဂလာအား ပြောပြ လိုက်သည်။

အချိန်မှာ ညနေ ခြောက်နာရီခွဲ ကျော်ခဲ့လေပြီ။ ဗွီအိုင်အီး အဆောက်အအုံတွင် ညပိုင်း တာဝန်ကျ လုံခြုံရေး ဝန်ထမ်းများ၊ တယ်လီဖုန်း စက်ခလုတ်ခုံမှ ပုဂ္ဂိုလ်များနှင့် သုတေသနဌာန သတင်းစုဆောင်းရေး ဌာနမှ ပုဂ္ဂိုလ်များက လွဲ၍ ကျန် ဝန် ထမ်း များ မရှိကြတော့ပါ။ ဒိုင်ယာနီနှင့် မိုက် ကယ် ဗို ဂ လာ တို့သည် မိုက်၏ သီးသန့် ရုံးခန်းထဲ၌ နေကြသည်။

'ဟုတ်တယ်၊ အဲဒီ ကိစ္စ ဖြစ် မြောက် လာ ရင် သိပ်ကောင်းမှာပဲ'

အ တန် ငယ် ကြာ မှ မိုက် က ပြော လိုက် ခြင်း ဖြစ်သည်။

'အာဖရိက က ကိစ္စကို ပြောတာလား ဒက်ဒီ'

'အဲဒါလဲ ပါတာပေါ့ကွာ၊ ဒါ ဆို ရင် မင်းတို့ နှစ်ယောက်စလုံးအတွက် တောင့် တင်း ခိုင် မာ တဲ့ ဗွီအိုင်အီးကို ရလာမှာပေါ့၊ ဒါပေမယ့် ငါ တကယ် ဆိုလိုတဲ့ ကိစ္စက မင်းနဲ့ စတိဗ် ကိစ္စပဲ၊ ပြုန်းဒိုင်းကြီး ကျသလို ဖြစ်နေပေမယ့် ငါကတော့ လုံးဝ သဘော တူတယ်'



www.burmeseclassic.com

www.burmeseclassic.com

'ဗွီအိုင်အီးက စတိဗ်နဲ့ သမီးအတွက် ဟုတ်လား။ ဒက်ဒီ၊ ဗွီအိုင်အီးက သမီးတို့ ဥစ္စာ ပါ၊ သမီးက စတိဗ်ကို လွှမ်းတယ်လို့သာ ပြောတာပါ'

'ချစ်နေတယ် မဟုတ်လား'

'ဒီတော့ ဘာဖြစ်သလဲ ဒက်ဒီ၊ အရင်တုန်းကလဲ သမီး ချစ်ခဲ့ဖူးတာပဲ၊ ဒါပေမယ့် သမီးက ဆန်မန်းပေါက်ပေါက်နဲ့ ကြဲခံရတာ၊ မင်္ဂလာအခမ်းအနားမှာ ပန်းကုံးစွပ်ခံရတာတွေကို မကြိုက်ဘူး'

'ဘယ်သူက လက်ထပ်ဖို့ ပြောနေလို့တုံး'

အိုင်ရှန်းမိုက်က တဟားဟား ရယ် လိုက်သည်။ ဒိုင်ယာနီက မျက်လုံးများ ပြူးကျယ် သွားသည်။

'ဒက်ဒီက ပြောတယ်လေ'

'ဟုတ်တယ်၊ ငါပြောတယ်၊ မင်း မေမေနဲ့ ငါ လက်ထပ်ကြတာကတော့ တို့ အချိန်တုန်းက ချစ်စိတ်ဝင်တဲ့ လူတွေ လုပ်လေ့ လုပ်ထ ရှိကြတဲ့ ကိစ္စ ပဲ၊ ခုခေတ်မှာတော့ အတူတူနေတဲ့ စုံတွဲတွေကို တရားဝင် လက်ထပ် ထားသလားလို့ ဘယ်သူကမှ ဂရုမစိုက်ကြတော့ဘူး၊ မင်းတို့ အတူတူ နေ ကြ မယ် ဆို ရင် နေချင်တဲ့အိမ်မှာ နေလို့ရအောင် စီစဉ်ပေးမယ်'

'အခုလို ရက်ရောတဲ့ ကိစ္စဟာ သမီး အတွက်လား။ စတိဗ် အတွက်လား ဒက်ဒီ'

ဒိုင်ယာနီက သ ဝန် တို စိတ်နှင့် မေး လိုက် ခြင်း ဖြစ်သည်။

'မင်းတို့ နှစ်ယောက်စလုံး အတွက်ပေါ့၊ မင်းက ပထမ၊ သူက ဒုတိယ လေ၊ အင်မတန် နီး စပ် တဲ့ ဒုတိယပဲ၊ ဒါပေမယ့် ခေါတ်ပုံနဲ့ အ ဆုံး အ ဖြတ်



ပေးရလောက်အောင် ပြိုင်တူ နီးပါး ပန်း ဝင် တာ တော့ မဟုတ်ဘူး၊ မင်းက ငါ့သမီးပဲ၊ သူ့ကို ငါက သားအဖြစ် လိုချင်ပေမယ့် သူက မင်း နောက် က အမြဲတမ်း တစ်လျားလောက် ဖြတ်ပြီး ကျန်နေမှာပါ'

နောက် ဆုံး ကျ တော့ သူ့ ခံစားချက်များသည် ပွင့်ပွင့်လင်းလင်း ပေါ် ထွက် လာ ပြီ ဟု ဒိုင် ယာ နီ တွေးလိုက်မိသည်။ ထို ကိစ္စကြောင့် ဒိုင် ယာ နီ က စတိဗ် အပေါ်၌ ထားခဲ့သော ခံစားချက်များသည် လည်း ပြောင်းလဲ နေလေပြီ။ ဒိုင်ယာနီက မေးစရာ မေးခွန်း တစ်ခွန်း ရှိနေသည်။ ပြေ စေ လို သော မေးခွန်း ဟုတ်မဟုတ်မှာမူ မသေချာလှပါ။

'တကယ်လို့ စတိဗ်နဲ့ သမီး အတူတူ နေခဲ့ကြရင် သူက ဗွီအိုင်အီးမှာ ဘယ် လို ဝင် ပြီး ပါနိုင်မှာလဲ ဒက်ဒီ'

စားပွဲပေါ်မှ ဘွတ်ဖိနပ်ရှည်ကြီး အောက်ဘက်သို့ ဆင်း လာ သည်။ ဆေးပြင်းလိပ်တိုကလည်း အံသွားထဲသို့ ရောက်ရှိသွားလေပြီ။

'မင်း သိသင့်သိထိုက်တဲ့ အချက်အလက်ကလေးတွေကိုတော့ မင်း သိအောင် ပြောပြရ[illegible]မယ် ဒိုင်ယာနီ။ အဲဒါကတော့ နောင်နှစ် ကျ ရင် ငါက ခုနစ်ဆယ် တစ်နှစ် ပြည့်သွားပြီ၊ အင်မတန် ပင်ပန်း နွမ်းနယ်နေတဲ့ အဘိုးအိုကြီး ဖြစ်သွားပြီ၊ မင်းက ငါ့ရဲ့ တစ်ဦးတည်းသော အ မွေ စား အမွေခံ သမီး၊ မင်းက လုပ်ငန်းနဲ့ ပတ်သက်ပြီး လုပ်ရည်ကိုင်ရည်လဲ ရှိတယ်၊ ထက်မြက်တယ်၊ သွက် လက် တယ်၊ ရဲ တင်း တယ်၊ အဲဒါကို သက်သေပြပြီးပြီ၊ လုပ်ငန်းနဲ့ ပတ်သက်ရင်

www.burmeseclassic.com

ကျွမ်းကျင်မှု ရှိတယ်၊ အရည်အချင်း ရှိတယ်၊ စွမ်းဆောင်ရည် ရှိတယ်၊ ဦးနှောက်ရှိတယ်၊ ဒါပေမယ့် တစ်ခုတော့ ရှိတယ်၊ မင်းက အသက် ငယ်သေးတယ်၊ နှစ်ဆယ့်ငါးနှစ်ပဲ ရှိသေးတယ်၊ မင်းအတွက် အတွေ့အကြုံ လိုအပ်သလို ရင့်ကျက်ဖို့လဲ လိုအပ်တယ်'

မိုက်က အသက်ကို ခပ်ပြင်းပြင်း ရှူသွင်းလိုက်ပြီးနောက် ဆက်ပြောလိုက်ပြန်၏။

'တကယ်ကတော့ စတိဗ်တောင် အတော်ကလေး အသက် ငယ်သေးတယ်၊ တကယ်လို့ ဗွီအိုင်အီးသာ မပျက်စီးခဲ့ရင် ဗွီ အိုင် အီး ဟာ ဒေါ်လာ သန်းတစ်ထောင့်နှစ်ရာ၊ တစ်ထောင့်လေးရာ ရှိတဲ့ ကော်ပိုရေးရှင်းကြီး ဖြစ်လိမ့်မယ်၊ ငွေကြေး အဖွဲ့အစည်းကြီးတွေက အဲဒီလောက် ကြီးမားတဲ့ ကုမ္ပဏီကြီးတွေကို အသက် လေးဆယ် အောက်မှာ ရှိတဲ့ လူတွေက အုပ်ချုပ်တာကို မကြိုက်ကြဘူး၊ ဒါပေမယ့် သူသာဆိုရင် ပြေလည်ပါလိမ့်မယ်'

'ဒက်ဒီက သမီးကို ပြောပြဖို့ ကြိုး စား နေတာလား'

'ကြိုးစားနေတာ မဟုတ်ဘူး၊ ပြောပြနေတာ၊ တကယ်လို့ ငါက ဘုတ်အဖွဲ့ ချယ်ယာမင် အဖြစ်က အငြိမ်းစား ယူဖို့ ဆုံးဖြတ် လိုက်တဲ့ အခါကျရင် စတီဖင်ပက်ဂျက်က ငါ့နေရာကို ရမယ်၊ မင်းကတော့ ဒုတိယ ဥက္ကဋ္ဌအနေနဲ့ ဝင်လာရမယ်၊ အစ ပထမမှာတော့ မင်းအတွက် လုပ်ပိုင်ခွင့် သိပ်ရှိမှာ မဟုတ်ဘူး၊ မင်း မရင့်ကျက် သေးခင်ပေါ့'

ဒိုင်ယာနီ၏ စိတ်ပိုင်း ဆိုင်ရာနှင့် အာရုံ ခံစားမှုဆိုင်ရာ စက် ယန္တရားများ ရပ်တန့် သွားကြသည်။ ဒိုင်ယာနီ၏ မွေးရာပါ ရပိုင်ခွင့် ဖြစ်သော ဗွီအိုင်အီးတွင် စတိဗ်ပက်ဂျက်က သူ့ ဖခင်၏ နေရာကို ဝင်ယူတော့မည်။ စတိဗ်က ဘုတ်အဖွဲ့ ချယ်ယာမင် ဖြစ်နေချိန်တွင် ဒိုင်ယာနီက သူ ငယ် တန်း မှ သင် ခန်း စာများကို နားထောင်ပြီး နှစ်ပေါင်း မည်မျှကြာအောင် နေရမည်နည်း။

ဒိုင်ယာနီ၏ ရင်ထဲမှ ဟာနေသော ခံစားချက်များ ပျောက်ကွယ် သွားကြသည်။ သူ့ ဖခင်က အလွန်ယုံကြည်သော ပုဂ္ဂိုလ် အပေါ် ဒိုင်ယာနီ၏ ခံစားချက်က တစ်ကိစ္စ ဖြစ်သည်။ တစ်နေ့တွင် ဒိုင်ယာနီ အမွေ ရရှိမည့် ကုမ္ပဏီတွင် မိုက်ဗိုဂလာ၏ နေရာကို ဆက်ခံမည့် ပုဂ္ဂိုလ်အပေါ် သူ၏ ခံ စား ချက် က တစ် ဘာသာ ဖြစ်သည်။ အလွန်အမင်း ကွာခြားလွန်းလှပါသည်။ ဒိုင် ယာ နီ ၏ အ ခွင့် အ ရေး ကို စတီဖင်ပက်ဂျက်က ဝင်လုနေလေပြီ။ မိမိနှင့် ယှဉ်ပြိုင်ဘက် စတိဗ်ဆိုသော ပုဂ္ဂိုလ်က ချစ်သူ စတိဗ်အပေါ်တွင် ကျော်လွှား သွားခဲ့လေပြီ။

ဒိုင်ယာနီက သူ့ အသံကို ထိန်းနိုင်ခဲ့သည်။

'ဒါက တိ တိ ကျ ကျ နဲ့ နောက်ဆုံး ပြောလိုက်တာလား ဒက်ဒီ'

'ခု အချိန်မှာ ငါ မြင်ရတဲ့ သ ဘော ထား ပဲ၊ ပြီးနောက်ကတော့ နောက် ဆုံး နဲ့ တိတိကျကျရယ်လို့ ဘယ်ဟာကိုမှ မပြောနိုင်ဘူး၊ ခြွင်းချက် တစ်ခုတော့ ရှိတာပေါ့လေ'



www.burmeseclassic.com

www.burmeseclassic.com

'ခြင်းချက်က ဘာလဲ ဒက်ဒီ'

'လမ်းဆုံးပ်ပေါ့ မင်းသမီးကလေးရယ်၊ သူတို့က အလောင်း ထည့်ဖို့ ခေါင်းကို ယူလာကြတဲ့ အခါပေါ့'

ဒိုင်ယာနီက ပါးစပ် ဟပြီး အသံထွက်သွားသည်။

'ဒက်ဒီ မသေနိုင်သေးပါဘူး၊ ဒက်ဒီက နှစ်ပေါင်း များစွာ ကြာအောင် မသေနိုင်သေးပါဘူး'

'ငါက ကိုယ့်အကြောင်း ပြောနေတာ မဟုတ်ဘူး'

'ဒါဖြင့်ရင် ဘယ်သူ့ အကြောင်းလဲ ဒက်ဒီ'

'စတိဗ်ပဲပေါ့၊ သူက သေ ရင်မြေ ကြီး ရှင်ရင် ရွှေထီး ဆိုပြီး ထွက်သွားတာ၊ သူ ပြန် လာ ချင် မှ ပြန်လာနိုင်လိမ့်မယ်၊ မင်းက အဲဒါကို မတွေးမိလို့ လား'

ဒိုင်ယာနီ၏ အဖြေက ရိုးသားသည်။

'သမီး မကြာခဏ စဉ်းစားမိပါတယ် ဒက်ဒီ'

သူ့ သမီး၏ ချစ်စရာ ကောင်းသော မျက်နှာထား ပေါ်တွင် ဖြစ်ပေါ်လာသော မသိမသာ ပြောင်းလဲမှု၏ နောက်ကွယ်မှ အတွေးများကို မိုက်ဗိုဂလာ နားလည် လိုက်မိသည်။ ထို့ကြောင့် စိတ်ပျက် လက်ပျက်နှင့် ငြိမ်ကျ သွားသည်။ ဒိုင်ယာနီ၏ အခြေခံ သဘောထားသည် အမြဲတမ်း တသဘောတည်း သာ ဖြစ်နေပေလိမ့်မည်။ သူ၏ ရည်ရွယ်ချက်ပန်းတိုင် သည် ပျော်ရွှင်မှု သို့မဟုတ် အာဏာ ရရှိရေးသဲ ဖြစ်ဖြစ် အမြဲတမ်း တကိုယ်ကောင်း ဆန်နေလိမ့် မည်သာ ဖြစ်သည်။



သူ့ ဖခင်၏ စိတ်ပျက် လက်ပျက် ဖြစ်သွားမှုကို မြင်လိုက်သော်လည်း အကြောင်းရင်းကို မသိသော ဒိုင်ယာနီက ရွှင်ရွှင်ပျပျကလေး ပြုံးလိုက်သည်။

'နောက်ကျနေပြီ၊ သမီးတို့ ဆိုင်ပိတ်ပြီး ပြန်ကြ စို့လား ဒက်ဒီ'

'ဟင်း၊ အိမ်ကိုလား၊ ဟုတ်တယ်၊ ပြန် တာ ပဲ ကောင်းတယ်'

ကားပေါ်သို့ ရောက်သောအခါ ဒိုင်ယာနီက မေးလိုက်သည်။

'ဘာမှားနေလို့လဲ ဟင် ဒက်ဒီ'

'ဟင့်အင်း၊ ဘာမှ မဟုတ်ပါဘူး'

မိုက်က ပြန်ပြောလိုက်၏။ ငါက မင်းကို ဖွင့်ပြော ရင်တောင်မှ မင်း နားလည်မှာ မဟုတ်ပါဘူး ဒိုင်ယာနီ ဟု သူ့ စိတ်ထဲမှ ဖြည့်စွက်၍ ပြောလိုက်၏။ ထိုစကားလုံးများကို သူ့ စိတ်ထဲ၌ 'စဉ်' ကြည့်ရသည်ကပင် နာကျင်မှု ဝေဒနာကို ဖြစ်ပေါ်စေခဲ့ပါ သည်။

မိုက်သည် မော်တော်ကား ပြတင်းပေါက်မှ အပြင်ဘက်သို့ လှမ်းကြည့်ရင်း စီစီအိုင် အဆောက် အအုံမှ စီစီအိုင်ဆိုသော ဆိုင်းဘုတ်ကြီးကို ရိပ်ခနဲ မြင်လိုက်ရသည်တွင် သားဖြစ်သူ ပေါလ်ကို ပြန် သတိ ရလာတော့သည်။ ဤတွင် ဖြစ်ပေါ်လာသော နှုန်းတီးမှုသည် နာကျင်မှု ဝေဒနာကို ဖြစ်ပေါ်စေ သော ထုံဆေး ဖြစ်သည်။ စိတ်ပျက်မှုများ ပျောက် ကွယ်သွားသည်။ မိုက်ဗိုဂလာက သူသည် တိုက်ခိုက် ရမည့် နေရာနှင့် မိုင်ပေါင်း ခြောက်ထောင်ဝေးကွာ



www.burmeseclassic.com

www.burmeseclassic.com

သည့် နေရာတွင် ဆက်နေခဲ့ရသည့် အတွက်ဝမ်းနည်းမိတော့သည်။

မိုက်က ဒိုင်ယာနီ၏ လက်ကို လှမ်းကိုင်ပြီး ဖျစ်ညှစ်လိုက်၏။ ဒိုင်ယာနီကို နားချဖို့ သူ တစ်ကြိမ် ထပ်ကြိုးစားဦးမည်။

'မင်းက အင်မတန် အကင်းပါးပါတယ် မင်းသမီးကလေးရာ၊ စတိဗ်နဲ့ ငါက မင်းကို အသားကျအောင် သင်ပေးရမယ့် ကိစ္စက သိပ်လွယ်မှာပါ'

မိုက်၏ ကြိုးပမ်းမှု အလဟဿ ဖြစ်သွားရသည်။ ဒိုင်ယာနီက သူ့ လက်ကို ပြန်ရုပ်လိုက်၏။ မရပါဘူးဟု ဒိုင်ယာနီက တွေးလိုက်သည်။ စတိဗ်သည် သူ့ ဖခင်နှင့် နီးစပ်မှု ရှိလွန်းသည်။ စတိဗ်သည် ဒိုင်ယာနီ၏ အထက်၌ တရားဝင် အကြီးအကဲ ဖြစ်ခဲ့နပါက ဒိုင်ယာနီ အတွက် အန္တရာယ်ပင် ဖြစ်မည်။ စတိဗ်၏ အယူအဆများနှင့် အကြံပေးချက်များကသာ လွှမ်းမိုး သွားပါလိမ့်မည်။ မိုက် ဗိုဂလာက ရှင်းရှင်းလင်းလင်း ပြောပြထားသည့်အတိုင်း သူသည် ဩဇာအာဏာ အနည်းငယ်မျှနှင့် စတင်၍ အလုပ်လုပ်ရမည် ဖြစ်သလို ထိုကာလသည် မည်မျှလောက်ကြာမြင့်မည်ကိုလည်း သူ မသိပါ။ သူသည် စတိဗ်ညွှန်ကြားသမျှကို လိုက်နာ၍ ဆောင်ရွက် နေရပေလိမ့်မည်။

စတိဗ် နေရာတွင် မိုက် ဗိုဂလာက အခြားတစ် ယောက်ယောက်ကို ရွေးချယ် ရပါလိမ့်မည်။ ငှားရမ်း ထားသော အပြင်လူ တစ်ယောက် သာ ဆိုပါက အလုပ်ကဖြုတ်ပစ်နိုင်ပါလိမ့်မည်။ ဒိုင်ယာနီ



သည် တို့ကဲ့သို့သော အစီအစဉ်မျိုးနှင့် ဆိုပါက သင့်တင့် မျှတသော အချိန် ကာလ တစ်ခု အထိ သည်းခံ၍ နေနိုင်ပါလိမ့်မည်။

သိပ် မကြာသော ကာလ ဟု ဒိုင်ယာနီ က ပြန်လည် ပြင်ဆင်လိုက်၏။ ခပ်တိုတို ဖြစ်ရမည်။ ငွေကြေး ပေး၍ ငှားရမ်းထားသော ဘုတ်အဖွဲ့ ချယ်ယာမင်သည် မည်သူပင် ဖြစ်စေ ဒိုင်ယာနီ သည် မိုက်ဗိုဂလာ၏ သမီးနှင့် အမွေစား အမွေခံ ပုဂ္ဂိုလ် ဖြစ်သည်။ မိုက် ဗိုဂလာ သည် ဗွီအိုင်အီး စတော့ ရှယ်ယာ အများစုကို ပြတ်ပြတ် သားသား ပိုင်ဆိုင်ထားသည် ဆိုသော အနေအထား အရ သူ့ အား ထိတ်လန့်နေလိမ့်မည်သာ ဖြစ်သည်။ ဒိုင်ယာနီသည် အစကပင် ဩဇာအာဏာ အတော် ခပ်များများကို စတင်၍ သုံးစွဲနိုင်ပေလိမ့်မည်။ ဒိုင်ယာနီ၏ ဦးခေါင်းထဲတွင် ကုမ္ပဏီနှင့် ပတ်သက်သော စိတ်ကူးစိတ်သန်းများ အပြည့်အနှက် ရှိနေသည်။

မိုက်က သူ့ စိတ်ကူးကို ပြောင်းလဲမှ ဖြစ်ပါလိမ့်မည်။ ဒိုင်ယာနီက မိုက်အား သူ့ စိတ်ကူးကို ပြောင်းလဲအောင် လုပ်ပေး ရလိမ့်မည်။ ဒိုင်ယာနီ၏ အကြံဉာဏ်ကို လက်ခံအောင် လုပ်ရလိမ့်မည်။ မိုက် ရာထူးမှ ဆင်းပေးသည့် အခါ သူ့ အရိုက်အရာကို ဆက်ခံသူ အဖြစ် ပြင်ပမှ မန်နေဂျာ တစ်ယောက်ကို ရွေးချယ်စေရမည်။ သို့ရာတွင် ဒိုင်ယာနီသည် လိမ္မာပါးနပ်သူ၊ စိတ်ဓာတ် ကြံ့ခိုင်သူ၊ စွမ်းဆောင်ရည် ပြည့်ဝသူ ဖြစ်ကြောင်း မိုက်က သို့လော သို့လော မတွေးတောနိုင်အောင် သက်သေပြရ ပေလိမ့်မည်။ အကြံ

www.burmeseclassic.com

www.burmeseclassic.com

ညာဏ်ပေးရန် အရည်အချင်း ပြည့်ဝသူ ဖြစ်ကြောင်း ဇွတ် အတင်း ပြောရလိမ့်မည်။ ထိုတိစ္ဆကို စတိဗ်ပက်ဂျက် ပြန်မလာခင် အသား ပါပါနှင့် မိုက်က လက်ခံယုံကြည်အောင် ခပ်မြန်မြန် လုပ်ရပေလိမ့်မည်။

ဒိုင်ယာနီသည် သူ့ အကြံအစည်အား မည်ကဲ့သို့ အကောင် အထည် ဖော်ရမည့်ကို သိသူ ဖြစ်သည်။

ဗိုဂလာ၏ ခြံသို့ ရောက်အောင် မော်တော်ကားနှင့် ငါးဆယ့်ငါးမိနစ်မျှ လာခဲ့ရသည်။ ထို အတောအတွင်း ဒိုင်ယာနီ၏ ရည်မှန်းချက်နှင့် ထို ရည်မှန်းချက်အား အကောင်အထည် ဖော်မည့် စီမံချက်များသည် ဒိုင်ယာနီ၏ စိတ်ကို လွှမ်းမိုး နေသော အစွဲအလမ်းကြီး တစ်ခု ဖြစ်လာရတော့သည်။

(တတိယတွဲကို ဆက်လက်ဖတ်ရှုပါ။)

BURMESE CLASSIC

www.burmeseclassic.com